www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

# ဆေးကုန်သည်

မောင်မြင့်ကြွယ်


# STRONG MEDICINE

Arthur Hailey



Design
Maung Kyaw Soe . 2013

မောင်မြင့်ကြွယ် ● ဆေးကုန်သည်



ဘဝတက္ကသိုလ်

# ဆေးကုန်သည်

မောင်မြင့်ကြွယ်

# STRONG MEDICINE

Arthur Hailey

တတိယ အကြိမ်၊ ၂၀၁၃၊ အောက်တိုဘာ
[ပထမ အကြိမ်၊ ၁၉၈၇၊ ဇူလိုင်၊ ဘဝတက္ကသိုလ် စာပေ၊]
[ဒုတိယ အကြိမ်၊ ၂၀၀၄၊ ဖေဖော်ဝါရီ၊ ပညာရွှေတောင်
စာအုပ်တိုက်]

| | |
|---|---|
| မျက်နှာဖုံး | ဒီဇိုင်း မောင်ကျော်စိုး |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀၀၀ ကျပ် |
| မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက် ၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလှဲ့ဝင်း ပုံနှိပ်တိုက် ၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ ၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။ |

မောင်မြင့်ကြွယ်

# ဆေး ကုန်သည်

*Strong Medicine*
*Arthur Hailey*

၈၉၅.၈၃
မြင့်ကြွယ်၊ မောင်
ဆေး ကုန်သည်
မောင်မြင့်ကြွယ်၊ ရန်ကုန်။
သင်းစာပေ၊ တတိယ အကြိမ်၊ ၂၀၁၃။
၃၆၀ - စာ၊ ၂၀.၅×၁၃ စင်တီ။
(၁) မူရင်း အမည် - **Strong Medicine**
(၂) ဆေး ကုန်သည်

# သူ့စာနှင့် သူ့ဘဝ

အာသာ ဟေလီသည် အင်္ဂလန် နိုင်ငံ ဘက်ဒ်ဖို့ရှိုင်းယားနယ် လူတန်မြို့ဇာတိ ဖြစ်သည်။ သူသည် သူ မှတ်မိသလောက် ချာတိတ် ဘဝကပင် သတင်းစာတိုက်များသို့ 'ပေးစာ' များကို ရေးသား ပေးပို့ခဲ့သူ ဖြစ်သည်။ ထို့နောက် ကဗျာ၊ ပြဇာတ်နှင့် ဝတ္ထုတိုများကို ဆက်လက် ရေးသားခဲ့သည်။

ဒုတိယ ကမ္ဘာစစ် အပြီးတွင် ကနေဒါ နိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သော အာသာ ဟေလီသည် အသက် သုံးဆယ့် ခြောက်နှစ် အရွယ်၊ ၁၉၅၆ ခုနှစ်သို့ ရောက်မှ တစ်နာရီ ရုပ်မြင်သံကြား ဇာတ်လမ်း *ဖလိုက် အင်တူ ဒိန်းဂျား* နှင့် နာမည် ကျော်ကြား လူသိ များလာခဲ့သည်။ သူသည် ရုပ်မြင်သံကြား ဇာတ်လမ်းများကို ဆက်လက် ရေးသား ခဲ့ပြီးနောက် ၁၉၅၉ ခုနှစ်တွင် ဝတ္ထုများကိုသာ အာရုံ စိုက်၍ ရေးသားလေတော့သည်။

သူသည် ၁၉၆၀ ပြည့်နှစ်တွင် *ဖိုင်နယ် ဒိုင်ဂနော့ဆစ်*၊ ၁၉၆၂ ခုနှစ်တွင် *အင် ဟိုက် ပလေ့စ်* တို့ကို ရေးသားခဲ့သော်လည်း ထိုအချိန် အထိ ဝတ္ထု လောကတွင် ရေပန်း သိပ်မစားသေးချေ။ ၁၉၆၅ ခုနှစ်တွင် *ဟိုတယ်* ကို ရေးသားသည့် အခါကျမှ ဟိုးလေးတကျော် နာမည်ကြီးလာသည်။

၁၉၆၆ ခုနှစ်တွင် အာသာ ဟေလီနှင့် ဇနီး ရှီလာတို့သည် သားသမီး သုံးယောက်နှင့် အတူ ကယ်လီဖိုးနီးယား ပြည်နယ် နာပါ တောင်ကြားသို့ ပြောင်းရွှေ့ နေထိုင်ပြီး ၁၉၆၈ ခုနှစ်တွင် *အဲယားပို့တ်* ကို ရေးသားခဲ့သည်။ *အဲယားပို့တ်* က *ဟိုတယ်* ထက် ပိုစွံသည်။ ၁၉၇၁ ခုနှစ်တွင် *ဝီးလ်စ်* ကို ရေးသားသည်။ သို့ရာတွင် *အဲယားပို့တ်* လောက် မစွံပါ။ ထို့နောက် အလွန် ရောင်းကောင်းသော *မန်နီး ချိန်းဂျားစ်* ကို ၁၉၇၅ ခုနှစ်တွင် ရေးသားခဲ့သည်။

တစ်အုပ်နှင့် တစ်အုပ် အထွက် ကျဲသော အာသာ ဟေလီသည် ၁၉၇၉ ခုနှစ်တွင် အဋ္ဌမမြောက် စာအုပ် *အိုဗာလုဒ်* ကို ရေးသားပြီးနောက် စာရေးသားခြင်းမှ အနား ယူတော့မည်ဟု ကြေညာခဲ့သည်။

ထိုစဉ်က သူသည် နှလုံးပတ် သွေးကြော ခြောက်နေရာတွင် ပိတ်ဆို့မှု ဖြစ်ပွားလျက်ရှိပြီး သေလုနီးပါး ဖြစ်နေခဲ့ကြောင်း သူကိုယ်တိုင် မသိခဲ့ချေ။

သူသည် ဆန်ဖရန်စစ္စကိုမှ ဒေါက်တာ အက်ဒဝပ် ရော်ဘင်ဆန်၏ ဆေးရုံ တက်ရန် တိုက်တွန်းချက် အရ တက်ဆက် နှလုံး အင်စတီကျူသို့ တက်ရောက်ခဲ့ရာ ဒေါက်တာ ဒင်တွန် ကူလီနှင့် အဖွဲ့က အောင်မြင်စွာ ခွဲစိတ် ကုသ ပေးခဲ့ကြသည်။

သူသည် ခွဲစိတ် ကုသမှုကို ခံယူပြီးနောက် ကျန်းမာရေး ကောင်းမွန်လာသည် သာမက ပိုမို၍ အားအင် ပြည့်ဖြိုးလာသောကြောင့် နောက်ထပ် စာအုပ် တစ်အုပ် ရေးသားရန် ဇနီး ရှီလာ၏ တိုက်တွန်းချက် အရ ယခု စာအုပ် *စထရွန်း မက်ဒီဆင်း* ကို ၁၉၈၄ ခုနှစ်တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။

အာသာ ဟေလီ မိသားစုသည် လက်ရှိတွင် ဘဟားမားစ်၌ နေထိုင်လျက် ရှိကြသည်။

အာသာ ဟေလီသည် သူ ရေးသားမည့် အကြောင်းအရာကို စနစ်တကျ သုတေသန ပြုလုပ်ပြီးမှ ရေးသားလေ့ ရှိသည်။ *စထရွန်း မက်ဒီဆင်း* တွင် ဆေးဝါး ထုတ်လုပ်ရေး လောက၏ ကုသိုလ်ကံရှုံ့နှင့် အနိဋ္ဌာရုံများကို ကွက်ကွက်ကွင်းကွင်း မြင်အောင် မီးမောင်းထိုး၍ ပြသထားပါသည်။

မူရင်း စာအုပ်တွင် အာသာ ဟေလီက သူ့ပုံစံ အတိုင်း အသေးစိတ်၍ ဖော်ပြထားသော်လည်း လုံးစေ့ ပတ်စေ့ ပြန်ဆိုမည် ဆိုပါက မတန်တဆ ရှည်လျားသွားဖွယ်ရာ ရှိပါသဖြင့် ဆီလျော်အောင် အကျဉ်း ချုံး၍ ပြန်ဆိုထားပါသည်။



# အဖွင့် နိဒါန်း

## ၁၉၇၅ ခုနှစ်

လန်ဒန်မှ ထွက်ခွာလာပြီး နာရီဝက် အကြာတွင် ဘိုးရင်း ၇၄၇ ဂျက်လေယာဉ်ကြီး၏ ရှေ့ပိုင်း ပထမတန်း၌ ရှိနေသူ ဒေါက်တာ အင်ဒရူး ဂျော်ဒန်က ဇနီးဖြစ်သူ၏ လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်၏။

'သောက ဖြစ်မနေပါနှင့်ကွာ၊ ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး'

ဇနီး ဖြစ်သူက ပြန်ဖြေလိုက်သည်။

'ဒင်းနစ် ဒိုနာဟူးက တစ်ခုခု ဖြစ်အောင် လုပ်ကို လုပ်လိမ့်မယ်'

နယူး အင်္ဂလန် ဒေသမှ လူကြိုက် များလှသော အမေရိကန် ဆီနေတာ၏ အမည်ကို ကြားလိုက်ရသော အင်ဒရူး ဂျော်ဒန်က မျက်နှာကို ရှုံ့မဲ့ပစ်လိုက်၏။

'ကိုယ့်ကို အစားအသောက် ပျက်အောင် မလုပ်လိုက်ပါနှင့်ကွာ'

'လေးလေးနက်နက် သဘော ထားစမ်းပါ အင်ဒရူးရာ၊ ဆေးဝါးနှင့် ပတ်သက်ပြီး လူတွေ သေခဲ့ရတယ် ဆိုတာကို သတိရစမ်းပါ'

'မင်းက အဲဒီ ကိစ္စတွေနှင့် ဆိုရင် နေသာသပ လေညာက ဆိုတာမျိုးပါကွာ'

'ဘာပဲဖြစ်ဖြစ် ပြစ်မှု ဆိုင်ရာ အရေး ယူမှုမျိုးတွေ ဖြစ်လာမယ် ဆိုရင် ကျွန်မလည်း ပါလာမှာပဲ၊ ကျွန်မ ထောင်တောင် ကျသွားနိုင်တယ်'

ဒေါက်တာ အင်ဒရူး ဂျော်ဒန်က ဇနီးသည်၏ စိတ်ဓာတ် ကျဆင်းမှုကို ပြန် မြှင့်ပေးရန် ကြိုးစားလိုက်သည်။

'ခုထက်ထိ ဖြစ်မလာသေးပါဘူးကွာ၊ ဒါပေမဲ့ မင်းသာ ထောင်ကျသွားမယ် ဆိုရင် ကိုယ်က အထဲမှာ သံဖြတ်လွှတွေ ထည့်ထားတဲ့ ကိတ်မုန့်တွေနှင့် နေ့တိုင်း ထောင်ဝင်စာ လာတွေ့ဖို့ ကတိ ပေးပါတယ်ကွာ'

'အမယ်လေး အင်ဒရူးရယ်'

အိမ်ထောင်သက် နှစ်ဆယ့် ရှစ်နှစ် ရှိပြီးချိန်တွင် ချောမော လှပဆဲ၊ စိတ်ဓာတ် ခိုင်မာဆဲ၊ ဉာဏ် ထက်မြက်ဆဲပင် ရှိသေးသော ဇနီးသည်ကို တအံ့တသြ တွေ့မြင်နေရသည်မှာ ကုသိုလ် ထူးလေစွဟု ဒေါက်တာ အင်ဒရူး ဂျော်ဒန်က တွေးလိုက်မိသည်။ ဇနီး ဖြစ်သူက ပြောလိုက်ပြန်၏။

'အင်ဒရူး၊ ရှင်ဟာ တော်တော် စိတ်ချမ်းသာစရာ ကောင်းတဲ့ လူပဲ၊ အမြဲပဲ သတ္တိ သိပ်ကောင်းတယ်'

'ရယ်စရာ ကောင်းလိုက်တာကွာ၊ ကိုယ်က မင်းကို သတ္တိ ကောင်းတယ်လို့ အမြဲတမ်း ထင်နေတာကွ'

'သတ္တိ ဆိုတာ အမျိုးမျိုး ရှိပါတယ်လေ၊ ကျွန်မမှာ ရှင့်လို သတ္တိမျိုး လိုအပ်နေတယ်'

အတန်ငယ် ကြာသော အခါ သူ့ဇနီးက ပြောလိုက်ပြန်၏။

'ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အကြိတ်အနယ် ပြန်တိုက်မှာပဲ'

'မင်း အမြဲတမ်း ပြန်တိုက်နေတာပဲ မဟုတ်လား'

ဇနီး ဖြစ်သူက ထုံးစံအတိုင်း စဉ်းစဉ်းစားစား ပြောလိုက်ပြန်၏။

'လာမယ့် တစ်ရက် နှစ်ရက် အတွင်း ကျွန်မ ရှေ့နေ တစ်ယောက် ငှားမယ်၊ ဟိတ်ဟန် မများဘဲ တည်ကြည်တဲ့ လူမျိုး ဖြစ်ရမယ်၊ ဟိတ်ဟန် များရင်တော့ မှားသွားလိမ့်မယ်'

အင်ဒရူးက သူ့လက်ကို ဖျစ်ညှစ်လိုက်သည်။

'ဒါမှ ငါ့မိန်းမကွ'

'တရားရုံးထဲကျရင် ရှင် ကျွန်မ ဘေးမှာ လာထိုင်နေမှာလား'

'နေ့တိုင်း ထိုင်မယ်၊ အမှု ပြီးစီးတဲ့ အချိန် အထိ လူနာတွေ ကိုယ့်ဘာသာ ကိုယ် ဆေးကုကြပေစေ'

'ရှင်က အဲဒီလို အဖြစ်ခံမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မ အနားမှာ ရှင် ရှိနေစေချင်တယ်'

'ဆရာဝန်တွေ ရှိပါတယ်ကွာ၊ အစီအစဉ်တွေ ကိုယ် လုပ်လိုက်ပါ့မယ်'

သူ့ဇနီးက ပြောလိုက်ပြန်၏။

'ရှေ့နေ ကောင်းကောင်းနှင့်သာ ဆိုရင် ထူးထူးခြားခြား ဖြစ်အောင် ကျွန်မ တို့က လုပ်ပြနိုင်မလားပဲ'

'ဖြစ်နိုင်တယ်ကွ၊ မင်းနှင့် ကိုယ်တို့ ဘဝကလည်း ထူးထူးခြားခြားနှင့် စခဲ့ကြတာပဲ မဟုတ်လား၊ အဲဒီ နောက်ပိုင်းမှာ တခြား ထူးထူးခြားခြား ဖြစ်ရပ်





တွေ ဖြစ်အောင် မင်း ထပ်လုပ်ခဲ့တယ်၊ ထူးခြားတဲ့ နောက်ဖြစ်ရပ် တစ်ခု ဘာ ဖြစ်လို့ ထပ်မလုပ်နိုင်ရမှာလဲ၊ ဒီတစ်ကြိမ်ကတော့ မင်းအတွက် သက်သက် ပေါ့ကွာ'

'တော်တော့်ကို ထူးခြားတဲ့ ဖြစ်ရပ် ဖြစ်ရလိမ့်မယ်'

'ဖြစ်ရမှာပေါ့ကွာ'

အင်ဒရူးက မျက်စိကို မှိတ်လိုက်၏။ သူ အိပ်ချင်မူးတူး ဖြစ်လာလေပြီ။ သို့ရာတွင် သူသည် အိပ်ချင်နေသည့် အကြားကပင် ပထမဦးဆုံး ဖြစ်ခဲ့သော ထူးထူးခြားခြား ဖြစ်ရပ်ကို ပြန် သတိ ရလာမိလေ၏။

ဟိုးရှေးရှေးတုန်းကပေါ့။

# ပထမပိုင်း
(၁၉၅၇-၁၉၆၃)

# ၁

ဒေါက်တာ ဂျော်ဒန်က သူ့ရှေ့မှ အလုပ်သမား ဝတ်စုံနှင့် ပုဂ္ဂိုလ်ကို ညင်ညင်သာသာ ပြောလိုက်၏။

'မင်း မိန်းမတော့ သေလုဆဲဆဲ ဖြစ်နေပြီ ဂျွန်၊ သူ နာရီပိုင်းလောက်ပဲ နေရတော့မယ်'

သူတို့သည် နယူးဂျာဆီ ပြည်နယ် မောရစ်စ်တောင်းမြို့ စိန့်ဘိဒ် ဆေးရုံ အတွင်း၌ ရှိနေကြသည်။

လူနာ၏ ခင်ပွန်းက

'ကျုပ်ကတော့ ယုံကို မယုံနိုင်ဘူးဗျာ၊ ကျုပ်တို့က ခုမှ ဘဝကို စခါစပဲ ရှိနေသေးတယ်၊ ကျုပ်တို့မှာ ကလေး တစ်ယောက် ရှိတယ် ဆိုတာ ခင်ဗျား သိပါတယ်'

'အေး၊ ငါ သိပါတယ်ကွာ'

သူ့ရုပ်ရည်ကို မြင်ရုံနှင့်ပင် သူသည် ရိုးရိုးသားသားနှင့် ကြိုးစားသူ လူကောင်း တစ်ယောက် ဖြစ်ပုံ ရသည်။ ဂျွန် ရိုးသည် အသက် နှစ်ဆယ့် ငါးနှစ်သာ ရှိသေးပြီး ဒေါက်တာ ဂျော်ဒန်ထက် အသက် လေးနှစ် ငယ်သည်။

ဂျွန် ရိုး အကြီးအကျယ် စိတ်ထိခိုက်နေသည်။ အင်ဒရူးက သူသည် ထိုပုဂ္ဂိုလ်ကို ယခုထက် ပို၍ နှစ်သိမ့်မှု ပေးနိုင်ပါစေဟု ဆုတောင်းမိသည်။

သူသည် သေဆုံးသွားသူများကို တွေ့ခဲ့ဖူးလှလေပြီ။ သေဆုံးတော့မည့် အရိပ် လက္ခဏာများကိုလည်း သူ သိနားလည်၍ နေလေပြီ။

သို့တိုင်အောင် သေလုဆဲဆဲ လူနာရှင်၏ မိသားစု သို့မဟုတ် မိတ်ဆွေများအား မည်သို့ မည်ပုံ အသိ ပေးရမည်ကို ယောင်ဝါးဝါး ဖြစ်နေဆဲပင် တည်း။

'ဘယ်လို နည်းနှင့်မှ ကုလို့ မရတော့ဘူးလားဗျာ၊ ကုနိုင်တဲ့ ဆေးဝါး တစ်မျိုးမျိုး…'

အင်ဒရူး ခေါင်းခါလိုက်၏။ အသေးစိတ် ဖြေကြား၍လည်း အကျိုး ထူးမည် မဟုတ်ပါ။ ရောဂါ ကျွမ်းနေပြီ ဖြစ်သော ကူးစက်တတ်သည့် အသည်းရောင်နာ ရောဂါကြောင့် မေ့မြောနေသူ တစ်ဦးအား ကုသပေးနိုင်သည့် ဆေးဝါး ယနေ့ အချိန် အထိ မပေါ်ပေါက်သေးပါ။

ထိုနေ့ ခပ်စောစောပိုင်းက စပ်တူ ဖွင့်ထားသော ဆေးခန်းတွင် သူ့ထက်ဝါရင့်သူ ဒေါက်တာ နီအာ တောင်းဆင်းနှင့် ဆွေးနွေးခဲ့ပြီးပြီ ဆိုသည့် အချက်ကို ပြောပြ၍လည်း အကျိုး ထူးစရာ မမြင်ပါ။

ဤဆေးရုံမှ ဆေးပညာ ဌာနကြီးမှူး ဒေါက်တာ နီအာ တောင်းဆင်းက 'မင်း တတ်နိုင်သလောက် ကုခဲ့ပြီးပြီပဲကွာ၊ ငါလည်း မင်းထက် ပိုထူးခြားပြီး ကုနိုင်မှာ မဟုတ်ဘူး' ဟူ၍ ပြောခဲ့ပြီးလေပြီ။

ထို့ကြောင့် အင်ဒရူးက ဂျွန် ရိုးထံ အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

အင်ဒရူး၏ မျက်လုံးများသည် တစ်ဖက်သို့ မြှင့်ထားသော သံခုတင်ပေါ်မှ မလှုပ်မယှက် ရှိနေသူကို တစ်ချက် လှမ်းကြည့်လိုက်သည်။ စကြံ လမ်းပေါ်မှ 'သီးသန့် ခွဲခြားထားသည်' ဆိုသော ဆိုင်းဘုတ်ကြောင့် ဤအခန်းထဲတွင် ခုတင်တစ်လုံးတည်းသာ ရှိသည်။ ခုတင် နောက်ဘက်မှ မတ်ရပ်စင်တွင် အကြောဆေး ပုလင်းကို တန်းလန်း ဆွဲထားသည်။ ထိုပုလင်းထဲမှ ဒက်ထရို့စ်၊ နော်မယ် ဆလိုင်း၊ ဗိုက်တာမင် ဘီ ကွန်ပလက် ဆေးများသည် လက်ဖျံကြောထဲ၌ စိုက်ထားသော ဆေးထိုးအပ်မှ တစ်ဆင့် မေရီ ရိုး၏ ခန္ဓာကိုယ်ထဲသို့ ဝင်နေကြသည်။

အပြင်ဘက်တွင် မှောင်နေလေပြီ။ မိုးသက်မုန်တိုင်းမှ မိုးခြိမ်းသံများကို တစ်ချီ တစ်ချီ၌ ကြားနေရသည့် အပြင် မိုးကလည်း သဲသဲမဲမဲ ရွာနေ၏။ ဤညသည် လွန်ခဲ့သော ရက်သတ္တပတ်က ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ် ရှိနေခဲ့သော သားသည်အမေ ငယ်ရွယ်သူ ဇနီးကလေး တစ်ယောက်၏ နောက်ဆုံးညပင်တည်း။

တော်တော် မတရားတဲ့ ကိစ္စပဲ။

ယနေ့သည် သောကြာနေ့ ဖြစ်သည်။ လွန်ခဲ့သော တနင်္လာနေ့က နေကောင်းပုံ မရသော်လည်း သေးသေးသွယ်သွယ်နှင့် ချောမော လှပသူ မေရီ ရိုးသည် အင်ဒရူး၏ ဆေးခန်းသို့ ရောက်ရှိလာသည်။ မေရီက သူ အားနည်းသည်၊





အစားအသောက် ပျက်သည်၊ နေလို့ ထိုင်လို့ မကောင်းဟု ပြောပြခဲ့သည်။ အပူချိန်က ၁၀၀ ဒသမ ၅ ဒီဂရီ။

လွန်ခဲ့သော လေးရက်က ထိုလက္ခဏာများ အပြင် အန်ပင် အန်ခဲ့သေးကြောင်း၊ နောက်တစ်နေ့တွင် သက်သာသွားသောကြောင့် မည်သည့် ရောဂါပဲဖြစ်ဖြစ် ပျောက်ကင်းပြီဟု ယူဆခဲ့ကြောင်း၊ ယခု ထိုရောဂါ ပြန်ဖြစ်လာသောကြောင့် ယခင်ကထက် ပို၍ ဆိုးဆိုးရွားရွား ခံစားနေရလေပြီ။

အင်ဒရူးက မေရီ ရိုး၏ မျက်ဖြူသားကို စစ်ဆေးလိုက်သည်။

အဝါရောင် အနည်းငယ် သန်းသည်။ အချို့သော အသား နေရာများတွင် အသားဝါ ရောဂါ စွဲကပ်နေကြောင်း ပြသနေကြသည်။ နာကျင် နေသည်သာမက ရောင်ရမ်းနေသော အသည်းကို အင်ဒရူးက လက်နှင့် စမ်းကြည့်သည်။

မေရီ ရိုးသည် ခင်ပွန်း ဖြစ်သူနှင့် အတူ လွန်ခဲ့သော လက မက်ဆီကိုသို့ အလည်အပတ် သွားရောက်ခဲ့စဉ် ခေတ်မမီတော့သည့် ခပ်ငယ်ငယ် အပေါစား ဟိုတယ် တစ်ခုတွင် တည်းခိုခဲ့ကြောင်း၊ ဒေသဆိုင်ရာ အစားအစာများကိုသာမက ရေကိုပါ သောက်ခဲ့မိကြောင်း မေးမြန်းရာမှ သိရှိလာရသည်။

'မင်းကို ချက်ချင်း ဆေးရုံ တင်မယ်၊ သေချာအောင် သွေးစစ်ကြည့်ဖို့ လိုတယ်၊ ဒါပေမဲ့ မင်းမှာ ကူးစက်တတ်တဲ့ အသည်း ရောင်ရမ်းနာ ရောဂါ ဖြစ်နေပြီလို့ ငါ တထစ်ချ ပြောရဲတယ်'

ကြောက်လန့်သွားပုံ ရသော မေရီ ရိုးအား အင်ဒရူးက ဆေးကုသမှု အနေနှင့် ခန္ဓာကိုယ်ထဲသို့ လုံလောက်သော အရည်များ ရောက်အောင် အကြောမှ တစ်ဆင့် သွင်းပေးရကြောင်း၊ လူနာ တစ်ရာတွင် ကိုးဆယ့် ငါးယောက်သည် ရောဂါ ရှင်းရှင်း ပျောက်အောင် သုံးလမှ လေးလ အထိ အချိန် ယူရလေ့ ရှိကြောင်း၊ မေရီ ရိုးကမူ ရက်ပိုင်း အတွင်း ဆေးရုံမှ ပြန်ဆင်းနိုင်ဖွယ်ရာ ရှိကြောင်း ရှင်းပြခဲ့သည်။

မေရီက မချိပြုံးကလေးနှင့် ပြန်မေးလိုက်၏။

'ကျန်တဲ့ ငါးရာခိုင်နှုန်းက ဘယ်လိုလဲ'

အင်ဒရူးက ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

'အသာ မေ့ထားလိုက်စမ်းပါကွာ၊ အဲဒီ ကိန်းဂဏန်းထဲမှာ မင်း မပါပါဘူး'

သူ ထိုအချက်တွင် မှားယွင်းခဲ့ခြင်း ဖြစ်သည်။

မေရီ့ အခြေအနေသည် သက်သာရမည့် အစား ပို၍ ဆိုးရွားလာသည်။ သွေးထဲ၌ ဗီလီရူဗင်များ ပို၍ ပို၍ များလာပြီး အသား ပိုဝါလာသည်။ ပို၍

ဆိုးရွားသည်မှာ ဗုဒ္ဓဟူးနေ့တွင် စမ်းသပ်ချက်များ အရ သွေးထဲရှိ အမိုးနီးယား ရာခိုင်နှုန်းသည် အန္တရာယ် ရှိသော အဆင့်သို့ ရောက်ရှိနေကြောင်း တွေ့ရသည်။ အစာ ခြေသော အစိတ်အပိုင်းများမှ ထွက်ပေါ်လာသော အမိုးနီးယားတို့ကို ပျက်စီး ယိုယွင်းနေသော အသည်းကလည်း ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပါ။

ထို့နောက် ယမန်နေ့က မေရီ၏ စိတ်ခံစား အခြေအနေသည် ဖောက်ပြန်လာခဲ့သည်။ သူ မည်သည့် ကိစ္စကြောင့် မည်သည့် နေရာသို့ ရောက်ရှိနေကြောင်း မသိတော့သလို သူ့ခင်ပွန်းနှင့် ဒေါက်တာ အင်ဒရူးတို့ကိုလည်း မမှတ်မိတော့ပါ။

မည်သည့် နည်းနှင့်မှ ကူညီနိုင်စွမ်း မရှိသော အဖြစ်က ဒေါက်တာ အင်ဒရူးအား ကြာသပတေး တစ်နေ့လုံး စိတ်ပျက်လက်ပျက် ဖြစ်နေစေခဲ့သည်။ ရောဂါ သက်သာလာစေရေးကို အဟန့်အတား ပြုနေသော ကိစ္စမှာ ပိုမို များပြားလာသော အမိုးနီးယားများပင်တည်း။ ထိုအမိုးနီးယားများကို မည်ကဲ့သို့ ရှင်းပစ်ရမည်နည်း။ လက်ရှိ ဆေးဝါးများ၏ အနေအထား အရ ထိရောက်စွာ ကုနိုင်သည့်နည်း မရှိကြောင်း သူ သိသည်။

နောက်ဆုံးတွင် ထိုနေ့ မွန်းလွဲပိုင်းက သူ့အခန်းထဲသို့ ဝင်လာသော နယ်လှည့် ဆေးရောင်း ဈေးသည် အမျိုးသမီး တစ်ဦး၏ အပေါ်တွင် သူ့ဒေါသများကို မတော်မတရား အန်ချလိုက်မိလေတော့သည်။

ထိုဆေးရောင်း ဈေးသည်မကလေးသည် အသက် ငယ်သည်၊ မျက်မှန် တပ်ထားသည်၊ အတွေ့အကြုံလည်း နည်းပုံ ရသော ချာတိတ်မကလေး တစ်ယောက် ဖြစ်သည် ဆိုသော အချက်က လွဲ၍ နာမည်နှင့် ရုပ်ရည် သွင်ပြင်ကို သူ မမှတ်မိခဲ့ပါ။

ထို ကလေးမသည် ဖဲလ်ဒင်း ရှေ့သ် ဆေးဝါး ထုတ်လုပ်ရေးမှ ဖြစ်သည်။

သူက ဆေးကုမ္ပဏီမှ ရောင်းချသော နောက်ဆုံးပေါ် ပဋိဇီဝ ဆေးများ အကြောင်း ရှင်းပြနေစဉ် သူ့ အတွေးများသည် အခြား တစ်နေရာသို့ ပျံ့လွင့်သွားလေတော့သည်။

'ရှင် ကျွန်မ ပြောနေတာကို နားမထောင်ဘူး ဒေါက်တာ'

ဒေါပွသွားသော အင်ဒရူးက 'မင်း ငါ့ အချိန်တွေကို လာ ဖြုန်းတီး နေတာပဲ' ဟု ပြန်ပြောလိုက်သည်။

အလွန် ရိုင်းပါသည်။ သူသည် သာမန်အားဖြင့် ထိုကဲ့သို့ ရိုင်းစိုင်းသူ မဟုတ်ပါ။ သို့ရာတွင် သူက မေရီ ရိုး အတွက် ပြင်းပြင်းထန်ထန် စိတ်ပူနေရချိန်တွင် ဆေးဝါး ရောင်းချသော ကုမ္ပဏီကြီးများ၏ ဖွတ် အတင်း





ရောင်းချမှုကို နှစ်နှင့် ချီ၍ မနှစ်မြို့ကြခဲ့မှုနှင့် ပေါင်းစပ်မိသွားပုံ ရပါသည်။ ထို ဆေးဝါး ရောင်းချသော ကုမ္ပဏီကြီးများသည် အစွမ်းထက်သော ဆေးဝါး အချို့ကို ထုတ်လုပ်ပေးခဲ့ကြပါသည်။ သို့ရာတွင် ဆေး ရောင်းချရေး အတွက် ဆရာဝန်များနှင့် အပေးအယူ လုပ်မှုမျိုးကို သူ မနှစ်မြို့ကြခြင်း ဖြစ်သည်။

ဖဲလ်ဒင်း ရှေ့သ်မှ ကလေးမက 'သိပ်ကို အရေးကြီးတယ် ဆိုတဲ့ ကိစ္စဟာ ဘာပါလဲ ဒေါက်တာ' ဟု သူ့ကို မေးခဲ့သည်။

ဤတွင် သူက သေလုဆဲဆဲ ဖြစ်နေသော မေရီ ရိုး အကြောင်း၊ ဖဲလ်ဒင်း ရှေ့သ်လို ဆေးဝါး ထုတ်လုပ်သော ကုမ္ပဏီကြီးများက လက်ရှိ ဆေးဝါးများထက် ပိုမထူးခြားသော ထူးမခြားနား ပဋိဇီဝ ဆေးများကို ထုတ်လုပ်နေကြမည့် အစား လိုသည်ထက် ပိုထွက်နေသော အမိုးနီးယားကို တားဆီးနိုင်မည့် ဆေးဝါးများကို ထုတ်လုပ်ရန် ဆောင်ရွက်ကြမည် ဆိုလျှင် ဟူ၍ ငေါ့တော့တော့ ပြောမိပြီးမှ သူ့ စကားသည် ရပ်တန့်သွားရလေတော့သည်။

အင်ဒရူးသည် အုံကြွလာသော သူ့ဒေါသကြောင့် ရှက်နေမိဆဲတွင် ကလေးမလေးသည် သူ့ ပစ္စည်းများကို သိမ်းဆည်းပြီး နှုတ်ဆက်၍ ပြန်သွားခဲ့လေပြီ။

ယမန်နေ့က ကိစ္စမှာ ထိုမျှသာ ဖြစ်ခဲ့သည်။ ယနေ့တွင်လည်း သူသည် မေရီ ရိုးအား ကူညီနိုင်မည့် အခြေအနေနှင့် ပို၍ နီးစပ်မလာသေးပါ။

ယခု တစ်နေ့တာ ကုန်ဆုံးလုဆဲဆဲတွင် မျှော်လင့်ချက် ထားပါကလည်း အချည်းနှီးပင် ဖြစ်လိမ့်မည် ဖြစ်ကြောင်း ထင်ရှားလာသည်။ မေရီရိုး၏ အခြေအနေသည် ပြန်ကောင်းလာဖွယ်ရာ မရှိတော့လေပြီ။

ဂျွန် ရိုးက မျက်ရည် မကျအောင် ထိန်းရင်း

'သူ သတိ ပြန်ရလာဦးမှာလား ဒေါက်တာ၊ ကျွန်တော် ရှိနေတာကို သူ သိမှ သိပါ့မလား'

'သိလိမ့်မယ် မထင်ဘူး'

'ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့အနားမှာပဲ နေမယ်'

'ရပါတယ်ကွာ'

ဆရာဝန်များ၏ ဧည့်ခန်းသည် ကော်ဖီ အမြဲတမ်း ရသလို လွတ်လွတ်လပ်လပ် နေနိုင်သော နေရာ ဖြစ်သည်။ အင်ဒရူးသည် ကော်ဖီ တစ်ခွက် ငှဲ့ထည့်လိုက်ပြီးနောက် ခပ်ဟောင်းဟောင်း လက်တင် ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်

ချလိုက်၏။ သူ ဆေးရုံတွင် ဆက်လက် နေထိုင်ရန် မလိုအပ်တော့သော်လည်း ဒေါက်တာ နိုအာ တောင်းဆင်း၏ ဇနီး ဟီလ်ဒါက သူ့အတွက် ရှာဖွေပေးခဲ့သော လူပို့ အိမ်ခန်းသည် တစ်ခါတစ်ရံတွင် အထီးကျန်နိုင်လွန်းလှပေသည်။

ကော်ဖီက ပူသည်။ ကော်ဖီ အေးအောင် စောင့်ရင်း 'နယူး အတ် စတား လယ်ဂျာ' သတင်းစာကို တစ်ချက် လှမ်းကြည့်လိုက်၏။

သတင်းစာ မျက်နှာဖုံးတွင် စပွတ်နစ်ဟု ခေါ်သော ဂြိုဟ်တုကို ရုရှတို့က လွှတ်တင်လိုက်သည့် သတင်းအား အသားပေး၍ ဖော်ပြထားသည်။

အာကာသ သိပ္ပံ နည်းပညာရပ်များတွင် ရုရှတို့က တစ်ပန်း သာသွားကြသောကြောင့် အမေရိကန် သိပ္ပံပညာရှင်များ သွေးပျက်ပြီး အရှက် ရသွားကြသည်။ ထိုကဲ့သို့ သွေးပျက်သွားမှုများသည် ဆေးသိပ္ပံ ပညာရပ်ဘက်သို့ အနည်းငယ် ဖိတ်စဉ်၍ ကျလာပါစေဟု အင်ဒရူးက ဆုတောင်းလိုက်မိ၏။

'ကျွန်မကို ခွင့်ပြုပါ ဒေါက်တာ၊ ဆေးခန်းမှာ မတွေ့လို့ ဆေးရုံကို လိုက်လာတာပါ'

ရွှဲရွှဲ စိုနေသော မိုးကာ အင်္ကျီ တစ်ထည်ကို ဝတ်ဆင်ထားသည့် ဆေးရောင်း ဈေးသည်မကလေးပင်တည်း။

အညိုရောင် သူ့ ဆံပင်များသည် ရေ တစက်စက် ကျအောင် စိုရွှဲနေသလို သူ့မျက်မှန်တွင်လည်း ရေစိုး ရေငွေ့များ ကပ်နေသည်။

'ဒီ နေရာဟာ သီးသန့် နေရာကွ'

'ဟုတ်ကဲ့ သိပါတယ်၊ ဒါပေမဲ့ ခုကိစ္စက အရေးပါတယ် ထင်လို့ပါ'

'ဘာ အရေးပါတာလဲ'

အသက် နှစ်ဆယ့် လေးနှစ်ထက် ပိုကြီးပုံ မရသေးသော ကလေးမက မိုးကာ အင်္ကျီကို ကုလားထိုင် တစ်လုံးပေါ်သို့ ပစ်တင်ရင်း

'အမိုးနီးယားပေါ့ ဒေါက်တာရယ်၊ အမိုးနီးယား အဆိပ် မိမှုကြောင့် သေလု မြောပါး ဖြစ်နေတဲ့ လူနာ တစ်ယောက် အကြောင်း မနေ့က ဆရာ ပြောခဲ့ပါတယ်၊ မနေ့တုန်းက ဆရာ့ကို ကျွန်မ မပြောမိ မပြောနိုင်ခဲ့တာက ကျွန်မတို့ရဲ့ ကုမ္ပဏီ ဖဲလ်ဒင်း ရော့သ်ဟာ လွန်ခဲ့တဲ့ လေးနှစ်က စပြီး အူထဲမှာ ရှိတဲ့ ဗက်တီးရီးယားတွေက ထုတ်လုပ်ပေးတဲ့ အမိုးနီးယားတွေကို လျှော့ချပေးနိုင်မယ့် ဆေးတစ်မျိုးကို စမ်းသပ်နေခဲ့တယ် ဆိုတဲ့ ကိစ္စပါပဲ၊ ကျွန်မ အဲဒီ ဆေးအကြောင်း သိထားပါတယ်၊ ဒါပေမဲ့ သုတေသန ပြုတဲ့ လူတွေက ဘယ်လောက် အထိ ခရီး ပေါက်နေပြီ ဆိုတာကိုသာ ကျွန်မ မသိတာပါ'





'တစ်ယောက်ယောက်က ကြိုးစားနေတယ် ဆိုတဲ့ အတွက် ဝမ်းသာပါတယ်ကွာ၊ ဒါပေမဲ့ ကျုပ် နားမလည်နိုင်တာက'

ကလေးမက မျက်နှာပေါ်သို့ ကျလာသော ရေစို ဆံပင် အချို့ကို ဖယ်ပစ်လိုက်၏။

'ဆရာ နားထောင်မယ် ဆိုရင် နားလည်လာမှာပေါ့၊ လိုထရိုမိုင်စင် ဆိုတဲ့ အဲဒီ ဆေးကို တိရစ္ဆာန်တွေနှင့် အောင်အောင်မြင်မြင် စမ်းသပ် ပြီးခဲ့ပါပြီ၊ အခု လူတွေနှင့် စမ်းသပ်ဖို့ အဆင်သင့် ဖြစ်နေပါပြီ၊ ကျွန်မ လိုထရိုမိုင်စင် ဆေး နည်းနည်းကို ယူလာနိုင်ခဲ့ပါတယ်၊ အခု ကျွန်မနှင့် ပါလာပါတယ်'

'မင်း၊ မင်း ပြောနေတဲ့ စကားက'

'ကျွန်မ နာမည် စီလီယာ ဒီဂရေးပါ'

'ကျုပ်က ကျုပ် လူနာကို တိရစ္ဆာန်တွေနှင့်သာ စမ်းသပ်ဖူးတဲ့ စမ်းသပ်နေဆဲ ဆေးတစ်မျိုးနှင့် ထိုးပေးရမယ်လို့ မင်းက အကြံ ပေးနေတာလား မစ္စ ဒီဂရေး'

'ဘယ်ဆေးဝါးပဲ ဖြစ်ဖြစ် ပထမဦးဆုံး စတင် သုံးစွဲရတဲ့ လူသား တစ်ယောက်ယောက်တော့ ရှိတာချည်းပါပဲ'

'မင်း စိတ်မဆိုးဘူး ဆိုရင် ကျုပ်ကတော့ လမ်းသစ် စထွင်တဲ့ ဒေါက်တာ မဖြစ်ချင်ဘူး'

ကလေးမ၏ အသံက ပို၍ စူးစူးရှရှ ဖြစ်လာသည်။

'ဆရာ့ လူနာက သေတော့မယ်၊ တခြား ကုစရာ ဆေးဝါးလည်း မရှိတော့ဘူး ဆိုတာတောင် စမ်းမကြည့်ဘူးလို့ ဆိုလိုတာလား၊ ဆရာ့ လူနာ ဘယ်လို နေသေးသလဲ'

'မနေ့ကထက် ပိုဆိုးတယ်၊ သူ မေ့မြောနေပြီ'

'သူ သေတော့မှာလား'

'ဒီမှာ မစ္စ ဒီဂရေး၊ မင်းက စေတနာနှင့် ပြောတယ် ဆိုတာ ကျုပ် နားလည်ပါတယ်၊ မင်း ဝင်လာတုန်းက ကျုပ် ပြောမိ ဆိုမိခဲ့တဲ့ ပုံစံ အတွက်လည်း ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ကံဆိုးချင်တော့ သိပ် နောက်ကျသွားပြီ၊ စမ်းသပ်ဆဲ ဆေးဝါးတွေနှင့် စမ်းသပ်ကြည့်ဖို့ သိပ်နောက်ကျသွားပြီ၊ တကယ်လို့ ကျုပ်က စမ်းသပ်ချင်တယ်ပဲ ထား၊ ကျုပ်တို့ လုပ်ရမယ့် လုပ်ထုံး လုပ်နည်းတွေ လိုက်နာရမယ့် စည်းကမ်းတွေ ဘယ်လောက် အထိ များပြားတယ် ဆိုတာ မင်း ရိပ်မိရဲ့လား'

'ဟုတ်ကဲ့၊ ဘယ်လို လုပ်ထုံး လုပ်နည်းတွေ လိုအပ်တယ် ဆိုတာ ကျွန်မ သိပါတယ်၊ မနေ့ကတည်းက လိုက်ပြီး စုံစမ်းပြီးခဲ့ပါပြီ၊ ခုအချိန် အထိ နည်းနည်းကလေးသာ ရှိသေးတဲ့ လိုထရိုမိုင်စင် ဆေးကိုလည်း မရ ရအောင် ယူခဲ့ပါတယ်၊ လိုအပ်တဲ့ စာရွက် စာတမ်းတွေကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ပြီးခဲ့ပါပြီ၊ ဒီ ဆေးဝါးကို သုံးစွဲဖို့ အတွက် ဒီဆေးရုံရဲ့ ခွင့်ပြုချက်နှင့် အနီးစပ်ဆုံး ဆွေမျိုး တစ်ဦးဦးဆီက ခွင့်ပြုချက် ရဖို့ပဲ လိုအပ်ပါတယ်'

အင်ဒရူးက ငေးကြည့်နေမိ၏။

'ကျွန်မတို့ သက်သက် အချိန် ဖြုန်းနေကြတာပဲ'

စီလီယာ ဒီဂရေးက အတက်ချီ ကေ့စ်ကို ဖွင့်လိုက်ပြီးနောက် စာရွက် စာတမ်းများကို ဆွဲထုတ်လိုက်သည်။

'ဟောဒါကို ဖတ်ကြည့်ပြီး စ အလုပ် လုပ်ပါတော့၊ ဒါ ဖဲလ်ဒင်း ရှော့သ်က ဆရာ့ အတွက် ဖော်စပ် ပေးလိုက်တဲ့ ဆေးဝါး အကြောင်းပဲ၊ ဒါကတော့ ဘယ်လို အသုံး ပြုရမယ် ဆိုတဲ့ ဆေးညွှန်း'

အင်ဒရူးက အလွန် များပြားပုံ ရသော စာရွက်များထဲမှ ထိုနှစ်ရွက်ကို လှမ်းယူလိုက်၏။ သူသည် စဖတ်လိုက်မိသည်နှင့် ချက်ချင်း စိတ်ဝင်စားသွားလေတော့သည်။

နှစ်နာရီ နီးပါး ကြာမြင့်ခဲ့လေပြီ။

'မင်း လူနာက အခြေအနေ သိပ် ဆိုးရွားနေပြီ ဆိုတော့ တို့ဘက်က ဘာများ အရှုံး ထွက်စရာ ရှိလို့လဲ'

တယ်လီဖုန်းထဲမှ ထွက်ပေါ်လာသော အသံမှာ ဒေါက်တာ နီအာ တောင်းဆင်း၏ အသံပင်တည်း။

'သူ့ ခင်ပွန်းကလည်း သဘော တူတယ်လို့ မင်း ပြောတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ စာနှင့် ပေနှင့် ရေးပေးထားပါတယ်၊ ဖဲလ်ဒင်း ရှော့သ်က ပေးပို့လိုက်တဲ့ စာရွက် စာတမ်းတွေဟာ စနစ်တကျ ရှိတယ် ဆိုပြီး အုပ်ချုပ်ရေးမှူးကလည်း ကျေနပ်ပါတယ်၊ ဒီဆေးဝါးက နယ်ကျော်မှု မရှိတဲ့ အတွက် ပိုပြီး လွယ်ကူသွားတယ်လို့ ထင်ပါတယ်'

'မင်းက ဒီ အသေးစိတ်တွေကို လူနာ မှတ်တမ်းထဲမှာ အပြည့်အစုံ ထည့် ရေးရလိမ့်မယ်'





'ကျွန်တော် ရေးပြီးပါပြီ'

'ဒါဆိုရင် ဆေးရုံ အတွက် ငါ ခွင့်ပြုတယ်၊ ငါက သိပ် မျှော်လင့်ချက်ထားလို့ ခွင့်ပြုတာတော့ မဟုတ်ဘူး အင်ဒရူး၊ မင်း လူနာက သိပ် ခရီး လွန်နေပြီလို့ ငါ ထင်တယ်၊ ဒါပေမဲ့ ကြိုးစား ကြည့်ကြသေးတာပေါ့ကွာ'

အင်ဒရူးက တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်ပြီးနောက် 'အဆင်သင့် ဖြစ်ပြီလား' ဟု လှမ်းမေးလိုက်သည်။

အချိန်ပိုင်း ဝန်ထမ်း အဖြစ် လာရောက် တာဝန် ထမ်းဆောင်သော ညပိုင်း သူနာပြု ခေါင်းဆောင် ဆရာမကြီးက ဖဲလ်ဒင်း ရှော့သ်မှ ဆေးရောင်း ဈေးသည်မကလေး ယူလာသော ဆေးပုလင်းကို ရေခဲသေတ္တာထဲမှ ထုတ်ယူပြီး ဆေးထိုးအပ်ထည့်ထားသော လင်ပန်းပေါ်တွင် တင်လိုက်သည်။

'ဟုတ်ကဲ့၊ ဖြစ်ပါပြီ'

'ကဲ သွားကြရအောင်'

သူနှင့် သူနာပြု ဆရာမတို့ မေရီ ရိုး ခုတင် နံဘေးသို့ ရောက်ရှိလာချိန်တွင် ဂျွန် ရိုးလည်း အနီးတွင် ရှိနေသည်။

အင်ဒရူးက ခုတင်နားတွင် ရှိနေသော အလုပ်သင် ဆရာဝန်အား လိုထရိုမိုင်စင် အကြောင်း ရှင်းပြလိုက်၏။

အင်ဒရူးက ဂျွန် ရိုးဘက်သို့ လှည့်လိုက်ပြန်သည်။

'ဂျွန် ခုကိစ္စဟာ ဆင်ကန်း တောတိုး လုပ်ရတာမျိုးပဲ ဆိုတာကို လေးလေးနက်နက် ထပ်ပြောချင်တယ်'

'ကျုပ် နားလည်ပါတယ်ဗျာ'

သူနာပြု ဆရာမက မေ့မြောနေသော မေရီ ရိုး၏ တင်ပါးအား ဆေးထိုးပေးရန် ပြင်ဆင်နေသည်။ အင်ဒရူးက အလုပ်သင် ဆရာဝန်အား ပြောလိုက်၏။

'ဆေးဝါး ကုမ္ပဏီကတော့ လေးနာရီ ခြားတိုင်း ဆေး ထပ်ထိုးပေးရမယ်လို့ ဆိုတယ်၊ ကျုပ် စာနှင့် ရေးပေးခဲ့ပါ့မယ်၊ ဒါပေမဲ့ ခင်ဗျားက'

'ကျုပ် ဒီမှာ နေပေးပါ့မယ် ဆရာသမားရယ်'

သူနာပြု ဆရာမသည် ဆေးထိုးပေးပြီးနောက် လူနာ၏ သွေးတိုးနှုန်းနှင့် သွေးဖိအားတို့ကို တိုင်းလိုက်၏။

'ဘာမှ မတွေ့ပြန်ဘူး ဒေါက်တာ၊ ဘာမှ ပြောင်းလဲပုံ မရဘူး'

အင်ဒရူးက ခေါင်းညိတ်လိုက်၏။ လောလောဆယ် စိတ်သက်သာရာ ရရှိသွားသည်။

သူက ထူးထူးခြားခြား ဖြစ်လာလိမ့်မည်ဟု မျှော်လင့် မထားသော်လည်း စမ်းသပ်ဆဲ ဖြစ်သော ဆေးဝါးနှင့် ဆိုပါက ဆန့်ကျင်ဘက် တုံ့ပြန်မှုမျိုး ဖြစ်လာနိုင်စရာ ရှိပေသည်။ သို့တိုင်အောင် မေရီ ရိုးသည် နံနက် အထိ အသက်ရှင်နေလိမ့်မည်ဟု သူ မထင်မိပါချေ။

'သူ့ အခြေအနေ ဆိုးရွားလာရင် ကျုပ် အိမ်ကို ဖုန်းဆက်ပါ'

သူက ညွှန်ကြားလိုက်ပြီးနောက် ဂျွန် ရိုးအား နှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။

သူ့အိမ်ခန်းသို့ ပြန်ရောက်သည့် အခါကျမှ ဒေါက်တာများ၏ ညှိခန်းထဲ၌ သူ ထားရစ်ခဲ့သော ကလေးမကို သူ အကျိုး အကြောင်း ပြန်မပြောခဲ့မိကြောင်း သတိ ရလေတော့သည်။ သူက တယ်လီဖုန်း ဆက်ရန် ဟန်ပြင်ပြီးမှ မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို ယခု အချိန်လောက်တွင် သူ သိလောက်ပြီဟု ယူဆလိုက်သည်။ နက်ဖြန်ကျမှ ထို ကလေးမနှင့် သူ စကား ပြောတော့မည်။

၂

စနေနေ့ နံနက်ခင်းတိုင်းတွင် ကိုယ်ပိုင် ဆေးခန်း၌ လူနာများကို နံနက် ဆယ်နာရီမှ စ၍ လက်ခံ ကြည့်ရှုတတ်သော အင်ဒရူးသည် ထို လုပ်ထုံး လုပ်နည်းကို ထိုနေ့တွင် ပြောင်းပြန် လှန်လိုက်ပြီးနောက် စိန့်ဘိဒ် ဆေးရုံသို့ နံနက် ကိုးနာရီတွင် ရောက်ရှိလာသည်။

သူ ဆေးရုံသို့ ရောက်ရှိလာသော အခါ ဆံပင် မဖြီးရသေးသော အလုပ်သင်ဆရာဝန်က အသက်ရှူ မှားအောင် အပြေးအလွှား လာရောက် နှုတ်ဆက်ပြီး အတင်း ဆွဲခေါ်သွားတော့သည်။

မေရီ ရိုး၏ အခန်းထဲသို့ အင်ဒရူး လျှောက်ဝင်သွားပြီး ရပ်တန့် သွားလေတော့သည်။ သူ ငေးကြည့်နေမိပါသည်။

သတိ ကောင်းကောင်း ရနေပြီ ဖြစ်သော မေရီ ရိုးသည် အိပ်ရာပေါ်တွင် ထထိုင်နေပြီး သူ့ကို ပြုံးပြနေသည်။

သူ့အပြုံးမှာ ခပ်ယဲ့ယဲ့သာ ဖြစ်သော်လည်း မေ့မြောနေခဲ့သော လွန်ခဲ့သည့် ညက အခြေအနေနှင့် နှိုင်းယှဉ်ပါက မယုံကြည်နိုင်စရာ ကောင်းလောက်အောင် ပြောင်းလဲနေသည်။ ထူးထူးခြားခြား ဖြစ်ရပ်ပင်တည်း။





သူသည် ပလတ်စတစ် ခွက်ကလေးကို ကိုင်ရင်း ရေကို မျှဉ်းသောက်နေသည်။

ယမန်နေ့က ပို၍ အရောင် ရင့်လာသော အဝါရောင်သည် သိသိသာသာ အရောင် ဖျော့နေသည်။

အင်ဒရူး ဝင်လာချိန်တွင် ဂျွန် ရိုးက အားရပါးရ အပြုံးနှင့် မတ်တတ်ထရပ်ရင်း လက်ကမ်း ပေးလိုက်သည်။

'ကျေးဇူး တင်ပါတယ် ဒေါက်တာ၊ သိပ်ကို ကျေးဇူး တင်ပါတယ်'

အခန်းထဲသို့ ထိုအထပ်မှ သူနာပြု ဆရာမ ခေါင်းဆောင် ဖြုန်းခနဲ ဝင်လာသည်။ သူကလည်း အားပါးတရ ပြုံးနေသည်။

'ဆေးရုံ တစ်ရုံလုံး သတင်းပျံ့နေပြီ ဒေါက်တာ ဂျော်ဒန်၊ လူတိုင်း ရှင့်အကြောင်းပဲ ပြောနေကြတယ်'

'အဲဒါက လိုထရိုမိုင်စင် ဆိုတဲ့ စမ်းသပ်ဆဲ ဆေးတစ်မျိုးကြောင့်ပါဗျာ၊ ကျုပ်ဆီကို ယူလာပေးတယ်၊ ကျုပ်က'

သူနာပြု ဆရာမက ပြောလိုက်၏။

'ဒီဆေးရုံမှာတော့ ရှင်ဟာ သူရဲကောင်း တစ်ယောက်ပဲ၊ ကျွန်မသာ ရှင့်နေရာမှာ ဆိုရင် အထွန့်တက်မှာ မဟုတ်ဘူး'

အင်ဒရူးက သူ့ လူနာအား ပြောလိုက်သည်။

'မင်း အတွက် ကျုပ် ဝမ်းသာတယ် မေရီ'

သူ တစ်ခုခုကို တွေးလိုက်မိပြန်၏။

'ဖဲလ်ဒင်း ရှော့သ်က ဟိုကလေးမ မစ္စ ဂရေးကို တွေ့လိုက်မိကြသလား'

သူနာပြု ဆရာမက ဖြေလိုက်သည်။

'ခုနတုန်းကတော့ သူ ဒီနားမှာ ရှိသေးတယ်၊ သူ သူနာပြု ဆရာမတွေရဲ့ ရုံးခန်းဘက်မှာ ရှိချင် ရှိလိမ့်မယ်'

အင်ဒရူးက နှုတ်ဆက် ခွင့်တောင်းပြီး အပြင်သို့ ထွက်လိုက်၏။ စီလီယာ ဒီဂရေး စင်္ကြံလမ်းထဲက စောင့်နေသည်။ သူ့ မျက်နှာပေါ်တွင် ပြုံးရောင် သန်းနေသည်။

'မင်း ကြားပြီးပြီလား'

'ဟုတ်ကဲ့ရှင့်'

'သူတို့က ကျုပ်ကို ကျေးဇူး တင်နေကြတယ်၊ ဒါပေမဲ့ သူတို့ ကျေးဇူး တင်ရမယ့် သူက မင်းပဲ'

စီလီယာက ပြုံးပြုံးကလေးနှင့် ပြန်ဖြေလိုက်၏။

'ဆရာက ဆရာဝန်ပဲရှင့်'

ထို့နောက် ဖြန်းခနဲ ဆိုသလို ပြိုင်တူ စိတ်လွတ် ကိုယ်လွတ် ရယ်လိုက်မိကြသည်။

အတန်ငယ် ကြာသောအခါ ဒေါက်တာ အင်ဒရူး ရျော်ဒန်သည် မိမိ ကိုယ်တိုင်ပင် အံ့အားသင့်မိလေအောင် သူ့ကို ပွေ့ဖက်ပြီး နမ်းလိုက်မိလေတော့သည်။

ကော်ဖီဆိုင် အတွင်းသို့ ရောက်သောအခါ စီလီယာ ဒီဂရေးက ပြောလိုက်သည်။

'ကျွန်မက ဆေးဝါးဘက် ဆိုင်ရာ ညွှန်ကြားရေးမှူးဆီကို တယ်လီဖုန်းနှင့် ပြောလိုက်ပြီးပြီ၊ သူတို့ အားလုံး ဝမ်းသာနေကြတယ်'

'ဝမ်းသာ ထိုက်တာပေါ့ကွာ၊ သူတို့က ဆေးကောင်းဝါးကောင်း တစ်ခုကို ထုတ်လုပ်နိုင်ခဲ့ပြီပဲ'

'ဆေးပညာ ဂျာနယ် တစ်စောင်စောင်မှာ ထည့်ဖို့ ရှင်က လိုထရိုမိုင်စင် ဆေးကို အသုံးပြုခဲ့ပုံ အပါအဝင် လူနာ စစ်တမ်း ဆောင်းပါး တစ်ပုဒ် ရေးပေးမလားလို့ သူတို့က ကျွန်မကို မေးခိုင်းလိုက်တယ်'

'ဝမ်းမြောက် ဝမ်းသာစွာနှင့် ရေးပေးပါ့မယ်ကွာ'

အင်ဒရူးသည် ကော်ဖီကို မှုတ်သောက်ရင်း အတွေးနယ် ချဲ့နေမိသည်။

သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ထူးထူးခြားခြားနှင့် နှစ်လိုဖွယ် ကောင်းသည့် အမျိုးသမီးကလေး၏ မတော်တဆ ဖန်တီးပေးမှုကြောင့် သူသည် ဆေးကုသမှု သမိုင်း၏ တစ်ပိုင်း တစ်ကဏ္ဍတွင် ပါဝင် ဆောင်ရွက်ခွင့် ရရှိခဲ့သည်။ ထိုအခွင့်အရေးမျိုးကို ဆရာဝန် အနည်းငယ်သာ ရခဲ့ကြပါသည်။

'ဒီမှာ၊ ကျုပ် မင်းကို ပြောချင်တာ တစ်ခု ရှိသေးတယ်၊ မနေ့တုန်းက ကျုပ် မင်းအပေါ်မှာ ရိုင်းစိုင်းခဲ့မိတယ်၊ ကျုပ် တောင်းပန်ပါတယ်ကွာ'

စီလီယာက ခပ်သွက်သွက်ကလေး ဖြေသည်။

'မလိုပါဘူးရှင်၊ လက်ရှိ ဆရာ့ ပုံစံကို ကျွန်မ သဘောကျပါတယ်၊ ဆရာက ဆရာ့ လူနာ အတွက် သောက ဖြစ်နေတယ်၊ ဆရာက တခြား ဘာကိစ္စကိုမှ ဂရု မထားဘူး၊ ဆရာ စိတ် ပူပန်နေတယ် ဆိုတာ သိသာပါတယ်၊ ဒါပေမဲ့ ဆရာက အမြဲတမ်း အဲဒီ ပုံစံမျိုးမှ မဟုတ်တာ'

ထိုစကားက သူ့ကို အံ့အားသင့်စေခဲ့သည်။





'မင်း ဘယ်လိုလုပ်ပြီး သိသလဲ'

'လူသတင်း လူချင်း ဆောင်လို့ပေါ့ရှင်၊ ကျွန်မ ဆရာ့ အကြောင်း နိုက်နိုက် ချွတ်ချွတ် သိထားပါတယ်၊ ကျွန်မက ဆရာဝန်တွေ အကြောင်း သိထားဖို့ လိုတာကလည်း တစ်ကြောင်း၊ ပြီးတော့…အဲဒါကိုတော့ နောက်ကျမှပဲ ပြောပါတော့မယ်'

ထူးခြားသော ဤကလေးမတွင် အသွင်သဏ္ဍာန် အမျိုးမျိုး ရှိနေကြောင်း သူ တွေးမိသည်။

'မင်းက ဘာတွေကို သိထားလို့လဲ'

'အင်းလေ၊ သိထားတာ တစ်ခုကတော့ ဂျွန် ဟော့ပ်ကင်း ဆေးတက္ကသိုလ်က သင်တန်းမှာ ဆရာက အတော်ဆုံး၊ နောက်တစ်ချက်ကတော့ ဆရာက မက်ဆာချူးဆက် အထွေထွေ ဆေးရုံကြီးမှာ အလုပ်သင် ဆရာဝန် သင်တန်းသား ဆရာဝန် လုပ်ခဲ့တယ်၊ ဆရာက တော်တဲ့ အတွက် ဒေါက်တာ တောင်းဆင်းက ဆရာ့ကို လျှောက်ထားသူ ငါးဆယ်ထဲက ရွေးချယ်ပြီး သူ့ဆေးခန်းမှာ စပ်တူ လုပ်ခွင့်ပေးတယ်၊ ကဲ ဘာ ထပ်သိချင်သေးသလဲ'

အင်ဒရူး ကျယ်ကျယ်လောင်လောင် ရယ်လိုက်သည်။

'နောက်ထပ် ဘာရှိသေးသလဲ'

'ဆရာ့မှာ အစွဲအလမ်းကြီးမှု တချို့ ရှိနေတယ်၊ ဥပမာ ပြရရင် ဆရာက ဆေးဝါး ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေကို မျက်မုန်း ကျိုးနေတယ်၊ ဟုတ်ပါတယ်၊ တချို့ ကိစ္စတွေမှာတော့'

'တော်ပါတော့ဗျာ၊ မျက်မုန်းကျိုးမှုကို ကျုပ် ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီကနေ့ မနက်ခင်းမှာတော့ အဲဒီ သဘောထားကို ပြင်ချင်တဲ့ စိတ်ထားမျိုး ဖြစ်နေတယ်'

'အဲဒါ ကောင်းပါတယ်၊ ဒါပေမဲ့ အကုန်လုံးတော့ ပြောင်းမပစ်လိုက်ပါနှင့်၊ ကျွန်မတို့ရဲ့ ဆေးဝါး လုပ်ငန်းနှင့် ပတ်သက်ရင် ကောင်းတာတွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ မကောင်းတာတွေ ကျွန်မက ပြင်ဆင် ပစ်ချင်တာတွေလည်း ရှိပါသေးတယ်'

'မင်းက ပြင်ဆင်ပစ်ချင်တယ် ဟုတ်လား၊ မင်း ကိုယ်တိုင် ပြင်ပစ်ချင်တာလား'

'ကျွန်မဟာ မိန်းမသား တစ်ယောက်ပဲလို့ ဆရာ တွေးနေတယ် ဆိုတာ ကျွန်မ သိတယ်'

'မင်း ပြောမှတော့ ဟုတ်ပါတယ်၊ မင်းကို အမျိုးသမီး တစ်ယောက် အဖြစ် ကျုပ် သတိထားမိပါပြီ'

စီလီယာက လေးလေးနက်နက် ပြောလိုက်၏။

'အမျိုးသမီးတွေ အလျင်က မလုပ်ခဲ့တဲ့ အလုပ်တွေကို လုပ်ကြဖို့ အချိန် ရောက်လာပါပြီရှင်'

'ခု လောလောဆယ်မှာတော့ အထူးသဖြင့် မင်းနှင့် ပတ်သက်ပြီး အဲဒီ အဆိုကို ကျုပ် လက်ခံဖို့ အဆင်သင့်ပါပဲ၊ မင်းက ကျုပ်ကို ပြောစရာ ရှိသေးတယ်၊ အဲဒါကို နောက်ကျမှ ပြောမယ်လို့ မင်း ပြောခဲ့တယ်နော်'

ပထမဦးဆုံး အကြိမ် အဖြစ် စီလီယာ ဒီဂရေး တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

'ဟုတ်တယ်၊ ပြောစရာ ရှိပါတယ်'

သူက အင်ဒရူး၏ မျက်လုံးများနှင့် ရဲရဲတင်းတင်း ရင်ဆိုင်လိုက်၏။

'ကျွန်မက ကျွန်မတို့ နောက်တစ်ကြိမ် တွေ့တဲ့ အထိ စောင့်မလို့ပါပဲ၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ အခုပဲ ပြောပြလိုက်ပါတော့မယ်လေ၊ ကျွန်မ ရှင်နှင့် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ'

တော်တော် ထူးခြားသည့် အမျိုးသမီးပင်တည်း။ အံ့သြစရာ တစ်ပုံတစ်ပင်နှင့် အလွန် ရှင်လန်း တက်ကြွသူ တစ်ယောက် ဖြစ်သည်။

ထိုအမျိုးသမီးမျိုးနှင့် သူ တစ်ခါမှ မတွေ့ဖူးသေးချေ။

အင်ဒရူးက စတင်၍ ရယ်လိုက်၏။

ထို့နောက် သူ ဖြုန်းခနဲ စိတ် ပြောင်းလဲသွားလေတော့သည်။

နောက်ထပ် တစ်လ ကြာသော အခါ ဒေါက်တာ အင်ဒရူး ဂျော်ဒန်နှင့် စီလီယာ ဒီဂရေးတို့သည် ရင်းနှီးသော မိတ်ဆွေ အနည်းငယ်နှင့် ဆွေမျိုးတို့၏ ရှေ့မှောက်တွင် လောကီကြောင်း အရ တိတ်တိတ်ဆိတ်ဆိတ် လက်ထပ် လိုက်ကြလေ၏။





၃

ဘဟားမား ကျွန်းစုမှ လျူသီးယား ကျွန်းသို့ မင်္ဂလာဦး ခရီး အဖြစ် ထွက်လာခဲ့ကြသော သူတို့ ဇနီးမောင်နှံသည် သဲသောင်ပြင်ပေါ်တွင် ဘဝ ရှေ့ရေးကို ဆွေးနွေးခဲ့ကြလေသည်။

'ကျွန်မတို့ ကလေး နှစ်ယောက် ယူမယ်၊ တစ်ယောက်ကို မြန်နိုင်သမျှ မြန်မြန် မွေးချင်တယ်၊ ဒုတိယ ကလေးကို နောက်နှစ်နှစ် အကြာမှာ မွေးမယ်၊ ကျွန်မ အသက် သုံးဆယ် မပြည့်ခင် ကလေးတွေကို မွေးပြီးသား ဖြစ်သွားအောင်ပေါ့'

အင်ဒရူးက

'ကောင်းတယ်၊ အသက် သုံးဆယ် နောက်ပိုင်းကျရင် မင်း ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ'

'ကျွန်မ အသက်မွေး ဝမ်းကျောင်းမှု အတွက် အလုပ် တစ်ခုခု လုပ်မယ်၊ ကျွန်မ ရှင့်ကို မပြောမိသေးဘူးလား'

'ကိုယ်တော့ မမှတ်မိဘူး၊ ကိုယ်တို့ အိမ်ထောင်ကျခဲ့ပုံက ကမျောသောပါးဆိုတော့ ကိုယ်တို့ရဲ့ သဘောထားတွေကို ဆွေးနွေးဖို့ အချိန် မရခဲ့ကြဘူးလေ'

'ကျွန်မ ကလေး မွေးမယ့် အစီအစဉ် ဆမ် ဟော်သုန်းကို ပြောပြဖူးတယ်၊ သူက အဲဒီ အစီအစဉ် အဆင် ပြေပါလိမ့်မယ်တဲ့'

အင်ဒရူး မျက်မှောင် ကုတ်လိုက်သည်။

'နေဦး၊ သူက ကိုယ်တို့ မင်္ဂလာဆောင်ကို လာတဲ့ ဖဲလ်ဒင်း ရှေ့သက လူ မဟုတ်လား'

'ဟုတ်တယ်၊ ဆမ် ဟော်သုန်းက ကျွန်မ ဆရာ၊ သူက ဒေသ တာဝန်ခံ အရောင်း မန်နေဂျာပဲ၊ သူက ဇနီး လီလီယန်နှင့် အတူတူ လာတယ်လေ'

'ဟုတ်တယ်၊ အားလုံးကို ကိုယ် ပြန်မှတ်မိလာပြီ'

အရပ်ရှည်ရှည် ထိပ်ပြောင်ပြောင်နှင့် အသက် သုံးဆယ့် ငါးနှစ်ခန့်သာ ရှိသေးသော ခင်မင်စရာ ကောင်းသူ ဆမ် ဟော်သုန်းကို သူ ပြန်မှတ်မိလာသည်။ သူ့ဇနီး လီလီယန်ကမူ ဆံပင် နက်နက်နှင့် ထူးထူးခြားခြား ကြည့်ကောင်းသူ ဖြစ်သည်။

သူတို့၏ မင်္ဂလာပွဲသို့ ဖီလဒယ်ဖီးယား၌ နေသူ စီလီယာ၏ မိခင် မီးလ်ဒရက်လည်း တက်ရောက်ခဲ့သည်။ စီလီယာ၏ ဖခင်သည် ဒုတိယ ကမ္ဘာစစ်အတွင်းက ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဒေါက်တာ တောင်းဆင်းက စီလီယာ၏ ဖခင် နေရာတွင် အစား ဝင်ပေးခဲ့သည်။

အင်ဒရူးက ပြန်တွေး ကြည့်လိုက်၏။

ဆေးရုံ ကော်ဖီဆိုင်တွင် စီလီယာက သူ့အား လက်ထပ်ရန် ဆုံးဖြတ်ကြောင်း ကြေညာလိုက်သည့် အချိန်က စ၍ အင်ဒရူးသည် စီလီယာ၏ ဖမ်းစားမှုကို အလူးအလဲ ခံခဲ့ရတော့သည်။

သူ စီလီယာ့ကို ချစ်မိပြီ ဆိုသည်ထက် ပို၍ ထူးခြားနေပါသည်။ စီလီယာ့ထံမှ အံ့သြစရာများကို သူ အမြဲ တွေ့နေရသည်။ ဗဟုသုတ ကြွယ်ဝမှု၊ ဉာဏ် ထက်မြက်မှု၊ စိတ်ကူး ကောင်းမှု၊ ဆောင်ရွက်စရာ အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်တတ်မှု စသည်တို့သည် အမှီအခို ကင်းသော စီလီယာ၏ ပင်ကို သဘာဝမှ အင်နှင့်အားနှင့် ထွက်ပေါ်လာလေ့ ရှိသည်။

အင်ဒရူးက သူသည် ကံကောင်း ထောက်မသဖြင့် လူတိုင်း တောင့်တကြသော ရတနာအိုးကြီးကို မထင်မှတ်ဘဲ ရလာသူ ဖြစ်ကြောင်း ခံစား လိုက်ရသည်။

အင်ဒရူး ယခုအချိန် အထိ လက်မထပ် ဖြစ်ခဲ့ခြင်းမှာ 'ကွာရှင်း ပြတ်စဲမှု' ဆိုသော ဝေါဟာရက ဟန့်တား နေခဲ့ခြင်းကြောင့် ဖြစ်သည်။

အင်ဒရူး၏ မိခင်သည် သားဖြစ်သူ၏ မင်္ဂလာပွဲသို့ တက်ရောက်နိုင်ရန် စတုတ္ထမြောက် လင်တော်မောင်နှင့် ကွာရှင်း ပြတ်စဲရေး အစီအစဉ်ကို ရပ်တန့်ပြီး လော့စ်အင်ဂျလီမှ လာရောက်ခဲ့သည်။

အင်ဒရူး၏ ဖခင်သည် ဒုတိယမြောက် ခင်ပွန်း ဖြစ်သည်။ သူ့ ဖခင်အကြောင်း မိခင် ဖြစ်သူအား မေးမြန်း ကြည့်သောအခါ နောက်ဆုံး ကြားရသော သတင်း အရ တစ်ဆယ့် ခုနစ်နှစ် အရွယ် အပျက်မကလေး တစ်ယောက်နှင့် ပဲရစ်တွင် ရှိနေသည်ဟု သိရကြောင်း ဖြေကြားခဲ့သည်။

စီလီယာက ပြောလက်စ စကားကို ဆက်ပြောလိုက်၏။

'ရှင် သဘော တူမယ် ဆိုရင် ပထမ ကိုယ်ဝန်ကို ဆောင်နေရတုန်း တတ်နိုင်သလောက် အလုပ် ဆက်လုပ်မယ်၊ ကလေး မွေးပြီးရင် ကလေးကို အချိန်ပြည့် ပြုစုဖို့ အလုပ်က တစ်နှစ် နားမယ်၊ အဲဒီ နောက်ပိုင်းကျရင် အလုပ်ပြန်ဝင်ပြီး ဒုတိယ ကိုယ်ဝန်ကို ဆောင်မယ်'





'အေးပါ၊ ကိုယ် သဘော တူပါတယ်၊ မင်း ကိုယ်ဝန် ဆောင်နေတဲ့ အချိန်မှာ ကိုယ်ကလည်း နည်းနည်းပါးပါး ဆေးလေးဝါးလေး ပြန်ကုရမှာပေါ့'

'နည်းနည်းပါးပါးတွင် ဘယ်ကမလဲ၊ ကြင်နာတတ်တဲ့ ဆရာဝန်ကြီး အဖြစ်နှင့် အများကြီး ဆက်ကုရမှာရှင့်'

နောက်တစ်နေ့ နံနက်ခင်း နံနက်စာ စားပြီးချိန်တွင် စီလီယာက ပြောလိုက်ပြန်၏။

'ကျွန်မ ဒီကျွန်းကို သဘောကျတယ်၊ ရှင် ဒီကျွန်းကို ရွေးခဲ့တဲ့ အတွက် ကျွန်မ ဝမ်းသာတယ်၊ ဟာဝေယံ ကျွန်းကိုသာ သွားခဲ့ရရင် ကျွန်မ စိတ်မကောင်း ဖြစ်မိလိမ့်မယ်'

မည်သည့် အတွက်ကြောင့် စိတ်မကောင်း ဖြစ်ရမှာလဲဟု အင်ဒရူးက မေးသော အခါ အတိတ် ကာလမှ ဖြစ်ရပ် တစ်ခုကို သူ သိလိုက်ရလေတော့သည်။

ဆယ်နှစ် သမီး စီလီယာသည် မိခင်နှင့် အတူ ဖီလဒယ်ဖီးယား၌ နေထိုင်လျက် ရှိစဉ် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့၌ ဂျပန်က ဟာဝေယံကျွန်းရှိ ပုလဲ ဆိပ်ကမ်းကို လာရောက် တိုက်ခိုက်ခဲ့သည်။

စီလီယာ၏ ဖခင် အမေရိကန် ရေ တပ်မတော်မှ အရာခံဗိုလ် ဝီလစ်ဒီဂရေးသည် ယူအက်စ်အက်စ် အရီဇိုးနား သင်္ဘောပေါ်မှ ရေတပ်သား တစ်ထောင် တစ်ရာ့ နှစ်ယောက်တို့နှင့် အတူ နစ်မြုပ် သေဆုံး ခဲ့ရသည်။

သင်္ဘောသား အများစုသည် ကုန်းပတ် အောက်ဘက်၌ သေဆုံးခဲ့ရခြင်း ဖြစ်ပြီး အလောင်းများကို ဆယ်မရတော့ချေ။

အင်ဒရူးက ညင်ညင်သာသာကလေး မေးလိုက်၏။

'မင်းက မင်္ဂလာဦး ခရီး အတွက် ဟာဝေယံကျွန်းကို မရွေးတာ ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ မင်း ပုလဲ ဆိပ်ကမ်းကို ရောက်ဖူးသလား'

စီလီယာ ခေါင်းခါပြသည်။

'ကျွန်မ အမေကလည်း မသွားချင်ခဲ့ဘူး၊ ကျွန်မလည်း ခုအချိန်မှာ မသွားချင်သေးဘူး၊ ဒါပေမဲ့ တစ်နေ့ကျရင် ကျွန်မ အဖေ သေတဲ့ နေရာကို ကျွန်မ သွားချင်တယ်၊ ကျွန်မ တစ်ယောက်တည်းတော့ မသွားချင်ဘူး၊ ကလေးတွေနှင့် အတူတူ သွားချင်တယ်'

အင်ဒရူးက ပြောလိုက်သည်။

'ကိုယ် ကတိ တစ်ခုတော့ ပေးလိုက်မယ်၊ ကိုယ်တို့ရဲ့ ကလေးတွေ နားလည်နိုင်ကြတဲ့ အရွယ် ရောက်ပြီ ဆိုရင် ကိုယ် စီစဉ် ပေးပါ့မယ်'

နောက်တစ်နေ့တွင် ရေ ယိုနေသော လှေစုတ်ကလေးနှင့် လှေလှော် ထွက်ကြစဉ် အင်ဒရူးက ပြောလိုက်၏။

'ဆေးရောင်း ဈေးသည်တွေဟာ အမျိုးသားတွေချည်းပဲလို့ ကိုယ် ထင်ခဲ့မိတယ်၊ မင်းက ဘယ်လို လုပ်ပြီး အလုပ် ရလာတာလဲ'

'ဆန်းဆန်းပြားပြား နည်းနှင့် ရလာတာပေါ့ ရှင်'

၁၉၅၂ ခုနှစ်တွင် စီလီယာသည် ပင်ဆယ်ဗေးနီးယား ပြည်နယ် တက္ကသိုလ်မှ ဘီအက်စ်စီ (ဓာတုဗေဒ) ဘွဲ့ကို ရရှိခဲ့ပြီး ဖဲလ်ဒင်း ရှေ့သ်တွင် အငယ်တန်း ဓာတုဗေဒ ဝန်ထမ်း အဖြစ် အလုပ် ရခဲ့သည်။

သူ ဓာတ်ခွဲခန်းတွင် နှစ်နှစ် တာဝန် ထမ်းဆောင်ပြီးနောက် အရောင်းဌာနသို့ ပြောင်းရွှေ့ခွင့် လျှောက်ထားခဲ့သည်။

အရောင်းဌာနတွင် အမျိုးသမီးများကို အတွင်းရေးမှူး အဖြစ်သာ ခန့်ထားလေ့ ရှိကြောင်း ရှင်းပြပြီး သူ့လျှောက်လွှာကို ပယ်ချလိုက်သည်။

ထို 'မူ' ပြောင်းလဲလာရေး အတွက် ထောက်ခံ ပေးမည့် ပုဂ္ဂိုလ်သည် ဆမ် ဟော်သုန်းသာ ဖြစ်နိုင်ကြောင်း သိလာရသဖြင့် လီလီယန် ဟော်သုန်းမှ တစ်ဆင့် သူ ကြိုးပမ်းခဲ့သည်။

လီလီယန်၏ နားပူမှုကြောင့် စီလီယာသည် အရောင်းဈေးသည် ရာထူးကို ရရှိသွားလေတော့သည်။

စီလီယာသည် နယ်လှည့် ဆေးရောင်း ဈေးသည် ဘဝတွင် အမျိုးသားတွေထက် ပိုတော်အောင် ကြိုးပမ်းခဲ့ရသည်။ ဖဲလ်ဒင်း ရှေ့သ်၏ အရောင်း ကိုယ်စားလှယ် မရှိသော နီဘရာစကာ ပြည်နယ်တွင် စတင်၍ တာဝန် ယူရသည်။

သူ တာဝန် ခံရသော ဒေသရှိ ဆရာဝန် တစ်ထောင့် ငါးရာထဲမှ ဆေးညွှန်း ဆေးစာ အများဆုံး ရေးပေးသူ ဆရာဝန်များဟု ယူဆသော ဆရာဝန်နှစ်ရာကို ရွေးချယ်၍ ထိုဆရာဝန်များကိုသာ သူ အာရုံ စိုက်ခဲ့သည်။

သူ ပထမဦးဆုံး တွေ့ရသော အခက်အခဲမှာ ဆရာဝန်များနှင့် တွေ့ခွင့်ရရန် ခက်ခဲခြင်းပင် ဖြစ်သည်။





ဒုတိယ အခက်အခဲမှာ မတောက်တခေါက် ဗဟုသုတကလေးနှင့် မင်းလာပြောတဲ့ စကားတွေကို ဆေးကြော်ငြာတဲ့ မဂ္ဂဇင်းထဲမှာ စက္ကန့် နှစ်ဆယ်လောက် ဖတ်ရုံနှင့် အကုန် သိရတယ်၊ ဒီတော့ ကြွပေရှော့ မရှေ့ရှော ဆိုပြီး ကန့်ထုတ် ခံလိုက်ရခြင်းပင် ဖြစ်သည်။

အင်ဒရူးက မေးလိုက်၏။

'မင်းတို့ ကုမ္ပဏီက သင်တန်းတွေ ဘာတွေ မပေးဘူးလား'

'နည်းနည်းပါးပါးတော့ ပေးပါတယ်၊ ဒါပေမဲ့ အပေါ်ယံကြောလောက်ပါပဲ၊ ကျွန်မက ဓာတုဗေဒ ဘာသာကို ယူလာတော့ အထောက်အကူ ဖြစ်ပေမဲ့ အလုပ် သိပ်များတဲ့ ဆရာဝန်ကြီးတွေနှင့် စကား ပြောနိုင်တဲ့ အဆင့်မှာတော့ မရှိသေးဘူး'

အင်ဒရူးက

'အဲဒါကြောင့် ဆရာဝန်တွေက ဆေးရောင်း ကိုယ်စားလှယ်တွေကို လက်ခံပြီး မတွေ့ကြတာပဲ၊ ဆေး ရောင်းဖို့ ဆွယ်တဲ့ စကားတွေကို နားထောင်ကြရတဲ့ အပြင် မမှန်တဲ့ အချက်အလက်တွေကိုလည်း ကြားရတတ်သေးတယ်၊ အဲဒါက အန္တရာယ် ရှိတယ်ကွ'

'အင်ဒရူး ချစ်ချစ်၊ အဲဒါနှင့် ပတ်သက်ပြီး ရှင် ကျွန်မကို လုပ်ပေးစေချင်တာ တစ်ခု ရှိတယ်၊ အဲဒါကို နောက်မှပဲ ပြောတော့မယ်'

'အဲဒီ နောက်ပိုင်းမှာ ဘာဆက်ဖြစ်သလဲ'

'ကျွန်မက အချက် နှစ်ချက်ကို သဘော ပေါက်လာတယ်၊ ပထမ တစ်ချက်ကတော့ အရောင်း ဈေးသည်လို တွေးပြီး အတင်း တွန်း မရောင်းဖို့ပဲ၊ ဒုတိယ အချက်ကတော့ ဆရာဝန်တွေဟာ ကျွန်မထက် ပိုသိတယ် ဆိုပေမဲ့ သူတို့ မသိသေးတဲ့ ဆေးဝါးတွေ အကြောင်း တိတိကျကျ သိအောင် လုပ်ထားဖို့ပဲ၊ အဲဒီ နည်းနှင့် ကျွန်မဟာ အသုံး ဝင်တဲ့လူ ဖြစ်လာတယ်၊ အဲဒီလို ကြိုးစားရင်း ဆရာဝန်တွေဟာ ရောဂါ အကြောင်း သိကြပေမဲ့ ဆေးဝါးတွေ အကြောင်း စုံစုံစေ့စေ့ မသိကြဘူးဆိုတာကို မတော်တဆ သိလာခဲ့ရတယ်'

'မှန်တယ်၊ ဆေး တက္ကသိုလ်မှာ ဆေးဝါးတွေ အကြောင်း နည်းနည်းပဲ သင်တယ်၊ ကိုယ်တိုင် ဆေးကုတဲ့ အခါကျတော့ ဆေးဝါးတွေ အကြောင်း မဆိုထားနှင့် ဆေးလောကရဲ့ တိုးတက်မှုတွေကိုတောင် လိုက်မမီနိုင်ဘူး၊ ဒီတော့ ဆေးပေးတာနှင့် ပတ်သက်ရင် တစ်ခါ တစ်ခါ ကျရင် အရဲစွန့်ပြီး စမ်းပေးကြည့်လိုက်ရတယ်'

စီလီယာက ထပ်ပြောလိုက်ပြန်၏။

'နောက်တစ်ချက် ရှိသေးတယ်၊ ဆရာဝန်တွေကို ပြောတဲ့ အခါ မဖုံး မကွယ် အပို မပါဘဲ အမှန်အတိုင်း ပြောရမယ်လို့ သဘော ပေါက်လာတယ်၊ တခြား ကုမ္ပဏီက ထုတ်လုပ်တဲ့ ဆေးဝါးတွေ အကြောင်း မေးကြတဲ့ အခါမှာ လည်း သူတို့ ဆေးဝါးက ကျွန်မတို့ ဆေးဝါးထက် သာတယ် ဆိုရင် ကျွန်မက အမှန်အတိုင်း ပြောပြလိုက်တာချည်းပဲ'

ထို့နောက် စီလီယာသည် အားလပ်ချိန်များတွင် ဆေးဝါးနှင့် သက်ဆိုင် သော လက်စွဲ စာအုပ်များကို ရနိုင်သမျှ ရှာဖွေ လေ့လာခဲ့သည်။ စာကြည့် တိုက်များတွင် သွားရောက် လေ့လာသည်။ နယူးဂျာဆီရှိ ဖဲလ်ဒင်း ရှော့သ် ရုံး ချုပ်သို့ သွား၍ လက်စွဲ စာအုပ်ထဲတွင် မပါသော သိပ္ပံဆိုင်ရာ အချက်အလက် များကို ယခင် လုပ်ဖော်ကိုင်ဖက်များထံမှ မေးမြန်းခဲ့သည်။ ကုမ္ပဏီက မည် သည့် ဆေးဝါးများကို ထုတ်လုပ်နေသည်၊ မည်သည့် အချိန်တွင် ရရှိနိုင်မည် စသည်တို့ကို လေ့လာခဲ့သည်။

ထို့ကြောင့် ဆရာဝန်များနှင့် တွေ့ဆုံရာတွင် တိုးတက်မှု ရှိလာသည်။ အချို့ ဆရာဝန်များက အချက်အလက်များကို ရှာဖွေပေးရန် တောင်းခံကြ၏။ သူကလည်း ရှာဖွေပေးခဲ့သည်။ မကြာမီ အကျိုး ထူးလာကြောင်း သူ တွေ့ လာရတော့သည်။ စီလီယာ၏ နယ်မြေမှ ဖဲလ်ဒင်း ရှော့သ် ဆေးဝါးများကို မှာကြား ဝယ်ယူမှု တိုးတက်လာသည်။

အင်ဒရူးက ချီးကျူးသည်။

'စီလီယာ၊ မင်းဟာ ရှာမှ ရှားတဲ့ အမျိုးသမီးပဲ'

စီလီယာက ရယ်သည်။

'ဒါတောင် ရှင်က ဆေးဝါး ကုမ္ပဏီတွေကို မျက်မုန်း ကျိုးနေတဲ့ လူ၊ ဒါပေမဲ့ ကျွန်မက အဲဒါကိုပဲ သဘော ကျပါတယ် ရှင်၊ ဘာပဲပြောပြော တစ်နှစ် အတွင်း နီဘာရာစကာက အရောင်းအဝယ်ဟာ သုံးဆ တိုးလာတယ်'

'အဲဒီ အချိန်ကျမှ မင်းကို နယ်က ပြန်ခေါ်တာလား'

'နီဘရာစကာမှာ လူသစ် တစ်ယောက်ကို တာဝန် ပေးလိုက်ပြီး ကျွန်မ ကို ပို အရေးကြီးတဲ့ နယူးဂျာဆီမှာ တာဝန် ပေးလိုက်တယ်'

'မင်းကို အီလီနွိုက် ဒါမှမဟုတ် ကယ်လီဖိုးနီးယားလို နေရာမျိုးကိုသာ ပို့လိုက်မယ် ဆိုရင် ကိုယ်တို့ နှစ်ယောက် တွေ့ကြရမှာ မဟုတ်ဘူးနော်'

စီလီယာက ယုံကြည်မှု အပြည့်အဝနှင့် ပြန်ပြောလိုက်၏။





'မဟုတ်ပါဘူးလေ၊ တစ်ယောက်နှင့် တစ်ယောက် တွေ့ဆုံဖို့ ဇာတာ ပါတဲ့ လူတွေဟာ တစ်နည်း မဟုတ် တစ်နည်း တွေ့ကြရမှာပါပဲရှင်'

## ၄

နယူးရှော့ခ်သို့ ပျံသန်းလာသော ပန် အမေရိကန် လေကြောင်း ခရီးစဉ် အမှတ် ၂၀၆ လေယာဉ်ပေါ်တွင် ထိုနေ့ထုတ် နယူးရှော့ခ် တိုင်း သတင်းစာများ ပါ လာသည်။ ထိုသတင်းစာကို လှန်လှော ကြည့်ရှုရင်း 'ကျွန်မတို့ အဝေးကို ရောက်နေတုန်း ဘာမှ သိပ်မပြောင်းလဲသေးဘူး' ဟု စီလီယာက ပြောလိုက် သည်။

မော်စကိုမှ လာသော သတင်း တစ်ပုဒ် အရ နီကီတာ ကရုရှော့ဖ်က အမေရိကန်နှင့် ဒုံးပျံချင်း ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်သည် ဟူ၍ ဖော်ပြထား သည်။

အမေရိကန် သမ္မတ အိုက်ဆင် ဟောင်ဝါကလည်း ဆိုဗီယက် စိန် ခေါ်ချက်နှင့် ကိုက်ညီအောင် အမေရိကန် ကာကွယ်ရေး စရိတ်ကို တိုးမြှင့် သုံးစွဲမည်ဟု အမေရိကန် နိုင်ငံသားများအား ကတိ ပေးလိုက်လေသည်။

သတင်းစာများကို လှန်လှော ဖတ်ရှုနေသော အင်ဒရူးက သတင်းစာ ကို ဖယ်လိုက်ပြီး

'မင်းအတွက် ကိုယ်က လုပ်ပေးစေချင်တယ် ဆိုတဲ့ ကိစ္စက ဘာလဲ'

'ပြောပါ့မယ်၊ နောက်ခံ သမိုင်းကြောင်းကလေးတွေကို ပြောပြပါရစေ'

၁၉၅၇ ခုနှစ်တွင် တည်ရှိနေသော ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်း၏ အနေအထားသည် မူလဘူတ စတင် ပေါ်ပေါက်ခဲ့သော အချိန်ကာလက အခြေ အနေနှင့် လွန်လွန်မင်းမင်း ကွာခြားမှု မရှိလှသေးချေ။

'ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းဟာ ကျေးလက် တောရွာက ပွဲတော် ဈေးတွေမှာ မြွေဆီတွေ၊ ကာမ အားတိုးဆေးတွေနှင့် ခေါင်းကိုက်တာက အ ကင်ဆာ ရောဂါ အထိ ရောဂါ မျိုးစုံ ပျောက်ကင်းစေတဲ့ ဆေးလုံးကလေးတွေ ကို လိုက်ရောင်းတာက စခဲ့တယ်၊ ဆေးရောင်းတဲ့ လူတွေဟာ ပစ္စည်း ရောင်းရ ရရေး ကိစ္စ တစ်ခုတည်းကိုပဲ အာရုံစိုက်ခဲ့ကြတယ်၊ ဆေး ရောင်းရအောင် ရောဂါ အားလုံး ပျောက်တယ်လို့ အာမခံတတ်ကြတယ်'

ထိုကဲ့သို့သော တိုင်းရင်းဆေးများကို မိသားစုများက ရောင်းချကြသည်။ အချို့သော မိသားစုများသည် ခေတ်ဦးပိုင်း ပရ ဆေးဆိုင်များကို ဖွင့်လှစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုမိသားစုများက ဆင်းသက် လာသူများသည် ဘိုးစဉ်ဘောင်ဆက်မှ အစဉ်အလာ အတိုင်း ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ရင်း ကာလ ကြာမြင့်သည်နှင့် အမျှ သိပ္ပံနည်းကျကျနှင့် လေးစားဖွယ် ကောင်းသော လုပ်ငန်းကြီးများ ဖြစ်လာကြလေသည်။ ထိုနည်းတူစွာပင် မူလက ရှိခဲ့သော ဇွတ် အတင်း ရောင်းချသည့် နည်းလမ်းများသည်လည်း လေးစားထိုက်သော ရောင်းချ နည်းများ အဖြစ် ပြောင်းလဲ လာခဲ့ပေသည်။

စီလီယာက ဆက်ပြောပြန်၏။

'ဆေးရောင်း ဈေးသည် အချို့ဟာ သူတို့ ရောင်းတဲ့ ဆေးကို ဆရာဝန်က သုံးအောင် လိမ်ညာ ပြောဖို့ကိုတောင် ဝန်မလေးကြဘူး၊ အဲဒါမျိုးတွေကို ဆေးဝါး ကုမ္ပဏီကြီးတွေက ခွင့်မလွှတ်ပါဘူးလို့ ပြောနေကြတဲ့ တိုင်အောင် အဲဒါမျိုးတွေ ဖြစ်နေတယ် ဆိုတာကိုတော့ သူတို့ သိကြပါတယ်လေ'

အင်ဒရူးကလည်း ထောက်ခံသည်။

'ဟုတ်တယ်၊ အဲဒီ ကိစ္စမျိုးတွေကို ကိုယ်ကိုယ်တိုင် တွေ့ဖူးတယ်၊ ဆေးရောင်း ကိုယ်စားလှယ်ရဲ့ စကားကို ဆရာဝန်တွေက ယုံကြည်ကြလို့ ဆေးဝါးကြောင့် သေမလိုလို ဖြစ်ရတဲ့ လူနာတွေ အကြောင်းလည်း ကြားဖူးတယ်၊ ဆေးဝါး ကုမ္ပဏီတွေရဲ့ ဆေးကြော်ငြာတွေထဲမှာ ဆရာဝန် သိသင့် သိထိုက်တဲ့ အချက် အလက်တွေ အန္တရာယ် ကြီးမားတဲ့ ဆေး တန်ပြန်မှုတွေ အကြောင်း မသိရပြန်ဘူး၊ လူနာက ခပ်များများ၊ စဉ်းစားစရာတွေကလည်း တစ်ပုံတစ်ပင်၊ ဆရာဝန် ကိုယ်တိုင်ဂ လည်း အလုပ် ရှုပ်နေတယ် ဆိုရင် ဆေး ကိုယ်စားလှယ်တွေနှင့် ဆေးဝါး ကုမ္ပဏီကြီးတွေက တမင် လိမ်ညာဖို့ ကြိုးစား နေကြတယ် ဆိုတာကို ယုံဖို့တောင် ခပ်ခက်ခက်ပဲ'

စီလီယာက ပြောလိုက်၏။

'ဒါပေမဲ့ အဲဒါမျိုးတွေ ဖြစ်နေတာပဲ မဟုတ်လား၊ အဲဒီလို ဖြစ်လာတဲ့ အခါကျတော့ ကုမ္ပဏီကြီးတွေက အဲဒီ ကိစ္စတွေကို လူမသိအောင် ချောင်ထိုးပြီး ထားတတ်ကြတယ်၊ ဘယ်သူကမှ အစ ဖော်မပေးကြတော့ဘူး၊ ကျွန်မက ဖဲလ်ဒင်း ရွာသ်မှာ အဲဒီ ပြဿနာကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့ဖူးတဲ့ အတွက် ကျွန်မ သိနေတာပါ'





'ဒီတော့ မင်း အစီအစဉ်က ဘယ်လိုလဲ'

'ဘယ်သူမှ မငြင်းနိုင်တဲ့ မှတ်တမ်းကြီး တစ်စောင်ကို ရှင်တို့လို ဆရာဝန်တွေရဲ့ အကူအညီနှင့် ပြုစုထားမယ်၊ အခုလည်း နယူးဂျာဆီနှင့် နီဘရာစကာက ဆရာဝန်တွေရဲ့ အကူအညီ ပေးမှုကြောင့် ကျွန်မရဲ့ စာတွဲ တော်တော် ထူနေပါပြီ၊ အဲဒီ မှတ်တမ်းကို သင့်လျော်တဲ့ အချိန်မှာ အသုံးပြုမယ်'

အင်ဒရူးက တိုးတိုးကလေး လေချွန်လိုက်သည်။

'မင်း တော်တော် စွန့်စားတာပဲ'

'ဆေးဝါး ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေဟာ ကြီးကျယ်တဲ့ ပြုပြင် ပြောင်းလဲမှုတွေကို မလုပ်ကြဘူး ဆိုရင် မကြာခင် အစိုးရက သူတို့ အတွက် ပြုပြင် ပြောင်းလဲမှုတွေကို လုပ်ပေးလာလိမ့်မယ်၊ အခု ဆိုရင် အောက် လွှတ်တော်ထဲမှာ ပွစိ ပွစိတွေ ဖြစ်နေပြီ၊ လွှတ်တော်ထဲမှာ စုံစမ်း စစ်ဆေးမှု လုပ်တဲ့ အဆင့် အထိ ဆေးဝါး ကုမ္ပဏီကြီးတွေက စောင့်နေကြမယ် ဆိုရင် တင်းကျပ်တဲ့ စည်းကမ်းတွေနှင့် ဥပဒေသစ်တွေ ပေါ်ထွက်လာလိမ့်မယ်'

အင်ဒရူး ငြိမ်ကျသွားသည်။ ပြီးမှ

'မင်း ပြောတာတွေ အပေါ်မှာ အကဲဖြတ်ရမယ် ဆိုရင် မင်းက ဆေးရောင်း ဈေးသည် တစ်ယောက်ထက် ပိုပြီး ကြီးကြီးကျယ်ကျယ် ဖြစ်ချင်ပုံရတယ်လို့ ကိုယ် ထင်မိတယ်'

'ဟုတ်တယ်၊ ကျွန်မ ထိပ်ဆုံး အထိ ရောက်ချင်တယ်၊ ထိပ်ဆုံး အထိ မရောက်နိုင်ရင်တောင် တကယ် လုပ်နိုင် ကိုင်နိုင်ခွင့်နှင့် ဩဇာ အာဏာ ရှိတဲ့ နေရာကို ရောက်ချင်တယ်'

'မင်းက ဩဇာ အာဏာကို လိုချင်တာလား'

'အာဏာ ဆိုတာ ရလေ လိုလေ အိုတဏှာ ဖြစ်လာပြီး အာဏာက လူကို ဖျက်ဆီးတတ်တယ်လို့ ရှင် တွေးနေတာ ကျွန်မ သိပါတယ်၊ ကျွန်မ အဲဒီ နှစ်မျိုးစလုံး အဖြစ် မခံနိုင်ပါဘူး၊ ကျွန်မက မိသားစု စုံစုံလင်လင်နှင့် ဘဝကို ပြည့်ပြည့်ဝဝ ခံစားချင်တဲ့ သဘော၊ လုပ်ငန်းတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ချင်တယ် ဆိုတဲ့ သဘောပါ'

အင်ဒရူးက ပြောလိုက်ပြန်၏။

'အမျိုးသမီးတွေ အလျင်က မလုပ်ဖူးခဲ့တဲ့ အလုပ်တွေကို လုပ်ကြဖို့ အချိန် တန်ပြီလို့ မင်း ပြောခဲ့တယ်၊ အဲဒါကို ကိုယ် ယုံကြည်ပါတယ်၊ နေရာ အတော်များများမှာ အမျိုးသမီးတွေ ဝင် လုပ်ကိုင်နေကြပြီပဲ၊ ဒါပေမဲ့ ဆေးဝါး

ထုတ်လုပ်ရေး လောကမှာတော့ လွယ်မယ် မထင်ဘူး၊ ဒီလုပ်ငန်း တစ်ခုလုံးဟာ သိပ် ရှေးဆန်တဲ့ အပြင် အမျိုးသားတွေချည်းပဲ ကြီးစိုးနေတယ်လေ၊ ဒီတော့ ဒီဆေးဝါး ထုတ်လုပ်ရေး လောကဟာ မင်းလို အမျိုးသမီး တစ်ယောက် အတွက်တောင် အဆင်သင့် ဖြစ်သေးရဲ့လား၊ မင်းက စိတ်ရော ကိုယ်ပါ အား သွန်ခွန်စိုက် ကြိုးပမ်းပြီးမှ မင်းကို ထိခိုက်တာတွေ မင်း စိတ်မချမ်းမသာ ဖြစ်ရမှာတွေကို ကိုယ် မမြင် မတွေ့ချင်ဘူး'

'ဟုတ်တယ်၊ ဒီလောကဟာ ကျွန်မလို လူမျိုး အတွက်တောင် အဆင်သင့် မဖြစ်သေးပါဘူး၊ ဒါပေမဲ့ ကျွန်မမှာ အစီအစဉ်တွေ ရှိပါတယ်၊ ဖဲလ်ဒင်း ရှော့သ်မှာ ကျွန်မကို ရာထူး တိုးမပေးဘဲ ထားလို့ မဖြစ်အောင် ကျွန်မ ကြိုးစားရမယ်၊ နောက်တစ်ချက်ကလည်း ထိပ်ဆုံး အထိ ရောက်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ယောက်ယောက်ရဲ့ ကုတ်အင်္ကျီစကို ဆွဲပြီး ရောက်သွားလေ့ ရှိကြတယ်၊ အဲ ကျွန်မ စကားကိုတော့ တလွဲ မထင်လိုက်ပါနှင့်၊ အဲဒီ လူတွေဟာ အလုပ်မှာလည်း တကယ် တော်ရမယ်၊ ကြိုးစားရမယ်၊ ဒါပေမဲ့ သူတို့က ခပ်စောစောကတည်းက သူတို့ အလျင် ထိပ်ဆုံးကို ရောက်မယ့် ပုဂ္ဂိုလ်ကို ရွေးထားကြတယ်၊ ကိုယ့် ကိုယ် ကိုယ် အဲဒီ ပုဂ္ဂိုလ် အတွက် အသုံးဝင်သူ ဖြစ်အောင် ကြိုးစားကြတယ်၊ သစ္စာတော် ခံကြတယ်၊ သူတို့ နောက်က ကပ်ပြီး လိုက်ကြတယ်၊ ဆိုလိုတာကတော့ အထက်တန်း အရာရှိကြီး တစ်ဦး ရာထူး တိုး အပေးခံရချိန်မှာ သူနှင့် သဟဇာတ ဖြစ်ပြီး တော်လည်း တော်တဲ့ လူ ယုံလည်း ယုံကြည်ရတဲ့ လူကို သူနှင့် ကပ်ပြီး ပါလာစေချင်ကြတယ်'

'ဒါဆိုရင် မင်းက လူ ရွေးပြီးပြီလား'

'ကျွန်မ ရွေးပြီးပြီ၊ သူကတော့ ဆမ် ဟော်သုန်းပဲ'

'မင်းရဲ့ ဆုံးဖြတ်ချက်ကို ဆမ် သိသလား'

'မသိပါဘူး၊ လီလီယန် ဟော်သုန်းကတော့ သိတယ်၊ သူက သဘောလည်း တူတယ်၊ ကော်ပိုရေးရှင်း လုပ်ငန်းတွေကို အမျိုးသားတွေ မောင်ပိုင်စီးထားတဲ့ ကိစ္စမှာ အမျိုးသမီး တစ်ယောက် ပါဝင်ခွင့် ရအောင် ဘာပဲဖြစ်ဖြစ် လုပ်ကို လုပ်ရတော့မှာပေါ့ ရှင်'





# ၅

လုပ်ငန်းခွင်များသို့ အသီးသီး အသက ပြန်ဝင်လာကြချိန်တွင် သူတို့ နှစ်ယောက်စလုံး နာမည်ကြီး ပုဂ္ဂိုလ် အဆင့်သို့ ရောက်ရှိနေကြောင်း တွေ့ကြရတော့သည်။

အံ့ဩဖွယ်ရာ ကောင်းအောင် မေရီ ရိုး ပြန်နေထိုင်ကောင်းလာပြီး ရက်သတ္တ ခြောက်ပတ် အကြာတွင် လိုထရိုမိုင်စင်ကို အောင်မြင်စွာ သုံးစွဲခဲ့သော ဒေါက်တာ အင်ဒရူး ဂျော်ဒန်၏ သတင်းသည် နယူးရော့ခ် တိုင်းနှင့် တိုင်းသတင်းစာကြီးများထဲ၌ ပါရှိလာသည်။

ဒေါက်တာ နီအာ တောင်းဆင်းနှင့် အင်ဒရူးတို့ စပ်တူ ဖွင့်ထားသော ဆေးခန်းတွင် လူနာ ပိုများလာသည်။

ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ၏ ဥက္ကဋ္ဌ အီလီ ကမ်ပါဒေါင်းက စီလီယာ အလုပ် ပြန်ဆင်းသော နေ့တွင် ဆယ့်တစ်ထပ်ရှိ သူ၏ ရုံးခန်းသို့ စီလီယာအား ခေါ်ယူ တွေ့ဆုံသည်။

အစ ပထမတွင် အာလာပ သလ္လာပ စကားများကိုသာ ပြောဆို နေခဲ့ကြသည်။ ပြီးမှ ကမ်ပါဒေါင်းက

'ထူးခြားတဲ့ အမျိုးသမီးတွေဟာ တစ်ခါတစ်ရံမှာ အမျိုးသားတွေ နီးပါး အစွမ်းထက်ကြောင်း မင်းက လက်တွေ့ ပြသလိုက်တာပဲ'

စီလီယာကလည်း ချိုချိုသာသာ ပြန်ဖြေသည်။

'တစ်နေ့သော အခါကျရင် တစ်ခါတစ်ရံ ဆိုတဲ့ စကားလုံးကို ဆရာ အသုံး ပြုချင်စိတ် ပျောက်ကွယ် သွားပါစေလို့ ကျွန်မ မျှော်လင့်ပါတယ်'

အတန်ငယ် ကြာအောင် အီလီ ကမ်ပါဒေါင်း ငြိမ်ကျသွားသည်။ ပြီးမှ

'ထူးထူးဆန်းဆန်းတွေတော့ ဖြစ်နေတာပဲ၊ ကြည့်ကြသေးတာပေါ့ကွာ၊ ကြည့်ကြသေးတာပေါ့'

သူတို့ စကား ဆက်ပြောကြသည်။ စီလီယာ၏ ဗဟုသုတ ကြွယ်ဝမှု၊ ဖြောင့်ဖြောင့်မတ်မတ် ဖြေတတ်မှုတို့ကို အထင်ကြီးပုံ ရသည်။

အီလီ ကမ်ပါဒေါင်းသည် ခါးကျပ် အင်္ကျီထဲမှ ခါးပိုက်ဆောင် နာရီကို ထုတ်ကြည့်လိုက်ပြီးနောက် 'ကျုပ် ဒီမှာ အစည်းအဝေး တစ်ခု လုပ်မယ်၊ လိုထရိုမိုင်စင် ပြီးရင် ဆိုင်တင်ပြီး ရောင်းချဖို့ ကြံရွယ်ထားတဲ့ ဆေးဝါးသစ်

တစ်မျိုးနှင့် ပတ်သက်တယ်၊ မစ္စစ် ရော့်ဒန် ဆက်ပြီး နေချင်စိတ် ရှိသလား' ဟု ပြောလိုက်၏။

စီလီယာက သဘော တူလိုက်သော အခါ အပြင်ဘက်ရှိ အတွင်းရေးမှူး အခန်းထဲ၌ စောင့်နေသူ အမျိုးသား ခြောက်ဦးကို အခန်းထဲသို့ ခေါ်သွင်းလိုက်လေသည်။

ယခု ဝင်ရောက် လာသူများထဲတွင် မကြာမီက စည်းရုံး သိမ်းသွင်း၍ ရရှိခဲ့သော သုတေသန ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းစင့် လော့ဒ်၊ မကြာခင် အနား ယူတော့မည့် အရောင်း ဌာနမှ အသက် ခပ်ကြီးကြီး ဒုတိယ ဥက္ကဋ္ဌ တစ်ဦးနှင့် ဆမ် ဟော်သုန်း အပါအဝင် ကျန်လေးယောက်တို့ ဖြစ်ကြသည်။

ယခု အစည်းအဝေးတွင် ဆွေးနွေး စဉ်းစားကြမည့် ဆေးဝါး အသစ်မှာ အနောက် ဂျာမနီ နိုင်ငံ ချီမီ ဂရူနင်သော ကုမ္ပဏီမှ ထုတ်လုပ်သော ဆေးဖြစ်ပြီး ဖဲလ်ဒင်း ရှော့သ်က ထိုဆေးအား အမေရိကန်တွင် ထုတ်လုပ် ရောင်းချခွင့်ကို လိုင်စင်ခံ၍ ရရှိထားကြောင်း စီလီယာ သိအောင် ကမ်ပါဒေါင်းက ရှင်းပြလိုက်သည်။

ဥက္ကဋ္ဌက ဆက်လက်၍

'ဒီ အိပ်ဆေးဟာ ဖော်စပ်ပြီးသမျှ အိပ်ဆေးတွေထဲမှာ အန္တရာယ် အကင်းဆုံးပဲ၊ အိပ်ရာက ထတဲ့အခါ အိပ်ချင်မူးတူး မဖြစ်စေဘဲနှင့် သဘာဝ အတိုင်း ကြည်ကြည်လင်လင် နိုးလာစေလိမ့်မယ်'

ထိုဆေးတွင် ထူးခြားသော ဆေးတန်ပြန်မှုများ မရှိသလို အန္တရာယ် မရှိကြောင်း၊ အထူးတလည် စိတ်ချရသဖြင့် ကလေးငယ်များကိုပင် တိုက်ကျွေးနိုင်ကြောင်း၊ ထိုအိပ်ဆေးကို အမေရိကန်မှ အပ အခြား နိုင်ငံကြီးများတွင် ရောင်းချလျက် ရှိပြီး လူကြိုက်များလျက် ရှိကြောင်း၊ ယခု ဖဲလ်ဒင်း ရှော့သ်က အမေရိကန် နိုင်ငံ အတွက် ရောင်းချခွင့် ရရှိသဖြင့် ကံကောင်းကြောင်း ဆက်လက်၍ ရှင်းပြသွားသည်။

ထိုဆေးမှာ သာလီဒိုမိုက် အိပ်ဆေးပင် ဖြစ်သည်။ သာလီဒိုမိုက်သည် အန္တရာယ် ကင်းကြောင်း သက်သေခံချက်များ ရှိနေသော်လည်း အမေရိကန် နိုင်ငံ၌ ရောင်းချခြင်း မပြုမီ အစားအသောက်နှင့် ဆေးဝါး အုပ်ချုပ်ရေး ဌာန (အက်ဖ်ဒီအေ) မှ ခွင့်ပြုချက် ရရှိအောင် ထိုဆေးဝါးကို လူသားများနှင့် စမ်းသပ်ပေးရန် လိုအပ် နေပေသည်။





'နိုင်ငံခြားက စမ်းသပ်ထားတဲ့ ပထမတန်းစား အချက်အလက်တွေ ရှိနေပါလျက်နှင့် ထပ် စမ်းသပ်ပေးရမယ် ဆိုတာကတော့ အဓိပ္ပာယ် မရှိတဲ့ ဗျူရိုကရက် ဆန်ဆန် လိုအပ်ချက် တစ်ရပ် ဖြစ်နေတော့တာပဲ၊ ဒါပေမဲ့ ကျုပ်တို့က မချစ်သော်လည်း အောင့်အည်းပြီး နမ်းရတော့မှာပေါ့လေ'

သာလီဒိုမိုက် အိပ်ဆေးကို အမေရိကန်တွင် မည်သို့ မည်ပုံ စမ်းသပ်မည် ဆိုသော ကိစ္စကို ဆက်ဆွေးနွေးကြသည်။

သုတေသန ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းစင့် လော့ဒ်က 'ကိုယ်ပိုင် ဆေးခန်း ဖွင့်လှစ်ထားသော ဆရာဝန် ငါးဆယ်ခန့်မှ တစ်ဆင့် ထိုဆေးများကို လူနာများအား ဖြန့်ဖြူးပေးရန်နှင့် ရလဒ်များကို ဖဲလ်ဒင်း ရှော့သ်သို့ ပြန်၍ အစီရင်ခံကြစေရန်၊ ထိုအစီရင်ခံစာများကို ဖဲလ်ဒင်း ရှော့သ်က အက်ဖ်ဒီအေသို့ ဆက်၍ တင်ပြရန်' အဆိုပြုသည်။

'ဆရာဝန် ငါးဆယ်တွင် အထွေထွေ ရောဂါကု ဆရာဝန်များ၊ ကိုယ်တွင်း ရောဂါကု ဆရာဝန်များ၊ စိတ် ရောဂါကု ဆရာဝန်များနှင့် မီးယပ်နှင့် သားဖွား ဆရာဝန်များ စုံစုံလင်လင် ပါဝင်စေသင့်ကြောင်း' သူက ဆက်ရှင်းပြသည်။

အရောင်း ဌာနမှ ဒုတိယ ဥက္ကဋ္ဌက မေးလိုက်၏။

'အဲဒီ မရောင်းရ ဆီလူးတဲ့ ကိစ္စက ဘယ်လောက်လောက် ကြာမှာလဲ'

'သုံးလလောက်တော့ ကြာမှာပေါ့'

ထိုကဲ့သို့ ကျယ်ကျယ် ပြန့်ပြန့် စမ်းသပ်သည့် ကိစ္စကို စိတ် ပူပန်မိကြောင်း၊ သို့ရာတွင် စုစုစည်းစည်း ရှိသော ဆေးရုံလို နေရာမျိုးတွင် စမ်းသပ်မည် ဆိုပါက ပို၍ ရှင်းလင်းပြီး အစီရင်ခံစာတွင် ပို၍ မြန်ဆန်မည် ဖြစ်ကြောင်း တစ်ယောက်သော ပုဂ္ဂိုလ်က ဝင် ဆွေးနွေးသည်။

အတန်ငယ် ကြာအောင် ဆွေးနွေး ပြီးကြသော အခါ ဥက္ကဋ္ဌ အီလီ ကမ်ပါဒေါင်းက စီလီယာအား 'ထိုကိစ္စတွင် ဝင်၍ ဆွေးနွေးစရာ ရှိပါသလား' ဟု အပြုံးကလေးနှင့် ဖိတ်ခေါ်လိုက်လေသည်။

'ဟုတ်ကဲ့ ရှိပါတယ်ရှင်၊ စိတ်ပူစရာ ကောင်းတဲ့ အချက် တစ်ချက်ကတော့ မီးယပ်နှင့် သားဖွား ဆရာဝန်တွေကို ဆေးညွှန်း ရေးခိုင်းတဲ့ ကိစ္စပါပဲ၊ အဲဒီလို ဆိုရင် ကိုယ်ဝန်ဆောင်တွေကို သုံးစွဲခိုင်းသလို ဖြစ်နေပါတယ်၊ သန္ဓေတည်စဉ် ကာလဟာ မည်သည့် နည်းနှင့် မဆို စမ်းသပ်ရမယ့် အချိန် မဟုတ်ဘူးလို့ ညွှန်ကြားထားလေ့ ရှိပါတယ်'

ဒေါက်တာ ဗင်းစင့် လော့ဒ်က စိတ်တိုတိုနှင့် ဝင်ပြောလိုက်၏။

'ခု ကိစ္စမှာတော့ အဲဒါနှင့် မသက်ဆိုင်ပါဘူး၊ သာလီဒိုမိုက်ကို ဥရောပ တိုက်နှင့် တခြား နေရာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြပါပြီ၊ အဲဒီ ဆေးကို သုံးစွဲတဲ့ လူတွေထဲမှာ ကိုယ်ဝန်ဆောင်တွေလည်း ပါပါတယ်'

ဆမ် ဟော့်သုန်းက အေးအေးဆေးဆေး ဝင်ပြောလိုက်သည်။

'ဘာပဲပြောပြော မစ္စစ် ဂျော်ဒန် ပြောတာ ချက်ကျပါတယ်'

စီလီယာက ဆက်ပြောလိုက်၏။

'တကယ် ဖြစ်သင့်တာကတော့ အိပ်မပျော်နိုင်တဲ့ အတွက် အိပ်ဆေး ကူရ သူတွေဟာ ဘယ်လို လူတွေလဲ၊ ကျွန်မ အတွေ့အကြုံ အရ ပြောရမယ် ဆိုရင် အဲဒီ လူတွေဟာ သက်ကြီး ရွယ်အိုတွေပါပဲ၊ ဒီတော့ သာလီဒိုမိုက်ကို သက် ကြီး ရွယ်အို ဂေဟာ တစ်ခု သို့မဟုတ် နှစ်ခုမှာ စမ်းသပ် ကြည့်သင့်တယ်လို့ ကျွန်မ အဆိုပြုချင်ပါတယ်'

နောက်ဆုံးတွင် ဥက္ကဋ္ဌ အီလီ ကမ်ပါဒေါင်း အပါအဝင် ကျန်ပုဂ္ဂိုလ်များ က စီလီယာ၏ အဆိုပြုချက်ကို လက်ခံကြောင်း ပြောဆို ခဲ့ကြသော်လည်း ဒေါက်တာ လော့ဒ်ကမူ တုံဏှိဘာဝေ နှုတ်ဆိတ်၍ နေခဲ့လေသည်။

စီလီယာက သူနှင့် ဒေါက်တာ ဗင်းစင့် လော့ဒ် အကြားတွင် ရန်ငြိုး ဝင် သွားပြီ ဖြစ်ကြောင်း သိရှိလိုက်သည်။ ထိုရန်ငြိုးသည် အနာဂတ် ကာလ အထိ မပြောဘဲ ရှိနေပေလိမ့်မည်။

ထိုအချိန်ကမူ ထိုကိစ္စကလေးသည် အသေးအဖွဲ ကိစ္စကလေး တစ်ရပ် ချုပ်ငြိမ်း ပြီးဆုံးသွားခြင်းပင် ဖြစ်သည်ဟု ယူဆရပေသည်။

အင်ဒရူးနှင့် စီလီယာတို့သည် အလုပ် များလှသည့် ကြားကပင် ရောင်းရန် ရှိ သော အိမ်များကို လိုက်လံ ကြည့်ရှုကြပြီး မောရစ်စ်တောင်းမြို့ ဆင်ခြေဖုံး ရှိ ကွန်ဗင့် စတေရှင် လူနေ ရပ်ကွက်မှ အိမ်အိုကြီး တစ်လုံးကို ဝယ်လိုက်ကြ သည်။

ထိုအိမ်သည် အင်ဒရူး၏ ဆေးခန်းနှင့် နှစ်မိုင်သာ ဝေးကွာပြီး စိန့်ဘိဒ် ဆေးရုံနှင့် ဆိုပါက ပို၍ပင် နီးပေသည်။ စီလီယာ ကိုယ်တိုင်ကမူ ဖဲလ်ဒင်း ဈေ့သ် ရုံးချုပ်သို့ သွားရောက်သည့် နေ့တွင် ဆယ်မိုင် ခရီး သွားရမည် ဖြစ် ပေသည်။





အိပ်ခန်း ငါးခန်း ပါသော အိမ်အိုကြီးကို အစ ပထမတွင် အင်ဒရူးက မနှစ်မြို့လှသော်လည်း နောက်ပိုင်းတွင် အင်တင်တင်နှင့် သဘော တူလိုက် သည်။

ထို အိမ်ကို ဝယ်ယူပြီးနောက် ဧပြီ လကုန်တွင် ပြောင်းရွှေ့ နေထိုင်ကြ သည်။

ထိုအချိန်တွင် စီလီယာသည် ကိုယ်ဝန် ငါးလ ရှိနေပြီ ဖြစ်သဖြင့် နှစ် ယောက်စလုံး ဝမ်းသာနေကြသော အချိန်ပင် ဖြစ်ပေသည်။

## ၆

၁၉၅၈ ခုနှစ် ဩဂုတ်လ သို့မဟုတ် သူတို့ ဇနီးမောင်နှံ လက်ထပ်ပြီး ကိုးလ နှင့် ရက်သတ္တ တစ်ပတ် အကြာတွင် စီလီယာ၏ အချိန်ဇယား အတိုင်း အင် ဒရူးနှင့် စီလီယာတို့၏ ပထမ ကလေးကို မွေးဖွားသည်။ ထိုကလေးမှာ အလေး ချိန် ခုနစ်ပေါင်ခွဲ ရှိပြီး ကျန်းမာသော မိန်းကလေး ဖြစ်ရာ လီဆာဟု အမည် ပေးလိုက်သည်။

စီလီယာသည် သူ့စကား အတိုင်း အလုပ်ခွင်မှ တစ်နှစ် နားပြီး လီဆာ ကို ပြုစုသည်။ တစ်ချိန်တည်းမှာပင် ကွန်ဗင့် စတေရှင်မှ နေအိမ်ကိုလည်း မွမ်းမံ ပြုပြင်ခဲ့သည်။

စီလီယာသည် ဖဲလ်ဒင်း ဈေ့သ်နှင့်လည်း အဆက်အသွယ် မပြတ်ပါ။

ဆမ် ဟော့်သုန်းသည် နိုင်ငံလုံး ဆိုင်ရာ လက်ထောက် ရောင်းဝယ်ရေး မန်နေဂျာ ရာထူးသို့ တိုးမြှင့် ရောက်ရှိသွားပြီး စီလီယာ ပြန်လာရန် အဆင် သင့် ဖြစ်နေချိန်တွင် တစ်နေရာရာ၌ အလုပ် ပြန်ပေးပါ့မည်ဟု အာမခံလိုက် သည်။

ထိုနှစ်သည် ဖဲလ်ဒင်း ဈေ့သ် ကုမ္ပဏီ အတွက် အကျိုး ဖြစ်ထွန်းသော နှစ်တစ်နှစ်ပင် ဖြစ်သည်။ ဒေါက်တာ အင်ဒရူး ဂျော်ဒန်က လိုထရီမိုင်စင် ဆေးကို ဟိုးလေးတကျော် ဖြစ်အောင် အသုံးပြု ပေးခဲ့ပြီးနောက် လပေါင်း အနည်းငယ် အကြာတွင် ထိုဆေးကို အက်ဖ်ဒီအေက ရောင်းချခွင့် ပြုလိုက်၏။ လိုထရီမိုင်စင် ဆေးသည် အောင်မြင်မှု ရရှိသည်သာမက တစ်ကမ္ဘာလုံးက ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးကြသည်။

လိုထရိုမိုင်စင်သည် ဖဲလ်ဒင်း ရှော့သ် သမိုင်းတွင် ပို၍ အမြတ်အစွန်း ရရှိသော ဆေးဝါး တစ်ခု အဖြစ်သို့ ရောက်ရှိလာသည်။

လိုထရိုမိုင်စင် ရောင်းပန်း ပွင့်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် ဆမ် ဟော်သုန်းက စီလီယာအား ပြန်လက်ခံရန် အဆိုပြုချက်ကို အားလုံးက ထောက်ခံခဲ့ကြသည်။

သမိုင်းကြောင်း အရ ကြည့်မည် ဆိုပါကလည်း ၁၉၅၉ ခုနှစ်သည် ထူးခြားသော နှစ်တစ်နှစ် မဟုတ်ပါ။ ထိုနှစ် မေလတွင် အစ္စရေး ဝန်ကြီးချုပ် ဒေးဗစ် ဘင်ဂူရီယန်က အိမ်နီးချင်း အာရပ် နိုင်ငံများနှင့် ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းမည် ဖြစ်ကြောင်း ကမ္ဘာသို့ ကြေညာလိုက်သည်။ ထိုလမှာပင် မျောက်နှစ်ကောင်သည် အမေရိကန် ကြည်းတပ်မှ ဒုံးပျံကို စီး၍ မိုင်သုံးရာ မြင့်သော အာကာသထဲသို့ ခရီး ဆန့်ခဲ့ကြပြီး မြေပြင်ပေါ်သို့ မသေမပျောက် ပြန်လည် ရောက်ရှိလာသည်။ တစ်နေ့နေ့တွင် လူသားများသည်လည်း ထိုကဲ့သို့ ခြေဆန့်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြသည်။

စီလီယာ သတိ ထားမိသော အခြား ကိစ္စ တစ်ခုမှာ တင်းနက်ဆီး ပြည်နယ်မှ ဒီမိုကရက်တစ် ဆီနေတာ ကီးဖော နာယက အဖြစ် ဦးဆောင်သော ဆပ်ကော်မတီက ထိုနှစ် ဒီဇင်ဘာလတွင် ဆေးဝါး ထုတ်လုပ်ရေး လောကကို ဦးတည်ချက် ထား၍ စုံစမ်း စစ်ဆေးမှုများ စတင် ပြုလုပ်နေသည် ဆိုသော သတင်းပင်တည်း။

ဝါရှင်တန်ရှိ လွှတ်တော် နှစ်ရပ်စလုံးတွင် ဆေးဝါး ထုတ်လုပ်ရေး လောကအတွက် ထောက်ခံ မဲဆွယ်ပေးမည့်သူ များပြားလှသဖြင့် ဆေးဝါး ထုတ်လုပ်မှု လောကမှ ဝန်ထမ်းများက ဆီနေတာ ကီးဖောအား မမှုလောက်သော အနှောင့်အယှက်ကလေး တစ်ခု အဖြစ် သဘောထားခဲ့ကြသည်။

နောက်ဆုံးတွင် နှစ်ကုန်ပိုင်း၌ စီလီယာသည် နယူးဂျာဆီ ပြည်နယ်အတွက် ဆေးရောင်း ဈေးသည် အဖြစ် ပြန်လည်၍ တာဝန် ထမ်းဆောင်သည်။

စီလီယာ၏ မိခင် မီးလ်ဒရက်သည် မြေးဖြစ်သူနှင့် အကျွမ်းတဝင် ရှိစေရန် ဖီလဒယ်ဖီးယားမှ တစ်ခါတစ်ရံ လာရောက် လည်ပတ်လေ့ ရှိသည်။

အင်ဒရူး၏ လုပ်ငန်းတွင်လည်း အနှောင့်အယှက် ကလေး တစ်ခု ရှိနေသည်။ ထိုသောကသည် မည်သည့် အတိုင်းအတာ အထိ အရေးကြီးကြောင်း အင်ဒရူး





ဝေခွဲမရ ဖြစ်နေသည်။ ထိုကိစ္စမှာ ဒေါက်တာ နိုအာ တောင်းဆင်းနှင့် ပတ်သက်သည်။

အင်ဒရူး၏ လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီး နိုအာ တောင်းဆင်းသည် စိတ် တည်ငြိမ်ခြင်း မရှိသော အရိပ် လက္ခဏာများကို တစ်ခုနှင့် တစ်ခု အချိန်ကာလ အတော်အတန် ခြား၍ အတော် ခပ်များများ ကြုံတွေ့လာရလေသည်။ ထိုကိစ္စများကို အင်ဒရူးက ပြန်တွေး ကြည့်လိုက်သော အခါ 'ခွကျကျ အပြုအမူ' ဟု ဆိုခြင်းက ပို၍ နီးစပ်ကြောင်း သတိထားမိလာသည်။

ထို အကျင့်စရိုက် နှစ်မျိုးစလုံးသည် သိက္ခာ ရှိသော ဆရာဝန်ကြီး၏ ပင်ကို စရိုက်နှင့် လုံးဝ စပ်ဟပ်မှု မရှိသောကြောင့် နေ့စဉ် သတိ ထားမိနေသော အင်ဒရူး အဖို့ ပဟေဠိ ဖြစ်နေရလေသည်။

အင်ဒရူး သိသော အဖြစ်အပျက် သုံးခု ရှိသည်။

နိုအာ တောင်းဆင်း၏ ရုံးခန်းထဲ၌ သူနှင့် အင်ဒရူးတို့ စကား ပြောနေကြစဉ် တယ်လီဖုန်း ခေါင်းလောင်းသံက မကြာခဏ အနှောင့်အယှက် ပေးနေသောကြောင့် သူ စိတ်တိုလာပြီး တစ်ဖက်မှ ပုဂ္ဂိုလ်ကို တိုတိုတောင်းတောင်း ပြောဆိုပစ်လိုက်သည်။ ထို့နောက် တယ်လီဖုန်းကြိုးကို ဆွဲဖြုတ်ပစ်လိုက်ပြီး တယ်လီဖုန်းကို ပစ်ပေါက်ပစ်လိုက်ရာ စာတွဲ ဗီရိုနှင့် ထိခိုက်ပြီး တယ်လီဖုန်း ပျက်စီးသွားရခြင်းပင် ဖြစ်သည်။ ထို့နောက် နိုအာ တောင်းဆင်းသည် ဘာမှ မဖြစ်သလို ဆက်၍ စကား ပြောနေလေသည်။

နောက်ထပ် ရက်သတ္တ ခြောက်ပတ် ကြာမြင့်သော အခါ အင်ဒရူးသည် နိုအာ တောင်းဆင်း မောင်းနှင်သော ကားကို စီးနင်း လိုက်ပါလာခဲ့သည်။ ဖြုန်းခနဲ ဆိုသလို နိုအာသည် လီဗာကို တအားကုန် နင်းပြီး အရှိန်ပြင်းပြင်းနှင့် လမ်းကွေ့များအား အရမ်းကာရော ချိုးကွေ့နေသလို မီးနီကိုပါ အတင်း ဖြတ်မောင်း နေတော့သဖြင့် အင်ဒရူး အထိတ်တလန့် ဖြစ်ခဲ့ရသည်။

အင်ဒရူးက အော်ဟစ်၍ တားမြစ်သေးသော်လည်း သူ ကြားပုံ မရပါ။ သူတို့သည် ကံကောင်း ထောက်မစွာဖြင့် အထိအခိုက် မရှိဘဲ စိန့်ဘိဒ် ဆေးရုံ မော်တော်ကား ရပ်ရန် နေရာသို့ အပြေးအလွှား ရောက်ရှိလာသည်။ အင်ဒရူးက ထိုကဲ့သို့ မမောင်းနှင်သင့်ကြောင်း ကန့်ကွက် စကား ပြောသည်ကို နိုအာက ခပ် ပေါ့ပေါ့ဆဆနှင့် ပခုံးကိုသာ တွန့်ပြခဲ့သည်။

နောက်တစ်ကြိမ်တွင်မူ နိုအာသည် မော်တော်ကားကို ပုံမှန် အတိုင်း မောင်းနှင်ခဲ့ပြန်ကြောင်း အင်ဒရူး သတိ ထားမိပြန်သည်။

တတိယ အဖြစ်အပျက်မှာ ကာလ အတန် ကွာခြားပြီးမှ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သော်လည်း စိတ်မချမ်းသာစရာ အကောင်းဆုံး ကိစ္စပင် ဖြစ်သည်။

ထိုကိစ္စမှာ ထိုဆေးခန်းတွင် အင်ဒရူး မရောက်မီက စ၍ နီအာ အတွက် နှစ်ပေါင်း များစွာ တာဝန် ထမ်းဆောင်ပေးခဲ့သော ဧည့်ကြို အတွင်းရေးမှူး မစ္စစ် ပါဆင်နှင့် ပတ်သက်သည်။

မစ္စစ် ပါဆင်သည် အသက် ခြောက်ဆယ့် ငါးနှစ်ခန့် ရှိပြီ ဖြစ်သဖြင့် နှေးကွေး လေးလံလာသလို တစ်ခါတစ်ရံတွင် မေ့တတ် လျော့တတ်လာသည်။ သို့ရာတွင် အရေးကြီးလှသော ကိစ္စများတော့ မဟုတ်ပါ။

မစ္စစ် ပါဆင်သည် ရုံး အသုံးအဆောင် ပစ္စည်းများ အတွက် ကျသင့် တန်ဖိုး လေးဆယ့်ငါး ဒေါ်လာ အစား ချက်လက်မှတ်ပေါ်တွင် ငါးဆယ့်လေး ဒေါ်လာ ဟူ၍ မှားရေးလိုက်မိသည်။ လက်တွေ့တွင် ထိုအမှားသည် အရေး မကြီးလှပါ။ ပိုငွေကို နောက်လ အတွက် ပေးပို့သော ငွေတောင်းခံလွှာတွင် မီရှင် အနေနှင့် ဖော်ပြပေးလိမ့်မည်သာ ဖြစ်သည်။

သို့ရာတွင် ချက်လက်မှတ်ကို ကိုင်ထားသော နီအာသည် ဧည့်ခန်းထဲသို့ ဝင်လာပြီး မစ္စစ် ပါဆင်အား အော်ငေါက်၍ ပြောဆိုလေတော့သည်။

'မင်း တော်တော် အသုံးမကျတဲ့ ခွေးမပဲ၊ ကျုပ် ပိုက်ဆံတွေကို ဝေဿန္တရာ လုပ်ပြီး ကျုပ်ကို မွဲအောင် လုပ်နေတာလား'

ထိုအခိုက်တွင် ဆေးခန်းသို့ ရောက်ရှိလာသော အင်ဒရူးသည် မစ္စစ် ပါဆင်၏ သိက္ခာရှိရှိ တုံ့ပြန်ချက်ကို ကြားလိုက်ရလေ၏။

'ဒေါက်တာ တောင်းဆင်း၊ ကျွန်မဟာ ဒီလို ပုံစံမျိုးနှင့် တစ်ခါမှ အပြော မခံခဲ့ရဖူးဘူး၊ နောက်တစ်ကြိမ် အပြော ခံမယ်လို့လည်း စိတ်မကူးဘူး၊ ကျွန်မ အလုပ်က ထွက်တော့မယ်'

အင်ဒရူးက ကြားဝင် ဖျန်ဖြေရန် ကြိုးစားသော်လည်း နီအာက 'ဝင် မပါနှင့်' ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

နောက်တစ်နေ့တွင် အင်ဒရူးက ထို ကိစ္စကို ပြန်ဖော်ရန် ကြိုးစားပြန်ရာ ဒေါက်တာ နီအာ တောင်းဆင်းက ပယ်ချလိုက်သည်။

ထိုကဲ့သို့သော အဖြစ်အပျက်များသည် နောက်ပိုင်းတွင် ပို၍ အဖြစ် များ လာမည် ဆိုပါက အင်ဒရူး အနေနှင့် စိတ်ပူမိမည်မှာ အမှန်ပင်။ သို့ရာတွင် အသက် ကြီးလာသူ မှန်သမျှသည် ပရိယေသန အတွက် နေ့စဉ် ရုန်းကန်ရမှု နှင့် အလုပ် များပြားမှုတို့ကြောင့် စိတ်တိုကြလိမ့်မည်၊ ပေါက်ကွဲကြလိမ့်မည်





သာ ဖြစ်ကြောင်း အင်ဒရူးက ဆင်ခြင်မိသည်။ မည်သို့ပင် ဖြစ်စေ ထိုကိစ္စမှာ လူသားတို့၏ စရိုက် လက္ခဏာပင် ဖြစ်သည်။

အင်ဒရူးသည် ထိုကဲ့သို့သော ဖိအားများကို တစ်ခါတစ်ရံတွင် ခံစားရ တတ်သော်လည်း စိတ်တိုတိုနှင့် ထိန်းထားနိုင်ခဲ့သည်။ နီအာကမူ ထိန်းထား နိုင်ပုံ မရပါ။

သို့တိုင်အောင် ထိုအဖြစ်အပျက်များက အင်ဒရူးအား သောက ဖြစ်စေခဲ့ ကြပါသည်။

စီလီယာ၏ လုပ်ငန်း တာဝန်များကမူ အထက်ဘက်သို့ ပို၍ မြင့်တက်လာ သည်။

၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ၏ တစ်ရက်တွင် ဆမ် ဟော်သုန်းက စီ လီယာ့အား သူ့ရုံးခန်းထဲသို့ ဆင့်ခေါ်လိုက်ပြီး နယူးယော့ခ်ရှိ ဝေါလ် ဒေါ့ဖ် အက်စတိုးရီးယား ဟိုတယ်တွင် ဧပြီလ၌ ကျင်းပမည့် ဖဲလ်ဒင်း ရော့သ်၏ နှစ်ဝက် ဌာနတွင်း အရောင်း ဆွေးနွေးပွဲ၌ 'ဆေးဝါး လက်လီ ရောင်းဝယ် ရေး လုပ်ငန်း အပေါ် အမျိုးသမီး တစ်ယောက်၏ အမြင်' ဆိုသော ခေါင်းစဉ် ဖြင့် ပါဝင် ဟောပြောပေးရန် တာဝန် ပေးအပ်လိုက်သည်။

ဆမ် ဟော်သုန်းသည် နိုင်ငံလုံး ဆိုင်ရာ ရောင်းဝယ်ရေး တာဝန်ကို ယူ ထားရသည့်တိုင် စိတ်လက် ချမ်းသာစွာ ရှိနေပုံ ရသည်။ ဆံပင်ကလည်း သိသိ သာသာ ပိုပါးလာသည်။ နောက်တစ်နှစ် ကြာ၍ သူ့အသက် လေးဆယ် ပြည့် ချိန်တွင် ခေါင်း ပြောင်နေလိမ့်မည်ဟု စီလီယာက တွေးလိုက်၏။

ဆမ် ဟော်သုန်းက...

'မင်းရဲ့ ဟောပြောချက်ဟာ ပေါ့ပေါ့ပါးပါးနှင့် ဟာသ ပါတာမျိုး ဖြစ် သင့်တယ်၊ လေးနက်တာတွေ မပါစေနှင့်၊ ဝိဝါဒ ကွဲစရာတွေ မပါစေနှင့်၊ ဆယ့်ငါး မိနစ်စာ ဆိုရင် လုံလောက်ပါပြီ၊ မင်းက ဟောပြောချက် စာမူကြမ်း ကို ကြိုတင် ပြချင်တယ် ဆိုရင် ကျုပ်က ကြိုဖတ်ပြီး အကြံဉာဏ် ပေးပါ့မယ်'

'အဲဒီ ကမ်းလှမ်းချက်ကို ကျွန်မ မှတ်ထားပါ့မယ်'

'မင်းရဲ့ နယ်မြေထဲမှာ ဆေးရောင်း စံချိန် ကောင်းတယ်ကွ၊ ဆက်လက် ထိန်းထားပါကွာ'

ဆမ်က ချီးကျူးလိုက်၏။

'ကျွန်မ ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ဆေးဝါး အသစ်တွေ ရလာမယ် ဆိုရင် ပိုကောင်းမှာပဲ၊ ဒါနှင့် စကားမစပ် လွန်ခဲ့တဲ့ တစ်နှစ်လောက်က မစ္စတာ ကမ်ပါဒေါင်း ပြောခဲ့တဲ့ သာလီဒိုမိုက် အိပ်ဆေး ဘာဖြစ်သွားသလဲ'

'ကျုပ်တို့က ပယ်လိုက်တယ်၊ မင်း အကြံ ပေးသလို သက်ကြီး ရွယ်အို ဂေဟာတွေမှာ စမ်းသပ် ကြည့်ပေမဲ့ အိပ်ဆေး အဖြစ် အစွမ်း မထက်တဲ့ အတွက် သုတေသနဌာနက မထောက်ခံဘူး၊ ချီမီ ဂရူနင်သော ကုမ္ပဏီကို ပြန်အပ်လိုက်ပြီ'

'ဒါနှင့် လမ်းဆုံး သွားရောလား'

'ဖဲလ်ဒင်း ရှေ့သ်နှင့်တော့ လမ်းဆုံးသွားပြီ၊ ဒါပေမဲ့ မာရဲလ် ကုမ္ပဏီက သာလီဒိုမိုက်ကို လက်ခံပြီး ကီဗာဒွန် အမည်နှင့် ကနေဒါနှင့် အမေရိကမှာ ကြီးကြီးကျယ်ကျယ် ရောင်းဖို့ စီစဉ်နေတယ်လို့ ကြားရတာပဲ'

ထိုရက် နောက်ပိုင်းတွင် စီလီယာသည် ညနေခင်းများနှင့် ရက်သတ္တပတ်နားရက်များတွင် အရောင်း ဆွေးနွေးပွဲ၌ သူ ဟောပြောမည့် ဟောပြောချက်ကို ပြုစုရင်း အလုပ် ရှုပ်နေပြန်လေတော့သည်။

၇

'ရှင်တို့ အများစုဟာ အိမ်ထောင်ရှင်တွေပဲ ဆိုတာ ကျွန်မ သိပါတယ်'

စီလီယာသည် သူ ရင်ဆိုင်နေရသော အမျိုးသားများ၏ မျက်နှာများကို ကြည့်ရင်း ပြောလိုက်၏။

'ဒီတော့ အမျိုးသမီးတွေရဲ့ သဘာဝကို ရှင်တို့ သိကြပါလိမ့်မယ်၊ ကျွန်မတို့ဟာ မကြာခဏ ဆိုသလို ဇဝေဇဝါ ဖြစ်တတ်ကြတယ်၊ စိတ်ရှုပ်ထွေး သွားတတ်ကြတယ်၊ တစ်ခါတလေ ကျတော့လည်း အားလုံးကို မေ့သွားတတ်ကြတယ်'

'မင်းက ထူးချွန်တဲ့ သူပဲ၊ မေ့မှာ မဟုတ်ပါဘူးကွာ'

ရှေ့နားမှ တစ်ဦးဦးက ခပ်တိုးတိုးကလေး ပြောလိုက်၏။

စီလီယာက ပြုံးလိုက်ပြီး ဆက်ပြောသွားသည်။

'ကျွန်မ မေ့သွားတဲ့ အချက် တစ်ချက်ကတော့ ဒီကနေ့ ကျွန်မ ဘယ်လောက် ကြာအောင် ပြောရမယ် ဆိုတဲ့ ကိစ္စပဲ၊ တစ်ယောက်ယောက်က ဆယ်





မိနစ်က ဆယ့်ငါး မိနစ် အထိလို့ ပြောလိုက်သလိုလို ဇဝေဇဝါ ဖြစ်နေမိပါတယ်၊ ဒါပေမဲ့ အဲဒါကလည်း ဟုတ်နိုင်ပါ့မလား ရှင်၊ ဘာပဲဖြစ်ဖြစ် အမျိုးသမီး တစ်ယောက်ဟာ အမျိုးသား ငါးရာလောက်နှင့် တရင်းတနှီး ဖြစ်လာအောင် အဲဒီလောက် တိုတောင်းတဲ့ အချိန်ကာလ အတွင်းမှာ ဆောင်ရွက်နိုင်စွမ်း ရှိပါ့မလားရှင်'

ရယ်သံများ ထွက်ပေါ်လာသည်။ အသံ တစ်သံကလည်း 'မင်း ကြိုက်သလောက်သာ အချိန် ယူပါကွာ' တဲ့။

'ကျေးဇူးတင်ပါတယ်ရှင်၊ တစ်ယောက်ယောက်က အဲဒီ စကားမျိုး ပြောပါစေလို့ ကျွန်မ မျှော်လင့်နေတာပါ'

စီလီယာသည် သူ့အား နှစ်ခုံ သုံးခုံကျော်မှ စိုက်ကြည့်နေသည့် ဆမ်ဟော်သုန်းနှင့် မျက်လုံးချင်း မဆုံမိအောင် ကြိုးစားလိုက်သည်။

စီလီယာ၏ ပရိသတ်သည် အလပ်စကား၊ ဖလော်ရီဒါ၊ ဟာဝိုင်ယီ၊ ကယ်လီဖိုးနီးယား၊ ဒါကိုတာ၊ တက်ဆက်၊ နယူး မက်ဆီကို၊ မိန်းနှင့် ထိုပြည်နယ်များ ကြားရှိ ဒေသများမှ လာရောက်ကြသော အရောင်း စျေးသည်များ၊ ကြီးကြပ်ရေးမှူးများနှင့် ခရိုင် မန်နေဂျာများသာ ဖြစ်ကြပေသည်။

'ရှင်တို့ကို စကား ပြောဖို့ ကျွန်မကို ဖိတ်ခေါ်စဉ်က ဆေးဝါး လက်လီရောင်းသူ တစ်ယောက် အနေနှင့် ကျွန်မရဲ့ အတွေ့အကြုံ တချို့ကို ပြောပြဖို့ အကြံပေးခဲ့ပါတယ်၊ ကျွန်မကလည်း ပြောဖို့ ရည်ရွယ်ထားပါတယ်၊ ကျွန်မကို လေးလေးနက်နက် ကိစ္စမျိုးတွေနှင့် အငြင်းအခုံ ဖြစ်စေမယ့် ကိစ္စတွေကို မပြောဖို့လည်း သတိ ပေးထားပါတယ်၊ အဲလေ ဒါကတော့ သိပ် မလွယ်ကူပါဘူး၊ အခု ကိစ္စဟာ လေးနက်တဲ့ ကိစ္စမျိုး ဆိုတာ ရှင်တို့ အားလုံး သိကြပါတယ်၊ ဒီတော့ ကျွန်မတို့က အလေးအနက် သဘော ထားရမှာပေါ့ရှင်၊ ကျွန်မ ယုံကြည်ထားတဲ့ နောက်တစ်ချက်ကလည်း ဆေးရောင်း လုပ်ငန်းမှာ ဝင်ရောက် လုပ်ကိုင်နေကြတဲ့ လူတွေဟာ ရိုးသားရမယ်၊ ပွင့်လင်းရမယ်၊ လိုအပ်လာရင် တစ်ဦးကို တစ်ဦး ဝေဖန်ရမယ် ဆိုတာပါပဲ'

သူ စကား ပြောနေစဉ် စီလီယာသည် များပြားလှသော အရောင်း စျေးသည်များကိုသာမက ရှေ့တန်းရှိ သီးသန့် ခုံတန်းများ၌ ထိုင်နေကြသော ဖဲလ်ဒင်း ရှေ့သ် ဘုတ်အဖွဲ့ ချယ်ယာမင်၊ ဖဲလ်ဒင်း ရှေ့သ် ဥက္ကဋ္ဌ၊ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ၊ အရောင်း ဌာန ဒုတိယ ဥက္ကဋ္ဌနှင့် အခြား တစ်ဆယ့် နှစ်ဦးခန့်တို့ကိုပါ သတိ ထားလိုက်မိသည်။

ထို လူအုပ်ထဲတွင် ထိပ်ပြောင်လုနီးပါး ဖြစ်နေသော ဆမ် ဟော်သုန်းလည်း ပါဝင်သည်။

ဖဲလ်ဒင်း ရှေ့သည် ဥက္ကဋ္ဌ အီလီ ကမ်ပါဒေါင်းသည် ရှေ့တန်း အလယ်ခုံ၌ ထိုင်နေပြီး ဘုတ်အဖွဲ့ ချယ်ယာမင် ဖလ္လိုက် ဗန်ဟောက်တင်ကမူ သူ့ နံဘေးတွင် ထိုင်နေသည်။

'ဝေဖန်ရေး ဆိုတဲ့ စကားလုံးကို ကျွန်မ သုံးစွဲခဲ့တဲ့ အတိုင်း ဝေဖန်သုံးသပ်ဖို့ ရည်ရွယ်ထားပါတယ်၊ အဓိက ရည်ရွယ်ချက်ကတော့ ကျွန်မက ဒီ အခမ်းအနားမှာ အပြုသဘောနှင့် ပါဝင် ဆောင်ရွက်ချင်စိတ် ရှိနေတဲ့ အတွက်ကြောင့်ပါပဲ၊ ပြီးတော့လည်း အခု ကျွန်မ ပြောမယ့် အချက်အလက် အားလုံးဟာ ကျွန်မ ပြောရမယ့် ခေါင်းစဉ်ရဲ့ ဘောင် အတွင်းမှာ ပါဝင်ပါတယ်လို့ ပြောပါရစေရှင်'

သူ့ စကားကို စိတ်ဝင်စားလာပြီ ဖြစ်ကြောင်း စီလီယာ သိလိုက်၏။ အားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။

'ရှင်တို့လို ကျွန်မ ကိုယ်တိုင် ပါဝင် အလုပ် လုပ်နေရတဲ့ ကုမ္ပဏီနှင့် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းကြီး တစ်ခုလုံးကို ကျွန်မ အလွန်ပဲ သံယောဇဉ် ဖြစ်မိပါတယ်၊ အဲဒီ လုပ်ငန်း နှစ်ခုစလုံးဟာ ကောင်းကျိုးတွေကို အတိတ်ကာလတုန်းက မြောက်မြောက်မြားမြား ဆောင်ရွက် ပေးခဲ့သလို နောင်ကိုလည်း ဆောင်ရွက်ပေးဦးမှာ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဆေး လက်လီ ရောင်းချမှုနှင့် စပ်လျဉ်းပြီး ဆိုးဆိုးရွားရွား မှားယွင်းနေတာတွေ ရှိနေပါတယ်၊ အဲဒါတွေကို ဘယ်လို ကောင်းအောင် ပြုပြင်သင့်တယ် ဆိုတဲ့ ကျွန်မ အမြင်ကို တင်ပြပါ့မယ်၊ ကျွန်မ ခင်ပွန်းဟာ ဆရာဝန် တစ်ယောက် ဖြစ်ပါတယ်၊ သူဟာ လိုထရီမိုင်စင်လို ဆေးကောင်းဝါးကောင်းတွေနှင့် ကြုံတွေ့ရသလို မကောင်းတဲ့ ဆေးဝါးတွေ အဲဒီ ဆေးဝါးတွေကို ညာဝါး ဖြီးဖြန်းပြီး ရောင်းချတဲ့ ဆေး အရောင်းသမားတွေနှင့်လည်း ကြုံတွေ့ခဲ့ရဖူးပါတယ်၊ အဲဒီ အတွေ့အကြုံမျိုးကို အခြား ဆရာဝန်တွေလည်း ကြုံဖူးကြပါလိမ့်မယ်၊ အဲဒီ ကိစ္စကတော့ ပြင်ဆင်သင့် ပြင်ဆင်နိုင်တဲ့ ကိစ္စပါပဲ'

အရေးကြီးသော အပိုင်း ကဏ္ဍသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် စီလီယာက သူ ပြောရမည့် စကားလုံးများကို သတိထားပြီး ရွေးချယ်လိုက်သည်။

'ကျွန်မ ခင်ပွန်းရဲ့ အတွေ့အကြုံ အရ သူက နယ်လှည့် ဆေးရောင်းသမားတွေကို သုံးမျိုး သုံးစား ခွဲခြားထားပါတယ်၊ ပထမ အမျိုးအစားကတော့ မိမိကုမ္ပဏီက ထုတ်လုပ်တဲ့ ဆေးဝါးတွေ အကြောင်း ဂဃနဏ သိထားတဲ့ အပြင် ဆရာဝန်တွေကို အဲဒီ ဆေးဝါးနှင့် ပတ်သက်ပြီး ဆန့်ကျင်ဘက် ဖြစ်စေတဲ့ ဆေး တန့်ပြန်မှုတွေ အပါအဝင် သိသင့် သိထိုက်တာ မှန်သမျှကို ရိုးရိုးသားသား တင်ပြလေ့ ရှိတဲ့ လူတွေ၊ ဒုတိယ အမျိုးအစားကတော့ ကိုယ် ရောင်းတဲ့ ဆေးဝါး အကြောင်း အသိပေး မခံရတဲ့ အပြင် ဆရာဝန်တွေကို မှန်မှန်ကန်ကန် ပြောမပြတတ်တဲ့ လူတွေ၊ တတိယ အမျိုးအစားကတော့ သူတို့ ရောင်းနေတဲ့ ဆေးဝါးကို ဆရာဝန်က သုံးစွဲလာအောင် ညာပဲ ပြောရ ပြောရ လိမ်ပဲ ပြောရ ပြောရ ဘာမဆို ပြောမယ် ဆိုတဲ့ လူစားမျိုးပါပဲ။

'အဲဒီ အုပ်စု သုံးမျိုးထဲမှာ ပထမ အုပ်စုက လူ အများဆုံး ဖြစ်ပြီး ကျန် အုပ်စု နှစ်စုကတော့ လူနည်းစုကလေးတွေပါလို့ ကျွန်မ ပြောချင်ပါတယ်၊ ဒါပေမဲ့ ကံဆိုးချင်တော့ အဲဒါက မမှန်ကန်ပါဘူး၊ ဒုတိယနှင့် တတိယ အုပ်စုတွေက ပထမ အုပ်စုထက် အများကြီး ပိုများပါတယ်၊ အဲဒါကြောင့် အချက်အလက် ပြည့်ပြည့်စုံစုံနှင့် မှန်မှန်ကန်ကန် ပြောဆိုပြီး ရောင်းချရမယ် ဆိုတဲ့ လက်လီ ရောင်းချမှု အရည်အချင်းဟာ သိပ်ကို ညံ့ဖျင်းနေပါတယ်၊ အဲဒီလို ညံ့ဖျင်းမှုဟာ ကျွန်မတို့ရဲ့ ကုမ္ပဏီ အပါအဝင် ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်း တစ်ခုလုံးမှာ ရှိနေပါတယ်'

ပရိသတ် ရှေ့ပိုင်းတွင် ထိုင်နေသော စီမံ ခန့်ခွဲမှု ဝန်ထမ်းများ အကြား၌ သာမက နောက်ပိုင်းမှ ပုဂ္ဂိုလ်များထဲ၌ပင် ထိတ်လန့်တကြား ဖြစ်လာကြသော အရိပ်အယောင်များကို စီလီယာ မြင်တွေ့လာရသည်။

တစ်ယောက်က လှမ်းအော်လိုက်၏။

'ဟေး ဘာတွေ ပြောနေတာလဲ'

ထို တုံ့ပြန်မှုမျိုးကို မျှော်လင့်ထားသော စီလီယာက ရှင်းလင်း ပြတ်သားသော လေသံနှင့် ဆက်ပြောသွားသည်။

'ရှင်တို့က မေးခွန်း နှစ်ခုကို မေးနေကြလိမ့်မယ် ဆိုတာ သေချာပါတယ်၊ မေးခွန်း တစ်ကတော့ သူ ဒီအချက်တွေကို ဘယ်လိုလုပ် သိသလဲ၊ သက်သေကော ပြနိုင်မှာလား၊ မေးခွန်း နှစ်ကတော့ အခုလို ကျုပ်တို့ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ရှိနေကြချိန်မှာ စိတ် မချမ်းသာစရာ ကောင်းတဲ့ ဒီကိစ္စကို ဘာဖြစ်လို့ ဖော်ထုတ် လာရတာလဲ'

ပရိသတ်ထဲမှ အသံ တစ်သံ ပေါ်ထွက်လာပြန်၏။

'သိပ်ဟုတ်တာပေါ့၊ ကျုပ်တို့က မေးနေတယ်လေ'

စီလီယာကလည်း ပြန်ဖြေလိုက်၏။

'ရှင်တို့ မေးသင့်ပါတယ်၊ အဖြေလည်း ရထိုက်ပါတယ်၊ ကျွန်မက ပြောလည်း ပြောပါ့မယ်၊ ကျွန်မ ပြောနေတဲ့ ကိစ္စတွေ အကြောင်း ကျွန်မ ဘာဖြစ်လို့ သိနေသလဲ ဆိုတာကတော့ ကျွန်မ ကိုယ်တိုင် အသိပေး မခံရတဲ့ ဒုတိယ အုပ်စုထဲမှာ ပါနေလို့ပါပဲ၊ ဒေါက်တာတွေဆီကို ဆေးရောင်းဖို့ သွားတဲ့ အခါ ကျွန်မဟာ အရည်အချင်း မပြည့်ဝတဲ့သူ တစ်ယောက် ဖြစ်နေပါတယ်၊ အမှန်အတိုင်း ပြောရရင် လေ့ကျင့် သင်ကြားပေးမှုကို မရခဲ့သလောက်ပါပဲ၊ ဒါနှင့်ပတ်သက်ပြီး ကိုယ်တွေ့ ဖြစ်ရပ်ကလေး တစ်ခုကို တင်ပြပါရစေရှင်'

စီလီယာက သူ့အား 'မတောက်တခေါက် ဗဟုသုတကလေးနှင့် မင်းပြောတဲ့ စကားတွေကို ဆေး ကြော်ငြာ မဂ္ဂဇင်းတွေထဲမှာ စက္ကန့် နှစ်ဆယ်လောက် ဖတ်ရုံနှင့် အကုန် သိတယ်ကွ' ဟု ဆရာဝန် တစ်ယောက်က ပြောဆိုပြီး သူ ကန့်ထုတ် ခံခဲ့ရသော ကိစ္စကို ပြောပြလိုက်သည်။

'အဲဒီ ဆရာဝန်ကြီး ပြောတာ မှန်ပါတယ်၊ ကျွန်မတို့ဟာ ဆေးရောင်းဖို့ မသွားခင် ဆေးဝါးတွေ အကြောင်း ဂဃနဏ သိထားသင့်ကြပေမဲ့ အရည်အချင်း ပြည့်ဝတဲ့ ဆရာဝန်ကြီးတွေနှင့် ဆေးဝါးတွေ အကြောင်း ဆွေးနွေးနိုင်လောက်အောင် ကျွန်မတို့ဟာ အရည်အချင်း မပြည့်ဝကြပါဘူး၊ ပြီးတော့လည်း နယ်လှည့် ဆေးရောင်းသူတွေက မမှန်ကန်တဲ့ အချက်အလက်တွေကို ပြောဆို သွားပါတယ်လို့ ဆရာဝန်တွေက တိုင်ကြားကြတဲ့ စာတွေကိုလည်း ကျွန်မ စုဆောင်းထားပါတယ်'

စီလီယာက စာတွဲ တစ်ခုကို မြှောက်ပြလိုက်၏။

'ကျွန်မက နမူနာတွေ ကောက်နုတ် တင်ပြပါ့မယ်၊ ဆရာဝန်ရဲ့ ဆေးစာပါမှ ရောင်းချလို့ ရတဲ့ ပါနောလ်တုန်းဟာ သွေးတိုးသမားတွေ အတွက် အင်မတန် အစွမ်းထက်တဲ့ ဆေး တစ်မျိုးပါ၊ ဒါပေမဲ့ ဆီးချို ရောဂါ ရှိတဲ့ လူတွေနှင့် ရှူမက်တစ် ရောဂါ ရှိတဲ့ လူနာတွေဟာ ဒီဆေးကို လုံးဝ မသုံးသင့်ပါဘူး၊ ဒီလို မသုံးသင့်ကြောင်း ဆေးညွှန်းထဲမှာ ဖော်ပြထားပါတယ်၊ ဒါပေမဲ့ ဆေးရောင်းသူတွေက ပါနောလ်တုန်းဟာ လူနာ အားလုံး အတွက် သင့်လျော်တဲ့ဆေး ဖြစ်ကြောင်း ဆရာဝန် ခြောက်ဦးကို ပြောပြခဲ့ပါတယ်။

'ကျွန်မတို့နှင့် ပြိုင်ဘက် ဆေးကုမ္ပဏီကြီး တစ်ခုက ကလိုရိုမိုင်စီတင်လို့ ခေါ်တဲ့ ပဋိဇီဝ ဆေးတစ်မျိုးကို ထုတ်လုပ်ခဲ့ပါတယ်၊ ဒီဆေးရဲ့ ဆေးတန်ပြန်မှုတွေထဲမှာ အသက် အန္တရာယ်ကို စိုးရိမ်ရတဲ့ အထိ သွေးဖောက်ပြန်မှုတွေ





ဖြစ်ပေါ် လာနိုင်တဲ့ အတွက် ဒီဆေးကို အင်မတန် ဆိုးရွားတဲ့ ကူးစက်နာရောဂါတွေမှာသာ သုံးစွဲသင့်ပါတယ်၊ ဒါပေမဲ့ ဒီကုမ္ပဏီရဲ့ ဆေးရောင်းသူတွေက အန္တရာယ် လုံးဝ မရှိပါဘူးလို့ ပြောခဲ့ပါတယ်။

'ဒုတိယ အနေနှင့် ကျွန်မ ဒီကိစ္စကို ဘာဖြစ်လို့ ဒီနေရာမှာ တင်ပြရသလဲ ဆိုတော့ အခု ကိစ္စကို နားထောင် လာကြအောင် တခြား နည်းနှင့် လုပ်မရလို့ပါပဲ၊ ကဲ ကျွန်မ ဒီကနေ့ လုပ်လိုက်တဲ့ ကိစ္စဟာ ခေါင်းမာတယ်၊ မိုက်မဲတယ်လို့ ပြောချင် ပြောနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်မက ကျွန်မတို့ ကုမ္ပဏီကို နှစ်နှစ်ကာကာ တွယ်တာတဲ့ စိတ် လေးနက်တဲ့ ခံယူချက်တွေနှင့် တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

'ခု လောလောဆယ်မှာလည်း အောက် လွှတ်တော်မှာ ဆေးဝါး ထုတ်လုပ်တဲ့ လုပ်ငန်းကို စုံစမ်း စစ်ဆေးမှုတွေ စတင် ပြုလုပ်နေပါပြီ၊ ဒီ စုံစမ်းစစ်ဆေးမှုတွေဟာ ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းကို အငြိုးထားတဲ့ သဘောမျိုး ရှိနေပါတယ်၊ ဒါပေမဲ့ ကျွန်မတို့က ဒါကို ပေါ့ပေါ့တန်တန် သဘောမျိုးထားရှိ နေကြပါတယ်၊ ကျွန်မတို့ရဲ့ ဆေးရောင်းချမှု စနစ်နှင့် ကျွန်မတို့ရဲ့ ဂုဏ်သိက္ခာတွေကို ပိုကောင်းမွန်လာအောင် ပြုပြင် ပြောင်းလဲမှု မလုပ်ကြဘူးဆိုရင် ကျွန်မတို့ မကြိုက်တဲ့ ပုံစံနှင့် ကျွန်မတို့ ကိုယ်စား အစိုးရက ဝင်လုပ်ပေးလာပါလိမ့်မယ်။

'နောက်ဆုံး အနေနှင့် ခုနက ကျွန်မ တင်ပြခဲ့တဲ့ အကြောင်း အချက်တွေကြောင့် ၁။ ဆေးရောင်းချမှုဆိုင်ရာ ကျင့်ဝတ်ကို ပြုစုတဲ့ နေရာမှာ ကျွန်မတို့ကုမ္ပဏီက ဦးဆောင် ဦးရွက် ပြုပေးဖို့၊ ၂။ ဆေးရောင်း ကိုယ်စားလှယ်တွေအတွက် လေ့ကျင့်မှု သင်တန်းတွေ မွမ်းမံသင်တန်းတွေ ဖွင့်လှစ်ပေးပါလို့ အဆိုပြု တင်ပြချင်ပါတယ်၊ ကျွန်မရဲ့ စာတွဲကိုလည်း လေ့လာနိုင်ကြပါတယ်။

'မင်္ဂလာရှိသော မွန်းလွဲပိုင်းပါရှင်၊ အားလုံးကို ကျေးဇူးတင်ပါတယ်'

စီလီယာက စာရွက် စာတမ်းများကို စုဆောင်း၍ စကားပြော စင်မြင့်ပေါ်မှ ထွက်ခွာသွားရန် လှုပ်ရှားလိုက်စဉ် စိတ်မပါ လက်မပါ တီးလိုက်သော လက်ခုပ်သံ အနည်းငယ်ကို ကြားလိုက်ရပြီးနောက် ချက်ချင်းပင် တိတ်ဆိတ်သွားလေ တော့သည်။ မနှစ်မြို့က်သော မျက်နှာထားများနှင့် ရှေ့ဘက် ခုံတန်းနှစ်တန်းတွင် ထိုင်နေကြသော စီမံခန့်ခွဲမှု ဝန်ထမ်းများ၏ လက်ခုပ်မတီးမှုကို နောက်ဘက်မှ ပုဂ္ဂိုလ်များက သံယောင်လိုက်ကြပုံ ရသည်။ ဘုတ်အဖွဲ့ ချယ်ယာမင်ကြီး စိတ်ဆိုးနေပုံ ရသည်။ သူသည် အီလီ ကမ်ပါဒေါင်းအား လေသံ

တိုးတိုးနှင့် ဒေါသတကြီး ပြောဆိုနေသည်။ အီလီ ကမ်ပါဒေါင်းကလည်း ခေါင်းညိတ်ရင်း နားထောင်နေသည်။

မကြာမီက ရာထူး တိုးမြှင့် ပေးခံခဲ့ရသော အရောင်း ဌာနမှ ဒုတိယ ဥက္ကဋ္ဌ အာဗင် ဂရက်ဆင်သည် ဒေါသ ဖြစ်နေသော မျက်နှာထားနှင့် စီလီယာ့ထံသို့ ချဉ်းကပ်လာသည်။

'ဒီမှာ ကလေးမ၊ မင်းမှာ အာဃာတတွေ များလွန်းတယ်၊ အတွေးအခေါ်တွေ မှားတယ်၊ ရဲတင်းလွန်းတယ်၊ မင်း တင်ပြတဲ့ အချက်အလက်တွေဟာ မှားနေတယ်၊ မင်း နောင်တ ရရလိမ့်မယ်၊ မင်းကို နောက်မှ အရေးယူမယ်၊ ခု လောလောဆယ်မှာတော့ မင်း ဒီ ဆွေးနွေးပွဲ ခန်းမထဲက ထွက်သွားပါ'

စီလီယာက ပြောလိုက်၏။

'ဆရာရယ်၊ ကျွန်မ စုဆောင်းထားတဲ့ စာရွက် စာတမ်းတွေကိုတောင် အနည်းဆုံး မကြည့်တော့ဘူးလား'

'ကျုပ် ဘာကိုမှ မကြည့်ဘူး၊ မင်း ဒီက ထွက်သွားပါ'

'မင်္ဂလာ ရှိသော မွန်းလွဲပိုင်းပါ မစ္စတာ ဂရက်ဆင်'

စီလီယာသည် ခေါင်းကို မော့ပြီး ထွက်ပေါက်ဆီသို့ ခပ်မှန်မှန် လျှောက်သွားတော့သည်။

သူ ဒီတစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရလေပြီ။ သို့ရာတွင် အားနွဲ့သူ တစ်ဦး အဖြစ် ထွက်ခွာသွားလိုစိတ် လုံးဝ မရှိပါ။

သူ ခန်းမဆောင်ထဲ ဖြတ်လျှောက်သွားစဉ် အချို့သော အမျိုးသားများက ကရုဏာ သက်သော မျက်နှာထားနှင့် ကြည့်နေကြကြောင်း သတိ ထားလိုက်မိသည်။

'ကျေးဇူးပြုပြီး ခဏ နေပါဦး'

ဖြုန်းခနဲ မည်သည့် နေရာက ပေါ်ထွက်လာမှန်း မသိသော အသံ တစ်သံသည် အသံချဲ့စက်မှ ပေါ်ထွက်လာသဖြင့် စီလီယာ လန့်သွားမိ၏။

'မစ္စစ် ဂျော်ဒန်၊ ခဏ စောင့်ပါဦး'

စီလီယာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ ထို့နောက် 'မစ္စစ် ဂျော်ဒန်၊ စောင့်ပါဦး' ဆိုသော ထိုအသံ ထပ်မံ ပေါ်ထွက်လာသဖြင့် သူ ရပ်တန့်လိုက်သည်။

ပြန် လှည့်ကြည့်လိုက်သော အခါ ထို အသံသည် ဆမ် ဟော့သုန်း၏ အသံ ဖြစ်ကြောင်း တအံ့တသြ တွေ့လိုက်ရသည်။





ဆမ်သည် စကားပြောစင်ပေါ်ရှိ မိုက်ခွက် ရှေ့တွင် ရောက်ရှိနေသည်။ ကျန်ပုဂ္ဂိုလ်များသည်လည်း အထိတ်တလန့် ဖြစ်နေကြသည်။

'ဆမ်၊ ဘာလုပ်တာလဲ'

အာဗင် ဂရက်ဆင်၏ အထိတ်တလန့် အမေးကို ဆမ် ဟော့သုန်းက

'အာဗင်၊ ခင်ဗျား သည်းခံနိုင်မယ် ဆိုရင် မစ္စစ် ဂျော်ဒန် မသွားခင် အားလုံး ကြားစေချင်တဲ့ စကားကို ကျုပ် ပြောချင်ပါတယ်'

အာဗင်က စကားပြော စင်မြင့်ဆီသို့ မော့ကြည့်ပြီး စိတ်တိုတိုနှင့် မေးလိုက်၏။

'ကဲ ဘာပြောမှာလဲ'

'ဒီလိုပါ အာဗင်၊ ကျုပ် ကိုယ်တိုင် စာရင်းထဲမှာ ထည့်ပြီး ရေတွက် ခံချင်တဲ့ အတွက်လို့ ဆိုနိုင်ပါလိမ့်မယ်'

'ဘယ်လို ထည့်ပြီး ရေတွက်ရမှာလဲ'

ယခု တစ်ကြိမ်တွင် မတ်တတ် ထနေပြီ ဖြစ်သော အီလီ ကမ်ပါဒေါင်းက မေးလိုက်ခြင်း ဖြစ်သည်။

'မစ္စစ် ဂျော်ဒန်လို မိန့်ခွန်း ပြောရဲတဲ့ သတ္တိ ကျုပ်မှာလည်း ရှိချင်ပါတယ် ဆိုတာကို မှတ်တမ်း ဝင်စေချင်လို့ပါ၊ နောက်တစ်ချက်ကလည်း ကျုပ်တို့ရဲ့ ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းက ကိုယ့်ဘာသာကိုယ် မပြုပြင်ကြရင် ဥပဒေနှင့် အတင်း ပြင်ခိုင်းလိမ့်မယ် ဆိုတဲ့ အယူအဆကို သဘော တူပါတယ်၊ နောက်ဆုံး တစ်ချက်ကတော့ မစ္စစ် ဂျော်ဒန်နှင့် ပတ်သက်ပါတယ်၊ သူဟာ ဒီကုမ္ပဏီကို အကျိုးပြုသူ ဖြစ်ကြောင်း ကြိမ်ဖန်များစွာ သက်သေ ပြခဲ့ပါတယ်၊ ကျုပ် အယူအဆ အရ ဆိုရင် သူက ခုတစ်ကြိမ် အကျိုး ပြုလိုက်ပြန်ပါပြီ၊ သူ့ကို ဒီပုံစံနှင့် ဒီအခန်းထဲက ထွက်ခွာသွားခွင့် ပြုလိုက်မယ် ဆိုရင် ကျုပ်တို့ အားလုံးဟာ အင်မတန် အမြင် ကျဉ်းတဲ့ လူမိုက်တွေ ဖြစ်ကြပါလိမ့်မယ်'

စီလီယာသည် သူ ကြားနေသည့် စကားကို မယုံနိုင်အောင်ပင် ဖြစ်နေမိသည်။ ဆမ် ယခု ပြုလုပ်လိုက်သော ကိစ္စသည် သူ့ ရာထူး၊ သူ့ မျှော်မှန်းချက်နှင့် ဖဲလ်ဒင်း ရော့သ်မှ သူ့ အတွက် အလွန် ကောင်းမွန်သော အလားအလာတို့ကို စီလီယာ့ အတွက် စွန့်လွှတ်လိုက်ခြင်းပင် ဖြစ်ကြောင်း စီလီယာ သဘော ပေါက်လိုက်သည်။

ဤတွင် အီလီ ကမ်ပါဒေါင်းသည် သူ့ ထိုင်ခုံသို့ ပြန်သွားပြီး ဘုတ်အဖွဲ့ ချယ်ယာမင် ဗန်ဟောက်တင်နှင့် ကမန်းကတန်း ဆွေးနွေးလေတော့သည်။

ပထမတွင် ဗန်ဟောက်တင်က ခေါင်းခါ နေသေးသော်လည်း နောက်ဆုံးတွင် အင်တင်တင်နှင့် သဘော တူလိုက်၏။

ဤတွင် အီလီ ကမ်ပါဒေါင်းက ဂရက်ဆင်ကို သူတို့ဆီသို့ လက်ပြ၍ ခေါ်လိုက်သည်။

အထက် လှေကြီးပိုင်းတွင် ဆွေးနွေး ဆုံးဖြတ်နေကြခိုက် ကျန်ပုဂ္ဂိုလ်များက စောင့်ဆိုင်းနေကြသည်။ ဂရက်ဆင် စကားပြော စင်မြင့်ပေါ်သို့ ပြန်တက်သွားချိန်တွင် အသံများ တိတ်ဆိတ်သွားသည်။

ဂရက်ဆင်က စကားပြောခွက်ကို ဆမ် ဟော်သုန်းထံမှ လှမ်းယူလိုက်၏။ ဆမ် ဟော်သုန်း သူ့ ထိုင်ခုံဆီသို့ ပြန်သွားသည်။ ဂရက်ဆင်သည် စိတ်ဝင်စားနေကြသော မျက်နှာများအား လျှောက်ကြည့်လိုက်ပြီး နောက် ထိရောက်မှု ရှိအောင် ခေတ္တမျှ ဆိုင်းငံ့လိုက်ပြီး အားရပါးရ ပြုံးလိုက်သည်။

'ကျုပ်တို့ရဲ့ ရောင်းဝယ်ရေး ဆွေးနွေးပွဲတွေနှင့် ပတ်သက်ပြီး ဘယ်သူက ဘာပဲပြောပြော မပျင်းစေရပါဘူးလို့ အမြဲတမ်း အာမခံပါတယ်'

အားလုံး ရယ်လိုက်ကြ၏။

'ကျုပ်ကို ချယ်ယာမင်ကြီးနှင့် ဥက္ကဋ္ဌတို့က ညွှန်ကြားလိုက်ပါတယ်၊ လွန်ခဲ့တဲ့ အချိန်ပိုင်းကလေးက ဆိုရင် ကျုပ်တို့ အားလုံး အလျင်စလို လုပ်မိကြတော့မလို့၊ မိုက်မိုက်ကန်းကန်းတောင် လုပ်မိကြတော့မလို့ပါပဲ၊ ကျုပ်ငယ်ငယ်တုန်းက ဆိုရင် ကိုယ် လုပ်တာ မှားရင် ရဲရဲကြီး ဝန်ခံ ရဲရမယ်လို့ အမေက ဆုံးမလေ့ ရှိပါတယ်၊ ကဲ မစ္စစ် ရော်ဒန်၊ ဒီအပေါ်ကို ကြွပါ၊ ဆမ် ခင်ဗျားလည်း လာပါ'

သူတို့ အားလုံး စကားပြော စင်မြင့်ပေါ်သို့ ရောက်လာကြသော အခါ ဂရက်ဆင်က ပြောလိုက်၏။

'မစ္စစ် ရော်ဒန်ကို ကျုပ် တောင်းပန်ကြောင်း ကြေညာပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်၊ ခင်ဗျားရဲ့ အကြံပေးချက်တွေကို ကျုပ်တို့ စဉ်းစားပါ့မယ်၊ ကဲ ကဲ ခင်ဗျား အတွက် ပင်ပန်းနေပါ့မယ်ဗျာ၊ စာတွဲကြီးကို ကျုပ်ဆီ လှမ်းပေးလိုက်ပါတော့'

ဂရက်ဆင်က ပရိသတ်ဘက်သို့ လှည့်လိုက်ပြီး

'ကျုပ်တို့ရဲ့ ကုမ္ပဏီဟာ အင်မတန် ကောင်းတဲ့ ကုမ္ပဏီကြီး ဖြစ်ကြောင်း သက်သေပြချက် တစ်ခုကို ခင်ဗျားတို့ မျက်မြင် တွေ့ကြရပြီ ဖြစ်ပါတယ်၊ နောင်ကိုလည်း...'





ကျန်ရှိနေသေးသော သူ့ စကားများသည် ပရိသတ်၏ ဩဘာ ပေးမှုအောက်တွင် ပျောက်ကွယ်သွားရလေ၏။ ခဏ အကြာတွင် စီလီယာအား ချီးကျူးမည့် ပုဂ္ဂိုလ်များသည် ဝိုင်းရံ၍ လာကြတော့သည်။

ရက်သတ္တ တစ်ပတ် အကြာတွင် စီလီယာ၏ အကြံပြုချက် အတိုင်း ဖဲလ်ဒင်းရှော့သ် ကုမ္ပဏီ၌ ရောင်းဝယ်ရေး သင်တန်း ဌာနကို ဖွင့်လှစ်လိုက်ပြီး စီလီယာအား လက်ထောက် ညွှန်ကြားရေးမှူး အဖြစ် တိုးမြှင့် ခန့်ထားလိုက်လေသည်။

၈

၁၉၆၀ ပြည့်နှစ် အတွက် ကျန်ရှိနေသေးသော ကာလနှင့် ၁၉၆၁ ခုနှစ်တို့တွင် စီလီယာသည် ဖဲလ်ဒင်း ရှော့သ်မှ ဆေး အရောင်း ကိုယ်စားလှယ်များအား သင်တန်း ပို့ချမှု လုပ်ငန်းထဲတွင် နစ်မြုပ်နေခဲ့သည်။

စီလီယာနှင့် ညွှန်ကြားရေးမှူး အသစ် ဖြစ်သူ တက်ဒီ အပ်ရှောတို့သည် ဆွေးနွေး ညှိနှိုင်းကြပြီး တာဝန် ဝတ္တရားများကို ခွဲဝေ ယူလိုက်ကြသည်။

စီလီယာက သင်တန်း အတွက် သင်ရိုး ညွှန်းတမ်းကို ရေးဆွဲပေးသည်။ တက်ဒီ အပ်ရှောက ထိုသင်တန်းကို အကောင်အထည် ဖော်သည်။

သင်တန်း ပို့ချရာတွင် လိုအပ်သော သိပ္ပံဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ သုတေသန ဌာနမှ အကူအညီများကို မကြာခဏ တောင်းခံရန် လိုအပ်သောကြောင့် စီလီယာသည် ဒေါက်တာ လော့ဒ်နှင့် မကြာခဏ ဆွေးနွေးရလေ့ ရှိသည်။

ထိုကဲ့သို့ ဆွေးနွေးတိုင်း အဆင်မပြေ ဖြစ်ရလေ့ ရှိသည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်သည် အသက် သုံးဆယ့် ခြောက်နှစ်သာ ရှိသေးပြီး စီလီယာထက် အသက် ခုနစ်နှစ် ကြီးသော်လည်း သူ့ပညာ အရည်အချင်းမှာ အထင် ကြီးလောက်ပါပေသည်။ သူ့ပညာ အရည်အချင်းတွင် ဝစ်စ်ကွန်ဆင် တက္ကသိုလ်မှ ဘီအက်စ်စီ (ဂုဏ်ထူး) ဘွဲ့နှင့် အီလီနွိုက် တက္ကသိုလ်မှ ပီအိပ်ချ်ဒီ ဘွဲ့တို့ ပါဝင်သည့် အပြင် သိပ္ပံ အဖွဲ့အစည်းများတွင်လည်း ပါဝင်ခွင့် ရရှိထားသည်။

ဒေါက်တာ လော့ဒ်သည် အီလီနွိုက် တက္ကသိုလ်တွင် လက်ထောက်ပါမောက္ခ အဖြစ် ဆောင်ရွက်နေစဉ် သိပ္ပံဆိုင်ရာ စာတမ်းများကို ရေးသားခဲ့သည်။ ပဋိသန္ဓေတား ဆေးလုံးများနှင့် ပတ်သက်၍ သူ ရေးသား တင်ပြခဲ့သော စာတမ်းကြောင့် ဆေးလုံး ထုတ်လုပ်ရာတွင် တိုးတက်မှုများ ရရှိခဲ့သည်။ သူသည် တစ်နေ့သော အခါတွင် အလွန် အရေးကြီးသော ဆေးဝါးကောင်း တစ်လက်ကို ရှာဖွေ ဖော်ထုတ်နိုင်မည့် ပုဂ္ဂိုလ် ဖြစ်ကြောင်း အများက မျှော်လင့်ခဲ့သူလည်း ဖြစ်သည်။

သို့ရာတွင် ဒေါက်တာ ဗင်းစင့် လော့ဒ်သည် အလွန် ပေါင်းရ သင်းရခက်သူ ဖြစ်သည်။

သို့တိုင်အောင် ရောင်းဝယ်ရေး သင်တန်း အတွက် သုတေသန ဌာနမှ ရရှိသော အကူအညီမှာ မြောက်မြောက်မြားမြား ရှိပါပေသည်။

ဆေးဝါးများကို လက်လီ ရောင်းချသော လုပ်ငန်း၏ အရည်အသွေးအား မြှင့်တင်ရန် ဆိုသော အစီအစဉ်မှာ အပြည့်အဝ အောင်မြင်မှု မရရှိသလို ရာနှုန်းပြည့် လက်ခံကြခြင်းလည်း မရှိပါ။ ဆေးရောင်း ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်မှုကို အကဲဖြတ်နိုင်အောင် ဆရာဝန်များထံ ပေးပို့သော လျှို့ဝှက်မေးခွန်းလွှာများအား ကောက်နုတ်၍ စစ်ဆေးသော စနစ်ကို စီလီယာက တီထွင်လိုသော်လည်း ထိုအကြံပြုချက်ကို ပယ်ချလိုက်သည်။

ထို့နောက် ဆေးရောင်း ကိုယ်စားလှယ်များနှင့် ပတ်သက်၍ ဆရာဝန်များက တိုင်ကြားသော စာများအား ရောင်းဝယ်ရေး သင်တန်း ဌာနတွင် မှတ်တမ်းတင် ထားရှိလိုကြောင်း စီလီယာက တင်ပြခဲ့သော်လည်း ထိုစာများကို ရရှိပါသည်ဟု မည်သူကမျှ ဝန်မခံခဲ့ကြပါ။ အကယ်၍ ထိုစာများကို ပေးပို့ခဲ့ကြပါကလည်း ထိုစာများသည် ဖိုင်တွဲများထဲတွင် နစ်မြုပ်နေကြပုံ ရပေသည်။

၁၉၆၀ ပြည့်နှစ်တွင် ဆေးဝါး လုပ်ငန်းနှင့် ပတ်သက်သော သတင်းများသည် နေ့စဉ်လိုလို ဖော်ပြ ပါရှိလာသည်။

ဆီနေတာ ကီးဖော ဦးဆောင်သော စုံစမ်းရေး အဖွဲ့၏ ဆက်လက် စစ်ဆေးမှုများသည် သတင်းစာဆရာများ အတွက် သတင်းထူးများ ရရှိစေသည့် ရွှေအိုးကြီး ဖြစ်နေသလို ဖဲလ်ဒင်း ရော့သ်လို ကုမ္ပဏီများ အတွက် မမျှော်လင့်သော ဝေဒနာ တစ်ရပ်လည်း ဖြစ်နေရပေသည်။





ထိုကဲ့သို့သော လွှတ်တော် စုံစမ်း စစ်ဆေးမှုများသည် နိုင်ငံရေးကို အသားပေးလေ့ ရှိပြီး ဆန္ဒကတိများ များပြားလှသော်လည်း အရုပ်ဆိုး အကျည်းတန်သော အမှန်တရား အချို့ ပေါ်ပေါက်လာခဲ့ရပေသည်။

ဆီနေတာ ကီးဖော၏ စုံစမ်း စစ်ဆေးမှုကြောင့် ဆေးဝါးများ၏ ဈေးနှုန်းကို မတန်တဆ တိုးမြှင့် သတ်မှတ်ထားမှုများ၊ ကုမ္ပဏီ အချင်းချင်း မတရား ပူးပေါင်း၍ ဥပဒေမဲ့ ဈေးနှုန်း ညှိနှိုင်း သတ်မှတ်မှုများ၊ ဆေးဝါး ပေးသွင်းခွင့် ကန်ထရိုက် ရရှိရေး အတွက် မသမာသော နည်းလမ်းများကို သုံးစွဲ၍ ဈေးနှုန်း တင်သွင်းမှုများ၊ ဆရာဝန်များထံ ပေးပို့သော ဆေးကြော်ငြာများတွင် ဆေးတန်ပြန်မှုများကို လျော့နည်း ဖော်ပြထားမှု၊ လုံးဝ မဖော်ပြဘဲ ထားရှိမှု၊ အစားအသောက်နှင့် ဆေးဝါး အုပ်ချုပ်ရေး ဌာနအား ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများက ထိုးဖောက် စည်းရုံးမှု၊ အက်ဖ်ဒီအေမှ အရာရှိကြီး တစ်ဦးအား ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီကြီး တစ်ခုက ဉာဏ်ပူဇော်ခ စုစုပေါင်း ဒေါ်လာ နှစ်သိန်း ရှစ်သောင်း ခုနစ်ထောင် ပေးခဲ့သည့် ကိစ္စရပ်များ ပေါ်ပေါက်လာသည်။

ချုပ်၍ ဆိုရမည် ဆိုပါက ဒီဇင်ဘာလတွင် စီလီယာက အင်ဒရူးအား ပြောခဲ့သည့် အတိုင်း ထိုနှစ်သည် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်း အတွက် ဂုဏ်ယူ ကြွားဝါနိုင်သော နှစ်တစ်နှစ် မဟုတ်ခဲ့ပါ။

ထိုနှစ် အောက်တိုဘာလတွင် စီလီယာ၏ အချိန်ဇယား အတိုင်း ဒုတိယကလေးကို မွေးဖွားခဲ့သောကြောင့် ထိုအချိန်တွင် စီလီယာ အလုပ်ခွင်မှ နားနေချိန်ပင် ဖြစ်သည်။ ဒုတိယ ကလေးမှာ ယောကျ်ားလေး ဖြစ်သောကြောင့် ဘရစ်ဟု နာမည် ပေးခဲ့ကြသည်။

လွန်ခဲ့သော လပေါင်း အနည်းငယ်က တစ်ဆယ့် ကိုးနှစ် အရွယ် အင်္ဂလိပ် အမျိုးသမီးကလေး ဝင်နီ ဩဂတ်စ်ကို အိမ်ဖော် အဖြစ် ရရှိခဲ့သောကြောင့် အင်ဒရူး ဇနီး မောင်နှံသည် သက်သောင့်သက်သာ နေနိုင်ခဲ့ကြလေပြီ။

၁၉၆၀ ပြည့်နှစ် ကုန်ဆုံးခါနီးတွင် စီလီယာ သတိ ထားမိသော ကိစ္စတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ဂျာမန် အိပ်ဆေး သာလီဒိုမိုက်ကို ကီဗာဒွန်ဟု အမည် ပြောင်းထားသော ဆေးအား ရောင်းချခွင့် ပြုရန် မာရဲလ် ကုမ္ပဏီက အက်ဖ်ဒီအေသို့ တင်ပြ လျှောက်ထားခဲ့သည်။ မာရဲလ် ကုမ္ပဏီသည် ထိုဆေးကို ကြီးကြီးကျယ်ကျယ် ရောင်းချရန် စီစဉ်ထားရှိပြီး ဆေးနမူနာများကို စမ်းသပ်သုံးစွဲပေးရန် ဆရာဝန် တစ်ထောင်ကျော်အား ဝေငှ ပေးခဲ့လေသည်။

ဘာရစ်အား မွေးဖွားပြီးနောက် စီလီယာသည် ဒီဇင်ဘာ လလယ်တွင် အလုပ်ခွင်သို့ ပြန်ဝင်ခဲ့သည်။ စီလီယာ အလုပ်ခွင်သို့ စောစောစီးစီး ပြန်ဝင်လာခြင်းမှာ ထိုရာသီသည် သင်တန်း ဌာနတွင် အလုပ် အလွန် များသော အချိန် ဖြစ်နေသောကြောင့်ပင်တည်း။

အင်ဒရူးတွင်လည်း ပြဿနာ တစ်ခု ရှိနေသည်။ ထိုပြဿနာမှာ ဒေါက်တာ နိုအာ တောင်းဆင်းနှင့် ပတ်သက်သည်။ အင်ဒရူးသည် ဒေါက်တာ နိုအာ တောင်းဆင်းနှင့် ပတ်သက်သော အရုပ်ဆိုးသည့် ကိစ္စ တစ်ရပ်ကို တွေ့ရှိလာရပြီး ဒေါက်တာ တောင်းဆင်းသည် ဆေးကုသမှု ပြုလုပ်ရန် အရည်အချင်း ပြည့်ဝမှု ရှိ မရှိ မေးခွန်း ထုတ်စရာ ဖြစ်လာရလေပြီ။

ဒေါက်တာ နိုအာ တောင်းဆင်းသည် မူးယစ်ဆေးဝါး စွဲနေသူ တစ်ဦး ဖြစ်နေသောကြောင့်ပင်တည်း။

## ၉

ယခု အချိန်တွင် အသက် ငါးဆယ့် ရှစ်နှစ် ရှိနေပြီ ဖြစ်သော ဒေါက်တာ တောင်းဆင်းသည် အတွေ့အကြုံ များပြားပြီး ရင့်ကျက်သော ဆရာဝန်ကြီး တစ်ယောက် ဖြစ်သည်ဟု နှစ်ပေါင်း များစွာကပင် လက်ခံ ထားခဲ့ကြသည်။ သူသည် ဆင်းရဲ ချမ်းသာ မရွေး လူနာ မှန်သမျှကို ကရုဏာ ရှေ့ထား၍ ညီတူညီမျှ ဆက်ဆံလေ့ ရှိသည်။ သူ့ရုပ်သွင်က ထူးခြားသည်။ သူ့ အမူအရာက အမြဲတမ်း ယဉ်ကျေးသည်။ သိက္ခာ ရှိသည်။ ရောဂါ စစ်တမ်း ထုတ်ရာတွင်လည်း သူမတူအောင် ထူးချွန်သည်။ ထို့ကြောင့် သူ့ကို ကြည်ညိုသူ လူနာပေါင်း များစွာ နိုင်နိုင်မာမာ ရှိနေကြသည်။

အင်ဒရူးသည် ဒေါက်တာ တောင်းဆင်း၏ ဆေးကုသမှု စွမ်းရည်ကို လေးစားသည်။ ထို့အတူ သူတို့ နှစ်ဦး အကြားတွင် ခင်မင် တွယ်တာမှု သံယောဇဉ်များသည်လည်း ခိုင်မြဲစွာ ဖြစ်ပေါ်နေခဲ့လေပြီ။ အင်ဒရူးက ဒေါက်တာ တောင်းဆင်းအား ကြည်ညိုသည့် အခြား အချက် တစ်ချက်မှာလည်း သူသည် ဆေးလောကတွင် ခေတ်နောက်ကျပြီး မကျန်ရစ်ခဲ့အောင် စနစ်တကျ လေ့လာဖတ်ရှုလေ့ ရှိခြင်းပင် ဖြစ်သည်။ သူနှင့် ရွယ်တူ ဆရာဝန် အများစုသည် ဖတ်ရှု လေ့လာလေ့ မရှိကြပါ။





နိုဝင်ဘာလ၏ တစ်ညနေခင်းတွင် အင်ဒရူးသည် နားရက် ယူသည့် ကိစ္စကို ဆွေးနွေးရန် ဒေါက်တာ တောင်းဆင်း၏ ရုံးခန်းထဲသို့ တံခါးကို ခပ်ဖွဖွ ခေါက်ပြီး ဝင်သွားခဲ့သည်။

တောင်းဆင်းသည် အင်ဒရူးကို ကျောပေးနေရာမှ လန့်သွားသောကြောင့် ချာခနဲ လှည့်လိုက်ရာ သူ့ လက်ဖဝါးထဲတွင် အတော် ခပ်များများ ရှိနေသော ဆေးပြားများနှင့် ဆေးတောင့်များကို ကွယ်ဝှက်ရန် မေ့လျော့ သွားလေတော့သည်။ သို့တိုင်အောင် ဒေါက်တာ တောင်းဆင်းသည် ဣန္ဒြေ မပျက်ခဲ့ပါက အင်ဒရူး ရိပ်မိခဲ့လိမ့်မည် မဟုတ်ပါ။

ရှက်စိတ်ကြောင့် အသား နီရဲသွားသော တောင်းဆင်းသည် အားတင်းလိုက်ပြီး ဆေးပြားနှင့် ဆေးတောင့်များကို ပါးစပ်ထဲသို့ ထည့်၍ ရေ တစ်ဖန်ခွက်နှင့် မျိုချလိုက်လေ၏။

ထိုကိစ္စ၏ ထူးခြားမှုကို လျစ်လျူရှုနိုင်စွမ်း မရှိသော တောင်းဆင်းက ပေါ့ပျက်ပျက် ဖြစ်သွားအောင် ကြိုးစားလိုက်သည်။

'ငါ ခိုးစားတာကို မင်း မြင်သွားပြီကိုး၊ ခုတလော စိတ်ရှုပ်စရာတွေကလည်း များတော့ တစ်ခါတလေ လုပ်မိပါတယ်ကွာ၊ ဒါပေမဲ့ ငါက လက်ပောင်း ဝါရင့် သမားတော်ကြီး ဆိုတော့ ငါ့ဇာတ်ကို ငါနိုင်အောင် ကနိုင်ပါတယ်ကွ'

ဒေါက်တာ တောင်းဆင်း၏ ဖြေရှင်းချက်ကို အင်ဒရူး မယုံကြည်ပါ။ ဗလုံးဗထွေး ဖြစ်နေသော စကားသံက ထိုဆေးလုံး ဆေးတောင့်များသည် ထိုနေ့ အတွက် ဒေါက်တာ တောင်းဆင်း ပထမဦးဆုံး သောက်သုံးခဲ့သော ဆေးများ မဟုတ်ကြောင်း ဖော်ပြနေကြပါသည်။

'ခင်ဗျား ဘာတွေ သောက်နေတာလဲ'

'ဒက်ဆီဒရင်းတို့ ပါကိုဒန်တို့ပါကွာ၊ ဒီမှာ အင်ဒရူး ဒီကိစ္စက ဘယ်လောက်များ အရေးပါနေလို့လဲ၊ ငါ့ဇာတ်ကို ငါနိုင်အောင် ကနိုင်ပါတယ်လို့ ပြောထားပြီးပြီပဲ၊ ကဲ မင်း ငါ့ကို လာတွေ့တဲ့ ကိစ္စက ဘာလဲ'

ဤတွင် အင်ဒရူးသည် သူ လာရင်း ကိစ္စကို ခပ်မြန်မြန် ဆွေးနွေးပြီး ပြန်ထွက်သွားလေတော့သည်။ သူ စဉ်းစားဖို့ လိုအပ်နေသည်။ တစ်ယောက်တည်း ရှိနေဖို့ လိုအပ်နေသည်။

အင်ဒရူးသည် ထိုဆေးပြား၊ ဆေးတောင့်များ၏ ပမာဏကို အံ့အားသင့်မိသည်။ ဆေးပြား ဆေးတောင့် တစ်ဒါဇင် သို့မဟုတ် ဆယ့်ငါးလုံးထက် နည်း

လိမ့်မည် မဟုတ်ပါ။ ဒေါက်တာ တောင်းဆင်း၏ ဝန်ခံချက် အရ ထိုဆေးများသည် စိတ်ကြွဆေးများနှင့် စိတ်နှိမ်ဆေးများ ဖြစ်ကြသည်။ အရည်အချင်းပြည့်ဝသော မည်သည့် ဆရာဝန်ကမှ ထိုဆေးများကို တွဲဖက်၍ သုံးစွဲစေလိမ့်မည် မဟုတ်ပါ။ ထိုဆေးများ၏ ပမာဏနှင့် ပေါ့ပေါ့တန်တန် အမှုအရာများက ဆေးစွဲနေသူ တစ်ဦး၏ အမှတ်အသားများပင် ဖြစ်ကြောင်း အင်ဒရူး နားလည်လိုက်သည်။

သူ ဘာ ဆက်လုပ်ရမည်နည်း။ ချက်ချင်း ဆောင်ရွက်ရမည့် ကိစ္စမှာ ဆေးဝါးများ အကြောင်း သူ ပို၍ သိလာအောင် လေ့လာရန်ပင်တည်း။

သူသည် နောက်ထပ် ရက်သတ္တ နှစ်ပတ် အတွင်း အချိန်အား ရသရွေ့ ဆေးပညာရပ်နှင့် သက်ဆိုင်သော ရည်ညွှန်း စာကြည့်တိုက်များသို့ သွားရောက်လေ့လာခဲ့သည်။ အမေရိကန် ဆေးပညာ အသင်းက ဆရာဝန် စုစုပေါင်း၏ ငါး ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါး သုံးစွဲမှု၊ အရက် သေစာ စွဲမှုတို့ကြောင့် အဖတ်ဆယ် မရအောင် ပျက်စီးနေကြကြောင်း ခန့်မှန်းထားသည်။

အမေရိကန် ဆေးပညာ အသင်းက ထိုပမာဏ အထိ ခန့်မှန်းထားသည် ဆိုပါက တကယ် ပျက်စီးနေသော ပမာဏမှာ ပို၍ များပြားလိမ့်မည်ဟု အင်ဒရူးက ခန့်မှန်းကြည့်လိုက်သည်။ အချို့ကမူ ဆယ် ရာခိုင်နှုန်းမှ ဆယ့်ငါး ရာခိုင်နှုန်း အထိ ရှိသည်ဟု ယူဆကြသည်။

ဆရာဝန်များ မူးယစ် ဆေးဝါး စွဲသွားကြရခြင်းမှာ ကိုယ့်ကိုယ်ကိုယ် အထင် ကြီးမှုကြောင့် ဖြစ်သည်ဟု သုံးသပ်ကြသည်။ ဆေးဝါး အကြောင်း နှောကျေအောင် နားလည်ကြသောကြောင့် ဆေးစွဲသည် အထိ ဖြစ်လာလိမ့်မည် မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကြသောကြောင့် ဖြစ်သည်။ နောက် တစ်ချက်မှာ မူးယစ် ဆေးများကို အရ လွယ်သောကြောင့်လည်း ဖြစ်သည်။ ဆရာဝန်များသည် မည်သည့် ဆေးဝါးကို မဆို ဆေး အရောင်း ဈေးသည်ထံမှ လိုချင်သော ပမာဏ အထိ ရနိုင်လေ့ ရှိသည်။

အင်ဒရူး၏ လေ့လာ စုံစမ်းချက်များ အရ ဆေးစွဲပြီး ဒုက္ခ ရောက်နေသော ဆရာဝန်များအား ကူညီရန် သို့တည်းမဟုတ် ထိုဆရာဝန်များ၏ လူနာများအား အကာအကွယ် ပေးမည့် စီမံချက်များ မရှိကြောင်း သိလာရသည်။ ဆေးဝန်ထမ်း လောကသည် ဤကိစ္စကို ဥပေက္ခာ ပြုထားလေ့ ရှိသည်။ ဥပေက္ခာ မပြုနိုင်သော အချိန်တွင်မူ ဖုံးဖိပေးလေ့ ရှိကြသည်။ ဆရာဝန် တစ်ဦးဦးသည် ဆေးစွဲနေကြောင်း အခြား မည်သည့် ဆရာဝန်ကမှ တိုင်ကြားခဲ့ခြင်း မရှိပါ။





ဆေးစွဲသော ဆရာဝန်များ ဆေးကုသခွင့် လိုင်စင် ဆုံးရှုံးသွားသည် ဆိုသော အမှုများကိုလည်း အင်ဒရူး ရှာမတွေ့ခဲ့ရပါ။

သို့တိုင်အောင် 'နိုအာ တောင်းဆင်း၏ လူနာများသည် ယခု အချိန်တွင် အန္တရာယ် ရှိနေကြပြီလော၊ သူတို့ နှစ်ယောက်သည် ဆေးခန်းကို စပ်တူ ဖွင့်လှစ်ထားပြီး တစ်ခါတစ်ရံတွင် အစား ဝင်၍ ကုသပေးလေ့ ရှိကြသောကြောင့် အင်ဒရူး၏ လူနာများသည်လည်း အန္တရာယ် ရှိနေကြပြီလော' ဆိုသည့် မေးခွန်းများက သူ့ကို ခြောက်လှန့်နေသည်။

ယခု အချိန် အထိ နိုအာ တောင်းဆင်းသည် ဆေးကုသရာတွင် အမှားအယွင်း မရှိသေးသော်လည်း ထိုအနေအထားသည် ဆက်လက်၍ တည်ရှိပါမည်လော။ သူ့ကို စိတ်ချနိုင်စွမ်း ရှိပါဦးမည်လော။ စိန့်ဘိဒ် ဆေးရုံတွင် ဆေးပညာ ဌာနကြီးမှူး အဖြစ် သူ ယူထားသော ကြီးမားလှသည့် တာဝန်ကလည်း မည်သည့် အနေအထားတွင် ရှိနေပါသနည်း။

အင်ဒရူး ပို၍ စဉ်းစားလေလေ မေးခွန်းက ပိုများလာလေလေ၊ အဖြေနှင့် ပိုဝေးသွားလေလေပင် ဖြစ်နေသည်။

နောက်ဆုံးတွင် သူက စီလီယာကို ဖွင့်ဟ၍ တိုင်ပင်ရတော့သည်။

စီလီယာက ဆေးရုံမှ တာဝန်ရှိသူ တစ်ဦးဦးအား ထိုကိစ္စကို လုပ်ဇာတ်ခင်း၍ ပြောပြရန်နှင့် ထိုပုဂ္ဂိုလ်၏ သဘောထားကို ယေဘုယျ မေးမြန်း စုံစမ်းကြည့်ရန် အကြံပေးသည်။

ဤတွင် အင်ဒရူးသည် ဆေးရုံ အုပ်ချုပ်ရေးမှူး လီယိုနတ် ဆွိသင်းထံ သွားရောက်ပြီး သူ့ထံမှ အကြံဉာဏ်များ ရယူလိုကြောင်း ပြောလိုက်သည်။

'ဘယ်လို အကြံဉာဏ်မျိုးလဲ အင်ဒရူး'

'အဲဒါက မူးယစ်ဆေးဝါးနှင့် ပတ်သက်နေတယ်'

အင်ဒရူးက အမှန်တကယ် ဖြစ်နေသော အဖြစ်အပျက်နှင့် ခပ်ဆင်ဆင် ဇာတ်လမ်း တစ်ပုဒ်ကို လုပ်ကြံ၍ တင်ပြလိုက်သည်။

သူ စကား ပြောနေစဉ် လီယိုနတ် ဆွိသင်း စိတ်ပျက်သွားပုံကို သူ သတိထားလိုက်မိသည်။

သူ့စကား အဆုံးတွင် ဆွိသင်းက အမိပွာယ်ပါပါ မတ်တတ် ရပ်လိုက်၏။

'အင်ဒရူး၊ တခြား ဆေးရုံက ပြဿနာတွေ မပါဘဲနှင့်တောင် ကျုပ်ဆီမှာ ပြဿနာတွေ အများကြီး ရှိနေတယ်၊ ဒါပေမဲ့ မင်းသူငယ်ချင်းကို သိပ် သတိထားပြီး ဆောင်ရွက်ပါလို့ ကျုပ်က အကြံ ပေးလိုက်ချင်တယ်၊ အထူးသဖြင့်

သူက ဆရာဝန် တစ်ယောက်ကို စွပ်စွဲနေတာ ဖြစ်တဲ့ အတွက် သူ လုပ်နေတဲ့ အလုပ်ဟာ အန္တရာယ် သိပ်များလှပါတယ်၊ ကဲ ကျူပ်မှာ လုပ်စရာတွေ ရှိသေးတယ်'

သူ သိနေပါသည်။ အင်ဒရူးက မည်သူ့ အကြောင်း ပြောပြနေသည်ကို လီယိုနတ် ဆွိသင်း တိတိကျကျ သိနေကြောင်း အင်ဒရူး နားလည်လိုက်သည်။

ထိုကိစ္စကို လီယိုနတ် ဆွိသင်းသာ သိခဲ့ရိုး မှန်လျှင် ဤဆေးရုံမှ အခြား ပုဂ္ဂိုလ်များလည်း သိကြမည်သာ ဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် အင်ဒရူးထက် ပို၍ ဝါရင့်ကြသူများ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များက မည်သို့မျှ ဆောင်ရွက်ခဲ့ကြခြင်း မရှိပါ။

အင်ဒရူးသည် အူကြောင်ကြောင်နှင့် ပြန်ရန် ဟန်ပြင်လိုက်၏။

လီယိုနတ် ဆွိသင်းက ပြောလိုက်သည်။

'မင်းကို နှင်လွှတ်ရတာ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ ဆေးရုံကို ဒေါ်လာ သန်းနှင့် ချီပြီး လှူမယ့် ဧည့်သည်တွေ လာဖို့ ရှိနေတယ်၊ တို့အတွက် အဲဒီလို အလှူငွေတွေ သိပ်လိုအပ်နေတယ်ကွ၊ ဒါနှင့် စကားမစပ် မင်း ဆရာ သမား နီအာလည်း လာလိမ့်မယ်၊ သူက အလှူငွေ ကောက်ခံတဲ့ နေရာမှာ သိပ် အကူအညီ ရတယ်၊ သူက လူတိုင်းနှင့် သိပုံရသလို လူတိုင်းကလည်း သူ့ကို သဘော ကျကြတယ်၊ ဒေါက်တာ တောင်းဆင်းသာ မရှိရင် ဒီဆေးရုံကြီးကို ဘယ်လို လုပ်ပြီး ဆက်ဖွင့် ထားနိုင်ပါ့မလဲလို့ တစ်ခါတလေ တွေးတောင် ကြည့်မိတယ်ကွာ'

ဒါပဲပေါ့။ သူ ပြောလိုက်သည့် စကားက ရှင်းပါသည်။

ဒေါက်တာ နီအာသည် ဤဆေးရုံ အတွက် အလွန် တန်ဖိုး ရှိသူ ဖြစ်နေသည်။ သူနှင့် ပတ်သက်၍ အရှက်ရစရာ ကိစ္စများ မဖြစ်ပေါ်စေချင်၊ ဝိုင်း၍ ဖုံးဖိပေးကြပါ၊ ပြဿနာ မရှိသလို ဟန်ဆောင် နေလိုက်ရင် သူ့အလိုလို ပြေလည် သွားပါလိမ့်မည်တဲ့။

နောက်ဆုံးတွင် အခြား ပုဂ္ဂိုလ်များ နည်းတူ ဘာမှ မလုပ်တော့ရန် အင်ဒရူး ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် ဒေါက်တာ နီအာ တောင်းဆင်း၏ ဆေးကုသသည့် လုပ်ငန်း မချွတ်ယွင်း မဆုတ်ယုတ်စေရေးနှင့် သူ့လူနာများ ဒုက္ခ မဖြစ်စေရေးတို့ အတွက် စောင့်ကြည့်ပေးရန် အင်ဒရူး သန္နိဋ္ဌာန် ချလိုက်သည်။

အင်ဒရူးက သူ့ ဆုံးဖြတ်ချက်ကို စီလီယာအား ပြောပြလိုက်သော အခါ စီလီယာက သူ့အား ထူးထူးဆန်းဆန်း ပြန်ကြည့်လိုက်၏။





'ရှင် ဘာဖြစ်လို့ အဲဒီလို ဆုံးဖြတ်တယ် ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဘာပဲပြောပြော အဲဒါ အတွက် ရှင် တစ်နေ့ကျရင် နောင်တ ရရလိမ့်မယ်'

## ၁၀

ဖဲလ်ဒင်း ရော့သ် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်း သုတေသန ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းစင့် လော့ဒ်သည် အသက် သိပ်မကြီးလှသေးသော သုံးဆယ့် ခြောက်နှစ် အရွယ်တွင် လူတိုင်း တောင့်တကြသော်လည်း လူတိုင်း မရနိုင်သော အောင်မြင်မှုကို ရရှိထားသူ ဖြစ်သည်။ သူသည် ရှုပ်ထွေးနေသော ကိုယ်ရည် ကိုယ်သွေး ပိုင်ရှင် ဖြစ်ပြီး စိတ်ပျက်စရာ မဟုတ်သော ကိစ္စများကို လိုက်လံ ရှာဖွေ၍ စိတ်ပျက်နေမည့် လူစား ဖြစ်သည်။

သူ စိတ်ပျက်နေသော ကိစ္စ တစ်ရပ်မှာ သူ ရသင့် ရထိုက်သော လေးစားမှုကို သိပ္ပံပညာရှင် လောကရှိ ပုဂ္ဂိုလ်များထံမှ မရရှိဟု အထင် ရောက်ပြီး စိတ်ပျက်နေခြင်းပင် ဖြစ်သည်။ သိပ္ပံပညာရှင် လောကမှ ပုဂ္ဂိုလ်များကလည်း ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ သိပ္ပံပညာရှင်များအား ယေဘုယျအားဖြင့် ဒုတိယတန်းစား ပုဂ္ဂိုလ်များဟု မကြာခဏ ဆိုသလို လွဲမှားစွာ မှတ်ယူထားလေ့ ရှိကြသည်။

သို့တိုင်အောင် သူသည် လွန်ခဲ့သော သုံးနှစ်က အီလီနွိုက် တက္ကသိုလ်တွင် လက်ထောက် ပါမောက္ခ အဖြစ် အမှု ထမ်းဆောင်နေရာမှ ဖဲလ်ဒင်း ရော့သ် ကုမ္ပဏီနှင့် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းသို့ သူ့ဆန္ဒ အလျောက် ပြောင်းရွှေ့ လာခဲ့ခြင်း ဖြစ်သည်။ သို့တိုင်အောင် တက္ကသိုလ် အပေါ် ထိုစဉ်က ဦးတည်နေခဲ့သော သူ့ ဒေါသနှင့် မကျေမချမ်း ဖြစ်မှုတို့သည် ယခုအချိန် အထိ ဆက်လက် တည်ရှိ နေဆဲပင် ဖြစ်ပြီး ထာဝရ တည်ရှိမည့် နာကြည်း ခံပြင်းမှုပင် ဖြစ်နေလေပြီ။

သူ ပညာရှင် လောကမှ ထွက်ခွာလာခဲ့မှုသည် အလျင်စလိုနှင့် မိုက်မဲသော လုပ်ရပ် ဖြစ်လေသလော။ သူသည် ထိုနေရာတွင် ဆက်၍ နေခဲ့မည် ဆိုပါက သို့တည်းမဟုတ် အခြား တက္ကသိုလ် တစ်ခုခုသို့ ပြောင်းရွှေ့မည် ဆိုပါက ယခုထက် ပို၍ လေးစားခံရသော နိုင်ငံတကာ သိပ္ပံပညာရှင် ဖြစ်လာလေမည်လော ဟူ၍ သူ့ ကိုယ်သူ မကြာခဏ ဆန်းစစ်ကြည့်မိခဲ့သည်။

ထိုဖြစ်ရပ်၏ နောက်ကွယ်မှ ဇာတ်လမ်းသည် လွန်ခဲ့သော ခြောက်နှစ်သို့မဟုတ် ၁၉၅၄ ခုနှစ်က စခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က ဗင်းစင့် လော့ဒ်သည် အီလီနွိုက် တက္ကသိုလ်မှ ဩဂင်းနစ်ဓာတုဗေဒတွင် ပီအိပ်ချ်ဒီ ဘွဲ့ကို ရရှိပြီး ဒေါက်တာ လော့ဒ် ဖြစ်လာခဲ့သည်။ ပီအိပ်ချ်ဒီ ဘွဲ့ အတွက် သူ တင်ပြသော ကျမ်းစာသည် ကောင်းမွန်သော ကျမ်းစာ တစ်စောင် ဖြစ်သည်။

သူ့ ရုပ်သွင်ကလည်း ပညာရှိ ပုံစံ ဝင်သည်။ သူ့ မျက်နှာသည် သေးသွယ် ပြေပြစ်ပြီး နှစ်လိုဖွယ် ကောင်းသည်။ နှစ်လိုဖွယ် မကောင်းသည့် ကိစ္စမှာ သူသည် ပြုံးရယ်ခဲသူ ဖြစ်ပြီး မကြာခဏ ဆိုသလို သောကကြောင့် မျက်မှောင်ကုတ်လေ့ ရှိခြင်းပင် ဖြစ်သည်။ သူသည် မျက်စိ မှုန်သောကြောင့် မျက်မှန်တပ်ရသည်။ အရပ် ရှည်သူ ဖြစ်ပြီး အစား အသောက်ကို မခံမင်သောကြောင့် ကိုယ်လုံး ကိုယ်ပေါက် သေးသွယ်သည်။ စိတ်လှုပ်ရှားလွယ်သော အမျိုးသားများနှင့် သဟာဇာတ ဖြစ်လေ့ ရှိသော အမျိုးသမီးများက ဒေါက်တာ လော့ဒ်ကို ဆွဲဆောင်မှု ရှိသူ အဖြစ် လက်ခံကြသည်။ အမျိုးသားများကမူ သူ့ကို နှစ်ခြိုက်သူလည်း ရှိသည်။ မနှစ်ခြိုက်သူလည်း ရှိသည်။

ဒေါက်တာ လော့ဒ်သည် စတီရွိုက် ဟော်မုန်းများ အကြောင်း နှံ့စပ်စွာ သိကျွမ်းသူ ဖြစ်သည်။ ထို ဟော်မုန်းများတွင် သန္ဓေ အောင်မှု၊ ကာမဆန္ဒစိတ် တက်ကြွစေမှုနှင့် ပဋိသန္ဓေ ထိန်းချုပ်မှုတို့ကို ဖြစ်ထွန်းစေသော တက်စ်တိုစတီရုန်း (အဖိုလိင် ဟော်မုန်း)၊ အက်စ်ထရိုဂျင် (အမလိင် ဟော်မုန်း) နှင့် ပရိုဂျက်စ်စတီရုန်း စသော အဖိုလိင်နှင့် အမလိင် ဟော်မုန်းတို့ ပါဝင်ကြပေသည်။

သက္ကရာဇ် ၁၉၅၀ ဆယ်စုနှစ်သည် သန္ဓေတား ဆေးလုံးများကို စတင်သုံးစွဲကြသော အချိန် ကာလ ဖြစ်သဖြင့် စတီရွိုက် ဟော်မုန်း ဘာသာရပ်သည် သိပ္ပံပညာရပ် လောကတွင်သာမက စီးပွားရေး နယ်ပယ်၌ပါ ကျယ်ကျယ်ပြန့်ပြန့် နေရာ ယူထားချိန် ဖြစ်သည်။

ဒေါက်တာ လော့ဒ်၏ စတီရွိုက် ဟော်မုန်း စမ်းသပ်သော လုပ်ငန်းမှာ အောင်မြင်မှု ရရှိနေသဖြင့် အီလီနွိုက် တက္ကသိုလ်၌ပင် ဖဲလိုးရှစ် လုပ်ငန်းအဖြစ် နှစ်နှစ်တာ ဆက်လက် လေ့လာနိုင်အောင် ရန်ပုံငွေ ရရှိရေး ကိစ္စကို အီလီနွိုက် တက္ကသိုလ်က အစိုးရ အဖွဲ့အစည်း တစ်ခုနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့သည်။





နှစ်နှစ်တာ ကာလ ကုန်ဆုံး လွန်မြောက်သွားသလို လေ့လာ စမ်းသပ်မှုများတွင်လည်း အောင်မြင်မှု ရရှိခဲ့ပါသည်။ သို့ရာတွင် ငါ လုပ်တာ မှန်ရဲ့လား ဟူ၍ ပြန်လည် ဆန်းစစ်တတ်သော သူ့ အကျင့်ကြောင့် ကိုယ်ရေးကိုယ်တာ ပြဿနာ အသေးစားကလေးများကလည်း ပေါ်ပေါက်လာခဲ့ရလေသည်။

အီလီနွိုက် တက္ကသိုလ်တွင် ဆက်နေသည်မှာ မှန်ကန်ပါရဲ့လား၊ အီလီနွိုက် တက္ကသိုလ်ကို အဆက်ဖြတ်၍ ဥရောပတိုက်သို့ သွားသင့်ပါသလား စသော မလိုအပ်သည့် မေးခွန်းများကို မေးရင်း သူ စိတ်တိုနေသည်။ ထိုကဲ့သို့ စိတ်တိုနေမှုက သူ့အား မိတ်ဆွေ အပေါင်းအသင်း နည်းပါးစေမည်သာ ဖြစ်ပေသည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်၏ အခြား အသွင်သဏ္ဌာန် တစ်ရပ်မှာ သူ့လုပ်ငန်းကို ဂုဏ်ယူခြင်းပင် ဖြစ်သည်။ သူ့လုပ်ငန်းများသည် ဂုဏ်ယူထိုက်သော လုပ်ငန်းများ ဖြစ်ကြပါပေသည်။ ထို့ကြောင့် ဖဲလိုးရှစ် လုပ်ငန်းကို နှစ်နှစ် ကြာအောင် ဆောင်ရွက်ပြီးသော အခါ သူ့ကို လက်ထောက် ပါမောက္ခနေရာတွင် ခန့်အပ်လိုက်သည်။ သူကလည်း ထိုရာထူးကို လက်ခံခဲ့သည်။ သို့တိုင်အောင် အီလီနွိုက် တက္ကသိုလ်၌ သူ ဆက်နေခဲ့ခြင်းမှာ မှန်ကန်ရဲ့လား ဆိုသော အတွေးက သူ့ကို ဒုက္ခ ပေးနေခဲ့ပါသည်။

သူသည် စတီရွိုက် ဟော်မုန်း ဘာသာရပ်တွင် အထူး ကျွမ်းကျင်သူ ဖြစ်သည် ဆိုသော သတင်းသည် အီလီနွိုက် တက္ကသိုလ်၌သာမက ရပ်ဝေးသို့ပင် ပျံ့နှံ့ ကျော်ကြားခဲ့သည်။ သူသည် လေးနှစ်ကျော် ကာလ အတွင်း သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်း ဆယ့်ငါးစောင်ကို ရေးသား ဖော်ပြခဲ့သည်။ တက္ကသိုလ်၌ ရာထူး အဆင့် အငယ်ဆုံး နေရာတွင် ရှိနေသူ တစ်ဦး အတွက် ထူးခြားပြောင်မြောက်သော လုပ်ရပ်ပင် ဖြစ်သည်။

ထိုကိစ္စက ဒေါက်တာ လော့ဒ်အား မကျေမချမ်း ဖြစ်စေခဲ့ခြင်းပင် ဖြစ်သည်။

သိပ္ပံနှင့် ဝိဇ္ဇာ ပညာရှင် လောကတွင် ရာထူး တိုးမြှင့် ပေးခံရမှုများသည် မြန်ဆန်မှု မရှိ နှေးကွေးလွန်းလှပါသည်။ ဒေါက်တာ လော့ဒ် အဖို့ နောက်တစ်ဆင့် တက်ရမည့် ရာထူးမှာ တွဲဖက် ပါမောက္ခ ရာထူးပင် ဖြစ်သည်။

ထိုရာထူးမှာ အမြဲတမ်း ရာထူး ဖြစ်သလို လစာ အနေနှင့်လည်း တစ်သက်တာတွက် ပူပင်ရန် မလိုတော့သည့် အနေအထားတွင် ရှိနေပေသည်။

တွဲဖက် ပါမောက္ခ ရာထူးတွင် ခန့်ထားခံရသည်နှင့် တစ်ပြိုင်နက် ထိုရာထူးမှ ဖယ်ရှား၍ မရတော့သလို မိမိ စိတ်ကြိုက် ဆောင်ရွက်နိုင်ခွင့်ကိုလည်း

ရရှိတော့မည် ဖြစ်သည်။ သူသည် ပညာရှင် အဆင့်သို့ ရောက်ရှိ သွားပေလိမ့်မည်။

ဗင်းစင့် လော့ဒ်သည် ထိုရာထူးသို့ တားမနိုင် ဆီးမရ ရောက်ရှိချင်စိတ်ဖြစ်ပေါ်နေသည်။ ယခု လောလောဆယ်ဆယ်တွင် ရောက်ရှိသွားချင်သည်။ သူ့အနေနှင့် နောက်ထပ် စောင့်ရမည့် နှစ်နှစ်တာ ကာလကို မစောင့်ချင်တော့ပါ။ ထို့ကြောင့် သူက ရာထူး မြန်မြန် တိုးအောင် ကြိုးပမ်းရန် ဆုံးဖြတ်လိုက်ပြီး မဟာ ဌာနမှူးနှင့် တွေ့ခွင့် တောင်းလိုက်လေတော့သည်။ သူက မဟာ ဌာနမှူးနှင့် ချိန်းဆိုထားသော နေ့ရက်သို့ မရောက်မီ သူ ပြုစုခဲ့သော စာတမ်းများ စာရင်းကို ကြိုတင်၍ ပေးပို့ ထားလိုက်လေသည်။

မဟာ ဌာနမှူး ရောဘတ် ဟဲရစ်သည် ၁၉၅၇ ခုနှစ်၊ မတ်လ၏ တစ်နံနက်ခင်းတွင် ဒေါက်တာ လော့ဒ်၏ စာတမ်း စာရင်းကို လှန်လှောကြည့်ရင်း မည်သည့်အတွက်ကြောင့် ထိုစာရင်းကို ပေးပို့ထားခြင်း ဖြစ်လေသနည်းဟု တွေးတောနေမိသည်။ ဗင်းစင့် လော့ဒ်လို စိတ်တိုလွယ်သူ၊ အမှန်းရ ခက်သူနှင့် ဆိုပါက ဖြစ်နိုင်သော အကြောင်းပေါင်း တစ်ဒါဇင်ခန့် ရှိနေပေသည်။

အင်းလေ သူ မကြာခင် သိရတော့မည် ဖြစ်ပါသည်။

ရောဘတ် ဟဲရစ်က ဗင်းစင့် လော့ဒ် အကြောင်း စဉ်းစားကြည့်လိုက်၏။ သူ့တွင် ပါရမီ ရှိပုံရသည်။

သူသည် သင့်တင့် မျှတစွာ ကံကောင်း ထောက်မမှု ရှိပါက သူ့ကိုသာမက အီလီနွိုက် တက္ကသိုလ်ကိုပါ နာမည် ကျော်ကြားစေမည့် အလွန် ထူးခြားသော ရှာဖွေ တွေ့ရှိမှု တစ်ခုကို အနာဂတ် ကာလတွင် တွေ့ရှိ လာနိုင်စရာ အလားအလာ ရှိနေပေသည်။

သို့တိုင်အောင် တစ်ခါ တစ်ရံတွင် ဗင်းစင့် လော့ဒ်က မဟာ ဌာနမှူး ရောဘတ် ဟဲရစ်ကို စိတ် မသက်မသာ ဖြစ်စေခဲ့ပါသည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်၏ စိတ်ဆတ်မှုကြောင့်တော့ မဟုတ်ပါ။ ထူးချွန် ပြောင်မြောက်မှုနှင့် စိတ်ဆတ်မှုတို့သည် ဒွန်တွဲ၍ တည်ရှိ နေတတ်ကြသည်။

ထိုကိစ္စမှာ ယခင်က တစ်ကြိမ် ပေါ်ပေါက်ခဲ့ပြီးနောက် မကြာသေးမီက ထပ်မံ ပေါ်ပေါက်လာသော ကိစ္စပင် ဖြစ်သည်။





ထိုကိစ္စမှာ ဒေါက်တာ ဗင်းစင့် လော့ဒ်၏ အတွင်း သန္တာန်တွင် အသိပညာနှင့် သက်ဆိုင်သော မရိုးသားမှု၊ သိပ္ပံပညာနှင့် သက်ဆိုင်သော ကလိမ်ကျမှု မျိုးစေ့များ တည်ရှိနေသလော ဆိုသည့် အချက်ပင် ဖြစ်သည်။

ဒေါက်တာ လော့ဒ် လက်ထောက် ပါမောက္ခ အဖြစ် စတင် ဆောင်ရွက်ခဲ့သော လွန်ခဲ့သော နှစ်နှစ်က ဒေါက်တာ လော့ဒ်သည် အလွန် ထူးခြားသော ရလဒ်များကို ရရှိခဲ့သည် ဆိုသော သိပ္ပံဆိုင်ရာ စမ်းသပ်ချက်များ အကြောင်း စာတမ်း တစ်စောင်ကို ရေးသား ပြုစုခဲ့သည်။ ထိုစာတမ်းကို ပုံနှိပ် ထုတ်ဝေတော့မည့် ဆဲဆဲတွင် အီလီနွိုက် တက္ကသိုလ်ရှိ လုပ်ဖော်ကိုင်ဖက် ဩဂင်းနစ် ဓာတုဗေဒ ပညာရှင် တစ်ယောက်က ဒေါက်တာ လော့ဒ်၏ စမ်းသပ်ချက်များ အတိုင်း လက်တွေ့ ပြုလုပ်ကြည့်ရာတွင် သူ တွေ့ရှိရသော ရလဒ်များသည် ကွဲလွဲနေကြောင်း ထုတ်ဖော် ပြောဆိုခဲ့သည်။

စုံစမ်း စစ်ဆေးမှုများ ပြုလုပ်သော အခါ ဒေါက်တာ ဗင်းစင့် လော့ဒ်၏ မှားယွင်းမှုများ ဖြစ်ကြောင်း တွေ့ရှိလာကြရသည်။ ထိုမှားယွင်းချက်များမှာ အဓိပ္ပာယ် ကောက်ယူရာတွင် ရိုးရိုးသားသား မှားယွင်း ကောက်ယူမှုမျိုး ဖြစ်ပုံရသည်။ ဒေါက်တာ လော့ဒ်သည် ထိုစာတမ်းကို ပြင်ဆင် ရေးသား၍ ပုံနှိပ်ဖော်ပြခဲ့သော်လည်း ပထမ စာတမ်းလောက် ဟိုးလေးတကျော် မဖြစ်တော့ချေ။

ထိုဖြစ်ရပ် တစ်ခုတည်း ဆိုပါက ထိုကိစ္စမှာ ထူးခြားခြင်း မရှိလှပါ။ ဒေါက်တာ ဗင်းစင့် လော့ဒ်၏ ဖြစ်ပုံမျိုးကို အတော်ဆုံး သိပ္ပံပညာရှင်များသည်ပင်လျှင် ရံဖန်ရံခါ ကြုံတွေ့ကြရလေ့ ရှိပါသည်။ လူတိုင်း လူတိုင်း မှားယွင်းကြသည်သာ ဖြစ်သည်။ သို့ရာတွင် သိပ္ပံပညာရှင် တစ်ယောက်သည် မိမိ၏ အမှားကို မိမိ ကိုယ်တိုင် နောင်တစ်ချိန်ချိန်တွင် ပြန်တွေ့ရှိသည် ဆိုပါက ထိုကိစ္စသည် ဖြစ်ရိုး ဖြစ်စဉ် ကိစ္စဟု သတ်မှတ်ကြလေ့ ရှိပါသည်။ ထို့အတူ လူမှု ကျင့်ဝတ်နှင့် ကိုက်ညီအောင် မိမိ၏ အမှားကို ကြေညာပြီး ပြန်လည် ပြင်ဆင် ပေးရလေ့ ရှိပါသည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်၏ ကိစ္စတွင်မူ သူ့အား နဖူးတွေ့ ဒူးတွေ့ မေးမြန်းကြသည့် အခါ သူသည် ထိုအမှားများကို ကြိုတင်၍ သိရှိထားသော်လည်း တစ်ယောက်ယောက်က တွေ့မသွားပါစေနှင့် ဆိုသော မျှော်လင့်ချက်မျိုးနှင့် မြှုံနေခဲ့သည်ဟု သံသယ ဖြစ်ခဲ့ကြရခြင်းပင် ဖြစ်သည်။

စာရိတ္တ ကောင်းမွန်ရေး၊ လူမှု ကျင့်ဝတ်နှင့် ညီညွတ်ရေး ဆိုသော ကိစ္စရပ်များကို တက္ကသိုလ် နယ်မြေထဲတွင် အတန်ငယ် ကြာအောင် မကျေမချမ်း

ပြောခဲ့ ဆိုခဲ့ကြသည်။ ထို့နောက် ချီးကျူးမှုကိုသာ ခံရပြီး မှားယွင်းသည်ဟု စိန်ခေါ်ခံရမှု မရှိသော ဒေါက်တာ လော့ဒ်၏ ရှာဖွေ တွေ့ရှိမှုများနှင့် စာတမ်းများ ဆက်တိုက် ထွက်ပေါ် လာခဲ့လေရာ မကျေမချမ်း ပြောဆိုနေမှုများသည် ငြိမ်သက်သွားကြပြီး ထိုအဖြစ်အပျက်ကို မေ့သွားကြပုံ ရလေသည်။

လွန်ခဲ့သော ရက်သတ္တ နှစ်ပတ်က ဆန်ဖရန်စစ္စကို၌ ကျင်းပခဲ့သော သိပ္ပံ နီးနှော ဖလှယ်ပွဲတွင် စတန်ဖို့ တက္ကသိုလ်မှ ရင်းချာသော မိတ်ဆွေ တစ်ယောက်နှင့် စကား ပြောခဲ့ရသည့် အချိန် မတိုင်ခင် အထိ မဟာ ဌာနမှူး ရောဘတ် ဟဲရစ် ကိုယ်တိုင်လည်း ထိုကိစ္စကို မေ့လျော့လုနီးပါး ဖြစ်သွားခဲ့သည်။

ထို ပရိုဖက်ဆာက ဗင်းစင့် လော့ဒ် နောက်ဆုံး ထုတ်ဝေခဲ့သော သိပ္ပံ စာတမ်း နှစ်စောင်မှ ရလဒ်များသည် စာတမ်းထဲတွင် သူ ဖော်ပြထားသလို လက်တွေ့တွင် ဖြစ်မလာကြောင်း ထောက်ပြသွားသည်။

ထိုပုဂ္ဂိုလ်က 'ကျုပ်က ဗင်းစင့် လော့ဒ် မရိုးသားဘူးလို့ ပြောနေတာ မဟုတ်ဘူး၊ သူ တော်မှန်း လူတိုင်း သိပါတယ်၊ ဒါပေမဲ့ သူဟာ အလျင်စလို နိုင်လွန်းလှတယ်လို့ လူတိုင်းက သူ့ကို ထင်မြင်နေကြတယ်၊ ဒီတော့ အီလီနွိုက် တက္ကသိုလ်နှင့် မင်းရဲ့ ကောင်းကျိုး အတွက် သူ့ကို စောင့်ကြည့်ပေတော့' ဟု ပြောသွားခဲ့သည်။

အီလီနွိုက် တက္ကသိုလ်သို့ ရောဘတ် ဟဲရစ် ပြန်လည် ရောက်ရှိလာသော အခါ ဒေါက်တာ လော့ဒ်၏ ဌာနမှ ဌာနမှူးကို ခေါ်၍ ဆန်ဖရန်စစ္စကိုမှ သူ ကြားခဲ့ရသော ကိစ္စကို အသိပေးလိုက်သည်။

နောက်တစ်နေ့တွင် ဌာနမှူး ပြန်လည် ရောက်ရှိလာပြီး 'သူ ထုတ်ဝေခဲ့သော စာတမ်းများမှ ရလဒ် အချို့နှင့် ပတ်သက်၍ ဝိဝါဒ ကွဲမှုများ ရှိနေကြောင်း၊ ထိုစမ်းသပ်မှုများကို နောက်တစ်ကြိမ် စမ်းသပ် ပြုလုပ်ရန် ရည်ရွယ်ချက်ရှိပြီး သင့်လျော်သည် ဆိုပါက ပြင်ဆင်ချက် ထည့်သွင်း ဖော်ပြပေးပါမည်' ဟု ဗင်းစင့် လော့ဒ်က ဖြေကြားကြောင်း လာရောက် အသိ ပေးခဲ့လေသည်။

သာမန်အားဖြင့် ဆိုပါက ထိုအဖြေသည် မျှတသည်ဟု ဆိုရပေလိမ့်မည်။ သို့ရာတွင် 'အကယ်၍ တစ်ယောက်ယောက်က ထိုကိစ္စအား ဖော်ထုတ်လာခဲ့ခြင်း မရှိပါက ဗင်းစင့် လော့ဒ်သည် ထိုကဲ့သို့ ဆောင်ရွက် ပါမည်လော' ဆိုသည့် မေးခွန်းကို မေးစရာ ဖြစ်လာရလေတော့သည်။





ယခု နောက်ထပ် ရက်သတ္တ နှစ်ပတ် ကြာသော အခါ မဟာ ဌာနမှူး ဟဲရစ်က ထိုမေးခွန်းအား ပြန်၍ စဉ်းစားနေမိစဉ် ဒေါက်တာ ဗင်းစင့် လော့ဒ် ရောက်ရှိလာလေ၏။

'ကျုပ်ရဲ့ လုပ်ရည်ကိုင်ရည်ကို စာတမ်း စာရင်းမှာ ခင်ဗျား တွေ့ပြီး ဖြစ်ပါတယ်၊ ဒီကျောင်းမှာ ရှိတဲ့ တခြား လက်ထောက် ပါမောက္ခတွေထက် ကျုပ်က ပို အလုပ် လုပ်တယ်၊ အထင်ကြီးစရာ ဖြစ်လောက်တယ်လို့ ကျုပ် ထင်တယ်၊ တကယ်တမ်းကျတော့ ကျုပ်ကို ဘယ်သူမှ မမီကြပါဘူး၊ ခြုံပြီး ပြောရမယ် ဆိုရင်တော့ ကျုပ်ကို ရာထူး စောစော တိုးပေးထိုက်တယ်၊ အခုပဲ တိုးပေးသင့်တယ်လို့ ကျုပ် ယုံကြည်တယ်'

ရောဘတ် ဟဲရစ်သည် ရယ်ချင်စိတ်နှင့် ဒေါက်တာ လော့ဒ်အား လှမ်းကြည့်လိုက်သည်။

'ခင်ဗျားက ခင်ဗျားရဲ့ တန်ဖိုးကို လျှော့တွက်ပုံတော့ မရဘူးနော်'

'ကျုပ်က ဘာဖြစ်လို့ လျှော့တွက်ရမှာလဲ၊ ကျုပ်က ကျုပ် အရည်အချင်းကိုသာမက တခြား ပုဂ္ဂိုလ်တွေရဲ့ အရည်အချင်းတွေကိုပါ သိထားတယ်၊ ဒီမှာ ရှိတဲ့ လူတွေထဲမှာ ဘယ်သူတွေ ကျုပ်ထက် ညံ့တယ် ဆိုတာကိုပါ ကျုပ် သိထားတယ်'

'ခင်ဗျား ဝန်မလေးဘူး ဆိုရင် တခြား ပုဂ္ဂိုလ်တွေကို ဆွဲမထည့်စေချင်ဘူး၊ သူတို့က ပြဿနာ မဟုတ်ပါဘူး၊ ခင်ဗျားက ပြဿနာ ဖြစ်နေတာပါ'

လော့ဒ် ရှက်သွေး ဖြန်းသွားသည်။

'ပြဿနာ ဖြစ်စရာ မရှိပါဘူးဗျာ၊ ကျုပ် ခင်ဗျားကို ရှင်းပြပြီးပြီလို့ ထင်ခဲ့တာပဲ'

'ဟုတ်ပါတယ်၊ အပြော ကောင်းကောင်းနှင့် ခင်ဗျား ရှင်းပြခဲ့ပါတယ်၊ ဒါပေမဲ့ ရာထူး တိုးပေးတဲ့ ဆုံးဖြတ်ချက်တွေနှင့် ပတ်သက်ရင် ကျုပ် တစ်ယောက်တည်း ဆုံးဖြတ်တာ မဟုတ်ဘူး ဆိုတာကိုတော့ ခင်ဗျား သိစေချင်ပါတယ်'

'ခင်ဗျား ထောက်ခံ တင်ပြလိုက်တဲ့ အဆိုပြုချက်တွေကို အမြဲတမ်း လက်ခံလေ့ ရှိပါတယ်ဗျာ'

မဟာ ဌာနမှူး ဟဲရစ်က အဖြေ မပေးပါ။ နောက်မှ

'ဒေါက်တာ လော့ဒ်၊ ခင်ဗျားကို ရာထူး စောစော တိုးပေးဖို့ ကျုပ် မထောက်ခံဘူး'

'အဲဒါကို ပြန်စဉ်းစားပေးပါလို့ ကျုပ် မေတ္တာရပ်ခံပါတယ်၊ ပြန် မစဉ်းစားရင်တော့ ခင်ဗျား နောင်တ ရရလိမ့်မယ်'

'ဘယ်လိုနည်းနှင့် နောင်တ ရရမှာလဲ'

'ကျုပ် ဒီက နုတ်ထွက်ဖို့ ဆုံးဖြတ်ချက် ချနိုင်တယ်'

'အဲဒါမျိုး ဖြစ်လာမယ် ဆိုရင်တော့ ကျုပ် ဝမ်းနည်းပါတယ် ဒေါက်တာ လော့ဒ်၊ ခင်ဗျား ထွက်သွားရင် ဆုံးရှုံးမှု တစ်ရပ် ဖြစ်လာပါလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျား ထွက်သွားပြီးတဲ့ နောက်ပိုင်းမှာ ဒီတက္ကသိုလ်ကြီး ဆက်လက် ရှင်သန်နေပါလိမ့်မယ်'

လော့ဒ်သည် ဒေါသနှင့် ကုလားထိုင်မှ ထလိုက်ပြီးနောက် စကား တစ်ခွန်းမှ မပြောဘဲ ထွက်ခွာသွားလေတော့သည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ထိုကိစ္စကို မေ့မရနိုင်ဘဲ ထပ်ခါတလဲလဲ တွေးရင်း ဟဲရစ်ကိုသာမက တက္ကသိုလ်ကြီး တစ်ခုလုံးကိုပါ စိတ်နာလာလေတော့သည်။

နောက်ထပ် သုံးလ အကြာတွင် ဆန်အင်တိုနီယို၌ ကျင်းပသော သိပ္ပံ ဆွေးနွေးပွဲ တစ်ခု၌ ဖဲလ်ဒင်း ရှော့သ်၏ ကိုယ်စားလှယ် တစ်ယောက်က ဒေါက်တာ လော့ဒ်အား ခြံခုန်လာခဲ့ရန် ဖိတ်ခေါ်လိုက်သည်။ အသေးစိတ်ကို ဆက်လက် ဆွေးနွေးခဲ့ကြသည်။ ကုမ္ပဏီက ပေးမည့် အခွင့်အရေးများသည် သိပ္ပံပညာ ရှုထောင့်မှ ကြည့်မည် ဆိုပါက စိတ်ဝင်စားစရာ ကောင်းသော အခွင့်အရေး ဖြစ်နေသည်။ တစ်နှစ်လျှင် ဒေါ်လာ တစ်သောင်း လေးထောင် ဆိုသော လစာကလည်း တက္ကသိုလ်တွင် သူ ရသော လစာ၏ နှစ်ဆခန့် ရှိနေပေသည်။

ဒေါက်တာ လော့ဒ်သည် ရက်သတ္တ နှစ်ပတ် ကြာအောင် စဉ်းစားပြီး နောက် ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီး တက္ကသိုလ်မှ ဖြုန်းစားကြီး နုတ် ထွက်လာခဲ့သည်။

သူသည် ၁၉၅၇ ခုနှစ် စက်တင်ဘာလတွင် ဖဲလ်ဒင်း ရှော့သ်၌ အလုပ် စတင် ဝင်ရောက်သည်။





ချက်ချင်းလိုလိုပင် အလွန် ထူးခြားသော ကိစ္စ တစ်ရပ် ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ လဆန်းပိုင်းတွင် ဖဲလ်ဒင်း ရှော့သ်မှ သုတေသန ဌာနမှူးသည် အဏု ကြည့် မှန်ပြောင်းကို ကြည့်နေစဉ် ဦးနှောက် သွေးကြော ပြတ်ပြီး သေဆုံးခဲ့ရ လေသည်။ ဒေါက်တာ ဗင်းစင့် လော့ဒ်သည် တစ်ဆင့်နိမ့် ရာထူး၌ ရှိနေသည့် အပြင် သုတေသန ဌာနမှူး ရာထူးကို ဆက်ခံရန် အဆင်သင့် ဖြစ်နေသည်။ ပညာ အရည်အချင်းလည်း ကိုက်ညီသည်။ ထို့ကြောင့် သူ့အား လစ်လပ်သွား သော ရာထူးတွင် ခန့်ထားလိုက်လေ၏။

ယခု နောက်ထပ် သုံးနှစ် ကြာသော အခါ ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ဖဲလ်ဒင်း ရှော့သ်၌ ခိုင်မြဲစွာ အမြစ် တွယ်နေခဲ့လေပြီ။ သူ့ကို လေးစားကြ သည်။ သူ့အရည်အချင်းကို မည်သူကမျှ သံသယ မဖြစ်ကြပါ။ ဒေါက်တာ လော့ဒ်သည် သူ့ဌာနကို ပြင်ပမှ အနှောင့်အယှက် နည်းပါးစွာဖြင့် နိုင်နိုင် နင်းနင်း ကွပ်ကဲနိုင်သည်။ သူနှင့် သူ့ လက်အောက် ဝန်ထမ်းများ၏ ဆက်ဆံ ရေးသည်လည်း ကောင်းမွန်ပါသည်။ ထိုကိစ္စရပ်များ နည်းတူ အရေးပါသည့် ကိစ္စမှာ သူ၏ ကိုယ်ရေးကိုယ်တာ သိပ္ပံ သုတေသန လုပ်ငန်းသည် တိုးတက်မှု ရရှိနေခြင်းပင် ဖြစ်သည်။

ထိုအခြေအနေမျိုးတွင် အခြား ပုဂ္ဂိုလ် အများစုသည် ဝမ်းမြောက် ဝမ်း သာ ဖြစ်ကြလိမ့်မည်သာ ဖြစ်သည်။ သို့တိုင်အောင် ဗင်းစင့် လော့ဒ်၏ ငါ လုပ်တာ မှန်ရဲ့လား ဟူ၍ မကြာခဏ သံသယ ဖြစ်တတ်မှုကလည်း ဆက်လက် ရှိနေဆဲပင် ဖြစ်သည်။ ထို့အတူ သူသည် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီထဲရှိ အခြား ဌာနများ အပေါ်တွင် မယုံသင်္ကာ ဖြစ်မှုများ ရှိနေပြန်သည်။ သူတို့က သူ့အား သိက္ခာချရန် ကြိုးစား နေကြပါသလား။ တစ်ယောက်သော ပုဂ္ဂိုလ်မှာ လုပ်ရဲ ကိုင်ရဲ ရှိလှသော ဟိုအမျိုးသမီးပင် ဖြစ်သည်။

စီလီယာ ဂျော်ဒန်ကို အားလုံးက အရေးပေးနေကြသည်။ စီလီယာ ရာ ထူး တက်သည့် ကိစ္စမှာ သူ့အတွက် မနှစ်မြို့စရာပင် ဖြစ်သည်။ စီလီယာသည် သူနှင့် ပြိုင်ဖက် ဖြစ်သည်ဟု သူ ထင်မြင်နေသည်။

သို့တိုင်အောင် သူသည် အခြား အခြားသော သိပ္ပံပညာရှင်များ နည်းတူ သမိုင်း တွင်ရစ်စေမည့် သိပ္ပံဆိုင်ရာ ရှာဖွေ တွေ့ရှိမှုကြီး တစ်ရပ်ကို အောင် အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် စိတ်အား ထက်သန်နေသည်။

သူ့ အိပ်မက်သည် ယခု အချိန်တွင် သူ လက်လှမ်း မီသည့် နေရာသို့ ရောက်ရှိနေလေပြီ။

ဖဲလ်ဒင်း ရော့သ်တွင် သုံးနှစ်လုံးလုံး ဒုက္ခခံ၍ ဖွဲနပဲကြီးစွာ သုတေသန ပြုခဲ့ပြီးနောက် အလွန် ထူးခြားသော ဆေးဝါးသစ် တစ်မျိုးကို ထုတ်လုပ် ပေးနိုင်မည့် ဓာတုဗေဒ ဓာတ်ပေါင်း တစ်ခုကို တွေ့ရှိနိုင်ရန် မျှော်မှန်းနိုင်သည့် အဆင့်သို့ ရောက်ရှိနေလေပြီ။

သို့တိုင်အောင် သူ့အဖို့ ဆောင်ရွက်စရာ လုပ်ငန်းများ များပြားစွာ ကျန်ရှိနေပါသေးသည်။ တိရစ္ဆာန်များကို စမ်းသပ်ရန်နှင့် သုတေသန ပြုလုပ်ရန် အနည်းဆုံး နှစ်နှစ် ဆက်လက်၍ အချိန် ယူရဦးမည် ဖြစ်သည်။ သို့ရာတွင် ကြိုတင် စမ်းသပ်မှုများသည် အောင်မြင်မှု ရရှိခဲ့ပြီး သူ့ ပညာ အရည်အချင်း၊ သူ့ အတွေ့အကြုံ၊ သူ့ ပါရမီတို့ အရ အလားအလာကောင်းများကို သူ ထင်ထင်ရှားရှား မြင်တွေ့နေရလေပြီ။

ဆေးဝါးသစ်ကို ထုတ်လုပ် ရောင်းချချိန်တွင် ဖဲလ်ဒင်း ရော့သ်သည် အိပ်မက်ပင် မမက်ဖူးသော ငွေကြေး ပမာဏကို ရရှိလာလိမ့်မည် ဖြစ်ပေသည်။ သို့ရာတွင် ထိုကိစ္စသည် အရေး မကြီးပါ။ အရေးကြီးသည့် ကိစ္စမှာ ထိုကိစ္စက ဒေါက်တာ လော့ဒ်အား ကမ္ဘာ တစ်ဝန်းလုံးတွင် နာမည် ကြီးသွားစေမည့် ကိစ္စပင် ဖြစ်သည်။

သူ့ အတွက် အချိန် အနည်းငယ်သာ ထပ်လိုပါသည်။

သူ့ အကြောင်းကို ပြရပေဦးတော့မည်။

## ၁၁

သာလီဒိုမိုက် အိပ်ဆေး ကိစ္စသည် အုံကြွ ပေါက်ကွဲပြီး ပေါ်ထွက်လာသည်။

အဖြစ်အပျက်များသည် အစ ပထမတွင် ဆေးဝါး တစ်ခုခုနှင့် ဆက်စပ်၍ မတွေးမိကြဘဲ နှေးကွေးစွာ ဖြစ်ပေါ်လာခဲ့ကြသလို ဒေသခံ ပုဂ္ဂိုလ်များကသာ သိရှိခဲ့ကြသည်။

အနောက် ဂျာမနီတွင် ၁၉၆၁ ခုနှစ် ဧပြီလ၌ ခြေလက်များ အစား ဖျံ တစ်ကောင်၏ လက်များကဲ့သို့ အသုံး မဝင်သော ပျော့စိစိ အသားစိုင်များသာ ပါသည့် ကလေးငယ် အမြောက်အမြား မွေးဖွားလာမှုကြောင့် ဆရာဝန်များ





အထိတ်တလန့် ဖြစ်ကုန်ကြသည်။ လွန်ခဲ့သည့် နှစ်ကလည်း ထိုကဲ့သို့ ကလေးမျိုး နှစ်ယောက် မွေးဖွားခဲ့ဖူးသည်။ ယခုနှစ်တွင်မူ ဒါဇင်ပေါင်း များစွာ မွေးဖွားလာခဲ့လေပြီ။

မိခင် အချို့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။

အချို့ကိုမူ စိတ်ရောဂါကု ဆရာဝန်များက ကုသပေးကြရသည်။

သို့တိုင်အောင် ဝမ်းတွင်းပါ ခြေပြတ် လက်ပြတ် ရောဂါ အဘယ်ကြောင့် တောမီး လောင်သလို ဖြစ်ပေါ်လာရသည်ကို မသိကြသေးပါ။

ထို့နောက် ၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် တစ်ဦးနှင့် တစ်ဦး မသိကြသော ဂျာမနီ နိုင်ငံမှ သူငယ်နာကု ဆရာဝန် တစ်ယောက်နှင့် ဩစတြေးလျ နိုင်ငံမှ မီးယပ်နှင့် သားဖွား ဆရာဝန် တစ်ဦးတို့သည် သီးခြား စမ်းသပ်မှုများကို ပြုလုပ်ရင်း ဝမ်းတွင်းပါ ခြေပြတ် လက်ပြတ် ရောဂါသည် သာလီဒိုမိုက် အိပ်ဆေးနှင့် ဆက်စပ်မှု ရှိကြောင်း ရှာဖွေ တွေ့ရှိလာကြသည်။

ထို့နောက် များမကြာမီ ထို အိပ်ဆေးသည် ကိုယ်လက်အင်္ဂါ မစုံလင်သော ကလေးများကို မွေးဖွားစေသည့် ဆေး ဖြစ်ကြောင်း ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ခဲ့ကြသည်။

ဩစတြေးလျ နိုင်ငံမှ တာဝန် ရှိသူများသည် ထိုဆက်စပ်မှုကို သိရှိသည်နှင့် တစ်ပြိုင်နက် သာလီဒိုမိုက်ကို ဆက်လက် ရောင်းချခြင်း မပြုရန် ညွှန်ကြားလိုက်သည်။

ဗြိတိန် နိုင်ငံနှင့် အနောက် ဂျာမနီတို့သည် နောက်တစ်လ အကြာ ဒီဇင်ဘာလတွင် ထိုဆေးဝါးကို ရုပ်သိမ်းခဲ့ကြသည်။

အမေရိကန်တွင်မူ နောက်ထပ် နှစ်လ အကြာ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလတွင်မှ အက်ဖ်ဒီအေ၌ ရောင်းချခွင့် ပြုရန် လျှောက်ထားခဲ့သော သာလီဒိုမိုက်-ကီဗာဒွန် လျှောက်လွှာကို ပြန်လည် ရုပ်သိမ်းသွားသည်။

ကနေဒါ နိုင်ငံတွင်လည်း မည်သည့် အတွက်ကြောင့် ဟူ၍ ရှင်းပြနိုင်စွမ်း မရှိဘဲ ထိုဆေးကို မတ်လ အထိ ဆိုင်တင် ရောင်းချခဲ့ကြသည်။ ဩစတြေးလျ နိုင်ငံတွင် သာလီဒိုမိုက်ကို ရုပ်သိမ်းခဲ့သည့် အချိန်ထက် လေးလ နောက်ကျခဲ့သဖြင့် ကိုယ်ဝန်ဆောင်များ အပါအဝင် လူပေါင်း များစွာ သုံးစွဲနိုင်အောင် ဆက်၍ အချိန် များစွာ ရခဲ့ကြပေသည်။

ထိုကိစ္စကို စီလီယာ ဇနီးမောင်နှံသည် အစဉ်တစိုက် လေ့လာ နေခဲ့ကြသည်။

ညနေစာ စားနေစဉ် တစ်ညတွင် စီလီယာက ပြောလိုက်၏။

'ကျွန်မ ကိုယ်ဝန် ရှိနေတုန်း ရှင်က ကျွန်မကို ဘာဆေးမှ စားခွင့် မပြုခဲ့တဲ့ အတွက် ကျွန်မ ဝမ်းသာလိုက်တာ အင်ဒရူးရယ်၊ ကျွန်မလည်း သာလီဒိုမိုက်ကို စားချင် စားခဲ့မိမှာ'

အင်ဒရူးက ပြောလိုက်၏။

'ကိုယ့်ဆီမှာ ဆေး ကိုယ်စားလှယ် တစ်ဦး ပေးထားတဲ့ ကီဗာဒွန်တွေ ရှိနေတယ်'

'ရှင့်ဆီမှာ ရှိနေတယ် ဟုတ်လား၊ ဒါပေမဲ့ ရှင် မသုံးဘူး မဟုတ်လား'

အင်ဒရူး ခေါင်းခါသည်။

'ကိုယ်က အဲဒီ ဆေးအပေါ်မှာ သံသယ ရှိနေခဲ့တယ်လို့ ပြောရင် မှန်မှာမဟုတ်ဘူး၊ ကိုယ်က ကိုယ့်ဆီမှာ ရှိနေတယ် ဆိုတာကို မေ့သွားခဲ့တာပါ'

'အဲဒီ ဆေးတွေ ဘယ်မှာလဲ'

'ကိုယ် ဒီကနေ့မှ ပြန် သတိရလာတယ်၊ ကိုယ့်ဆီမှာ ဆေးလုံး လေးငါးရာ ရှိနေတယ်၊ အမေရိကန် ဆရာဝန်တွေကို ဆေးလုံး နှစ်သန်းခွဲ ကျော်ကျော် ဝေငှ ပေးခဲ့တယ်လို့ ကိုယ် တစ်နေရာရာမှာ ဖတ်ဖူးခဲ့တယ်၊ ကိုယ်ကတော့ အဲဒီ ဆေးတွေကို အိမ်သာထဲ ပစ်ချလိုက်ပြီ'

'ကျေးဇူးတင်ပါတယ် ရှင်'

သာလီဒိုမိုက်နှင့် ပတ်သက်သော သတင်းများကို နောက်လများတွင် ထပ်ကြားနေရသည်။ နိုင်ငံပေါင်း နှစ်ဆယ်တွင် ကိုယ်လက် အင်္ဂါ မစုံလင်သော ကလေးပေါင်း နှစ်သောင်းကျော် မွေးခဲ့သည်ဟု ခန့်မှန်းကြသည်။ သို့ရာတွင် အရေအတွက် အတိအကျကိုမူ မည်သည့် အခါတွင်မှ သိနိုင်ကြတော့မည်မဟုတ်ပါ။

အမေရိကန် နိုင်ငံတွင်မူ ခြေ လက် အင်္ဂါမစုံဘဲ မွေးဖွားသော ကလေးဦးရေမှာ တစ်ဆယ့် ရှစ်ယောက်၊ သို့မဟုတ် တစ်ဆယ့် ကိုးယောက်ခန့်သာ ရှိ၍ အရေအတွက် နည်းပေသည်။

ထိုကဲ့သို့ နည်းရခြင်းမှာ ထိုဆေးကို တရားဝင် အတည် မပြုခဲ့သေး၍ ဖြစ်သည်။ တရားဝင် အတည်ပြုပေးခဲ့မည် ဆိုပါက အင်္ဂါ မစုံလင်သော ကလေးအရေအတွက်သည် တစ်သောင်း အထိ ရှိလာနိုင်ပေသည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ၏ တနင်္ဂနွေ တစ်နေ့တွင် အင်ဒရူးက သတင်းစာ တစ်စောင်ကို သူ့ ရှေ့၌ ဖြန့်ရင်း စီလီယာအား ပြောလိုက်သည်။





'ကိုယ်တို့ အားလုံး ဟိုအမျိုးသမီး ကယ်လ်ဆီကို ကျေးဇူး တင်ရလိမ့်မယ် ထင်တယ်'

ကယ်လ်ဆီ ဆိုသူမှာ အက်ဖ်ဒီအေမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်း တစ်ဦးဖြစ်သော ဒေါက်တာ ဖရန့်စ် ကယ်လ်ဆီပင် ဖြစ်သည်။

သူသည် သာလီဒိုမိုက် ကီဗာဒွန် ဆေးကို ကြီးကြီးကျယ်ကျယ် ဆိုင်တင်ရောင်းချရန် စီစဉ်ထားသော ဆေးကုမ္ပဏီက သူ့အား အကြီးအကျယ် ဖိအားပေးခဲ့သည့် တိုင်အောင် ဗျူရိုကရက် နည်းဗျူဟာများကို သုံးစွဲ၍ နှောင့်နှေးကြန့်ကြာအောင် လုပ်ခဲ့သူ ဖြစ်သည်။ ယခု သူက ထိုဆေးဝါး၏ ဘေးအန္တရာယ်ကင်းမှုကို ယခင်ကပင် သံသယ ဝင်ခဲ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့သဖြင့်သူသည် အမျိုးသမီး အာဇာနည် တစ်ဦး ဖြစ်နေလေပြီ။

သမ္မတ ကနေဒီက သူ့အား ထူးခြား ပြောင်မြောက်သော အကျိုးဆောင်မှုအတွက် သမ္မတ၏ ရွှေတံဆိပ်ဆုကို ပေးအပ် ချီးမြှင့်ခဲ့သည်။ ထို ဆုတံဆိပ်မှာ အရပ်သားများ အတွက် အမြင့်ဆုံး ဆုတံဆိပ်ပင် ဖြစ်သည်။

စီလီယာက ပြောလိုက်၏။

'ခုလို ဖြစ်လာတော့ သူ လုပ်တာ မှန်တယ်လို့ ပြောရမှာပေါ့ ရှင်၊ ဒါပေမဲ့ တချို့ကတော့ ဆုံးဖြတ်ချက် ချဖို့ ကိစ္စကို နေ့ရွှေ့ ညရွှေ့ လုပ်ပြီး ဘာမှ မလုပ်တဲ့ အတွက် သူ ရွှေတံဆိပ် ရတယ်လို့ ပြောနေကြတယ်၊ ပြီးတော့လည်း ကနေဒီ လုပ်တဲ့ ကိစ္စကြောင့် နောင် အနာဂတ် ကာလကျရင် တံဆိပ် လိုချင်တဲ့ အက်ဖ်ဒီအေ ဝန်ထမ်းတွေက ကောင်းမွန်ပြီး တကယ် လိုအပ်တဲ့ ဆေးဝါးတွေကို အချိန် ဆွဲထားမှာ စိုးရိမ်နေကြတယ်'

'ကနေဒီနှင့် ကီးဖောတို့က သူတို့ အတွက် အကျိုး ရှိအောင် ဟိုးလေးတကျော် ဖြစ်နေတဲ့ သာလီဒိုမိုက်ကို ခုတုံး လုပ်လိုက်ကြတာပဲ၊ ဘာပဲပြောပြော မင်းတို့ရဲ့ ဆေးဝါး လုပ်ငန်း အတွက် ဥပဒေ အသစ်တွေ လိုအပ်နေပြီ၊ ဆေးဝါး လုပ်ငန်းရဲ့ အစိတ်အပိုင်း တချို့ဟာ ပုပ်သိုးနေပြီး ပြန်ကောင်းလာအောင် ကိုယ့်ဘာသာကိုယ် ပြုပြင်နိုင်မှာ မဟုတ်ဘူး ဆိုတာကို သာလီဒိုမိုက်က လက်တွေ့ ပြလိုက်တာပဲ'

၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် သမ္မတ ကနေဒီသည် ဆေးဝါး လုပ်ငန်း အတွက် ကောင်းမွန်သော ဥပဒေ အချို့ကို လက်မှတ် ရေးထိုးပြီး အတည်ပြုပေးလိုက်သည်။ ထိုဥပဒေများသည် ပြည့်စုံ လုံလောက်မှု မရှိသလို အဖိုးတန်သော ဆေးဝါးသစ်များကို အထူးတလည် လိုအပ်နေသည့် လူနာများအား

သုံးစွဲခွင့် မပေးသည့် ပြဋ္ဌာန်းချက်များ ပါရှိနေသည့် တိုင်အောင် သာလီဒိုမိုက် မတိုင်ခင်က မရှိခဲ့သော စားသုံးသူများအား အကာအကွယ် ပေးသည့် အချက်များ ပါရှိလာပေသည်။

ထိုနှစ် အောက်တိုဘာလမှာပင် ဖဲလ်ဒင်း ရှော့သ်၏ ဥက္ကဋ္ဌ အီလီ ကမ်ပါဒေါင်းသည် လပေါင်းများစွာ ကြာအောင် နေမကောင်း ဖြစ်နေခဲ့ရာမှ ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

အီလီ ကမ်ပါဒေါင်း မသေမီ စီလီယာကို သူ့ထံသို့ ခေါ်ယူ၍ ကျေးဇူးတင် စကား ပြောခဲ့သည်။

'တို့ကလည်း အဲဒီဆေးကို ကြီးကြီးကျယ်ကျယ် ရောင်းချဖို့ စီစဥ်ထားတာပဲ၊ တို့က ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်မယ်၊ အက်ဖ်ဒီအေကို ခွင့်ပြုအောင် ဖိအားပေးမယ် ဆိုရင် အက်ဖ်ဒီအေကလည်း ခွင့်ပြုချင် ပြုလိုက်မှာပဲ၊ မင်းက အဲဒီ ဆေးကို အသက် ခြောက်ဆယ်ကျော် လူကြီးတွေနှင့်သာ စမ်းသပ်ဖို့ နားဝင်အောင် ပြောနိုင်ခဲ့တယ်၊ စမ်းသပ်တော့ မအောင်မြင်ဘူး၊ တို့က အဲဒီ ဆေးကို ပြန်အပ်လိုက်တယ်၊ တကယ်လို့သာ အဲဒီ ဆေးကို ကျုပ်တို့ ရောင်းဖြစ်ခဲ့ရင် ကျုပ် အသေ ဖြောင့်မှာ မဟုတ်ဘူး၊ ခုအတိုင်း ဆိုတော့'

'အီလီ၊ စိတ်ချမ်းသာအောင် နေစမ်းပါရှင်'

'စီလီယာ၊ မင်းဆီမှာ မှန်တာကို သိတဲ့ ထိုးထွင်းဉာဏ် ရှိတယ်၊ ဒီကုမ္ပဏီထဲက ပုဂ္ဂိုလ် တချို့က မင်းဟာ ကြီးကြီးကျယ်ကျယ် ဖြစ်မယ့်သူလို့ ထင်ထားကြတယ်၊ အဲဒါ ကောင်းပါတယ်၊ ကျုပ်က မင်းကို နောက်ဆုံး အနေနှင့် အကြံကောင်း ဉာဏ်ကောင်း ပေးခဲ့မယ် စီလီယာ၊ မင်းက အဲဒီ ထိုးထွင်းဉာဏ်ကို အသုံးပြုပါ၊ မင်းရဲ့ ထိုးထွင်းဉာဏ် အပေါ်မှာ အယုံအကြည် ရှိစမ်းပါ၊ မင်း ဩဇာ အာဏာ ရှိလာပြီ ဆိုရင် မင်း ယုံကြည်တဲ့ ကိစ္စကို ရဲရဲတင်းတင်း လုပ်စမ်းပါ၊ မင်းထက် ညံ့တဲ့ လူတွေက မင်းကို မလွှမ်းမိုးပါစေနှင့်'

သူ့အသံသည် ပျောက်ကွယ်သွားလေတော့သည်။

အီလီ ကမ်ပါဒေါင်းသည် စီလီယာအား ခေါ်ယူ တွေ့ဆုံပြီး ရက်သတ္တ နှစ်ပတ် အကြာတွင် ကွယ်လွန်သွားသည်။





ကမ်ပါဒေါင်း၏ နာရေး သတင်းသည် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြ ပါရှိလာသည်။

ဖဲလ်ဒင်း ရှော့သ် ဥက္ကဋ္ဌ ကွယ်လွန်သည့် အတွက် ကုမ္ပဏီထဲ၌ အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။ ဥက္ကဋ္ဌသစ်ကို ဘုတ်အဖွဲ့က ရွေးချယ် ခန့်အပ်လိုက်သည်။ ကျန်ပုဂ္ဂိုလ်များလည်း တစ်ဆင့်ပြီး တစ်ဆင့် ရာထူး တိုးကြသည်။

ရာထူး တိုးခံရသူများတွင် ဆမ် ဟော့သုန်းလည်း ပါဝင်သည်။ ဆမ် ဟော့သုန်းသည် အရောင်းဘက် ဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။

တက်ဒီ အပ်ရှောသည် ဖဲလ်ဒင်းရှော့သ် ကုမ္ပဏီ၏ ဘရေး အင် ကွန်မွန်းဝဲလ်သ် ဌာနခွဲမှ ထုတ်လုပ် ရောင်းချသော ကောင်တာပေါ် တင်ရောင်းသည့် အိမ်သုံးဆေးများ အတွက် အရောင်း မန်နေဂျာ အဖြစ် ခန့်အပ်ခြင်း ခံရသည်။

နောက်ထပ်၍ ရက်သတ္တ ရှစ်ပတ် ကြာမြင့်သော အခါ စီလီယာသည် ရောင်းဝယ်ရေး သင်တန်း ဌာနတွင် ညွှန်ကြားရေးမှူး အဖြစ် ခန့်အပ်ခြင်း ခံရသည်သာမက ဖဲလ်ဒင်း ရှော့သ်၏ အရွေးချယ်ခံ ဝန်ထမ်း စာရင်းတွင် ထည့်သွင်း သတ်မှတ်ခြင်း ခံရပြီ ဖြစ်ကြောင်း ဆမ် ဟော့သုန်းက လာရောက် သတင်း ပေးခဲ့လေသည်။

# ဒုတိယပိုင်း

(၁၉၆၃-၁၉၇၅)

# ၁

ဖဲလ်ဒင်း ရှော့သ်၏ အရွေးချယ်ခံ ဝန်ထမ်း စာရင်းတွင် ထည့်သွင်း ခံရသူများသည် ကုမ္ပဏီ လုပ်ငန်းကို လေ့လာရန်နှင့် မိမိ၏ အစွမ်းအစကို ပြသနိုင်ရန် သာမန် အခွင့်အရေးမျိုးထက် သာလွန်သော အခွင့်အရေးမျိုးကို ရရှိလေ့ ရှိပါသည်။ သို့ရာတွင် အရွေးချယ်ခံ စာရင်းတွင် ထည့်သွင်း ခံရသူတိုင်း ပန်းဝင်နိုင်ကြသည် မဟုတ်ပါ။ သူတို့သည် ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်ကြရသလို ပြိုင်ဖက် ပုဂ္ဂိုလ်များလည်း ရှိနေပါသည်။ ထို့အတူ အချိန်မရွေး စာရင်းမှ ပယ်ဖျက် ခံရခြင်းမျိုးလည်း ရှိနေပါသည်။

ထိုအချက်ကို စီလီယာ သဘော ပေါက်ပါသည်။ စီလီယာက သူသည် အမျိုးသားများ အနေနှင့် ရင်ဆိုင်ရန် မလိုသော အထင်သေးမှု အစွဲအလမ်းများကို အမျိုးသမီး တစ်ယောက် အနေနှင့် ပို၍ပင် ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်း နားလည်ထားပါသည်။ ပို၍ ကြိုးစားရန် လိုအပ်မှုက စီလီယာအား ပို၍ပင် စိတ်အား ထက်သန်စေခဲ့ပါသည်။

စီလီယာသည် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ အထိ ရောင်းဝယ်ရေး သင်တန်းဌာန၏ ညွှန်ကြားရေးမှူး အဖြစ် အောင်အောင်မြင်မြင် ဆက်လက် ထမ်းဆောင်ခဲ့လေသည်။

နိုဝင်ဘာလ ကုန်ခါနီး တစ်ညနေတွင် ဆမ် ဟော်သုန်းက စီလီယာအား သူ့ရုံးခန်းသို့ ခေါ်ယူပြီး ပြောသည်။

'မင်းကို ကောင်တာပေါ် တင်ရောင်းတဲ့ အိမ်သုံး ဆေးဝါးတွေရဲ့ အထွေထွေ မန်နေဂျာ အဖြစ် ရာထူး တိုးမြှင့် ပေးလိုက်တယ်၊ မင်းက ဘရေး အင်ကွန်မွန်း ဝဲလ်သ် ဌာနခွဲ တစ်ခုလုံးကို တာဝန် ယူရလိမ့်မယ်၊ မင်း ဆရာသမားဖြစ်ခဲ့ဖူးခဲ့တဲ့ တက်ဒီ အပ်ရှောက ခုဆိုရင် မင်းလက်အောက်ကို ရောက်သွားပြီ'

'ကျေးဇူးတင်ပါတယ် ရှင်၊ ဒါပေမဲ့ ကျွန်မက အဲဒီ ဆေးဝါးတွေ အကြောင်း ဘာမှ မသိသေးပါဘူး'

'မင်း တစ်ယောက်တည်း မသိတာ မဟုတ်ပါဘူးကွာ'

ဆမ် ဟော်သုန်းက ပြောလိုက်ခြင်း ဖြစ်သည်။

'ကျုပ်လည်း အဲဒီ ဌာနမှာ နှစ်နှစ်လောက် သွားပြီး မဆောင်ရွက်ခင် အထိ နားမလည်ခဲ့ပါဘူး၊ တစ်နည်းအားဖြင့်တော့ နိုင်ငံခြား တိုင်းပြည် တစ်ခု ကို သွားရသလိုပါပဲ၊ ဒါမှမဟုတ် လမ်း တစ်လမ်းကို ကျော်ဖြတ်ပြီး မြို့ရဲ့ ဟို ဘက်ခြမ်းကို ကူးသွားရသလိုပေါ့ကွာ'

'ခပ်ညံ့ညံ့ဘက်ကိုလား'

'ဖြစ်နိုင်တယ်'

ဖဲလ်ဒင်း ရှော့သ်သည် အခြား အခြားသော ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီများကဲ့သို့ပင် ဆရာဝန်၏ ဆေးညွှန်း အရသာ ရောင်းနိုင်သည့် ဆေး ဝါးများကို ထုတ်လုပ်သော လုပ်ငန်းနှင့် ကောင်တာပေါ် တင်ရောင်းသည့် အိမ် သုံး ဆေးဝါးများကို ရောင်းချသော လုပ်ငန်းတို့ အကြားတွင် မဟာ တံတိုင်း ကြီး ခြားထားကြောင်း သူတို့ နှစ်ယောက်စလုံး သိကြသည်။ တံတိုင်း နှစ်ဖက် စလုံးတွင် အုပ်ချုပ်ရေး ဝန်ထမ်း၊ သုတေသန ဝန်ထမ်းနှင့် အရောင်း ဝန်ထမ်း များ တသီးတခြားစီ ရှိနေကြသည်။ ထိုလုပ်ငန်း နှစ်ခု အကြားတွင် ဆက်ဆံ မှုလည်း မရှိပါချေ။

ထိုကဲ့သို့ ခွဲခြားထားမှုကြောင့် ဘရေး အင် ကွန်မွန်းဝဲလ်သ် ဆိုသော နာမည်သည် ဆက်လက်၍ တည်ရှိနေခြင်း ဖြစ်သည်။ ထိုကုမ္ပဏီငယ်ကလေး ကို ဖဲလ်ဒင်း ရှော့သ်က လွန်ခဲ့သော နှစ်ပေါင်း များစွာကပင် ဝါးမြိုထားလိုက် ပြီး ယခုအချိန်တွင် ဆရာဝန်၏ ဆေးစာ မလိုသော အိမ်သုံး ဆေးဝါးများကို သာ ထုတ်လုပ် ရောင်းချနေသည်။ ပြည်သူလူထုကမူ ဘရေး အင် ကွန်မွန်း ဝဲလ်သ်ကို ဖဲလ်ဒင်း ရှော့သ်နှင့် ဆက်စပ်၍ တွေးမိကြလိမ့်မည် မဟုတ်ပါ။

'ဘရေး အင် ကွန်မွန်းဝဲလ်သ်ဟာ မင်း အတွက် ပညာ ရစေမယ့် အတွေ့ အကြုံ ဖြစ်လိမ့်မယ်၊ မင်း အနေနှင့် ချောင်းဆိုး ပျောက်ဆေး၊ လိပ်ခေါင်း အတွက် လိမ်းဆေးတွေနှင့် ခေါင်းလျှော်ရည်တွေ အကြောင်း နားလည်လာလိမ့် မယ်၊ အိမ်သုံး ဆေးဝါးတွေဟာ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းရဲ့ အစိတ် အပိုင်းကြီး တစ်ခု ဖြစ်သလို ငွေလည်း သိပ်ရတယ်၊ ဒီတော့ မင်း အဲဒီ အကြောင်း သိထားမှ ဖြစ်မယ်'





ဆမ် ဟော်သုန်းက ဆက်ပြောလိုက်ပြန်၏။

'နောက်တစ်ချက်ကလည်း မင်း အနေနှင့် ဝေဖန် သုံးသပ်ချင်တဲ့ ကိစ္စ မျိုးတွေကို ခေတ္တ ခဏတော့ ဆိုင်းငံ့ထားရလိမ့်မယ်'

စီလီယာက စပ်စပ်စုစု ပြန်မေးလိုက်၏။

'အဲဒါကို ရှင်းပြပါလား ရှင်'

'မင်း သိလာမှာပေါ့ကွာ'

စီလီယာက ဇွတ် ထပ်မမေးရန် ဆုံးဖြတ်လိုက်သည်။

'မင်းကို ပြောချင်တာ တစ်ချက် ရှိသေးတယ်၊ ဘရေး အင် ကွန်မွန်း ဝဲလ်သ် ဌာနခွဲဟာ ထထကြွကြွ မရှိဘဲ သေနေတယ်၊ ကျုပ်တို့ရဲ့ အိမ်သုံး ဆေးဝါး လုပ်ငန်းမှာလည်း အကြံသစ် ဉာဏ်သစ်တွေ၊ ဦးဆောင်မှု ပေးမယ့် လူသစ်တွေ လိုနေတယ်၊ အေးလေ စိတ်ဓာတ် ပြင်းထန်ပြီး စိတ်ကူးဉာဏ် ကောင်းသလို တစ်ခါတစ်ရံကျရင် ခပ်ပြတ်ပြတ် လုပ်တတ်တဲ့ အမျိုးသမီး တစ်ယောက်ရဲ့ စိတ်ကူး စိတ်သန်းတွေ လိုကောင်း လိုလိမ့်မယ်၊ ဟော့ ဘာလဲ ကွ'

သူ နောက်ဆုံး ပြောလိုက်သော စကားမှာ အခန်းထဲသို့ ဝင်လာပြီး တံခါး ဝ၌ လာရပ်နေသော ဆမ် ဟော်သုန်း၏ အတွင်းရေးမှူး လူမည်း အမျိုးသမီး ကလေးအား မေးလိုက်ခြင်း ဖြစ်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျနေ သော အမျိုးသမီးကလေးက ကြိုးစားပြီး ဖြေလိုက်၏။

'သမ္မတကြီး ကနေဒီ ဒါးလက်စ်မှာ သေနတ် ပစ်ခံရတယ်လို့ ရေဒီယိုက ကြေညာနေတယ်'

ဤတွင် ဆမ် ဟော်သုန်းသည် သူ့စားပွဲ နံဘေး၌ ရှိသော ရေဒီယိုကို အထိတ်တလန့်နှင့် ဖွင့်လိုက်လေတော့သည်။

စီလီယာသည် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ ရုံးချုပ်နှင့် တစ်မိုင်ခွဲ အကွာတွင် တည်ရှိသော ဘရေး အင် ကွန်မွန်းဝဲလ်သ် ကုမ္ပဏီ၏ လေးထပ်တိုက် အဆောက် အအုံသို့ ပြောင်းရွှေ့၍ ရုံးထိုင်ခဲ့ရသည်။

နောက်ထပ်၍ ရက်သတ္တ နှစ်ပတ် ကြာသော အခါ စီလီယာသည် အိမ် သုံး ဆေးဝါး ရောင်းချရေး လုပ်ငန်းကို သုံးသပ်ရန် အရောင်း မန်နေဂျာ တက်ဒီ ဓာပ်ရှောအား သူ့ရုံးခန်းသို့ ခေါ်ယူလိုက်လေသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က စီလီယာသည် သူ ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်သစ်နှင့် သက်ဆိုင်သော ငွေရေးကြေးရေး ဆိုင်ရာ ရှင်းတမ်းများ၊ အရောင်း စာရင်းများ၊ သုတေသန အစီရင်ခံစာများ၊ ကိုယ်ရေး စာတွဲများ စသည့် စာရွက် စာတမ်းများ အကြားတွင် နစ်မြုပ်နေခဲ့သည်။

သူသည် ဖတ်ရှုရင်းကပင် ဆမ် ဟော်သုန်း ပြောလိုက်သော စကားသည် မှန်ကန်ကြောင်း သဘော ပေါက်လာသည်။ ဤဌာနသည် တက်ကြွမှု မရှိသူ၏ ဦးဆောင်မှုကြောင့် သေနေခဲ့သည်။ ဤဌာန အတွက် အကြံသစ် ဉာဏ်သစ်များ အမှန်တကယ် လိုအပ်နေပါသည်။

တက်ဒီ အပ်ရှောနှင့် စ စကား ပြောချိန်တွင် စီလီယာက သူ ထိုနေရာတွင် လာရောက် တာဝန် ထမ်းဆောင်နေသောကြောင့် တက်ဒီ အပ်ရှော အနေနှင့် မကျေမနပ် ဖြစ်မိပါသလားဟု ဗြောင်ကျကျ စမေးလိုက်၏။

တက်ဒီ အပ်ရှော အံ့အားသင့်သွားပုံ ရသည်။

'ဘုရား ဘုရား စီလီယာရယ်၊ ကျုပ် ဒါ့ထက် ပိုပြီး ဝမ်းမသာနိုင်တော့ပါဘူး၊ မင်းကိုလည်း ကျုပ်က မကျေမနပ် မဖြစ်မိပါဘူး၊ ကျုပ်က အရောင်း ဈေးသည် တစ်ယောက်ပါ၊ မင်းက အရောင်း ဈေးသည်တွေထက် ဦးနှောက် ပိုကောင်းပါတယ်ကွာ'

စီလီယာသည် တက်ဒီ အပ်ရှော၏ အဖြေကြောင့် စိတ်လှုပ်ရှား သွားမိသည်။

'ကျေးဇူးတင်ပါတယ် တက်ဒီ၊ ရှင့်ကို ကျွန်မ သဘောကျပါတယ်၊ ရှင်နှင့် ကျွန်မ လက်တွဲလို့ ရပါလိမ့်မယ်'

'သိပ်မှန်တာပေါ့ကွာ'

'ရှင်က ဆေးညွှန်းနှင့် ရောင်းတဲ့ ဆေးဝါးတွေရော အိမ်သုံး ဆေးဝါးတွေကိုပါ ရောင်းခဲ့ဖူးတယ်၊ အဲဒီ နှစ်မျိုးရဲ့ ခြားနားမှုကို ပြောပြစမ်းပါ'

'အိမ်သုံး ဆေးဝါးတွေကတော့ လှည့်ဖြားတာတွေပဲ များပါတယ်၊ မင်းက မခြွင်းမချန် သိချင်တာလား'

စီလီယာက ခေါင်းညိတ်လိုက်၏။

'ဒါဆိုရင် ဟောဒီလို ပြောကြရအောင်၊ ဆေးညွှန်းနှင့် ရောင်းရတဲ့ ဆေးတွေဟာ သုတေသန လုပ်ရတဲ့ စရိတ်စက အနေနှင့် သန်းပေါင်းများစွာ ကုန်ကျသလို ဆိုင်ပေါ် တင်ရောင်းနိုင်တဲ့ အဆင့် အထိ ရောက်အောင် ငါးနှစ် ခြောက်နှစ် အချိန် ယူကြရတယ်၊ အိမ်သုံး ဆေးဝါးတွေကတော့ ဆေးကို ထုပ်ပိုး





စရိတ် ကြော်ငြာ စရိတ်နှင့် ရောင်းချ စရိတ်တွေမှာသာ ငွေကုန်ကြေးကျ ခံလေ့ ရှိတယ်'

'ဒါပေမဲ့ အိမ်သုံး ဆေးဝါးတွေဟာ သိပ် ရောင်းကြရတာပဲနော်'

'ဟုတ်တယ်၊ သိပ်ကို ရောင်းကြရတယ်၊ လူတွေဟာ နည်းနည်းလောက် နေထိုင်မကောင်း ဖြစ်လာကြပြီ ဆိုရင် အများအားဖြင့် မကုဘဲ ထားလိုက်ရင် သူ့ အလိုလို ပျောက်သွားမယ့် ရောဂါ အသေးအမွှားကလေးတွေကို လူတွေက ကိုယ့်ကိုယ်ကိုယ် ဆေးကုချင်ကြတယ်၊ ဆရာဝန် လုပ်ချင်ကြတယ်၊ အဲဒါကြောင့် ဒီ ဆေးတွေ ရောင်းနေရတာပဲ၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ကျုပ်တို့ဟာ အရောင်း ဈေးကွက်မှာ ကျုပ်တို့ ရသင့် ရထိုက်တဲ့ ဝေစုကို မရဘဲ ဖြစ်နေတယ်'

'ဈေးကွက် ဝေစု ကိစ္စနှင့် ပတ်သက်ပြီး ကျွန်မ သဘော တူပါတယ်၊ အဲဒါကိုလည်း ကျွန်မတို့ ပြုပြင်နိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ အိမ်သုံး ဆေးဝါးတွေနှင့် ပတ်သက်ရင်တော့ အဲဒီဆေးတွေက ရှင် ပြောတာထက် ပိုပြီး တန်ဖိုး ရှိလိမ့်မယ် ထင်တာပဲ'

တက်ဒီက ထိုအဖြေသည် အရေး မကြီးလှသလို လက်ကို မြှောက်ပြလိုက်သည်။

'နည်းနည်းတော့ ရှိချင် ရှိမှာပေါ့၊ ဒါပေမဲ့ သိပ် တန်ဖိုး မရှိလှပါဘူး၊ အက်စပရင်လို ကောင်းမွန်တဲ့ ဆေးဝါး တချို့တော့ ရှိပါတယ်လေ၊ ကျန်တာတွေနှင့် ပတ်သက်ရင်တော့ အဲဒီဆေးတွေက လူတွေကို နေထိုင်ကောင်းစေတယ်လို့ ထင်နေကြတယ်'

စီလီယာက ဓွတ် ထပ်မေးပြန်၏။

'အအေး မိတာကို ပျောက်ကင်းစေတဲ့ ဆေး တချို့ဟာ လူတွေကို စိတ်သက်သာရာ ရစေတာထက် ပိုပြီး မစွမ်းဘူးလား'

'ဟင့်အင်း' တက်ဒီက ခိုင်ခိုင်မာမာ ခေါင်းခါသည်။ 'မေးချင်တဲ့ ဆရာဝန်ကို မေးကြည့်လေ၊ အင်ဒရူးကို မေးကွာ၊ မင်း ဒါမှမဟုတ် ကျုပ် အအေးမိပြီ ဆိုရင် ဆေးဝါး အကြောင်း အတွင်းကျကျ သိတဲ့ လူတွေလည်း ဖြစ်နေတယ် ဆိုတော့ ကျုပ်တို့ ဘာလုပ်သင့်သလဲ၊ အိမ်ပြန်၊ အိပ်ရာပေါ်မှာ အနားယူ၊ အရည် များများ သောက်၊ အက်စပရင် နည်းနည်း သောက်၊ အအေး မိတဲ့ ရောဂါကို ပျောက်ကင်းအောင် ကုနိုင်တဲ့ ဆေးဝါးကို သိပ္ပံပညာက ရှာမတွေ့သေးခင် ကျုပ်တို့က အဲဒါလောက်ပဲ လုပ်ဖို့ လိုလိမ့်မယ်'

စီလီယာက ရယ်လိုက်၏။

‘ရှင် အအေးမိတာ ပျောက်တဲ့ ဆေးကို တစ်ခါမှ မသောက်ဖူးဘူးလား’

‘တစ်ခါမှ မသောက်ဖူးဘူး၊ ဒါပေမဲ့ ကံကောင်းချင်တော့ ဆေးသောက်တဲ့ လူတွေ အများကြီး ရှိနေတယ်၊ ကုလို့ မရတဲ့ အအေးမိ ရောဂါကို လူတွေက နှစ်စဉ် ဒေါ်လာ သန်း ငါးရာ အကုန်ခံပြီး ကုဖို့ ကြိုးစားနေကြတယ်၊ မင်းနှင့် ကျုပ်တို့လို လူတွေက သူတို့ လိုချင်တဲ့ ဆေးတွေကို ရောင်းပေး ကြရမယ် စီလီယာ၊ အဲ ကောင်းတာကလေး တစ်ခုကတော့ အဲဒီ ဆေးတွေ အားလုံးက သူတို့ကို အန္တရာယ် မပြုတဲ့ ကိစ္စပဲ’

‘ရှင်က ပွင့်ပွင့်လင်းလင်း ပြောပြတဲ့ အတွက် ကျေးဇူး တင်ပါတယ် တက်ဒီ၊ ဒါပေမဲ့ ရှင်က အဲဒီလို ခံစားနေရတယ် ဆိုတော့ ဒီအလုပ်ကို လုပ်ရတဲ့ အတွက် တစ်ခါတစ်ရံကျရင် ရှင် စိတ်မပျက်မိဘူးလား’

တက်ဒီ အပ်ရှောက ပြန်ဖြေလိုက်၏။

‘စိတ် မပျက်မိပါဘူးဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်က ဒီကမ္ဘာကြီးဟာ ဘယ်လို ဖြစ်သင့်တယ်လို့ စဉ်းစားနေတဲ့ စိတ်ကူးယဉ်သမား မဟုတ်လို့ပဲ၊ နောက်တစ်ချက်ကလည်း ဒီဆေးတွေကို တစ်ယောက်ယောက်က ရောင်းနေဦးမှာ ဆိုတော့ အဲဒီ ရောင်းတဲ့ လူဟာ တက်ဒီ အပ်ရှောပဲ ဖြစ်သင့်တာပေါ့လေ၊ ဒါပေမဲ့ မင်းကတော့ စိတ်ပျက်နေတယ် မဟုတ်လား’

‘ဟုတ်တယ်၊ တစ်ခါတလေကျရင် စိတ်ပျက်မိတယ်’

စီလီယာသည် ညနေပိုင်းတွင် ကလေးများနှင့် အတူ နှစ်နာရီ အချိန်ဖြုန်းလေ့ရှိသည်။ လီဆာသည် ငါးနှစ် သမီး အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သလို ဘရစ်ကလည်း သုံးနှစ်သား ဖြစ်နေလေပြီ။ လီဆာက ပြောလိုက်၏။

‘ဒက်ဒီ၊ ဘရစ် အအေး ပတ်နေတယ်၊ နေကောင်းအောင် ဒက်ဒီ ကုမပေးနိုင်ဘူးလား’

‘ဟင့်အင်း’

‘ဘာဖြစ်လို့လဲ’

‘ဘာဖြစ်လို့လဲ ဆိုတော့ ဒက်ဒီက အအေး ဒေါက်တာမှ မဟုတ်တဲ့’

အင်ဒရူးက လီဆာ့ကို ပွေ့ချီပြီး ဖက်ထားလိုက်၏။

‘ဒက်ဒီကို စမ်းကြည့်ပါလား၊ ဒက်ဒီက အနွေး ဒေါက်တာပဲ သမီးရဲ့’





လီဆာ တခစ်ခစ် ရယ်လိုက်သည်။

‘အို ဒက်ဒီကလည်း’

စီလီယာက ပြောလိုက်၏။

‘တယ် ထူးခြားတာပဲ၊ ကျွန်မ နေ့ခင်းက ကြားခဲ့ရတာနှင့် တစ်ထပ်တည်းပါပဲလား’

‘ဘယ်လိုများပါလိမ့်’

‘စားရင်း သောက်ရင်း ပြောပြမယ်လေ’

အအေးမိတဲ့ အခါကျရင် အနားယူ၊ အက်စပရင် နည်းနည်း သောက်၊ အရည်များများ သောက် ဆိုတာက လွဲပြီး တခြား ဘာ ဆေးမှ အသုံး မကျဘူးလို့ တက်ဒီ ပြောတာ ရာနှုန်းပြည့် မှန်တယ်’

စီလီယာက သူနှင့် တက်ဒီ အပ်ရှောတို့ ဆွေးနွေးခဲ့သည့် ကိစ္စကို ပြန်ပြောပြလိုက်သဖြင့် အင်ဒရူးက ပြောလိုက်ခြင်း ဖြစ်သည်။

သူတို့ နှစ်ယောက်သည် ညစာ စားသောက်၍ ပြီးစီးခဲ့ပြီး ဧည့်ခန်းထဲ၌ ကော်ဖီ သောက်နေကြသည်။

‘ကိုယ်က ကိုယ့်လူနာတွေ အအေးမိတာကို စနစ်တကျ ကုမယ် ဆိုရင် ခုနစ်ရက် ကြာလိမ့်မယ်၊ စနစ်တကျ မကုရင်တော့ တစ်ပတ် ကြာလိမ့်မယ်လို့ ပြောလေ့ ရှိတယ်’

စီလီယာ ရယ်လိုက်၏။

အင်ဒရူးက မီးလင်းဖိုမှ ထင်းချောင်းကို မီး ပြန်တောက်လာအောင် ထိုးဆွပေးလိုက်ရင်း

‘အအေးမိတဲ့ ရောဂါကို ကုတဲ့ ဆေးတွေဟာ အန္တရာယ် မဖြစ်စေဘူး ဆိုတာနှင့် ပတ်သက်ရင်တော့ တက်ဒီ မှားယွင်းနေတယ်၊ အဲဒီ ဆေးတွေထဲက အများစုဟာ အန္တရာယ် ရှိတယ်၊ တချို့ဆိုရင် ပိုကြောက်ရတယ်’

‘တကယ်ပဲလားရှင်၊ ပိုကြောက်ရတယ် ဆိုတာကတော့ မများလွန်းပေဘူးလား’

အင်ဒရူးက လေးလေးနက်နက် ပြောလိုက်၏။

‘မများပါဘူး၊ အအေးမိတာကို ကုရင်း ကိုယ့်မှာ အလျှင်ကတည်းက ရှိနေတဲ့ ရောဂါတွေကို ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်လာစေနိုင်တယ်’

အင်ဒရူးသည် စာအုပ်စင်ဆီသို့ လျှောက်သွားပြီး စာရွက်ကလေးများ ညှပ်ထားသော စာအုပ် အတော် ခပ်များများကို ဆွဲယူလိုက်သည်။

‘ကိုယ် အဲဒါတွေနှင့် ပတ်သက်ပြီး မကြာသေးခင်က တော်တော်ကလေး ဖတ်ထားခဲ့မိတယ်’

သူက စာအုပ်များမှ စာမျက်နှာများကို လှန်လိုက်သည်။

‘အအေးပတ်တာကို ကုတဲ့ ဆေးတွေထဲမှာ ဆေးအမည်စုံ အတော် ခပ်များများ ပါတယ်၊ တချို့ကတော့ Phenylephrine ဆိုတဲ့ ဓာတုဗေဒ ပစ္စည်းတစ်မျိုးပဲ၊ ဆေးကြော်ငြာတွေထဲမှာတော့ နှာပိတ်နေတာကို ပျောက်ကင်းအောင် လုပ်ပေးတဲ့ ဆေးတဲ့၊ အများအားဖြင့်တော့ Phenylephrine ဟာ ထိရောက်မှု ရှိအောင် ပါဝင်လေ့ မရှိတဲ့အတွက် အညွှန်း အတိုင်း အသုံးမဝင်ဘူး၊ ဒါပေမဲ့ အဲဒါက သွေးဖိအားကို တိုးစေတယ်၊ အဲဒါက လူတိုင်း အတွက် အန္တရာယ် ရှိတယ်၊ အလျင်ကတည်းက သွေးတိုးနေတဲ့ လူတွေ အတွက် ဆိုရင် ပိုပြီး တော့တောင် အန္တရာယ် ရှိစေသေးတယ်’

သူက စာရွက် အချို့ကို လှန်လိုက်ပြန်၏။

‘အက်စပရင် ရိုးရိုးဟာ အအေးမိတာ အတွက် အကောင်းဆုံး ဆေးပဲလို့ ဆေးသုသေနပြုသူတိုင်းက သဘောတူ ထားကြတယ်၊ ဒါပေမဲ့ အက်စပရင်ကို အစားထိုးထားတဲ့ ဆေးတွေကို ငွေကုန်ကြေးကျခံပြီး ကြော်ငြာ နေကြတယ်၊ ဝယ်ပြီး သုံးစွဲကြတယ်၊ အဲဒီ ဆေးတွေထဲမှာ ဖီနာစီတင် (Phenacetin) ဆိုတာ ပါတယ်၊ အဲဒီ ဆေးက ကျောက်ကပ်ကို ပျက်စီးစေနိုင်တယ်၊ မကြာခဏ နှင့် ရေရှည် စွဲပြီး သုံးစွဲမယ် ဆိုရင် ကုမရတဲ့ အထိ ပျက်စီး သွားနိုင်တယ်၊ ပြီးတော့လည်း အအေး မိတာကို ကုတဲ့ ဆေးတွေထဲမှာ ဟစ္စတာမင်း ဖြေဆေး (Antihistamines) တွေ ပါနေတယ်၊ အဲဒါ မပါသင့်ဘူး၊ အဲဒါက အဆုတ်ထဲမှာ ချွဲတွေ တိုးပွား လာစေနိုင်တယ်၊ ပြီးတော့လည်း ကောင်းကျိုးပြုတာထက် ပိုပြီး အန္တရာယ် ဖြစ်စေတဲ့ နှာခေါင်းထဲမှာ ဖျန်းတဲ့ ဆေးတွေ၊ အစက်ချ ဆေးတွေ ရှိသေးတယ်’

အင်ဒရူးက သူ့စကားကို ရပ်တန့်ပစ်လိုက်၏။

‘ဆက် နားထောင်ချင်သေးသလား’

စီလီယာ သက်ပြင်းချလိုက်သည်။

‘တော်ပါပြီ၊ ကျွန်မ သဘောပေါက်ပါပြီ’

‘အချုပ်က ဘာလဲ ဆိုတော့ အကြီးအကျယ် ကြော်ငြာနိုင်မယ် ဆိုရင်





ဘာကိုမဆို လူတွေ ယုံကြည်လာအောင် လုပ်နိုင်တယ်၊ ဘာကိုမဆို လူတွေ ဝယ်အောင် လုပ်နိုင်တယ် ဆိုတာပဲ’

‘ဒါပေမဲ့ အအေး မိတာကို ကုတဲ့ ဆေးတွေက အအေးမိတာကို သက်သာစေပါတယ်လို့ လူတွေ ပြောကြတာ ရှင်လည်း ကြားတယ် မဟုတ်လား’

‘သူတို့ စိတ်ထဲမှာ သက်သာတယ်လို့ ထင်ကြတာပါ၊ အဲဒါ အထင်မှားမှု သက်သက်ပဲ၊ အအေးမိတဲ့ ရောဂါက ပိုပြီး ဆိုးမလာတာ ဖြစ်ချင် ဖြစ်လိမ့်မယ်၊ စိတ်ထဲက ထင်တာ သက်သက်လည်း ဖြစ်ချင် ဖြစ်လိမ့်မယ်’

အင်ဒရူးက စာအုပ်များကို ပြန်ထားနေစဉ် စီလီယာသည် ဝါရင့် အထွေထွေ ရောဂါကု ဆရာဝန်ကြီး တစ်ယောက်က သူ့အား ပြောခဲ့ဖူးသည့် စကားကို ပြန် သတိ ရလာမိသည်။

‘လူနာတွေက အအေးမိတယ် ဆိုပြီး ကျုပ်ဆီကို လာတဲ့ အခါ ကျုပ်က စိတ်ကျေနပ်စေတဲ့ သကြားလုံးကလေးတွေကို ပေးလွှတ်လိုက်တယ်၊ သုံး လေး ရက်လောက် ကြာတဲ့ အခါကျတော့ သူတို့ ပြန်လာကြပြီး အဲဒီ ဆေးလုံးလေးတွေက တယ် အစွမ်း ထက်တာပဲ၊ အအေး မိတာ ပျောက်သွားပြီတဲ့၊ ဘာပဲ ဖြစ်ဖြစ် အအေး မိတာကတော့ ပျောက်သွားမှာပါကွာ’

ထိုကဲ့သို့ သတိ ရလာမှုနှင့် အင်ဒရူး ပြောလိုက်သော စကားတို့က အမှန်တရားကို ပေါ်ထွက်လာစေခဲ့သည်။

ဤတွင် စီလီယာသည် စိတ်ဓာတ် ကျဆင်း သွားရလေတော့သည်။ သူ ထမ်းဆောင် နေရသော တာဝန်သစ်များက သူ မသိချင်သော ကိစ္စရပ်များကို သိလာစေခဲ့ကြသည်။ ‘မင်း အနေနှင့် ဝေဖန် သုံးသပ်ချင်တဲ့ ကိစ္စမျိုးတွေကို ခေတ္တ ခဏတော့ ဆိုင်းငံ့ထားရလိမ့်မယ်’ ဟု ဆမ် ဟော်သုန်းက ပြောခဲ့သည်။ သူ ထိုကဲ့သို့ ချုပ်တည်း မျိုသိပ်ထားရန် လိုအပ်ပါသလား။

သူသည် ထိုကဲ့သို့ စဉ်းစားရင်းကပင် လက်ဆွဲအိတ်ထဲမှ စာရွက် စာတမ်းများကို ထုတ်ယူလိုက်၏။

ထို လက်ဆွဲအိတ်ထဲ၌ ပါလာပြီး ထိုအချိန် အထိ စီလီယာ သတိမေ့နေခဲ့သော ပစ္စည်းမှာ ‘ဟဲ့လ်သ်အော်သမ်’ ဆိုသော အိမ်သုံးဆေး နမူနာ တစ်ဘူးပင် ဖြစ်သည်။

ထိုဆေးကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကပင် ကလေးများ အအေးမိသည့် အခါ ရင်ဘတ်၌ ပွတ်ရန် ဆေး အဖြစ် ရောင်းချခဲ့ပြီး ယနေ့ထိ ကျယ်ကျယ် ပြန့်ပြန့် ရောင်းချနေရသော ဆေးပင် ဖြစ်သည်။

ထိုဆေးမှာ 'နေရ ထိုင်ရ သက်သာစေသည်' ဟု ကြော်ငြာထဲတွင် ဖော်ပြထားပြီး စူးရှသော ဟင်းမွှေး မဆလာနံ့ ပါသည့် ဆေး ဖြစ်သည်။

ဘရစ် အအေးပတ်နေကြောင်း သိသောကြောင့် ထိုဆေးကို အသုံးပြုရန် ယူလာခဲ့ခြင်း ဖြစ်သည်။ ယခု သူက အင်ဒရူးအား 'သုံးရမလား' ဟု မေးလိုက်၏။

အင်ဒရူးသည် ဆေးဘူးကို ယူ၍ ပါဝင်သော ဆေး အမည်များကို ဖတ်ကြည့်လိုက်ပြီး ရယ်လိုက်သည်။

'ဘာဖြစ်လို့ မသုံးရမှာလဲ ချစ်ချစ်ရယ်၊ မင်းက အဲဒီလို ရှေးကျတဲ့ ကပ်စေးစေး ဆေးကို သုံးချင်တယ် ဆိုရင် ဘရစ်ကို နည်းနည်းကလေးမှ အန္တရာယ် ဖြစ်စေမှာ မဟုတ်ပါဘူး၊ သူ့ကို ကောင်းကျိုးလည်း ပေးမှာ မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ခုခု လုပ်ပေးနိုင်တဲ့ မိခင် တစ်ယောက် အနေနှင့် အဲဒီဆေးက မင်းကိုတော့ စိတ် သက်သာရာ ရသွားစေလိမ့်မယ်'

အင်ဒရူးသည် စက္ကူဘူးကို ဖွင့်လိုက်ပြီးနောက် ဆေးဘူးကို စစ်ဆေးရင်း ထပ်ပြောလိုက်ပြန်၏။

'ဟဲ့လ်သ်အော်သမ်ဟာ တကယ်ကတော့ ကလေးတွေ အတွက် မဟုတ်ဘဲ မိခင်တွေ အတွက်ပဲ ဖြစ်လိမ့်မယ် ထင်တယ်'

စီလီယာ ကိုယ်တိုင် ရယ်ရန် ဟန်ပြင်လိုက်ပြီးမှ ရပ်တန့်လိုက်ပြီး အင်ဒရူးအား ထူးထူးဆန်းဆန်း ကြည့်လိုက်မိ၏။ သူ့ စိတ်ထဲသို့ အတွေး နှစ်ခု ဝင်ရောက်လာသည်။ ပထမ အတွေးမှာ 'ဟုတ်သည်၊ လောလောဆယ်တွင် ဝေဖန် သုံးသပ်မှုတွေကို ခေတ္တ ခဏတော့ ရပ်ဆိုင်းထားရလိမ့်မည်'။ ဒုတိယ အတွေးမှာ 'အင်ဒရူးက အလွန် ကောင်းမွန်သော စိတ်ကူး တစ်ခုကို ပြောပြလိုက်ခြင်းပင်တည်း'။

## ၂

'မကြိုက်ဘူး'

စီလီယာသည် စားပွဲ၏ ဟိုဘက်တွင် ရှိနေကြသော ကြော်ငြာ ကုမ္ပဏီမှ အရာရှိကြီးများအား ပြောလိုက်၏။

'ကျွန်မ တစ်ခုမှ မကြိုက်ဘူး'





အကျိုးသက်ရောက်မှုမှာ မီးကို ရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ လျင်မြန်လွန်းလှပါသည်။

ထိုနေ့မှာ ဖန်နဝါရီ လလယ်မှ အင်္ဂါနေ့ တစ်နေ့ပင် ဖြစ်သည်။ စီလီယာနှင့် ဘရေး အင် ကွန်မွန်းဝဲလ်သ် ကုမ္ပဏီမှ အရာရှိ လေးယောက်တို့သည် ကွာဒရီး ဘရောင်း ကြော်ငြာ အေဂျင်စီ၌ ပြုလုပ်သော အစည်းအဝေးသို့ တက်ရောက်ရန် ထိုနေ့ နံနက်က နယူးဂျာဆီမှ မော်တော်ကားနှင့် နယူးရော့ခ်သို့ လာရောက်ခဲ့ကြခြင်း ဖြစ်သည်။

ယမန်နေ့ ညနေကပင် နယူးရော့ခ်သို့ ကြို ရောက်နေခဲ့သော ဆမ် ဟော်သုန်းသည်လည်း ထိုကြော်ငြာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ကွာဒရီး ဘရောင်း ကြော်ငြာ ကုမ္ပဏီသည် အမေရိကန် ရိပ်သာလမ်းရှိ ဘာလင်တန် အဆောက်အအုံတွင် တည်ရှိသည်။ လေးဆယ့် လေးထပ်တွင် ရှိသော အစည်းအဝေးခန်းထဲ၌ ယနေ့ ကျင်းပသည့် အစည်းအဝေးမှာ ဘရေး အင် ကွန်မွန်း ဝဲလ်သ် ကုမ္ပဏီ၏ ကြော်ငြာ အစီအစဉ်ကို ဆွေးနွေးရန်ပင် ဖြစ်သည်။

လွန်ခဲ့သော တစ်နာရီလုံးလုံး ကြော်ငြာ အစီအစဉ်များကို တခမ်းတနား တင်ပြခဲ့ကြသည်။ သို့ရာတွင် တင်ပြချက်များကို စီလီယာက အထင် မကြီးသောကြောင့် တစ်ခုမှ မကြိုက်ဘူး ဟူ၍ မှတ်ချက် ချခဲ့ခြင်း ဖြစ်သည်။ ထိုမှတ်ချက်ကြောင့် အထိတ်တလန့် ဖြစ်ကုန်ကြသည်။

ရှည်လျားသော မဟော်ဂနီ စားပွဲကြီးတွင် ကြော်ငြာ ကုမ္ပဏီဘက်မှ ထိုင်နေသူများမှာ ကြော်ငြာ ဖန်တီးရှင် အလ် ဖိုင်အိုကာ၊ အသက် ငယ်ပုံ ရသော ငွေစာရင်း ကြီးကြပ်ရေးမှူး ကက်နက် ဩ (သူက ကြော်ငြာ အုပ်စု၏ အဖွဲ့ ခေါင်းဆောင် ဖြစ်သည်။) တတိယ ပုဂ္ဂိုလ်မှာ စာရင်းကိုင် ဒက်စတာ ဝီလ်ဆင်နှင့် စတုတ္ထမြောက် ပုဂ္ဂိုလ်မှာ ချာတိတ် သာသာမျှသာ ရှိသေးသော လက်ထောက် စာရင်းကိုင် ဘလာဒင်တို့ပင် ဖြစ်သည်။

ဘရေး အင် ကွန်မွန်းဝဲလ်သ် ကုမ္ပဏီမှ စီလီယာနှင့် အတူ ပါလာသူများမှာ ရောင်းဝယ် ဖောက်ကားရေး ဌာနမှ ဂရန့် ကာဗီးလ်၊ အရောင်းဌာနမှ တက်ဒီ အပ်ရှော၊ အသက် ခပ်ငယ်ငယ် ထုတ်လုပ်ရေး မန်နေဂျာ ဘီလ် အင်ဂရမ်တို့ပင်တည်း။ ရောင်းဝယ် ဖောက်ကားရေးမှ ဂရန့် ကာဗီးလ်သည် အသက် ငါးဆယ်ခန့် ရှိပြီ ဖြစ်သလို အရည်အချင်း ပြည့်ဝသူ ဖြစ်သော်လည်း စိတ်ကူး ကောင်းသူ မဟုတ်ပါ။

စီလီယာက သူ့အား အဆင့်တူ အခြား တစ်နေရာသို့ ပြောင်းရွှေ့ပစ်ရန် စိတ်ကူး ထားသည်။

ဖဲလ်ဒင်း ရှေ့သ်မှ အရာရှိ တစ်ယောက် အဖြစ် လာရောက်သော ဆမ် ဟော်သုန်းသည် ထိုအုပ်စုတွင် ရာထူး အမြင့်ဆုံး ဖြစ်သည်။ သို့ရာတွင် ဆမ်က ဤ အစည်းအဝေး၌ သူ ဝင်ရောက် ဆွေးနွေးမည် မဟုတ်ကြောင်း စီလီယာ အား ကြိုတင်၍ အသိပေးထားခဲ့သည်။

ယခု စီလီယာက ဆမ် ဟော်သုန်းဘက်သို့ တစ်ချက် လှမ်းကြည့်လိုက် သော်လည်း တစ်ချိန်လုံး ခပ်တည်တည် ဖြစ်နေသော ဆမ့် မျက်နှာကိုသာ မြင်လိုက် ရလေသည်။

စီလီယာက ခပ်သွက်သွက်ကလေး ပြောလိုက်၏။

'ကျွန်မက ကြော်ငြာတွေကို ဘာကြောင့် မကြိုက်သလဲ ဆိုတာ ပွင့်ပွင့် လင်းလင်းပဲ ပြောပြပါ့မယ်၊ အခု တင်ပြထားတဲ့ ကြော်ငြာတွေဟာ လွန်ခဲ့တဲ့ ဆယ်နှစ်က ဆိုရင် သိပ်ကောင်းမွန်ပါလိမ့်မယ်၊ ခု အချိန်မှာတော့ ကြော်ငြာ အချို့ဟာ ခေတ် နောက်ကျနေပါပြီ၊ ခုလို ဖြစ်ရတဲ့ ကိစ္စကို မျှမျှတတ ဖြစ် အောင် ပြောရမယ် ဆိုရင် ကျွန်မတို့ ကုမ္ပဏီက ညွှန်ကြားချက်တွေနှင့် သိပ် ဘောင်ခတ်ထားတဲ့ အတွက် ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်'

ကက်နက် ဩနှင့် ဒက်စတာ ဝီလ်ဆင်တို့က သူ့အား လေးလေးစားစား လှမ်းကြည့်နေကြသည်။ သို့ရာတွင် ချာတိတ် သာသာမျှသာ ရှိသေးသော ဟောင်းဝပ် ဘလာဒင်က ဖြူန်းခနဲ ဝင်ပြောလိုက်လေ၏။

'သိပ် ဟုတ်တာပေါ့ဗျာ၊ အဲဒီ အတိုင်း ဖြစ်နေတာဗျ၊ ဒီက လူတွေက ရှေးဟောင်း ထွက်ကုန်တွေကို ပိုစွံအောင် လုပ်ပေးချင်တဲ့ စိတ်ကူး စိတ်သန်း ကလေးများ ပေါ်လာတယ် ဆိုရင်'

'တော်လောက်ပြီဟေ့'

ငွေစာရင်း ကြီးကြပ်ရေးမှူးက ဖြတ်ပြောလိုက်ခြင်း ဖြစ်ပါ၏။ သူက သူ့ တပည့်ကို ဒေါသနှင့် စိုက်ကြည့်နေသည်။

'တို့ရဲ့ ချွတ်ယွင်းချက် အတွက် တို့က အလုပ် လာအပ်နံ့တဲ့ လူတွေကို ဘယ်တော့မှ အပြစ် မတင်ဘူး၊ တို့က လုပ်တဲ့ အလုပ်ကို တာဝန် ယူကြတဲ့ ဝါရင့် အလုပ်သမားတွေကွ၊ ပြီးတော့ မင်းက ရှေးဟောင်း ထွက်ကုန် ဆိုတဲ့ စကားကို အဲဒီ လေသံမျိုးနှင့် ဘယ်တော့မှ မပြောပါနှင့်၊ မစ္စစ် ဂျော်ဒန်၊ ကျွန် တော် တောင်းပန်ပါတယ်ဗျာ'





'အဓိပ္ပာယ် မရှိတာတွေပဲဗျာ'

စီလီယာက ကက်နက် ဩအား ပြန်ဖြေရန် အချိန် မရလိုက်မီ စီလီယာ တို့ ဘက်မှ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ပြောလိုက်သူမှာ အသက် ခပ်ငယ် ငယ် ဘီလ် အင်ဂရမ်ပင်တည်း။ သူက ဆက်ပြောလိုက်၏။

'အဲဒီ ပစ္စည်းတွေဟာ ရှေးဟောင်း ထွက်ကုန် ပစ္စည်းတွေ ဖြစ်ကြောင်း ကျုပ်တို့ အားလုံး သိတယ်၊ ဒီတော့ အရှိကို အရှိအတိုင်း ပြောတာ ဘာမှား လို့လဲ၊ အဲဒီလို မသုံးစွဲပါနှင့်လို့ ဘယ်သူကမှ မပြောဘူး၊ ဒါပေမဲ့ ပိုပြီး စွံ အောင် လုပ်လို့တော့ ရနိုင်တယ်၊ ဒီတော့ မစ္စစ် ဂျော်ဒန် ပြောသလို ပွင့်ပွင့် လင်းလင်းပဲ ပြောကြရအောင်ဗျာ'

စိတ် မသက်မသာဖြင့် ငြိမ်သက်သွားမှုကို ကက်နက် ဩက ဖြိုခွင်း လိုက်၏။

'ကဲ ချာတိတ်တွေကတော့ အချင်းချင်း ထောက်ခံကုန်ကြပြီ'

သူက စီလီယာ ဘက်သို့ လှည့်၍ မေးလိုက်၏။

'ခင်ဗျား စိတ် အနှောင့်အယှက် ဖြစ်သွားသလား'

'မဖြစ်ပါဘူး၊ အဲဒါက တိုးတက်မှု ရှိအောင် အကူအညီ ပေးနိုင်လိမ့်မယ် လို့ ထင်ပါတယ်'

ဘရေး အင် ကွန်မွန်းဝဲလ်သ်၏ ကြော်ငြာနှင့် ပတ်သက်သော စာတွဲ ဟောင်းများကို လေ့လာခဲ့သော စီလီယာသည် ယခင်က ကျင့်သုံးခဲ့သော မြွေ မသေ တုတ် မကျိုး ဝါဒကို စွန့်ပစ်ရန် ရည်ရွယ်ခဲ့ပြီး ဖြစ်သည်။

စီလီယာက ဆက်ပြောလိုက်၏။

'စပြောရမယ် ဆိုရင်တော့ ဟဲ့လ်သ်အော်သမ်ကို စပြီး ဆွေးနွေးလိုပါ တယ်၊ အဲဒီဆေးနှင့် ပတ်သက်ပြီး အလျင်က ကြော်ငြာခဲ့တာတွေနှင့် အနာဂတ် ကာလမှာ ကြော်ငြာဖို့ တင်ပြထားတာတွေဟာ ချဉ်းကပ်ပုံ ချဉ်းကပ်နည်း မှား ယွင်းနေပါတယ်၊ အလျင်က သုံးခဲ့တဲ့ ကြော်ငြာတွေထဲမှာ ရင်ဘတ်ကို ဆေး လိမ်းခံရပြီး နောက်ပိုင်းမှာ ပိုပြီး နေထိုင် ကောင်းလာတဲ့ အတွက် ပြုံးနေတဲ့ ကလေးတွေရဲ့ ပုံတွေကို ဖော်ပြထားပါတယ်'

ဒက်စတာ ဝီလ်ဆင်က ဝင်ပြောလိုက်၏။

'အဲဒီလို ဖြစ်စေချင်တာပဲ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ အဲဒီလို ဖြစ်စေချင်ပါတယ်၊ ဒါပေမဲ့ ဟဲ့လ်သ်အော်သမ် ဆေးကို ဆိုင်ထဲမှာ ဝင်ဝယ်တဲ့ လူဟာ ကလေးတွေ မဟုတ်ပါဘူး၊ သူတို့ရဲ့

မိခင်တွေပါ၊ မိခင်ကောင်း ဖြစ်ချင်တဲ့ အမျိုးသမီးတွေ၊ နေထိုင် မကောင်း ဖြစ်နေတဲ့ ကလေး သက်သာလာအောင် တစ်ခုခု လုပ်ပေးချင်တဲ့ မိခင်တွေပဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ ကြော်ငြာထဲမှာ မိခင်က နောက်ဘက်ကို ရောက်နေတယ်၊ ကျွန်မ ဖြစ်စေချင်တာက ကလေး သက်သာလာအောင် လုပ်ပေး လိုက်ရတဲ့ အတွက် စိတ်သက်သာရာ ရသွားတဲ့ မိခင်၊ ပျော်ရွှင်သွားတဲ့ မိခင်ကို ရှေ့ဘက်မှာ မြင်ချင်ပါတယ်၊ စာနယ်ဇင်းတွေမှာ ကြော်ငြာတဲ့ အခါ ရုပ်မြင်သံကြားမှာ ကြော်ငြာတဲ့ အခါတွေမှာလည်း အဲဒီလို ချဉ်းကပ်နည်းကိုပဲ သုံးစွဲသင့်ပါတယ်'

ချက်ချင်းလိုလိုပင် ခေါင်းညိတ်၍ ထောက်ခံသူများ စားပွဲ ပတ်ပတ်လည်တွင် ပေါ်လာကြသည်။ ကက်နက် ဩကလည်း ဝင်ပြောလိုက်၏။

'စိတ်ဝင်စားစရာပဲဗျာ၊ သိပ် စိတ်ဝင်စားဖို့ ကောင်းတာပဲ'

ဘီလ် အင်ဂရမ်က ဝင်ဖြည့်စွက်လိုက်သည်။

'စိတ်ဝင်စားစရာ ကောင်းတယ် ဆိုတာထက် သာတာပေါ့ဗျာ၊ အင်မတန် ကောင်းတာဗျ၊ ဟောင်းဝပ် မင်းကရော အဲဒီလို မထင်ဘူးလား'

ဟောင်းဝပ် ဘလာဒင်က စိတ်ပါ လက်ပါ ခေါင်းညိတ်လိုက်သည်။

'သိပ်ကောင်းတာပေါ့ဗျာ၊ ကလေးက နောက်ဘက်မှာ ရှိနေရမယ်၊ ကပိုကရို ကလေး ဖြစ်နေတဲ့ မိခင်က ရှေ့ဘက်မှာ ရှိနေရမယ်၊ သူက ကလေးကို ပြုစုနေရတဲ့ အတွက် ဆံပင်ကလည်း ကပိုကရိုကလေး ဖြစ်နေရမယ်၊ အဝတ်အစားကလည်း ပိုသီပတ်သီ ဖြစ်နေရမယ်'

'အသေးစိတ်တွေကို တို့က ဆက်ပြီး အကောင်အထည် ဖော်နိုင်ပါတယ် ကွာ'

ကက်နက် ဩက မှတ်ချက် ချလိုက်၏။ သူက စီလီယာကို ပြုံးပြလိုက်သည်။

'ခင်ဗျား စိတ်ကူးကို အားလုံးက တညီတညွတ်တည်း လက်ခံသွားကြပုံပဲ'

ဘီလ် အင်ဂရမ်က ဝင်ပြောလိုက်ပြန်၏။

'နောက်တစ်ချက် ရှိပါသေးတယ် မစ္စစ် ဂျော်ဒန်၊ ကျွန်တော်တို့ကလည်း အဲဒီ ဆေးကို နည်းနည်းလောက် ပြုပြင်ပေးဖို့ လိုပါလိမ့်မယ်၊ ဆေးကိုလည်း နယူး ဟဲလ်သ်အော်သမ်လို့ နာမည် ပြင်ကြရအောင်'

ထိုကိစ္စကို အားပါးတရ ဆက် ဆွေးနွေးကြသည်။ စီလီယာသည် ဟောင်းဝပ် ဘလာဒင်နှင့် ဘီလ် အင်ဂရမ်တို့ ပါဝင် ဆွေးနွေး နေကြပုံကို အကဲခတ်ရင်း အနာဂတ် ကာလတွင် ဘရေး အင် ကွန်မွန်းဝဲလ်သ်၊ ကွာဒရီး





ဘရောင်း ကြော်ငြာ အေဂျင်စီတို့၌ သူသည် မည်သူတို့နှင့် နီးနီးကပ်ကပ် လက်တွဲ၍ ဆောင်ရွက်ရလိမ့်မည် ဖြစ်ကြောင်း အလိုလို သိလိုက်လေတော့သည်။

နယူး ဟဲလ်သ်အော်သမ် လိမ်းဆေးသည် ဈေးကွက်တွင် အလွန်စွံသော ဆေး ဖြစ်လာသည်။ ကွာဒရီး ဘရောင်း ကြော်ငြာ အေဂျင်စီက သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ တစ်ပြိုင်နက်တည်း ကြော်ငြာ ပေးလိုက်သော အခါ ခြောက်ဆ အထိ တိုးတက် ရောင်းချခဲ့ရသည်။

၁၉၇၄ ခုနှစ်၏ ကျန်သော အချိန်ပိုင်းတွင် ဘရေး အင် ကွန်မွန်းဝဲလ်သ်မှ အခြား ဆေးများကို အရောင်း သွက်အောင် လှုံ့ဆော်ရေး အစီအစဉ်အား တင်ပြသည့် အခါ အသုံးစရိတ်များကို ရှောရှောရှူရှူ သဘော တူညီလိုက်ကြလေသည်။

ကွာဒရီး ဘရောင်း ကြော်ငြာ အေဂျင်စီမှ လက်ထောက် စာရင်းကိုင် ဟောင်းဝပ် ဘလာဒင်သည် စာရင်းကိုင် ရာထူးသို့ တိုးမြှင့် ခန့်ထားခြင်း ခံရသလို ဘရေး အင် ကွန်မွန်းဝဲလ်သ်မှ ဘီလ် အင်ဂရမ်သည်လည်း ရောင်းဝယ်ဖောက်ကားရေး ဌာနတွင် ညွှန်ကြားရေးမှူး အဖြစ် တိုးမြှင့် ခန့်အပ်ခြင်း ခံရသည်။

မီချီဂန်မှ ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီငယ်ကလေး တစ်ခုအား ရောင်းချလိမ့်မည် ဆိုသော သတင်းကို စီလီယာထံ ယူဆောင်လာသူမှာ အင်ဂရမ်ပင် ဖြစ်သည်။

'သူတို့ ထုတ်လုပ် ရောင်းချနေတဲ့ ဆေးဝါး အတော် ခပ်များများ ရှိပါတယ် မစ္စစ် ဂျော်ဒန်၊ ဒါပေမဲ့ စိတ်ဝင်စားစရာ ကောင်းတဲ့ ဆေးတစ်ခုကတော့ စစ်စတမ် ဖိုက် ဆိုတဲ့ ဆေးရည်ပါပဲ၊ အဲဒီ ဆေးက အအေးမိတဲ့ လူတွေနှာခေါင်း ပွင့်သွားအောင် လုပ်ပေးမယ့် ရှူဆေးပါ၊ အဲဒီ ဆေးမျိုး ကျွန်တော်တို့ဆီမှာ မရှိသေးပါဘူး၊ တကယ်လို့ ကျွန်တော်တို့က မီချီဂန် ကုမ္ပဏီကို ဝယ်နိုင်မယ် ဆိုရင် သူတို့ရဲ့ တခြား ဆေးဝါးတွေကို ဖြုတ်ပစ်လိုက်ပြီး စစ်စတမ် ဖိုက်ကို နာမည်ကြီး ဆေးတစ်မျိုး ဖြစ်လာအောင် ဆက်လုပ်ပေးဖို့ပါပဲ'

အအေးမိသော ရောဂါကို ကုသသည့် ဆေးများနှင့် ပတ်သက်၍ အင်ဒရူး၏ အယူအဆကို သတိရလိုက်သော စီလီယာက

'စစ်စတမ် ဖိုက်က ကောင်းရော ကောင်းလို့လား'

'ကျွန်တော်တို့ဆီက ဓာတုဗေဒ ပညာရှင်တွေကို စစ်ဆေးခိုင်းပြီးပါပြီ၊ ထူးထူးခြားခြား ကောင်းလှတဲ့ ဆေးမျိုး၊ ကျွန်တော်တို့ ထုတ်လုပ်နေတာတွေထက် ပိုကောင်းတဲ့ ဆေးမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ စစ်စတမ် ဖိုက်ဟာ ဈေးကွက်မှာ တော်တော်ကလေး ခြေကုပ် ရနေပါပြီ'

'ဟုတ်တယ်၊ အဲဒါ အရေးကြီးတယ်၊ ကဲပါလေ အသေးစိတ်တွေ ပါအောင် အစီရင်ခံစာ ရေးပြီး တင်ပေးလိုက်ပေါ့၊ ကျွန်မ လေ့လာလိုက်မယ်၊ သိပ် မဆိုးဘူး ဆိုရင် ကျွန်မ ဆမ်နှင့် ဆွေးနွေးမယ်'

ရက် အနည်းငယ် ကြာသောအခါ အင်ဂရမ်၏ တင်ပြချက်ကို စီလီယာ သဘောကျသဖြင့် မီချိဂန် ကုမ္ပဏီအား ဝယ်ယူရန် ထောက်ခံ တင်ပြလိုက်လေသည်။

ထိုကုမ္ပဏီကို ဝယ်ယူပြီးသောအခါ ထိုကုမ္ပဏီမှ အခြား ဆေးဝါးများကို ထုတ်ရောင်းလိုက်ပြီးနောက် မီချိဂန် ဆေးဝါး ထုတ်လုပ်ရေး စက်ရုံကို ပိတ်ပစ်လိုက်သည်။ စစ်စတမ် ဖိုက်အား ထုတ်လုပ်သည့် လုပ်ငန်းနှင့် အဆိုပါ လုပ်ငန်းတွင် လုပ်ကိုင်နေသူ ဝန်ထမ်း အနည်းငယ်တို့အား နယူးဂျာဆီရှိ ဘရေးအင် ကွန်မွန်းဝဲလ်သ် စက်ရုံသို့ ပြောင်းရွှေ့ပစ်လိုက်သည်။

စစ်စတမ် ဖိုက်အား ပိုမို ကောင်းမွန်လာအောင် ပြုလုပ်ရန်နှင့် အရောင်း ပိုသွက်လာအောင် ပြုလုပ်ရေး ကိစ္စတို့ကို ဘီလ် အင်ဂရမ်အား ကြီးကြပ်စေလိုက်သည်။

ဘီလ် အင်ဂရမ်သည် အစိမ်းရောင် ပုလင်းနှင့် ထည့်သွင်း ရောင်းချခဲ့သော ထိုဆေးအား ထူးထူးခြားခြား ဖြစ်လာအောင် ရွှေရောင်နှင့် အဝါရောင် ဘူးခွံတွင် ပြောင်းလဲ ထည့်သွင်းစေခဲ့သည့် အပြင် ဘူးခွံနှင့် လိုက်ဖက်သော ပလတ်စတစ် ဘူးတွင် ထည့်သွင်းစေခဲ့သည်။ နာမည်ကိုလည်း 'စစ်စတမ် ဖိုက် ဟန်ဒရက်' ဟူ၍ ပြောင်းလဲ ပစ်လိုက်လေသည်။

စီလီယာနှင့် အိမ်သုံးဆေးဝါး လုပ်ငန်းတို့သည် အကျိုးရှိစွာ ပေါင်းစပ်နေကြဆဲတွင် ကမ္ဘာပေါ်ရှိ အခြား နေရာများ၌လည်း ကြေကွဲ ဝမ်းနည်းစရာနှင့် ရယ်မော ပျော်ရွှင်စရာ ကိစ္စရပ်များ ဖြစ်ပေါ်နေခဲ့ကြပေသည်။

ဗြိတိသျှနှင့် ပြင်သစ် နိုင်ငံတို့သည် အင်္ဂလိပ် ရေလက်ကြား အောက်မှ ဥမင် လိုဏ်ခေါင်း တူးဖော်ရေး လုပ်ငန်းကို မကြာခင် စတင် ဆောင်ရွက်ကြ





တော့မည် ဖြစ်ကြောင်း ယုံကြည်မှု အပြည့်အဝနှင့် ကြေညာလိုက်ကြသည်။ သမ္မတ ကနေဒီအား လုပ်ကြံ သတ်ဖြတ်ခဲ့သူ ဂျက်ခ် ရူဘီ အော့စဝေါလ်အား အပြစ် ရှိကြောင်း စီရင်ချက် ချမှတ်ပြီး သေဒဏ် အပြစ် ပေးလိုက်သည်။ လီဗာပူးမြို့မှ ပြောင်ချော်ချော်နှင့် နှစ်သက်ဖွယ် ကောင်းသူ 'ဘီးလ်တဲစ်' အမည်ခံ ပုဂ္ဂိုလ် လေးယောက်တို့၏ တေးဂီတသည် ကမ္ဘာ တစ်ဝန်းလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

ကနေဒါ နိုင်ငံက နိုင်ငံတော် အလံသစ်ကို ပြဋ္ဌာန်းလိုက်သည်။ ဝင်စတန် ချာချီသည် အသက် ကိုးဆယ် အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

အမေရိကန် နိုင်ငံတွင်လည်း အလွန် ဝေးကွာသော ဒေသမှ ဗီယက်နမ် ဆိုသော နိုင်ငံနှင့် ပတ်သက်သည့် တုံကင် ပင်လယ်အော် ဆုံးဖြတ်ချက်ကို အောက်လွှတ်တော်တွင် ရှောရှောရှူရှူ တင်သွင်း ဆုံးဖြတ်ခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်မှ ဖြစ်ပေါ်လာမည့် အကျိုးဆက် တရားများသည် လူသား မျိုးဆက် တစ်ခုကို သွေးကွဲစေလိမ့်မည် သာမက အမေရိကန် နိုင်ငံကို အစိတ်စိတ် အမြွာမြွာ ပြိုကွဲစေလိမ့်မည် ဖြစ်ကြောင်း သတိ ပြုမိခြင်း မရှိခဲ့ကြပါ။

၁၉၆၅ ခုနှစ် ဩဂုတ်လ၏ ညတစ်ညတွင် လော့စ် အင်ဂျလိရှိ ဝတ်သ်ဆိုသော ရပ်ကွက်၌ ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုများကို မိသားစု အားလုံး ရုပ်မြင်သံကြားမှ တစ်ဆင့် ကြည့်ရှုခဲ့ကြပြီး စိတ်မကောင်း ဖြစ်ခဲ့ကြရသည်။

ရုပ်မြင်သံကြားကို ကြည့်ရှုပြီးကြသော အခါ ဘရစ်က ကန့်ကွက်စကား ပြောလိုက်သည်။

'သူတို့က လူတွေကို ရက်ရက်စက်စက် နှိပ်စက်နေကြတာ မာမီ'

စီလီယာက ဖြေလိုက်၏။

'ဟုတ်တယ် ဘရစ်၊ သူတို့က လူတွေကို နှိပ်စက်နေကြတာ၊ အဲဒီ ကိစ္စဟာ ဝမ်းနည်းစရာ ကောင်းသလို မလုပ်သင့်တဲ့ ကိစ္စလည်း ဖြစ်တယ်၊ ဒါပေမဲ့ တစ်ခါတလေကျရင် အဲဒါမျိုး ဖြစ်တတ်တယ်၊ သားရဲ့ ဘဝမှာ တွေ့ကြုံလာရမှာကတော့ သား ခု မြင်နေရတဲ့ ကိစ္စမျိုး မကြာခဏ ဖြစ်တတ်တယ် ဆိုတာပဲ'

ထို့နောက် ကလေးများ အိပ်ရာ ဝင်သွားကြသောအခါ အင်ဒရူးက ပြောလိုက်၏။

'အဲဒီ ကိစ္စတွေဟာ စိတ်ဓာတ် ကျဆင်းစရာ ကောင်းတဲ့ ကိစ္စတွေပဲ၊ ဒါပေမဲ့ မင်းက ဘရစ်ကို အမှန်အတိုင်း ပြောပြခဲ့တယ်၊ ကိုယ်တို့ အတော်

ခပ်များများဟာ ပိုးအိမ်ကလေးတွေထဲမှာပဲ နိုအောင်းနေကြတယ်၊ မကြာခင် အပြင်ဘက်မှာလည်း တခြား ကမ္ဘာ တစ်ခု ရှိနေတယ် ဆိုတာ သူ သိလာမှာ ပါပဲ'

'ဟုတ်တယ်'

စီလီယာက လေးလေးနက်နက် တွေးရင်း ဆက်ပြောလိုက်၏။

'ကျွန်မလည်း ရှင့်ကို ပိုးအိမ်ကလေးတွေ အကြောင်း ပြောပြချင်တယ်၊ ကျွန်မ ကိုယ်တိုင်လည်း ပိုးအိမ်ကလေး တစ်ခုထဲမှာ ရောက်နေတယ် ထင် တယ်'

'အိမ်သုံး ဆေးဝါး ပိုးအိမ်ပဲ ထင်ပါရဲ့'

'အဲဒါမျိုးပါပဲ၊ ကျွန်မ လုပ်ကိုင်နေတဲ့ ကိစ္စ တော်တော် ခပ်များများ၊ ဥပမာ ဟဲ့လ်သ် အော်သမ်လို၊ စစ်စတမ် ဖိုက် ဟန်ဒရက်လို ဟာမျိုးကို ရှင် မကြိုက်ဘူး ဆိုတာ ကျွန်မ သိပါတယ်၊ ရှင်ကတော့ သိပ်ဖွင့်မပြောဘူး၊ ရှင် တော်တော် စိတ်ပျက် နေသလား'

'နည်းနည်းတော့ စိတ်ပျက်တာပေါ့ကွာ'

အင်ဒရူး တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီး ဆက်ပြောပြန်၏။

'မင်း လုပ်နေတဲ့ ကိစ္စတွေ အတွက် ကိုယ် ဂုဏ်ယူပါတယ် စီလီယာ၊ တစ်နေ့ကျလို့ ဆေးညွှန်းနှင့် ရောင်းချရတဲ့ ဆေးဝါး လုပ်ငန်းဘက်ကို မင်း ပြန် ရောက်သွားတဲ့ အခါကျရင် ကိုယ် ဝမ်းသာမိမှာပါ၊ ခုလောလောဆယ်မှာ တော့ ကိုယ် စိတ်ဖြေလို့ ရလာတာတွေ ရှိပါတယ်၊ ပထမ တစ်ချက်ကတော့ ဘယ်သူကပဲ ထုတ်လုပ် ထုတ်လုပ် လူတွေက မြွေဆီလို ဆေးဝါးတွေကို ဆက်ဝယ်နေကြမှာပဲ၊ ဒီတော့ ဘယ်သူက ထုတ်လုပ်တယ် ဆိုတာ သိပ် အရေး မကြီးလှပါဘူး၊ ပြီးတော့လည်း လူတွေက အိမ်သုံး ဆေးဝါးတွေကို မဝယ်ကြ တော့ဘဲ ဆရာဝန်တွေဆီ တန်းလာကြမယ် ဆိုရင် ဆရာဝန်တွေ ဒုက္ခ ဖြစ် ကုန်ကြမှာပဲ၊ လူနာ အကုန်လုံးကို လက်ခံနိုင်မှာ မဟုတ်ဘူး'

'ရှင်က ကျွန်မကြောင့် လျှော့လျှော့ပေါ့ပေါ့ တွေးပြီး လက်ခံ နေတာ လား'

'တကယ်လို့ ကိုယ်က အဲဒီလို တွေးပြီး လက်ခံနေပါတယ် ဆိုရင်ကော ဘာဖြစ်သလဲ၊ မင်းက ကိုယ့်မိန်းမ၊ ကိုယ်က မင်းကို ချစ်တယ်လေ'

'ကျွန်မကလည်း ချစ်ပါသတဲ့ ရှင်'

စီလီယာက ရှေ့သို့ ငုံ့ပြီး မွေးမွေး ပေးလိုက်၏။





'ကျွန်မ အိမ်သုံး ဆေးဝါး လုပ်ငန်းမှာ ဝင် အလုပ် လုပ်နေတာ တော် လောက်ပြီလို့ ဆုံးဖြတ်လိုက်ပြီ၊ နက်ဖြန်ခါကျရင် ကျွန်မကို တခြား ပို့ပေးပါ လို့ ပြောလိုက်တော့မယ်'

'တကယ်လို့ မင်းက အဲဒီလို တကယ် ဖြစ်ချင်တယ် ဆိုရင် မင်း တောင်း ဆိုချက် အတိုင်း ရပါစေလို့ ဆုတောင်းလိုက်ပါရဲ့ကွာ'

နောက်တစ်နေ့တွင် ဆမ် ဟော်သုန်းက စီလီယာ့အား ပြောလိုက်၏။

'ပြဿနာကတော့ မင်းက သိပ်အောင်မြင်နေတယ်၊ အားလုံးက မျှော် လင့်ထားတာထက် ပိုပြီး အောင်မြင်နေတယ်၊ မင်းက ရွှေ ဥပေးတဲ့ ငန်းမ ဆိုတော့ မင်းကို ဘရေး အင် ကွန်မွန်းဝဲလ်သ်မှာ ဆက်ထားခဲ့ကြတာပေါ့'

သူတို့သည် စီလီယာ၏ တောင်းဆိုချက် အရ ဖဲလ်ဒင်း ရှေ့သ်ရှိ ဆမ် ဟော်သုန်း၏ ရုံးခန်းထဲတွင် ဆွေးနွေးနေကြခြင်း ဖြစ်သည်။

'မင်း ဘရေး အင် ကွန်မွန်းဝဲလ်သ်ကို သွားစဉ် အခါတုန်းက အဲဒီက ရ တဲ့ ဝင်ငွေဟာ ဖဲလ်ဒင်း ရှေ့သ် ဝင်ငွေ အားလုံးရဲ့ ဆယ်ရာခိုင်နှုန်းပဲ ရှိတယ်၊ ဒီနှစ် ကျရင် အဲဒီက ရတဲ့ ဝင်ငွေဟာ ဆယ့်ငါး ရာခိုင်နှုန်း ဖြစ်လာလိမ့်မယ်၊ အမြတ်ကလည်း အချိုးကျ တိုးလာလိမ့်မယ်၊ ဆေးညွှန်းနှင့် ရောင်းတဲ့ ဆေးဝါး တွေ အရောင်း နည်းနည်း ကျသွားတာလည်း တစ်စိတ် တစ်ဒေသတော့ ပါဝင် တာပေါ့လေ၊ ဒါပေမဲ့ ဘာပဲပြောပြော အလွန် ကြီးမားတဲ့ စွမ်းဆောင်မှုပါပဲ၊ ချီးကျူးပါတယ် စီလီယာ'

'ကျေးဇူးတင်ပါတယ် ရှင်'

စီလီယာ ကျေနပ်သွားသည်။ ကိန်းဂဏန်းများသည် သူ့အား မျက်နှာ သာ ပေးသည့် အနေအထားတွင် ရှိလိမ့်မည်ဟု မျှော်လင့် ထားသော်လည်း ဆမ် ဟော်သုန်း ပြောသလောက် ထူးခြားလိမ့်မည်ဟု မထင်မိချေ။

စီလီယာက စဉ်းစားပြီး ထပ်ပြောလိုက်သည်။

'အိမ်သုံး ဆေးဝါး လုပ်ငန်းက သူ့အရှိန်ကို ဆက် ထိန်းထားနိုင်လိမ့်မယ် လို့ ကျွန်မ ထင်ပါတယ်၊ ဘီလ် အင်ဂရမ်ကလည်း သိပ်တော်လာပါပြီ၊ ဆေး ညွှန်းနှင့် ရောင်းတဲ့ ဆေးတွေ အရောင်း ကျလာတယ်လို့ ရှင်က ပြောတယ် ဆို တော့ ကျွန်မ အဲဒီဘက်မှာ ကူညီနိုင်ပါတယ် ရှင်'

ဆမ်က ပြောလိုက်၏။

'မင်း ကူညီရမှာပေါ့ကွာ၊ ကျုပ် ကတိပေးပါတယ်၊ ပြီးတော့လည်း မင်း စိတ်ဝင်စားမယ့် အထူး ကိစ္စ တစ်ခု ပေါ်ပေါက် လာနိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ လေး ငါးလ ကြာအောင်တော့ သည်းညည်း ခံလိုက်ပါဦး'

## ၃

အင်ဒရူးသည် ဆေးရုံ အုပ်ချုပ်ရေးမှူးအား ခပ်တည်တည်နှင့် ရင်ဆိုင်နေသည်။ သူတို့သည် လီယိုနတ် ဆွိသင်း၏ ရုံးခန်းထဲ၌ ရှိနေကြပြီး နှစ်ယောက်စလုံး မတ်တတ် ရပ်နေကြသည်။ သူတို့ နှစ်ဦး အကြားတွင် တင်းမာမှုများ ပေါ်ပေါက်နေသည်။ ထိုနေ့သည် သောကြာနေ့ ဖြစ်ပြီး မွန်းတည့်ချိန်သို့ ရောက်လုနီးပေပြီ။ စိန့် ဘိဒ် ဆေးရုံ အုပ်ချုပ်ရေးမှူးက ပြောလိုက်၏။

'ဒေါက်တာ ရော်ဒန်၊ ခင်ဗျား ရှေ့ဆက် မပြောခင် အခု ခင်ဗျား ပြောမယ့် ကိစ္စဟာ ရာနှုန်းပြည့် သေချာမှု ရှိပါစေ၊ ပြီးတော့ နောက်ထပ် ဖြစ်ပေါ်လာမယ့် အကျိုးဆက် တရားတွေကိုလည်း ထည့်သွင်း စဉ်းစားပါလို့ သတိပေးပါရစေ'

'ကျုပ်က အဲဒါတွေကို မစဉ်းစားခဲ့ဘူးလို့ ခင်ဗျား ထင်သလား'

ညက အိပ်မပျော်ခဲ့မှုကြောင့် စိတ်တိုနေသော အင်ဒရူးသည် ပေါက်ကွဲလုနီးပါး ဖြစ်နေသည်။

'မင်း စဉ်းစားခဲ့လိမ့်မယ်လို့ ကျုပ် ထင်ပါတယ်၊ ကျုပ်က သေချာချင်လို့ပါ'

'ကောင်းပြီ လီယိုနတ်၊ ကျုပ်က တရားဝင်အောင် ထပ်ပြောဦးမယ်၊ ကျုပ်နှင့် တွဲဖက် လုပ်ကိုင်နေတဲ့ ဒေါက်တာ နီအာ တောင်းဆင်းဟာ ခုလောလောဆယ် အပေါ်ထပ်မှာ လူနာတွေကို လိုက်လံ ကြည့်ရှုနေတယ်၊ သူဟာ မူးယစ်ဆေးဝါး စွဲနေသူ ဖြစ်ပြီး အခု အချိန်မှာ ဆေးမူးနေသူ ဖြစ်တယ်၊ ကျုပ် အယူအဆ အရ သူဟာ ဆေးဝါး ကုသနိုင်စွမ်း မရှိတော့တဲ့ ပုဂ္ဂိုလ် ဖြစ်သလို လူနာတွေကို အန္တရာယ် ဖြစ်စေနိုင်မယ့်သူ ဖြစ်ပါတယ်၊ ထပ် ပြောရဦးမယ်ဆိုရင်တော့ ဒီရက်သတ္တ တစ်ပတ် အတွင်းမှာ ဆေးမူးနေတဲ့ ဒေါက်တာ တောင်းဆင်းရဲ့ အမှားကြောင့် ဆေးရုံက လူနာ တစ်ဦး မသေသင့်ဘဲ သေဆုံးခဲ့ရကြောင်း ကျုပ် သိထားတယ်'





'ဘုရားသခင်'

အင်ဒရူး၏ နောက်ဆုံး ဝါကျ အဆုံးတွင် ဆေးရုံ အုပ်ချုပ်ရေးမှူး သွေးဆုတ်သွားသည်။ ယခု သူက တောင်းပန်လိုက်၏။

'အင်ဒရူး၊ မင်းက နောက်ဆုံး ကိစ္စကို ချန်ထားလို့ မရဘူးလားကွာ'

'ကျုပ် ချန်မထားဘူး၊ ချန်လည်း မထားနိုင်ဘူး၊ ခင်ဗျားက အဲဒါနှင့် ပတ်သက်ပြီး ချက်ချင်း တစ်ခုခု လုပ်ပေးပါလို့ ကျုပ် တောင်းဆိုတယ်၊ သူ ဘာဖြစ်နေတယ် ဆိုတာကို ကျုပ်တို့ နှစ်ယောက်စလုံး သိခဲ့တဲ့ လွန်ခဲ့တဲ့ လေးနှစ် ကတည်းက ခင်ဗျား လုပ်ပေးသင့်ခဲ့တဲ့ ကိစ္စပါ၊ ဒါပေမဲ့ ခင်ဗျားနှင့် တခြား ပုဂ္ဂိုလ်တွေက ပါးစပ် ပိတ်ထားကြပြီး မျက်နှာကို တစ်ဖက် လွှဲထားကြတယ်'

လီယိုနတ် ဆွိသင်းက ပြန်ဟောက်လိုက်၏။

'ကျုပ် တစ်ခုခု လုပ်ရတော့မှာပေါ့၊ မင်းက ကျုပ်ကို လာပြောတယ်ဆိုတော့ ဥပဒေ အရ ကျုပ်မှာ တခြားနည်း မရှိတော့ဘူး၊ ဒါပေမဲ့ ဟိုတုန်းက ကိစ္စနှင့် ပတ်သက်ရင်တော့ ကျုပ် လုံးဝ မသိဘူး'

အင်ဒရူးက ပြောလိုက်သည်။

'ခင်ဗျား ညာပြောနေတယ် ဆိုတာ ကျုပ်တို့ နှစ်ယောက်စလုံး သိပါတယ်၊ ဒါပေမဲ့ ဟိုအချိန်တုန်းက ကျုပ်လည်းပဲ ခင်ဗျားလို သတ္တိ မရှိခဲ့ဘူး ဆိုတော့ ထပ် မပြောတော့ပါဘူး၊ ကျုပ်က အခု ကိစ္စကိုသာ အရေးစိုက်တာပါ'

ဆေးရုံ အုပ်ချုပ်ရေးမှူး သက်ပြင်း ချလိုက်၏။

သူက 'ဒီကိစ္စဟာ တစ်နေ့တော့ ပေါ်ပေါက် လာမှာပဲလို့ တွေးမိတယ်လေ' ဟု သူ့ကိုယ်သူ ပြောသလိုလို ပြောလိုက်၏။

ထို့နောက် လီယိုနတ် ဆွိသင်းသည် စားပွဲဆီသို့ သွားပြီး တယ်လီဖုန်း စကားပြောခွက်ထဲမှ အသံ တစ်သံ ထွက်ပေါ်လာသော အခါ ဆွိသင်းက အတွင်းရေးမှူးအား 'မြို့ထဲက ဆေးရုံ အုပ်ချုပ်ရေး ဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် ဆက်သွယ်ပေးစမ်း၊ ခုကိစ္စက သိပ် အရေးကြီးတယ်၊ သူ ဘာပဲ လုပ်နေနေ ရအောင် ဆက်သွယ် ပေးစမ်းပါလို့ သူ့ တပည့်တွေကို ပြော၊ မင်း အဲဒါကို လုပ်ပြီးရင် ဆေးကောင်စီ အမှုဆောင် ကော်မတီ အစည်းအဝေးကို တယ်လီဖုန်းနှင့် ခေါ်ပေးစမ်း၊ အစည်းအဝေးကို ဘုတ်အဖွဲ့ စည်းဝေးခန်းထဲမှာ ခုချက်ချင်း ကျင်းပမယ်၊ ဌာနမှူး အတော် ခပ်များများဟာ ဆေးရုံမှာ ရောက်နေကြလိမ့်မယ်' ဟု ညွှန်ကြားလိုက်သည်။

ဆေးရုံ အုပ်ချုပ်ရေးမှူးက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက် မျက်နှာကို ရှုံ့မဲ့ပစ်လိုက်သည်။ သူ့ အမူအရာသည် အနည်းငယ် ပျော့ပျောင်းလာသည်။

'ဒီကနေ့ဟာ ကျုပ်တို့ အတွက်ရော ဆေးရုံ အတွက်ပါ မကောင်းတဲ့ နေ့တစ်နေ့ပဲ အင်ဒရူး၊ ဒါပေမဲ့ မင်း လုပ်သင့် လုပ်ထိုက်တယ်လို့ ထင်တဲ့ ကိစ္စကို လုပ်လိုက်တယ် ဆိုတာ ကျုပ် သိပါတယ်'

အင်ဒရူးက လေးလေးပင်ပင်ကြီး ခေါင်းညိတ်လိုက်သည်။

'နောက် ဘာဆက်ဖြစ်မလဲ'

'ဆေးကောင်စီ အမှုဆောင် ကော်မတီ အစည်းအဝေး မိနစ်ပိုင်း အတွင်း လုပ်လိမ့်မယ်၊ မင်းကိုလည်း ခေါ်လိမ့်မယ်၊ လောလောဆယ်တော့ ဒီမှာပဲ စောင့်နေပါ'

အပြင်ဘက် တစ်နေရာဆီမှ မွန်းတည့်ချိန် အချက်ပေး ဥသြသံ ပေါ်ထွက်လာသည်။

အင်ဒရူးက စိတ်ပျက်လက်ပျက်နှင့် တွေးလိုက်မိ၏။

သူ အလွန် ကြာအောင် စောင့်ဆိုင်းခဲ့မိသည်။ အသက် ငယ်ရွယ်သော လူနာ တစ်ဦး၊ နှစ်ပေါင်း များစွာ ကြာအောင် ဆက်၍ အသက် ရှင်နိုင်သေးသည့် လူနာ တစ်ဦး သေဆုံးခဲ့သည့် အချိန် အထိ သူ စောင့်ခဲ့မိပါ၏။

ဒေါက်တာ နီအာ တောင်းဆင်းသည် မူးယစ်ဆေးဝါး စွဲနေသူ တစ်ဦး ဖြစ်ကြောင်း သူ သိခဲ့သော လွန်ခဲ့သည့် လေးနှစ်နှင့် ရှစ်လက စ၍ ဆေးဝါးကုသရာတွင် ချွတ်ချော် မှားယွင်းမှု၊ အရေးကြီးသော ကိစ္စရပ်များတွင် အဆုံးအဖြတ် မှားယွင်းမှုများ မဖြစ်ပွားအောင် ဒေါက်တာ တောင်းဆင်းအား သူ စောင့်ကြည့်ခဲ့ပါသည်။

လုပ်ဖော်ကိုင်ဖက် ဖြစ်သူ ဒေါက်တာ အင်ဒရူး၏ စိုးရိမ် ပူပန်မှုကို သိနားလည်နေသည့် အလား ဒေါက်တာ နီအာ တောင်းဆင်းသည် ခက်ခဲသည့် ကေ့စ်များကို အင်ဒရူးနှင့် မကြာခဏ ဆွေးနွေးလေ့ ရှိသည်။

နီအာ တောင်းဆင်းသည် မူးယစ် ဆေးဝါး စွဲနေသူ တစ်ဦး ဖြစ်စေကာမူ ရောဂါ အမည် ဖော်သော သူ့ အရည်အချင်းသည် ဆက်လက်၍ ကောင်းမွန်နေဆဲပင်တည်း။





သို့ရာတွင် ဒေါက်တာ တောင်းဆင်းသည် မူးယစ်ဆေးဝါးများကို သုံးစွဲရာ၌ အင်ဒရူး ရှေ့မှောက်၌ပင် ပြောင်ပြောင်တင်းတင်း သုံးစွဲသည့် အဆင့်သို့ ရောက်ရှိနေသည်။ မူးယစ်ဆေးဝါးများကလည်း သူ့ကို ပို၍ အနိုင် ယူလာကြပုံ ရသည်။ မျက်လုံးများ ကြောင်တောင်တောင် ဖြစ်လာခြင်း၊ အာလေးလျှာလေး ဖြစ်လာခြင်း၊ လက်တုန်လာခြင်း စသော လက္ခဏာများကို ဆေးခန်းတွင်သာမက စိန့် ဘီဒ် ဆေးရုံတွင်လည်း တွေ့လာရသည်။ သူသည် ဆေးစာနှင့်သာ ဝယ်ယူခွင့် ရှိသော ဆေးနမူနာ ပုလင်း ဒါဇင်ပေါင်း များစွာကို ကွယ်ဝှက်ထားရန်ပင် မကြိုးစားဘဲ သူ့ရုံးခန်းထဲတွင် ပြောင်ကျကျ ထားလေ့ ရှိပြီး သူနှင့် အတူ အင်ဒရူး ရှိနေချိန်မှာပင် သကြားလုံးများကို စားနေသကဲ့သို့ နိုက်ယူ စားလေ့ ရှိသည်။

သို့တိုင်အောင် စိန့် ဘီဒ် ဆေးရုံတွင် အင်ဒရူး စိတ်ပူသကဲ့သို့ မည်သူကမျှ စိတ် ပူပန်ကြပုံ မရပါ။ သို့ရာတွင် နီအာ တောင်းဆင်း အကြောင်း အင်ဒရူး တင် သိရှိပြီး နောက်တစ်နှစ် အကြာ ၁၉၆၁ ခုနှစ်တွင် နီအာ တောင်းဆင်းသည် ဆေးဘက်ဆိုင်ရာ ဌာနမှူး အဖြစ်မှ ဖယ်ပေးလိုက်သလို ဆေးကောင်စီ အဖွဲ့ဝင် အဖြစ်မှလည်း နုတ်ထွက် လိုက်လေသည်။

ထိုအချိန်မှ စ၍ ဒေါက်တာ တောင်းဆင်းသည် နေအိမ်တွင် ယခင်ကထက် ပို၍ အနေများလာပြီး လူမှု ဆက်ဆံရေး နယ်ပယ်ထဲတွင် ပါဝင် လှုပ်ရှားမှုလည်း သိပ် မရှိတော့ချေ။ ဆေးခန်းတွင်လည်း လူနာများ အတွက် တာဝန် ယူရမှု လျော့နည်းသွားအောင် နောက်ထပ် ရောက်ရှိလာသော လူနာ အသစ်များကို အင်ဒရူးနှင့် နောက်ထပ် ရှိလာသော ဆရာဝန်သစ် အော်စကာ အေရွှန်တို့ထံ လွှဲပြောင်းပေးလေ့ ရှိသည်။

ရုံဖန်ရံခါ ဆိုသလို အင်ဒရူးသည် နီအာနှင့် သူ့လူနာများ အတွက် စိတ်ပူပန်မိသည်။ သို့ရာတွင် ပြဿနာ ကြီးကြီးမားမား ပေါ်ပေါက်ခဲ့ခြင်း မရှိသောကြောင့် ဘာမှ မလုပ်မိဘဲ တစ်ခုခု ဖြစ်လာသည် အထိ စောင့်နေခဲ့မိကြောင်း သူ ယခုမှ ပြန်တွေးကြည့်မိတော့သည်။ ဒီရက်သတ္တပတ် အထိပင် ဖြစ်သည်။

အင်ဒရူးသည် အစ ပထမတွင် ဆက်စပ်မှု မရှိသော သတင်း အစအနများကိုသာ ရရှိခဲ့သည်။ သို့ရာတွင် သံသယ ဖြစ်မှုကြောင့် စုံစမ်းခဲ့ရာမှ ထိုအဖြစ်အပျက်ကို အစီအစဉ်တကျ ဆက်စပ်နိုင်စွမ်း ရှိလာခဲ့သည်။

ထိုကိစ္စများသည် အင်္ဂါနေ့ မွန်းလွဲပိုင်းမှ စတင်ခဲ့ကြခြင်း ဖြစ်သည်။

အသက် နှစ်ဆယ့် ကိုးနှစ် ရှိပြီ ဖြစ်သော လူနာ ကတ် ဝိုင်ရာဇစ်သည် လည်ချောင်း နာသည်၊ မူးမော်သည်၊ ချောင်း အဆက်မပြတ် ဆိုးသည်၊ ကိုယ်ပူနေသလို ခံစားနေရပါသည် ဆိုသော ဝေဒနာများနှင့် ဒေါက်တာ နီအာ တောင်းဆင်း၏ ရုံးခန်းထဲသို့ ရောက်ရှိလာသည်။

စစ်ဆေးလိုက်သော အခါ သူ့ လည်ချောင်းသည် ရောင်ရမ်းနေပြီး အပူချိန် ၁၀၂ ဒီဂရီ ရှိနေသလို အသက်ရှူနှုန်း မြန်နေကြောင်း တွေ့ရှိရပြီး အဆုတ်ထဲမှ ချွဲသံများကိုပါ ကြားနေရသောကြောင့် အဆုတ် ရောင်ရမ်းနာ ဖြစ်ကြောင်း ရောဂါ အမည် တပ်လိုက်ပြီး ဝိုင်ရာဇစ်အား စိန့် ဘိဒ် ဆေးရုံသို့ ချက်ချင်း တက်ခိုင်းလိုက်သည်။ တောင်းဆင်းကမူ ညနေပိုင်းမှ သွားရောက် ကြည့်ရှုမည် ဖြစ်သည်။

ဝိုင်ရာဇစ်သည် လူနာသစ် မဟုတ်ပါ။ လွန်ခဲ့သော သုံးနှစ်က စ၍ ဤဆေးခန်းသို့ မကြာခဏ လာရောက်ခဲ့ဖူးသူ ဖြစ်သည်။ ပထမဦးဆုံး အကြိမ်တွင် လည်ချောင်း နာသော ဝေဒနာနှင့် ရောက်ရှိလာခဲ့ရာ ပင်နီဆလင် ထိုးပေးလိုက်သောကြောင့် ထို ဝေဒနာ ပျောက်ကင်း သွားသော်လည်း ဝိုင်ရာဇစ်သည် ပင်နီဆလင်နှင့် မတည့်ကြောင်း သိလာခဲ့ရ၏။

ဤတွင် ဒေါက်တာ တောင်းဆင်းက လူနာ၏ ဆေးမှတ်တမ်းတွင် ပင်နီဆလင်နှင့် မတည့်ကြောင်း မင်နီနှင့် ပေါ်ပေါ်ထင်ထင် ရေးမှတ် ထားလိုက်သည်။

ဆေးခန်းသို့ အခြား ဝေဒနာ တစ်ခုနှင့် ဝိုင်ရာဇစ် ဒုတိယ အကြိမ် လာရောက်ခဲ့သော အခါ ဒေါက်တာ နီအာ တောင်းဆင်း မရှိသဖြင့် အင်ဒရူးက ဆေးကု ပေးလိုက်ရသည်။

ထိုစဉ်က လူနာ၏ ဆေးမှတ်တမ်းကို ဖတ်ရှုခဲ့သော အင်ဒရူးသည် ပင်နီဆလင်နှင့် ပတ်သက်၍ သတိပေးချက်ကို သတိ ထားလိုက်မိခဲ့သည်။

ထိုကိစ္စမှာ လွန်ခဲ့သော တစ်နှစ်ခွဲက ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။

ဝိုင်ရာဇစ်မှာ ဆေးရုံသို့ ရောက်သောအခါ အခြား လူနာ သုံးယောက်နှင့် အတူ အခန်း တစ်ခန်းထဲတွင် နေခွင့် ရခဲ့သည်။ များမကြာမီ ထုံးစံအတိုင်း ဆရာဝန်ငယ်လေး တစ်ယောက်က လာရောက် စစ်ဆေးသည်။ မတည့်သော ဆေးများ အကြောင်း မေးမြန်းသဖြင့် ပင်နီဆလင်နှင့် မတည့်ကြောင်း ဝိုင်ရာဇစ်က ဖြေလိုက်သည်။





ထိုအဖြေကို ဆေးရုံမှ ဆေးမှတ်တမ်းတွင် ရေးမှတ်ထားခဲ့ပြီး ဖြစ်သည်။

ဒေါက်တာ တောင်းဆင်းသည် ဆေးရုံသို့ မလာရောက်မီ လူနာအား erythromycin ဆေးကို ထိုးပေးရန် တယ်လီဖုန်းနှင့် ညွှန်ကြားခဲ့သည်။

ထိုနေ့တွင် ဒေါက်တာ တောင်းဆင်း ဆေးရုံသို့ လာရောက်သည့် အခါ လူနာ၏ ဆေးမှတ်တမ်းကို ဖတ်ရှုမည် ဆိုပါက ပင်နီဆလင်နှင့် မတည့်ကြောင်း ဆရာဝန်ကလေး၏ ရေးမှတ်ချက်ကို သူ တွေ့ရှိလိမ့်မည်သာ ဖြစ်သည်။

လူနာ၏ နောက်ကြောင်း ရာဇဝင်ကလည်း နောက်ပိုင်းတွင် ဖြစ်ပွားသော ကိစ္စရပ်များနှင့် ဆက်စပ်လျက် ရှိနေပါသည်။

ကတ် ဝိုင်ရာဇစ်သည် မိတ်ဆွေ အပေါင်းအသင်း မရှိသော လူပျို လူလွတ် တစ်ယောက် ဖြစ်သည်။ သူသည် သင်္ဘော ကုမ္ပဏီတွင် စာရေး အဖြစ် ဆောင်ရွက်နေသူ ဖြစ်ပြီး သူ ဆေးရုံ တက်နေစဉ် လာရောက် ကြည့်ရှုသူ မရှိခဲ့ပါ။

ဝိုင်ရာဇစ်သည် အမေရိကန်၌ မွေးဖွားသော ပိုလန် လူမျိုး တစ်ယောက် ဖြစ်ပြီး ဆွေမျိုး ဟူ၍ ကင်းဆတ် ပြည်နယ်မှ မြို့ကလေး တစ်မြို့တွင် သူ့ဖခင်နှင့် အတူ အိမ်ထောင် မပြုသေးသော သူ့အစ်မကြီး တစ်ယောက်တို့သာ နေထိုင်လျက် ရှိကြပေသည်။ သို့တိုင်အောင် သူ ဆေးရုံ တက်နေရကြောင်း ဖခင်နှင့် အစ်မကြီးတို့ကို သူ အကြောင်း မကြားခဲ့ပါ။

ဒုတိယနေ့ ညနေပိုင်း ည ရှစ်နာရီခန့်တွင် ဝိုင်ရာဇစ်ကို ဒေါက်တာ တောင်းဆင်း နောက်တစ်ကြိမ် လာကြည့်ပြန်သည်။

နီအာ တောင်းဆင်းသည် ဆေးရုံမှ သူ့ လူနာများကို အချိန်မဟုတ် အခါမဟုတ် လာရောက် ကြည့်ရှုလေ့ ရှိသည်။ သူ ထိုကဲ့သို့ ဆောင်ရွက်နေခြင်းမှာ သူ့မိတ်ဆွေ ဆရာဝန်များနှင့် နေ့ပိုင်းတွင် မဆုံမိအောင် ရှောင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုနေ့ ညနေပိုင်းက အင်ဒရူးသည် အရေးပေါ် ကိစ္စ တစ်ခုနှင့် ဆေးရုံသို့ ရောက်ရှိ နေသဖြင့် သူ အပြန်တွင် ဆေးရုံသို့ ရောက်ရှိလာသော ဒေါက်တာ တောင်းဆင်းနှင့် ခေတ္တမျှ ဆုံခဲ့ရသည်။ စကားလည်း ပြောခဲ့ရသည်။

ဒေါက်တာ တောင်းဆင်း၏ အမူအရာနှင့် စကား ပြောသံတို့ အရ သူသည် ဆေးမူးနေပြီ ဖြစ်ကြောင်း၊ မကြာသေးခင်က သုံးစွဲလာခဲ့ပုံ ရကြောင်း အင်ဒရူး ချက်ချင်း ရိပ်မိလိုက်သည်။ အင်ဒရူး တွန့်ဆုတ်ဆုတ် ဖြစ်သွားသော်လည်း ဒေါက်တာ တောင်းဆင်း ထိုပုံစံမျိုးနှင့် ရှိနေခဲ့သည်မှာ ကြာမြင့်ပြီ ဖြစ်

သောကြောင့် အင်ဒရူး ဘာမှ မလုပ်တော့ပါ။ နောက်ပိုင်းတွင် အင်ဒရူးသည် ထိုကိစ္စ အတွက် သူ့ကိုယ်သူ အပြစ်တင်မိတော့သည်။

အင်ဒရူး ပြန်သွားချိန်တွင် ဒေါက်တာ တောင်းဆင်းသည် သူ့ လူနာ အတော် ခပ်များများကို လိုက်လံ ကြည့်ရှုသည်။

ဝိုင်ရာဇစ်ကို နောက်ဆုံးတွင် ကြည့်ရှုသည်။

ဝိုင်ရာဇစ်၏ အခြေအနေသည် စိုးရိမ်စရာ မဟုတ်သော်လည်း ကိုယ် အပူချိန် မြင့်မားလာသလို အသက်ရှူလည်း ပိုကျပ်လာသဖြင့် အနည်းငယ် ပိုဆိုးရွား လာသည်။

ဤတွင် မူးယစ်ဆေးဝါးများကြောင့် အလွန်အကျွံ မူးနေသော ဒေါက်တာ တောင်းဆင်းက 'ယခင်က ပေးထားသော ဆေးများသည် မစွမ်းတော့သော ကြောင့် ဆေး ပြောင်းလဲ၍ ပေးသင့်သည်' ဟု ဆုံးဖြတ်လိုက်ပုံ ရသည်။ သူက ညွှန်ကြားစာ အသစ်ကို ရေးသားပြီး သူနာပြု ဆရာမများ၏ ရုံးခန်း သို့ သူကိုယ်တိုင် သွားပေးလိုက်သည်။

သူ ရေးပေးလိုက်သော ဆေးစာ အသစ်မှာ ခြောက်နာရီ ကြာတိုင်း ပင်နီ ဆလင် ယူနစ် ခြောက်သိန်းကို အသားထဲမှ တစ်ဆင့် ထိုးပေးရန်ပင် ဖြစ်သည်။ ပထမဦးဆုံး ထိုးရမည့် ထိုးဆေးကို ချက်ချင်း ထိုးရန်လည်း ညွှန်ကြားထား သည်။

ထိုညက ဝါရင့် သူနာပြုဆရာမ နေမကောင်း၍ ခွင့်ယူထားသဖြင့် အလုပ် အလွန် များနေသော သူနာပြု ဆရာမ လူသစ်ကလေး တစ်ယောက်သာ ရှိနေ သည်။ သူနာပြု ဆရာမကလေးသည် ဒေါက်တာ တောင်းဆင်း၏ ချက်ချင်း ဆောင်ရွက်ပါ ဆိုသော ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ထူးခြားချက် တစ်စုံ တစ်ရာ မတွေ့ရှိရသလို သူသည် လူနာ၏ ဆေးမှတ်တမ်းကိုလည်း ဖတ်ရှု ခဲ့ခြင်း မရှိသောကြောင့် ပင်နီဆလင်နှင့် ပတ်သက်သော သတိပေးချက်ကို သူ မသိခဲ့ပါ။

ဝိုင်ရာဇစ် ကိုယ်တိုင်ကလည်း သူနာပြု ဆရာမ ရောက်ရှိလာချိန်တွင် အဖျား တက်ပြီး အိပ်ချင်မူးတူး ဖြစ်နေသည်။ သူ့ကို မည်သည့် ဆေး ထိုးပေး ပါသနည်းဟု သူက မမေးခဲ့သလို သူနာပြု ဆရာမကလည်း လိုလိုချင်ချင် ဖွင့် မပြောခဲ့ပါ။

သူနာပြု ဆရာမသည် ဝိုင်ရာဇစ်ကို ဆေးထိုးပေးပြီး အခန်းထဲမှ ပြန် ထွက်သွားလေတော့သည်။





နောက်ထပ်၍ ဖြစ်ပျက်ခဲ့သော ကိစ္စများကိုမူ စိတ်ကူးနှင့် မှန်းဆ၍သာ တွေးကြည့်ရပါသည်။

ဝိုင်ရာဇစ်သည် ပင်နီဆလင်နှင့် မတည့်မှုကြောင့် ဝေဒနာကို အကြီး အကျယ် ခံစားရပြီး အသက် မရှုနိုင်ဘဲ သေဆုံးခဲ့ရဖွယ် ရှိပါသည်။

သူ ဝေဒနာ ခံစားရသည့် ကာလမှာ ငါးမိနစ်ခန့် ကြာမြင့်ပါလိမ့်မည်။

ဝိုင်ရာဇစ် ဝေဒနာ ခံစားနေရသည်ကို တွေ့မြင်နေရသော အခြား လူနာ တစ်ယောက်က သူနာပြု ဆရာမအား ခလုတ် နှိပ်၍ ချက်ချင်း ပြန်ခေါ်ပေးခဲ့ သည်။ သို့ရာတွင် သူနာပြု ဆရာမ ရောက်ရှိလာသော အခါ ဝိုင်ရာဇစ်သည် ပြုစုခြင်း မခံရဘဲ တစ်ယောက်ထီးတည်း သေဆုံးခဲ့ပြီ ဖြစ်ပါသည်။

သူနာပြု ဆရာမက ဆေးရုံမှ ဆရာဝန်ကလေး တစ်ယောက်အား အသံ ချဲ့စက် စနစ်မှ တစ်ဆင့် လှမ်းခေါ်လိုက်သည်။

ထို့အတူ ဆေးရုံတွင် ဒေါက်တာ တောင်းဆင်း ရှိလိုရှိငြား ဆိုသော မျှော်လင့်ချက်နှင့် ရှာဖွေပေးရန် အကြောင်းကြားလိုက်သည်။ ဆေးရုံတွင် ရှိနေ သေးသော ဒေါက်တာ တောင်းဆင်း ဦးစွာ ပထမ ရောက်ရှိလာသည်။

ဒေါက်တာ တောင်းဆင်းက အစစ အရာရာကို ဦးဆောင်လိုက်၏။ သူ ၏ ပြုမူ ဆောင်ရွက်ချက်များကိုလည်း မှန်းဆ၍သာ ကြည့်ရပါတော့မည်။

ဖြစ်နိုင်ပုံ ရသည့် အလားအလာမှာ ဒေါက်တာ တောင်းဆင်းသည် မူးရူး နေသည့် အကြားကပင် မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့ကြောင်း သူ သတိ ထားလိုက် မိပုံ ရသည်။

ဤတွင် ဒေါက်တာ တောင်းဆင်းသည် ဖုံးဖုံးဖိဖိ လုပ်ရန် ကြိုးစား လေတော့သည်။

ပင်နီဆလင်နှင့် မတည့်သည့် ကိစ္စကို သူနာပြု ဆရာမ သိပုံ မရကြောင်း သူ သဘော ပေါက်လိုက်ပုံ ရသည်။

အထူးတလည် ကံကောင်း ထောက်မမည် ဆိုပါက လူနာ၏ ဆေးမှတ် တမ်းထဲတွင် ပင်နီဆလင်နှင့် မတည့်ကြောင်း ရေးမှတ်ထားခဲ့သည့် ကိစ္စနှင့် ပင်နီဆလင် ထိုးပေးလိုက်သည့် ကိစ္စတို့ကို ဆက်စပ်မိကြလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် သူက ထိုသေဆုံးမှုသည် ရိုးရိုးတန်းတန်း သေဆုံးခြင်း ဖြစ်သည် ဟု ထင်အောင် လုပ်နိုင်ခဲ့မည် ဆိုပါက အမှန်တကယ် သေဆုံး စေခဲ့သည့် အကြောင်းရင်းကို သတိ ထားမိကြလိမ့်မည် မဟုတ်ပါ။

ဒေါက်တာ တောင်းဆင်းက သူနာပြု ဆရာမအား ပြောလိုက်၏။

'သနားဖို့ သိပ်ကောင်းတဲ့ လူပဲကွာ၊ သူ့ နှလုံးက ခံနိုင်စွမ်း မရှိတော့ဘူး၊ အဲဒီလို ဖြစ်လာလိမ့်မယ်လို့ ကျုပ် ထင်ခဲ့မိတယ်၊ သူ့နှလုံးက တော်တော်ကလေး အားနည်းနေတယ်ကွ'

'ဟုတ်ကဲ့ ဒေါက်တာ'

သူနာပြု ဆရာမကလေးသည် အကြောင်း တစ်ခုခုနှင့် ရမယ် ရှာ၍ သူ့ကို အပြစ်တင် မခံရသောကြောင့် စိတ်သက်သာရာ ရရှိသွားသည်။

သူနာပြု ဆရာမကလေးက အသံချဲ့စက်မှ တစ်ဆင့် ခေါ်ယူလိုက်သောကြောင့် ရောက်ရှိလာသော ဆရာဝန်ကလေးကလည်း ဒေါက်တာ တောင်းဆင်း၏ စကားကို မကန့်ကွက်ဘဲ အခြား လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် ပြန်လည် ထွက်ခွာသွားတော့သည်။

ဤတွင် ဒေါက်တာ တောင်းဆင်းက 'နှလုံး ရောင်ရမ်းနာလောက် အရေးမကြီးသော ရုတ်တရက် နှလုံး ရပ်တန့်မှုကြောင့် သေဆုံးခဲ့ရသည်' ဟူ၍ မှတ်ချက် ရေးသားပြီး သေဆုံးကြောင်း လက်မှတ်ကို ထုတ်ပေးလိုက်သည်။

ကတ် ဝိုင်ရာဇစ် သေဆုံးသည့် ကိစ္စကို အင်ဒရူးသည် ကြာသပတေးနေ့သို့ ရောက်မှ ညှို့ကြို့စာရေးမ ပက်ဂီ ပြောသော စကားကို ကြားရပြီး မတော်တဆ သိခဲ့ရခြင်း ဖြစ်သည်။

အင်ဒရူးက ဒေါက်တာ တောင်းဆင်းနှင့် ဆုံလိုက်ရသောကြောင့် 'ခင်ဗျား လူနာ တစ်ယောက် ဆုံးသွားတယ် ဆို' ဟု ကရုဏာသက်စွာ မေးလိုက်သည်။

'ဝိုင်ရာဇစ် ဆိုတဲ့ လူငယ် တစ်ယောက်ပေါ့ကွာ၊ သူ့ကို မင်း တစ်ကြိမ် ကုပေးခဲ့ဖူးပါတယ်၊ သူက နှလုံး ရောင်ရမ်းနာ ဆိုးဆိုးရွားရွား ဖြစ်နေသလို သူ့ နှလုံးကလည်း အားနည်း နေရှာတယ်၊ သူ့နှလုံး ရပ်သွားတာကွ၊ အဲဒီလို ဖြစ်လိမ့်မယ်လို့ ထင်တော့ ထင်မိသားပဲ'

လူနာ တစ်ယောက် သေဆုံးမှုသည် ဝမ်းနည်းစရာပင် ဖြစ်သော်လည်း ထူးခြားလှသည်တော့ မဟုတ်ပါ။ ဒေါက်တာ တောင်းဆင်း အမူအရာ ပျက်မနေပါက အင်ဒရူးသည် ထိုကိစ္စကို ထူးထူးထွေထွေ ဆက်စဉ်းစားမိလိမ့်မည် မဟုတ်ပါ။ သို့ရာတွင် ဒေါက်တာ တောင်းဆင်း အမူအရာ နည်းနည်း ပျက်နေသည်။ ထို့ကြောင့် အင်ဒရူးသည် ဒေါက်တာ တောင်းဆင်း ဆေးခန်းမှ ပြန်





သွားသော အခါ ဝိုင်ရာဇစ်၏ ဆေးမှတ်တမ်း စာတွဲကို ယူ၍ ဖတ်လိုက်သည်။ အင်ဒရူး သတိ ထားလိုက်မိသော အချက် နှစ်ချက် ရှိသည်။ ပထမ တစ်ချက်မှာ ပင်နီဆလင်နှင့် မတည့်မှု ဖြစ်ပြီး ဒုတိယ အချက်မှာ နှလုံး အားနည်းကြောင်း ရေးမှတ်ထားမှု မရှိခြင်းပင် ဖြစ်သည်။

သို့တိုင်အောင် ထူးထူးခြားခြား စိုးရိမ် ပူပန်မှု မရှိသေးသော အင်ဒရူးသည် စပ်စုလိုမှုကြောင့် ဝိုင်ရာဇစ် သေဆုံးရမှုကို ဆေးရုံတွင် မသိမသာ စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုနေ့ ညနေပိုင်းတွင် သူသည် စိန့် ဘိဒ် ဆေးရုံ မှတ်တမ်းဌာနမှ ဝိုင်ရာဇစ်၏ ဆေးမှတ်တမ်းကို တောင်းယူ ကြည့်ရှုလိုက်၏။

ဒေါက်တာ တောင်းဆင်း၏ လက်ရေးနှင့် ပင်နီဆလင် ယူနစ် ခြောက်သိန်း ထိုးပေးရန် ညွှန်ကြားထားချက်က သူ့အား မိုးကြိုးနှင့် ပစ်လိုက်သလိုပင်တည်း။

ထိုနည်းတူစွာပင် သူ့အား ချောက်ချားစေသည့် ကိစ္စမှာ သူနာပြု ဆရာမက ပင်နီဆလင်ကို ထိုးပြီးကြောင်း မှတ်သားထားချက်ပင် ဖြစ်သည်။

အင်ဒရူးသည် ထိုဆေးမှတ်တမ်း စာတွဲကို မှတ်တမ်းဌာနမှ စာရေးအား ပြန်အပ်ချိန်တွင် သူ့လက်များ တုန်နေကြသည်။

သူ ဘာလုပ်ရမည်နည်း၊ ဘယ်ကို သွားရမည်နည်း။

ဝိုင်ရာဇစ်၏ အလောင်းကို ကြည့်ရန် သူ ရေခဲတိုက်သို့ သွားခဲ့သည်။ သေဆုံးသူ၏ ခန္ဓာကိုယ်မှ အရေပြားသည် အနည်းငယ် ပြာနေသည်က လွဲ၍ မတည့်သော ဆေးကြောင့် သွေးလန့်ပြီး သေဆုံးရသော လက္ခဏာများကို ထင်ထင်ရှားရှား မတွေ့ရပါ။ သို့ရာတွင် ဝိုင်ရာဇစ်သည် မတည့်သော ဆေးကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း သူ နိုင်နိုင်မာမာ ယုံကြည်သွားခဲ့လေပြီ။

သူက ရေခဲတိုက်မှ အစောင့်ကို မေးလိုက်၏။

'အလောင်းကို ခွဲစိတ်ပြီး စစ်ဆေးဖို့ ညွှန်ကြားထားသလား'

'မထားပါဘူး၊ ကင်းဆတ် ပြည်နယ်က လာမယ့် သူ့ အစ်မ ရောက်လာရင်_မီးသဂြိုဟ်ပစ်လိမ့်မယ်'

အင်ဒရူး စိတ် ရှုပ်ထွေးနေသည်။ ဆေးရုံ အုပ်ချုပ်ရေးမှူးနှင့် ပထမ အကြိမ် တွေ့ခဲ့စဉ်က သူ့ အတွေ့အကြုံကို ပြန် သတိ ရလာသောကြောင့် ဘာဆက်လုပ်ရမည်ကို မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည်။ အလောင်းကို ခွဲစိတ်ပြီး စစ်ဆေးသင့်သည်ဟု သူ သတိ ပေးရလျှင် ကောင်းမည်လော။ ထိုကဲ့သို့ စစ်ဆေးမည် ဆို

ပါက နှလုံး ရပ်တန့်မှု မရှိကြောင်း ပြသနိုင်ပေလိမ့်မည်။ သို့ရာတွင် ခွဲစိတ်၍ စစ်ဆေးမှု မရှိဘဲနှင့်ပင် လူနာ၏ ဆေးမှတ်တမ်းထဲ၌ ရေးသွင်းထားမှုများက ငြင်းမရသည့် သက်သေခံချက်များပင်တည်း။

ယခု အချိန်တွင် ဆေးရုံမှ ဆရာဝန်ကြီးများသည် နေအိမ်သို့ ပြန်သွားပြီ ဖြစ်သဖြင့် အခြား နည်း မရှိတော့ဘဲ နောက်တစ်နေ့ အထိ စောင့်ရန်သာ ရှိပါတော့သည်။

မည်သို့ မည်ပုံ ဆက်လက် ဆောင်ရွက်ရမည်ကို သူ စဉ်းစားရင်း တစ်ည လုံး အိပ်မပျော်နိုင်ဘဲ ရှိခဲ့ရသည်။ နောက်ဆုံးတွင် ထိုပြဿနာကို ဆေးရုံ မိသားစု အတွင်း၌ပင် ဖြေရှင်းရန် သူ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့ နံနက်တွင် သူသည် သူ သိသမျှကို အချိန် ယူ၍ အသေးစိတ် ရေးသားခဲ့သည်။

ထို့နောက် သူသည် မွန်းတည့်ချိန်သို့ မရောက်မီ စိန့် ဘိဒ် ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံ အုပ်ချုပ်ရေးမှူးနှင့် ရင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

## ၄

သူ မျက်စိများကိုသာ မှိတ်ထားမည် ဆိုပါက သူသည် မိဘဆရာ အသင်း အစည်းအဝေး တစ်ခုသို့ တက်ရောက် နေရသည်ဟု ထင်ရလောက်ပေသည်။

စကား ပြောသံများကို သူ ကြားနေရသည်။

'အဆိုတင်မယ့် ပုဂ္ဂိုလ် ရှိပါသလား'

'ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျုပ် အဆို တင်ပါတယ်'

'ကျုပ် ထောက်ခံပါတယ်'

'ကျုပ် ထောက်ခံပါတယ်'

'ကန့်ကွက်မယ့်သူ ရှိပါသလား'

ငြိမ်သွားသည်။

'အများ သဘောတူ ဆုံးဖြတ်ချက် အရ ဒေါက်တာ တောင်းဆင်းအား ဆေးရုံတွင် ဆေးကုသခွင့် အခွင့်အရေးများကို ရုပ်သိမ်းလိုက်သည်'

သူ့ပါးပြင်ပေါ်သို့ မျက်ရည်များ စီးဆင်း လာကြသော်လည်း သူ မရှက်မိပါ။





အစည်းအဝေးခန်းထဲရှိ စားပွဲ ပတ်ပတ်လည်၌ ထိုင်နေသူများက ကြည့်နေကြကြောင်း သိနေသော်လည်း သူက ဖုံးကွယ်ရန် မကြိုးစားပါ။

ဆေးရုံ ဆေးကောင်စီ အလုပ် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက စာနာ ထောက်ထားစွာဖြင့် သူ့အား ပြောလိုက်သည်။

'ဒေါက်တာ ဂျော်ဒန်၊ မင်း ဝမ်းနည်းသလို ကျုပ်တို့ အားလုံးလည်း စိတ်စား နေကြရပါတယ်ကွာ၊ နီအာဟာ ကျုပ်ရဲ့ မိတ်ဆွေ ဖြစ်သလို လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ပါတယ်၊ မင်း ဆောင်ရွက်ခဲ့တဲ့ ကိစ္စဟာ အင်မတန် ခက်ခဲတဲ့ ကိစ္စ ဖြစ်သလို အဲဒီ လုပ်ရပ် အတွက် မင်းကို လေးစားမိပါတယ်၊ ကျုပ်တို့ လုပ်ရတဲ့ ကိစ္စကလည်း တန်းတူ ခက်ခဲတဲ့ ကိစ္စ ဖြစ်သလို တန်းတူ လိုအပ်တဲ့ ကိစ္စလည်း ဖြစ်ပါတယ်'

အလုပ် အမှုဆောင် အဖွဲ့ ဥက္ကဋ္ဌမှာ ဒေါက်တာ နီအာ တောင်းဆင်း၏ ဆေးပညာ ဌာနကြီးမှူး နေရာတွင် ဆက်ခံသော နှစ်ကြော ရောဂါ အထူးကု ဆရာဝန် ဒေါက်တာ အီဇရာ ဂိုးပင် ဖြစ်သည်။

လီယိုနတ် ဆွိုသင်းက 'ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် ဒေါက်တာ နီအာ တောင်းဆင်းအား ဆေးကုသခွင့် အခွင့်အရေးများကို ရုပ်သိမ်းကြောင်း' ကြေညာချက် မူကြမ်းကို အမှုဆောင် အဖွဲ့ ဥက္ကဋ္ဌထံ တင်ပြသည်။

ယခု ကလေး ရောဂါကု ဌာနကြီးမှူးက သေဆုံးသွားသော ပုဂ္ဂိုလ်နှင့် ပတ်သက်၍ မည်သို့ မည်ပုံ ဆောင်ရွက်ကြမည်ကို မဆွေးနွေးကြသေးကြောင်း ထောက်ပြသည်။

ဆေးရုံ အုပ်ချုပ်ရေးမှူးက ဖြေလိုက်၏။

'အလောင်းကို ခွဲစိတ် စစ်ဆေး ကြည့်ရှုဖို့ လိုအပ်ပါတယ်၊ ကင်းဆတ်ပြည်နယ်မှာ နေထိုင်တဲ့ ဖခင်နှင့် တယ်လီဖုန်း ဆက်သွယ် ပြောဆို ပြီးပါပြီ၊ ဖခင်က ခွင့်ပြုပါတယ်၊ အစ်မ တစ်ယောက်လည်း ဒီကို လာနေပါပြီ'

'ဟုတ်ပါပြီ၊ ဒါပေမဲ့ ဆွေမျိုးတွေကို ကျုပ်တို့က ဘယ်လို ပြောပြမှာလဲ'

'ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ဥပဒေရေးရာ ကိစ္စရပ်တွေ ပါဝင်နေတဲ့ အတွက် အင်မတန် သိမ်မွေ့ပြီး ပေါက်ကွဲနိုင်တဲ့ ကိစ္စ ဖြစ်နေပါတယ်၊ အဲဒီ ကိစ္စနှင့် ပတ်သက်ပြီး ဆေးရုံ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ မက်နဲယား၊ ဒေါက်တာ အီဇရာ ဂိုးနှင့် ကျုပ်တို့ကို ဆောင်ရွက်ခွင့် ပေးအပ် ထားစေချင်ပါတယ်၊ နောက်ပိုင်းကျရင် ကျုပ်တို့က ဒီကော်မတီကို ပြန်ပြီး အစီရင်ခံချင်ပါမယ်'

ထိုအချက်ကိုလည်း အားလုံးက သဘော တူလိုက်ကြသည်။

ဆေးရုံကို ကိုယ်စားပြုသော လီယိုနတ် ဆွိသင်းနှင့် သူ့ဆရာ ဖားဂတ်စ် မက်နဲယားတို့က ဤကိစ္စ အားလုံးကို ဖုံးဖိပစ်လိုက်ပြီး အပြစ်မဲ့သော လူနာကတ် ဝိုင်ရာဇစ်ကို မီးသဂြိုဟ်၍ မေ့ပစ်ချင်ကြမည်သာ ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း သူတို့ကို အပြစ် မတင်ထိုက်ပါ။ အကယ်၍ ပေါ့လျော့စွာ ကုသမှုကို ရုံးတင် စစ်ဆေးမည် ဆိုပါက လျော်ကြေး ပေးရမည့် ပမာဏမှာ မတန်တဆ များပြားလှပေလိမ့်မည်။ အာမခံထားသော ငွေပမာဏက လျော်ကြေးပေးရမည့် ငွေကို ကာမိနိုင်ခြင်း ရှိ မရှိ သူ မခန့်မှန်းနိုင်ပါ။ သူ တိတိကျကျ သိထားသည့် အချက် တစ်ချက်မှာ သူသည် ဖုံးဖုံးဖိဖိ ပြုလုပ်သည့် ကိစ္စတွင် ပါဝင်လိမ့်မည် မဟုတ် ဆိုသော အချက်ပင် ဖြစ်သည်။

ဒေါက်တာ ဂိုးက ပြောလိုက်၏။

'ကဲ စိတ်ရှုပ်စရာ အကောင်းဆုံး အပိုင်းကို ရောက်လာပြီ၊ ကျုပ် နီအာ တောင်းဆင်းဆီ သွားပြီး ကျုပ်တို့ရဲ့ ဆုံးဖြတ်ချက်ကို ပြောပြမယ်၊ ကျုပ်နှင့် လိုက်ချင်တဲ့ ပုဂ္ဂိုလ်များ ရှိပါသလား'

အင်ဒရူးက အီဇရာ ဂိုးနှင့် အတူ သူ လိုက်ပါမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒေါက်တာ အီဇရာ ဂိုးနှင့် အင်ဒရူးတို့ ဓာတ်လှေကားထဲမှ ထွက်လာချိန်တွင် တောင်းဆင်းသည် စင်္ကြံလမ်း အဆုံး၌ ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူတို့ နှစ်ယောက် ချဉ်းကပ်သွားချိန်တွင် ဒေါက်တာ နီအာ တောင်းဆင်းသည် ပူးထားသော လက်ကောက်ဝတ် နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ရင်း မေးလိုက်၏။

'လက်ထိတ်တွေ ယူလာခဲ့သေးသလား'

ဒေါက်တာ အီဇရာ ဂိုး ကြောင်တောင်တောင် ဖြစ်သွားသည်။ ပြီးမှ

'နီအာ၊ ကျုပ် မင်းကို ပြောစရာ ရှိတယ်၊ သီးသီးသန့်သန့် တစ်နေရာရာကို သွားကြရအောင်'

'ဘာဖြစ်လို့ သီးသီးသန့်သန့် လုပ်နေဦးမှာလဲ၊ ဒီကနေ့ ညနေ မတိုင်မီ ဆေးရုံ တစ်ရုံလုံး သိကုန်ကြမှာပဲ မဟုတ်လား'

တောင်းဆင်းက အသံကို တမင် မြှင့်၍ ပြောလိုက်ပုံ ရသည်။





'ကောင်းပြီလေ၊ ခင်ဗျားက ဖွင့်ပြောနေမှတော့ ဒီမှာပဲ ပြောရတာပေါ့၊ ဆေးကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ခင်ဗျားရဲ့ ဆေးကုသမှု အခွင့်အရေးတွေကို ရုပ်သိမ်းဖို့ ဝမ်းနည်းစွာနှင့် ဆုံးဖြတ်လိုက်တယ်'

တောင်းဆင်းက အသံကျယ်ကျယ်နှင့်ပင် ပြောလိုက်၏။

'ကျုပ် ဒီဆေးရုံမှာ ဘယ်လောက် ကြာခဲ့ပြီလဲ၊ ဆေးရုံ အတွက် ဘယ်လောက် အထိ လုပ်ကိုင် ပေးခဲ့သလဲ ဆိုတာ ခင်ဗျား စဉ်းစားမိရဲ့လား၊ အဲဒါတွေကို ထည့် စဉ်းစားလို့ မရတော့ဘူးလား'

'ခုကိစ္စမှာတော့ ထည့် စဉ်းစားလို့ မရဘူး'

'ကျုပ် ဘယ်လောက် အထိ လုပ်ကိုင် ပေးခဲ့တယ် ဆိုတာ အင်ဒရူးကို မေးကြည့်စမ်းပါ၊ မေးလေ'

အင်ဒရူးက ပြောလိုက်၏။

'နီအာ၊ ကျွန်တော်က ဝိုင်ရာဇစ် အကြောင်း ဖွင့်ပြောပြလိုက်တယ်၊ ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ၊ မပြောရင် မဖြစ်တော့လို့ပါ'

'အေး ဟုတ်တယ်၊ ဝိုင်ရာဇစ်ဟာ တော်တော် သနားဖို့ ကောင်းတယ်၊ ကျုပ်လည်း ဝိုင်ရာဇစ်နှင့် ပတ်သက်ပြီး ဝမ်းနည်းမိပါတယ်ကွာ'

ထို့နောက် နီအာ တောင်းဆင်းသည် ဖြန်းခနဲ ဆိုသလို သူ့ကိုယ်သူ ထိန်းမထားနိုင်တော့ဘဲ ပါးစပ်က တတွတ်တွတ် ရေရွတ် ပြောဆို နေလေတော့သည်။

'ပထမ အကြိမ် အမှားပါကွာ၊ အဲဒါကို ခွင့်လွှတ်ရင်လည်း ဖြစ်ပါတယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူးလို့ ကတိ ပေးပါတယ်'

အီဇရာ ဂိုးက တောင်းဆင်း၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီးနောက် ဓာတ်လှေကားဆီသို့ ခေါ်သွားသည်။ အီဇရာ ဂိုးက

'အင်ဒရူး၊ မင်း နေရစ်ခဲ့၊ ဒီကနေ့ နီအာ လူနာ ဘယ်နှယောက် ကြည့်ခဲ့သလဲ၊ သူ ဘာတွေ ညွှန်ကြားခဲ့သလဲ ဆိုတာတွေကို မင်း လိုက်ကြည့်၊ မြန်မြန်လုပ်ကွာ၊ အဲဒါမျိုး နောက်တစ်ခါ ထပ် အဖြစ် မခံနိုင်ဘူး'

'ဟုတ်ကဲ့'

တောင်းဆင်းသည် ဓာတ်လှေကားဆီသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အတင်း အဓမ္မ ငြင်းဆန်ပြီး ထိတ်လန့်တကြား အော်ဟစ် နေလေတော့သည်။ သူသည် လေးစား ကြည်ညိုထိုက်သော ပုဂ္ဂိုလ် တစ်ဦး အဖြစ်မှ ဖြန်းခနဲ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားလေတော့သည်။

ဓာတ်လှေကား တံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် အီဇရာ ဂိုးက တောင်းဆင်းကို အတင်း တွန်းထည့်ပြီး ကမန်းကတန်း လိုက်ဝင်သွားရသည်။ ဓာတ်လှေကား တံခါး ပိတ်သွားသည့် တိုင်အောင် အော်ဟစ် နေသော အသံများကို ကြားနေရဆဲပင်။

ထို့နောက် ဓာတ်လှေကား နိမ့်ဆင်း သွားသည်နှင့် အမျှ အသံလည်း တဖြည်းဖြည်း ပျောက်ကွယ် သွားလေတော့သည်။

ထိုနေ့ ညနေတွင် အီဇရာ ဂိုးက အင်ဒရူးနှင့် တွေ့ဆုံလိုကြောင်း တယ်လီဖုန်းနှင့် အသိပေးသဖြင့် ညပိုင်းတွင် ဆေးရုံ၌ တွေ့ဆုံရန် ချိန်းဆိုလိုက်ကြသည်။

ဆေးရုံရှိ အီဇရာ ဂိုး၏ ရုံးခန်းထဲ၌ အီဇရာ ဂိုးက စပြောလိုက်သည်။

‘မင်းကို ထားခဲ့ပြီးကတည်းက တောင်းဆင်းနှင့် ကျုပ် တစ်ချိန်လုံး ရှိနေခဲ့တယ်၊ မင်း သိထိုက်တာတွေ တော်တော် ခပ်များများ ရှိတယ်၊ ပထမ အချက်ကတော့ နီအာ ဘယ်တော့မှ ဆေးပြန်ကုနိုင်တော့မှာ မဟုတ်ဘူး’

‘သူ ဘယ်လို နေသေးသလဲ’

‘သူ ဘယ်မှာလဲလို့ မေးစမ်းပါကွာ၊ သူ့ကို နယူးအတ်က ပုဂ္ဂလိက စိတ်ရောဂါကု ဆေးရုံ တစ်ရုံမှာ တင်ထားခဲ့ရတယ်၊ သူ အဲဒီ ဆေးရုံက ဆင်းခွင့်ရမယ် မထင်တော့ဘူး’

အီဇရာ ဂိုးက သူ လွှန်ခဲ့သော တစ်နာရီက တောင်းဆင်း၏ ဇနီးနှင့် သွားရောက် တွေ့ဆုံခဲ့ကြောင်း ဆက်ပြောလိုက်သည်။

အင်ဒရူး အထိတ်တလန့် ဖြစ်သွားသည်။ သူသည် လွန်ခဲ့သည့် နှစ်ရက် သုံးရက်က စ၍ ဟီလ်ဒါ့ကို လုံးဝ ထည့်သွင်း မစဉ်းစားမိခဲ့ပါ။

‘သူ ဘယ်လို နေသလဲ’

အီဇရာ ဂိုးက ဖြေသည်။

‘ပြောရ ခက်သားပဲ၊ သူ သိပ် စကား မပြောဘူး၊ အကြီးအကျယ် စိတ်ထိခိုက်မှုလည်း မရှိဘူး၊ တစ်ခုခု ဖြစ်လာလိမ့်မယ်လို့တော့ သူ မျှော်လင့်ထားခဲ့ပုံ ရတယ်၊ နက်ဖြန်ခါကျရင် မင်း သူ့ကို သွားတွေ့ဖို့ ကောင်းတယ်’

‘ဟုတ်ကဲ့၊ ကျွန်တော် တွေ့လိုက်ပါ့မယ်’

အီဇရာ ဂိုး တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

ထို့နောက် အင်ဒရူးအား စေ့စေ့ ကြည့်ရင်း





‘သေတဲ့လူ ဝိုင်ရာဇစ်နှင့် ပတ်သက်ပြီး မင်းနှင့် ကျုပ် ပြောစရာ နည်းနည်း ရှိတယ်’

‘ကျွန်တော်ကတော့ ခုကတည်းက ကြိုပြောထားရလိမ့်မယ်၊ ဖုံးတဲ့ ဖိတဲ့ ကိစ္စတွေထဲမှာ ကျွန်တော် လုံးဝ မပါဝင်ချင်ဘူး’

‘ကောင်းပြီလေ၊ မင်းက ဘယ်လို လုပ်ဖို့ ရည်ရွယ်ချက် ရှိသလဲ၊ သတင်းစာဆရာတွေ အတွက် ကြေညာချက် ထုတ်ပေးမှာလား၊ ပေါ့လျော့စွာ ဆေးကုသမှုနှင့် တရား စွဲတဲ့ အမှုမှာ မင်းက တရားလိုပြ သက်သေ အဖြစ် မိမိဆန္ဒ အလျောက် ဝင်အစစ်ခံမလို့လား၊ နီအာ တောင်းဆင်းက တတိယ အရှယ်အတွက် စုဆောင်းထားတဲ့ ငွေတွေကို လူသေကောင် ပါးစပ်ထဲက အတင်းနှိုက်ယူချင်တဲ့ ရှေ့နေ တစ်ယောက်ယောက်က သူ့မိန်းမ လက်ထဲက လုယူသွားနိုင်အောင် မင်းက ကူညီမလို့လား၊ လျော်ကြေး ပေးရမယ့် ငွေက အာမခံထားတဲ့ ငွေထက် ပိုများပြီး တို့ ဆေးရုံကို ပိတ်ပစ်ရအောင် မင်းက လုပ်မလို့လား’

‘အဲဒါမျိုးတွေ တစ်ခုမှ ဖြစ်လာမှာ မဟုတ်ပါဘူးဗျာ’

‘ဒါပေမဲ့ ဖြစ်တော့ ဖြစ်လာနိုင်တယ်ကွ’

‘အဲဒါက ကျွန်တော့် ပြဿနာ မဟုတ်ပါဘူး၊ အရေးကြီးတာက အမှန်တရားပဲ’

‘အမှန်တရား ဆိုတာ တို့အားလုံး အတွက် အရေးကြီးတာပဲကွ၊ မင်း တစ်ယောက်တည်းက လက်ဝါးကြီး အုပ်ထားလို့ မရဘူး၊ ဒါပေမဲ့ တစ်ခါတလေကျရင် အထူး အခြေအနေမျိုးတွေ အတွက် အမှန်တရားကို နည်းနည်းတော့ အရောင်ခြယ်ပေးလို့ ရပါတယ်ကွာ၊ ကဲ အင်ဒရူး၊ ကျုပ် စကားကို ဆုံးအောင် နားထောင်စမ်းပါဦး’

အီဇရာဂိုးသည် အနည်းငယ် ဆိုင်းလိုက်ပြီးနောက်

‘သေတဲ့လူရဲ့ အစ်မ မစ်(စ်) ဝိုင်ရာဇစ် ဒီကနေ့ မွန်းလွဲပိုင်းမှာ ကင်းဆတ်က ရောက်လာတယ်၊ သူက ပြဿနာ ရှာမယ့်သူ မဟုတ်ဘူး၊ ဝိုင်ရာဇစ်မှာ အဖေ ရှိတယ်၊ ဒါပေမဲ့ သူ့မှာ ပါကင်ဆန်ရဲ့ ရောဂါ စွဲကပ်နေတယ်၊ သိပ် အသက် ရှည်မှာ မဟုတ်ဘူး’

‘ဒီကိစ္စတွေ အားလုံး ဘယ်လို ပတ်သက်’

‘နေဦးလေ၊ နားထောင်ပါဦး၊ မစ်(စ်) ဝိုင်ရာဇစ်က သူ့မောင်ရဲ့ အရိုးပြာတွေ ကင်းဆတ်ကို ပြန်သယ်သွားချင်တယ်တဲ့၊ ဒါပေမဲ့ သူ့မှာ ငွေကြေး အခက်အခဲ ရှိနေတယ်’

'ဒါဆိုရင် သူ့ကို ကူညီသင့်တာပေါ့ဗျာ'

'ဟုတ်ပါတယ်၊ အဲဒါကို တို့ အားလုံး သဘော တူထားကြပါတယ် အင်ဒရူးရာ၊ ငွေကြေး ကူညီမယ့် အစီအစဉ်ကိုလည်း လုပ်ပေးလို့ ရပါတယ်၊ ကဲ နောက်ထပ် ဘာရှိသေးသလဲ၊ မင်းက ဒီကိစ္စ ဆေးရုံက သိအောင် မှန်မှန် ကန်ကန် ဆောင်ရွက်ပေးခဲ့ပြီ၊ ပြီးတော့လည်း ခုကိစ္စမှာ မင်းက ဘယ်လိုမှ မပတ်သက်ဘူး၊ ငွေကြေးနှင့် အပေးအယူ လုပ်တဲ့ ကိစ္စမှာလည်း မင်း မပါဘူး၊ မင်းကို လိမ်ပြောပါလို့လည်း ဘယ်သူကမှ မခိုင်းဘူး၊ ခုကိစ္စကြီး ဘူးပေါ် သလို ပေါ်လာပြီး မင်းကို တရားဝင် စစ်ဆေးမယ် ဆိုရင် မင်းက အမှန် အတိုင်း ပြောမှာပဲ'

'အဲဒါက ကျွန်တော့် အနေအထား ဆိုရင် ခင်ဗျားတို့ရဲ့ အနေအထားက ဘယ်လိုလဲ၊ သူ့မောင် သေရတဲ့ အကြောင်းရင်းကို ခင်ဗျားတို့က အမှန်အတိုင်း ဖွင့်ပြောပြမှာလား'

'မပြောဘူး'

အီဗရာ ဂိုးက ခပ်ဆတ်ဆတ် ဖြေလိုက်၏။ ပြီးမှ

'အဲဒါကြောင့် တို့အထဲက ပုဂ္ဂိုလ် တချို့ဟာ မင်းထက် ပိုပြီး တာဝန် ရှိနေကြတာပေါ့ကွာ၊ အေးလေ အဲဒါက တို့နှင့် ထိုက်တန်တာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်'

အင်ဒရူး တွေးကြည့်လိုက်၏။ အီဗရာ ဂိုး ပြောလိုက်သော စကားသည် လွန်ခဲ့သော လေးနှစ်က အင်ဒရူးက ဖော်ထုတ် တင်ပြရန် ကြိုးစားခဲ့သော ကိစ္စတွင် အင်ဒရူးက မှန်ကန်ပြီး အခြား ပုဂ္ဂိုလ်များက မှားယွင်းခဲ့ကြောင်း သိမ်သိမ်မွေ့မွေ့ ဝန်ခံလိုက်ခြင်းပင် ဖြစ်သည်။

အားလုံးကို ခြုံ၍ စဉ်းစားမည် ဆိုပါက အီဗရာ ဂိုး ပြောနေသော စကား များသည် အဓိပ္ပာယ် ရှိပေသည်။

နောက်တစ်နည်း ပြောရမည် ဆိုပါက ဤကိစ္စကို ဖွင့်ချလိုက်ခြင်းဖြင့် မည်ကဲ့သို့သော အကျိုးအမြတ်များကို ရရှိလာစေမည်နည်း။ ဘာပဲဖြစ်ဖြစ် ကတ် ဝိုင်ရာဇစ်သည် အသက် ပြန်ရှင်လာတော့မည် မဟုတ်သလို နီအာ တောင်းဆင်း သည်လည်း မည်သူ့ကိုမှ ဒုက္ခ ပေးနိုင်တော့မည် မဟုတ်ပါ။

'ကောင်းပြီလေ၊ ကျွန်တော် ဘာမှ ထပ်မလုပ်တော့ပါဘူး'

'ကျေးဇူးတင်တယ်ကွာ၊ ဒီကနေ့ တော်တော် ပင်ပန်းတဲ့ နေ့ပဲ၊ ကျုပ် အိမ် ပြန်တော့မယ်'



နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် အင်ဒရူးသည် ဟီလ်ဒါနှင့် သွားရောက် တွေ့ ဆုံခဲ့သည်။

တောင်းဆင်းက အသက် ခြောက်ဆယ့် သုံးနှစ် ရှိပြီး ဟီလ်ဒါက လေးနှစ် ငယ်သည်။ ဟီလ်ဒါ၏ ဆံပင်သည် တစ်ခေါင်းလုံး ဖြူနေပြီး ခပ်တိုတို ညှပ် ထားသည်။ ဟီလ်ဒါသည် ယနေ့တွင် အဖြူရောင် ဘောင်းဘီရှည်နှင့် အပြာ ရောင် ပိုးသား ဘလောက်စ် အင်္ကျီတို့ကို ဝတ်ဆင်ထားသည်။

ဟီလ်ဒါ စိတ်မချမ်းမသာ ဖြစ်နေလိမ့်မည်၊ ငိုယိုနေလိမ့်မည်ဟု အင်ဒရူး မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် ဟီလ်ဒါသည် ငိုယိုနေခြင်း မရှိပါ။ သူတို့ ဇနီး မောင်နှံသည် မောရစ်စ်တောင်း ကုန်းမြင့်လမ်းရှိ နှစ်ထပ်တိုက် တစ်လုံး တွင် နေထိုင်လျက် ရှိပြီး အိမ်ဖော် မရှိသောကြောင့် ဟီလ်ဒါ ကိုယ်တိုင် တံခါး ကို လာဖွင့်ပေးသည်။

ဧည့်ခန်းထဲတွင် ထိုင်မိကြသောအခါ အင်ဒရူးက ပြောလိုက်၏။

'ဟီလ်ဒါ၊ ကျွန်တော် သိပ် ဝမ်းနည်းပါတယ်ဗျာလို့ ဆိုတာက လွဲရင် တခြား ဘာကိုမှ မပြောတတ်တော့ပါဘူးဗျာ'

ဟီလ်ဒါက ထိုစကားများကို မျှော်လင့်ထားသည့် အလား ခေါင်းညိတ် ပြလိုက်၏။

'မင်း ငါနှင့် လာတွေ့ဖို့ ကြောက်လန့်နေခဲ့သလား'

'နည်းနည်းတော့ ကြောက်မိပါတယ်'

'ငါကလည်း အဲဒီလိုပဲ ထင်တယ်၊ ဒါပေမဲ့ ကြောက်စရာ မလိုပါဘူးကွာ၊ ပြီးတော့လည်း ငါက ငိုယိုမနေတဲ့ အတွက် တအံ့တဩလည်း ဖြစ်မနေပါနှင့်၊ ငါ နှစ်ပေါင်း များစွာ ငိုခဲ့ပြီးပါပြီ၊ နီအာ သူ့ကိုယ်သူ ဖျက်ဆီးနေတာကို ကြည့်ရင်း ငါ့အသည်း တစ်ခြမ်းလည်း ပဲ့ပါသွားတယ်လို့ ထင်တာပဲ၊ သူ နား လည်လာအောင် ငါ့စကားကို သူ နားထောင်လာအောင် လုပ်လို့ မရတော့တဲ့ အဆုံးမှာ ငါ့ အသည်းတွေ အကုန်လုံး ပြုတ်ပြုတ် ပြုန်းသွားသလို ခံစားလိုက် ရတယ်၊ အဲဒါတွေဟာ မင်း အတွက် အဓိပ္ပာယ် ရှိရဲ့လား'

'ရှိပါတယ်'

'နီအာနှင့် မူးယစ်ဆေးဝါးတွေ အကြောင်း မင်း သိထားတယ် မဟုတ် လား'

'သိပါတယ်'

'မင်းက ဆရာဝန် တစ်ယောက်ပဲ၊ မင်းက ဘာဖြစ်လို့ တစ်ခုခု မလုပ်တာလဲ'

'လွန်ခဲ့တဲ့ လေးနှစ်က ဆေးရုံမှာ ကျွန်တော် တစ်ကြိမ် ကြိုးစား ခဲ့ဖူးပါတယ်'

'ဒါပေမဲ့ တစ်ယောက်ကမှ လက်မခံကြဘူး၊ အဲဒီလိုလား'

'အဲဒါမျိုး ခပ်ဆန်ဆန်ပါပဲ'

'မင်း ဖိဖိစီးစီး ကြိုးစားမယ် ဆိုရင်ကော'

'ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားသင့်တယ်လို့ ပြန်တွေးမိပါတယ်'

'မင်း အောင်မြင်ချင်မှ အောင်မြင်မှာပါ၊ ဒါနှင့် အခု ဖြစ်တဲ့ ကိစ္စနှင့် ပတ်သက်ပြီး စီလီယာက သူ့မှာ အပြစ် ရှိတယ်လို့ ခံစား နေရသလား'

'ကျွန်တော် သူ့ကို ခုထက်ထိ ပြောမပြသေးပါဘူး၊ ညနေကျမှ သူ့ကို ပြောပြမယ်၊ အပြစ် ရှိတယ်လို့ ခံစားဖို့ ဆိုတာကျတော့'

'သူ့မှာ အပြစ် ရှိတယ်လို့ ခံစားထိုက်တယ်'

ဟီလ်ဒါက ရက်ရက်စက်စက် ပြောချလိုက်ခြင်း ဖြစ်သည်။ ထိုလေသံမျိုးနှင့်ပင် ဟီလ်ဒါက ဆက်ပြောသွားသည်။

'စီလီယာဟာ လောဘ ကြီးတယ်၊ ရက်စက်တယ်၊ ပိုက်ဆံ ရရှိရေးကိုသာ ဦးတည်တယ်၊ အပြိုင်အဆိုင်တွေ သိပ်များလွန်းတယ် ဆိုတဲ့ ဆေးဝါး ထုတ်လုပ်ရေး လောကရဲ့ အစိတ်အပိုင်း တစ်ခုပဲ၊ သူတို့က ဆေးသာ ရောင်းရမယ် ဆိုရင် ဘာမဆို လုပ်မယ် ဆိုတဲ့ လူစားမျိုးတွေပဲ'

အင်ဒရူးက ခပ်အေးအေး ဝင်ပြောလိုက်၏။

'နီအာကို မူးယစ်ဆေးဝါး စွဲသွားအောင် ဘယ် ဆေးဝါး ကုမ္ပဏီကမှ ဖွတ်လုပ်ခဲ့ကြတာ မဟုတ်ပါဘူး'

'တိုက်ရိုက် လုပ်တာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ဒါပေမဲ့ နီအာနှင့် တချို့ ဆရာဝန်တွေ မူးယစ်ဆေးဝါးတွေကို စားသုံးကြတယ် ဆိုတာ ဆေးကုမ္ပဏီတွေက ဆေးတွေကို ဆရာဝန်တွေဆီမှာ အလျှံပယ် ရှိနေအောင် ပေးထားကြတာကိုး၊ ဆရာဝန်တွေ မဖြစ်မနေ ဖတ်ရလေ့ ရှိတဲ့ မဂ္ဂဇင်းတွေထဲမှာလည်း စာမျက်နှာတိုင်း လိုလိုမှာ ဆေးကြော်ငြာတွေကို ထည့်ထားကြတယ်၊ အိတ်ထဲက ပိုက်ဆံ တစ်ပြားမှ မကုန်ဘဲနှင့် အလကား ခရီး သွားနိုင်အောင် စီစဉ်ပေးကြတယ်၊ ဆေး ကုမ္ပဏီတွေက ဒေါက်တာတွေကို အခမဲ့ ဆေးနမူနာ





တွေ ဖုံးပေါလအော ပေးကြတယ်၊ သူတို့ လိုချင်တဲ့ ဆေးကို တောင်းရင် လိုချင်သလောက် ပေးမယ်လို့ ပြောကြတယ်၊ အဲဒါတွေကို မင်း သိပါတယ် အင်ဒရူးရာ၊ မင်းကို ငါ မေးချင်တာ တစ်ခု ရှိတယ်'

'ကျွန်တော် ဖြေနိုင်တာ ဆိုရင် ဖြေပါ့မယ်'

'ဆေး အရောင်း ကိုယ်စားလှယ်တွေ သူ့ဆီကို အများကြီး လာကြတယ်၊ သူကလည်း အားလုံးကို လက်ခံပြီး တွေ့တယ်၊ အဲဒီ ကိုယ်စားလှယ်တွေထဲက တချို့ ဒါမှမဟုတ် အားလုံးလိုလိုက သူ မူးယစ်ဆေး စွဲနေတာကို သိတယ်လို့ ထင်သလား'

အင်ဒရူး စဉ်းစား ကြည့်လိုက်၏။ ဆေးဝါး ထုတ်လုပ်သော ကုမ္ပဏီမျိုးစုံမှ မူးယစ်ဆေးဝါး မျိုးစုံကို နီအာ၏ ရုံးခန်းထဲတွင် လက်လွတ်စပယ် ထားလေ့ ရှိကြောင်း သူ ပြန်တွေးမိလိုက်၏။

'ဟုတ်ကဲ့၊ သူတို့ သိနိုင်တယ်လို့ ထင်တာပဲ'

'ဒါနှင့်တောင် သူတို့က မတားဆီးကြဘူး၊ တော်တော် ယုတ်မာတဲ့ သတ္တဝါတွေ၊ သူတို့က နီအာ လိုချင်သလောက် ဆက်ပေးနေကြတယ်၊ သူ့ကိုယ်သူ ဖျက်ဆီးနိုင်အောင် ဝိုင်းကူညီနေကြတယ်၊ အဲဒီလို ညစ်ပတ် စုတ်ပဲ့တဲ့ လုပ်ငန်းထဲမှာ မင်းမိန်းမလည်း ပါဝင်နေတယ် အင်ဒရူး၊ အဲဒီ လုပ်ငန်းကို ငါ သိပ်မုန်းတာပဲ'

'ဟီလ်ဒါ၊ ခင်ဗျား ပြောတဲ့ အထဲမှာ အဓိပ္ပာယ် ရှိတာတွေ တော်တော် ခပ်များများ ပါပါတယ်၊ ကျွန်တော် ခင်ဗျားရဲ့ ခံစားချက်တွေကို နားလည်တယ် ဆိုတာကိုတော့ ပြောချင်ပါတယ်'

'မင်းက နားလည်တယ် ဟုတ်လား'

သူ့လေသံတွင် စက်ဆုပ်သံနှင့် နာကြည်းသံများ ရောနှောနေကြသည်။

'ဒါဆိုရင် စီလီယာကို တချိန်ချိန်ကျရင် မင်း ရှင်းပြလိုက်ပါ၊ သူက တခြား လုပ်ငန်းကို ပြောင်းလဲပြီး လုပ်ချင် လုပ်သွားလိမ့်မယ်'

ထို့နောက် ထိန်းချုပ် မျိုသိပ် ထားရသမျှသည် အံ့ကြွ ပေါက်ကွဲသွားကြသည့် အလား ဟီလ်ဒါသည် မျက်နှာကို လက်နှစ်ဖက်နှင့် အုပ်၍ ငိုချလိုက်လေတော့သည်။

## ၅

၁၉၆၀ ပြည့်နှစ် အလယ်ပိုင်းလောက်က စ၍ ဩတ္တြီယတို့၏ လွတ်လပ်ရေး တိုက်ပွဲများသည် လူတိုင်း ပါးစပ်ဖျားတွင် ရေပန်းစားလာသည်။ စီလီယာသည် ထို တိုက်ပွဲကို စိတ်ထဲက ထောက်ခံသော်လည်း ကိုယ်တိုင် ကိုယ်ကြပ် ပါဝင် ဆင်နွှဲခြင်း မရှိပါ။

စီလီယာသည် ဘရေး အင် ကွန်မွန်းဝဲလ်သ်၏ အိမ်သုံး ဆေးဝါးများ ထုတ်လုပ် ရောင်းချသည့် လုပ်ငန်းတွင် ဆက်လက်၍ နစ်မြုပ်နေဆဲပင်။ နီအာ တောင်းဆင်းအား စိတ်ရောဂါကု ဆေးရုံ တစ်ရုံတွင် တင်ထားလိုက်ရသည့် ကိစ္စနှင့် ပတ်သက်၍ အင်ဒရူးရော စီလီယာပါ စိတ်ဆင်းရဲခဲ့ကြရ၏။

ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများက ဆေးဝါး နမူနာများကို လက် လွတ်စပယ် မဟားတရား အလကား ပေးနေကြသည့် ကိစ္စနှင့် ပတ်သက်၍ ဟီလ်ဒါ၏ ပေါက်ကွဲမှုကို အင်ဒရူးက စီလီယာအား ပြောပြလိုက်သည်။ စီလီ ယာက ဟီလ်ဒါအား ကိုယ်ချင်းစာနာစိတ် ထားကြောင်း အင်ဒရူး တအံ့တသြ သိလိုက်ရသည်။ စီလီယာက ပြောလိုက်၏။

'ဟီလ်ဒါ မှန်တယ်၊ အခမဲ့ ပေးနေတဲ့ ဆေးဝါးတွေရဲ့ ပမာဏဟာ သိပ် များလွန်းနေတယ်၊ ဒါပေမဲ့ အပြိုင်အဆိုင်တွေက များလွန်းတော့ လက်ရှိ ပုံစံ အတိုင်းပဲ ဆက်ထားရလိမ့်မယ်၊ အခုဆိုရင် အခမဲ့ ပေးနေတဲ့ ဆေးဝါးတွေကို ဖြတ်တောက် ပစ်လိုက်တဲ့ ကုမ္ပဏီသာ နစ်နာသွားလိမ့်မယ်'

အင်ဒရူးက ပြောလိုက်၏။

'ဆေးဝါး ကုမ္ပဏီ အချင်းချင်း ညှိနှိုင်းပြီး ဖြတ်ပစ်ဖို့ သဘော တူညီ ချက် လုပ်ရင် ရမှာပေါ့'

'မဖြစ်ဘူး၊ သူတို့က လုပ်ချင်ရင်တောင် အဲဒါက ဥပဒေနှင့် ဆန့်ကျင် တဲ့ ပူးပေါင်း ဆောင်ရွက်မှု ဖြစ်သွားလိမ့်မယ်'

ထို့နောက် ၁၉၆၇ ခုနှစ်တွင် စီလီယာသည် အခြား တာဝန် တစ်ခုသို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရလေတော့သည်။

ထိုကိစ္စ မပေါ်ပေါက်မီ ၁၉၆၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ထူးခြား သော ကိစ္စ တစ်ရပ် ဖြစ်ပွားခဲ့သည်။ ဆမ် ဟော်သုန်းသည် အမှုဆောင် ဒုတိယ





ဥက္ကဋ္ဌ အဖြစ် တိုးမြှင့် ခန့်အပ်ခြင်း ခံခဲ့ရပြီး ဆမ်သည် တစ်နေ့သော အခါတွင် ဖဲလ်ဒင်း ရှေ့သ်၏ အကြီးအကဲ ဖြစ်လာတော့မည်မှာ သေချာသွားခဲ့လေပြီ။

ဆမ်က စီလီယာ့အား သူ့ ရုံးခန်းသို့ ခေါ်ယူပြီး အပြုံးကလေးနှင့် ပြော လိုက်၏။

'အိမ်သုံးဆေးဝါးမှာ မင်း ဝင်ခံနေရတဲ့ ဒုက္ခ ပြီးဆုံးသွားပါပြီ၊ ခု မင်းကို လက်တင် အမေရိက နိုင်ငံများ အတွက် ဆေးဝါး ရောင်းချမှု ဆိုင်ရာ ညွှန်ကြား ရေးမှူး ရာထူးကို ပေးမလို့ ခေါ်ပြောတာပဲ၊ မင်း လက်ခံမယ် ဆိုရင် မင်း ဒီက နေပြီး စီမံ ခန့်ခွဲရလိမ့်မယ်၊ ဒါပေမဲ့ မင်း တော်တော်ကလေးတော့ ခရီး သွားရ လိမ့်မယ်၊ အင်ဒရူးက ဘယ်လိုများ သဘောထားမလဲ မသိဘူး၊ ကလေးတွေ ကရော ဘယ်လိုလဲ'

စီလီယာက တုံ့ဆိုင်းမှု မရှိဘဲ ဖြေလိုက်လေ၏။

'ကျွန်မတို့ ဖြစ်အောင် စီစဉ်နိုင်ပါလိမ့်မယ်'

ဆမ်က ကျေကျေနပ်နပ် ခေါင်းညိတ်သည်။

'မင်း အဲဒီလို ပြောလိမ့်မယ်လို့ ကျုပ် မျှော်လင့်ပြီးသားပါ'

ထိုသတင်းက စီလီယာအား ဝမ်းမြောက်ဝမ်းသာ ဖြစ်စေခဲ့၏။ နိုင်ငံ တကာ၌ ဆေးဝါး ရောင်းဝယ်မှု လုပ်ငန်းမှာ ပို၍ ပို၍ အရေးကြီးလာကြောင်း စီလီယာ သတိထားမိသည်။ ထိုအခွင့်အရေးမှာ စီလီယာ မျှော်လင့်ထားသည် ထက် ပိုမို ကောင်းမွန်နေသည်။ သူ့စိတ်ကူးကို ရိပ်မိသော ဆမ် ဟော်သုန်းက

'အနာဂတ် ကာလ အတွက် ဈေးကွက်ဟာ နိုင်ငံရပ်ခြားမှာ ရှိနေတယ်၊ ခု လောလောဆယ်မှာတော့ ကျုပ်တို့က အထူးသဖြင့် လက်တင် အမေရိကမှာ သိပ်ပြီး ဝင်တိုးနိုင်သေးတာ မဟုတ်ဘူး၊ ကဲ မင်း အိမ်ပြန်တော့၊ အင်ဒရူးကို ဖောက်သည် ချလိုက်ဦး၊ နက်ဖြန်ကျမှ အသေးစိတ် ဆွေးနွေးကြမယ်'

စီလီယာအား ရာထူးသစ်တွင် ပြောင်းရွှေ့ ခန့်အပ်လိုက်သည့် ကိစ္စသည် သူတို့ မိသားစုတွင် ပို၍ ခက်ခဲမှု ရှိစေမည့် အစား သိသိသာသာ တိုးတက်မှု ရှိလာစေ ခဲ့သည်။ စီလီယာက ထိုသတင်းကို အိမ်တွင် ဖောက်သည် ချလိုက်သော အခါ အင်ဒရူး ဝမ်းသာသွားသလို စီလီယာကိုလည်း ထောက်ခံခဲ့သည်။

အင်ဒရူးသည် ထိုကိစ္စကို အကြောင်းပြု၍ အလုပ် များပြားလှသော ဆေး ကုသမှု တာဝန်မှ အချိန် အနည်းငယ် အနားယူရန် ဆုံးဖြတ်လိုက်လေ၏။

အသက် လေးဆယ် ပြည့်ရန် တစ်နှစ်သာ လိုတော့သော အင်ဒရူးသည် အလုပ်ပိမှုနှင့် သောက များပြားမှုတို့မှ အစပြုခဲ့ပြီး နောက်ဆုံးတွင် စိတ်ဖောက်ပြန်သည် အထိ ဖြစ်ပွားခဲ့ရသော ဒေါက်တာ နိုအာ တောင်းဆင်း၏ အဖြစ်အပျက်မှ အမြတ်ထုတ်ရန် သန္နိဋ္ဌာန် ချလိုက်သည်။

မိမိ၏ အိမ်ထောင်စုကို ထိခိုက်စေသည် အထိ လုပ်ငန်းထဲတွင် ခင်တွယ်နစ်မြုပ်နေကြသော အခြား ဆရာဝန်များကိုလည်း အင်ဒရူး သတိ ထားမိပါသည်။

လွန်ခဲ့သော ဆယ့်တစ်နှစ်က စပ်တူ လုပ်ငန်း အဖြစ် သူ ပါဝင် ဆောင်ရွက်ခွင့် ရရှိခဲ့သော ကိုယ်ပိုင် ဆေးခန်းတွင် ယခု သူသည် စီနီယာ ပါတနာ ဖြစ်နေလေပြီ။ ဒုတိယ ဆရာဝန် အော်စကာ အေရွှန်သည် အသုံးဝင်သော ပုဂ္ဂိုလ် တစ်ဦး ဖြစ်နေသလို လွန်ခဲ့သော တစ်လခန့်ကမှ ဆေးခန်းသို့ လာရောက် အလုပ် လုပ်ကိုင်သော နှစ်ဆယ့် ရှစ်နှစ် အရွယ် ဘင်တန် ဖောက်သည်လည်း လုပ်ငန်းတွင် အဆင်ပြေ၍ နေလေပြီ။

အင်ဒရူးက အချို့ ခရီးစဉ်များတွင် စီလီယာနှင့် အတူ သူလည်း လိုက်ပါမည် ဖြစ်ကြောင်း အသိပေးလိုက်သော အခါ စီလီယာ အလွန်အမင်း ပျော်ရွှင်သွားသည်။ တကယ့် တကယ်တွင်မူ အင်ဒရူးသည် စီလီယာ တောင် အမေရိကတိုက်သို့ သွားရောက်သော ခရီးစဉ်များတွင် တစ်နှစ်လျှင် သုံး လေးကြိမ် လိုက်ပါသွားလေ့ ရှိသလို ကလေးများသည်လည်း ကျောင်းမှ ခွင့်ရမှု အပေါ် မူတည်၍ တစ်ယောက် သို့မဟုတ် နှစ်ယောက်စလုံး လိုက်ပါလေ့ ရှိသည်။

အင်ဒရူး ဂျော်ဒန်တို့ နေအိမ်တွင် ခုနစ်နှစ်တိုင်တိုင် နေထိုင်ခဲ့သော ဝင်နီဩဂုတ်စ်သည် ၁၉၆၇ ခုနှစ် နွေဦးရာသီတွင် ဟန့် မတ်ချ် ဆိုသူနှင့် အိမ်ထောင် ကျသည်။

ခင်မင်စရာ ကောင်းသော ဟန့် မတ်ချ်သည် ပျံကျ လုပ်ငန်းများကို လုပ်ကိုင်နေသူ ဖြစ်ကြောင်း အင်ဒရူး သိလိုက်သဖြင့် အင်ဒရူးက သူ့အား မာလီနှင့် ယာဉ်မောင်း အဖြစ် ခန့်ထားပေးလိုက်ပြီး သူတို့ လင်မယားကို အင်ဒရူး မိသားစု နေအိမ်တွင် ဆက်လက် နေထိုင်ခွင့် ပြုလိုက်သည်။

ရက်ပိုင်း လပိုင်း အတွင်းမှာပင် ဟန့် မတ်ချ်သည် ဝင်နီကဲ့သို့ အားကိုးရသူ တစ်ယောက် ဖြစ်လာလေသည်။

ထို့ကြောင့် အင်ဒရူးနှင့် စီလီယာတို့သည် ကလေးများ ပါသည်ဖြစ်စေ မပါဘဲနှင့် ဖြစ်စေ ဖြောင့်ဖြောင့်တန်းတန်း ခရီး ထွက်နိုင်ခဲ့ကြခြင်း ဖြစ်သည်။





ထိုကာလတွင် ဝမ်းနည်းစရာ ကိစ္စတစ်ရပ်နှင့် ကြုံတွေ့ကြရပြန်၏။ စီလီယာ၏ မိခင် မီးလ်ဒရက်သည် အသက် ခြောက်ဆယ့် တစ်နှစ်တွင် ယန်းနာ ရောဂါဖြင့် အသက်ရှူ လမ်းကြောင်း ပိတ်ပြီး ကွယ်လွန်သွားခဲ့ခြင်းပင် ဖြစ်သည်။

## ၆

ဝေးလံသော အရပ်ဒေသများမှ မြင်ကွင်းနှင့် အသံဗလံတို့ကို အင်ဒရူး စိတ်ဝင်စားသည်။ စီလီယာက ရောင်းရေးဝယ်တာ ကိစ္စရပ်များကို ဒေသဆိုင်ရာ ဝန်ထမ်းများနှင့် ဆွေးနွေး ဆောင်ရွက်နေစဉ် အင်ဒရူးသည် နိုင်ငံခြား မြို့တော်များ၏ ထူးထူးခြားခြား မြင်ကွင်းများနှင့် ကျေးလက်ဒေသ ရှုခင်းတို့ကို စပ်စပ်စုစု လိုက်လံ ကြည့်ရှုလေ့ ရှိသည်။

သူတို့ ခရီး ထွက်လာစဉ် ကလေးများ လိုက်ပါလာပါက အင်ဒရူးသည် ကလေးများကို သူ သွားရောက် လေ့လာသည့် နေရာများသို့ ခေါ်ဆောင်သွားလေ့ ရှိသည်။

အင်ဒရူး အရသာ တွေ့သော ကိစ္စရပ် တစ်ခုမှာ တိုင်းရင်းသား ဈေးဆိုင်များတွင် ဈေးဆစ်၍ ဝယ်ရသော ကိစ္စပင် ဖြစ်သည်။ သူသည် ဆေးဆိုင်မှ ဆေး ဖော်စပ် ရောင်းချသူများနှင့် စကားစမြည် ပြောဆိုလေ့ ရှိသလို တစ်ခါတစ်ရံတွင် ဒေသခံ ဆရာဝန်များနှင့်လည်း ဆွေးနွေးလေ့ ရှိသည်။ သူသည် စပိန်နှင့် ပေါ်တူဂီ ဘာသာ စကားတို့ကို မတောက်တခေါက် ပြောတတ်နေပြီ ဖြစ်ပြီး လေ့ကျင့်ရင်း ပိုမို၍ ကျွမ်းကျင် လာလေပြီ။ စီလီယာကလည်း ထို ဘာသာ စကားများကို လေ့လာနေဆဲ ဖြစ်သဖြင့် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ကူညီလေ့ ရှိကြသည်။

သို့တိုင်အောင် ခရီးစဉ် အားလုံးသည် အောင်မြင်သော ခရီးစဉ်များ မဟုတ်ကြပါ။

စီလီယာက အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်သည်။ စီလီယာသည် တစ်ခါတစ်ရံတွင် မိမိနှင့် အကျွမ်းတဝင် မရှိသော အခြေအနေများကို ရင်ဆိုင်၍ ဒေသ ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားရင်း ပင်ပန်း နွမ်းနယ်မှု

များ ဖြစ်ပေါ် လာရလေတော့သည်။ ပင်ပန်း နွမ်းနယ်မှုနှင့် တစ်ဦးနှင့် တစ်ဦး ကတောက်ကဆ ဖြစ်မှုများမှ အစပြု၍ စီလီယာနှင့် အင်ဒရူးတို့၏ အိမ်ထောင်သက် အတွင်း အကြီးကျယ်ဆုံး ရန်ပွဲနှင့် ကြုံတွေ့ခဲ့ကြရလေ၏။

ထိုကိစ္စမှာ အီကွေဒို နိုင်ငံ၌ ဖြစ်ပွားခဲ့ပြီး လင်မယား ရန်ဖြစ်မှုများ၏ ထုံးစံ အတိုင်း အသေးအဖွဲကလေးက စတင်ခဲ့ခြင်း ဖြစ်သည်။

သူတို့ ဇနီးမောင်နှံသည် အီကွေဒို နိုင်ငံ၏ မြို့တော် ကွီတိုမြို့တွင် ကလေး နှစ်ယောက်နှင့် အတူ တည်းခို နေထိုင်လျက် ရှိကြသည်။

ဖဲလ်ဒင်း ရှောသ်၏ ဒေသခံ ကိုယ်စားလှယ် ဆီညော် အင်တိုနီယို ဂျူဆေး မိုရီနို အပေါ် မကျေမနပ် ဖြစ်လာသော စီလီယာသည် ညဦးပိုင်းတွင် သူတို့ တည်းခို နေထိုင်သော ဟိုတယ်သို့ ပြန်လည် ရောက်ရှိလာသည်။

ခပ်ဝဝဖိုင့်ဖိုင့်နှင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေသော မိုရီနိုက ရုံးချုပ်မှ ပုဂ္ဂိုလ် တစ်ဦးဦး သူ့ထံသို့ လာရောက် လည်ပတ်မှုသည် သူ၏ လုပ်ပိုင်ခွင့်ကို လာရောက် ကျူးကျော်ခြင်း ဖြစ်သည်သာမက သူ၏ လုပ်ရည်ကိုင်ရည်ကိုပါ ရန်စခြင်း ဖြစ်ကြောင်း သိသာအောင် ပြမူ ပြသခဲ့သည်။

စီလီယာက လုပ်နည်း ကိုင်နည်းများကို ပြုပြင်ရန် အကြံပေးသည့် အခါ 'ဒီနိုင်ငံမှာ ဒီလို ပုံစံနှင့် လုပ်ကြတာပဲ' ဆိုသည့် အဖြေကို သူ ပေးလေ့ ရှိသည်။

စီလီယာ စိတ်ပူသွားသည့် ကိစ္စ တစ်ခုမှာ ဖဲလ်ဒင်း ရှောသ်၏ ဆေးဝါး များနှင့် ပတ်သက်၍ ဖြစ်နိုင်ဖွယ် ရှိသော ဆေး တန်ပြန်မှုများ အကြောင်း အီကွေဒို နိုင်ငံမှ ဆရာဝန်များအား ပြည့်ပြည့်စုံစုံ အသိ ပေးမထားခြင်း ဖြစ်သည်။

ထိုကိစ္စကို စီလီယာက မိုရီနိုအား ထောက်ပြလိုက်သော အခါ

'တခြား ကုမ္ပဏီတွေလည်း ဒီလို လုပ်နေကြတာပဲ၊ ဒါကြောင့် ကျုပ်တို့လည်း လုပ်တယ်၊ ဖြစ်ချင်မှ ဖြစ်လာမယ့် ကိစ္စတွေကို ကျုပ်တို့က သိပ်ပြောပြနေရင် မှသား ပြောသလိုတောင် ဖြစ်နေလိမ့်မယ်' ဟု ပြန် ဆင်ခြေ ပေးခဲ့လေသည်။

ဟိုတယ်သို့ ပြန်အရောက်တွင် ဒေါပွနေဆဲပင် ရှိသေးသော စီလီယာက 'ကလေးတွေ ဘယ်မှာလဲ' ဟု အင်ဒရူးအား မေးလိုက်သည်။

'အိပ်ရာထဲမှာ အိပ်ပျော်နေကြပြီ၊ သူတို့ ခပ်စောစော အိပ်ရာ ဝင်သွားကြတယ်၊ ကိုယ်တို့ တော်တော်ကလေး ပင်ပန်းလာကြတယ်'





လီဆာနှင့် ဘရုစ်တို့ကို သူ မျှော်လင့်ထားသလို မတွေ့လိုက်ရမှုနှင့် အေးစက်စက် ဖြစ်နေသော အင်ဒရူး၏ လေသံတို့က စီလီယာအား စိတ်တိုသွားစေခဲ့သည်။

'ရှင် တစ်ယောက်တည်း စိတ်ပျက်စရာ ကောင်းတဲ့ နေ့နှင့် ကြုံခဲ့ရတာ မဟုတ်ပါဘူး'

'စိတ်ပျက်စရာလို့ ကိုယ် မပြောပါဘူး၊ ပင်ပန်းတယ်လို့ ပြောတာပါ၊ ဒါပေမဲ့ ကိုယ့်အတွက်ကတော့ စိတ်မချမ်းမြေ့စရာ ဝေဖတွေနှင့် တွေ့လာရတယ်'

ပင်လယ် ရေပြင်ထက် ပေ ကိုးထောင်ကျော် ပို၍ မြင့်မားမှုက သူတို့အား ထိခိုက်စေလျက် ရှိကြောင်း သူတို့ နှစ်ယောက်စလုံး မသိကြပါ။ စိတ်ဓာတ် ကျဆင်းနေသော စီလီယာအား မလှုပ်ချင်အောင် ပင်ပန်း နွမ်းနယ်နေမှုက ပို၍ ဆိုးရွားစေခဲ့ပါ၏။ ယခင်က ပျော်ပျော်ပါးပါး နေတတ်ခဲ့သော အင်ဒရူးသည်လည်း ယခု အချိန်တွင် သည်းမခံနိုင်လောက်အောင် စိတ်တိုနေသူဖြစ်နေလေပြီ။ စီလီယာက ပြောလိုက်၏။

'စိတ် မချမ်းမြေ့စရာ ဝေဖ ဟုတ်လား၊ ရှင် ပြောတာကို ကျွန်မ နားမလည်ဘူး'

'ကိုယ်က အဲဒါတွေ အကြောင်း ပြောနေတာကွ'

အင်ဒရူးက စားပွဲကလေး တစ်လုံးပေါ်၌ တင်ထားသော ဆေးပုလင်းများကို လက်ညှိုး ထိုး၍ ပြောလိုက်သည်။

စီလီယာက သဘော မတွေ့ဟန်နှင့် ပြန်ပြောလိုက်၏။

'အဲဒါတွေနှင့် ပတ်သက်ပြီး ကျွန်မ ဒီကနေ့ အတွက် စိတ်ကုန်သွားပြီ၊ အဲဒါတွေ ရှင် တခြားကို ယူသွားရင် ကောင်းလိမ့်မယ် ထင်တယ်'

'မင်း စိတ်မဝင်စားဘူးလို့ ဆိုလိုတာလား'

အင်ဒရူး၏ လေသံက ငေါ့တော့တော့ပင်တည်း။

'ဟုတ်တယ်၊ စိတ်မဝင်စားဘူး'

'ပွင့်ပွင့်လင်းလင်း ပြောရရင် မင်း စိတ်ဝင်စားလိမ့်မယ်လို့ ကိုယ် မထင်ပါဘူး၊ ကိုယ့်ဆီမှာ ရှိနေတာတွေက ဆေးဝါး ကုမ္ပဏီတွေနှင့် ပတ်သက်တဲ့ စိတ်ပျက်စရာ ကိစ္စတွေကိုး၊ ဒီကနေ့ ကလေးတွေကို ကိုယ်နှင့် အတူ ခေါ်သွားခဲ့သလို ဈေးလည်း ဝယ်ခဲ့တယ်၊ မေးစရာတွေကိုလည်း မေးခဲ့တယ်'

အင်ဒရူးသည် ဘူးတစ်ဘူးကို ဖွင့်လိုက်ပြီးနောက် ဆေးပြားများကို လက်ဖဝါးပေါ်သို့ သွန်ချပြီး ပြလိုက်၏။

'ဟောဒါတွေ ဘာတွေလဲ မင်း သိသလား'

'မသိဘူး' စီလီယာသည် ကုလားထိုင် တစ်လုံးပေါ်သို့ ထိုင်ချလိုက်ပြီး ဖိနပ်ကို ကြမ်းပြင်ပေါ်သို့ ချွတ်ချလိုက်၏။ 'ထပ် ပြောရမယ် ဆိုရင် ဂရုလည်း မစိုက်ပါဘူး'

'မင်း ဂရုစိုက်သင့်တာပေါ့ကွ၊ ဒါတွေဟာ သာလီဒိုမိုက် ဆေးပြားတွေ၊ ကိုယ် ဒီကနေ့ ဆရာဝန် ဆေးစာ မပါဘဲ ဝယ်လာခဲ့တာ'

အင်ဒရူး၏ စကားက စီလီယာအား ချောက်ချား သွားစေခဲ့သလို ကတောက်ကဆ ဖြစ်မှုသည် ထိုနေရာတွင် ရပ်တန့်သွားဖွယ်ရာ ရှိပါ၏။

သို့ရာတွင် အင်ဒရူးက ဆက်ပြောသွားခဲ့လေသည်။

'အဲဒီ ဆေးကို ရပ်သိမ်းသင့်ပြီး ငါးနှစ် ကြာတဲ့ အချိန်မှာ ကိုယ်ဝယ်လို့ ရတယ် ဆိုတဲ့ ကိစ္စ၊ အန္တရာယ် ရှိတဲ့ တခြား ဆေးတွေကို ပါသင့် ပါထိုက်တဲ့ သတိ ပေးချက်တွေ မပါဘဲနှင့် ဆိုင်တင် ရောင်းချနေတယ် ဆိုတဲ့ ကိစ္စတွေ ဖြစ်နေရတာဟာ ဆေး အညွှန်းမှာ ပြည့်စုံ လုံလောက်အောင် ဖော်ပြပေးရမယ်လို့ တင်းတင်းကျပ်ကျပ် ပညတ် ပေးမယ့် အစိုးရ အဖွဲ့အစည်းတွေ မရှိတဲ့ အတွက်ပဲ၊ အဲဒါဟာ မင်းရဲ့ အဖိုးထိုက် အဖိုးတန် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ အပါအဝင် အမေရိကန် ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီတွေရဲ့ ဘယ်သူသေသေ ငတေ မာပြီးရော ဆိုတဲ့ သဘောထားကြောင့်ပဲ'

အင်ဒရူး ယခု ဝေဖန်နေသည့် ကိစ္စကို ပြုပြင် ပြောင်းလဲပေးရန် စီလီယာက ဆီညော် အင်တိုနီယို ဂျီဆေး မိုရီနီအား အချိန်ကုန်ခံ၍ ပြောဆိုခဲ့ရမှုက စီလီယာအား ထိန်းမရအောင် ဒေါပွသွားစေခဲ့သည်။ စီလီယာက မိုရီနီအား သူ စိတ်ပျက်မိကြောင်း ထိုနေ့ညတွင် အင်ဒရူးကို ဖွင့်ပြောပြရန် ရည်ရွယ်ချက် ရှိခဲ့သော်လည်း ယခု မိုရီနီက သူ့အား ဆင်ခြေ ပေးလိုက်သော စကားများနှင့် အင်ဒရူးကို ပြန်၍ ပြောလိုက် မိလေတော့သည်။

'ရှင်က ဒေသဆိုင်ရာ ပြဿနာတွေနှင့် စည်းကမ်းတွေကို ဘယ်လောက်များ သိနေလို့လဲ၊ ရှင်က ဒီကို လာပြီး နိုင်ငံကို ဘယ်လို အုပ်ချုပ် ရမယ်လို့ ပြောနိုင်အောင် ရှင့်မှာ ဘာ အခွင့်အရေးများ ရှိနေလို့လဲ'

အင်ဒရူး၏ မျက်နှာ ဖြူဖွေးသွားသည်။

'ကိုယ့်မှာ ဆရာဝန်ဆိုတဲ့ အခွင့်အရေး ရှိတယ်ကွ၊ ပြီးတော့လည်း ဒီ ဆေးပြားတွေကို သောက်တဲ့ ကိုယ်ဝန်ဆောင်တွေ ကလေး မွေးလာကြရင် ခြေတွေ လက်တွေ အစား အသားစိုင်တွေပဲ ပါလာမယ် ဆိုတာ ကိုယ် သိတယ်ကွ၊





ဆေး ရောင်းတဲ့ လူက ကိုယ့်ကို ဒီကနေ့ ဘာပြောလိုက်သလဲ သိလား၊ သူ သာလီဒိုမိုက် အကြောင်း ကြားဖူးပါတယ်တဲ့၊ ဒါပေမဲ့ ဒီဆေးပြားတွေကို အွန်ဒါဆီလ် (Ondasil) လို့ နာမည် မှည့်ထားတဲ့ အတွက် အတူတူပဲ ဆိုတာ သူ မသိပါဘူးတဲ့၊ တကယ်လို့ မင်း မသိသေးဘူး ဆိုရင် ဒါမှမဟုတ် မင်း မသိချင်ဘူး ဆိုရင် သာလီဒိုမိုက်ကို ဆေးဝါး ကုမ္ပဏီတွေက နာမည်ပေါင်း ငါးဆယ့်သုံးမျိုးနှင့် ထုတ်လုပ် ရောင်းချ နေကြတယ် စီလီယာ'

သူက စီလီယာ ပြန်ပြောသည်ကို မစောင့်ဘဲ ဆက်ပြောလိုက်ပြန်၏။

'ဆေးတွေကို ဘာဖြစ်လို့ နာမည် အမျိုးမျိုးနှင့် ရောင်းချ နေကြရတာလဲ၊ ပြဿနာ ဖြစ်လာရင် မျက်စိ လည်သွားအောင် လုပ်တာပဲ ဖြစ်ရမယ်၊ ပြဿနာ ဆိုလို့ ပြောရဦးမယ်၊ ဟောဒါကို ကြည့်ဦး'

သူက ကလိုရိုမိုင်စီတင် ဆေးဘူး တစ်ဘူးကို ယူပြလိုက်သည်။

'ဒီဆေးကို အမေရိကန်မှာ ဝယ်ရင် ဆေး တန်ပြန်မှု အနေနှင့် သေနိုင်လောက်တဲ့ အထိ သွေးဖောက်ပြန်မှုတွေ ဖြစ်ပေါ်နိုင်တယ်လို့ သတိ ပေးထားတာကို တွေ့ရလိမ့်မယ်၊ ဒီမှာတော့ တစ်လုံး တစ်ပါဒမှ ဖော်ပြ မထားထူး၊ ဖဲလ်ဒင်း ရှော့သ်ရဲ့ လိုထရိုမိုင်စင်ကိုလည်း ကြည့်ပါဦး၊ အဲဒီဆေးကို ကျောက်ကပ် ပျက်စီးနေတဲ့ လူတွေ၊ ကိုယ်ဝန်ဆောင်တွေနှင့် ကလေးကို မိခင်နို့ တိုက်ကျွေးနေကြတဲ့ မိခင်တွေ မသုံးစွဲသင့်ဘူး ဆိုတာ မင်းလည်း သိတယ်၊ ကိုယ်လည်း သိတယ်၊ ဒါပေမဲ့ ဒီမှာ စာ တစ်လုံးမှ မပါဘူး၊ သူတို့ကို ကြို သတိပေးမထားတဲ့ အတွက် ဒီမှာ လူနည်းနည်းပါးပါး သေသွားကြတာကို ဘယ်သူက ဂရုစိုက်မှာလဲ၊ ဖဲလ်ဒင်း ရှော့သ်က ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ၊ စီလီယာကရော ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ'

စီလီယာက အင်ဒရူးအား စူးစူးစိုက်စိုက် ပြန်အော်ပြောလိုက်၏။

'ရှင်က ကျွန်မကို အဲဒီလို ပြောဝံ့သလား'

အင်ဒရူး သတိလက်လွတ် ဖြစ်သွားလေပြီ။

'ပြောဝံ့တယ်ကွ၊ ဆယ့်တစ်နှစ် အတွင်း မင်း တဖြည်းဖြည်း ပြောင်းလဲလာတာကို မြင်နေရလို့ ကိုယ် ပြောဝံ့တယ်၊ သဘောကျစရာ ကောင်းတဲ့ ခံယူချက်တွေ၊ ခံစားမှုတွေ၊ ကြင်နာမှုတွေ ရှိခဲ့တဲ့ အနေအထားက မင်းကိုယ်တိုင် မကောင်းကြောင်း သိပါလျက်နှင့် မသိချင်ယောင် ဆောင်၊ ကိုယ့်ကိုယ်ကိုယ် လိမ်ညာပြီး ကိုယ် လုပ်တာ မှန်တယ်လို့ ဆင်ခြေ ဆင်လက်တွေ ပေးတဲ့ အဆင့်အထိ ရောက်လာပြီ၊ ကိုယ့်ဆီ လိုထရိုမိုင်စင် ဆေးယူလာပေးခဲ့တဲ့ အင်မတန်

မျှော်မှန်းချက် ကြီးမားသော အမျိုးသမီးကလေး၊ ဆေး ရောင်းချမှု ဆိုင်ရာ ကျင့်ဝတ်ကို ရေးဆွဲစေလိုတဲ့ အမျိုးသမီးကလေး၊ နယူးရော့ခ်မှာ ကျင်းပတဲ့ ဆေး အရောင်း ဆွေးနွေးပွဲမှာ မရိုးသားတဲ့ ဆေး ရောင်းချမှုကို ဝေဖန်ခဲ့တဲ့ အမျိုးသမီးကလေး၊ အဲဒီ အမျိုးသမီးကလေး ဘာဖြစ်သွားတယ် ထင်သလဲ၊ ကိုယ့် အထင် ပြောရရင် သူ့ ရည်မှန်းချက်တွေနှင့် ရာထူး တိုးရေး အတွက် သူကိုယ်သူ ရောင်းစားလိုက်တယ်လို့ ထင်တာပဲ'

'ရှင် တိရစ္ဆာန်ပဲ'

စီလီယာသည် မကြာသေးခင်က ကြမ်းပြင်ပေါ်သို့ သူ ချွတ်ချ ထားခဲ့သော ဖိနပ် တစ်ဖက်ကို ကောက်ယူပြီး အင်ဒရူးအား တအားကုန် ပစ်ပေါက်လိုက်လေ၏။ သူ ပစ်ပေါက်လိုက်သော ဖိနပ်ခွာ ချွန်ချွန်က အင်ဒရူး၏ ဘယ်ဘက် ပါးကို ထိမှန်ပြီး သွေးများ ပန်းထွက်လာလေတော့သည်။

သို့သော် ဒေါသခိုး မွှန်နေသော စီလီယာ ဘာကိုမျှ မမြင်တော့ပါ။ စီလီယာက ပက်ပက်စက်စက် ပြောချ လိုက်လေ၏။

'ခံယူချက်တွေ၊ ကိုယ်ကျင့် တရားတွေ ကောင်းရမယ်လို့ ပြောနိုင်တဲ့ အခွင့်အရေး ရှင့်မှာ ဘယ်လောက်များ ရှိနေလို့လဲ၊ သူကိုသာမက လူတိုင်းကို အန္တရာယ် ဖြစ်အောင် မူးယစ်ဆေးဝါး စွဲနေတဲ့ နိုအာ တောင်းဆင်း ငါးနှစ် လုံးလုံး ဆက် ဆေးကုသခွင့် ရအောင် ဘာမှ မလုပ်ဘဲ စောင့်ကြည့်ခဲ့တဲ့ ကိစ္စနှင့် ပတ်သက်ပြီး အင်မတန် မွှန်မြတ်တဲ့ ရှင့် ကိုယ်ကျင့်တရားက ဘယ်နားမှာ ရောက်နေခဲ့သလဲ၊ ဆေးရုံကို အပြစ် မတင်ပါနှင့်၊ သူတို့က ဘာမှ မလုပ်ကြတဲ့ အတွက် ရှင့်ကို ခွင့်လွှတ်စရာ မရှိပါဘူး။

'ဗိုင်ရာဇစ် ဆိုတဲ့ လူနာကို နိုအာက သတ်လိုက်တာလား၊ ရှင်က သတ် လိုက်တာလား၊ နိုအာနှင့် ပတ်သက်ပြီး ရှင် တစ်ခုခု လုပ်နိုင် ပါလျက်နှင့် ဘာမှ မလုပ်ဘဲ သိပ် နောက်ကျသွားအောင် စောင့်နေတဲ့ ရှင်က သတ်လိုက် တာပဲ၊ ရှင် ညညကျရင် အဲဒါကို တွေးမိပြီး အိပ်ရေး မပျက်ဘူးလား၊ အဲဒီ ငါးနှစ် အတွင်းမှာ နိုအာက သတ်လိုက်တဲ့ တခြား လူနာတွေ ရှိသေးသလား လို့ ရှင် တစ်ခါမှ တွေးမကြည့်မိဘူးလား၊ ကဲ ကျွန်မ ပြောတာကို ကြားရဲ့လား၊ သူတော်ကောင်း ကြောင်သူတော်ကြီးရဲ့၊ ဖြေစမ်းပါဦး'

ဖြုန်းခနဲ စီလီယာ ရပ်တန့်သွားလေတော့သည်။ သူ ပြောရမည့် စကားလုံး များ ကုန်ခန်းသွားမှု သက်သက်ကြောင့် မဟုတ်ဘဲ အလွန့် အလွန် ဒေါသ ထွက်နေသော အင်ဒရူး၏ မျက်နှာကို မမြင်စဖူး မြင်တွေ့လိုက်ရသောကြောင့်





ပင်တည်း။ စီလီယာက သူ့ပါးစပ်ကို လက်နှင့် ပိတ်လိုက်မိလေ၏။ သူ့ နှုတ် က တိုးတိုးလေး ရေရွတ်လိုက်မိသည်။

'ဘုရားသခင်၊ ငါ ဘာတွေ လျှောက်လုပ်မိပါလိမ့်'

ထို့နောက် သူ မြင်လိုက်ရသော အင်ဒရူး၏ ဒေါသ ထွက်နေသော မျက်နှာထားကြောင့် သာမက သူ့ နောက်ဘက်တွင် ဖြစ်ပျက်နေသော ကိစ္စ တစ်ခုကြောင့် သူ ဖြုန်းခနဲ သွေးပျက် သွားရပြန်သည်။

စီလီယာသည် အင်ဒရူး ကြည့်နေသည့် ဘက်သို့ လိုက်ကြည့်ရင်း ကိုယ် ကို ချာခနဲ လှည့်လိုက်၏။ အိပ်ရာ ဝင်ချိန်တွင် ဝတ်ဆင်သော အဝတ်အစား များကို ဝတ်ဆင်ထားသည့် ချာတိတ်ကလေး နှစ်ယောက် အခန်းထဲသို့ ဝင်လာ ကြသည်။

ဒေါသကို ထိန်းမရသော မိဘ နှစ်ပါးစလုံးသည် တစ်ဖက် အိပ်ခန်းထဲ၌ ရှိနေသော လီဆာနှင့် ဘရုစ်တို့ကို မေ့လျော့နေခဲ့ကြသည်။

'မာမီ ဒက်ဒီ'

မျက်ရည်များနှင့် ငိုရှိုက်နေသော လီဆာ၏ အသံပင်တည်း။

ဘရုစ်ကမူ ထိန်းမနိုင် သိမ်းမရ ငိုယိုနေသည်။

သူကိုယ်တိုင် မျက်ရည် လည်နေသော စီလီယာသည် လက်နှစ်ဖက်ကို ဆန့်တန်းပြီး သူတို့ထံသို့ ပြေးသွားခဲ့သည်။ သို့ရာတွင် လီဆာက ပိုမြန်သည်။ သူ့ အမေကို ရှောင်ကွင်းပြီး ဖခင်ဆီသို့ ပြေးသွားလေ၏။

'ဒက်ဒီ ဒဏ်ရာ ရနေပြီ'

လီဆာသည် သွေးစွန်းနေသော ဖိနပ်ကို မြင်လိုက်သောကြောင့် အော် ပြောလိုက်သည်။

'မာမီ ဘာဖြစ်လို့ လုပ်ရတာလဲ'

အင်ဒရူးသည် သွေးထွက်နေဆဲပင် ရှိသေးသော မျက်နှာအား လက်နှင့် စမ်းလိုက်၏။ သွေးများသည် သူ့လက်ပေါ်တွင်သာမက အင်္ကျီပေါ်နှင့် ကြမ်း ပြင်ပေါ်တွင် နေရာ အနှံ့ ရှိနေပုံ ရသည်။

ယခုအချိန်တွင် ဘရုစ်သည် လီဆာနှင့် အတူ အင်ဒရူးကို ဖက်တွယ် ထားကြသည်။

စီလီယာသည် အပြစ် ရှိသည်ဟု ကိုယ့်ကိုယ်ကိုယ် ခံစားရရင်း မလုပ် တတ် မကိုင်တတ်နှင့် နောက်ဆုတ်၍ ငေးကြည့်နေရတော့သည်။

တင်းမာနေသည့် အခြေအနေကို အင်ဒရူးက ဖြိုခွဲပစ်လိုက်သည်။

'မဟုတ်သေးဘူးလေ၊ ဒီလို မလုပ်ကြနှင့်၊ မင်းတို့က ဘက် လိုက်လို့ မဖြစ်ဘူး၊ မင်းတို့ မာမီရော ဒက်ဒီပါ မိုက်ခဲ့ကြတာကွ၊ တို့နှစ်ယောက်စလုံး မှားခဲ့ကြတယ်၊ ရှက်လည်း ရှက်သွားကြပါပြီ၊ ဒီကိစ္စကို နောက်မှ ဆက်ပြော ကြတာပေါ့ကွာ၊ တို့ မိသားစုဟာ ဥမကွဲ သိုက်မပျက် ရှိနေဆဲပါပဲ'

ထို့နောက် သူတို့ လေးယောက်စလုံးသည် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်ကြလေ၏။

စီလီယာသည် ထိုတာဝန်ကို ထမ်းဆောင်နေရစဉ် ကာလ အတွင်း လက်တင် အမေရိကန်၌ ရောင်းချသော ဖဲလ်ဒင်း ရော့သ်မှ ဆေးဝါးများတွင် အမေရိကန် နိုင်ငံ၌ သတ်မှတ်ထားသော ဥပဒေ စည်းကမ်းများနှင့် မယိုးမစွဲ လိုက်နိုင်သော ဆေးညွှန်းစာများဖြင့် ရောင်းချနိုင်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင် ခဲ့သည်။

ထိုကာလ အတွင်း ဒေါက်တာ မာတင် လူသာကင်းနှင့် ရောဘတ် ကနေဒီတို့ ရက်ရက်စက်စက် လုပ်ကြံ သတ်ဖြတ်ခံခဲ့ကြရသည်။ နစ်ဆင် သမ္မတ ဖြစ်လာသလို ဂိုဒါမေယာသည် အစ္စရေး နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။ ဂျက်ကီ ကနေဒီသည် အရစ္စတိုတယ် အိုနာဆစ်နှင့် လက်ထပ်လိုက်သည်။

ကစ်ဆင်ဂျာ တရုတ် နိုင်ငံသို့ သွားသည်။ အမ်စထရောင်းက လကမ္ဘာ သို့ သွားသည်။ အက်ဒဝပ် ကနေဒီက ချာပါတွစ်ဒစ်သို့ သွားသည်။

ထို့နောက် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဆမ် ဟော်သုန်းသည် အသက် ငါးဆယ့်တစ်နှစ် အရွယ်၌ ဖဲလ်ဒင်း ရော့သ်၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိ ချုပ် ဖြစ်လာလေတော့သည်။

၇

ဆမ် ဟော်သုန်းသည် အကြောင်းအရာ မျိုးစုံကို ကမ်းကုန်အောင် စိတ်ဝင် စားသူ ဖြစ်သည်။ သူသည် စီးပွားရေး လုပ်ငန်းထဲတွင် နက်နက်ရှိုင်းရှိုင်း နစ် မြှုပ်နေသော်လည်း စာပေ ပန်းချီ ပန်းပု အနုပညာရပ်များနှင့် တေးဂီတတို့ကို ချစ်မြတ်နိုးသူ ဖြစ်သည်။





သူသည် စန္ဒရားကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်သူ ဖြစ်ပြီး ခရီး သွားချိန်တွင် ဟိုတယ် အိပ်ခန်းထဲ၌ စန္ဒရား တစ်လုံးကို သူ၏ ကိုယ်ပိုင် စရိတ်နှင့် ထားခိုင်းလေ့ ရှိသည်။

နေအိမ်တွင်လည်း ဆမ်နှင့် လီလီယန် ဟော်သုန်းတို့၏ အိမ်ထောင်ရေး မှာ ခိုင်မြဲသော အိမ်ထောင်ရေး ဖြစ်သလို ယခု အသက် ဆယ့်ငါးနှစ် ရှိပြီ ဖြစ်သော ဂျူးလီးယက်ကလည်း မိဘ နှစ်ပါးက အလို လိုက်ထားကြသည့် တိုင်အောင် အမိုက် စော်ကားမည့်ပုံ မပေါ်ချေ။

ဆမ် ဟော်သုန်းသည် ကောလိပ် ကျောင်းသား ဘဝက တာဝေး အပြေး သမား တစ်ယောက် ဖြစ်ခဲ့သလို အတော်အတင့် ကျွမ်းကျင်သော တင်းနစ် ကစားသမား တစ်ယောက်လည်း ဖြစ်ခဲ့သည်။ သို့ရာတွင် သူ၏ စိတ်ဝင်စားမှု အားလုံးကို သရဖူ ဆောင်းလိုက်သော ကိစ္စမှာ အင်္ဂလိပ်ကို အထင်ကြီးမှုပင် တည်း။

သူသည် အင်္ဂလိပ်နှင့် ပတ်သက်သမျှကို မြတ်နိုးလေ့ ရှိသည်။ သူသည် သူ မြတ်နိုးသော ငွေ မီးခိုးရောင် ရိုးစ် ဘင်တလီ မော်တော်ကားကြီးကို ကိုယ် တိုင် နေ့တိုင်း မောင်းနှင်ပြီး ရုံးတက်လေ့ ရှိသည်။

ဆမ် ဟော်သုန်း အထင်ကြီးလေ့ ရှိသော အခြား ကိစ္စ တစ်ရပ်မှာ ဗြိတိသျှတို့၏ သိပ္ပံပညာပင် ဖြစ်သည်။

ထိုယုံကြည်မှုကြောင့် သူသည် ဖဲလ်ဒင်း ရော့သ်၌ ဥက္ကဋ္ဌ အဖြစ် စတင် ဆောင်ရွက်ရစဉ်မှာပင် ရဲတင်းသော ပင်ကို စိတ်ကူးနှင့် အဆိုပြုချက် တစ်ခု ပေါ်ထွက်လာရခြင်း ဖြစ်သည်။

အုပ်ချုပ်မှု ဘုတ်အဖွဲ့သို့ သူ တင်သွင်းသော လျှို့ဝှက် အစီရင်ခံစာတွင် နားဝင် မချိုသော အချက်အလက်များကို ထည့်သွင်း ဖော်ပြခဲ့လေ၏။

'ဆေးဝါးများကို သုတေသန ပြုသည့် လုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ် ငန်းများတွင် ဤကုမ္ပဏီသည် ဆေးဝါး ထုတ်လုပ်မှု လောက တစ်ခုလုံး ကြုံ တွေ့နေရသည့် သရောခိုင်း ကာလထက် ပိုမို ဆိုးရွားစွာ ကြုံတွေ့နေရကြောင်း တွေ့နေရပေသည်။ ကျွန်ုပ်တို့၏ ထူးထူးခြားခြား အောင်မြင်မှု ရရှိခဲ့သော နောက် ဆုံး ဆေးဝါးမှာ လိုထရိုမိုင်စင် ဖြစ်ပြီး လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ထုတ် လုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က စ၍ ကျွန်ုပ်တို့နှင့် ပြိုင်ဖက်များက အောင် မြင်သော ဆေးဝါးသစ်များကို ထုတ်လုပ်နိုင်ခဲ့ကြသည့်တိုင်အောင် ကျွန်ုပ်တို့ ကမူ အသေးအမွှားကလေးများကိုသာ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထိုနည်းတူစွာ

ပင် လာမည့် အနာဂတ် ကာလ၌ ထူးခြားသော ဆေးဝါးများကို ထုတ်လုပ်နိုင်မည့် အလားအလာများကိုလည်း မမြင် မတွေ့ရသေးပါ။

'ဤကိစ္စ အားလုံးက ကျွန်ုပ်တို့ ကုမ္ပဏီ၏ ကျော်ကြားမှုနှင့် ကြွယ်ဝခိုင်မှုတို့ကို ကျဆင်းစေခဲ့ပါသည်။ အလားတူစွာပင် စီးပွားရေးဘက်၌လည်း ထိခိုက်ခဲ့ပါသည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်က (အစုရှယ်ယာ အပေါ်) အတိုးများကို လျှော့၍ ထုတ်ပေးခဲ့ရသလို အစုရှယ်ယာ တန်ဖိုးသည်လည်း တစ်ဟုန်ထိုး ကျဆင်းသွားခဲ့ရာ ယနေ့ အထိ ရင်းနှီး မြှုပ်နှံသူများက လိုလိုလားလား မရှိကြသေးချေ။

'ကျွန်ုပ်တို့က လုပ်ငန်းထဲတွင် ခြိုးခြံ ချွေတာမှုများကို ပြုလုပ်နေသော်လည်း လုံလောက်မှု မရှိသေးပါ။ ကျွန်ုပ်တို့သည် လာမည့် နှစ်နှစ် သုံးနှစ် အတွင်း အနာဂတ် ကာလ အတွက် ထိရောက်မှု ရှိသော အစီအစဉ်သစ် တစ်ခုကို ဖော်ထုတ်နိုင်ခြင်း မရှိပါက အဆိုးရွားဆုံး စီးပွားရေး ကျပ်တည်းမှုနှင့် ကြုံတွေ့ရလိမ့်မည် ဖြစ်ပေသည်။

'ထို့ကြောင့် ကျွန်ုပ်က ဖဲလ်ဒင်း ရှေ့သို့ သုတေသန ဌာန တစ်ခုကို ဗြိတိန် နိုင်ငံတွင် တည်ထောင် ဖွင့်လှစ်ရန် အရေးတကြီးနှင့် လေးလေးနက်နက် အဆိုပြုပါသည်။

'ထိုသုတေသန ဌာနကို ဗြိတိသျှ လူမျိုး ပထမတန်းစား သိပ္ပံပညာရှင် တစ်ဦးက ဦးစီး ကွပ်ကဲမည် ဖြစ်ပြီး အမေရိကန်ရှိ သုတေသန ဌာနနှင့် သီးခြား တည်ရှိစေပါမည်။

'ယခု အဆိုပြု တင်ပြခဲ့သော သုတေသန ဌာနက ကျွန်ုပ်တို့၏ ကုမ္ပဏီ အတွက် အရေးတကြီး လိုအပ်နေသော ဆေးဝါးသစ်များကို မြန်မြန် တွေ့ရှိအောင် အားဖြည့် ပေးလိမ့်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

'ဗြိတိန် နိုင်ငံကို အဘယ်ကြောင့် ရွေးချယ်ရပါသနည်း။

'ဗြိတိန် နိုင်ငံသည် ရှေး အစဉ်အလာက စ၍ ရာစုနှစ်ပေါင်း များစွာကြာအောင် အခြေခံ သိပ္ပံ သုတေသန လုပ်ငန်းများတွင် ကမ္ဘာ့ ခေါင်းဆောင်အဖြစ် ရပ်တည်ခဲ့ပါသည်။ ဤရာစုနှစ် အတွင်းမှာပင် ကျွန်ုပ်တို့၏ လူနေမှုပုံစံကို ထူးထူးခြားခြား ပြောင်းလဲစေခဲ့သော အလွန် ကြီးမားလှသည့် ရှာဖွေတွေ့ရှိမှုများ အနက် ဗြိတိန် နိုင်ငံက စတင် တွေ့ရှိခဲ့သော ရှာဖွေ တွေ့ရှိမှုလေးမျိုးခန့်ကို ဖော်ပြရမည် ဆိုပါက ပင်နီဆလင်၊ တယ်လီဗီးရှင်း၊ ခေတ်မီ ရေဒါနှင့် လေယာဉ်ပျံ ဂျက်အင်ဂျင်စက်တို့ပင် ဖြစ်ကြပါသည်။





'သို့ရာတွင် အဆိုပါ ရှာဖွေ တွေ့ရှိမှုများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးဝင်လာအောင် မြေတောင် မြှောက်ပေးပြီးနောက် စီးပွားရေး အကျိုးအမြတ်များကို ခံစား နေကြသူများမှာ အမေရိကန် ကုမ္ပဏီများသာ ဖြစ်ကြပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ဗြိတိသျှ လူမျိုးတို့၌ လိုအပ်နေသော ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ဖြန့်ဖြူး ရောင်းချမှု အရည်အချင်းများသည် အမေရိကန် လူမျိုးတို့၌ ထူးထူးခြားခြား ရှိနေသောကြောင့်ပင် ဖြစ်ပေ၏။

'ထိုကဲ့သို့ အဘယ်ကြောင့် ဖြစ်ရပါသနည်းဟု မေးမြန်းမည် ဆိုပါက ဗြိတိသျှတို့နှင့် အမေရိကန်တို့၏ အဆင့်မြင့် ပညာ သင်ကြားမှု ဆိုင်ရာ အခြေခံ နည်းစနစ်များတွင် ရှေးအစဉ်အဆက်က စ၍ တည်ရှိခဲ့ကြသော ကွဲပြား ခြားနားချက်များကြောင့် ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။ စနစ် တစ်ခုစီတွင် ကောင်းကွက်များ ရှိကြပါသည်။ သို့ရာတွင် အဆိုပါ ကွဲပြား ခြားနားမှုက ဗြိတိန် နိုင်ငံတွင် စာပေနှင့် သိပ္ပံဆိုင်ရာ စူးစမ်းလိုစိတ်များကို ထူးထူးခြားခြား ဖြစ်ပေါ်စေလျက် ရှိပါသည်။ အဆိုပါ စူးစမ်းလိုစိတ်ကို ကျွန်ုပ်တို့ အတွက် အကျိုးရှိအောင် အသုံးချသင့်ပါသည်။

'ကျွန်ုပ်တို့၏ ကုမ္ပဏီ ရပ်တည်နိုင်ရေး အတွက် အထူးတလည် အရေးကြီးနေသော ယခုလို အချိန် အခါမျိုး၌ ငွေကုန်ကြေးကျ များလွန်းလှသော လုပ်ငန်းကြီး တစ်ရပ်ကို ဆောင်ရွက်ရန် တင်ပြလာခြင်းမှာ မိုက်မဲရာကျသည်၊ မသင့်လျော်သော အကြံပြုချက် ဖြစ်သည် ဟူ၍ ငြင်းခုံနိုင်စရာ ရှိနေပါသည်။ မှန်ပါသည်။ သုတေသန ဌာနသစ် တစ်ခုသည် အလွန်တရာ ငွေကုန်ကြေးကျများမည့် ကိစ္စ ဖြစ်ပါသည်။

'သို့ရာတွင် အနာဂတ် ကာလ အတွက် အကျိုး ရှိစေမည့် အပြုသဘောဆောင်သော ရဲရဲတင်းတင်း လုပ်ဆောင်ချက်များကို ပြုလုပ်ရန် လိုအပ်နေချိန်တွင် ဆောင်ရွက် လုပ်ကိုင်ခြင်း မရှိဘဲ လက်ရှိ အနေအထား အတိုင်း မျောပါနေခြင်းက ပို၍ မိုက်မဲရာ ကျပါမည်၊ ပို၍ မသင့်လျော်သော အကြံဉာဏ်ကို ပေးရာ ရောက်လိမ့်မည်ဟု ကျွန်ုပ်က ယုံကြည်မိပါကြောင်း'

ဆမ် ဟော်သုန်း၏ အစီအစဉ်ကို ကန့်ကွက်မှုများသည် အံ့သြစရာကောင်းအောင် အင်နှင့် အားနှင့် ပေါ်ပေါက်လာခဲ့ကြသည်။

ထို အကြံပြုချက်ကို ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ လူကြီးများနှင့် ကုမ္ပဏီမှ အရာရှိကြီး အချို့ထံ ဖြန့်ဝေလိုက်သည်နှင့် တစ်ပြိုင်နက် ဆမ် ဟော်သုန်းထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်၍ ကန့်ကွက်မှုများ ပေါ်ပေါက်လာလေတော့သည်။

ဆမ် ဟော်သုန်း၏ အစီအစဉ်ကို ချက်ချင်း ကန့်ကွက်သူ တစ်ဦးမှာ သုတေသန ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းစင့် လော့ဒ်ပင် ဖြစ်သည်။ သုတေသန လုပ်ငန်းတွင် ရန်ပုံငွေ ပိုမို ကျခံသင့်သည် ဆိုသော အချက်ကို ဒေါက်တာ လော့ဒ်က သဘော တူသော်လည်း ဗြိတိန် နိုင်ငံ၌ သုတေသန ဌာန တည်ထောင်ရေး ဆိုသော ဆမ် ဟော်သုန်း၏ စိတ်ကူးမှာ အူကြောင် ကြောင်နိုင်လှသည်၊ ဗြိတိသျှ သိပ္ပံပညာရပ် အပေါ် ဆမ် ဟော်သုန်း၏ အမြင် မှာ သူငယ်တန်းမှ အတွေးအခေါ်မျိုးသာ ဖြစ်သည်ဟု ဆိုလေသည်။

ဆမ် ဟော်သုန်းထံသို့ လိပ်မူ ရေးသားထားပြီး ဗင်းစင့် လော့ဒ်က ဘုတ် အဖွဲ့ထဲမှ သူ၏ မဟာမိတ် တစ်ဦးထံ မိတ္တူ ပေးပို့လိုက်သော အမှာစာထဲတွင်မူ ပြင်းထန်သည်သာမက စော်ကားသော အသုံးအနှုန်းများပင် ပါရှိလာလေသည်။ ထိုအမှာစာကို ဖတ်ရှုလိုက်ရသဖြင့် အကြီးအကျယ် စိတ်ဆိုးသွားသော ဆမ် ဟော်သုန်းသည် ဒေါက်တာ ဗင်းစင့် လော့ဒ်ထံ ချက်ချင်း သွားရောက်ခဲ့လေ သည်။

အကြောင်းကြားခြင်း မရှိဘဲ လာရောက် နှောင့်ယှက်မှု အတွက် ဒေါက် တာ ဗင်းစင့် လော့ဒ်က မကျေနပ်သော မျက်နှာထားနှင့် မော့ကြည့်လိုက်၏။

ဆမ် ဟော်သုန်းသည် ဗင်းစင့် လော့ဒ်၏ အမှာစာကို ကိုင်လာခဲ့သည်။ သူက ထိုစာကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး 'ကျုပ် ဒီစာ အတွက် လာခဲ့ တာပဲ' ဟု ပြောလိုက်သည်။

ဗင်းစင့် လော့ဒ်က စိတ် မပါ့တပါနှင့် ထိုင်ရာမှ ထရန် ဟန်ပြင်လိုက် ၏။ သို့ရာတွင် ဆမ်က ပြန်ထိုင်ရန် လက်ပြလိုက်သည်။

'ထုံးစံ အတိုင်း လုပ်မနေပါနှင့်ဗျာ၊ ပွင့်ပွင့်လင်းလင်း ဒူးတိုက် ဆွေး နွေးဖို့ လာခဲ့တာဗျ'

ဗင်းစင့် လော့ဒ်က သူ့စားပွဲပေါ်မှ စာသည် မည်သည့် စာ ဖြစ်ကြောင်း သေချာအောင် ရှေ့သို့ ကိုင်းပြီး ငုံ့ကြည့်လိုက်သည်။

'ခင်ဗျားက ဘာကို မကြိုက်တာလဲ'

'အကြောင်းအရာနှင့် လေသံကို မကြိုက်ဘူး'

ဗင်းစင့် လော့ဒ်က ခပ်ငေါ့ငေါ့ လေသံနှင့် ပြောလိုက်၏။

'အခု ခင်ဗျားက အကြီးအကဲ ဖြစ်လာပြီ ဆိုတော့ ခေါင်းညိတ်မယ့် လူ တွေကိုပဲ လိုချင်လာတာပေါ့နော်'

ဆမ် ဟော်သုန်းက ပြေပြေပြစ်ပြစ် ဖြေလိုက်သည်။





'အဲဒါ မဟုတ်ဘူး ဆိုတာ ခင်ဗျား သိပါတယ်၊ ကျုပ်က အကျိုးနှင့် အကြောင်းနှင့် ဆက်စပ်ပြီး ဆွေးနွေးချင်တာပါ'

'အကျိုးနှင့် အကြောင်းနှင့် ဆက်စပ်ပြီး ပြောရမယ် ဆိုရင် ကျုပ်တို့ရဲ့ သုတေသန လုပ်ငန်းနှင့် ဆက်စပ်ပြီး လာမယ့် အနာဂတ် ကာလ၌ ထူးခြား သော ဆေးဝါးများကို ထုတ်လုပ်နိုင်မည့် အလားအလာများကိုလည်း မမြင်ရ မတွေ့ရသေးပါ ဆိုတဲ့ အချက်ကို ကျုပ် ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်'

'ဒါဖြင့်ရင် ကျုပ် မှားကြောင်း သက်သေ ပြပေါ့ဗျာ'

'ကျုပ်တို့ဆီမှာ အလားအလာ ရှိတဲ့ ဆေးဝါးတွေကို မျှော်လင့်နိုင်တဲ့ အနေအထားမှာ ရှိနေပါပြီ၊ ကျုပ် စည်းရုံးထားတဲ့ သိပ္ပံပညာရှင် လူသစ်လေး တွေက ဆောင်ရွက်'

ဆမ် ဟော်သုန်းက ဖြတ်ပြောလိုက်၏။

'ဒီမှာ ဗင့်စ်၊ ကျုပ် ခင်ဗျားရဲ့ အစီရင်ခံစာတွေကို ဖတ်ထားပါတယ်၊ အဲဒါတွေ အကြောင်း ကျုပ် သိထားပါတယ်၊ ပြီးတော့လည်း ခင်ဗျား စည်းရုံး ထားတဲ့ လူသစ်တွေကိုလည်း ချီးကျူးပါတယ်'

လော့ဒ်က ပြန်ပြောလိုက်၏။

'ကျုပ် ခင်ဗျားဆီ တင်ပေးတဲ့ အစီရင်ခံစာတွေကို ချိန်ချိန်ဆဆနှင့် မယုတ်မလွန် ရေးခဲ့တာချည်းပဲ၊ အဲဒါကလည်း စမ်းသပ်ဆဲ အဆင့်မှာ ရှိနေ သေးတဲ့ ကိစ္စ တစ်ခုကို ခင်ဗျားနှင့် ဆေး ရောင်းချမယ့် အဖွဲ့သားတွေ စိတ် လှုပ်ရှားမှု မဖြစ်စေချင်လို့ပဲ'

'အဲဒါကို ကျုပ် သိပါတယ်ဗျာ၊ နားလည်း လည်ပါတယ်'

'အခု ကျုပ် ပြောမှာကတော့ ဒြပ်ပေါင်း နှစ်ခုနှင့် ပတ်သက်ပြီး အင် မတန် ကောင်းမွန်တဲ့ ရလဒ်တွေကို ရနေတယ် ဆိုတာပဲ၊ တစ်ခုက ဆီးရှင်ဆေး၊ နောက် တစ်ခုကတော့ ရှုမတစ် ရိုးဆက် ရောင်ရမ်းနာ အတွက် ရောင်ရမ်းတာ တွေကို ပျောက်ကင်းစေမယ့် ဆေးပဲ'

'သိပ်ကောင်းတဲ့ သတင်းတွေပေါ့ဗျာ'

'ပြီးတော့လည်း အက်ဖ်ဒီအေမှာ ခွင့်ပြုချက် တောင်းထားတဲ့ ဒါရိုဂီလ် လည်း ရှိသေးတယ်'

'အဲဒါက သွေးတိုး ရောဂါကို ကုမယ့် ဆေးသစ် မဟုတ်လား'

ဒါရိုဂီလ်သည် အလွန် ထူးခြား ဆန်းသစ်သော ဆေး မဟုတ်သော်လည်း အမြတ်အစွန်း များများ ရစေမည့် ဆေးတော့ ဖြစ်နိုင်စရာ ရှိပါသည်။

ဆမ်က မေးလိုက်ပြန်၏။

'ကျုပ်တို့ လျှောက်လွှာ တော်တော်ကလေး ခရီး ရောက်နေပြီလား'

လော့ဒ်က စိတ်တိုတိုနှင့် ပြောလိုက်သည်။

'ခင်ဗျား သိထားသလိုတော့ မဟုတ်ဘူး၊ အဲဒီ ဝါရှင်တန်က မာန ကြီး နေတဲ့ လူအကြီးတွေက'

သူ့စကားကို ရပ်တန့်လိုက်သည်။ ပြီးမှ ထပ်ပြောလိုက်သည်။

'ကျုပ် အဲဒီကို နောက်တစ်ပတ်ကျရင် သွားဦးမယ်'

ဆမ်က ပြောလိုက်သည်။

'ကျုပ် ရေးထားတဲ့ စာတမ်းဟာ ခုထက်ထိ မှားယွင်းတယ်လို့ မထင် သေးဘူး၊ ဒါပေမဲ့ ခင်ဗျားက ပြင်းပြင်းထန်ထန် စိတ်ထိခိုက်နေတယ် ဆိုတော့ ဘုတ် အဖွဲ့ အစည်းအဝေးကျရင် နည်းနည်းပါးပါး ပြင်ဆင် ပေးလိုက်ပါ့မယ်'

ထိုကဲ့သို့ လျှော့ပေါ့ပေးမည် ဆိုသော ကိစ္စသည် သူ့အတွက် ထိုက်တန် သော ကိစ္စ မဟုတ်သည့် အလား ဗင်းစင့် လော့ဒ်က ခေါင်းညိတ်လိုက်ပြီး ဆက်ပြောသွားသည်။

'ပြီးတော့လည်း ဖရီး ရက်ဒီကယ်စ်တွေကို သေသွားအောင် သတ်ဖို့ ကျုပ် သုတေသန လုပ်နေတဲ့ ကိစ္စဟာ ဒီလောက် အထိ ကြာမြင့်လာပြီ ဆို တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးလို့ ခင်ဗျားက ထင်လိမ့်မယ်'

ဆမ် ဟော်သုန်းက ကန့်ကွက်လိုက်၏။

'ကျုပ် ဘယ်တုန်းကမှ အဲဒီလို မပြောခဲ့ပါဘူးလေ၊ တစ်ခါတလေကျ တော့ ခင်ဗျား ဘာသာ ခင်ဗျား စိတ်ပျက်လာတာပါ၊ ဒါပေမဲ့ ခင်ဗျားကို ယုံကြည်နေတဲ့ လူတွေ ကျုပ်တို့ဆီမှာ ရှိပါတယ်၊ အရေးကြီးတဲ့ ရှာဖွေ တွေ့ ရှိမှုတွေကို လွယ်လွယ်ကူကူနှင့် မြန်မြန်ဆန်ဆန် မရနိုင်ဘူး ဆိုတာကိုလည်း ကျုပ်တို့ သိကြပါတယ်'

ဖရီး ရက်ဒီကယ်စ်များအား သေသွားအောင် ပြုလုပ်သော သုတေသန လုပ်ငန်းနှင့် ပတ်သက်၍ ဆမ် ဟော်သုန်း အကြမ်းဖျင်းလောက်သာ သိရှိထား သည်။ ထို သုတေသန လုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆေးဝါးများ၏ အဆိပ် အတောက် ဖြစ်တတ်သော အာနိသင်ကို ဖယ်ရှား ပစ်နိုင်ရေးပင် ဖြစ်ပြီး ထို ကိစ္စကို ဗင်းစင့် လော့ဒ် ကိုယ်တိုင် ဆယ်နှစ်လုံးလုံး သုတေသန ပြုလုပ်နေခဲ့ ခြင်း ဖြစ်သည်။ အကယ်၍ အောင်မြင်သွားမည် ဆိုပါက ဆေးဝါး ထုတ်လုပ် မှုတွင် များစွာ အသုံးဝင်ဖွယ်ရာ ရှိပါသည်။ သူ ဒါလောက်ပဲ သိပါ၏။





ဆမ် မတ်တတ် ပြန်ရပ်လိုက်သည်။

'အခု ခင်ဗျား ပြောပြသလောက်ကတော့ ဗြိတိန် နိုင်ငံမှာ သုတေသန ဌာန တစ်ခု ဖွင့်လှစ်ဖို့ ဆိုတဲ့ ကျုပ် စိတ်ကူးကို ပြင်မပစ်နိုင်သေးပါဘူး'

'အဲဒီ ကိစ္စဟာ မလိုအပ်တဲ့ အတွက် ကျုပ်ကလည်း ကန့်ကွက်နေဆဲ ပါပဲ၊ တကယ်လို့ ခင်ဗျားရဲ့ အစီအစဉ်ကို ဆက်ပြီး အကောင်အထည် ဖော် မယ် ဆိုရင် ကျုပ်တို့က ဦးစီး ကွပ်ကဲနိုင်ခွင့် ရှိရလိမ့်မယ်'

ဆမ် ဟော်သုန်းက ပြုံးလိုက်၏။

'တကယ်လို့ လုပ်ဖြစ်လာခဲ့ရင် ဘယ်အချိန်ကျမှ ကွပ်ကဲရမယ် ဆိုတာ ကို ကျုပ်တို့ နောက်မှ ဆွေးနွေးကြတာပေါ့ဗျာ'

ဆမ် ဟော်သုန်း၏ စိတ်ထဲတွင်မူ မတတ်သာသည့် အဆုံးကျမှသာ ဗြိတိန် နိုင်ငံမှ သုတေသန ဌာနသစ်ကို ဗင်းစင့် လော့ဒ်အား ဦးစီး ကွပ်ကဲနိုင်းရန် ဆုံးဖြတ် ထားပြီး ဖြစ်ပါသည်။

ဗင်းစင့် လော့ဒ် တစ်ယောက်ထီးတည်း ရှိနေသည့် အခါ သူက အပြင်ဘက် တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို ပိတ်လိုက်သည်။ ထို့နောက် ပြန်လာ ပြီး သူ့ ကုလားထိုင်ပေါ်တွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်လေ၏။

သူ ကန့်ကွက်နေသည့် အကြားမှပင် ဖဲလ်ဒင်း ရှော့သ်၏ သုတေသန ဌာနကို ဗြိတိန် နိုင်ငံ၌ တည်ထောင်ရေး လုပ်ငန်းအား ဆက်လက် ဆောင် ရွက်ကြလိမ့်မည်သာ ဖြစ်ကြောင်း သူ သိသည်။

ထိုကိစ္စမှာ သူ့ကို ခြိမ်းခြောက်နေသော ကိစ္စ ဖြစ်သည်ဟု သူ ယူဆ သည်။ သိပ္ပံပညာရပ် နယ်ပယ်တွင် သူ၏ ကြိုးစားမှုသည် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ၌ အဆင့် ကျလာသော အထိမ်းအမှတ်ပင်တည်း။ သူသည် လပေ့ပ် အဖမ်း ခံရသလို တိမ်မြုပ် ပျောက်ကွယ် မသွားမီ မည်သည့် အဆင့် အထိ ကျဆင်း သွားလေမည်နည်း။

သူ ကိုယ်တိုင် သုတေသန ပြုလုပ်နေသော လုပ်ငန်းသည် ယခုထက် ပို၍ မြန်ဆန်လာမည် တိုးတက်လာမည် ဆိုပါက အကြီးအကျယ် ကွာခြားမှု ရှိပါလိမ့်မည်။ ယခု အတိုင်း ဆိုပါက သူသည် သိပ္ပံလောကတွင် မည်ကဲ့သို့ အစွမ်း ပြရမည်နည်း။

သူသည် ယခု အသက် လေးဆယ့် ရှစ်နှစ် ရှိနေလေပြီ။

လောလောလတ်လတ် ပီအိပ်ချ်ဒီ ဘွဲ့ကို ရရှိထားသော ထူးချွန်လှသည့် လူငယ်ကလေးများလို သူ အသက် မငယ်တော့ပါ။ သူ တတ်ကျွမ်းထားသော အတတ်ပညာများနှင့် နည်း နိဿယများသည် ခေတ် မမီတော့ကြောင်း သူ သိပါ၏။

ဥပမာ ပြရမည် ဆိုပါက သူသည် သိပ္ပံပညာရပ်၏ နယ်ပယ်သစ် ဖြစ်သော မျိုးရိုး ဗီသုကာ ပညာရပ် နယ်ပယ်တွင် ဖဲလ်ဒင်း ရှော့သ် တက္ကသိုလ်မှ တဖွဲဖွဲ ရောက်ရှိလာကြသော သိပ္ပံပညာရှင် လူသစ်ကလေးများလောက် ကျွမ်းကျွမ်းကျင်ကျင် မရှိလှပါ။

သို့တိုင်အောင် သိပ္ပံပညာရပ် နယ်ပယ်၌ ပြောင်းလဲမှုများ ဖြစ်ပေါ်နေလင့်ကစား အချိန် တန်လျှင် အလွန် ကြီးမားသော ရှာဖွေ တွေ့ရှိမှုကြီးကို သူ သုတေသန ပြုလုပ်နေခဲ့သော လုပ်ငန်းမှ အချိန်မရွေး တွေ့ရှိလာနိုင်စရာ ရှိသည် ဟု သူ ယုံကြည် နေဆဲပင်တည်း။

ဖရီး ရက်ဒီကယ်စ်များကို သေအောင် သတ်ရန် သုတေသန ပြုလုပ်သည့် လုပ်ငန်းကို သူ ဆယ်နှစ် ဆယ်မိုး ကြာအောင် ဇွဲကောင်းကောင်းနှင့် ပြုလုပ်ခဲ့သည်။ ထိုစမ်းသပ်ချက်များမှ ထွက်ပေါ်လာမည့် အဖြေသည် အော်ဂင်းနစ် ဓာတုဗေဒ နယ်ပယ် အတွင်း၌သာ ရှိရပေလိမ့်မည်။

ဗင်းစင့် လော့ဒ် ရှာဖွေနေသော ထိုအဖြေနှင့်အတူ ဆေးကုသမှု ဆိုင်ရာ အကျိုး ကျေးဇူး အမြောက်အမြားနှင့် အကန့်အသတ် မရှိသော စီးပွားရေး ဆိုင်ရာ ဖြစ်နိုင်ခြေများကို ရရှိလာကြမည်သာ ဖြစ်ပါ၏။

ဖရီး ရက်ဒီကယ်စ်များကို သေအောင် သတ်နိုင်ပါက မည်ကဲ့သို့ အကျိုးထူးပါမည်နည်း။

ဆေးဝါး အများစုသည် လူသားများ၏ ခန္ဓာကိုယ်တွင်း၌ အစွမ်း ပြကြသည့် အခါ ၎င်းတို့၏ ဇီဝရုပ် အဖြစ်အပျက်မှ တစ်ပိုင်း တစ်ကဏ္ဍ အဖြစ် ဖရီး ရက်ဒီကယ်စ်များကို ထုတ်လုပ်ပေးလေ့ ရှိကြသည်။ အဆိုပါ ဖရီး ရက်ဒီကယ်စ်များသည် ကျန်းမာ သန်စွမ်းသော အသားမျှင်များကို အန္တရာယ် ဖြစ်စေသည်သာမက တစ်ခါတစ်ရံ အသက် ဆုံးရှုံးသည် အထိ ဖြစ်စေနိုင်သော ဆေး တန်ပြန်မှုများကို ဖြစ်ပေါ်စေတတ်ကြပါသည်။

ဖရီး ရက်ဒီကယ်စ်များကို သေအောင် သတ်နိုင်မည် ဆိုပါက အန္တရာယ် ရှိသော ဆေး တန်ပြန်မှုများကြောင့် ယခင်က လူသားများ မသုံးစွဲနိုင်ခဲ့ကြသော အစွမ်း ထက်သည့် ဆေးဝါးများကို မည်သူမဆို ရဲရဲတင်းတင်း သုံးစွဲနိုင်ကြ





တော့မည် ဖြစ်ပါ၏။ ထိုနည်းတူစွာပင် အန္တရာယ် ရှိသောကြောင့် သုံးစွဲခွင့် ကန့်သတ် ထားရသော ဆေးဝါးများကိုလည်း အက်စ်ပရင်ကဲ့သို့ လွယ်လွယ်ကူကူ သုံးစွဲနိုင်ကြပေလိမ့်မည်။

ဆရာဝန်များက လူနာများ အတွက် ဆေးညွှန်း ရေးသားပေးသည့် အခါ ယခင်ကလို ဆေးဝါးများ၏ အဆိပ်အတောက် ဖြစ်မှု အန္တရာယ်ကို စိုးရိမ်သောက ဖြစ်ရန် မလိုအပ်တော့ပါ။ ဖရီး ရက်ဒီကယ်စ်များကို သုတ်သင်လိုက်မှုကြောင့် ဆေး တန်ပြန်မှုများသည် ကွယ်ပျောက်သွားကြမည် ဖြစ်သော်လည်း ဆေးဝါးများ၏ ဆေးကုသမှုဆိုင်ရာ အကျိုး သက်ရောက်မှု အာနိသင်များကမူ ယခင် အတိုင်း ဆက်လက် တည်ရှိနေမည်သာ ဖြစ်ပါသည်။

ဗင်းစင့် လော့ဒ်က ထုတ်လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသော ဆေးဝါးမှာ အခြား ဆေးဝါးများကို လုံးဝ အန္တရာယ် ကင်းသော ဆေးဝါးများ အဖြစ် သုံးစွဲနိုင်အောင် အဆိုပါ ဆေးဝါးများနှင့် တွဲဖက်၍ သုံးစွဲရမည့် ဆေးဝါး တစ်မျိုးပင်တည်း။

ထိုဆေးဝါးကို ရှာဖွေ တွေ့ရှိနိုင်ဖွယ်ရာ ရှိပါသည်။ ထိုအဖြေသည် ရှာဖွေ တွေ့ရှိမည့် ပုဂ္ဂိုလ်ကို စောင့်ဆိုင်းရင်း ပုန်းအောင်း နေပါသည်။

ဆယ်နှစ် ကြာအောင် သုတေသန ပြုခဲ့သော ဗင်းစင့် လော့ဒ်ကမူ သူသည် ပုန်းအောင်းနေသော ထိုအဖြေနှင့် တွေ့ရန် နီးကပ်နေပြီဟု ယုံကြည်နေပါသည်။

သို့ရာတွင် မည်မျှ ကြာအောင် သူ စောင့်ရဦးမည်နည်း။

ဖြုန်းခနဲ ဆိုသလို သူသည် ကုလားထိုင်ပေါ်တွင် ခပ်မတ်မတ် ပြန်ထိုင်လိုက်ပြီးနောက် ကျဆင်းနေသော စိတ်ဓာတ်ကို အတင်း မောင်းထုတ်လိုက်သည်။ သူသည် အံဆွဲ တစ်ခုကို ဆွဲဖွင့်လိုက်ပြီးနောက် သော့ တစ်ချောင်း ရွေးချယ်လိုက်၏။ သူ၏ သီးသန့် ဓာတ်ခွဲခန်းသို့ သွားရောက်ရန် သူ ဆုံးဖြတ်လိုက်လေပြီ။

## ၈

ဖဲလ်ဒင်း ရှော့သ်၏ ဘုတ်အဖွဲ့ဝင်များထဲမှ ဗင်းစင့် လော့ဒ်၏ မိတ်ဆွေလည်း ဖြစ် မဟာမိတ်လည်း ဖြစ်သူ ကလင်တွန် အက်သားရစ်ချ်သည် နယူးရှော်မှ အောင်မြင် ကျော်ကြားနေသော ရှေ့နေ တစ်ယောက် ဖြစ်ပြီး သိပ္ပံဆိုင်ရာ ဗဟု

သုတများ ရှိသူ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် အထင် ရောက်နေသူ ဖြစ်သည်။ ထိုကဲ့သို့ အထင် ရောက်နေခြင်းမှာ သူသည် ငယ်ရွယ်စဉ်က ဥပဒေ သင်တန်းသို့ ပြောင်းလဲ၍ တက်ရောက် သင်ကြားခြင်း မပြုမီ ဆေးကျောင်းသား အဖြစ် နှစ်နှစ် သင်ကြားခဲ့ဖူးသောကြောင့်ပင် ဖြစ်သည်။

ကလင်တွန် အက်သားရစ်ချ်သည် ယခု အသက် ငါးဆယ့် သုံးနှစ် ရှိနေလေပြီ။

လွန်ခဲ့သော နှစ်ဆယ့် ငါးနှစ်ကျော်ကျော်က သူသည် တိုတောင်းလှသော အချိန်ပိုင်းကလေး အတွင်း ဆေးသိပ္ပံ ပညာရပ်ကို မပြည့်မစုံ သင်ယူခဲ့ရခြင်း ဖြစ်သည် ဆိုသော အချက်က သူ့အား မည်သည့် အခါကမှ အဟန့်အတား မဖြစ်စေခဲ့ပါ။

သူသည် သိပ္ပံ ပညာရပ်နှင့် ပတ်သက်သော သူ၏ မြွက်ဟချက်များကို ကျောက်ထက်တွင် အက္ခရာ တင်၍ ထားရှိရန် လိုအပ်သည့် အလား တရားရုံးတော် ရှေ့တွင် လျှောက်လွှဲလေ့ ရှိသည့် အကောင်းဆုံး ဟန်အမူအရာများနှင့် တင်ပြလေ့ ရှိသည်။

ကလင်တွန် အက်သားရစ်ချ်သည် ဗင်းစင့် လော့ဒ်နှင့် တန်းတူရည်တူ သိပ္ပံ ပညာရှင် ဖြစ်သည်ဟု အထင် ရောက်အောင် မြှောက်ပင့်ပေးခြင်းက ဗင်းစင့် လော့ဒ်၏ ရည်ရွယ်ချက်နှင့် ကိုက်ညီစေလျက် ရှိသည်။ ဤနည်းဖြင့် ဗင်းစင့် လော့ဒ်၏ အမြင်နှင့် သဘောထားများကို ဘုတ်အဖွဲ့ အစည်းအဝေးများ၌ ရှေ့နေ တစ်ယောက်၏ ကျွမ်းကျင်သော စည်းရုံး သိမ်းသွင်းမှုမျိုးနှင့် တင်ပြနိုင်လေ့ ရှိသည်။

ဗြိတိန် နိုင်ငံတွင် သုတေသန တစ်ခု ဖွင့်လှစ်ရန် ဆိုသော ဆမ် ဟော်သုန်း၏ အဆိုပြုချက်အား ဆွေးနွေးရန် ခေါ်ယူသည့် ဘုတ်အဖွဲ့ အစည်းအဝေး၌ ကလင်တွန် အက်သားရစ်ချ်က ကန့်ကွက်သော ဘက်မှ ဦးဆောင်ခဲ့ခြင်းမှာ အံ့သြစရာတော့ မဟုတ်ပါ။

တွန်းတွန်ရှိ ဖဲလ်ဒင်း ရှော့သ် ရုံးချုပ်၌ ပြုလုပ်သော ဘုတ်အဖွဲ့ အစည်းအဝေးသို့ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ လူကြီး တစ်ဆယ့် ခြောက်ယောက် အနက် တစ်ဆယ့် လေးယောက် တက်ရောက်ခဲ့ကြသည်။ အားလုံး အမျိုးသားများသာ ဖြစ်ကြပါ၏။

ကလင်တွန် အက်သားရစ်ချ်က ရည်ရည်မွန်မွန်နှင့် စတင် ဆွေးနွေးလိုက်သည်။





'ဒီမှာ ဆမ်၊ တကယ်လို့ ဗြိတိသျှကို လိုလားတဲ့ ခင်ဗျား အဆိုပြုချက်ကြီး အောင်မြင်သွားခဲ့ရင် သူတို့က သိပ်ကျေနပ်သွားကြပြီး ခင်ဗျားကို ဘတ်ကင်ဟမ် နန်းတော်မှာ လက်ဖက်ရည် သောက်ဖို့ ဖိတ်လိမ့်မယ် ထင်လို့လား'

ဆမ် ဟော်သုန်းက အများနည်းတူ ဝင် ရယ်မောလိုက်ပြီးနောက် ပြန်ပြောလိုက်၏။

'ကျုပ် တကယ် မျှော်လင့်နေတာက ဝင်ဆာ ရဲတိုက်မှာ အနားယူဖို့ပဲဗျ'

'အေးဗျာ၊ အဲဒါကတော့ ကျုပ် သဘော အရ ဖြစ်နိုင်တဲ့ တစ်ခုတည်းသော ရည်မှန်းချက်ပါပဲ၊ ဒါပေမဲ့ ခင်ဗျား အခု အဆိုပြုထားတဲ့ ကိစ္စဟာ ကျုပ်တို့ နိုင်ငံရဲ့ သိပ္ပံ ပညာရပ်ဆိုင်ရာ အောင်မြင်မှုတွေနှင့် စွမ်းဆောင်နိုင်မယ့် ကိစ္စတွေကို မေ့ထားခဲ့သလိုပဲ'

ဆမ် ဟော်သုန်းသည် ထို အစည်းအဝေး အတွက် ကြိုတင်၍ စဉ်းစားထားပြီး ဖြစ်သဖြင့် အလျှော့ပေးရန် ရည်ရွယ်ချက် မရှိပါ။ ဆမ် ဟော်သုန်းက ကန့်ကွက်လိုက်၏။

'ကျုပ်က သိပ္ပံ ပညာရပ်မှာ အမေရိကန်တွေရဲ့ အောင်မြင်မှုတွေကို မေ့ထားခဲ့တာ မဟုတ်ပါဘူး၊ ကျုပ်က ကျုပ်တို့ရဲ့ ပတ်ပတ်လည်မှာ ရှိနေတဲ့ အောင်မြင်မှုတွေကို ဘယ်လို လုပ်ပြီး မေ့ထားနိုင်မှာလဲဗျာ၊ ကျုပ်က အဲဒါတွေကို အထောက်အကူ ပြုချင်တာပါ'

အက်သားရစ်ချ်ကလည်း ဖွတ်ပင် ထပ်ပြောလိုက်သည်။

'ဗြိတိန် လူမျိုးတွေက သူတို့ကိုယ် သူတို့ သိပ္ပံပညာရပ်မှာ သူများထက်သာတယ်လို့ အထင် ရောက်အောင် တမင် လုပ်နေကြတာဗျ၊ အဲဒါသာ တကယ်လို့ မှန်ကန်တယ် ဆိုရင် ဗြိတိန် နိုင်ငံက သူတို့ရဲ့ အတော်ဆုံး သိပ္ပံပညာရှင်တွေ ဘာဖြစ်လို့ အမေရိကန် သုတေသန လုပ်ငန်းတွေမှာ လာပြီး လုပ်ကိုင် နေကြတာလဲဗျ'

ဆမ်ကလည်း ပြန်ဖြေသည်။

'ကျုပ်တို့ဆီမှာ ပေးထားတဲ့ အခွင့်အရေးတွေက ပိုကောင်းတာကိုးဗျ၊ ဒါပေမဲ့ ခင်ဗျား မေးလိုက်တဲ့ မေးခွန်းက ကျုပ်တို့ရဲ့ အဆိုကို ထောက်ခံနေပါတယ်လေ၊ ဒီနိုင်ငံက ဗြိတိသျှ သိပ္ပံပညာရှင်တွေကို လိုလိုလားလား လက်ခံနေတာဟာ သူတို့ရဲ့ အရည်အချင်း မြင့်မားမှုကြောင့်ပဲ'

အက်သားရစ်ချ်က မေးလိုက်ပြန်၏။

'ဆမ် ခု လောလောဆယ်မှာ ဒီလုပ်ငန်းနှင့် ဆက်စပ်နေတဲ့ အရေးအကြီးဆုံး သိပ္ပံ သုတေသန လုပ်ငန်းဟာ ဘာလဲ'

'မျိုးရိုး ဗီဇ ဗိသုကာ ပညာရပ်ပဲပေါ့ဗျာ'

'သိပ် မှန်တာပေါ့'

အက်သားရစ်ချ်က အဖြေကို ကျေနပ်သွားဟန်နှင့် ခေါင်းညိတ်လိုက်၏။

'ပြီးတော့လည်း ခင်ဗျား သိတဲ့ အတိုင်း ကျုပ်ရဲ့ သိပ္ပံပညာ ဗဟုသုတနှင့် ပြောရမယ် ဆိုရင် အမေရိကန်တွေဟာ မျိုးရိုးဗီဇ ဗိသုကာ ပညာရပ် နယ်ပယ်မှာ တစ်ကမ္ဘာလုံးကို ဦးဆောင်ခဲ့တယ်၊ ဆက်ပြီးတော့လည်း ဦးဆောင်နေခဲ့တယ် ဆိုတာ အမှန်ပဲ မဟုတ်လား'

ဆမ် ဟော်သုန်းက ပြောလိုက်၏။

'ကလင့်ရေ၊ အမှန်ကတော့ အဲဒါ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ၁၆၅၁ ခုနှစ်ကစပြီး ဗြိတိန် နိုင်ငံမှာ ဝီလျံ ဆာဗေး ဆိုသူက ကြက်ဥထဲက ကြက်ကလေးပေါက်လာတာကို လေ့လာပြီး မျိုးရိုးဗီဇ ပညာရပ်ရဲ့ အခြေခံ အုတ်မြစ်တွေကို ချပေးခဲ့တယ်၊ ပြီးတော့ အင်္ဂလန် နိုင်ငံမှာပဲ ၁၉၀၈ ခုနှစ်မှာ ဗီဝဓေတ မျိုးရိုးဗေဒ လေ့လာမှုကို စတင် ပြုလုပ်ခဲ့ကြတယ်၊ အဲဒီ ကာလ အတွင်းမှာ အခြား ရှာဖွေ တွေ့ရှိမှုတွေလည်း ရှိခဲ့ပါတယ်၊ အထူးသဖြင့် ၁၉၂၀ ပြည့်နှစ်တွေနှင့် နောက်ပိုင်း ကာလမှာ အမေရိကန် မျိုးရိုးဗေဒ ပညာရှင် ဒေါက်တာ ဟာမန်းမူလာရဲ့ ရှာဖွေ တွေ့ရှိမှုတွေလည်း အများအပြား ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ရှာဖွေ တွေ့ရှိမှု အားလုံးကို သရဖူ ဆောင်းလိုက်တဲ့ ကိစ္စရပ်ကတော့ အင်္ဂလန် နိုင်ငံမှာပဲ ဖြစ်ပွားခဲ့ပါတယ်၊ ၁၉၅၃ ခုနှစ်မှာ ဒေါက်တာ ဝပ်ဆန်နှင့် ကရစ်တို့က ကင်းဘရစ်ချ် ယူနီဗာစီတီမှာ ဒီအင်အေ မော်လီကျူးရဲ့ ဖွဲ့စည်း တည်ဆောက်ပုံကို ရှာဖွေ တွေ့ရှိခဲ့ကြပြီး နိုဗယ် ဆုကို ရရှိခဲ့ကြပါတယ်'

ဆမ် ဟော်သုန်းက ထပ်ပြောလိုက်၏။

'ဒါနှင့် စကားမစပ် ဒေါက်တာ ဝပ်ဆန်ဟာ အမေရိကန်မှာ မွေးဖွားသူ ဖြစ်တဲ့ အတွက် အခြေခံ သိပ္ပံပညာဟာ နိုင်ငံတကာနှင့် သက်ဆိုင်တယ် ဆိုတာကတော့ ထင်ရှားပါတယ်ဗျာ'

ဒါရိုက်တာ လူကြီး အတော် ခပ်များများက ရယ်လိုက်ကြသဖြင့် အက်သားရစ်ချ်က မျက်နှာ ခပ်ပျက်ပျက်နှင့် ဝန်ခံလိုက်သည်။

'မမေးခဲ့မိရင် ကောင်းမှာပဲ ဆိုတဲ့ မေးခွန်းတွေ ရှိတယ်လို့ ကျုပ်တို့ ရှေ့နေတွေ ပြောလေ့ ပြောထ ရှိသလိုပဲပေါ့ဗျာ'





ထို့နောက် ဗိတ်ပင် တားဆီး၍ မရနိုင်သော အက်သားရစ်ချ်က ထပ်ပြောလိုက်ပြန်၏။

'အမေရိကန် သိပ္ပံပညာဟာ ပထမတန်းစားပဲ ဆိုတဲ့ ကျုပ် အယူအဆကို အခု ပြောခဲ့တာတွေက ဘယ်လိုမှ မပြောင်းလဲနိုင်ပါဘူး၊ ပြီးတော့လည်း ကျုပ်တို့ဆီမှာ အသုံးစရိတ်တွေ နည်းသွားအောင် တခြား နိုင်ငံမှာ သုတေသနဌာနကို သွားဖွင့်မယ် ဆိုရင် ကျုပ်တို့ရဲ့ သုတေသန အရည်အသွေးတွေ ကျဆင်းသွားလိမ့်မယ်'

သဘော တူညီသံများ မပွင့်တပွင့်နှင့် ပေါ်ထွက်လာပြီးနောက် ဒါရိုက်တာ လူကြီး တစ်ဦး ဖြစ်သော အိုဝင် နော်တန်က သူ့ကို ဂရုစိုက်လာကြအောင် စားပွဲကို လက်ဆစ်နှင့် ခေါက်လိုက်၏။ အားလုံးက သူ့ကို ဂရုစိုက်လာကြသည်။

အသက် ခုနစ်ဆယ့် ငါးနှစ်ခန့် ရှိနေပြီ ဖြစ်သော အိုဝင် နော်တန်သည် ရုပ်မြင်သံကြား လုပ်ငန်း တစ်ခု အပါအဝင် ဆက်သွယ်ရေး လုပ်ငန်းကြီး တစ်ခု၏ ချယ်ယာမင်နှင့် အစုရှယ်ယာ မြောက်မြားစွာကို ပိုင်ဆိုင်ထားသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်သည်။ သူ့ကို ဖဲလ်ဒင်း ရှော့သ်၏ ဘုတ်အဖွဲ့တွင် ဒါရိုက်တာ လူကြီး လူကောင်း အဖြစ် ခန့်ထားခွင့် ရရှိခြင်းမှာ ကံကောင်းသည် ဟူ၍ အားလုံးက ယူဆထားကြသည်။

ယခု သူက ကျယ်လောင်သော အသံနှင့် အားမာန်ပါပါ ပြောလိုက်၏။

'ကျုပ်တို့ တစ်တွေဟာ ဒီကုမ္ပဏီကို ဆိုးဆိုးရွားရွား ဒုက္ခ ပေးနေတဲ့ ပြဿနာတွေကို ဆွေးနွေးနေကြတယ် ဆိုတာ မမေ့ကြအောင် ကျုပ်က အားလုံးကို သတိ ပေးပါရစေ၊ ကျုပ်တို့က ဆမ် ဟော်သုန်းဟာ ဦးဆောင်မှု ပေးနိုင်လိမ့်မယ်၊ အကြံဉာဏ်နှင့် လမ်းညွှန်မှုတွေကို ပေးနိုင်လိမ့်မယ်လို့ ယူဆကြတဲ့ အတွက် သူ့ကို ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခဲ့ကြတယ်၊ အခု သူက အဲဒီ အချက်အလက် သုံးခုစလုံး ပါဝင်တဲ့ အဆိုပြုချက် တစ်ခုကို တင်ပြလာတဲ့ အခါကျတော့ ဘာဖြစ်နေကြသလဲ၊ ကလင့်နှင့် ကျန်တဲ့ ပုဂ္ဂိုလ်တွေက အဲဒါကို လုံးဝ ပစ်ပယ်လိုက်ဖို့ ကြိုးစားနေကြတယ်၊ ကောင်းပြီ၊ ကျုပ်ကတော့ အဲဒါကို လက်မခံဘူး'

အိုဝင် နော်တန်သည် ဘုတ်အဖွဲ့ အစည်းအဝေးများတွင် သူနှင့် အငြင်းအခုံ ဖြစ်ရလေ့ ရှိသော အက်သားရစ်ချ်ဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်ပြီးနောက် သူ့ အသံက ငေါ့တော့တော့ လေသံ ဖြစ်လာလေတော့သည်။

'ဗြိတိန် နိုင်ငံနှင့် ကျုပ်တို့ နိုင်ငံ ဘယ်နိုင်ငံရဲ့ သိပ္ပံပညာက ပိုသာတယ် ဆိုတဲ့ ကိစ္စက ဘာများ အရေးပါလို့လဲ၊ အဲဒါက အဓိကကျတဲ့ ကိစ္စမှ မဟုတ်တာ'

ဒါရိုက်တာ လူကြီး တစ်ယောက်က ဝင်မေးလိုက်၏။

'ဒါဖြင့်ရင် ဘာက အဓိကကျသလဲ'

နော်တန်က စားပွဲကို လက်နှင့် ထုလိုက်သည်။

'စင်ပြိုင် လုပ်ငန်း ထားတဲ့ ကိစ္စပဲပေါ့၊ ဘယ်လုပ်ငန်းမှာ မဆို လက်ရှိ ဆောင်ရွက်နေတဲ့ လုပ်ငန်းနှင့် မသက်ဆိုင်စေဘဲ ဒုတိယ ဦးနှောက် ဘဏ် တစ်ခုကို သီးခြား ထားရှိတာဟာ တစ်ခါတလေကျရင် အကျိုး ရှိတတ်ပါတယ်၊ အဲဒီလို သီးသီးခြားခြား ဖြစ်အောင် သူတို့နှစ်ခု အကြားမှာ သမုဒ္ဒရာ ခြားထားတာက ပိုပြီး ကောင်းလိမ့်မယ်လို့ ကျုပ် ထင်တယ်'

တစ်ယောက်က ဝင်ပြောလိုက်ပြန်၏။

'ကုန်ကျစရိတ်တွေကို ထိန်းမရအောင် လုပ်တဲ့ နည်းလမ်း တစ်မျိုးပဲပေါ့'

တစ်နာရီခန့် ကြာအောင် ဆက်၍ ဆွေးနွေးကြသည်။ ကန့်ကွက်သူများ ထပ်ပေါ်လာသလို အခြား အကြံဉာဏ်များကို ဝင်ပေးကြသူများလည်း ရှိသည်။ သို့ရာတွင် ဆမ် ဟော်သုန်း၏ အဆိုပြုချက်ကို ဒါရိုက်တာ လူကြီး အတော်ခပ် များများက ထောက်ခံကြသဖြင့် အိုဝင် နော်တန်၏ ရပ်တည်ချက်သည် ပို၍ နိုင်မာလာပြီး နောက်ဆုံးတွင် ကန့်ကွက်သူများ ပြိုကွဲသွားကြရလေ၏။

နောက်ဆုံးတွင် ဆမ် ဟော်သုန်း မူလ တင်ပြခဲ့သော အဆိုပြုချက်ကို ထောက်ခံသူ တစ်ဆယ့် သုံးမဲ၊ ကန့်ကွက်သူ တစ်မဲနှင့် အတည်ပြုလိုက်သည်။ တစ်ဦးတည်းသော ကန့်ကွက်သူမှာ ကလင်တွန် အက်သားရစ်ချ်ပင်တည်း။

ဆမ်က ပြောလိုက်၏။

'ကျေးဇူး တင်ပါတယ် လူကြီးမင်းများ ခင်ဗျား၊ အခု ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်က အကျိုးပြုစေမယ့် ကိစ္စ တစ်ခုခုကို ပေါ်ထွက် လာစေလိမ့်မယ်လို့ ကျုပ် ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်'

ထိုနေ့မှာပင် သူက စီလီယာကို ခေါ်လိုက်သည်။

'မင်း ရာထူး ပြောင်းရလိမ့်မယ်၊ မင်းရဲ့ ရာထူး အသစ်က ဥက္ကဋ္ဌရဲ့ အထူး လက်ထောက် အရာရှိ၊ ဗြိတိသျှ သုတေသန အင်စတီကျူ တစ်ခုကို တည်ထောင်တဲ့ နေရာမှာ မင်းက ကျုပ်ရဲ့ ညာလက်ရုံး အဖြစ် ဆောင်ရွက်ရလိမ့်မယ်'





'ကောင်းပါပြီ၊ ကျွန်မ ဘယ်တော့ စလုပ်ရမလဲ'

သူ့စိတ်ထဲကမူ လက်တင် အမေရိကတိုက်မှ ဆေးဝါး ရောင်းချမှု တာဝန်များကို လွှဲပြောင်း ပေးရာတွင် အချိန် မည်မျှ ကြာမည်နည်းဟု တွက်ချက်နေသည်။ တစ်လ ဆိုလျှင် လုံလောက်သင့်သည်။

ဆမ် ဟော်သုန်းက ဖြေလိုက်၏။

'မင်း ဒီကနေ့ ညနေပိုင်းတောင် အလုပ် စစေချင်တယ်၊ ဒါပေမဲ့ မင်း အတွက် ရုံးခန်း စီစဉ် ပေးရဦးမယ် ဆိုတော့ နက်ဖြန် မနက် ကိုးနာရီမှာ စကြရအောင်'

နောက်တစ်နေ့တွင် ဆမ် ဟော်သုန်းက စီလီယာအား ရှင်းပြလိုက်သည်။

'အခု မင်းကို ပေးထားတဲ့ တာဝန် အသစ်က သိပ်ကြာမှာ မဟုတ်ဘူး၊ မင်းရဲ့ အဓိက လုပ်ငန်းကတော့ ဗြိတိသျှ သုတေသန အင်စတီကျူကို ဝန်ထမ်းတွေနှင့် လုပ်ငန်း စတင် ဆောင်ရွက်နိုင်တဲ့ အထိ တည်ထောင်ပေးဖို့ပဲ၊ ကျုပ်က အဲဒါကို တစ်နှစ် အတွင်း ပြီးစီးစေချင်တယ်၊ ခင်စောစော ပြီးလေ ပိုကောင်းလေပဲ၊ အဲဒီ လုပ်ငန်း ပြီးစီးသွားတဲ့ အခါကျရင် မင်းအတွက် လုပ်ငန်း တစ်ခုခု ထပ်ရှာပေးမယ်'

အဓိကကျသော လုပ်ငန်းများမှာ ထို အင်စတီကျူတွင် ဦးဆောင်မည့် ဗြိတိသျှ သိပ္ပံပညာရှင် တစ်ဦးကို ရှာဖွေ ခန့်ထားရန်၊ ဗြိတိန် နိုင်ငံ၌ မည်သည့် နေရာတွင် ဖွင့်လှစ်မည်ကို ဆုံးဖြတ်ရန်၊ ထို့နောက် လုပ်ငန်း ရည်ရွယ်ချက်နှင့် ကိုက်ညီအောင် ပြုပြင် ပြောင်းလဲပစ်နိုင်မည့် အဆောက်အအုံ တစ်ခုကို ဝယ်ရန် သို့မဟုတ် ငှားရမ်းရန်တို့ပင် ဖြစ်ကြောင်း ဆမ်က ဆက်ရှင်းပြသည်။

ထိုကိစ္စများကို ဆောင်ရွက်ရန် ဆမ် ဟော်သုန်းနှင့် စီလီယာတို့သည် လာမည့် အပတ်တွင် ဗြိတိန် နိုင်ငံသို့ သွားရောက်ကြမည် ဖြစ်သည်။

ထိုသို့ မသွားရောက်မီ ဗြိတိသျှ သိပ္ပံလောကနှင့် ဗြိတိသျှ သိပ္ပံ ပညာရှင်များ အကြောင်း နှံ့နှံ့စပ်စပ် သိထားသော ဗင်းစင့် လော့ဒ်ထံမှ သူ အကြံပြုလိုက်သော ရွေးချယ်သင့်သည့် ပုဂ္ဂိုလ်များ စာရင်းကို ဆွေးနွေးကြမည် ဖြစ်သည်။

နောက်ထပ် တစ်ရက် နှစ်ရက် ကြာသော အခါ ထိုဆွေးနွေးပွဲကို ဆမ် ဟော်သုန်း၏ ရုံးခန်းထဲ၌ ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် စီလီယာလည်း ရှိနေသည်။

စီလီယာ တအံ့တသြ ဖြစ်ရလောက်အောင် ဗင်းစင့် လော့ဒ်က လိုလိုလားလား ကူညီခဲ့သည်။ ဗင်းစင့် လော့ဒ်က

'ရွေးချယ်သင့်တဲ့ ပုဂ္ဂိုလ်တွေရဲ့ စာရင်းကို ကျုပ် ပြုစု ထားပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ တက္ကသိုလ်က ပါမောက္ခတွေ ဒါမှမဟုတ် ကျုပ်တို့နှင့် ပြိုင်ဖက်တွေက ငှားရမ်းထားတဲ့ လူတွေ ဖြစ်နေတဲ့ အတွက် သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ဖို့တော့ လိုပါလိမ့်မယ်'

ဆမ်နှင့် စီလီယာတို့က လူရှစ်ယောက်၏ နာမည် ပါသော စာရင်းကို လေ့လာလိုက်၏။

'ကျုပ်တို့က သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ပါ့မယ်၊ မြန်မြန်လည်း လုပ်ရလိမ့်မယ်'

'ခင်ဗျားတို့ ဟိုမှာရှိနေတုန်း ခင်ဗျားတို့ စုံစမ်းချင် စုံစမ်းနိုင်တဲ့ ကိစ္စ တစ်ခုလည်း ရှိနေသေးတယ်'

ဗင်းစင့် လော့ဒ်သည် ဖိုင်တွဲ တစ်ခုထဲမှ ကလစ်နှင့် တွဲထားသော စာရွက် အချို့ကို ထုတ်ယူလိုက်၏။

'ကင်းဘရစ်ချ်မှာ ရှိတဲ့ သိပ္ပံပညာရှင် ချာတိတ် တစ်ယောက်နှင့် ကျုပ်စာ အဆက်အသွယ် လုပ်နေတယ်၊ သူက စိတ်ပိုင်းဆိုင်ရာ အိုမင်းမှုနှင့် အယ်လ်ဇိုင်းမား ရောဂါကို လေ့လာနေတယ်၊ ဒါပေမဲ့ သူ ပိုက်ဆံ မတတ်နိုင်တော့တဲ့ အတွက် ထောက်ပံ့ငွေ လိုချင်နေတယ်'

စီလီယာက ဝင်ပြောလိုက်၏။

'အယ်လ်ဇိုင်းမား ဟုတ်လား၊ အဲဒါ ဦးနှောက်က အလုပ် မလုပ်တော့ဘဲ သေသွားတာကို ပြောတာ မဟုတ်လား'

လော့ဒ်က ခေါင်းညိတ်သည်။

'ဦးနှောက်ရဲ့ အစိတ်အပိုင်း တစ်ခုပေါ့၊ မှတ်ဉာဏ်တွေ ပျောက်ကွယ်သွားတယ်၊ အဲဒီ အခြေအနေမျိုး တဖြည်းဖြည်းနှင့် စဖြစ်လာပြီး ပို ဆိုးရွားလာလိမ့်မယ်'

ဆမ်သည် လော့ဒ်ထံမှ စာရွက်များကို လှမ်းယူ လိုက်ပြီးနောက် လှန်လှော၍ ကြည့်လိုက်ပြီး ဒေါက်တာ မာတင် ပိစမစ်ဟု ခပ်ကျယ်ကျယ် ဖတ်လိုက်သည်။ သူက စာရွက်များကို စီလီယာထံ လှမ်းပေးရင်း ဗင်းစင့် လော့ဒ်အား မေးလိုက်၏။

'ခင်ဗျားက ထောက်ပံ့ဖို့ ထောက်ခံသလား'





ဗင်းစင့် လော့ဒ်က ပခုံးကို တွန့်လိုက်၏။

'တော်တော် မလွယ်ကူတဲ့ ကိစ္စပဲ၊ အယ်လ်ဇိုင်းမားကို ၁၉၀၆ ခုနှစ်မှာ စပြီး အမည် ဖော်နိုင်ကတည်းက သိပ္ပံ ပညာရှင်တွေကို ဦးနှောက် ခြောက်စေခဲ့တယ်၊ အခု ပိစမစ် ဆောင်ရွက်နေတာကတော့ ဦးနှောက်ရဲ့ အိုမင်းမှု အဆင့်ဆင့်ကို လေ့လာရင်း အယ်လ်ဇိုင်းမား ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို တွေ့လို တွေ့ငြား လေ့လာနေတာပဲ'

'တွေ့နိုင်မယ့် အနေအထားကရော'

'သိပ်နည်းတယ်'

ဆမ်က ပြောလိုက်၏။

'ရန်ပုံငွေ နည်းနည်းပါးပါးတော့ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်၊ ကျုပ် အချိန် ရရင် သူနှင့် ဆွေးနွေးကြည့်မယ်၊ ဒါပေမဲ့ တခြား ကိစ္စတွေကို အလျင် လုပ်ရလိမ့်မယ်'

ထိုစာရွက်များကို လေ့လာနေသော စီလီယာက မေးလိုက်၏။

'ဒေါက်တာ ပိစမစ်ဟာ အင်စတီကျူ ညွန်ကြားရေးမှူး ဖြစ်နိုင်တဲ့ အနေအထားမှာ ရှိသလား'

လော့ဒ် အံ့သြသွားပုံ ရသည်။ ပြီးမှ ဖြေလိုက်၏။

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'တစ်ချက်ကတော့ သူ့အသက် သိပ်ငယ်နေလို့ပဲ'

စီလီယာက စာရွက်များကို ငုံ့ဖတ်ရင်း

'သူ သုံးဆယ့် နှစ်နှစ် ရှိပြီ'

စီလီယာက ပြုံးလိုက်၏။

'ဗင့်စ်၊ ရှင် ဒီကို လာတုန်းက အဲဒီ အသက်လောက်မှာပဲ မဟုတ်လား'

'အခြေအနေက တူမှ မတူဘဲ'

ဆမ်က ပြောလိုက်၏။

'ကဲ တခြား ပုဂ္ဂိုလ်တွေ အကြောင်း ပြောကြရအောင်'

ဆမ်က ပထမ စာရင်းကို ပြန်ကြည့်လိုက်သည်။

'ဗင့်စ်၊ ဒီလူတွေ အကြောင်း ပြောပြစမ်းပါဗျာ'

## ၉

၁၉၇၂ ခုနှစ်၊ ဇွန်လ။

လန်ဒန် တစ်မြို့လုံးသည် ခမ်းနားသော အခင်းအကျင်း၊ စုံလင်သော အရောင်အသွေးတို့ဖြင့် တပြောင်ပြောင် တလက်လက် ဖြစ်နေသည်။ စီလီယာ ကြည်နူး နေမိသည်။

အများသုံး ပန်းခြံများနှင့် ဥယျာဉ်များထဲတွင် ပန်းမျိုးစုံ ဖူးပွင့်လျက် ရှိကြပြီး ပန်းရနံ့တို့ဖြင့် ထုံသင်းလျက် ရှိနေပေသည်။ ကမ္ဘာလှည့် ခရီးသည်များနှင့် လန်ဒန် မြို့သူ မြို့သားတို့သည် နွေးထွေးသော နေရောင်ခြည်ထဲတွင် နေပူစာ လှုံနေကြသည်။ ဘင်ခရာ အဖွဲ့ကြီးများ၏ တေးဂီတသံနှင့် အတူ ချီတက်လာကြသော ဘုရင်မကြီး၏ မွေးနေ့ အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားသည် မျက်စိများကို ကျိန်းစပ်သွားလောက်အောင် ကွက်ကွက်ကွင်းကွင်း ရှိလှသော အသုံးတော်ခံမှုပင် ဖြစ်သည်။ အက်ပဆွန်ရှိ ဒါဘီ မြင်းပွဲတွင် ပြိုင်မြင်း ရိုဘတ်တိုနှင့် ဂျော်ကီ လက်စတာ ပစ်ဂေါ့တို့ အနိုင် ရသွားကြသည်။ ဒါဘီ မြင်းပွဲတွင် ဂျော်ကီ လက်စတာ ပစ်ဂေါ့ ခြောက်ကြိမ်မြောက် အနိုင် ရရှိသွားခြင်း ဖြစ်သည်။

'ခုလို အချိန်မှာ ဒီကို ရောက်နေရတဲ့ အတွက် အလုပ်တောင် လုပ်ချင်စိတ် မရှိတော့ဘူး၊ ဒီ အခွင့်အရေး အတွက် ကျွန်မက ကုမ္ပဏီကိုတောင် ငွေ ပေးသင့်တယ်လို့ ထင်နေမိတာ'

စီလီယာသည် နိုက်ဘရစ်ချ်ရှိ ဘာကလေ ဟိုတယ်တွင် လွန်ခဲ့သော ရက်သတ္တ နှစ်ပတ် သုံးပတ်က စ၍ တည်းခိုလျက် ရှိပြီး ဖဲလ်ဒင်း ရှော့သ်၏ သုတေသန ဌာန အတွက် ဖြစ်နိုင်သော နေရာပေါင်း တစ်ဒါဇင် ကျော်ကျော်ခန့်ဆီသို့ သွားရောက် ကြည့်ရှုခဲ့ပြီး ဖြစ်သည်။ အင်ဒရူးသည် ဆေးခန်းကို ပစ်၍ လိုက်မလာနိုင်သောကြောင့် စီလီယာ တစ်ယောက်တည်း ဖြစ်နေသည်။ ဆမ်နှင့် လီလီယန် ဟော်သုန်းတို့သည် ကလားရစ်ချ် ဟိုတယ်၌ တည်းခိုလျက် ရှိကြသည်။

ဇွန်လ တတိယပတ်တွင် ကလားရစ်ချ် ဟိုတယ်ရှိ ဟော်သုန်း ဇနီးမောင်နှံ၏ အိပ်ခန်းသို့ စီလီယာ လာရောက်၍ သတင်းပို့သည်။





သူက ဆမ် ဟော်သုန်းကို ပြောလိုက်၏။

'ကျွန်မ နေရာ အနှံ့ လျှောက်ကြည့်ပြီးပြီ၊ သုတေသန ဌာန အတွက် အကောင်းဆုံး နေရာကတော့ အက်ဆက်က ဟာလိုး မြို့ကလေးပဲ၊ ကျွန်မတို့ရဲ့ လိုအပ်ချက်တွေနှင့် ပြည့်စုံတယ်၊ လန်ဒန်နှင့် နီးတယ်၊ မီးရထား ရှိတယ်၊ ကားလမ်း ကောင်းတယ်၊ လေဆိပ်နှင့်လည်း နီးတယ်၊ ဝန်ထမ်းတွေ နေဖို့ အိမ်တွေ ရှိတယ်၊ ကျောင်း ရှိတယ်၊ ကွင်းပြင်ကျယ်ကြီးတွေ ရှိတယ်'

ဆမ်က မေးလိုက်၏။

'အဆောက်အအုံက ဘယ်လိုလဲ'

'ကွန်ထရပ်စ် ဆိုတဲ့ ကုမ္ပဏီ တစ်ခုက ဟာလိုးမှာ စက်ရုံ တစ်ခု လာဆောက်ပြီး ငွေကြေး အခက်အခဲနှင့် ရင်ဆိုင်နေရလို့ အဲဒီ အဆောက်အအုံကို ဆက်မသုံးနိုင်တော့ဘူး၊ ကျွန်မတို့ လိုချင်တဲ့ အကျယ်အဝန်းနှင့် ကိုက်ညီတယ်၊ အဲဒီ အဆောက်အအုံကို တစ်ခါမှ မသုံးဖြစ်သေးဘူး၊ ကွန်ထရပ်စ်က အဲဒီ အဆောက်အအုံကို လက်ငင်း ငွေချေ စနစ်နှင့် ရောင်းချင်နေတယ်'

'သုတေသန လုပ်ငန်း အတွက် ပြင်ဆင်ပြီး သုံးလို့ ရပါ့မလား'

'ရပါတယ်'

စီလီယာက ဘလူးပရင့် စာရွက် အချို့ကို ဖြန့်လိုက်၏။

'ကျွန်မ အဆောက်အအုံ ပုံစံတွေ ယူလာခဲ့တယ်၊ ကန်ထရိုက်တာနှင့်လည်း စကား ပြောပြီးပြီ'

လီလီယန်က ဝင်ပြောလိုက်၏။

'ရှင်တို့ လုပ်ဖော် ကိုင်ဖက်တွေ ပျင်းစရာကောင်းတဲ့ ကိစ္စတွေကို ဆွေးနွေး နေကြတုန်း ကျွန်မ ဈေးလျှောက်ဝယ်လိုက်ဦးမယ်'

နောက်ထပ် နှစ်ရက် ကြာသော အခါ ဆမ်နှင့် စီလီယာတို့သည် ဟာလိုးသို့ မော်တော်ကားနှင့် သွားခဲ့ကြသည်။ ဆမ် ဟော်သုန်းက ငှားထားသော ဂျက်ဂွာ မော်တော်ကားကို မောင်းနှင်နေစဉ် စီလီယာက ထိုနေ့ထုတ် အင်တာနေရှင်နယ် ဟာရယ် ထရီဗျွန်း သတင်းစာကို ဖတ်နေသည်။

ရပ်ဆိုင်းသွားခဲ့သော ဗီယက်နမ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ပဲရစ်၌ မကြာခင် ကျင်းပတော့မည်ဟု မျက်နှာဖုံး သတင်းတွင် နိမိတ်ဖတ်၍ ဖော်ပြထားသည်။ သမ္မတ နစ်ဆင်က ဗီယက်နမ် စစ်ပွဲနှင့် ပတ်သက်၍ 'ဟန္နိုင်း၏

သွေးရူးသွေးတမ်း စွန့်စားမှုသည် အရေး နိမ့်နေပြီ' ဟု အမေရိကန် နိုင်ငံသူ နိုင်ငံသားများအား နှစ်သိမ့်လိုက်သည်။ ဝါရှင်တန် ဒီစီမှ သတင်း တစ်ပုဒ်တွင် ဒီမိုကရက်တစ် ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ဌာနချုပ် တည်ရှိသော ဝါးတားဂိတ် အဆောက်အအုံ၌ ဝင်ရောက် ဖောက်ထွင်း ခံရသော သတင်းကို ရေးကြီးခွင့် ကျယ် လုပ်၍ ဖော်ပြထားသည်။ ထိုကိစ္စမှာ အသေးအမွှားသာ ဖြစ်ပုံ ရသည်။ စိတ်မဝင်စားသော စီလီယာက သတင်းစာကို ချထားလိုက်လေ၏။

စီလီယာက မေးလိုက်သည်။

'နောက်ဆုံး အင်တာဗျူးက ဘယ်လို အခြေအနေ ရှိသလဲ'

ဆမ်က ရှုံ့မဲ့ပြလိုက်၏။

'အဆင် မပြေဘူး၊ မင်းက ကျုပ်ထက် ပိုပြီး တိုးတက်မှု ရှိနေတယ်'

ဆမ်သည် ဗင်းစင့် လော့ဒ်၏ စာရင်း အတိုင်း သုတေသန ဌာန၏ အကြီးအကဲ  ဖြစ်နိုင်မည့် ပုဂ္ဂိုလ်များကို ခေါ်ယူ တွေ့ဆုံခဲ့သည်။

'ကျုပ် တွေ့ပြီးသမျှကတော့ ဗင့်စ်နှင့် တော်တော် တူကြတယ်၊ အစစ အရာရာမှာ အနည် ထိုင်နေကြပြီ၊ ဂုဏ်မက်ကြပုံလည်း ရတယ်၊ အချိန်ကောင်း ကိုလည်း လွန်လာခဲ့ကြပုံ ရတယ်၊ ကျုပ်က စိတ်လှုပ်ရှားစရာ အတွေးအခေါ် တွေနှင့် အရည်အချင်း ပြည့်ဝတဲ့ လူငယ် တစ်ယောက်ကို လိုက်ရှာနေတာ'

'အဲဒီလို လူမျိုးနှင့် တွေ့တဲ့ အခါကျရင် ရှင် ဘယ်လိုလုပ် သိမှာလဲ'

ဆမ်က ပြုံးလိုက်၏။

'သိမှာပါ၊ အဲဒါက တစ်ယောက်နှင့် တစ်ယောက် ချစ်ကြိုက်သွားကြ သလို ဖြစ်ချင် ဖြစ်လာလိမ့်မယ်၊ ဘာကြောင့် ဆိုတာကိုတော့ တိတိကျကျ ပြောလို့ မရဘူး၊ အလိုလို သိလာမှာပဲ'

ဆမ်သည် မော်တော်ကားကို အဆောက်အအုံ ရှေ့တွင် ရပ်လိုက်ပြီး အသုံး ပြုခြင်း မရှိသေးသော အဆောက်အအုံကြီးကို လှေ့လာလိုက်သည်။ အဆောက်အအုံ၏ တစ်ခြမ်းကို နှစ်ထပ် ဆောက်လုပ်ထားပြီး ကျန်တစ်ခြမ်း ကို တစ်ထပ်တည်းသာ ထားရှိသည်။ ထိုအဆောက်အအုံကို စီလီယာ ပြောခဲ့ သလို သုတေသန ဌာန အဖြစ် လွယ်လွယ်ကူကူ ပြောင်းလဲ၍ ရနိုင်ပေသည်။

သူတို့ မော်တော်ကားနှင့် မလှမ်းမကမ်းတွင် ရပ်ထားသော မော်တော် ကားထဲမှ လူတစ်ယောက် ထွက်လာသည်။ စီလီယာက ထိုပုဂ္ဂိုလ်အား ဆမ် ဟော်သုန်းနှင့် မိတ်ဆက်ပေးလိုက်၏။ ထိုပုဂ္ဂိုလ်မှာ အိမ်မြေ ရောင်းဝယ်သော ကုမ္ပဏီမှ ကိုယ်စားလှယ် တစ်ယောက် ဖြစ်သည်။





နောက်ထပ် နာရီဝက် ကြာသောအခါ စီလီယာအား ဆမ်က ထိုအဆောက် အအုံကို ဝယ်ယူရန် စီစဉ်ဖို့ ညွှန်ကြားလိုက်လေသည်။

စီလီယာက အိမ်မြေ ရောင်းဝယ်သော ကုမ္ပဏီမှ ပုဂ္ဂိုလ်နှင့် စကား ပြော ဆိုပြီး ဆမ် ဟော်သုန်းထံ ပြန်လာသောအခါ ဆမ် ဟော်သုန်းက

'ကျုပ်တို့ ကင်းဘရစ်ချ်ကို သွားမယ် ဆိုတာ မင်းကို ပြောဖို့ မေ့နေ တယ်၊ ဟာလိုးက လမ်းခုလတ်မှာ ရှိနေတယ် ဆိုတော့ ဒေါက်တာ ပီစမစ်နှင့် ဆုံဖို့ စီစဉ်လိုက်တယ်၊ သူက စိတ်ပိုင်းဆိုင်ရာ အိုမင်းမှုနှင့် အယ်လ်ဇိုင်းမား ရောဂါကို သုတေသန လုပ်ရင်း ကျုပ်တို့ဆီက ထောက်ပံ့ငွေ တောင်းထားတဲ့ လူလေ'

စီလီယာက ပြောလိုက်၏။

'ဝမ်းသာပါတယ်၊ ကျွန်မက ရှင် သူ့အတွက် အချိန်မှ ပေးနိုင်ပါ့မလား လို့'

သူတို့သည် မွန်းလွဲချိန် ကျော်ခါစတွင် ကင်းဘရစ်ချ်သို့ ရောက်ရှိလာကြသည်။

ဆမ်သည် လမ်းခရီးတွင် တယ်လီဖုန်းနှင့် ဆက်သွယ်၍ ဂါဒင်းဟောက်စ် ဟိုတယ်တွင် နေ့လယ်စာ စားကြရန် စီစဉ်လိုက်သည်။ မာတင် ပီစမစ်က ထို ဟိုတယ်သို့ လာရောက် တွေ့ဆုံမည် ဖြစ်သည်။

လှပသော ထိုဟိုတယ်သည် ကောလိပ်ကျောင်းပေါင်း များစွာ၏ ကျော ဘက် ရှုခင်းနှင့် ကင်မြစ် တစ်လျှောက်၌ လှေ ပြားပြားကလေးများပေါ်တွင် မိမိ သွားလိုရာသို့ ဝါးလုံးနှင့် ထိုး၍ စိတ်အေး ချမ်းသာစွာ သွားလာနေကြ သည်။ လှေစီးသူများကို မြင်နေရသော ရှုခင်းသာ ဥယျာဉ်နှင့် နီးကပ်စွာ တည် ရှိနေသောကြောင့် နှစ်လိုဖွယ် ကောင်းသော နေရာကလေးပင် ဖြစ်ပေသည်။

ဟိုတယ် ဧည့်ခန်းထဲတွင် သူတို့ နှစ်ယောက်ကို ပီစမစ်က ဦးစွာ မြင် လိုက်သဖြင့် ရှေ့သို့ တိုးထွက်လာသည်။

မာတင် ပီစမစ်သည် ကိုယ်လုံး ကိုယ်ပေါက် ခပ် တောင့်တောင့်နှင့် ဆံပင် ညှပ်ရန် လိုအပ်သော မဖြီး မသင်ရသေးသည့် ရွှေရောင် ဆံပင် ပိုင်ရှင် ဖြစ်သည်။ သူသည် လေးထောင့် ကျသော မေးရိုးနှင့် ချာတိတ် ဆန်သော အပြုံးကို ရှတ်တရက် ပြုံးတတ်သူ ဖြစ်သော်လည်း ချောမောသူ မဟုတ်ကြောင်း စီလီယာက သတိ ထားလိုက်မိသည်။

သို့ရာတွင် သူသည် အဓိပ္ပာယ် ရှိရှိနှင့် မဖြစ်မနေ လုပ်မည့် ဥပမိရုပ်ကို ပိုင်ဆိုင်သူ ဖြစ်ပေသည်။

'မစ္စစ် ဂျော်ဒန်နှင့် မစ္စတာ ဟော်သုန်းတို့ ထင်ပါရဲ့'

စီလီယာ ဖြေလိုက်သည်။

'မှန်ပါတယ် ရှင်၊ လူ ပုဂ္ဂိုလ် အရ အရေးပါပုံကတော့ အဲဒါနှင့် ပြောင်းပြန်ပါ'

'ကျွန်တော် ကြိုးစားပြီး မှတ်သား ထားပါ့မယ်'

သူတို့ လက်ဆွဲ နှုတ်ဆက်လိုက်စဉ် ပိစမစ်သည် လက်ဖျားတွင် ဖွာနေပြီး တံတောင်ဆစ်တွင် အဝတ်စနှင့် ဖိုး၍ ချုပ်ထားသော ဟားရစ် တွီ ဂျာကင်နှင့် မီးပူ ထိုးမထားသော ပေရေနေသည့် မီးခိုးရောင် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်လာကြောင်း သတိထားလိုက်မိသည်။ စီလီယာ၏ အတွေးကို အကဲခတ်လိုက်မိသော သူက ရှက်ကြောက်ခြင်း အလျှင်း မရှိဘဲ ပြောလိုက်သည်။

'ကျွန်တော် ဓာတ်ခွဲခန်းက တိုက်ရိုက် လာခဲ့တာပါ မစ္စစ် ဂျော်ဒန်၊ ကျွန်တော့်မှာ အဝတ်အစား တစ်စုံ ရှိပါတယ်၊ ကျွန်တော်တို့ အလုပ်ချိန် အပမှာ တွေ့ဆုံကြမယ် ဆိုရင် အဲဒီ ဝတ်စုံကို ဝတ်လာပါ့မယ်'

စီလီယာ မျက်နှာ နီရဲသွားသည်။

'ကျွန်မ ရှက်သွားပြီ၊ ကျွန်မရဲ့ ရိုင်းစိုင်းမှု အတွက် တောင်းပန်ပါတယ်'

'မလိုပါဘူးဗျာ'

သူက နှစ်လိုဖွယ်ရာ ပြုံးပြလိုက်သည်။

'ကျွန်တော်က ချက်ချင်း ရှင်းတတ်တဲ့ သူမို့ပါ'

'သိပ် ကောင်းတဲ့ အကျင့်ပဲ၊ ကဲ နေ့လယ်စာ စားကြရအောင်'

ဆမ်က ပြောလိုက်ခြင်း ဖြစ်သည်။

စားပွဲ၌ ထိုင်၍ ယမကာများကို မှာပြီးကြသော အခါ ဆမ်က ပြောလိုက်ပြန်၏။

'ခင်ဗျား လက်ရှိ သုတေသန လုပ်နေတဲ့ ကိစ္စနှင့် ပတ်သက်ပြီး ဒေါက်တာ လော့ဒ်ရဲ့ အစီရင်ခံစာ ကျုပ်ဆီမှာ ရှိနေတယ်၊ ခင်ဗျားက အဲဒါကို ဆက်ပြီး သုတေသန လုပ်နိုင်အောင် ဖဲလ်ဒင်း ရှေ့သ်က ထောက်ပံ့ငွေ တောင်းထားတယ်လို့ ကျုပ် နားလည်ထားတယ်'

'မှန်ပါတယ်၊ ကျွန်တော် ဆောင်ရွက်နေတဲ့ စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှုနှင့် အယ်လ်ဇိုင်းမား ရောဂါ သုတေသန လုပ်ငန်း အတွက် ရန်ပုံငွေ





ကုန်သွားပြီ၊ တက္ကသိုလ်ကလည်း မပေးနိုင်ဘူး ဆိုတော့ တခြားက တောင်းရတာပေါ့ ခင်ဗျား'

'အဲဒါက မထူးဆန်းပါဘူးလေ၊ ကျုပ်တို့ ကုမ္ပဏီက ပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းတွေမှာ ပေးထိုက်တယ် ထင်ရင် ထောက်ပံ့လေ့ ရှိပါတယ်၊ ဒီတော့ အဲဒီ အကြောင်း ပြောကြရအောင်'

'ကောင်းပြီလေ'

ဒေါက်တာ ပိစမစ်သည် ပထမဦးဆုံး အကြိမ် စိတ် လှုပ်ရှားလာသော အမူအရာများကို ပြသလာသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ထောက်ပံ့မှု ရရှိရေး ကိစ္စသည် သူ့ အဖို့ အရေးကြီးသော ကိစ္စ ဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်ဟု စီလီယာ တွေးလိုက်မိ၏။

'အယ်လ်ဇိုင်းမား အကြောင်း စပြောရမယ် ဆိုရင် ဒီရောဂါ ဘာကြောင့် ဖြစ်လာရသလဲ ဆိုတာကို ခုထက်ထိ မသိကြသေးဘူး၊ ဒီရောဂါက အသက် ခြောက်ဆယ့် ငါးနှစ် ကျော်တဲ့ အသက် အုပ်စုတွေမှာပဲ ဖြစ်လေ့ ဖြစ်ထ ရှိပါတယ်၊ ဒါပေမဲ့ အသက် ငယ်သူတွေကိုလည်း ထိခိုက်လေ့ ရှိပါတယ်၊ အသက် နှစ်ဆယ့် ခုနစ်နှစ် အရွယ်တွေမှာ ဖြစ်တဲ့ သာဓကတွေလည်း ရှိပါတယ်။

'ဒီရောဂါဟာ သတိ မေ့တာက စပြီး ဖြစ်ပေါ်လေ့ ရှိပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ အင်မတန် ရိုးစင်းတဲ့ ကိစ္စတွေ၊ ဥပမာ ဖိနပ်ကြိုးကို ဘယ်လို ချည်ရမလဲ၊ မီးခလုတ်ကို ဘာလုပ်ဖို့ ထားသလဲ ဆိုတာတွေကို မေ့တတ်ကြပါတယ်၊ ရောဂါ ပိုဆိုးလာတာနှင့်အမျှ မှတ်ဉာဏ်ကလည်း ပိုပြီး ချွတ်ယွင်းလာပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဇနီး ဒါမှမဟုတ် ခင်ပွန်း လင်တွေကို တောင် မမှတ်မိကြတော့ဘူး၊ ဘယ်လို အစာ စားရမလဲ ဆိုတာကို မသိတော့တဲ့ အတွက် ခွံ့ကျွေး ရပါတယ်၊ ရေငတ်တဲ့ အခါမှာလည်း ရေကို တောင်းရကောင်းမှန်း မသိပါဘူး၊ သူတို့ဟာ မကြာခဏ ဆိုသလို ထိန်းမနိုင် သိမ်းမရ ကြမ်းတမ်း လာတတ်ကြပါတယ်၊ အင်မတန် ဆိုးရွားတဲ့ လူနာတွေ ဆိုရင် ကြမ်းကြမ်းတမ်းတမ်းနှင့် ဖျက်လို ဖျက်ဆီး လုပ်တတ်ကြပါတယ်၊ တဖြည်းဖြည်းနှင့် အဲဒီ ရောဂါကြောင့် သူတို့ သေကြရတယ်၊ ဒါပေမဲ့ အဲဒီ ဝေဒနာဟာ ဆယ်နှစ်က ဆယ့်ငါးနှစ် အထိ ကြာမြင့် တတ်ကြတယ်၊ အဲဒီ ကာလဟာ အယ်လ်ဇိုင်းမား ရောဂါ စွဲကပ်နေတဲ့ လူနှင့် အတူတူ နေရသူတွေ အတွက် အပင်ပန်းဆုံး ကာလတွေပါပဲ'

ပိစမစ်က အနည်းငယ် ဆိုင်းလိုက်ပြီးနောက် ဆက်ပြောပြန်၏။

'ဦးနှောက်ထဲမှာ ဘာတွေ ဖြစ်ပျက်နေသလဲ ဆိုတာကိုတော့ ဦးနှောက်ကို ခွဲစိတ်ကြည့်တဲ့ အခါကျရင် တွေ့နိုင်ပါတယ်၊ အာရုံနှင့် မှတ်ဉာဏ်တွေကို ထားသိုထားတဲ့ ဦးနှောက် အပြင်လွှာထဲက နာဗ် ကလာပ်စည်းတွေကို အယ်လ်ဇိုင်းမားက ဖျက်ဆီး ပစ်လိုက်ပါတယ်၊ အယ်လ်ဇိုင်းမားက နာဗ် ဖိုင်ဗာနှင့် တစ်ရှူး အမျှင် သေးသေးကလေးတွေကို လိမ်ရှုပ်ပြီး ပြတ်တောက် သွားစေခဲ့ကြတယ်၊ အယ်လ်ဇိုင်းမားက ဦးနှောက်ထဲမှာ Plaque လို့ ခေါ်တဲ့ အပိုင်းအစကလေးတွေနှင့် ကျဲပြန့် နေစေခဲ့တယ်'

ဆမ်က ပြောလိုက်သည်။

'ကျုပ် ခင်ဗျားရဲ့ သုတေသန လုပ်ငန်း အကြောင်း ဖတ်ထားပါတယ်၊ ဒါပေမဲ့ ခင်ဗျားက ဘယ်ဘက်ကို ဦးတည်နေသလဲ ဆိုတာ ပြောပြစေချင်ပါတယ်'

'မျိုးရိုး ဗီဇ ဘက်ကို ဦးတည်ပါတယ်၊ အယ်လ်ဇိုင်းမား ရောဂါဟာ တိရစ္ဆာန်တွေမှာ ဖြစ်လေ့ ဖြစ်ထ မရှိတဲ့ အတွက် ကျွန်တော်က တိရစ္ဆာန်တွေနှင့် သုတေသန ပြုလုပ်နေတာဟာ စိတ်ပိုင်းဆိုင်ရာ အိုမင်းမှု ဖြစ်စဉ်ရဲ့ ဓာတုဗေဒ သဘောတရားကို လေ့လာ နေတာပါပဲ၊ ခင်ဗျားတို့ သိကြတဲ့ အတိုင်း ကျွန်တော်က ဈူးကလစ် အက်ဆစ် ဓာတုဗေဒ ပညာရှင် တစ်ယောက်ပါ'

စီလီယာက ပြောလိုက်၏။

'ကျွန်မရဲ့ ဓာတုဗေဒကတော့ နည်းနည်း သံချေးတက်နေပါပြီ၊ ဒါပေမဲ့ ဈူးကလစ် အက်စစ်ကို ကျွန်မ နားလည်သလောက်ကတော့ အဲဒါတွေဟာ ကျွန်မတို့ရဲ့ မျိုးရိုးဗီဇကို တည်ဆောက်ထားတဲ့ ဒီအင်အေရဲ့ အုတ်ချပ်တွေပဲ မဟုတ်လား'

'မှန်ပါတယ်၊ သိပ် သံချေး မတက်သေးပါဘူး'

ပီစမစ်က ပြုံးလိုက်၏။

'ပြီးတော့လည်း ကျွန်တော်တို့က ဒီအင်အေရဲ့ ဓာတုဗေဒကို ပိုပြီး နားလည်လာတဲ့ အခါကျရင် အနာဂတ် ကာလ အတွက် ဆေးသိပ္ပံဘက်မှာ တိုးတက်မှုတွေ အများကြီး ဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့် ကျွန်တော်က အသက်ငယ်တဲ့ ကြွက်တွေနှင့် အသက် ကြီးတဲ့ ကြွက်တွေကို အသုံးပြုပြီး အသက်ကွာခြားသည်နှင့် အမျှ အမ်အာအင်အေ (မက်ဆင် ဂျာရီအို ဈူးကလစ် အက်စစ်) မှာ ဘယ်လို ကွာခြားမှု ရှိတယ် ဆိုတာကို တွေ့အောင် သုတေသန လုပ်နေတာပါပဲ'





ဆမ် ဟော်သုန်းက ဝင်ပြောလိုက်ပြန်၏။

'ဒါပေမဲ့ အယ်လ်ဇိုင်းမား ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ သာမန် အိုမင်းရင့်ရော်မှု ဖြစ်စဉ်တွေဟာ သတ်သတ်စီပဲ မဟုတ်လား'

'အဲဒီလို ထင်ရပါတယ်၊ ဒါပေမဲ့ တစ်ခုနှင့် တစ်ခု ထပ်နေတဲ့ နေရာတွေ ရှိနိုင်ပါတယ်၊ အယ်လ်ဇိုင်းမား ရောဂါရှင် တစ်ယောက်ဟာ မွေးကတည်းက ဒီအင်အေ ပုံပျက်လာတာမျိုး ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မွေးစဉ် အခါတုန်းက ဒီအင်အေဟာ ပုံမှန် အနေအထားမှာ ရှိနေသော်လည်း ဆေးလိပ် သောက်၍ဖြစ်စေ အန္တရာယ် ဖြစ်စေတဲ့ အစားအသောက်ကို စားမိ၍ ဖြစ်စေ လူ့ကိုယ်ခန္ဓာကို ပျက်စီးအောင် လုပ်လိုက်ခြင်းဖြင့် ဒီအင်အေကို ပြောင်းလဲ သွားစေနိုင်ပါတယ်'

မာတင် ပီစမစ်က ရှင်းပြ၍ ပြီးစီးသွားသော အခါ စီလီယာက ပြောလိုက်၏။

'ရှင်ဟာ မွေးရာပါ ဆရာ တစ်ယောက်ပဲ၊ စာသင်ရတာကို ရှင် သဘောကျတယ် မဟုတ်လား'

ပီစမစ် အံ့သြသွားပုံ ရသည်။

'တက္ကသိုလ်မှာ နေရင် နည်းနည်းတော့ စာ သင်ကြား ပို့ချရလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော် စာသင်ရတာကို သဘောကျပါတယ်'

'ကျွန်မက မေးခွန်းတွေကို တော်တော်ကလေး နားလည်လာပါပြီ၊ အဖြေကို တွေ့ဖို့ ဘယ်လောက်လောက် လိုသေးသလဲ'

'အလင်း နှစ်ပေါင်း များစွာ ကြာအောင် ဝေးချင် ဝေးပါလိမ့်မယ်၊ ဒါပေမဲ့ နီးချင်လည်း နီးမှာပဲ၊ ဒါကတော့ ထောက်ပံ့ကြေး ပေးတဲ့ လူတွေက ယူကြရမယ့် စွန့်စားရမှုပဲ'

စားပွဲထိုး ခေါင်းဆောင်က ဟင်း အမည် စာရင်းကို ယူလာသဖြင့် ဟင်းလျာများကို ရွေးလိုက်ကြသည်။ ရွေးချယ်၍ ပြီးစီးသွားသော အခါ ပီစမစ်က ထပ်ပြောလိုက်၏။

'ခင်ဗျားတို့ ကျွန်တော့် ဓာတ်ခွဲခန်းကို လာကြည့်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ အဲဒီမှာ ကျွန်တော် ကြိုးစားနေတဲ့ လုပ်ငန်းတွေကို ပိုပြီး ရှင်းပြနိုင်ပါလိမ့်မယ်'

'ကျုပ်တို့ကလည်း ကြည့်ဖို့ မျှော်လင့် နေတာပါပဲ၊ နေ့လယ်စာ စားပြီးပြီးချင်းပေါ့လေ'

နေ့လယ်စာ စားနေစဉ် စီလီယာက မေးလိုက်၏။

‘ကင်းဘရစ်ချ်မှာ ရှင့် အဆင့်အတန်းက ဘယ်လိုပါလဲ ဒေါက်တာ စမစ်’

‘ကျွန်တော့်ကို ကထိက တစ်ယောက် အနေနှင့် ခန့်ထားပါတယ်၊ အဲဒါ ကတော့ အမေရိကမှာ ဆိုရင် လက်ထောက် ပါမောက္ခနှင့် အတူတူလောက် ပါပဲ၊ ကျွန်တော် ဆိုလိုတာက ဇီဝဓာတု အဆောက်အအုံမှာ ကျွန်တော့် အတွက် နေရာ ရတယ်၊ အကူအညီ ပေးမယ့် ဓာတ်ခွဲခန်း လက်ထောက် တစ်ယောက် ရတယ်၊ ပြီးတော့ ကျွန်တော့် ကြိုက်တာကို သုတေသန ပြုလုပ်နိုင်ခွင့် ရှိပါ တယ်’

သူက ရပ်တန့်လိုက်ပြီးမှ ထပ်မံ ဖြည့်စွက်လိုက်၏။

‘ကျွန်တော့် အတွက် ငွေကြေး ထောက်ပံ့မယ့်သူ ရှိရင် ကြိုက်တာကို သုတေသန လုပ်နိုင်တယ်လို့ ဆိုလိုတာပါ’

ဆမ်က ပြောလိုက်သည်။

‘ခင်ဗျား တောင်းထားတဲ့ ထောက်ပံ့ငွေက ဒေါ်လာ ခြောက်သောင်း ထင် ပါရဲ့’

‘ဟုတ်ပါတယ်၊ အဲဒါက သုံးနှစ်စာ အတွက်ပါ၊ ပစ္စည်း ကိရိယာတွေနှင့် တိရစ္ဆာန်တွေ ဝယ်ဖို့ ဓာတ်ခွဲခန်း လက်ထောက် သုံးယောက်ကို အချိန်ပြည့် ငှားထားဖို့ပါ၊ ကျွန်တော့် အတွက်ကတော့ တစ်ပြားမှ မပါပါဘူး၊ ဒါပေမဲ့ ဘာပဲပြောပြော တော်တော် များတဲ့ ငွေပမာဏပဲ မဟုတ်လား’

ဆမ်က လေးလေးနက်နက် ခေါင်းညိတ်လိုက်၏။

‘ဟုတ်တာပေါ့၊ များတယ်’

သို့ရာတွင် မများပါ။

သုတေသန လုပ်ငန်းများတွင် ဖဲလ်ဒင်း ရော့သ် သို့မဟုတ် အခြား ဆေး ဝါး ကုမ္ပဏီကြီးများက နှစ်စဉ် သုံးစွဲနေကြသော ငွေပမာဏနှင့် နှိုင်းစာလျှင် ဒေါ်လာ ခြောက်သောင်းသည် မပြောပလောက်သော ငွေသာ ဖြစ်ကြောင်း ဆမ် ရော စီလီယာပါ သိကြပါသည်။

အမြဲတမ်း လိုလို မေးလေ့ မေးထ ရှိသော မေးခွန်းမှာ ဒေါက်တာ ဝိစမစ် ၏ လုပ်ငန်းသည် ရင်းနှီး မြှုပ်နှံရလောက်အောင် စီးပွားရေးဘက်တွင် တွက်ခြေ ကိုက်မည့် အလားအလာ ရှိပါသလား ဟူ၍ပင် ဖြစ်သည်။

စီလီယာက ဒေါက်တာ ဝိစမစ်အား မေးလိုက်၏။

‘ရှင်က အယ်လ်ဇိုင်းမား ဘာသာရပ်မှာ ကိုယ့်ကိုယ်ကိုယ် မြှုပ်နှံထား





တယ်လို့ ကျွန်မ ထင်နေတယ်၊ ရှင် အဲဒီ ကိစ္စကို စတင်ပြီး လုပ်ဖြစ်စေခဲ့တဲ့ အထူး အကြောင်း အချက်များ ရှိပါသလား’

ဒေါက်တာ ဝိစမစ် တွေသွားသည်။

ထို့နောက် စီလီယာကို တည့်တည့် ကြည့်ရင်း

‘ကျွန်တော့် အမေဟာ အသက် ခြောက်ဆယ့် တစ်နှစ် ရှိပါပြီ မစ္စစ် ရော်ဒန်၊ ကျွန်တော်က တစ်ဦးတည်းသော သား ဆိုတော့ ကျွန်တော်တို့ သား အမိ ရင်းနှီးတာ မဆန်းပါဘူး၊ သူ့မှာ အယ်လ်ဇိုင်းမား ရောဂါ ဖြစ်နေတာ လေးနှစ် ရှိသွားပြီ၊ ရောဂါကလည်း ပိုမိုပြီး ဆိုးရွားလာတယ်၊ ကျွန်တော့် အဖေ က သူ အတတ်နိုင်ဆုံး ပြုစုရှာသလို ကျွန်တော်ကလည်း နေ့တိုင်းလိုလို သွား ကြည့်ပါတယ်၊ ကံဆိုးချင်တော့ ကျွန်တော် ဘယ်သူလဲ ဆိုတာ သူ မသိရှာဘူး’

ကင်းဘရစ်ချ် တက္ကသိုလ်မှ ဇီဝဓာတု အဆောက်အအုံသည် ရှေးခေတ် ဗိသုကာ လက်ရာကို ပြန်လည် ဆန်းသစ်ထားသော သုံးထပ်တိုက် အဆောက်အအုံ ဖြစ် သည်။ ထိုအဆောက်အအုံဆီသို့ မာတင် ဝိစမစ်က ရှေ့မှ စက်ဘီးကို အား သွန် ခွန်စိုက် နင်း၍ ဦးဆောင်သွားစဉ် ဆမ်နှင့် စီလီယာတို့က ဂျက်ဂွာ မော် တော်ကားနှင့် နောက်မှ လိုက်လာကြသည်။

ထိုအဆောက်အအုံ၏ တံခါးဝတွင် ဆုံမိကြသောအခါ မာတင် ဝိစမစ်က ကြိုတင်၍ သတိပေး စကား ပြောလိုက်၏။

‘ခင်ဗျားတို့ တအံ့တသြ ဖြစ်မသွားရလေအောင် ကြိုပြောထားရဦးမယ်၊ ကျွန်တော်တို့ရဲ့ အထောက်အကူ ပစ္စည်းတွေဟာ အကောင်းဆုံး မဟုတ်ပါဘူး၊ ကျွန်တော်တို့ဆီမှာ အမြဲတစေ လူပြည့်ကျပ်နေတယ်၊ နေရာ အခက်အခဲကြောင့် ကျဉ်းကျဉ်းကျပ်ကျပ် နေကြရတယ်၊ ကျွန်တော်တို့ဟာ အမြဲတစေ ငွေကြေး အခက်အခဲ ရှိနေတယ်၊ တစ်ခါတလေကျတော့ ကျွန်တော်တို့ ဘယ်နည်း ဘယ် ပုံ အလုပ် လုပ်နေကြတယ် ဆိုတာကို အပြင်လူတွေ မြင်ရင် သွေးပျက် သွား တတ်ကြတယ်’

ထိုကဲ့သို့ ကြိုတင်၍ သတိ ပေးထားသည့်တိုင်အောင် နောက်ထပ် မိနစ် အနည်းငယ် ကြာသောအခါ စီလီယာ သွေးပျက်သွားသည်။

မာတင် ဝိစမစ်က သူတို့အား ဓာတ်ခွဲခန်းထဲတွင် နှစ်ယောက်တည်း ခေတ္တ ခဏ ထားပစ်ခဲ့သော အခါ စီလီယာက ဆမ်အား တိုးတိုးလေး ပြောလိုက်၏။

'သိပ် စိတ်ပျက်စရာ ကောင်းတာပဲရှင်၊ မြေအောက် အချုပ်ခန်း ကျနေတာပဲ၊ ဒီလို နေရာမျိုးမှာ အင်မတန် ကောင်းတဲ့ အလုပ်မျိုးကို ဘယ်လို လူတွေက လုပ်နိုင်မှာလဲ'

သူတို့သည် မြေအောက်ခန်းထဲသို့ ဆင်းသော လှေကားကလေး အတိုင်း ဆင်းလာခဲ့ကြရသည်။ စင်္ကြံလမ်းထဲတွင် မှောင်နေသည်။ သူတို့ မြင်တွေ့ခဲ့ရသော အခန်း ကျဉ်းကျဉ်းကလေးများ အားလုံးတွင် ရှုပ်ထွေး ပွေလီနေကြပုံ ရသည်။ ယခု သူတို့သည် ခပ်ငယ်ငယ် အိမ်ကလေး တစ်လုံး၏ မီးဖိုချောင်ထက် ပိုမကြီးသော ဓာတ်ခွဲခန်းထဲတွင် ရောက်ရှိနေကြသည်။ ထိုဓာတ်ခွဲခန်းမှာ မာတင် ပိစမစ် အလုပ် လုပ်နေသော ဓာတ်ခွဲခန်း နှစ်ခု အနက် တစ်ခု ဖြစ်သည်ဟု ဆိုသည်။ သို့တိုင်အောင် မာတင် ပိစမစ်သည် သီးခြား သုတေသန လုပ်ငန်း တစ်ခုကို ဆောင်ရွက်နေသော ကထိက တစ်ယောက်နှင့် တွဲဖက်၍ အသုံးပြုနေရခြင်း ဖြစ်သည်။

သူတို့ စကား ပြောနေစဉ် ထို ပုဂ္ဂိုလ်နှင့် သူ့ လက်ထောက်တို့သည် ဝင်လိုက် ထွက်လိုက် လုပ်နေကြသဖြင့် သီးသီးသန့်သန့် စကား ပြောရန် မလွယ်ကူဘဲ ဖြစ်နေသည်။

ဓာတ်ခွဲခန်းထဲတွင် ဟောင်းနွမ်းနေသော သစ်သား ခုံရှည်ကြီးများကို တစ်ခုနှင့် တစ်ခု နီးနီးကပ်ကပ် ချထားပြီး ခုံများပေါ်တွင် ရှေးကျသော ဓာတ်ခွဲခန်းသုံး ပစ္စည်းများ တင်ထားသည်။ ခုံတန်းရှည်၏ တစ်နေရာကိုမူ စားပွဲ အဖြစ် သုံးစွဲထားသည်။

ထိုခုံတန်းရှည်၏ ရှေ့တွင် ကုလားထိုင် တစ်လုံး ချထားသည်။ ညစ်ပတ် ပေရေနေသော မတ်ခွက် အချို့ကိုလည်း မြင်တွေ့နေရသည်။

ခုံတန်းရှည် တစ်ခုပေါ်တွင် သံနန်းကြိုးနှင့် ပြုလုပ်ထားသော လှောင်အိမ်များ ရှိနေကြသည်။ လှောင်အိမ် တစ်လုံးတွင် ကြွက် နှစ်ကောင်စီ ရှိနေကြပြီး ဓာတ်ခွဲခန်းထဲတွင် စုစုပေါင်း ကြွက် အကောင် နှစ်ဆယ်ခန့် ရှိနေသည်။

ဓာတ်ခွဲခန်း ကြမ်းပြင်နှင့် ပြတင်းပေါက်တို့ကို ဆေးကြော သုတ်သင်ခြင်း မပြုခဲ့သည်မှာ အတော် ကြာမြင့်ခဲ့ပြီ ဖြစ်ပုံ ရသည်။ ထိုပတ်ဝန်းကျင်ကို မြင်ရသည်မှာ စိတ်ဓာတ် ကျဆင်းစရာ ကောင်းလှသည်။

ဆမ်က စီလီယာအား ပြောလိုက်၏။

'မြင်ရပုံက ဘယ်လိုပဲ ဖြစ်နေနေ သိပ္ပံ လောကရဲ့ သမိုင်းကြောင်း အတော် ခပ်များများကို ဒီနေရာမှာ လုပ်ကိုင်ခဲ့ကြတယ် ဆိုတာ မမေ့နဲ့ဦး၊





နိုဗယ်ဆုရှင်တွေဟာ ဒီအခန်းတွေထဲမှာ အလုပ် လုပ်ခဲ့ကြတယ်၊ ဒီ စင်္ကြံလမ်းတွေထဲမှာ လျှောက်ခဲ့ကြတယ်'

ဆမ် ပြောလိုက်သော စကားကို ကြားရအောင် အချိန်မီ ပြန်ရောက်လာသော မာတင် ပိစမစ်က ရွှင်ရွှင်ပျပျနှင့် ဝင်ပြောလိုက်၏။

'သိပ်မှန်တာပေါ့ဗျာ၊ အဲဒီ ပုဂ္ဂိုလ်တွေထဲမှာ ဖရက်ဒ် ဆန်ဂါလည်း ပါတယ်၊ သူက အင်ဆူလင် မော်လီကျူးထဲမှာ ပါတဲ့ အမိုင်နို အက်ဆစ် ဖွဲ့စည်းပုံကို အပေါ်ထပ်က ဓာတ်ခွဲခန်းထဲမှာ ရှာတွေ့ခဲ့တာပါ၊ ဒါပေမဲ့ ဘာပဲပြောပြော ခင်ဗျားတို့ တွေ့ဖူးတဲ့ ဓာတ်ခွဲခန်းတွေနှင့် ကျွန်တော်တို့ သုံးနေတဲ့ ဓာတ်ခွဲခန်းတွေ တူမှာတော့ မဟုတ်ဘူး'

ဖဲလ်ဒင်း ရှော့သ်မှ ကျယ်ကျယ်ဝန်းဝန်း သန့်သန့်ရှင်းရှင်းနှင့် ပစ္စည်း ပစ္စယ ပြည့်စုံလှသော ဓာတ်ခွဲခန်းများကို ပြန် သတိ ရလိုက်သော စီလီယာက ပြောလိုက်၏။

'ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ဟုတ်တယ်'

မာတင် ပိစမစ်သည် ခွေးခြေ နှစ်လုံးကို ယူလာပြီး သူနှင့် ဆမ်က ခွေးခြေ တစ်လုံးစီပေါ်တွင် ထိုင်ကြသည်။

စီလီယာကိုမူ ကုလားထိုင်ပေါ်တွင် ထိုင်နိုင်းသည်။

'ကျွန်တော် ဒီမှာ ကြိုးစားနေတဲ့ ကိစ္စမှာ သိပ္ပံပညာရဲ့ ပြဿနာတွေသာမက အင်မတန် ကြီးမား ခက်ခဲတဲ့ နည်းပညာတွေလည်း ပါဝင် ရောစွက်နေတယ် ဆိုတာကို ပြောပြထားမှ တရား မျှတလိမ့်မယ် ထင်တယ်၊ အခု ကျွန်တော်တို့ ရှာရမယ့် ကိစ္စက ဦးနှောက် ကလာပ်စည်းတွေရဲ့ အလယ် ဗဟိုမှာ ရှိတဲ့ နျူကလီးယားတွေကို ပက်ပ်တိုက်ဒ်နှင့် ပရိုတိန်းတွေ မွေးထုတ်ပေးတဲ့ ကလာပ်စည်းတွေနှင့် ဆက်သွယ် ပေါင်းစပ်နိုင်မယ့် နည်းလမ်းကို ရှာဖွေဖို့ပဲ'

သူသည် သူ ပြောပြနေသော ရှင်းလင်းချက်များတွင် စိတ်ပါဝင်စားလာပြီ ဖြစ်သဖြင့် သိပ္ပံပညာရပ် ဆိုင်ရာ ဝေါဟာရများကို သုံးစွဲ၍ ဆက်လက် ပြောဆို သွားလေတော့သည်။

'အသက် ငယ်တဲ့ ကြွက်တွေနှင့် အသက် ကြီးတဲ့ ကြွက်တွေဆီက အမ်အာအင်အေတွေကို ရောစပ်ပြီး အာအင်အေ တင်းပလိပ်တွေကို ပရိုတိန်း ထုတ်လုပ်ခွင့် ပေးလိုက်၊ အဲဒီ နောက်ပိုင်းကျတော့ ပရိုတိန်းတွေကို အီလက်ထရိုဖိုရီးစစ် နည်းနှင့် ခွဲထုတ်လိုက်၊ အဲဒီနောက်တော့ အာအင်အေနှင့် ဒီအင်အေ ပေါင်းစပ် မသွားဘူး ဆိုရင် အသက် ကြီးတဲ့ ကြွက်တွေဟာ မျိုးရိုးဗီဇနှင့်

ပတ်သက်တဲ့ အရည်အချင်းတွေ ကုန်ခန်း သွားပြီလို့ ဆိုရလိမ့်မယ်၊ ဒီတော့ ဘယ် ပက်ပ်တိုက်ဒ်တွေက ပြောင်းလဲ နေကြသလဲ ဆိုတာကို စတင်ပြီး လေ့လာကြရမယ်၊ နောက်ဆုံးကျတော့ ကျွန်တော်က တစ်ခုတည်းသော ပက်ပ်တိုက်ဒ်ကို ရှာရတော့မယ်'

သူ ပြောနေသော စကားသည် တစ်နာရီကျော်ကျော် ကြာမြင့်သွားသည်။ ဆမ်ကလည်း တစ်ခါတစ်ရံတွင် အဓိပ္ပာယ် ရှိသော အသေးစိတ် အချက်အလက်ကလေးများကို ဝင် ဝင် မေးတတ်ပေသည်။

မာတင် ပိစမစ်၏ စိတ်ဓာတ် တက်ကြွမှုက သူတို့ နှစ်ယောက်စလုံးကို ဖမ်းစားထားသည်။ သူ့အပေါ်တွင် တဖြည်းဖြည်းနှင့် လေးစားလာကြသည်။

သူ ဆွေးနွေးနေသည့် စကား ပြီးဆုံးခါနီး အချိန်တွင် မာတင် ပိစမစ်က လှောင်အိမ် တစ်ခုထဲမှာ အိပ်ပျော်နေသော ကြွက်ကြီး တစ်ကောင်ကို လက်နှင့် ထိလိုက်ပြီးနောက်

'ဒီအကောင်ကြီးကတော့ အသက် နှစ်နှစ်ခွဲ ရှိနေပြီ၊ လူ့အသက်နှင့် ဆိုရင် အသက် ခုနစ်ဆယ်နှင့် ရွယ်တူပဲ၊ ဒီကနေ့ဟာ သူ့အတွက် နောက်ဆုံးနေ့ပေါ့၊ နက်ဖြန်ခါကျရင် သူ့ကို သတ်ပြီး သူ့ ဦးနှောက်ရဲ့ ဓာတုဗေဒကို လွန်ခဲ့တဲ့ နှစ်ရက် သုံးရက်က မွေးတဲ့ ကြွက်တစ်ကောင်ရဲ့ ဦးနှောက်နှင့် ယှဉ်ကြည့်ရမယ်၊ ဒါပေမဲ့ ကျွန်တော်တို့ လိုချင်တဲ့ အဖြေကို သိရအောင် ကြွက်တွေ အများကြီး လိုမယ်၊ ဓာတုဗေဒ နည်းနှင့် အများကြီး ဓာတ်ခွဲ ကြည့်ရဦးမယ်၊ အချိန်တွေ အများကြီး လိုဦးမယ်'

ဆမ်က နားလည် သဘောပေါက်စွာနှင့် ခေါင်းညိတ်လိုက်၏။

'ကျုပ်တို့ကလည်း ကျုပ်တို့ အတွေ့အကြုံအရ အချိန် ကိစ္စကို နားလည်ထားပါတယ်၊ ကဲ ဒေါက်တာရေ၊ အတို ချုပ်ရမယ် ဆိုရင် ခင်ဗျားရဲ့ ရေရှည် ရည်မှန်းချက်ကို ဘယ်လိုများ ပြောပြနိုင်မလဲ'

ပိစမစ်သည် အဖြေ မပေးမီ စဉ်းစားလိုက်သည်။ ထို့နောက် ဂရုတစိုက် အဖြေ ပေးလိုက်၏။

'မျိုးရိုးဗီဇ ပညာရပ်နှင့် သုတေသန ဆက်လုပ်ရင်း လူငယ်တွေ အတွက် မှတ်ဉာဏ် ပိုကောင်းစေမယ့် ဦးနှောက် ပက်ပ်တိုက်ဒ်ကို တွေ့အောင် ရှာရမယ်၊ အဲဒီ ပက်ပ်တိုက်ဒ်ဟာ လူတွေ အသက် ကြီးလာတဲ့ အခါကျရင် လူ့ခန္ဓာကိုယ်က ထပ်ထုတ် မပေးတော့တဲ့ ပက်ပ်တိုက်ဒ် ဖြစ်ရမယ်၊ အဲဒီ ပက်ပ်တိုက်ဒ်မျိုးကို ရှာတွေ့ပြီး တသီးတခြား ဖြစ်အောင် ခွဲထုတ်နိုင်ပြီ ဆိုရင် ကျွန်





တော်တို့က မျိုးရိုး ဗီဇ ဗိသုကာ နည်းပညာနှင့် အဲဒီ ပက်ပ်တိုက်ဒ်မျိုးကို ထုတ်လုပ်နိုင်အောင် ကြိုးစားရမယ်၊ အဲဒီနောက်ပိုင်းကျရင် အသက် ကြီးငယ် မရွေး လူတိုင်း လူတိုင်းကို မှတ်ဉာဏ် နည်းတာမျိုး မဖြစ်အောင် မေ့တတ် လျော့တတ်တာမျိုး မဖြစ်အောင် ပြီးတော့ ကုန်ကုန် ပြောရရင် စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှုမျိုး ဖြစ်မလာအောင် ကုသ ပေးနိုင်ပါလိမ့်မယ်'

သူ အကျဉ်းချုပ်၍ တင်ပြလိုက်ပုံမှာ ယုံကြည် စိတ်ချမှု အပြည့်အဝ ပါဝင်သောကြောင့် အထင်ကြီးစရာ ကောင်းလှပါသည်။ သို့တိုင်အောင် ကြွားဝါ၍ ပြောနေပုံ အလျှင်း မပါရှိပါ။

အတန်ငယ် ကြာမှ ဆမ် ဟော်သုန်းက ပြောလိုက်၏။

'ဒေါက်တာ ပိစမစ်၊ ခင်ဗျား တောင်းခံထားတဲ့ ထောက်ပံ့ငွေကို ခင်ဗျား ရပါပြီ၊ အခု အချိန်က စပြီး ခင်ဗျား တောင်းခံထားတဲ့ ပမာဏ အတိုင်း ပေးဖို့ သဘော တူလိုက်ပါပြီ'

ပိစမစ် ဦးနှောက် ခြောက်သွားပုံ ရသည်။

'ခင်ဗျား ဆိုလိုတာက အဲဒီလောက် အထိ လွယ်ကူပါသလားဗျာ'

ဆမ် ဟော်သုန်း ပြုံးရမည့် အလှည့်ပင်တည်း။

'ဖဲလ်ဒင်း ရှော့သ်ရဲ့ ဥက္ကဋ္ဌ တစ်ယောက် အနေနှင့် ကျုပ်မှာ အာဏာ အချို့ အဝက် ရှိပါတယ်၊ တစ်ခါတလေကျရင် အဲဒီ အာဏာကို သုံးစွဲခွင့် ရတဲ့ အတွက် အရသာ ရှိလှပါတယ်၊ စည်းကမ်းကတော့ ခုလို ကိစ္စမျိုးမှာ ခင်ဗျားရဲ့ တိုးတက်မှုကို ကျုပ်တို့က မျက်ခြည်မပြတ် သိနေချင်ပါတယ်၊ ပြီးတော့လည်း ခင်ဗျား ထုတ်လုပ်နိုင်မယ့် ဘယ်ဆေးဝါး မဆို ကျုပ်တို့ ကုမ္ပဏီက ပထမဦးဆုံး ထုတ်လုပ်ချင်တယ် ဆိုတာပါပဲ'

ပိစမစ် ခေါင်းညိတ်သည်။

'ဟုတ်တာပေါ့ဗျာ၊ အဲဒါကို နားလည်ပါတယ်'

သူ အူကြောင်ကြောင် ဖြစ်နေပုံ ရသည်။

ဆမ်က လက်ကမ်းပေးလိုက်၏။

'ချီးကျူးပါတယ် ဗျာ၊ ကံကောင်းပါစေ'

နောက်ထပ် နာရီဝက် ကြာသောအခါ လက်ဖက်ရည် သောက်ချိန်သို့ ရောက်ရှိပြီ ဖြစ်သဖြင့် မာတင် ပိစမစ်၏ ဖိတ်ကြားချက် အရ ဘီစကစ်နှင့် လက်ဖက်

ရည်များ ရနိုင်သော အထက်ထပ်သို့ သုံးယောက်စလုံး တက်လာခဲ့ကြသည်။ သူတို့သည် လက်ဖက်ရည် ပန်းကန်များကို ထိန်း၍ ကိုင်ရင်း အခန်းကျယ်ကြီး၏ ထောင့်တစ်နေရာတွင် နေရာ ယူလိုက်ကြ၏။

ထိုအခန်းထဲတွင် သိပ္ပံပညာရှင် အသက်အရွယ် မျိုးစုံ၊ ပုံစံ မျိုးစုံ၊ လိင်မျိုးစုံ၊ အရွယ်အစား မျိုးစုံ ရှိနေကြသည်။ သူတို့ ပြောဆိုနေကြသော စကားများကမူ လုံးဝ သိပ္ပံ မဆန်ကြပါ။ အုပ်စု တစ်ခုမှာမူ မာလွန် ဘရန်ဒိုနှင့် အလ် ပါစီနိုတို့ ပါဝင်သော ဂေါ့ဒ်ဖားသား ရုပ်ရှင်ကားကို ဆွေးနွေး နေကြသည်။

စီလီယာက မေးလိုက်၏။

'အမြဲတမ်း ဒီလို ပုံစံပဲလား'

မာတင် ပိစမစ် သဘောကျနေပုံ ရသည်။

'ထုံးစံပါပဲ၊ ဒီကို အားလုံးလိုလို လာကြတယ်၊ အဲဒီ အချိန်ဟာ ကျွန်တော်တို့ အားလုံး ဆုံနိုင်တဲ့ အချိန်ပဲ'

ဆမ်ကလည်း ပြောလိုက်သည်။

'ဒီ အဆောက်အအုံထဲမှာ ရှိနေတဲ့ အနေအထားကတော့ သီးသီးသန့်သန့် နေလို့ မရမယ့် ပုံစံပဲ'

မာတင် ပိစမစ် ပခုံး တွန့်လိုက်သည်။

'တစ်ခါ တစ်ခါကျရင် အဲဒါက စိတ် ရှုပ်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ အကျင့် ပါသွားတာပါပဲဗျာ'

'ဒါပေမဲ့ ခင်ဗျား အတွက် အကျင့် ပါသွားဖို့ လိုအပ်လို့လားဗျာ'

မာတင် ပိစမစ်ထံမှ အဖြေ မရသောအခါ ဆမ်က ခပ်တိုးတိုး ထပ်ပြောလိုက်ပြန်၏။

'ခင်ဗျား လက်ရှိ လုပ်ကိုင်နေတဲ့ အလုပ်ကို ပိုကောင်းတဲ့ အနေအထား၊ ပိုကောင်းတဲ့ ပစ္စည်း ပစ္စယ၊ ပိုများပြားတဲ့ အကူအညီတွေနှင့် လုပ်ဖို့ ကိုင်ဖို့များ စိတ်ဝင်စားမလား မသိဘူး'

မာတင် ပိစမစ်က မပြုံးတပြုံးနှင့် ပြန်မေးလိုက်၏။

'ဘယ်နေရာက ပိုကောင်းတဲ့ အနေအထားမျိုးလဲ'

'ကျုပ် အကြံပြုနေတာက အေးလေ ခင်ဗျားလည်း ကြိုတွေးမိပြီးသား ဖြစ်မှာပါ၊ အဲဒါက ခင်ဗျား ကင်းဘရစ်ချ် ယူနီဗာစီတီကို စွန့်ခွာခဲ့ပြီး ကျုပ်တို့နှင့် ဖဲလ်ဒင်း ရှော့သ်မှာ လာ အလုပ် လုပ်ဖို့ပဲ၊ နေရာကတော့ ကျုပ်တို့ရဲ့





အစီအစဉ် အရ ဒီ ဗြိတိန် နိုင်ငံထဲမှာပဲ ဖြစ်ပါလိမ့်မယ်၊ ခင်ဗျား အတွက်လည်း အကျိုး ကျေးဇူးတွေ ပိုများလာပါလိမ့်မယ်'

'ခွင့်ပြုပါဗျာ'

မာတင် ပိစမစ်က စိတ်ပူသော လေသံနှင့် ဖြတ်ပြောလိုက်၏။

'ကျွန်တော် တစ်ခု မေးပါရစေ'

'ရပါတယ်'

'ခင်ဗျားတို့ ကုမ္ပဏီက ထောက်ပံ့ကြေး ပေးမယ် ဆိုတာ အဲဒီ အချက်ပေါ်မှာ အခြေခံပါသလား'

'လုံးဝ မဆိုင်ပါဘူးဗျာ၊ နှောင်ကြိုး လုံးဝ မပါတဲ့ ထောက်ပံ့ငွေကို ခင်ဗျား ရပြီးပါပြီ၊ အဲဒါ အတွက် ကျုပ် ကတိပေးပါတယ်'

'ကျေးဇူးတင်ပါတယ်ဗျာ၊ ရုတ်တရက် ဆိုတော့ ကျွန်တော် စိတ်ပူသွားမိတယ်၊ ကျွန်တော်က ဘာကြောင့် ဆိုတာတွေကို အကုန်လုံး ဖွင့်မပြောချင်ပါဘူး၊ ကျွန်တော်က သိပ္ပံပညာရှင် ဆိုတော့ စီးပွားရေး ဆိုင်ရာ ဖိအားပေးမှုတွေ မပါဘဲ ကိုယ် လုပ်ချင်တာကိုပဲ သုတေသန ဆက်လုပ်ချင်စိတ် ရှိပါတယ်'

'ခင်ဗျား ကျုပ်တို့ဆီမှာ လွတ်လွတ်လပ်လပ် လုပ်နိုင်မှာပါ'

ဆမ်က စပြောသော်လည်း မာတင် ပိစမစ်က ခေါင်းခါသောကြောင့် ရပ်တန့်သွားရတော့သည်။

'စီးပွားရေးဆိုင်ရာ ရှုထောင့်တွေကို ထည့် စဉ်းစားရမှာပါပဲဗျာ၊ ဟုတ်တယ် မဟုတ်လား'

ဆမ်က ဝန်ခံလိုက်၏။

'အခါအားလျော်စွာ ထည့်စဉ်းစားရမှာပေါ့ဗျာ၊ ကျုပ်တို့က စီးပွားရေး လုပ်နေကြတာကိုး'

'သိပ်မှန်တယ်၊ ဒါပေမဲ့ စီးပွားရေး ဆိုင်ရာ ရှုထောင့် ဆိုတာ ဒီမှာ လုံးဝ မရှိဘူး၊ ပညာ ရှာဖွေတဲ့ သိပ္ပံ သုတေသန လုပ်ငန်း သက်သက်ပဲ၊ ကျွန်တော်က အဲဒီ ပုံစံပဲ ဖြစ်ချင်တယ်၊ လက်ဖက်ရည် ထပ်ယူကြဦးမလား'

'ဟင့်အင်း တော်ပါပြီ'

စီလီယာက ပြောလိုက်၏။ ဆမ်ကလည်း ခေါင်းခါသည်။ သူတို့က ပြန်ရန် မတ်တတ် ရပ်လိုက်ကြ၏။

အပြင်ဘက်ရှိ ဂျက်ဂွာ မော်တော်ကား အနီးသို့ ရောက်သောအခါ မာတင် ပိစမစ်က သူတို့ကို ပြောလိုက်သည်။

'အလုပ် ပေးမယ် ဆိုတဲ့ ကမ်းလှမ်းချက် အပါအဝင် အားလုံး အတွက် ကျေးဇူး တင်ပါတယ်၊ စီလီယာ ခင်ဗျားကိုလည်း ကျေးဇူး တင်ပါတယ်၊ ကင်းဘရစ်ချ် တက္ကသိုလ်ဟာ ဒီ အဆောက်အအုံက လွဲရင် အင်မတန် သာယာပါတယ်ဗျာ၊ ကျွန်တော် ဒီမှာပဲ ဆက်နေပါ့မယ်'

'ဒီကို လာရတာ ကြည်နူးမိပါတယ်၊ ကျုပ်တို့နှင့် အလုပ် မလုပ်ဖို့ ဆုံးဖြတ်တာနှင့် ပတ်သက်ပြီး စိတ်မကောင်း ဖြစ်မိပေမဲ့ ကျုပ် နားတော့ လည်ပါတယ်ဗျာ'

ဆမ်က မော်တော်ကားထဲသို့ ဝင်လိုက်၏။ သူ့ နောက်ဘက် ထိုင်ခုံတွင် ထိုင်နေသော စီလီယာက ပြတင်းပေါက် မှန်ကို ချ၍ မာတင်အား ပြောလိုက်သည်။

'ကင်းဘရစ်ချ်ဟာ အင်မတန် လှတဲ့ နေရာပဲ၊ ကျွန်မ ဒီကို အလျင်က မရောက်ဖူးဘူး၊ ကျွန်မ ထပ်ကြည့်ခွင့် ရပါစေလို့ ဆုတောင်းမိပါရဲ့'

'ဗျာ ခဏ နေစမ်းပါဦး'

မာတင်က ပြောလိုက်၏။

'ခင်ဗျားက ဗြိတိန်မှာ ဘယ်လောက်ကြာကြာ နေဦးမှာလဲ'

'နောက်ထပ် နှစ်ပတ်လောက် ဆိုပါတော့'

'ဒါဆိုရင် တစ်ရက်လောက် ပြန်လာခဲ့ပါလား၊ ဒီကို လာဖို့ လွယ်ပါတယ်၊ ကျွန်တော်က ခင်ဗျားကို ဝမ်းမြောက် ဝမ်းသာစွာနှင့် လိုက်ပြမှာပါ'

'ကျွန်မကလည်း သိပ် လာချင်ပါတယ်'

ဆမ် ဟော်သုန်းက မော်တော်ကားကို စက်နှိုးလိုက်စဉ် နောက်ထပ် ဆယ်ရက် အကြာ တနင်္ဂနွေနေ့တွင် လာလည်ရန် ချိန်းဆို လိုက်ကြလေ၏။

လန်ဒန်သို့ ကားမောင်း၍ ပြန်လာကြစဉ် အတွေး ကိုယ်စီနှင့် ငြိမ်နေကြသည်။

ထို့နောက် စီလီယာက ညင်ညင်သာသာကလေး မေးလိုက်၏။

'ရှင် သူ့ကို သုတေသန ဌာန အကြီးအကဲ အဖြစ် လိုချင်တယ် မဟုတ်လား'

'လိုချင်တာပေါ့၊ သူက သိပ်ထူးချွန်တယ်၊ ပါရမီရှင် တစ်ယောက်လို့တောင် ကျုပ် ထင်မိတယ်၊ ကျုပ် တွေ့ပြီးသမျှ ပုဂ္ဂိုလ်တွေထဲမှာ သူ အတော်ဆုံးပဲ၊ ဒါပေမဲ့ စီလီယာ၊ သူ့ကို ကျုပ်တို့ မရပါဘူး၊ သူက ပညာရှင် ဘဝမှာပဲ





ပျော်ပိုက်မယ့် လူ၊ သူ ပြောတာ ကြားတယ် မဟုတ်လား၊ သူ့စိတ်ကို ဘယ်လို ကိစ္စမျိုးကမှ ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး'

စီလီယာက တွေးတွေးဆဆနှင့် ပြောလိုက်၏။

'ကျွန်မက အဲဒါကိုပဲ တွေးကြည့်နေမိတာပေါ့ရှင်'

## ၁၀

ထိုနေ့ နောက်ပိုင်း ရက်များသည်ကား ဆမ်နှင့် စီလီယာတို့ အဖို့ ဟာလိုးရှိ ဖဲလ်ဒင်း ရော့သ် သုတေသန ဌာန အတွက် ရုပ်ပိုင်းဆိုင်ရာ ရှုထောင့်မှ စေ့စပ်ပြည့်စုံအောင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းများနှင့် အလုပ် ရှုပ်နေခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရသည့် လုပ်ငန်းမှာ လိုအပ်သဖြင့် ဆောင်ရွက်ရခြင်း ဖြစ်သော်လည်း စိတ်ကျေနပ်စရာတော့ မဟုတ်ပါ။

သူတို့ နှစ်ယောက်စလုံးက မာတင် ပိစမစ်သည် သုတေသန ဌာန အတွက် အသင့်လျော်ဆုံး ညွှန်ကြားရေးမှူး ဖြစ်ကြောင်း ယုံကြည် နေကြသော်လည်း မာတင် ပိစမစ်သည် ပညာရှင် လောကမှ ဆေးဝါး စက်မှု လုပ်ငန်းသို့ ကူးပြောင်း လာလိမ့်မည် မဟုတ် ဆိုသော ဆမ် ဟော်သုန်း၏ ယုံကြည်မှုကြောင့် မချင့်မရဲ ဖြစ်နေမှုက လွှမ်းမိုး နေလေ၏။

ကင်းဘရစ်ချ် တက္ကသိုလ်မှ ပြန်လာခဲ့ကြသော ရက်သတ္တပတ် အတွင်းတွင် ဆမ် ဟော်သုန်းက

'ကျုပ် တခြား ပုဂ္ဂိုလ် အတော်များများနှင့် တွေ့ပြီးပါပြီ၊ ဒါပေမဲ့ ပိစမစ်ရဲ့ အရည်အချင်းကို တစ်ယောက်မှ မမီကြဘူး၊ ကံဆိုးချင်တော့ ပိစမစ်က အားလုံးကို စိတ်ပျက်အောင် လုပ်ပစ်ခဲ့တယ်' ဟု ပြောခဲ့လေသည်။

စီလီယာက သူ မာတင် ပိစမစ်နှင့် တွေ့ဆုံရန် ရှိသေးကြောင်း သတိထပ်ပေးလိုက်သည်။ ဆမ် ဟော်သုန်းက မာတင် ပိစမစ်နှင့် စီလီယာ စကားပြောသည့် အခါ ငွေကြေးကိစ္စကို ထည့် မပြောရန်နှင့် အကယ်၍ ငွေကြေးအကြောင်း ပြောလိုက်မည် ဆိုပါက အမေရိကန်များသည် ကမ္ဘာပေါ်ရှိ ပစ္စည်းမှန်သမျှကို ဒေါ်လာနှင့် ဝယ်၍ ရသည်ဟု အထင် ရောက်နေသူများ ဖြစ်သည်ဟု ယူဆ သွားလိမ့်မည် ဖြစ်ကြောင်း မှာကြားလိုက်လေသည်။

စီလီယာက မေးမြန်းလိုက်၏။

'ကျွန်မ စိတ်ဝင်စားလို့ မေးကြည့်ပါရစေ၊ ပေးမယ့် ငွေကြေး ပမာဏ က ဘယ်လောက်ပါလိမ့်'

'ကျုပ် သိရသလောက် ဆိုရင် မာတင် ပီစမစ်ဟာ တစ်နှစ်ကို စတာလင် ပေါင် နှစ်ထောင့် လေးရာ ရနေတယ်၊ အဲဒါက အမေရိကန် ဒေါ်လာ ခြောက်ထောင်လောက် ရှိတယ်၊ သူ့ကို လခ ပေးမယ် ဆိုရင် ကျုပ်တို့က လေးဆ ဒါမှမဟုတ် ငါးဆလောက် ပေးမယ် ဆိုကြပါစို့၊ ဒေါ်လာ နှစ်သောင်း ငါးထောင်က သုံးသောင်း အထိ၊ ပြီးတော့ ဘောနပ်စ်လည်း ထပ်ရဦးမယ်'

စီလီယာက လေချွန်လိုက်၏။

'အဲဒီလောက် ကွာဟလိမ့်မယ်လို့ ကျွန်မ မထင်မိဘူး'

'ဒါပေမဲ့ ပညာရှင် လောကက ပုဂ္ဂိုလ်တွေ သိကြပါတယ်၊ သိလျက်သားနှင့် လွတ်လပ်မှုကို လိုချင်လို့ ပညာရှင် လောကမှာပဲ ဆက်နေကြတာ ပေါ့'

ဆမ် ဟော်သုန်းနှင့် ဆွေးနွေးရသည်ကို အားမရသော စီလီယာသည် ကင်းဘရစ်ချ်သို့ မသွားမီ အကြိုနေ့ ဖြစ်သော စနေနေ့တွင် အင်ဒရူးနှင့် ကလေးများထံ တယ်လီဖုန်းနှင့် ဆက်သွယ် စကား ပြောရင်း ထိုကိစ္စကိုပင် အင်ဒရူးနှင့် ဆွေးနွေးဖြစ်ပြန်၏။

အင်ဒရူးက မေးလိုက်၏။

'သူ စိတ် ပြောင်းလဲသွားလိမ့်မယ်လို့ မင်း ထင်သလား'

'အခြေအနေ ပေးလာခဲ့ရင် ဖြစ်နိုင်လိမ့်မယ်လို့ ထင်တာပဲ၊ အဲဒါက ဘာဖြစ်မလဲ ဆိုတာကိုတော့ ကျွန်မ မသိဘူး'

'မင်း ပြောပုံ အရ ပီစမစ်ဟာ ရိုးရိုးဖြောင့်ဖြောင့် ပုဂ္ဂိုလ်လို့ ကိုယ် နားလည်ထားတယ်'

'သိပ် ဟုတ်တာပေါ့'

'ဒါဆိုရင် သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ဆက်ဆံပါ၊ ရှုပ်ရှုပ်ထွေးထွေးနှင့် သူ့ကို ကျော့ဖို့ ကြံစည်ခဲ့ရင် မင်း ရည်ရွယ်ချက်တွေ ပျက်ပြားသွားလိမ့်မယ်၊ ဒီတော့ ငွေ အကြောင်း ပြောဖို့ သဘောကျတယ် ဆိုရင် ဒါမှမဟုတ် တခြား ကိစ္စကို ပြောဖို့ ကြုံကြိုက်လာရင် ပြောသာ ပြောပေတော့'

ယခု တနင်္ဂနွေနေ့သို့ ရောက်လာလေပြီ။

စီလီယာသည် လန်ဒန်မှ ကင်းဘရစ်ချ်သို့ နံနက် စောစောပိုင်းတွင် ထွက်သော မီးရထား ပထမတန်းတွဲမှ လိုက်ပါလာခဲ့သည်။





စီလီယာသည် တစ်နာရီနှင့် ဆယ့်ငါးမိနစ် ကြာသော ခရီးတွင် သူ့အတွေးများကို စီကာ စဉ်ကာနှင့် ပြန်စဉ်းစားရန် အချိန် ရခဲ့လေသည်။

စီလီယာသည် လွန်ခဲ့သည့် နှစ်ပတ်က သူ ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် သူ ပြောခဲ့ရသော စကားတို့ကို ပြန်စဉ်းစားရင်း ဆမ် ဟော်သုန်းနှင့် အင်ဒရူးတို့၏ အကြံဉာဏ်များ အနက် မည်သူ့ အကြံဉာဏ်ကို ယနေ့ သုံးစွဲရမည်နည်းဟု တွေးနေမိသည်။ မာတင် ပီစမစ်နှင့် ဆုံတွေ့ရမည့် ကိစ္စသည် အပြင်ပန်းတွင် လူမှု ဆက်ဆံရေး ကိစ္စ တစ်ရပ် အဖြစ် ထင်ရသော်လည်း စီလီယာနှင့် ဖဲလ်ဒင်း ရှော့သ် အတွက် အရေးကြီးနိုင်ပေသည်။

'စကားပြော မလိမ္မာမှုကြောင့် ပျက်စီး မသွားပါစေနှင့်' ဆိုသော ဆမ် ဟော်သုန်း၏ သတိပေးချက်ကို သတိ ရလာမိပြန်၏။

မီးရထားကြီးသည် ကင်းဘရစ်ချ် ဘူတာရုံသို့ ခပ်ဖြည်းဖြည်း ဝင်ရောက်လာစဉ် မာတင် ပီစမစ်သည် ဘူတာရုံ ပလက်ဖောင်းပေါ်က အပြုံးကလေးနှင့် ကြိုဆိုနေလေသည်။

အသက် လေးဆယ့် တစ်နှစ်တွင် စီလီယာက သူသည် ကြည့်ကောင်းနေဆဲပင် ရှိသေးကြောင်း သိနေပါသည်။ သူ့စိတ်ထဲတွင်လည်း ထိုကဲ့သို့ ခံစား နေရသည်။ နူးညံ့သော အညိုရောင် ဆံပင်ကို ခပ်တိုတို ညှပ်ထားသည်။ သူ့ခန္ဓာကိုယ်က ကျစ်လျစ်ပြီး သေးသွယ်သည်။ အထူးတလည် သဘော ကောင်းနေသော ဗြိတိသျှ နွေရာသီကြောင့် သူ့ မျက်နှာကလည်း ကျန်းကျန်းမာမာနှင့် အညိုရောင် သန်းနေသည်။ ယနေ့လည်း နေသာနေပါသည်။

ယခုတလော စီလီယာ၏ ဆံပင်ထဲတွင် ဆံပင်ဖြူကလေးများကို တွေ့စပြုလာရသည်။ ဇရာ ထောင်းမှုကြောင့် စီလီယာ သောက ဖြစ်မိသော်လည်း တစ်ခါတစ်ရံတွင် စီလီယာသည် ဆံပင်ဖြူများကို လူ မမြင်အောင် ဆေးဆိုးထားတတ်ပေသည်။ လွန်ခဲ့သည့် ညကလည်း စီလီယာသည် ဆံပင်ကို ဆေးဆိုးခဲ့၏။

စီလီယာသည် နွေရာသီ၏ နေသာသော နေ့တစ်နေ့ အတွက် ဇာနှင့် ချုပ်ထားသော အတွင်းခံ ဂါဝန်ကို အောက်က ခံကာ အဖြူရောင်နှင့် အစိမ်းရောင် ချည်ထည် ပိုင်သား အင်္ကျီကို အပေါ်က ထပ်၍ ဝတ်ဆင်သည်။ စီလီယာသည် ဘောနှတ်ခမ်းသား ကြီးမား ကျယ်ပြန့်သော အဖြူရောင် မြက်ဦးထုပ်ကြီး တစ်

လုံးကို ဆောင်းထားပြီး အဖြူရောင် ခွာမြင့် ကြိုးသိုင်း ဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ ထိုအဝတ်အစား တစ်စုံလုံးကို လွှမ်းခဲ့သည့် အပတ်က လန်ဒန်မြို့ ဝက်စ်အင်း ရပ်ကွက်၌ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

မာတင် ပီစမစ်က နှုတ်ဆက်လိုက်၏။

'ဟယ်လို ခင်ဗျားက တော်တော် ကြည့်ကောင်းတာပဲ၊ ခင်ဗျား လာတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်'

'ရှင်ကိုယ်တိုင်လည်း ကြည့်ကောင်းပါတယ်လေ'

မာတင်က ရယ်လိုက်ပြီး လူငယ်ဆန်ဆန် ပြုံးပြလိုက်သည်။ သူသည် နေဗီ အပြာရောင် ဘလေဇာ ကုတ်အင်္ကျီ၊ အဖြူရောင် ဖလန်နယ် ဘောင်းဘီနှင့် ရှပ်အင်္ကျီကို လည်ပင်း ကြယ်သီး မတပ်ဘဲ ဝတ်ဆင်ထားသည်။

သူတို့ ဘူတာရုံထဲမှ ထွက်လာချိန်တွင် စီလီယာက သူ့လက်ကို ပီစမစ်၏ လက်နှင့် ချိတ်ထားလိုက်သည်။

'ကျွန်မတို့ ဘယ်ကို သွားကြမလဲ'

'ကျွန်တော့် ကား အပြင်မှာ ရှိပါတယ်၊ ကျွန်တော်တို့ ဟိုနား ဒီနား လျှောက်မောင်းကြမယ်၊ ပြီးတော့ ကောလိပ် ကျောင်းတွေထဲကို ခြေကျင် ဖြတ်လျှောက် ကြမယ်၊ ပြီးမှ ပျော်ပွဲ စားကြမယ်'

'ကြားရတာကတော့ အားရစရာကြီးပဲ'

'ခင်ဗျား ဒီမှာ ရှိနေတုန်း ခင်ဗျား လုပ်ချင်တာ ကြည့်ချင်တာ ဘာ ရှိပါသေးသလဲ'

စီလီယာ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ ပြီးမှ

'ကျွန်မ ရှင့် အမေနှင့် တွေ့ချင်တယ်'

မာတင် ပီစမစ် တအံ့တဩ ဖြစ်သွားသည်။

'ကျွန်တော်တို့ လျှောက်ကြည့်ပြီးရင် ခင်ဗျားကို အိမ်ခေါ်သွားလို့ ဖြစ်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားက တကယ် သွားချင်တာလား'

'တကယ်ပါ'

မာတင်၏ မော်တော်ကားသည် အသက် အရွယ် မည်မျှ ကြီးရင့်နေပြီကို မသိနိုင်သော မီနီ ကားငယ်ကလေး တစ်စီး ဖြစ်သည်။

သူတို့ နှစ်ယောက်သည် မော်တော်ကားထဲသို့ ကျပ်ကျပ်တည်းတည်း ဝင်လိုက်ကြပြီးနောက် ကင်းဘရစ်ချ် လမ်းဟောင်းများပေါ်တွင် ကွေ့ပတ်၍ မောင်းနှင်ခဲ့ကြပြီး ကွင်းစ်လမ်းတွင် ရပ်တန့်လိုက်သည်။





'ကျွန်တော်တို့ ဒီက စပြီး လမ်းလျှောက်ကြမယ်'

သူတို့သည် ကင်းစ် တံတားသို့ သွားသော ခြေလမ်းကလေး အတိုင်း လျှောက်ခဲ့ကြပြီး ကင်မြစ်ကို တံတားပေါ်မှ ကျော်ဖြတ်လိုက်ကြသည်။

စီလီယာသည် တံတားပေါ်တွင် ရပ်တန့်လိုက်ပြီး နံနက်ပိုင်း၏ တောက်ပသော နေရောင်ခြည်ကို လက်နှင့် ကာ၍ ကြည့်ရင်း တအံ့တဩ ပြောလိုက်၏။

'ကျွန်မတော့ ဒါ့ထက် ပိုလှတဲ့ မြင်ကွင်းကို သိပ်မတွေ့ဖူးဘူး'

သူ့နံဘေးတွင် ရှိနေသော မာတင်က ပြောလိုက်သည်။

'ကင်းစ် ကောလိပ် ဘုရား ရှိခိုးကျောင်းလေ၊ ကြည့်လို့ အကောင်းဆုံး နေရာပေါ့'

သူတို့ ရှေ့တည့်တည့်တွင် ကျက်သရေ ရှိသော မြက်ခင်းများနှင့် အရိပ်အာဝါသ ရသော သစ်ပင်များ၊ ထို့နောက်ဘက်တွင် ဘုရားရှိခိုးကျောင်းကြီးကို မြင်နေရသည်။

မာတင်က ပြောလိုက်ပြန်၏။

'ကျွန်တော်က လမ်းပြ ရာထူးကို ယူပါရစေ၊ ကျွန်တော်တို့ တက္ကသိုလ်ဟာ အင်မတန် ရှေးကျပါတယ်၊ ၁၄၄၁ ခုနှစ်မှာ အခု ကျွန်တော်တို့ မြင်နေရတာတွေကို ဆဋ္ဌမမြောက် ဟင်နရီ ဘုရင်က စတင် တည်ဆောက်ခဲ့ပါတယ်၊ တောင်ဘက်မှာ ရှိတဲ့ ပီတာ ဟောက်စ်ကတော့ ပိုပြီး အသက် ကြီးပါတယ်၊ ၁၂၈၄ ခုနှစ်မှာ ပညာ ရှာမှီးရာ ကင်းဘရစ်ချ် အဖြစ် စတင် တည်ထောင်ခဲ့ပါတယ်'

သူတို့သည် နှစ်နာရီ ကျော်ကျော် ကြာအောင် ကားမောင်းလိုက် လမ်းလျှောက်လိုက်နှင့် တစ်လှည့်စီ လုပ်ခဲ့ကြသည်။

နောက်ဆုံးတွင် မီနီ မော်တော်ကားထဲသို့ ပြန်ဝင်လိုက်ကြသည်။

မာတင်က လေးလေးနက်နက် ပြောလိုက်သည်။

'ဒါလောက်ဆို တော်လောက်ပါပြီ၊ ကျန်တာတွေကိုတော့ နောက် တစ်ကြိမ် အတွက် ထားလိုက်ဦးမယ်'

မာတင်၏ မျက်နှာသည် ဖြူန်းခနဲ လေးလေးနက်နက် ပြန်ဖြစ်လာပြန်၏။

'ခင်ဗျားက ကျွန်တော့် မိဘတွေကို တွေ့ချင်သေးသလား၊ ကျွန်တော်ကြို သတိ ပေးလိုက်မယ်နော်၊ ကျွန်တော့် အမေက ကျွန်တော်တို့ နှစ်ယောက်စလုံးကို ဘယ်သူ ဘယ်ဝါလို့ သိမှာ မဟုတ်ဘူး၊ အဲဒါက တော်တော် စိတ်မာတ် ကျစရာ ကောင်းတယ်'

'ကျွန်မ တွေ့ချင်တုန်းပါပဲရှင်'

မာတင် ပိစမစ်၏ မိဘများ နေထိုင်သော တိုက်ကတုံးကလေးသည် 'ကိုက်' ဟု အမည်တွင်သော ခရိုင်ထဲတွင် ရှိသည်။ မာတင်သည် မော်တော်ကားကို အပြင်ဘက် လမ်းပေါ်တွင် ရပ်တန့်လိုက်ပြီးနောက် အိမ်တံခါးကို သော့နှင့် ဖွင့်၍ ဝင်လိုက်သည်။

သူက မှောင်နေသော စင်္ကြံလမ်းထဲသို့ လှမ်းအော်၍ ပြောလိုက်၏။

'ဒက်ဒီ ကျွန်တော်ပါ၊ ဧည့်သည် တစ်ယောက်လည်း ပါလာတယ်'

ခြေသံ တရှပ်ရှပ်ကို ကြားရပြီးနောက် တံခါး ပွင့်လာပြီး အရောင် လွင့်နေသော ဆွယ်တာ ခပ်ပွပွနှင့် ဇင်သား ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည့် အဘိုးကြီး တစ်ယောက် ပေါ်လာသည်။ သူ အနီးသို့ ရောက်လာသော အခါ အဖေနှင့် သားတို့၏ ရုပ်ရည်ချင်း ဆင်တူမှုကြောင့် စီလီယာ အထိတ်တလန့် ဖြစ်သွားရသည်။ မာတင်၏ ဖခင်သည် မာတင်ကဲ့သို့ ကိုယ်လုံး ကိုယ်ပေါက် ခပ်တောင့်တောင့်နှင့် အသက်အရွယ်ကြောင့် ပါးရေ တွန့်နေသော်လည်း ခပ်ကြမ်းကြမ်းနှင့် လေးထောင့်ကျသော မေးရိုး ပိုင်ရှင် ဖြစ်သည်။ သူနှင့် မိတ်ဆက် ပေးလိုက်သော အခါ ဖြစ်ပေါ်လာသော ရှိုးတိုးရှန့်တန့် အပြုံးသည် မာတင် ပိစမစ်နှင့် ဆင်တူလှသည်။

အဘိုးကြီး စကား ပြောလိုက်သော အခါတွင်မူ သူ မြင်ခဲ့ရသော တူညီမှုတို့သည် ပျောက်ကွယ် သွားကြလေတော့သည်။ သူ့ အသံသည် တောသားကြီး တစ်ယောက်၏ လေသံပမာ ခပ်ဝဲဝဲနှင့် ကြမ်းတမ်းနေသည်။ သဒ္ဒါ မမှန်သော ဝါကျများကလည်း ပညာ နည်းပါးမှုကို ဖော်ပြနေသည်။

အဘိုးကြီးက စီလီယာကို ပြောလိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

သူ့ သားကိုလည်း ပြောလိုက်၏။

'မင်း လာမယ် ဆိုတာ မသိရဘဲကိုး၊ မင်း မာမီကို အင်္ကျီ ဝတ်ပေးပြီးခါစပဲ ရှိသေးတယ်၊ သူ ဒီကနေ့ နေလို့ သိပ်မကောင်းဘူး'

'ကျွန်တော်တို့ ကြာကြာ မနေပါဘူး ဒက်ဒီရာ'

မာတင်က စီလီယာကို ပြောလိုက်၏။

'အယ်လ်ဇိုင်းမားက ဒက်ဒီကို တော်တော် ဒုက္ခပေးနေတယ်၊ အဲဒါက





တော့ ထုံးစံပဲ၊ ဒီ ရောဂါက လူနာထက် အိမ်သားတွေကို ပို ဒုက္ခ ပေးလေ့ ရှိတယ်'

ခမ်းခမ်းနားနား မရှိလှသော သူလို ငါလို ဧည့်ခန်းထဲသို့ ဝင်သွားကြစဉ် မစ္စတာ ပိစမစ်က စီလီယာကို မေးလိုက်သည်။

'တစ်ပန်းကန်လောက် သောက်ချင်သလား'

'လက်ဖက်ရည် သောက်မလားလို့ မေးတာပါ'

မာတင်က ဘာသာ ပြန်ပြလိုက်ခြင်း ဖြစ်သည်။

'ကျေးဇူး တင်ပါတယ်၊ လျှောက်ကြည့်လာရတဲ့ အတွက် ကျွန်မလည်း ရေငတ်နေပါတယ်'

မာတင်၏ ဖခင် မီးဖိုခန်းကလေးထဲသို့ ဝင်သွားစဉ် မာတင်သည် ပန်းရိုက် ကုလားထိုင်ဖုံး ဖုံးထားသည့် ဆိုဖာကြီး တစ်လုံးပေါ်၌ ထိုင်နေသော ဆံပင် ဖြူဖြူနှင့် အမျိုးသမီးကြီး၏ နံဘေး၌ ဒူးထောက် ထိုင်ချလိုက်၏။

သူတို့ ဝင်လာချိန်က စ၍ ထိုအမျိုးသမီးကြီးသည် မလှုပ်ရှားသေးချေ။ မာတင်သည် ထိုအမျိုးသမီးကြီးကို လက်နှစ်ဖက်နှင့် ပွေ့ဖက်လိုက်ပြီး ယုယုယယ နမ်းလိုက်သည်။

ထိုအမျိုးသမီးကြီးသည် တစ်ချိန်က ချောမောခဲ့ပုံ ရသည်ဟု စီလီယာ တွေးလိုက်မိသည်။ သူ့ဆံပင်ကို သေသပ်စွာ ဖြီးပေးထားသည်။ သူ့သားက နမ်းလိုက်ချိန်တွင် အနည်းငယ် တုံ့ပြန်ပုံ ရပြီး ပြုံးသည် ဆိုရုံကလေး ပြုံးလိုက်သည်။

'မာမီ၊ ကျွန်တော် မာမီ့သား မာတင်ပါ၊ ဒီ အမျိုးသမီးက စီလီယာ ဂျော်ဒန်၊ သူက အမေရိကန် နိုင်ငံကပါ၊ ကျွန်တော် သူ့ကို ကင်းဘရစ်ချ် တစ်ဝိုက်မှာ လိုက်ပြနေတယ်၊ သူက ကျွန်တော်တို့ မြို့ကို သဘောကျပါတယ်'

'ဟယ်လို မစ္စစ် ပိစမစ်၊ ကျွန်မကို လာလည်ခွင့် ပြုတဲ့ အတွက် ကျေးဇူး တင်ပါတယ်'

ဆံပင်ဖြူဖြူနှင့် အမျိုးသမီးကြီး၏ မျက်လုံးများသည် သိသလိုလိုနှင့် လှုပ်ရှားသွားသည်။ သို့ရာတွင် မာတင်က စီလီယာအား ပြောလိုက်၏။

'ဘာ အဓိပ္ပာယ်မှ ရှိတာ မဟုတ်ဘူး၊ မှတ်ဉာဏ်လည်း လုံးဝ မရှိတော့ဘူး၊ ဒါပေမဲ့ ကျွန်တော့် မာမီနှင့် ပတ်သက်လာရင် သိပ္ပံပညာကို မေ့ထားလိုက်ပြီး ကျွန်တော့်ကို သူ သိအောင် ကြိုးစားနေမိတာပါပဲ'

'ကျွန်မ နားလည်ပါတယ်'

စီလီယာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ နောက်မှ မေးလိုက်၏။

'ရှင် သုတေသန လုပ်နေတဲ့ ကိစ္စ တိုးတက်မှု ရှိလာခဲ့ရင် အခွင့်အရေးတော့ ရလာနိုင်...'

'သူ့ကို ကူညီဖို့လား'

မာတင်က ပြတ်ပြတ်သားသား အဖြေ ပေးလိုက်၏။

'လုံး၀ ကူညီလို့ မရတော့ပါဘူး၊ ဘာကိုပဲ ရှာတွေ့တွေ့ သေနေတဲ့ ဦးနှောက် ကလာပ်စည်းတွေကို ပြန်ရှင်လာအောင် လုပ်နိုင်မှာ မဟုတ်တော့ပါဘူး၊ တခြား ပုဂ္ဂိုလ်တွေကိုတော့ တစ်နေ့ကျရင် ကူညီနိုင်မှာပါ၊ ဒီအဆင့် အထိရောက်မလာသေးတဲ့ လူတွေကိုပေါ့'

'အဲဒီလို ကူညီနိုင်မယ် ဆိုတာကိုတော့ ရှင် သေသေချာချာ သိထားတယ် မဟုတ်လား'

'ကျွန်တော် ဒါမှမဟုတ် တစ်ယောက်ယောက်က ရှာတွေ့မယ် ဆိုတာ သေချာပါတယ်'

'ဒါပေမဲ့ ရှာတွေ့တဲ့ ပုဂ္ဂိုလ်ဟာ ရှင်ပဲ ဖြစ်ချင်တယ် မဟုတ်လား'

မာတင်က ပခုံး တွန့်လိုက်သည်။

'သိပ္ပံ ပညာရှင်တိုင်းဟာ ပထမဦးဆုံး ရှာတွေ့တဲ့ လူတွေ ဖြစ်ချင်တာချည်းပဲ၊ ဒါပေမဲ့ အယ်လ်ဇိုင်းမား ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို တစ်ယောက်ယောက် ရှာတွေ့ဖို့က ပိုအရေးကြီးပါတယ်'

'ရှင့် အလျင် တစ်ယောက်ယောက်က ရှာတွေ့သွားနိုင်တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ သိပ္ပံလောကမှာ အဲဒီလို ဖြစ်တတ်ပါတယ်'

ဖခင်ဖြစ်သူ မစ္စတာ ပိစမစ်သည် လက်ဖက်ရည်ဗန်းကို ကိုင်၍ မီးဖိုထဲက ထွက်လာသည်။ လင်ပန်းကို စားပွဲပေါ် ချပြီးသော အခါ မာတင်က သူ့ဖခင်၏ ပခုံးကို ဖက်လိုက်၏။

'ဒက်ဒီက မာမီ အတွက် အကုန် လုပ်ကိုင်ပေးရတယ်၊ အဝတ် ဝတ်ပေးရတယ်၊ ဆံပင် ဖြီးပေးရတယ်၊ ထမင်း ကျွေးရတယ်၊ တခြား ကိစ္စတွေလည်း လုပ်ပေးရတယ်၊ တချိန်တုန်းက ဒက်ဒီနှင့် ကျွန်တော်ဟာ ရင်းရင်းနှီးနှီး မရှိခဲ့ကြဘူး၊ အခုတော့ သိပ် ရင်းနှီး နေကြပါပြီလေ'

'တစ်ခါတုန်းကတော့ သူ့အမေက သူ့ကို ပညာတတ် ဖြစ်စေချင်တဲ့ ကိစ္စကို ကျုပ်က အထင် မကြီးခဲ့ဘူး၊ ကျုပ်က သူ့ကို ကျုပ်နှင့် အတူတူ အလုပ် လုပ်စေချင်ခဲ့တာ၊ ဒါပေမဲ့ သူ့မာမီက သူ့ကို အကောင်းဆုံး ဖြစ်အောင် လုပ်





ပေးနိုင်ခဲ့တယ်၊ သူက ကျုပ်တို့ကို ကောင်းကျိုး ပြုပါတယ်၊ ဒီအိမ် အတွက် လိုအပ်သမျှကို သူကပဲ ထောက်ပံ့တယ်၊ ကျုပ် ကြားရသမျှကတော့ ကောလိပ်မှာလည်း သူ့ အခြေအနေ သိပ်မဆိုးဘူးလို့ သိရတယ်'

'ဟုတ်ပါတယ်၊ သူ့ အခြေအနေ မဆိုးလှပါဘူးရှင်'

နောက်ထပ် နှစ်နာရီခန့် ကြာသော အခါ

'ရှင် အဲဒီလို လုပ်နေချိန်မှာ စကား ပြောလို့ ဖြစ်ရဲ့လား'

စီလီယာသည် သက်သောင့် သက်သာ ရှိလှသော ထိုင်ခုံပေါ်တွင် ကျောမှီ၍ ထိုင်နေရာမှ မေးလိုက်၏။

'ဖြစ်ပါတယ်ဗျာ၊ ဘာဖြစ်လို့လဲ'

မတ်တတ် ရပ်နေသော မာတင်သည် ရှည်လျားသော ထိုး၀ါးနှင့် ထိုးလိုက်ရင်းကပင် ပြန်ဖြေလိုက်၏။ ထိုး၀ါးသည် ရေ မနက်လှသော မြစ်၏အောက်ခြေကို မိမိရရ ထိုးလိုက်မိရာ လှေပြားပြားကလေးသည် ရေစီးကို ဆန်၍ အထက်သို့ ရှောရှောရှူရှူ ရွေ့လျား သွားလေတော့သည်။

မာတင်သည် ကင်းဘရစ်ချ် လှေဆိပ်တွင် လှေပြားပြားကလေး တစ်စီးကို ငှားရမ်းလိုက်ပြီးနောက် နောက်ကျနေပြီ ဖြစ်သော နေ့လယ်စာ ပျော်ပွဲစားရန် တောင်ဘက် သုံးမိုင် အကွာရှိ ဂရန့်ချက်စတာ အရပ်ဆီသို့ ခရီး ဆန့်နေခိုက် ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

စီလီယာက ပြောလိုက်၏။

'ခုကိစ္စက ကိုယ်ရေး ကိုယ်တာ ကိစ္စပါ၊ ကျွန်မက မေးဖို့တောင် မသင့်ပါဘူး၊ ဒါပေမဲ့ ကျွန်မက ရှင်နှင့် ရှင့်အဖေတို့ရဲ့ ခြားနားမှုကို အံ့သြ နေမိတယ်၊ ဥပမာ ရှင် စကား ပြောပုံနှင့် မတူတဲ့ ကိစ္စ'

မာတင်က ဖြေလိုက်သည်။

'ခင်ဗျား ပြောချင်တဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့် မာမီ စကား ပြောနိုင်စဉ်တုန်းကလည်း အဲဒီလို ပြောခဲ့တာပါပဲ'

'ဒါပေမဲ့ ရှင်ကတော့ အဲဒီလို မဖြစ်အောင် ရှောင်နိုင်ခဲ့တယ်၊ ဘာဖြစ်လို့လဲ'

'အဲဒါက ကျွန်တော့် မာမီကို ကျေးဇူး တင်ရမယ့် ကိစ္စ တစ်ခုပဲ၊ ဗြိတိန်နိုင်ငံမှာ စကားပြောပုံ ပြောနည်းကြောင့် လူတန်းစား ခွဲခြားမှုတွေ ရှိနေတယ်၊

ကျွန်တော့် မာမီက အဲဒီ ကိစ္စကို နားလည်တယ်၊ ကျွန်တော် က⁻လား ဘဝမှာ မာမီက ရေဒီယို တစ်လုံး ဝယ်လာပြီး ဘီဘီစီက သတင်း ေ ြညာသူတွေရဲ့ အသံကို နာရီပေါင်း များစွာ နားထောင် ခိုင်းခဲ့တယ်၊ မင်း အဲဒီလို စကား ပြောရမယ်၊ ဒါကြောင့် သူတို့ စကား ပြောပုံကို အတု ယူပေတော့၊ မင်း ဒက်ဒီနှင့် မာမီတို့ကတော့ ပြင်ဖို့ သိပ်နောက်ကျသွားပြီ၊ မင်းကတော့ နောက် မကျသေးဘူးတဲ့'

'သူ ပြောသလို ဖြစ်လာသားပဲ'

'ဟုတ်ပါတယ်၊ ပြီးတော့ ကျောင်းမှာ ကျွန်တော် ဘာကို ဝါသနာ ပါသလဲလို့ သူ စုံစမ်းတယ်၊ ပညာသင်ဆုတွေ ရှိတယ် ဆိုတာကို သူ သိလာတဲ့ အခါကျတော့ ကျွန်တော့်ကို ပညာသင်ဆု ရအောင် ကြိုးစားခိုင်းတယ်၊ အဲဒါကြောင့် ကျွန်တော်နှင့် ဒက်ဒီတို့ သဘော ကွဲလွဲခဲ့ကြတာပဲ၊ သူက ကျွန်တော့်ကို သူ့လိုပဲ ကျောက်ခဲ ခွဲတဲ့ အလုပ်ကို လုပ်စေချင်တယ်'

'ရှင်က သူ့ကို အဲဒါ အတွက် စိတ်မနာဘူးလား'

မာတင်က ခေါင်းခါသည်။

'သူ နားမလည် သဘော မပေါက်နိုင်ခဲ့တာပါဗျာ၊ အဲဒါနှင့် ပတ်သက်ရင် ကျွန်တော်လည်း နားမလည် သဘော မပေါက်ခဲ့ဘူး၊ ရည်ရွယ်ချက် ထားရင် ဘယ်လို ဖြစ်နိုင်တယ် ဆိုတာကို မာမီကသာ နားလည် သဘော ပေါက်ခဲ့တာပါ၊ အဲဒါကြောင့် ကျွန်တော်က သူ့ကို သိပ် ဂရုစိုက်တယ် ဆိုတာ ခင်ဗျားလည်း သဘော ပေါက်မှာပေါ့'

'ဟုတ်တာပေါ့၊ ခု ကျွန်မ သိလာရပြီ ဆိုတော့ ရှင့်လိုပဲ ခံစားမိပါတယ်'

လှေ ပြားပြားကလေးလည်း ရေဆန်ကို တဖြည်းဖြည်း ဆန်တက်နေသည်။ အတန်ငယ် ကြာသော် စီလီယာက ပြောလိုက်ပြန်၏။

'ရှင်က ရှင့် မိဘတွေ လိုအပ်သမျှကို ထောက်ပံ့နေတယ်လို့ ရှင့် ဒက်ဒီက ပြောတယ်နော်'

'ကျွန်တော် တတ်နိုင်သလောက် ထောက်ပံ့ပါတယ်၊ တစ်ခုကတော့ သူနာပြု ဆရာမ တစ်ယောက်ကို တစ်ပတ်မှာ နှစ်ရက် မနက်ပိုင်း အတွက် လွှတ်ပေးလေ့ ရှိပါတယ်၊ ဒက်ဒီ သက်သာခွင့် ရတာပေါ့လေ၊ ကျွန်တော်က သူနာပြု ဆရာမကို ဒါထက် ပိုပြီး လွှတ်ပေးချင်ပါတယ်၊ ဒါပေမဲ့'

သူက ပခုံး တွန့်ပြလိုက်ပြီး ထိုဝါကျကို အဆုံး မသတ်ဘဲ ရပ်ပစ်လိုက်သည်။ သူသည် မိုးမခပင် အောက်ရှိ မြက်ခင်းထူထူ မြစ်ကမ်း နံဘေးတွင်





လှေကို ရပ်လိုက်ပြီး နေ့လယ်စာ စားရန် နေရာ အဖြစ် ရွေးချယ် လိုက်လေတော့သည်။

မာတင်သည် ပျော်ပွဲစား ထွက်သော ခြင်းတောင်းထဲတွင် ပုစွန် အချို့၊ ဝက်သားပေါင်း၊ လတ်ဆတ်သော ဆလတ်ရွက်များ၊ စထရော်ဗယ်ရီသီးများနှင့် ဒိန်ခဲမှုန့်ရှိုင်းယား မလိုင်၊ တန်ဖိုး မသေးလှသော ဝိုင်ဖြူ တစ်ပုလင်းနှင့် ကော်ဖီ ပါသော ဓာတ်ဘူး တစ်ဘူးတို့ကို ထည့်ယူလာသည်။ သူတို့ အစားအသောက်များကို အားရပါးရ စားကြ၏။ စားသောက် ပြီးစီး၍ ကော်ဖီ သောက်ချိန်တွင် စီလီယာက ပြောလိုက်သည်။

'ဒါ ကျွန်မ ၂ မပြန်ခင် နောက်ဆုံး ရက်သတ္တပတ် နားရက်ပဲ၊ ဒါထက်တော့ ပိုမကောင်းနိုင်တော့ဘူး'

'ခင်ဗျားရဲ့ ခရီးစဉ်က အောင်မြင်ရဲ့လား'

အင်ဒရူး၏ အကြံပေးချက်ကို သတိ ရလိုက်သော စီလီယာက ဖြေလိုက်သည်။

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

မာတင် ပိစမစ် အံ့အားသင့်သွားသည်။

'ဆမ် ဟော်သုန်းနှင့် ကျွန်မတို့က သုတေသန ဌာန အတွက် အသင့်လျော်ဆုံး ပုဂ္ဂိုလ်ကို ရှာတွေ့ခဲ့ကြတယ်၊ ဒါပေမဲ့ သူက အဲဒီ အလုပ်ကို မလိုချင်ဘူး၊ အခု ဆိုရင် ကျုန်တဲ့ လူတွေဟာ ဒုတိယတန်းစားတွေချည်းပဲ ဖြစ်ကုန်ကြပြီ'

ငြိမ်ကျသွားပြီးနောက် မာတင်က ပြန်ပြောလိုက်၏။

'ကျွန်တော့် အကြောင်း ပြောနေတယ်လို့ ကျွန်တော် ထင်တယ်၊ ကျွန်တော်ရဲ့ ကလေး ဆန်မှုကို ခွင့်လွှတ်ပါ စီလီယာ'

'ခွင့်လွှတ်စရာ မလိုပါဘူး၊ ဒါက ရှင့်ဘဝ ရှင့် ဆုံးဖြတ်ချက်ပဲ၊ အဲဒါကို စဉ်းစား ကြည့်လိုက်ပြန်တော့ စဉ်းစားစရာ အချက် နှစ်ချက် ရှိနေတယ်'

စီလီယာက သူ့စကားကို ရပ်ပစ်လိုက်၏။

'ဆက်ပြောလေ၊ ဘယ်လို အချက် နှစ်ချက်လဲ'

'အေးလေ၊ ခုနတုန်းက အယ်လ်ဇိုင်းမား ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို အလျင်ဆုံး ရှင် ရှာတွေ့ချင်တယ်၊ ဒါပေမဲ့ ကျုန်တဲ့ လူတွေက ရှင့်ထက် ဦးသွားနိုင်တယ်လို့ ရှင် ပြောခဲ့တယ်'

မာတင်သည် လေ့ထဲတွင် စီလီယာနှင့် မျက်နှာချင်း ဆိုင်၍ ကျောမှီပြီး ထိုင်ချလိုက်၏။

'တခြား ပုဂ္ဂိုလ်တွေကလည်း ကျွန်တော့်လို သုတေသန လုပ်နေကြတယ်၊ ဂျာမနီမှာ တစ်ယောက်၊ ပြင်သစ်မှာ တစ်ယောက်၊ နယူးဇီလန်မှာ တစ်ယောက် ရှိတယ်၊ သူတို့ အားလုံး လူတော်တွေချည်းပဲ၊ ကျွန်တော်တို့က လုပ်ငန်း တစ်မျိုးတည်းကို ဦးတည်ပြီး သုတေသန လုပ်နေကြတယ်၊ ဘယ်သူက ရှေ့ရောက်နေတယ် ဆိုတာ သိဖို့ မလွယ်ဘူး'

'ဒါဆိုရင် အချိန် လုပြီး လုပ်နေရတဲ့ ပြိုင်ပွဲကြီး တစ်ခုပဲပေါ့'

စီလီယာ၏ အသံသည် အလိုအလျောက် ပိုကျယ်လောင်သွားသည်။

'ဟုတ်တယ်၊ သိပ္ပံလောကမှာ ဒီလိုပါပဲ'

'ရှင် ပြောတဲ့ လူတွေထဲမှာ ရှင့်ထက် ပစ္စည်း ပစ္စယ ပိုစုံတဲ့လူ၊ ကူညီမယ့် ဝန်ထမ်း ပိုများတဲ့လူ ရှိသလား'

မာတင် စဉ်းစားလိုက်သည်။

'ဂျာမနီက ပုဂ္ဂိုလ်ကတော့ နှစ်မျိုးစလုံး သာလိမ့်မယ်၊ ကျန်နှစ်ယောက်ကိုတော့ မပြောနိုင်ဘူး'

'ရှင် အခု ဓာတ်ခွဲခန်း အကျယ်အဝန်း ဘယ်လောက်လောက် ရထားသလဲ'

'စတုရန်းပေ တစ်ထောင်လောက် ရှိမယ်'

'ဒါဖြင့်ရင် ရှင့်ဆီမှာ အဲဒီ အကျယ်အဝန်းထက် နေရာ ငါးဆလည်း ရှိမယ်၊ သင့်လျော်တဲ့ ပစ္စည်း ပစ္စယတွေလည်း ရှင် လိုအပ်သလောက် အစုံအလင် ရှိမယ်၊ ရှင့်အတွက် လက်ထောက် နှစ်ယောက် သုံးယောက် အစား လူနှစ်ဆယ်လည်း ရှိနေဦးမယ် ဆိုရင် ရှင် သုတေသန ပြုနေတဲ့ လုပ်ငန်း အတွက် အဖြေ တွေ့ဖို့ ပို နီးစပ် မလာနိုင်ဘူးလား၊ ပိုပြီး မြန်ဆန် မလာနိုင်ဘူးလား၊ အဲဒါတွေက ရှင် လိုချင်တဲ့ အဖြေကို ရှာတွေ့ စေရုံသာမက ပထမဦးဆုံး ရှာတွေ့တဲ့ လူကော မဖြစ်စေနိုင်ဘူးလား'

မာတင်က သူ့ကို တအံ့တသြ ငေးကြည့်နေမိသည်။

'စတုရန်းပေ ငါးထောင်နှင့် လူ နှစ်ဆယ် ဆိုတာ ခင်ဗျား တကယ် ပြောနေတာလား'

'တကယ် ပြောတာပေါ့၊ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှာ ကျွန်မတို့က ပြက်ကယ် ပြက်ကယ် လုပ်နေကြတယ်လို့ ရှင် ထင်သလား'





'မထင်ပါဘူးဗျာ၊ ခင်ဗျားက အချက် နှစ်ချက် ရှိတယ်လို့ ပြောခဲ့တယ်၊ နောက် တစ်ချက်က ဘာလဲ'

စီလီယာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။ သူ ဆက်ပြော ရမလား၊ သူ ယခု ပြောလိုက်သော စကားကို မာတင် အထင်ကြီးသွားကြောင်း သူ သဘောပေါက်လိုက်သည်။ ထိုကဲ့သို့ အသာစီး ရနေမှုကို ဖျက်ဆီး ပစ်ရတော့မည်လော။

ထို့နောက် စီလီယာသည် အင်ဒရူးကို ပြန် သတိရလာပြန်၏။

'ကျွန်မက ထုထုအအ အမေရိကန်တွေရဲ့ ပုံစံ အတိုင်း ဒီကိစ္စကို ခပ်ရိုင်းရိုင်းပဲ ပြောတော့မယ်၊ ကျွန်မက အဲဒီလို ဘာဖြစ်လို့ ပြောရသလဲ ဆိုတော့ ရှင်တို့လို သိပ္ပံ ပညာရှင်တွေဟာ ငွေမမက်ကြလို့ ငွေနှင့် ဝယ်လို့ မရလို့ဘဲ၊ ဒါပေမဲ့ ရှင် သုတေသန လုပ်ငန်းကို ဆက်ယူလာပြီး ရှင် ဖဲလ်ဒင်း ရော့သ်မှာ အလုပ် လာလုပ်မယ် ဆိုရင် ရှင့်ကို တစ်နှစ်မှာ စတာလင်ပေါင် တစ်သောင်း နှစ်ထောင်နှင့် ဘောနပ်စ်တွေ ပေးမယ်၊ ဘောနပ်စ်ကလည်း ထိုက်ထိုက်တန်တန် ရမှာပါ၊ အခု ရှင် ရနေတာထက် ငါးဆလောက် ရှိလိမ့်မယ်၊ ပြီးတော့လည်း ကျွန်မ ရှင့်မိဘတွေနှင့် တွေ့လိုက်ရတယ်၊ ရှင်က သူတို့ အတွက် ဘာတွေ လုပ်ကိုင်ပေးနေတယ် ဆိုတာ ကျွန်မ သိရတဲ့ အခါကျတော့ ပိုရလာတဲ့ ငွေနှင့် ရှင် လုပ်ချင်တာကလေးတွေကို ပို လုပ်ပေးနိုင်ပါလိမ့်မယ်၊ သူနာပြု ဆရာမကို တစ်ပတ်မှာ နှစ်ရက်ထက် ပိုလွှတ် ပေးနိုင်မယ်၊ ရှင့် မာမီကို ပိုပြီး သာယာတဲ့ ပတ်ဝန်းကျင်ကို ပို့ပေး ထားနိုင်လိမ့်မယ်'

'တော်လောက်ပြီဗျာ'

မာတင်သည် ထထိုင်လိုက်ပြီး ဒေါသနှင့် ပြန်စိုက်ကြည့်နေသည်။

သူ ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားလာသည်။

'ဒီမှာ စီလီယာ၊ ငွေနှင့် ဘာတွေ လုပ်နိုင်တယ်ဆိုတာ ကျုပ် သိပါတယ်၊ ကျုပ်လို လူစားမျိုးက ငွေမမက်ဘူးလို့ လာမပြောပါနှင့်၊ ကျုပ်က သိပ်လိုချင် တာပေါ့၊ ခု ခင်ဗျား ပြောတာတွေကို စိတ်ထဲက သိပ်လိုချင်တာပေါ့၊ ခင်ဗျားက ကျုပ်ကို အဆင့် နိမ့်သွားအောင် သွားရည်ယိုလာအောင် အခွင့်အရေး ယူ'

စီလီယာက ပြန်ငေါက်လိုက်၏။

'မဖြစ်နိုင်တာပဲရှင်၊ ကျွန်မက ဘယ်လို အခွင့်အရေး ယူလို့လဲ'

'တစ်ခုလောက် ပြောရမယ် ဆိုရင် ကျုပ် မိဘတွေနှင့် လိုက်တွေ့တဲ့ ကိစ္စပဲ၊ သူတို့ ဘယ်လို နေကြ ထိုင်ကြတယ်၊ ကျုပ်က ဘယ်လောက် ဂရု

စိုက်တယ် ဆိုတာကို လိုက်ကြည့်တဲ့ ကိစ္စပဲ၊ ခင်ဗျားက အဲဒါကို အသုံးချပြီး အာဒမ် ဆိုတဲ့ ကျူပ်ကို ဧဝ ဆိုတဲ့ ခင်ဗျားက ရွှေပန်းသီး ပေးတော့တာကိုး'

'အဆိပ်ပါတဲ့ ပန်းသီးတော့ မဟုတ်ပါဘူးလေ၊ တကယ်လို့ ရှင် စိတ်ထိခိုက်သွားတယ် ဆိုရင် ကျွန်မ ဝမ်းနည်းပါတယ်'

မာတင်က ရက်ရက်စက်စက် ဖြတ်ပြောလိုက်သည်။

'ခင်ဗျားလား ဝမ်းနည်းမယ် ဆိုတာ၊ ခင်ဗျားက လိုချင်တာကို မရ ရတဲ့နည်းနှင့် ရအောင် ယူမယ် ဆိုတဲ့ စီးပွားရေး မမ တစ်ယောက်ပါဗျာ၊ ခင်ဗျားတော်တော် ရက်စက်တယ်'

စီလီယာ တအံ့တသြ ဖြစ်သွားရသည်။

'ကျွန်မက ရက်စက်တယ်၊ ဟုတ်လား'

သူက လေးလေးနက်နက် ဖြေလိုက်၏။

'ဟုတ်တယ်'

'ကောင်းပြီ၊ ကျွန်မက ရက်စက်တယ်ပဲ ထားလိုက်ပါတော့၊ ရှင် ပြောသမျှ မှန်တယ်ပဲ ထားလိုက်ပါ၊ ရှင်ကလည်း အယ်လ်ဖိုင်းမားရဲ့ အဖြေကို သိချင်နေတာပဲ မဟုတ်လား၊ ရှင်က ဦးနှောက်ထဲက ပက်ပ်တိုက်ဒ်ကို လိုက်ရှာနေတာပဲ မဟုတ်လား၊ သိပ္ပံ လောကမှာ ကျော်ကြားမှုကို ရှင် လိုက်ရှာနေတာမဟုတ်လား၊ အဲဒါတွေက ရှင့်ကို လိမ်ညာနေကြတာ မဟုတ်လား'

'မဟုတ်ဘူးဗျာ၊ လိမ်ညာနေတာတော့ ဟုတ်ကို မဟုတ်ဘူး'

သူက နာကြည်းဟန်ဖြင့် မဲ့ပြုံး ပြုံး၍ ပြောလိုက်၏။

'ကုမ္ပဏီက ခင်ဗျားကို လခ ကောင်းကောင်း ပေးထားလိမ့်မယ်လို့ ကျူပ်မျှော်လင့်ပါတယ်ဗျာ၊ ခင်ဗျားကိုယ် ခင်ဗျား ပြောသလို ထူထူအအ အမေရိကန်တစ်ယောက် အနေနှင့် ခင်ဗျား လုပ်တဲ့ ကိစ္စတွေဟာ သိပ်ကို ထိရောက်ပါပေတယ်'

သူ မတ်တတ် ရပ်လိုက်ပြီး ထိုးဝါးကို ဆွဲယူလိုက်၏။

'ပြန်ဖို့ အချိန် တော်ပြီ'

သူတို့သည် ရေစီး အတိုင်း တိတ်တိတ်ဆိတ်ဆိတ် စုန်ဆင်းလာကြသည်။ မာတင်သည် ထိုးဝါးကို ဒေါသတကြီး ထိုးနေသည်။ စီလီယာက သူ ပြောတာလွန်သွားလေပြီလောဟု တွေးနေမိသည်။ မြို့နှင့် နီးလာသော အခါ မာတင်ကလှေကို ထိုးဝါးနှင့် မထိုးတော့ဘဲ အလိုက်သင့် မျှော၍ လိုက်ပါလာသည်။

မာတင်က စီလီယာကို လေးလေးနက်နက် ကြည့်ရင်း





'ကျွန်တော် အဖြေ မပေးတတ်ဘူးဗျာ၊ ခင်ဗျားက ကျွန်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော် မဖြေတတ်သေးဘူး'

ကင်းဘရစ်ချ် ဘူတာရုံသို့ ညနေခင်း ခပ်စောစောပိုင်းတွင် ရောက်ရှိလာကြသည်။ မာတင်က စီလီယာအား ခပ်တန်းတန်း နှုတ်ဆက်လိုက်သည်။ အပြန်ခရီးတွင် စီလီယာ လိုက်ပါလာသော ရထားသည် ဘူတာတိုင်း လိုလိုတွင် ရပ်တန့်သော နှေးကွေးလှသည့် လိုကယ် ရထား ဖြစ်နေသဖြင့် လန်ဒန်သို့ ညဆယ့်တစ်နာရီခွဲ ကျော်မှ ရောက်ရှိလာသည်။

သူသည် ဟိုတယ်သို့ ည ဆယ့်နှစ် နာရီ ထိုးခါနီးတွင် ရောက်ရှိလာ၏။

စီလီယာသည် ထိုနေ့လယ်မှ အဖြစ်အပျက်ကို တစ်လမ်းလုံး တွေးလာမိခဲ့သည်။ သူ လုပ်ခဲ့သမျှကို ပြန်တွေး မိလေလေ စိတ်ဓာတ် ကျမိလေလေပင်။

ဘာကလေ ဟိုတယ်၏ ဧည့်ခန်းထဲသို့ အရောက်တွင် ယူနီဖောင်း ဝတ်ထားသော တံခါးစောင့်က အခန်းသော့နှင့် အတူ စာအိတ် အချို့ကို လှမ်းပေးသည်။ ထို စာအိတ်များကို အခန်းထဲသို့ ရောက်မှ သူ ဖတ်တော့မည်။

သူက နောက်ဘက်သို့ ပြန်လှည့်လိုက်စဉ် တံခါးစောင့်၏ အသံကို ကြားလိုက်ရပြန်၏။

'ဟုတ်ပါရဲ့၊ တစ်ခု ကျန်နေသေးတယ် မစ္စစ် ဂျော်ဒန်၊ ဟောဒါကတော့ လွန်ခဲ့တဲ့ မိနစ်ပိုင်းကမှ ရောက်လာတာပါ၊ အမျိုးသား တစ်ယောက်က တယ်လီဖုန်း ဆက်တယ်၊ သူ မှာတာကို ကျွန်တော် ကိုယ်တိုင် ရေးမှတ် ထားလိုက်ပါတယ်၊ အဓိပ္ပာယ်ကတော့ သိပ်ရှိပုံ မရဘူး၊ ဒါပေမဲ့ သူက ခင်ဗျား နားလည်ပါလိမ့်မယ် တဲ့'

ပင်ပန်းနေသောကြောင့် စီလီယာသည် ထိုစာရွက်ကလေးကို စိတ်ပါဝင်စားမှု မရှိဘဲ တစ်ချက် လှမ်းကြည့်လိုက်မိသည်။ ထို့နောက် စီလီယာသည် သံမှိုနှင့် ထွဲသလို စိုက်ကြည့်နေမိလေ၏။

အကြောင်းကြားချက်မှာ

မည်သည့် ကိစ္စတွင် မဆို (လက်ဆောင်များကို ယူဆောင်လာသော ထူထူအအ အမေရိကန်များ အပါအဝင်) သင့်လျော်သော အချိန်အခါ ဟူ၍ ရှိကြစမြဲပင်။ ကျေးဇူး တင်ပါသည်။ ကျွန်တော် လက်ခံပါသည်။

မာတင်

စီလီယာသည် ယူနီဖောင်း ဝတ်ထားသော တံခါးစောင့်က မနှစ်မြို့က် ဟန်နှင့် မျက်မှောင် ကုတ်ယူရသည် အထိ ဘာကလေ ဟိုတယ်၏ ဧည့်ခန်း ထဲ၌ စူးစူးရှရှနှင့် ကျယ်လောင်စွာ အော်ဟစ် လိုက်လေတော့သည်။

'ကြိုက်သွားပြီ ဟေ့'

၁၁

ကင်းဘရစ်ချ်သို့ စီလီယာ အလည်အပတ် မသွားမီ ရက်အနည်းငယ် အလို ဆမ်နှင့် လီလီယန် ဟော်သုန်းတို့သည် ပဲရစ်၌ ခေတ္တ ခဏ ဝင်ရောက် လည် ပတ်ရန်နှင့် စနေနေ့တွင် ပဲရစ်မှ နယူးရော့ခ်သို့ လေကြောင်း ခရီးဖြင့် ပြန် ကြရန် အတွက် ဗြိတိန်မှ ထွက်ခွာသွားကြသည်။ ထို့ကြောင့် စီလီယာသည် တနင်္လာနေ့တွင် လန်ဒန် စံတော်ချိန် ညနေ သုံးနာရီခွဲ၌ ဆမ် ဟော်သုန်းအား နယူးဂျာဆီရှိ ဖဲလ်ဒင်း ရော့ဒ် ကုမ္ပဏီ ရုံးခန်း၌ ဆက်သွယ်၍ ရရှိလေတော့ သည်။

စီလီယာက ဆမ် ဟော်သုန်းအား မာတင် ပိစမစ်၏ သတင်းကို အသိ ပေးလိုက်သော အခါ သူက စိတ်အား ထက်သန်စွာနှင့် ပြန်ဖြေလိုက်၏။

'အံ့သြသွားပေမဲ့ ကျုပ် ဝမ်းသာပါတယ် စီလီယာ၊ မင်းဟာ တော်တော် မယုံနိုင်စရာ ကောင်းတာပဲ၊ မင်း ဘယ်လိုများ လုပ်လိုက်သလဲကွာ'

စီလီယာက ငွေကြေးကိစ္စနှင့် ပတ်သက်၍ သူနှင့် မာတင် ပိစမစ်တို့ ဆွေးနွေးခဲ့ကြပုံကို ပြန်ပြောပြလိုက်သည်။

ထိုကိစ္စက မာတင် ပိစမစ်ကို စိတ် ပြောင်းလဲသွားစေခဲ့ကြောင်း ရှင်းပြ လိုက်လေ၏။

'ကျုပ်က မင်းကို ငွေကြေး ကိစ္စ အကြောင်း ထည့်မပြောဖို့ သတိ ပေး လိုက်တယ်၊ ကျုပ် ဘာဖြစ်လို့ ဒီလောက် အထိ မှားယွင်းခဲ့ရတာလဲကွာ'

စီလီယာက ပြန်အားပေးလိုက်၏။

'ကျွန်မက အတွင်း နှိုက်ပြီး စုံစမ်းရင်းနှင့် သူ့ ပြဿနာ တချို့ကို သိလာ ရတာကိုး၊ ဒါနှင့် စကားမစပ် ကျွန်မက အဲဒီလို လုပ်တဲ့ အတွက် ကျွန်မက တော်တော် ရက်စက်တဲ့ မိန်းမလို့ သူက ပြောတယ်'

'ကိစ္စ မရှိပါဘူးကွာ၊ ကြွက် သေဖို့ကသာ အဓိကပါ၊ ကျုပ်သာ ဆိုရင်





လည်း အဲဒီလို လုပ်မှာပါပဲ၊ ဒါပေမဲ့ ကျုပ်က မင်းလို ကြံလည်း မမြင်တတ် ဘူး၊ ခွဲလည်း မကောင်းဘူး'

စီလီယာက ပြောလိုက်သည်။

'ဖြစ်မှ ဖြစ်ရလေ ဆမ်ရယ်၊ ကိုယ့်ကိုယ်ကိုယ် အပြစ် တင်မနေပါနှင့် တော့၊ အပြစ် တင်ဖို့လည်း မလိုပါဘူး ရှင်'

'ကောင်းပါပြီ၊ အပြစ် မတင်တော့ပါဘူး၊ ဒါပေမဲ့ ကျုပ် မင်းကိုတော့ ကတိ တစ်ခု ပေးလိုက်မယ်'

စီလီယာက မေးလိုက်၏။

'ဘာများပါလိမ့်'

'တကယ်လို့များ အနာဂတ် ကာလမှာ အရေးကြီးတဲ့ ကိစ္စရပ် တစ်ခုနှင့် ပတ်သက်ပြီး မင်းနှင့် ကျုပ် သဘောထား ကွဲလွဲခဲ့ကြလို့ ရှိရင် မင်းရဲ့ အယူ အဆက မှန်ကန်ပြီး ကျုပ် အယူအဆက မှားယွင်းကြောင်း အခု ကိစ္စကို ကျုပ် ပြန် သတိ ရလာအောင် မင်းက အသိ ပေးနိုင်တယ်လို့ ကျုပ်က မင်းကို ခွင့်ပြု လိုက်မယ်'

'အဲဒီလို ဘယ်တော့မှ မဖြစ်ပါစေနှင့်လို့ ဆုတောင်းမိပါတယ် ရှင်'

ဆမ်က စကား လမ်းကြောင်းကို ပြောင်းပစ်လိုက်၏။

'မင်း ဒီတစ်ပတ် အတွင်း ပြန်လာမှာ မဟုတ်လား'

'သန်ဘက်ခါကျရင် ပြန်လာခဲ့မယ်'

'ကောင်းတယ်၊ မင်း အိမ်ပြန်ရောက်တဲ့ အခါကျရင် မိသားစုနှင့် အတူ နေနိုင်အောင် ခွင့် နှစ်ရက် သုံးရက် ယူလိုက်၊ ဒါပေမဲ့ မကြာခင် ဗြိတိန်ကို မင်း ပြန်သွားစေချင်တယ်၊ သုတေသန ဌာနကို တည်ထောင်ရေးနှင့် ပတ် သက်ပြီး လုပ်စရာကိုင်စရာတွေ ထပ်ရှိသေးတယ်၊ ပြီးတော့လည်း စီမံ ခန့်ခွဲ ရေးမှူး တစ်ယောက်ကို ငှားရမ်းဖို့ လိုလိမ့်မယ်၊ မာတင် ပိစမစ်ရဲ့ သုတေသန လုပ်ငန်း ဆိုင်ရာ ကျွမ်းကျင်မှုတွေကို စီမံခန့်ခွဲရေး လုပ်ငန်းတွေမှာ ဖြုန်းတီး ပစ်လို့ မဖြစ်သေးဘူး'

'ကျွန်မ သဘော တူပါတယ်၊ အဲဒီလို ကြားရတာ ဝမ်းသာစရာပါပဲ'

ဆမ် ဟော်သုန်းက ပြောလိုက်၏။

'ဝမ်းသာစရာ တစ်ခု ရှိသေးတယ်၊ ကျုပ် ပဲရစ်မှာ ရှိနေတုန်း မွန်တိန်း လို့ ခေါ်တဲ့ ဆေးဝါးသစ် တစ်ခုကို ဖဲလ်ဒင်း ရော့ဒ် အနေနှင့် အမေရိကန်မှာ ရောင်းချနိုင်ခွင့် ရအောင် စီစဉ်နိုင်ခဲ့တယ်၊ အဲဒီ ဆေးဝါးဟာ စမ်းသပ်ဆဲ အဆင့်

မှာပဲ ရှိသေးပြီး နှစ်နှစ် အတွင်း အဆင်သင့် ဖြစ်မှာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သိပ်ကို အားရစရာ ကောင်းတယ်ကွာ'

'ချီးကျူးပါတယ် ရှင်'

၁၉၇၂ ခုနှစ်၏ ကျန်သေးသော ကာလနှင့် ၁၉၇၃ ခုနှစ်တို့သည် စီလီယာ အဖို့ စိတ်လှုပ်ရှားဖွယ်ရာနှင့် စိတ်တက်ကြွဖွယ် အချိန်ကာလပင်တည်း။ သူသည် ဗြိတိန်သို့ တစ်ခေါက်လျှင် ရက်သတ္တ သုံးလေးပတ် ကြာအောင် နောက်ထပ် ငါးခေါက် သွားရောက်ခဲ့ရသည်။ နှစ်ခေါက်တွင် အင်ဒရူးသည် ရက်အနည်းငယ် ကြာအောင် စီလီယာနှင့် အတူ လိုက်ပါသွားခဲ့ပြီး ကျန် တစ်ခေါက်တွင် လီဆာနှင့် ဘရုစ်တို့ပါ လိုက်ပါသွားခဲ့ကြသည်။ ဗြိတိန် နိုင်ငံ၌ အင်ဒရူး ရှိနေစဉ် မာတင် ပီစမစ်နှင့် တွေ့ခဲ့ရပြီး တစ်ယောက်နှင့် တစ်ယောက် ခင်မင်ခဲ့ကြသည်။

'မာတင် အတွက် တစ်ခုတည်းသော လိုအပ်ချက်ကတော့ မင်းလို အမျိုးသမီး တစ်ယောက်နှင့် သူ့ဘဝမှာ လက်တွဲ လျှောက်နိုင်ဖို့ပဲ' ဟု အင်ဒရူးက စီလီယာကို ပြောခဲ့လေသည်။

မာတင် ပီစမစ်သည် ဖဲလ်ဒင်း ရှော့သ်သို့ လာရောက် လုပ်ကိုင်ရန် ဆုံးဖြတ်ချက် ချပြီး ဖြစ်သဖြင့် သူ လိုအပ်သော ပစ္စည်း ပစ္စယများနှင့် တပည့် တပန်းများကို စိတ်ပါလက်ပါ ရှာဖွေ စုဆောင်းတော့သည်။ သူသည် သူ့ လက်ထောက် အဖြစ် ဒေါက်တာ ရောင်း ဆတ်ထရီ ဆိုသော ပါကစ္စတန် လူမျိုး ဇျူးကလစ် အက်ဆစ် သိပ္ပံပညာရှင် တစ်ဦးကို ရှာဖွေ ငှားရမ်းလိုက်သည်။ ခေတ်ခွဲခန်း လက်ထောက်များ အဖြစ် ငှားရမ်း ထားသူများထဲတွင် ကလာပ်စည်း မွေးမြူရေး ပညာရှင် တစ်ဦးနှင့် ပရိုတိန်းနှင့် ဇျူးကလစ် အက်ဆစ်တို့ကို အီလက်ထရို ဖိုးရီးဆစ် နည်းနှင့် ခွဲခြားရာတွင် ကျွမ်းကျင်သူ တစ်ဦးတို့လည်း ပါဝင်ကြသည်။ လက်တွေ့ စမ်းသပ်ရာတွင် အသုံးပြုမည့် ရာပေါင်း များစွာ ရှိသော ကြွက်များနှင့် ယုန်များကိုမူ အမျိုးသမီး ကြီးကြပ်ရေးမှူး တစ်ယောက်က ထိန်းသိမ်း စောင့်ရှောက် ပေးပါလိမ့်မည်။

စီလီယာသည် နိုင်ဂျယ် ဘင်တလီ ဆိုသူကို စီမံခန့်ခွဲရေးမှူး အဖြစ် ငှားရမ်းလိုက်သည်။ ထိုပုဂ္ဂိုလ်သည် အသက် ငါးဆယ်ခန့် ရှိသူ ဖြစ်ပြီး ကိုယ်လုံးကိုယ်ပေါက် ခပ်သေးသေးနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည့် စိတ်ချမှု အပြည့်





အဝ ရှိသော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည်။ သူသည် ဘုရင့် လေတပ်မတော်မှ စကွပ်ဒရွန် လီဒါ (ဗိုလ်မှူး) အဆင့်နှင့် ကြီးမားသော တပ်မတော် ဆေးရုံ တစ်ရုံကို စီမံ ခန့်ခွဲခဲ့ရပြီးနောက် အငြိမ်းစား ယူလာသူ ဖြစ်သည်။

နောက်ဆုံးတွင် ဖဲလ်ဒင်း ရှော့သ် သုတေသန ဌာန (ယူကေ) လီမိတက်ကို ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဒေါက်တာ မာတင် ပီစမစ်၏ အယ်လ်ဇိုင်းမား ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှုအား သုတေသန ပြုလုပ်သည့် လုပ်ငန်းကို ကင်းဘရစ်ချ် တက္ကသိုလ်မှ ဟာလိုးသို့ ရွှေ့ပြောင်းလိုက်သည်။

ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ၏ မူ အနေနှင့် ယခု လောလောဆယ်တွင် ဗြိတိန် နိုင်ငံ၌ အခြား သုတေသန လုပ်ငန်းများကို မဆောင်ရွက်သေးရန် ဆုံးဖြတ်ထားသည်။ ယခု သုတေသန ပြုလုပ်နေသော လုပ်ငန်းသည် အချိန်အခါနှင့် ကိုက်ညီပြီး အလွန် စိတ်လှုပ်ရှားစရာ ကောင်းသည့်ပြင် စီးပွားရေးဘက်တွင် ခြေလှမ်း ချဲ့နိုင်ဖွယ် ရှိသဖြင့် ထိုကိစ္စ တစ်ခုတည်းကိုသာ အာရုံစိုက်သင့်သည်ဟု နယူး ဂျာဆီ၌ ပြုလုပ်သော ဘုတ်အဖွဲ့ အစည်းအဝေးတွင် ဆမ် ဟော်သုန်းက ပြောခဲ့လေသည်။

ဟာလိုးရှိ သုတေသန ဌာန ဖွင့်ပွဲကိုလည်း ကြီးကြီးကျယ်ကျယ် မပြုလုပ်ခဲ့ပါ။

ထိုဖွင့်ပွဲ အခမ်းအနား အတွက် ရောက်ရှိလာသော ဆမ် ဟော်သုန်းက 'တစ်ခုခုကို ခြေခြေမြစ်မြစ်နှင့် ပြသနိုင်သည့် အခါကျမှသာ အခမ်းအနားကို ကြီးကြီးကျယ်ကျယ် ပြုလုပ်သင့်ကြောင်း၊ မည်သည့် အချိန်လောက်တွင် ခြေခြေမြစ်မြစ် ပြသနိုင်မည်နည်း' ဟု မေးမြန်းခဲ့လေသည်။

မာတင် ပီစမစ်က 'နှစ်နှစ်တော့ အချိန် ပေးပါ၊ ထိုအချိန်တွင် တိုးတက်မှု တစ်ခုခုကို ပြသနိုင်ပါလိမ့်မည်' ဟု ဖြေခဲ့လေသည်။

သုတေသန ဌာနကို ဖွင့်လှစ်ပြီးသော အခါ စီလီယာသည် ဗြိတိန် နိုင်ငံသို့ အလာ ကျဲသွားသလို ဗြိတိန် နိုင်ငံတွင် နေထိုင်သည့် အချိန် ကာလမှာလည်း ပို၍ တိုတောင်းလာသည်။

စီလီယာသည် သုတေသန ဌာန၏ လုပ်ငန်း တည်ထောင်ခါစ၌ ကြုံတွေ့ရသည့် ပြဿနာများကို ဆမ် ဟော်သုန်း၏ ကိုယ်စားလှယ် အနေနှင့် ပြေလည်အောင် ကူညီ ဖြေရှင်းပေးရန် ခေတ္တမျှ လာရောက်ခဲ့ရခြင်း ဖြစ်သည်။ သို့ရာတွင် အများအားဖြင့် နိုင်ဂျယ် ဘင်တလီသည် စီမံ ခန့်ခွဲရေးမှူး၏ တာဝန်

ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်လျက် ရှိနေပေသည်။ မာတင် ပိစမစ်ထံမှ တိကျသော အစီရင်ခံချက်များကို မရရှိသော်လည်း အချိန် ကုန်ဆုံးလာသည်နှင့် အမျှ သုတေသန လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လျက် ရှိကြောင်း ဘင်တလီထံမှ တစ်ဆင့် သိနေရပေသည်။

နယူးဂျာဆီရှိ ဖဲလ်ဒင်း ရှော့သ် ရုံးချုပ်တွင်လည်း စီလီယာသည် ဥက္ကဋ္ဌ၏ အထူး လက်ထောက် အဖြစ် ဆက်လက် ဆောင်ရွက်နေရဆဲပင်။

ထိုအချိန်ပိုင်းတွင် အမေရိကန် နိုင်ငံ၏ မြင်ကွင်း၌ ညစ်ပေါင် ပုပ်သိုးသော ဝါးတားဂိတ် အရေးအခင်းကြီး စတင် ပေါ်ပေါက်လာလေတော့သည်။ ကမ္ဘာပေါ်ရှိ သန်းပေါင်း များစွာသော ပုဂ္ဂိုလ်များကဲ့သို့ပင် စီလီယာနှင့် အင်ဒရူးတို့သည် အထုပ် ဖြေပြသလို ပေါ်ပေါက်လာသော ဝါးတားဂိတ် အရေးအခင်းများကို ညစဉ် ညတိုင်း တယ်လီဗီးရှင်းတွင် စိတ်ပါဝင်စားစွာ ကြည့်မိခဲ့ကြလေသည်။

ဧပြီလ ကုန်ဆုံးခါနီးချိန်တွင် သမ္မတ နစ်ဆင်သည် မိမိကိုယ်ကို ကာကွယ်ရန် အတွက် သမ္မတ၏ လက်ထောက် နှစ်ယောက် ဖြစ်သော ဟော်လ်ဒီမင်းနှင့် အားလစ်ချ်မင်းတို့ကို ကျားစာ ကျွေးပစ်လိုက်လေသည်။

ထို့နောက် အောက်တိုဘာလတွင် မြေပွရာ ကင်းမှောင့် ဆိုသကဲ့သို့ ဒုတိယ သမ္မတ အက်ဂနျူးသည် ဝါးတားဂိတ် အရေးအခင်းနှင့် မပတ်သက်သော အကျင့်ပျက်ပြားမှုနှင့် ရာထူးမှ ထုတ်ပစ်ခံခဲ့ရလေသည်။

နောက်ဆုံးတွင် နောက်ထပ် ဆယ်လ ကြာသောအခါ နစ်ဆင် ကိုယ်တိုင် စိတ်လက် မကြည်မလင်နှင့် ပထမဦးဆုံး နုတ်ထွက်ပေးရသော သမ္မတ အဖြစ် ရာထူးမှ နုတ်ထွက် သွားရလေတော့သည်။

နစ်ဆင်၏ သမ္မတ ရာထူးကို ဆက်ခံသူက နစ်ဆင်အား ရာဇဝတ်ကြောင်းမှ အရေးယူမည့် ကိစ္စများကို ကြိုတင်၍ လွတ်ငြိမ်းခွင့် ပေးလိုက်လေသည်။

၁၉၇၅ ခုနှစ် တစ်နှစ်လုံးတွင် ဖဲလ်ဒင်း ရှော့သ်၏ စီးပွားရေး အခြေအနေသည် ပုံမှန် အနေအထားတွင် ရှိခဲ့ပေသည်။ ထိုကဲ့သို့ ဖြစ်အောင် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ၏ ဓာတ်ခွဲခန်းများက ထုတ်လုပ်သော 'ရှုမတစ်ဇင် ရိုးဆက်ရောင်ရမ်းနာများအား ရောင်ရမ်းမှု မဖြစ်အောင် ကာကွယ်သည့် ဆေး' နှင့် နှလုံး သွေးခုန်မှုကို နှေးကွေးစေပြီး သွေးဖိအား ကျဆင်းစေသည့် 'စတိတ်





ပေ့စ်' ဆိုသော ဆေး နှစ်မျိုးက အထောက်အကူ ပြုခဲ့ခြင်း ဖြစ်သည်။ ရှုမတစ်ဇင်နှင့် ပတ်သက်သော ဆေးသည် အတော်အသင့်သာ အောင်မြင်မှု ရရှိခဲ့သော်လည်း စတိတ်ပေ့စ်ကမူ အလွန် ကောင်းမွန်သော အသက် ကယ်ဆေး အဖြစ် လူသုံး များလာလေသည်။

အမေရိကန်ရှိ အစားအသောက်နှင့် ဆေးဝါး အုပ်ချုပ်ရေး ဌာန (အက်ဖ်ဒီအေ) က စတိတ်ပေ့စ်အား ခွင့်မပြုမီ မလိုအပ်ဘဲနှင့် အချိန် ဆွဲမထားခဲ့ပါက ဖဲလ်ဒင်း ရှော့သ် အတွက် ပို၍ပင် ဝင်ငွေ တိုးစေမည် ဖြစ်ပါ၏။

အက်ဖ်ဒီအေသည် စတိတ် ပေ့စ်ကို လိုအပ်သည်ထက် နှစ်နှစ်ခန့် အချိန် ပိုဆွဲထားသည်ဟု ဖဲလ်ဒင်း ရှော့သ်က ယူဆလေသည်။

ဖဲလ်ဒင်း ရှော့သ်မှ အကြီးအကျယ် မကျေမနပ် ဖြစ်နေသော ဗင်းစင့်လော့ဒ်၏ အလိုအရ ဝါရှင်တန်ရှိ အက်ဖ်ဒီအေ ရုံးချုပ်သည် မည်သည့် ကိစ္စကိုမှ အဆုံးအဖြတ် ပေးလိုစိတ် မရှိဟု ဆိုလေသည်။ ထိုအယူအဆကို အခြားအခြားသော ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီများကလည်း ထောက်ခံကြလေသည်။

ထိုကာလတွင် အခြား နေရာများ၌ သုံးစွဲနေသော အကျိုးကျေးဇူး ရှိသည့် ဆေးများကို အမေရိကန်တွင် သုံးစွဲခွင့် မရရှိသည့် အတွက် 'ဆေးဝါး ရှားပါးသော ကပ်' ဆိုက်နေပြီ ဆိုသော ဝေါဟာရကို လူသိများစ ပြုလာသည်။

သို့တိုင်အောင် ခပ်မြန်မြန် ဆောင်ရွက်ပေးပါ ဆိုသည့် မေတ္တာ ရပ်ခံချက်များအား 'သာလီဒိုမိုက်ကို သတိ ရကြပါ' ဆိုသော အဖြေနှင့်သာ အက်ဖ်ဒီအေက တုံ့ပြန်လေ့ ရှိပေသည်။

ဖဲလ်ဒင်း ရှော့သ်တွင် စိတ်ဝင်တစား စောင့်မျှော်နေကြသည့် ပရိုဂျက် တစ်ခုသည် ဆိုင်းငံ့နေသည့် အနေအထားတွင် ရှိနေပေသည်။

အမေရိကန်တွင် ရောင်းချခွင့် ရရှိအောင် ဆမ် ဟော်သုန်း အပေးအယူလုပ်ခဲ့သော ပြင်သစ် နိုင်ငံမှ ဆေးဝါးသစ် မွန်တိန်းသည် အမေရိကန် ဥပဒေ၏ လိုအပ်ချက် အရ အန္တရာယ် ကင်း မကင်းနှင့် အာနိသင် ရှိ မရှိ အမေရိကန်တွင် စတင် စမ်းသပ်နိုင်သည့် အဆင့်သို့ပင် ရောက်ရှိ မလာသေးချေ။

ထို့ကြောင့် အက်ဖ်ဒီအေတွင် ဆေးဝါးသစ် အနေနှင့် လျှောက်လွှာ တင်နိုင်ရန် အလှမ်း ဝေးနေဆဲပင်တည်း။

မွန်တိန်းသည် ကိုယ်ဝန် ရှိသော အမျိုးသမီးများအား နံနက်ခင်း အိပ်ရာထချိန်တွင် မူးဝေ အော့အန်မှု မဖြစ်အောင် အကာအကွယ် ပေးသော ဆေးဖြစ်သည်။ ထိုဆေးသည် လုပ်ငန်းခွင်၌ တာဝန် ထမ်းဆောင်နေကြသော အမျိုးသမီးများအား အထူးတလည် အကူအညီ ပေးမည့် ဆေး ဖြစ်သည်။ ထိုဆေးကို စတင် တွေ့ရှိသော နာမည်ကြီး ဂီရှန်ဒီချိမီ ကုမ္ပဏီက ထိုဆေးကို တိရစ္ဆာန်များ၊ မိမိ ဆန္ဒ အလျောက် အစမ်းသပ် ခံကြသော လူပုဂ္ဂိုလ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ချက်များ အရ ထိုဆေးသည် အရည်အသွေး အကောင်းဆုံးနှင့် စိတ်အချရဆုံး ဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။

စမ်းသပ်ချက်များ အရ ယခုအချိန် အထိ အကောင်းဆုံး ရလဒ်များကိုသာ ရရှိနေပြီး ဆန့်ကျင်ဘက် ဆေးတန်ပြန်မှုများ မရှိသေးပါဟု ပဲရစ်တွင် အခြေစိုက်သော အဆိုပါ ကုမ္ပဏီက ဖဲလ်ဒင်း ရှော့သ်အား အကြောင်း ကြားထားပေသည်။ သို့တိုင်အောင် ဂီရှန်ဒီချိမီ ကုမ္ပဏီ၏ အကြီးအကဲက ဆမ်ပောဟ်သုန်းထံသို့ ပုဂ္ဂိုလ်ရေး အရ ရေးသားလိုက်သော စာတွင်

'အတိတ်က ဖြစ်ခဲ့သော ဖြစ်ရပ်များနှင့် ဤဆေးဝါး၏ မသေချာမရေရာမှုကြောင့် အထူးတလည် သတိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် မျိုးမတူသော တိရစ္ဆာန်များ၊ လူသားများတို့နှင့် ထပ်မံ စမ်းသပ်ရန် ဆုံးဖြတ် ထားပါကြောင်း' ရေးသား ဖော်ပြလိုက်သည်။

အခြေအနေ အရ ထပ်မံ၍ အကာအကွယ် ယူမှုသည် လိုအပ်ပေသည်ဟု ဆမ်က သဘောတူလိုက်သည်။ လောလောဆယ်တွင်မူ ဖဲလ်ဒင်း ရှော့သ်သည် မွန်တိန်းနှင့် ပတ်သက်၍ အစီအစဉ်များ စတင် ပြုလုပ်နိုင်အောင် ပြင်သစ်ကုမ္ပဏီက မီးစိမ်းပြမည့် အချိန်ကိုသာ ငံ့လင့် စောင့်စားနေရလေသည်။



# တတိယပိုင်း

(၁၉၇၅-၁၉၇၇)

## ၁

ဒေါက်တာ ဗင်းစင့် လော့ဒ်တွင် ရှိနေသော ပြဿနာများ အနက် အချို့မှာ သူ စိတ်ကူးယဉ်နေသော ပြဿနာများသာ ဖြစ်သော်လည်း အချို့မှာ တကယ် ရှိနေ သော ပြဿနာများ ဖြစ်ကြပေသည်။

တစ်ခုသော ပြဿနာမှာ အက်ဖ်ဒီအေပင်တည်း။

ဝါရှင်တန် ဒီစီ မြို့ပြင်ရှိ အက်ဖ်ဒီအေ ရုံးချုပ်သည် ဆေးဝါး တစ်မျိုးမျိုး ကို ရောင်းချခွင့် မရရှိမီ ဆေးကုမ္ပဏီတိုင်း ရင်ဆိုင် ကျော်လွှားကြရမည့် ရှုပ် ထွေးလှသော အခက်အခဲ ပြေးကွင်းကြီး တစ်ခုပင်တည်း။ အချို့သော ဆေးဝါး များသည် သုံးစွဲခွင့် မရရှိကြပါ။ ပန်းတိုင်သို့ ရောက်အောင် မပြေးနိုင်ကြပါ။ ထို့ကြောင့် ဆေးဝါး ထုတ်လုပ်သော ကုမ္ပဏီကြီးများနှင့် အက်ဖ်ဒီအေတို့သည် အမြဲတစေ တိုက်ခိုက် နေကြရသည့် အနေအထားၡ၌ ရှိနေကြပေသည်။

ဗင်းစင့် လော့ဒ် အနေနှင့်မူ ထိုကိစ္စမှာ စစ်ပွဲကြီး တစ်ခုပင်တည်း။

ဖဲလ်ဒင်း ရော့သ်၌ သူ ဆောင်ရွက်ရသော လုပ်ငန်း တာဝန်များ အနက် တစ်ခုမှာ အက်ဖ်ဒီအေနှင့် ဆက်ဆံရခြင်း၊ အက်ဖ်ဒီအေနှင့် ဆက်ဆံမှုများကို ကြီးကြပ်ရခြင်းပင် ဖြစ်သည်။ ထိုကိစ္စကို သူ အလွန် ရွံမုန်းပါသည်။ သူသည် အက်ဖ်ဒီအေ၌ အလုပ် လုပ်ကိုင်နေသော ပုဂ္ဂိုလ် အချို့ကို မနှစ်မြို့က်ပါ။ အချို့ ကိုမူ သူ ရွံရှာပါသည်။ သူသည် အက်ဖ်ဒီအေနှင့် ဆက်ဆံရာတွင် အောင်မြင်မှု ရရှိအောင် လုပ်ရမည် ဆိုပါက သူ့စိတ်ထဲမှ ခံစားချက်များကို ချုပ်တည်း မျို သိပ် ထားရပေလိမ့်မည်။ သူ ထိုကဲ့သို့ ဆောင်ရွက်နိုင်စွမ်း မရှိပါ။

မှန်ပါသည်။ ဒေါက်တာ ဗင်းစင့် လော့ဒ်တွင် အက်ဖ်ဒီအေကို မနှစ်မြို့က် သော အစွဲအလမ်းကြီး ရှိနေပါသည်။ အက်ဖ်ဒီအေနှင့် ဆက်ဆံရသော အခြား ဆေးဝါး ကုမ္ပဏီများမှ ပုဂ္ဂိုလ်များကလည်း ထိုနည်းနှင်နှင်ပင်တည်း။

တစ်ခါတစ်ရံတွင် ထို အစွဲအလမ်းများမှာ မှျတမှု ရှိသော်လည်း တစ်ခါ တစ်ရံတွင်မူ မှျတမှု မရှိပါချေ။

ထိုကဲ့သို့ ဖြစ်ရခြင်းမှာ အက်ဖ်ဒီအေသည် ဥပဒေ အရနှင့် ထုံးတမ်းစဉ်လာ အရ တစ်ကြိမ်တည်းမှာပင် တာဝန် အမျိုးမျိုးကို ထမ်းဆောင် နေရသောကြောင့် ဖြစ်သည်။

အက်ဖ်ဒီအေသည် တိုင်းသူ ပြည်သားတို့၏ ကျန်းမာရေးကို တာဝန် ခံရမည့် အဖွဲ့အစည်း ဖြစ်သည်။ ထိုအဖွဲ့၏ တာဝန်မှာ အမြတ် ရရှိရေးကိုသာ ဦးတည်ချက် ထားသော ဆေးဝါး ကုမ္ပဏီကြီးများ၏ ဝိသမ လောဘ ကြီးမားမှု၊ အရည်အချင်း မပြည့်ဝမှု၊ လက်လွတ်စပယ် ပြုလုပ်မှု သို့မဟုတ် မျက်နှာလွှဲခဲပစ် ပြုလုပ်မှု စသော မကောင်းမှု ဒုစရိုက်များမှ အကာအကွယ် ပေးရန်ပင် ဖြစ်သည်။ ထိုကိစ္စနှင့် ဆန့်ကျင်ဘက် ဖြစ်သော အက်ဖ်ဒီအေ၏ တာဝန်မှာ ဝေဒနာ ခံစားရမှုကို တိုတောင်းစေပြီး အသက် ပိုရှည်စေမည့် ဆေးဝါးသစ်များ၊ ဆေးကောင်းဝါးကောင်းများကို တိုင်းသူ ပြည်သားများ လျင်မြန်စွာ သုံးစွဲခွင့် ရရှိနိုင်အောင် ဆောင်ရွက်ပေးရေးပင် ဖြစ်သည်။

အက်ဖ်ဒီအေ၏ အခြားသော တာဝန် တစ်ခုမှာ ဆေးဝါး ကုမ္ပဏီများ၊ စားသုံးသူ အုပ်စုများ၊ သတင်းစာဆရာများ၊ စာရေးဆရာများ၊ ရှေ့နေ ရှေ့ရပ်များ၊ လွှတ်တော်ထဲတွင် မဲဆွယ်သူများ စသည့် ပုဂ္ဂိုလ်များ၏ ဝေဖန် ပြောဆိုမှုကို ခံယူရေးပင် ဖြစ်သည်။ ထိုနည်းတူစွာပင် မိမိ နာမည် သတင်းထဲ၌ ဖော်ပြ ပါရှိရေး၊ တယ်လီဗီးရှင်းထဲတွင် ဖော်ပြ ပါရှိရေးတို့ အတွက် ကိုယ့်ကိုယ်ကိုယ် ဖော် မသူတော် လုပ်လိုသော အောက် လွှတ်တော်နှင့် အထက်လွှတ်တော် အမတ်များတို့၏ ခြေကုပ်ယူရာ စင်မြင့် အဖြစ် အသုံးချမှုကိုလည်း အက်ဖ်ဒီအေသည် ခံရလေ့ ရှိပေသည်။

ထိုကဲ့သို့သော ကိစ္စရပ်များနှင့် တာဝန် ပိနေသော အက်ဖ်ဒီအေသည် အရေး ကြီးသည့် ဌာနများတွင် ဝန်ထမ်း အင်အား နည်းပါးနေသော အဖွဲ့ ဖြစ်သည်။ ထို အဖွဲ့မှ သိပ္ပံပညာရပ်နှင့် ဆေးပညာရပ် ဆိုင်ရာ ဝန်ထမ်းများသည် လခ နည်းသည်သာမက အလုပ် ပိနေသော ပုဂ္ဂိုလ်များလည်း ဖြစ်ကြပေသည်။

အံ့သြစရာ ကောင်းသော အချက် တစ်ချက်မှာ ထိုကဲ့သို့ လုပ်ငန်း မျိုးစုံကို လုပ်ကိုင် နေကြရသည့် တိုင်အောင်၊ မပြည့်စုံမှုများ ရှိနေသည့် တိုင်အောင်၊ ဝေဖန် ကဲ့ရဲ့မည့် ပုဂ္ဂိုလ် အများအပြား ရှိနေကြသည့် တိုင်အောင် ခြိုင့်၍ ကြည့်မည် ဆိုပါက အက်ဖ်ဒီအေသည် သူ့တာဝန်ကို ထူးထူးခြားခြား ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်သာ ဖြစ်ပေသည်။

သို့ရာတွင် ချို့ယွင်းချက်များ ရှိနေသည်မှာလည်း အမှန်ပင်။





တစ်ခုသော ချို့ယွင်းချက်မှာ 'ဆေးဝါး ရှားပါးသော ကပ်' ပင်တည်း။

အဆိုပါ ဆေးဝါး ရှားပါးသော ကပ်တွင် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီသည် ဗြိတိန်၊ ပြင်သစ်၊ အနောက် ဂျာမနီနှင့် အခြား နိုင်ငံ အတော် ခပ်များများ၌ အသုံးပြုနေကြပြီ ဖြစ်သော စတိတ်ပေ့စ် ဆေးကို အမေရိကန် နိုင်ငံ၌ ဆိုင်တင် ရောင်းချခွင့် ရရှိရေး အတွက် ကြိုးပမ်းခဲ့ရာမှ ဗင်းစင့် လော့ဒ် နစ်နာမှု ရှိခဲ့ပုံကို ဥပမာ အဖြစ် ဖော်ပြရပေလိမ့်မည်။

စတိတ်ပေ့စ်ကို အမေရိကန်တွင် ဆိုင်တင်၍ မရောင်းချမီနှင့် ဆရာဝန်များက ဆေးညွှန်းစာ ရေးသား၍ ခွင့်ပြုနိုင်ခြင်း မရှိမီ ထိုဆေးဝါး၏ အန္တရာယ်ကင်းမှုနှင့် အာနိသင် ရှိ မရှိတို့ကို အမေရိကန်တွင် ထပ်မံ စိစစ်ပေးရန် လိုအပ်ပါသည်။ အလွန် ကောင်းမွန်သော လိုအပ်ချက် တစ်ခုပင်တည်း။ ဗင်းစင့်လော့ဒ် အပါအဝင် ဖဲလ်ဒင်း ရှော့သ်ရှိ မည်သူကမျှ ကန့်ကွက်ခြင်း မရှိကြပါ။

သူတို့ ကန့်ကွက်နေသည့် ကိစ္စမှာ အက်ဖ်ဒီအေ၏ လိုအပ်ချက် အတိုင်း အောင်မြင်စွာ စမ်းသပ်ပေးခဲ့ပြီးနောက် ရလဒ်များကို အက်ဖ်ဒီအေသို့ တင်ပြသည့် အခါ အက်ဖ်ဒီအေက သဘောထား သေးသိမ်စွာဖြင့် နောက်ထပ် နှစ်နှစ်ကြာအောင် ဆုံးဖြတ်နိုင်စွမ်း မရှိဘဲ မရေမရာ လုပ်နေသည့် ကိစ္စပင်တည်း။

၁၉၇၂ ခုနှစ်တွင် ဖဲလ်ဒင်း ရှော့သ်သည် စတိတ်ပေ့စ် အတွက် ဆေးဝါးသစ် အဖြစ် လျှောက်လွှာကို အက်ဖ်ဒီအေ ရုံးချုပ်သို့ ထရပ်ကား တစ်စီးနှင့် တင်၍ ပေးပို့ခဲ့ရသည်။

ဆေးဝါးသစ် လျှောက်လွှာတွင် အတွဲပေါင်း သုံးရာ့ ခုနစ်တွဲ ပါရှိပြီး စာမျက်နှာပေါင်း တစ်သိန်း နှစ်သောင်း ငါးထောင် ပါရှိပေရာ အခန်းငယ်ကလေး တစ်ခန်း ပြည့်လျှံ သွားနိုင်လောက်ပေသည်။ ထိုစာရွက်စာတမ်းများထဲတွင် အမေရိကန်၌ ဥပဒေ အရ လူပုဂ္ဂိုလ်များနှင့် တိရစ္ဆာန်များအား နှစ်နှစ်ကြာအောင် စစ်ဆေး စမ်းသပ်ခဲ့မှုများ ပါဝင်ပါသည်။

ယခု တင်ပြထားသော အချက်အလက်များမှာ တတ်နိုင်သလောက် ပြည့်စုံ လုံလောက်စွာ ပြုစုထားခြင်း ဖြစ်သော်လည်း ထုတ်မပြောဘဲနှင့် နှစ်ဖက်စလုံးက သိထားသည့် အချက် တစ်ချက်မှာ ထို စာရွက်စာတမ်းများကို အက်ဖ်ဒီအေရှိ မည်သူကမျှ ကုန်စင်အောင် ဖတ်နိုင်လိမ့်မည် မဟုတ် ဆိုသော အချက်ပင်တည်း။

အက်ဖ်ဒီအေရှိ ဆေးဝါးနှင့် သိပ္ပံပညာရပ် ဆိုင်ရာ ဝန်ထမ်းများထဲမှ စတိတ်ပေ့စ် လျှောက်လွှာကို ကြီးကြပ် သုံးသပ်ပြီး ဆုံးဖြတ်ချက် ချမှတ် ပေး

ရမည့် လူတစ်ယောက်ကို ရွေးချယ်ရလေ့ ရှိပါသည်။ ထိုလူမှာ အက်ဖ်ဒီအေတွင် ဝန်ထမ်း လုပ်သက် တစ်နှစ် ရှိနေပြီ ဖြစ်သော ဒေါက်တာ ဂျီဒီယွန် အာမေ့စ် (အမ်ဒီ) ပင်တည်း။

ထို လုပ်ငန်းစဉ်၏ တစ်စိတ် တစ်ဒေသမှာ အက်ဖ်ဒီအေက လေ့လာ သုံးသပ်နေစဉ် ယခု တင်ပြထားသော လျှောက်လွှာ၌ ပါရှိသည့် အချက်အလက် အချို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစေရန် အတွက်သော် လည်းကောင်း၊ အချက်အလက် အချို့ကို နောက်ထပ် တင်ပြစေရန် အတွက်သော် လည်းကောင်း ဖဲလ်ဒင်း ရှေ့သ်မှ သိပ္ပံပညာရှင်များကို ခေါ်ယူလေ့ ရှိပါသည်။

ထိုကိစ္စမှာ ထုံးစံ ဖြစ်ပါသည်။

ထုံးစံ မဟုတ်သည့် ကိစ္စမှာ ဒေါက်တာ မေ့စ်၏ စိတ်သဘောထားနှင့် အလုပ် လုပ်သော အကျင့်တို့ပင်တည်း။

သူ၏ လုပ်ငန်း ဆောင်ရွက်ပုံမှာ အက်ဖ်ဒီအေ၏ စံနှုန်းနှင့်ပင်လျှင် နှေးကွေးလွန်းလှပါသည်။ သူသည် သဘောထား သေးသိမ်သူ ဖြစ်ပြီး ရန်လိုသည်သာမက စိတ်ထား ယုတ်မာသူလည်း ဖြစ်သည်။

ဤနည်းဖြင့် ဒေါက်တာ ဗင်းစင့် လော့ဒ် ရှုံ့ရှာသော အက်ဖ်ဒီအေမှ ပုဂ္ဂိုလ်များ စာရင်းတွင် ဂျီဒီယွန် မေ့စ်လည်း ပါဝင်လာခဲ့ရခြင်း ဖြစ်ပေသည်။

စတိတ်ပေ့စ် လျှောက်လွှာကို ဒေါက်တာ ဗင်းစင့် လော့ဒ် ကိုယ်တိုင် ကြီးကြပ်၍ တင်သွင်းခဲ့သည်။

ထို လျှောက်လွှာသည် ဖဲလ်ဒင်း ရှေ့သ် ကုမ္ပဏီက တင်သွင်းခဲ့သော အခြား လျှောက်လွှာများကဲ့သို့ပင် ပြည့်စုံသည်ဟု သူ ယူဆသည်။ ထို့ကြောင့် တစ်လပြီး တစ်လ ကုန်ဆုံးသွားခဲ့ပြီး ဆုံးဖြတ်ချက် ကျမလာသောအခါ ဒေါက်တာ ဗင်းစင့် လော့ဒ်သည် မကျေမချမ်း ဖြစ်လာရလေ၏။

နောက်ဆုံးတွင် ဒေါက်တာ မေ့စ်က သိပ္ပံပညာနှင့် မသက်ဆိုင်သော အသေးအမွှား ကိစ္စလေးများကို မေးမြန်း လာလေတော့သည်။ ပို၍ ဒေါသဖြစ်စရာ ကောင်းသည့် ကိစ္စမှာ နောက်ထပ် တင်ပြရန် ဒေါက်တာ မေ့စ်က တောင်းဆိုသော အချက်အလက်များမှာ မူလ လျှောက်လွှာ၌ ပါရှိပြီးသား ဖြစ်နေခြင်းပင်။ မူလ လျှောက်လွှာထဲ၌ ပါရှိပြီးသား ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည့် အခါ ထိုဖြေကြားချက်ကို ရရှိကြောင်း နောက်ထပ် ရက်သတ္တပတ်များစွာ ကြာမှ အဖြေ ပေးလေ့ ရှိသည့် အပြင် ဖြေသည့် အခါတွင်လည်း မချေမငံ ဖြေလေ့ ရှိပေသည်။





နောက်ဆုံးတွင် ဒေါက်တာ ဗင်းစင့် လော့ဒ်သည် သူ မလုပ်ချင်ဆုံး အလုပ် ဖြစ်သော အက်ဖ်ဒီအေသို့ သွားရသည့် အလုပ်ကို လုပ်ရလေတော့သည်။

အက်ဖ်ဒီအေ ရုံးချုပ် အဆောက်အအုံသည် အင်္ဂလိပ် အက္ခရာ အီး ပုံ သဏ္ဌာန် ဆောက်လုပ်ထားသော အဆောက်အအုံကြီး တစ်ခု ဖြစ်ပြီး ဝါရှင်တန်၏ မြောက်ဘက် ဆယ့်ငါးမိုင် အကွာရှိ မေရီလင်း ပြည်နယ်၌ ရှိပါသည်။ ထိုအဆောက်အအုံထဲရှိ နေရာတိုင်းတွင် စာရွက် စာတမ်းများနှင့် ပြည့်နှက်နေသည်။

ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် ဒသမထပ်ရှိ ကြောင်အိမ် တစ်လုံးထက်ပို မကျယ်သော အခန်း တစ်ခန်းထဲတွင် အလုပ် လုပ်လျက် ရှိသည်။ သူသည် အသက် ငါးဆယ်ကျော်သူ ဖြစ်ပြီး အရပ် ကလန်ကလားနှင့် လည်ပင်း ရှည်သူ ဖြစ်ရာ သစ်ကုလားအုတ်နှင့် တူသည်ဟု အချို့က ဆိုကြသည်။ မျက်နှာ နီသည်။ နှာခေါင်းပေါ်တွင် သွေးကြောများကို ထင်ထင်ရှားရှား မြင်နေရသည်။

သူသည် ကိုင်း မပါသော မျက်မှန်ကို တပ်ဆင်လေ့ ရှိပြီး သူ့ယယ်အိမ်ကို ကျဉ်း၍ ကြည့်လေ့ ရှိသည်။ သူ့အမူအရာက ကြွပ်ဆတ်ဆတ် နိုင်သည်။ စကားပြောသည့်အခါ ငေါ့တော့တော့ ပြောလေ့ ရှိပြီး စိတ်ဆိုးလွယ်သူ ဖြစ်သည်။ သူသည် အရောင်အဆင်း မရှိတော့သော လည်စည်းနှင့် မီးပူတိုက်ရန် လိုအပ်နေသော မီးခိုးရောင် ဝတ်စုံကို ဝတ်ဆင်လေ့ ရှိသည်။

ဒေါက်တာ လော့ဒ်က ပြောလိုက်၏။

'ကျုပ်တို့ရဲ့ စတိတ်ပေ့စ်နှင့် ပတ်သက်ပြီး ပြဿနာ ဖြစ်နေပုံ ရတယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုတာ သိချင်လို့ လာတွေ့တာပါဗျာ'

'ခင်ဗျားတို့ တင်ထားတဲ့ လျှောက်လွှာဟာ ကရော်ကမည်နှင့် မပြည့်စုံဘူး၊ အဲဒီ လျှောက်လွှာမှာ ကျုပ် သိချင်တာတွေ ပြည့်စုံအောင် ပါမလာဘူး'

ဤနည်းဖြင့် ဒေါက်တာ လော့ဒ်နှင့် ဒေါက်တာ မေ့စ်တို့ စကားပြောမတည့် ဖြစ်ကြရလေတော့သည်။ နောက်ဆုံးတွင် ဒေါက်တာ မေ့စ်နှင့် သူ သွားရောက် တွေ့ဆုံသောကြောင့် အကျိုးထူးမှု လုံးဝ မရှိဘဲ ဒေါက်တာ လော့ဒ် အတွက် မကျေမချမ်း ဖြစ်မှုကသာ ပိုများလာရလေတော့သည်။

ဤတွင် ဒေါက်တာ လော့ဒ်က ဒေါက်တာ မေ့စ် အကြောင်း တတ်နိုင်သလောက် စုံစမ်းရန် ဆုံးဖြတ်လိုက်လေသည်။ ထိုကဲ့သို့သော အချက်အလက်များသည် တစ်ခါတစ်ရံတွင် အသုံး ဝင်တတ်ကြပေသည်။

နောက်ထပ် သုံး လေးလ အတွင်း ဒေါက်တာ လော့ဒ်သည် အက်ဖ်ဒီအေ ရုံးချုပ်သို့ လေး ငါးခေါက် သွားရန် အကြောင်း ပေါ်ပေါက်လာသဖြင့် သွားခဲ့ရသည်။

သူသည် ထိုကဲ့သို့ သွားရောက်တိုင်း ဒေါက်တာ မေ့စ်နှင့် ပတ်သက်၍ ၄င်း၏ လုပ်ဖော်ကိုင်ဖက်များအား သိမ်သိမ်မွေ့မွေ့ မေးမြန်း ကြည့်ရာမှ တအံ့တသြ ဖြစ်ရလောက်အောင် များပြားလှသော အချက်အလက်များကို သိလာရလေတော့သည်။

ထိုအတောအတွင်း ဒေါက်တာ မေ့စ်က စတီတ်ပေ့စ်နှင့် ပတ်သက်သော စမ်းသပ်ချက်များကို ပယ်ချလိုက်ပြီး အားလုံးကို အသစ် တစ်ဖန် ပြန်လည် စမ်းသပ်ရန် အမိန့် ချမှတ်လိုက်လေသည်။

ဒေါက်တာ လော့ဒ်က အသစ် တစ်ဖန် စမ်းသပ်ရန် လုံလောက်သော အကြောင်းပြချက် မရှိကြောင်းနှင့် ပြန်၍ စမ်းသပ်ရမည် ဆိုပါက နောက်ထပ် တစ်နှစ် ကြာဦးမည် ဖြစ်ကြောင်း သိသဖြင့် ကန့်ကွက်လိုသည်။ သို့ရာတွင် ကန့်ကွက်လိုက်မည် ဆိုပါက စတီတ်ပေ့စ်သည် ခွင့်ပြုချက် ရရှိရန် နှစ် အကန့်အသတ် မရှိ ကြာမြင့်သွားလိမ့်မည် ဖြစ်ကြောင်း သဘော ပေါက်လိုက်သဖြင့် အင်တင်တင်နှင့် ပြန်လည် စမ်းသပ်ပေးရန် အမိန့် ပေးလိုက်ရလေတော့သည်။

ထို့နောက် များမကြာမီ သူ့ ဆုံးဖြတ်ချက်ကို ဆမ် ဟော်သုန်းအား အသိပေးလိုက်သည်။ ထို့နောက် ဒေါက်တာ မေ့စ်နှင့် ပတ်သက်၍ သူ သိလာရသော အချက်များကိုလည်း ပြောပြလိုက်လေသည်။

'ဒေါက်တာ မေ့စ်ဟာ မအောင်မြင်တဲ့ ဆရာဝန် တစ်ယောက် ဖြစ်တဲ့ အပြင် ယစ်ထုပ်ကြီး တစ်ယောက်လည်း ဖြစ်တယ်၊ သူက ဇနီး နှစ်ယောက်ကို မယား စရိတ် ထောက်ပံ့ နေရတဲ့ အတွက် ငွေကြေး အကျပ်အတည်း ဖြစ်နေလို့ ညနေပိုင်းနှင့် ရက်သတ္တပတ် နားရက်တွေကျရင် ကိုယ်ပိုင် ဆေးကုခန်းတွေမှာ ဝင် ကူညီလေ့ ရှိတယ်'

'မအောင်မြင်တဲ့ ဆရာဝန် ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ'

ဒေါက်တာ ဗင်းစင့် လော့ဒ်က သူ မှတ်ထားသော စာရွက် စာတမ်းများကို လှန်လှော ကြည့်ရင်း ပြန်ဖြေလိုက်၏။

'သူ ဒေါက်တာဘွဲ့ ရပြီးတဲ့ အချိန်က စပြီး မြို့ ငါးမြို့က ဆရာဝန်တွေဆီမှာ အကူအညီ ဆရာဝန် အနေနှင့် ဝင်ရောက် လုပ်ကိုင်ခဲ့တယ်၊ အဲဒီ နောက်ပိုင်းကျတော့ သူ့ ကိုယ်ပိုင် ဆေးခန်း ထောင်တယ်၊ ဒါပေမဲ့ သူက လူနာတွေ





နှင့် အဆင် မပြေဘူး၊ တခြား ဆရာဝန်တွေကိုလည်း သူက သဘော မကျဘူး၊ ဒါကြောင့် ဆေးကုသမှုကို စွန့်လွှတ်လိုက်တယ်'

'သူ့ကို အက်ဖ်ဒီအေက ဘာဖြစ်လို့ ခန့်တာလဲ'

'အက်ဖ်ဒီအေ အခြေအနေကို ခင်ဗျားလည်း သိသားပဲ၊ သူတို့ဆီမှာ အလုပ် လုပ်ချင်တဲ့သူ သိပ်ရှားတယ်'

မှန်ပါသည်။

သို့တိုင်အောင် အက်ဖ်ဒီအေ၌ ဆောင်ရွက်နေကြသော ဝန်ထမ်းများထဲတွင် အရည်အချင်း ပြည့်ဝပြီး လုပ်ငန်းတွင် စိတ်ရောကိုယ်ပါ မြှုပ်နှံ၍ ဆောင်ရွက်နေကြသူများ ရှိကြပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များထဲ၌ မအောင်မြင်သောသူများ၊ ဘဝကို စိတ်နာပြီး လူပုဂ္ဂိုလ်များနှင့် မတွေ့လိုဘဲ ဇကစာရီ ကျင့်လိုသူများ၊ ခက်ခဲသော ဆုံးဖြတ်ချက်များကို မချလိုသူများ၊ အရက် စွဲနေသော ယစ်ထုပ်ကြီးများ၊ စိတ် မူမမှန်သူများ စသည်ဖြင့် အခြား ပုဂ္ဂိုလ်များလည်း မလွဲ မရှောင်သာ ပါရှိနေစမြဲပင်။

ဒေါက်တာ မေ့စ်သည် အဆိုပါ ပုဂ္ဂိုလ်များထဲမှ တစ်ယောက် ဖြစ်သည်မှာ သေချာပါသည်။

ဆမ် ဟော်သုန်းက မေးလိုက်၏။

'သူ အရက် မူးနေတဲ့ အခြေအနေက ဘယ်လိုလဲ'

ဒေါက်တာ လော့ဒ်က ပခုံး တွန့်လိုက်၏။

'သူ အရက် သောက်လို့ လင်မယား ကွဲတယ်၊ ဒါပေမဲ့ ရုံးကိုတော့ မှန်မှန် တက်နေတယ်၊ အဲဒီ ကိစ္စနှင့် အရေးယူလို့ မရနိုင်ဘူး၊ ပုဂ္ဂလိက ဆေးခန်းတွေမှာ ဝင်ကူညီတဲ့ ကိစ္စကလည်း စည်းမျဉ်း စည်းကမ်းတွေနှင့် မဆန့်ကျင်ပြန်ဘူး'

'ဒါဖြင့်ရင် ဒေါက်တာ မေ့စ်ကို ဘာမှ လုပ်လို့ မရတော့ဘူးပေါ့'

လော့ဒ်က ဖြေလိုက်သည်။

'ခု လောလောဆယ်မှာတော့ လုပ်လို့ မရဘူး၊ ဒါပေမဲ့ သူ မယားစရိတ်တွေ ပေးနေရဆဲပဲ၊ ပိုက်ဆံ အကျပ်အတည်း တွေ့နေရတဲ့ လူတွေဟာ ကိုးရိုးကားရား ကိစ္စတွေကို လုပ်တတ်ကြတယ်၊ တစ်ခုခု ပေါ်ပေါက် လာမှာပေါ့၊ ကျုပ် စောင့်ကြည့်ပေးပါ့မယ်'

ဆမ် ဟော်သုန်းက ဗင်းစင့် လော့ဒ်ကို စဉ်းစဉ်းစားစားနှင့် ကြည့်နေလိုက်၏။

'ဗင့်စ်၊ ခင်ဗျားဟာ ကုမ္ပဏီဘက်က ရပ်တည်မယ့် လူကောင်း တစ်ယောက် ဖြစ်လာပြီ၊ ကျုပ်တို့ အကျိုး ကျေးဇူး အတွက် ဆောင်ရွက် ပေးနေတာကို ကျုပ် အသိအမှတ် ပြုပါတယ်ဗျာ'

လော့ဒ် တအံ့တသြ ဖြစ်သွားသလို ကျေနပ်သွားသည်။

'အေးလေ၊ ကျုပ်ကတော့ အဲဒီလို မတွေးမိပါဘူး၊ ကျုပ် ဖြစ်ချင်တာက ဒီ လူလွှန်မသားကို ချောင်ပိတ် ဖမ်းပြီး စတိတ်ပေ့စ်ကို အတည်ပြုနိုင်ဖို့ပဲ၊ ဒါပေမဲ့ ခင်ဗျား ပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်'

သူသည် ဖဲလ်ဒင်း ရှေ့သတ္တင် တစ်ဆယ့် ရှစ်နှစ် ကြာအောင် တာဝန် ထမ်းဆောင်ခဲ့ပြီး ဖြစ်သဖြင့် ကုမ္ပဏီ အပေါ်၌ သစ္စာ ရှိသူ ဖြစ်လာသည့် ကိစ္စမှာ မထူးဆန်းဟု ဗင်းစင့် လော့ဒ် ပြန်တွေးမိသည်။

ယခု သူသည် 'စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှု' ကို သုတေသန ပြုလုပ်နေသော မာတင် ပိစမစ်နှင့် အပြိုင်ကြံရပေတော့မည်။ မည်သူက ဦးစွာ ပထမ ရှာဖွေ၍ တွေ့ရှိလေမည်နည်း။

ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ဒေါက်တာ ဂျီဒီယွန် မေ့စ်အား အပိုင်ကိုင်နိုင်မည့် ကိစ္စကို နောက်ဆုံးတွင် ရရှိခဲ့လေတော့သည်။ သို့ရာတွင် စတိတ်ပေ့စ်ကို ကူညီနိုင်ရန် စောစောစီးစီး ရရှိခဲ့ခြင်းတော့ မဟုတ်ပါ။ စတိတ်ပေ့စ်သည် နှောင့်နှေး ကြန့်ကြာမှုများ အခါခါ ဖြစ်ပွားပြီးနောက် ၁၉၇၄ ခုနှစ်တွင် ရောင်းချခွင့် ရရှိသွားသည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလတွင် ဒေါက်တာ လော့ဒ်သည် ကိစ္စ တစ်ခုနှင့် အက်ဖ်ဒီအေ ရုံးချုပ်သို့ ရောက်ရှိသွားပြီး နောက် တစ်နေ့တွင် တယ်လီဖုန်း ဆက်သွယ်မှု တစ်ခုကို ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုလူက ပြောလိုက်၏။

'ခင်ဗျား ဒေါက်တာ မေ့စ်နှင့် ပတ်သက်တဲ့ အချက်အလက်တွေကို စုဆောင်းနေတယ်၊ ကျုပ်ဆီမှာ တချို့ ရှိတယ်'

ဒေါက်တာ လော့ဒ် ချက်ချင်း စိတ်ဝင်စားသွားသည်။

'ဘယ်လို သတင်းမျိုးလဲ'

'မေ့စ်က ဥပဒေကို ချိုးဖောက်ထားတယ်၊ ကျုပ်ဆီမှာ ရှိတာတွေနှင့် ဆိုရင် ခင်ဗျားက သူ့ကို ထောင်ထဲ ရောက်အောင် ပို့ပစ်နိုင်တယ်'



နောက်ဆုံးတွင် ဒေါ်လာ နှစ်ထောင် ပေးရန် ဈေးတည့်သွားပြီးနောက် ဝါရှင်တန်တွင် တွေ့ဆုံရန် သဘော တူလိုက်ကြလေသည်။

၂

ဂျော့ချ်တောင်းရှိ အရက်ဆိုင်ထဲတွင် သူတို့ နှစ်ယောက် ဆုံမိကြ၏။

'မင်္ဂလာ ညနေခင်းပါ ဒေါက်တာ လော့ဒ်၊ ကျုပ်က တိုနီ ရက်မွန်ပါ၊ တယ်လီဖုန်းထဲက အသံရှင်လေ'

ထိုပုဂ္ဂိုလ်က လက်ဆွဲ နှုတ်ဆက်သည်ကို ဒေါက်တာ လော့ဒ်က လက်ခံလိုက်သည်။ စားပွဲတွင် ထိုင်မိကြသောအခါ ရက်မွန်က ပြောလိုက်၏။

'ကျုပ်က အက်ဖ်ဒီအေက ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ဝန်ထမ်း တစ်ယောက်ပါ၊ ခင်ဗျား မကြာခဏ လာနေတာကို မြင်တွေ့နေရပါတယ်'

ယခု ရက်မွန်ဟု သူ့ကိုယ်သူ မိတ်ဆက်လာသော ပုဂ္ဂိုလ်ထံမှ ပထမ အကြိမ် တယ်လီဖုန်းနှင့် အဆက်အသွယ် ရခဲ့ပြီးနောက် နောက်ထပ် နှစ်ကြိမ် စကား ပြောဖြစ်ခဲ့ကြသည်။ တစ်ကြိမ်မှာ ငွေကိစ္စ ဖြစ်ပြီး ရက်မွန်က သူ့ထံတွင် ရှိသော စာရွက် စာတမ်းများ အတွက် ဒေါ်လာ နှစ်ထောင် ရမှ ဖြစ်မည်ဟု ပြောခဲ့သည်။ ဒုတိယ အကြိမ်တွင် ယခု တွေ့ဆုံသည့် ကိစ္စကို ချိန်းဆိုခဲ့ကြသည်။ ရက်မွန်က တွေ့ဆုံမည့် နေရာကို ရွေးချယ်သည်။

ထိုနေ့ မတိုင်မီက လော့ဒ်သည် ဆမ် ဟော်သုန်းထံသို့ သွား၍ အကျိုးအကြောင်း ရှင်းပြပြီး စာရင်း မဖော်ဘဲ ဒေါ်လာ နှစ်ထောင် ပေးရန် တောင်းခံခဲ့သည်။ အစ ပထမတွင် ဆမ် ဟော်သုန်းက အင်တင်တင် ဖြစ်နေသေးသော်လည်း ဤကိစ္စမှာ အခြား ကုမ္ပဏီ တစ်ခုခု၏ လျှို့ဝှက်များကို ခိုးယူခြင်း မဟုတ်ကြောင်း၊ တရား ဥပဒေကို ချိုးဖောက်မှုလည်း မဟုတ်ကြောင်း၊ အကျင့်ပျက်သည် ဟူ၍တော့ ခေါ်ဆိုနိုင်မည် ဖြစ်ကြောင်း ဒေါက်တာ လော့ဒ်က ရှင်းပြသဖြင့် ပေးရန် သဘော တူလိုက်လေသည်။ ဒေါက်တာ ဗင်းစင့် လော့ဒ်က ဤကိစ္စကို လူနည်းနည်းသာ သိသင့်ကြောင်း၊ မစ္စစ် ဂျော်ဒန် မသိသင့်ကြောင်း ပြောလိုက်သည့် အခါ ဆမ် ဟော်သုန်း အနည်းငယ် စိတ်တိုသွားသည်။

'အဲဒါကို ကျုပ်ဘာသာ ကျုပ် ဆုံးဖြတ်မယ်ဗျာ၊ ကောင်းပြီလေ၊ သူ မသိစေရဘူး'

ဗင်းစင့် လော့ဒ် စိတ်သက်သာရာ ရရှိသွားသည်။ စီလီယာ ရော်ဒန်သည် နှိက်နှိက်ချွတ်ချွတ် မေးတတ်သလို ယခု ကိစ္စကို သဘော တူချင်မှ တူပေလိမ့်မည်။

ထိုနေ့မှာပင် ဗင်းစင့် လော့ဒ်သည် အထူး ခရီးသွား စရိတ် အဖြစ် ကုမ္ပဏီက ပြန်လည် ထုတ်ပေးသော ဒေါ်လာ နှစ်ထောင်တန် ချက်လက်မှတ် တစ်စောင်ကို ရရှိလေတော့သည်။ လော့ဒ်သည် ထိုချက်ကို ငွေသားနှင့် လဲလှယ်ခဲ့ပြီး စာအိတ် တစ်အိတ်နှင့် ထည့်၍ ယူလာခဲ့သည်။ ယခု ထိုစက္ကူအိတ်သည် သူ့ အင်္ကျီအိတ်ထဲ၌ ရှိနေသည်။

လော့ဒ်က ပြောလိုက်၏။

'မင်းဆီက စာရွက်စာတမ်းတွေကို ကြည့်ရအောင်'

'ခင်ဗျား ငွေယူလာခဲ့သလား'

လော့ဒ်က ခပ်ပြတ်ပြတ် ခေါင်းညိတ်ပြပြီး စောင့်နေလိုက်သည်။

ရက်မွန်သည် အတက်ချီ ကော့စ်ထဲမှ မနီလာ စာအိတ်ကြီး တစ်အိတ်ကို ထုတ်ယူ၍ လှမ်းပေးလိုက်သည်။

'အဲဒီ အထဲမှာ အကုန် ပါပါတယ်'

လော့ဒ်သည် စာရွက်များကို ဖတ်ရင်း အရက်ကို မျှဉ်းသောက်နေသည်။ ဆယ်မိနစ် ကြာသောအခါ လော့ဒ်က ပြောလိုက်၏။

'မင်းက တော်တော် စေ့စပ်သားပဲ'

'အေးဗျာ၊ ဒါ ခင်ဗျားကို ကျုပ်က ပထမဦးဆုံး အကြိမ် အကောင်း ပြောလိုက်တာပဲ'

လော့ဒ်က တိတ်တိတ်ဆိတ်ဆိတ် ထိုင်ရင်း ဖြစ်နိုင်ခြေများကို ဆင်ခြင်သုံးသပ်နေသည်။

ဒေါက်တာ ဂျီဒီယွန် မေ့စ်နှင့် ပတ်သက်သော ကိစ္စမှာ ရှင်းနေပါသည်။ တယ်လီဖုန်းနှင့် စကား ပြောကြစဉ် ရက်မွန်က အကြမ်းဖျင်း ရှင်းပြခဲ့သည်။ လော့ဒ် ဖတ်နေသော စာရွက်များက ကျန်သော အချက်များကို ထပ် ရှင်းပြသည်။

ဤကိစ္စမှာ အမေရိကန် နိုင်ငံ၏ မူပိုင် ဥပဒေ၊ မျိုးစု ဆေးဝါးများ၊ ပြီးတော့ အက်ဖ်ဒီအေ၏ လုပ်ထုံး လုပ်နည်းများ စသည်တို့နှင့် သက်ဆိုင်နေသည်။ ဗင်းစင့် လော့ဒ်သည် အချက် သုံးချက်စလုံးနှင့် အကျွမ်းတဝင် ရှိသူဖြစ်သည်။





မှတ်ပုံတင်ထားသော ဆေးဝါး တစ်ခုခု၏ သက်တမ်း ကာလ ဖြစ်သော ဆယ့်ခုနစ်နှစ်တာ ကာလ ကုန်ဆုံးသွားသော အခါ ဆေးဝါး ထုတ်လုပ်သော ကုမ္ပဏီ အငယ်စားကလေးများက ထိုဆေးဝါးကို မျိုးတူ ဖော်စပ် ရောင်းချခွင့် လျှောက်ထားကြပြီး မူလက ထုတ်လုပ် ရောင်းချသော ကုမ္ပဏီထက် သက်သာသော ဈေးနှုန်းနှင့် ထုတ်လုပ် ရောင်းချလေ့ ရှိကြသည်။ ထိုအခွင့်အရေးမျိုးကို ရရှိလိုက်သော ကုမ္ပဏီငယ် တစ်ခုသည် အကျိုးအမြတ် အနေနှင့် သန်းပေါင်း များစွာ ရရှိနိုင်ပေသည်။

သို့တိုင်အောင် မျိုးတူ ဆေးဝါးကို ထုတ်လုပ်ခွင့် ရရှိရေး အတွက် အက်ဖ်ဒီအေသို့ လျှောက်ထားပြီး ခွင့်ပြုချက် ရရှိရန် လိုအပ်ပေသည်။

ထိုကဲ့သို့ မျိုးတူ ဆေးဝါး ထုတ်လုပ်ခွင့် လျှောက်ထားသော ဆေးဝါးသည် ယခင်ကပင် မှတ်ပုံ တင်၍ ရောင်းချနေဆဲ ဖြစ်သော ဆေးဝါး ဖြစ်သော်လည်း ခွင့်ပြုချက် ရရှိရန် အချိန် ကြာမြင့်စွာ စောင့်ကြရလေ့ ရှိသည်။

ထိုကဲ့သို့ မျိုးတူ ဆေးဝါး ထုတ်လုပ်ခွင့် လျှောက်ထားသော ကုမ္ပဏီကလေးများကို ခွင့်ပြုသည့် အခါတွင်လည်း တစ်ကြိမ်လျှင် ကုမ္ပဏီ တစ်ခုကိုသာ ချပေးလေ့ ရှိပြီး ခွင့်ပြုချက် တစ်ခုနှင့် တစ်ခု အကြားတွင် အချိန် ကြာမြင့်စွာ ကွာခြားလေ့ ရှိသည်။

ထို့ကြောင့် ပထမဦးဆုံး ခွင့်ပြုခံရသော ကုမ္ပဏီငယ်ကလေးသည် ကျန်ပြိုင်ဘက် ကုမ္ပဏီများထက် ထူးထူးခြားခြား ပို၍ အခွင့်အရေး ရရှိသွားသကဲ့သို့ အကျိုး အမြတ်တွင်လည်း ပို၍ ရရှိမည်သာ ဖြစ်ပေသည်။ အကယ်၍ ထိုကုမ္ပဏီငယ်လေး၏ အစုရှယ်ယာများကို ရောင်းချမည် ဆိုပါက အစုရှယ်ယာ တန်ဖိုးသည် ဖြုန်းခနဲ မြင့်တက်သွားပေလိမ့်မည်။ တစ်ခါတစ်ရံတွင် ညတွင်းချင်း နှစ်ဆ အထိ ခုန်တက်သွားတတ်ပေသည်။

သို့ရာတွင် မျိုးတူ ဆေးဝါးများကို ထုတ်လုပ်သော ကုမ္ပဏီငယ်လေးများ၏ နာမည်များသည် အစုရှယ်ယာ ရောင်းချသော ဒိုင်ကြီးများတွင် စာရင်းပေါက်လေ့ မရှိသဖြင့် အစုရှယ်ယာ ရောင်းဝယ်ရေး သက်သက်ကိုသာ အသက်မွေးဝမ်းကျောင်း အဖြစ် ဆောင်ရွက်ကြသူများက လွဲ၍ ကျန် တိုင်းသူပြည်သားများက ကုမ္ပဏီငယ်လေးများ၏ ရှယ်ယာ ဈေးနှုန်းကို သတိ ထားမိကြလေ့မရှိပါ။

ထို အနေအထားသည် မရိုးသားသော အတွင်းသိ ပုဂ္ဂိုလ်များ အတွက် နတ်တို့ဖန် ရေကန် အသင့် ကြာ အသင့် အနေအထားမျိုး ဖြစ်နေတတ်ပေ

သည်။ ထို မရိုးသားသော အတွင်းသိ ပုဂ္ဂိုလ်သည် မျိုးတူ ဆေးဝါး ထုတ်လုပ်ခွင့်ကို ရရှိတော့မည့် ကုမ္ပဏီငယ်လေး၏ အစုရှယ်ယာများကို ဝယ်ယူလိုက်ပြီးနောက် အက်ဖ်ဒီအေက ခွင့်ပြုကြောင်း ကြေညာလိုက်သည့် အခါ တက်ဈေးနှင့် ပြန်လည် ရောင်းချခြင်းဖြင့် ငွေကြေး အမြောက်အမြား အကျိုးဖြစ်ထွန်းနိုင်ပေသည်။

အက်ဖ်ဒီအေ၏ လျှို့ဝှက် သတင်းများကို သိရှိထားသူ ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် အဆိုပါ အခွင့်အရေးကို နှစ်ကြိမ် အသုံးပြုခဲ့ကြောင်း စာရွက်စာတမ်း အထောက်အထားများ အရ ပေါ်လွင်လျက် ရှိပေသည်။ ဂျီဒီယွန် မေ့စ်သည် အမြတ်အစွန်း အဖြစ် ဒေါ်လာ တစ်သောင်း ခြောက်ထောင် ရရှိလိုက်ကြောင်း ဒေါက်တာ ဗင်းစင့် လော့ဒ်က အကြမ်းဖျင်း တွက်ချက် ကြည့်လိုက်၏။ ရာဇဝတ်ကြောင်း အရ စုံစမ်း စစ်ဆေးမည် ဆိုပါက ထို့ထက်မက ပို၍ အကျိုးအမြတ် ရှိခဲ့ကြောင်း ပေါ်ပေါက်လာစရာ ရှိပေသည်။

ထိုကိစ္စကို ဖော်ထုတ်လိုက်မည် ဆိုပါက ဒေါက်တာ မေ့စ်သည် ရာဇဝတ်ကြောင်း အရ အရေးယူ ခံရပေလိမ့်မည်။

လော့ဒ်၏ အတွေးမျှင်များကို ရက်မွန်၏ ငေါ့တော့တော့ လေသံက ဖြတ်တောက် ပစ်လိုက်၏။

'ကဲ ဘယ်လိုလဲ၊ အလုပ် လုပ်မှာလား၊ အဲဒီ စာရွက် စာတမ်းတွေကို ခင်ဗျား ယူမှာလား'

ဒေါက်တာ လော့ဒ်သည် စကား မပြောဘဲ ကုတ်အင်္ကျီ အိတ်ထဲမှ ပိုက်ဆံ ထည့်ထားသော စာအိတ်ကို နှိုက်၍ ပေးလိုက်သည်။

'မင်း ရေကြည့်ရင် ကောင်းလိမ့်မယ် ထင်တယ်'

'မလိုပါဘူး၊ ခင်ဗျားက ကျုပ်ကို လိမ်မှာ မဟုတ်ပါဘူး'

'မင်းကို မေးစရာ တစ်ခုတော့ ရှိတယ်'

'မေးလေဗျာ'

'မင်းက ဒေါက်တာ မေ့စ်ကို ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ'

'သူက ကျုပ်ကို အင်မတန် ရွံစရာ ကောင်းတဲ့ ဂျာဒူးဝါလားလို့ ခေါ်တယ်ဗျာ'

လော့ဒ်သည် ပြန်ရန် ထိုင်ရာမှ ထရင်း ပြောလိုက်၏။

'အဲဒီလို ပြောတာ မှားမှ မမှားပဲ၊ မင်းက အဲဒီလို လူစားမျိုးပဲ မဟုတ်လား'





ဒေါက်တာ လော့ဒ်သည် အရက်ဆိုင်ထဲက မထွက်ခင် နောက်ဘက်သို့ တစ်ချက် ပြန်ကြည့်လိုက်သည်။ တိုနီ ရက်မွန်သည် သူ့ကို ဒေါသနှင့် ကြည့်နေကြောင်း မြင်လိုက်ရလေသည်။

ဗင်းစင့် လော့ဒ်သည် တစ်ပတ်တိတိ ကြာအောင် မည်သို့ မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည်ကို စဉ်းစားနေခဲ့မိသည်။ သူ ဆမ် ပေါ်သုန်းနှင့် တွေ့သောအချိန်တွင်လည်း ထိုကိစ္စကို မဆုံးဖြတ်ဖြစ်သေးပါ။ သို့ရာတွင် ဆမ်က တဲ့တိုးမေးလာသော အခါ သူ့အနေဖြင့် ရှောင်လွှဲ၍ မရတော့ဘဲ စာရွက်စာတမ်းများကို ယူငင်၍ ပြသရလေ၏။

နောက်ထပ် နာရီဝက် ကြာသောအခါ စာရွက်များကို ဖတ်ပြီးသွားသော ဆမ်က ဖြည်းညင်းစွာ လေချွန်လိုက်သည်။

သူ့မျက်နှာမှာ စိတ်ပူပန်နေပုံ ရသည်။

'ကျုပ်တို့က ဒီကိစ္စကို ချက်ချင်း ဘာမှ မလုပ်ဘဲ ထားရင် ရာဇဝတ်မှုမှာ ကြံရာပါ ဖြစ်နိုင်တယ်'

လော့ဒ်က ပြန်ဖြေလိုက်၏။

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ ဘာပဲလုပ်လုပ် လူတွေ သိကုန်ရင် အရှင်းရ ခက်သွားလိမ့်မယ်၊ အဲဒီ စာရွက်တွေကို ဘယ်က ရလာသလဲလို့ မေးလိမ့်မယ်၊ အက်ဖ်ဒီအေမှာလည်း ဘယ်သူက မှန်မှန် ဘယ်သူက မှားမှား ကျုပ်တို့ကိုတော့ ရန်ငြိုးထားကြလိမ့်မယ်'

'ဒါဖြင့်ရင် ခင်ဗျားက ဒါတွေကို ဘာဖြစ်လို့ ယူလာရတာလဲ'

လော့ဒ်က ယုံကြည်မှု အပြည့်အဝနှင့် ဖြေလိုက်၏။

'အဲဒါတွေ ကျုပ်တို့ လက်ထဲမှာ ရှိထားရင် အသုံးဝင်လိမ့်မယ်၊ သုံးလို့ရမယ့် နည်းလမ်း ရှိမယ် ထင်လို့ပါဗျာ'

လော့ဒ်သည် ထို စာရွက်စာတမ်းများအား မည်သို့ မည်ပုံ အသုံး ချရမည်ကို လွန်ခဲ့သော မိနစ်ပိုင်း အတွင်းကပင် ဆုံးဖြတ်လိုက်ပြီး ဖြစ်သည်။

လော့ဒ်က ထပ် ပြောလိုက်ပြန်၏။

'ဒီလိုဗျာ၊ စတိတ်ပေ့စ်ကို ခပ်မြန်မြန် ခွင့်ပြုချက် ရအောင် ဒီလိုဟာတွေ ရှိရင် ကောင်းမှာပဲလို့ တွေးမိခဲ့တယ်၊ ဒါပေမဲ့ အဲဒီ ပြဿနာက ပြီးခဲ့ပါပြီ၊ ဒါပေမဲ့ တခြား ပြဿနာတွေ ရှိနိုင်သေးတယ်၊ အက်ဖ်ဒီအေက ဆေးဝါးသစ်

လျှောက်လွှာတွေနှင့် ပတ်သက်ပြီး စတိတ်မေ့စ် ကိစ္စမှာလို အဓိပ္ပာယ် မရှိ ကြန့်ကြာအောင် လုပ်မယ် ဆိုရင်'

'ခင်ဗျားက ဟိုလို လုပ်ဖို့ အကြံ ပေးနေတာတော့ ဟုတ်မယ် မထင်ပါဘူး'

ဆမ် ဟော်သုန်းက ချောက်ချောက်ချားချားနှင့် မေးလိုက်၏။

'ကျုပ်က ဘာကိုမှ အကြံပေးနေတာ မဟုတ်ဘူး၊ မကြာခင် ကျုပ်တို့ မေ့စ်နှင့် နောက်တစ်ကြိမ် တွေ့ရဖို့ သေချာတယ်၊ အဲဒီအခါကျလို့ သူက ဒုက္ခ ပေးမယ် ဆိုရင် သူ့ကို ပြန်ချဖို့ လက်နက် ခဲယမ်းမီးကျောက် ကျုပ်တို့ဆီမှာ ရှိနေပြီ၊ ခု လောလောဆယ်ဆယ်မှာ ဘာမှ မလုပ်သေးဘဲ သိမ်းထားမယ်လေ'

ဆမ်က နောက်ဆုံးတွင် ပြောချလိုက်၏။

'ခင်ဗျား ပြောတာ မှန်ကောင်း မှန်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်ကတော့ မကြိုက်ဘူးဗျာ'

'မေ့စ်ကလည်း ကြိုက်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မေ့စ်ကသာ ရာဇဝတ် ကောင်ဗျ၊ ကျုပ်တို့ မဟုတ်ဘူး ဆိုတာကိုတော့ ခင်ဗျားကို သတိ ပေးပါရစေ'

ဆမ်က တစ်ခုခုကို ပြောရန် ဟန်ပြင် လိုက်သော်လည်း လော့ဒ်က ဦး အောင် ပြောချလိုက်၏။

'အချိန် ကျလာရင် ယုတ်မာတဲ့ ကိစ္စကို ကျုပ်ကပဲ လုပ်ပါ့မယ်ဗျာ'

ဆမ် ဟော်သုန်းက ခပ်အင်တင်တင်နှင့် ခေါင်းညိတ်လိုက်စဉ် ဒေါက်တာ လော့ဒ်က 'ကျုပ် အတွက် အရသာတောင် တွေ့ချင် တွေ့ဦးမှာ' ဟူ၍ စိတ်ထဲက ဖြည့်စွက် ပြောဆိုလိုက်လေတော့သည်။

## ၃

၁၉၇၅ ခုနှစ် နှစ်ဦးပိုင်းတွင် စီလီယာသည် ရာထူး တိုးမြှင့်ပေးခြင်း ခံရပြန်သည်။ စီလီယာသည် ဆေးဝါး ရောင်းဝယ်ရေး ညွှန်ကြားရေးမှူး အဖြစ် ရာထူး တိုးမြှင့် ပေးခံရသဖြင့် ဒေသဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ အဆင့်သို့ ရောက်ရှိသွားပြီး ဆေးဝါး ရောင်းဝယ် ဖောက်ကားရေး ဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌထက် တစ်ဆင့်သာ နိမ့်သော နေရာသို့ ရောက်ရှိသွားလေပြီ။ ရောင်းဝယ်ရေး ဌာနတွင် နယ်လှည့် ဆေးရောင်း ဈေးသည် အဖြစ် ဆောင်ရွက်ခဲ့ရသူ တစ်ဦး အတွက် အလွန်





ပြောင်မြောက်သော စွမ်းဆောင်မှုပင် ဖြစ်သည်။ အမျိုးသမီး တစ်ယောက် အနေနှင့်မူ အလွန် ထူးခြားသည်ဟု ဆိုရပါမည်။

ယခု လုပ်ငန်းတွင်မူ စီလီယာသည် လွန်ခဲ့သော သုံးနှစ်ကလို ဆမ် ဟော်သုန်းနှင့် တိုက်ရိုက် ဆက်သွယ်ခွင့် မရှိတော့ပါ။ သို့ရာတွင် ဆမ် ဟော်သုန်းက သူ့အား အချိန်မရွေး လာရောက် တွေ့ဆုံနိုင်ခွင့်ကို ပေးအပ်ထားသည်။ ဆမ် ဟော်သုန်းသည် စီလီယာအား သူ၏ အထူး လက်ထောက် အဖြစ် တာဝန် ထမ်းဆောင်ရသော နောက်ဆုံးနေ့တွင် ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းအပြင် ဆမ် ဟော်သုန်း နေအိမ်၌ အင်ဒရူးနှင့် စီလီယာတို့ အတွက် ပြုလုပ်ပေးသော ညစာ စားပွဲတွင်လည်း လီလီယန် ဟော်သုန်းက 'မင်း ရှိနေရင် ဆမ် အနေနှင့် သက်သာ လွယ်ကူနေတဲ့ အတွက် မင်း ပြောင်း မသွားဖို့ ကိုယ်ကျိုး ဖက်တဲ့ အနေနှင့် ဆုတောင်း မိခဲ့ပါတယ်၊ အခုဆိုရင် ကိုယ်က သူ့အတွက် ပိုပြီး စိတ်ပူ ရတော့မယ်' ဟု ပြောခဲ့လေသည်။

ထိုနေ့ည ညစာ စားပွဲတွင် အသက် တစ်ဆယ့် ကိုးနှစ် ရှိပြီ ဖြစ်သော ဂျူးလီးယက် ဟော်သုန်းသည် ကောလိပ်မှ နေအိမ်သို့ ခေတ္တခဏ ပြန်လည် ရောက်ရှိနေသည်။ သူနှင့် တွဲ၍ ပါလာသူ ဒိုက် ဝွဒ်စမစ်အား သူ့ ရည်းစား အဖြစ် မိတ်ဆက်ပေးသည်။ ဝွဒ်စမစ်သည် ဥပဒေ သင်တန်း၌ တက်ရောက် သင်ကြားနေသူ ဖြစ်သည်။

လီလီယန် ဟော်သုန်းက စီလီယာအား ချီးကျူး စကား ပြောပြီးသော အခါ ဆမ်က စီလီယာသည် 'ကြွက်လျှောက် အဆင့်' ၌ မော်တော်ကား ရပ်ခွင့် ရရှိသွားပြီ ဖြစ်ကြောင်း၊ ထိုကိစ္စကို ညနေပိုင်းကမှ အတည်ပြု ပေးလိုက်သဖြင့် စီလီယာ ကိုယ်တိုင်ပင် မသိသေးကြောင်း ပြောပြလိုက်လေသည်။

'ကြွက်လျှောက် အဆင့်' ဆိုသော နေရာမှာ ဖဲလ်ဒင်း ဈေ့သ် ရုံးချုပ် အဆောက်အအုံနှင့် ယှဉ်၍ ရှိနေသော မော်တော်ကား ဂိုဒေါင်၏ အထက်ဆုံး ထပ်ပင် ဖြစ်သည်။ ထို 'ကြွက်လျှောက် အဆင့်' တွင် ကုမ္ပဏီ၏ ထိပ်တန်း အရာရှိကြီးများ၏ ကား ရပ်ရန် နေရာများ အဖြစ် သတ်မှတ်ပေးထားသည်။ ထိုအရာရှိကြီးများသည် ထိုနေရာမှ တစ်ဆင့် မှန် ကာရံထားသော စင်္ကြံလမ်းကို အသုံးပြု၍ တစ်ဖက်တွင် ရှိသော ရုံးချုပ် အဆောက်အအုံဆီသို့ လွယ်ကူစွာ ကူး၍ သွားနိုင်ကြပေသည်။

ရုံးချုပ် အဆောက်အအုံဆီသို့ ရောက်သော အခါ သီးသန့် ဓာတ်လှေကားနှင့် ဆယ့်တစ်ထပ်တွင် ရှိသော စီမံခန့်ခွဲရေး နယ်မြေသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

ဆမ်သည် ကုမ္ပဏီမှ ပေးသော ယာဉ်မောင်း တစ်ယောက် မောင်းနှင်သည့် မော်တော်ကားကို မစီးဘဲ ငွေ မီးခိုးရောင် ရိုးစ် ဘင်တလီ မော်တော်ကားကို ကိုယ်တိုင် မောင်းနှင်၍ ထိုနေရာတွင် ရပ်တန့်ထားလေ့ ရှိသည်။

ကုမ္ပဏီရှိ အဆင့် ငယ်သော အခြား အရာရှိများသည် ထိုအထပ်ထက် နိမ့်သော အထပ်များရှိ မော်တော်ကား ရပ်ရန် နေရာများကို သုံးစွဲကြရသည်။ သူတို့သည် ဓာတ်လှေကားနှင့် မြေညီထပ်သို့ ပြန်ဆင်းကြရပြီး အကာ အရံ မရှိသော နေရာကို ကျော်ဖြတ်၍ ရုံးချုပ် အဆောက်အအုံဆီသို့ ကူးသွားရပြီး အပေါ်ထပ်သို့ ဓာတ်လှေကားနှင့် တက်ကြရသည်။

စီလီယာ၏ ရာထူး နှစ်ဆင့် တိုးမှုနှင့် စပ်လျဉ်း၍ အားလုံး ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြသည်။

ထမင်းစားပွဲမှ အပြန်တွင် အင်ဒရူးက စီလီယာအား ပြောလိုက်၏။

'မင်း လွန်ခဲ့တဲ့ နှစ်ပေါင်း များစွာက ဆမ် ဟော်သုန်း နောက်တော်ပါးက ကပ်လိုက်သွားဖို့ ဆုံးဖြတ်ချက်ဟာ သိပ်မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ'

'ဟုတ်တယ်၊ ဒါပေမဲ့ ခုတလော သူနှင့် ပတ်သက်ပြီး စိတ်ပူ နေမိတယ်'

'ဘာဖြစ်လို့လဲ'

'သူ အလျင်ကထက် ပိုပြီး ပြင်းပြင်းထန်ထန် အလုပ် လုပ်နေတယ်၊ ပြီးတော့လည်း တစ်ယောက်ယောက် လုပ်တာ ကိုင်တာ မှားယွင်းသွားလို့ ရှိရင် သိပ်ပြီး စိတ်ဆင်းရဲလေ့ ရှိတယ်၊ ဒါပေမဲ့ အဲဒီ ကိစ္စတွေဟာ တာဝန် ကြီးကြီးကို လုပ်နေရလို့နှင့် တူတယ်၊ ပြီးတော့ တစ်ခါတလေကျရင် သူ သောက ဖြစ်နေတဲ့ ကိစ္စကို မျှဝေပြီး မခံစားလိုတဲ့ သဘောနှင့် လျှို့လျှို့ဝှက်ဝှက် လုပ်နေတတ်သေးတယ်'

'ဆမ်ရဲ့ ဒုက္ခကို ခွဲဝေပြီး မခံစားဘဲနှင့်တောင် မင်းမှာ တော်တော်လေး ဒုက္ခ များနေပါပြီကွာ'

'ဟုတ်တယ်နော် ဒေါက်တာ ဂျော်ဒန်၊ ရှင်လည်း တစ်နေ့တခြား ပို ပိုပြီး ပညာ တတ်လာပြီ'

အတန်ငယ် ကြာသောအခါ အင်ဒရူးက ပြောလိုက်ပြန်၏။



'နောက်မြီး ဆွဲပြီး လိုက်တယ် ဆိုတဲ့ ကိစ္စနှင့် ပတ်သက်ပြီး မင်းနောက်ကို တကောက်ကောက် လိုက်နေတဲ့ ဟိုချာတိတ်ရော ဘာဖြစ်သွားပြီလဲ'

'ဘီလ် အင်ဂရမ်ကို ပြောတာလား၊ ဘီလ်က နိုင်ငံတကာ ဆေးရောင်းဝယ်ရေး ဌာနမှာ လက်တင် အမေရိကန် ညွှန်ကြားရေးမှူး အနေနှင့် ကျွန်မ ရာထူးမှာ ဝင် လုပ်နေပြီလေ၊ ကျွန်မက သူ့ကို ရာထူး တိုးပြီး ရောင်းဝယ်ဖောက်ကားရေး ဌာနကို ခေါ်မယ်လို့ စဉ်းစားနေတာ'

'သိပ်ကောင်းတာပေါ့ကွာ'

စီလီယာ ရာထူး တိုးသောကြောင့် ဝမ်းသာနေရချိန်တွင် ဝမ်းနည်းစရာ ကိစ္စ တစ်ခု ဖြစ်ပေါ်လာသည်။ တက်ဒီ အပ်ရှောသည် အလုပ် လုပ်နေရင်း အလုပ်စားပွဲတွင် နှလုံး ရောဂါနှင့် သေဆုံးသွားခဲ့သည်။ တက်ဒီသည် ပင်စင် မယူမီ တစ်နှစ် အလိုတွင် ကွယ်လွန်သွားခြင်း ဖြစ်သည်။

နောက်လတွင် တစ်ကမ္ဘာလုံး အတွက်နှင့် ဖဲလ်ဒင်း ရှော့သ် အတွက် သတင်းကောင်းများကို ကြားလာကြရသည်။

ဗီယက်နမ် စစ်ပွဲ ပြီးဆုံးသွားသည်။ စစ် မရှုံးဖူးသေးသော အမေရိကန် နိုင်ငံ အဖို့ ရက်ရက်စက်စက် အရှုံး ခံလိုက်ရခြင်းပင် ဖြစ်သည်။

နောက်ထပ် ရက် သတ္တ တစ်ပတ် သို့မဟုတ် နှစ်ပတ် ကြာသော အခါ မွန်တိန်းကို ပြင်သစ် နိုင်ငံတွင် ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့် ရရှိပြီ ဆိုသော သတင်းကြောင့် ဖဲလ်ဒင်း ရှော့သ်မှ ထိပ်ပိုင်း ဝန်ထမ်းများ ဝမ်းသာ သွားကြသည်။

လိုင်စင် စည်းကမ်းချက် အရ မွန်တိန်းအား အမေရိကန်၌ စမ်းသပ်မှုကို ယခု စတင်၍ ပြုလုပ်နိုင်လေပြီ။

မွန်တိန်းသည် ကိုယ်ဝန် ရှိနေသော အမျိုးသမီးများ ပျို့အန် မူးဝေသည့် ကိစ္စကို အကာအကွယ် ပေးသည့် ဆေး ဖြစ်ကြောင်း စီလီယာ သိရစဉ်က စိတ် မသက်မသာ ဖြစ်ခဲ့ရသည်။

ထိုကိစ္စကို ဆမ် ဟော်သုန်းအား ပြောပြလိုက်သောအခါ ဆမ်က ဝန်ခံလိုက်သည်။

'မွန်တိန်း အကြောင်း စပြီး ကြားရစဉ်က ကျုပ်လည်း မင်းလိုပါပဲ၊ ဒါပေမဲ့ နောက်ပိုင်းမှာ သိလာရသလောက် ပြောရရင် မွန်တိန်းဟာ အစွမ်းထက် ရုံမက အင်မတန် အန္တရာယ် ကင်းတဲ့ ဆေးပဲလို့ ယုံကြည်လာတယ်'

သာလီဒိုမိုက် ကိစ္စ ဖြစ်ပွားခဲ့သည်မှာ ဆယ့်ငါးနှစ် ရှိခဲ့ပြီ ဖြစ်သလို ဆေးဝါး သုတေသန လုပ်ငန်းတွင်လည်း များစွာ တိုးတက်မှု ရှိခဲ့ပေသည်။

ဆမ်က ထပ်ပြောလိုက်ပြန်၏။

'အများကြီး ပြောင်းလဲခဲ့ပါပြီကွာ၊ ဥပမာ ပြရရင် မီးဖွားနေတုန်းမှာ မေ့ဆေး သုံးရင် အန္တရာယ် ရှိတယ်လို့ ယူဆခဲ့တဲ့ အချိန်တောင် ရှိခဲ့သေးတာပဲ၊ ထိုနည်း လည်းကောင်းပဲ ကိုယ်ဝန်ဆောင်နေချိန်မှာ စိတ်ချ လက်ချ သုံးစွဲနိုင်တဲ့ ဆေးတွေ ရှိကို ရှိရမှာပေါ့ကွာ၊ မွန်တိန်းဟာ အချိန်ကိုက် ရောက်လာတဲ့ ဆေးပါကွ'

ဆမ် ဟော်သုန်းက အချက်အလက် ပြည့်ပြည့်စုံစုံ မလေ့လာရသေးခင် မွန်တိန်းနှင့် ပတ်သက်၍ မယုတ်မလွန် သဘောထားမျိုး ထားရန် စီလီယာကို တိုက်တွန်းလိုက်သည်။

စီလီယာသည် နောက်ထပ် များမကြာမီ ဖဲလ်ဒင်း ရော့သ်မှ ဒုတိယ ဥက္ကဋ္ဌ (ဘဏ္ဍာရေး) ဆီသ် ဖိန်းဂိုးနှင့် တွေ့လိုက်ရချိန်တွင် ဖဲလ်ဒင်း ရော့သ် အတွက် မွန်တိန်း၏ အရေးပါမှုကို သိလာရလေတော့သည်။

ဖိန်းဂိုးက စီလီယာအား အတွင်း စကား အဖြစ် ပြောပြလိုက်၏။

'ဆမ်ကတော့ ကျုပ်တို့ အတွက် လိုနေတဲ့ ငွေကို မွန်တိန်းက ဖြည့်ပေးလိမ့်မယ်လို့ ပြောတာပဲ၊ ဒီနှစ် အတွက် နှစ်ချုပ် စာရင်းကတော့ ကျုပ်တို့ဟာ အစိုးရဆီက လက်ဖြန့်ပြီး တောင်းရမယ့် ပုံစံမျိုး ဖြစ်နေပြီ'

ဖိန်းဂိုးသည် အနားယူရမည့် အသက်ကို ကျော်လွန်ခဲ့ပြီ ဖြစ်သော်လည်း ဖဲလ်ဒင်း ရော့သ်၏ ဘဏ္ဍာရေး အခြေအနေကို စွယ်စုံ ကျမ်းပမာ သိထားသူ ဖြစ်သောကြောင့် ဆက်လက် ခန့်ထားခြင်း ဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ် အတွင်းတွင် ဖိန်းဂိုးနှင့် စီလီယာတို့သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာခဲ့ကြသည်။ မစ္စစ် ဖိန်းဂိုး၏ နှစ်ပေါင်းများစွာ ခံစားနေရသော ရိုးဆက် ရောင် ရမ်းနာကို အင်ဒရူးက အောင်မြင်စွာ ကုသပေးနိုင်မှုလည်း တစ်ကြောင်း ပါဝင်ပါသည်။

ထိုကဲ့သို့ ဆွေးနွေးကြရင်း ဗြိတိန် နိုင်ငံမှ သုတေသန ဌာန အကြောင်း ဖိန်းဂိုးက စပြောလိုက်၏။





'ဟိုက သုတေသန ဌာနမှာ ဗြိတိသျှ လူမျိုးတွေ ဘယ်လိုများ အလုပ်လုပ်နေကြပါလိမ့်လို့ ကျုပ်တို့ တွေးနေမိကြတယ်၊ သူတို့က ကော်ဖီ သောက်ချိန် များများ ယူပြီး အချိန် ဖြုန်းနေကြသလားမှ မသိတာ'

စီလီယာက စပြောသည်။

'ကျွန်မ သူတို့ဆီက သတင်းတွေကို ခုတလောတော့ မကြားရဘူး'

ဖိန်းဂိုးက ပြောလိုက်၏။

'သူတို့က ရေဖောက်ချလိုက်တဲ့ ရေချိုးကန်ထဲက ရေတွေလို ပိုက်ဆံတွေ သန်းနှင့် ချီပြီး သုံးနေကြတယ် ဆိုတာက လွဲလို့ ကျုပ်ကတော့ ဘယ်သတင်းမှ မရသေးဘူး၊ ကျုပ်တို့ရဲ့ နှစ်ချုပ် စာရင်း ပုံပျက် ပန်းပျက် ဖြစ်နေရတာ အဲဒီ ကိစ္စကလည်း အကြောင်း အချက် တစ်ခု အနေနှင့် ပါနေတယ်၊ ဒီမှာ စီလီယာ၊ ဘုတ် အဖွဲ့ဝင် ပုဂ္ဂိုလ် တချို့ အပါအဝင် ဒီက ပုဂ္ဂိုလ်တွေက ဗြိတိန် နိုင်ငံက လုပ်ငန်းကို တော်တော်လေး သောက ဖြစ်နေကြတယ်၊ ဆမ်ကို မေးကြည့်ပေါ့ကွာ'

သို့ရာတွင် စီလီယာက မေးမကြည့်လိုက်ရပါ။ နောက်ထပ် တစ်ရက် နှစ်ရက် ကြာသော အခါ ဆမ် ဟော်သုန်းက သူ့ကို ခေါ်ပြီး ပြောပြလေ၏။

'ကျုပ် မာတင် ပီစမစ်နှင့် ပတ်သက်ပြီး တော်တော်ကလေး အပြောအဆို ခံနေရတယ် ဆိုတာ မင်းလည်း ကြားမှာပေါ့'

'ဟုတ်ကဲ့၊ ဆီသ် ဖိန်းဂိုးက ပြောပြပါတယ်'

ဆမ်က ခေါင်းညိတ်သည်။

'ဆီသ် ဖိန်းဂိုးဟာ သံသယ ဝင်နေသူတွေထဲမှာ ပါနေတယ်၊ ငွေကြေး အခြေအနေ အရ သူက ဟာလိုး သုတေသန ဌာနကို ပိတ်ပစ်စေချင်တယ်၊ အဲဒီလို ပိတ်စေချင်တဲ့ လူတွေ ဘုတ်အဖွဲ့ထဲမှာ တိုးပွားလာနေပြီ၊ နှစ်ပတ်လည် အစည်းအဝေး ကျရင် အစုရှယ်ယာရှင်တွေကလည်း မေးကြ မြန်းကြလိမ့်မယ်၊ တစ်ခါတလေ ကျတော့လည်း အဲဒီလို အဖြစ် ခံလိုက်ရင် ကောင်းမှာပဲလို့တောင် တွေးမိတယ်'

စီလီယာက သတိ ပေးလိုက်၏။

'ဟာလိုးမှာ သုတေသန လုပ်နေတာ နှစ်နှစ်တောင် မပြည့်သေးပါဘူး၊ ရှင်က မာတင့်ကို စိတ်ချပြီးသားပဲ မဟုတ်လား'

'မာတင်က နှစ်နှစ် အတွင်း ရေရေရာရာ အဖြေ တစ်ခုကို သိရပါစေမယ်လို့ ကြိုပြောခဲ့တယ်၊ ဒေါ်လာတွေ သဲထဲ ရေသွန်သလို ဖြစ်နေလို့ ကျုပ်ကို

အစုရှယ်ယာရှင်တွေနှင့် ဘုတ် အဖွဲ့ဝင်တွေက ဒုက္ခ ပေးနေကြတဲ့ အချိန်မှာ စိတ်ချတယ် ဆိုတာ အတိုင်းအတာ တစ်ခု အထိ အကန့်အသတ်နှင့် ရှိရလိမ့်မယ်၊ နောက်တစ်ချက်ကလည်း မာတင်က တိုးတက်မှု အစီရင်ခံစာတွေနှင့် ပတ်သက်ပြီး ခေါင်းမာနေတယ်၊ တစ်စောင်မှ ရေးမပို့ဘူး၊ ဒီတော့ ကျုပ် အနေနှင့် အဲဒီမှာ တကယ် တိုးတက်မှု ရှိနေတယ်၊ ပြီးတော့ ဆက်ဖွင့်ထားရလောက်အောင် အခြေအနေ ကောင်းပါတယ် ဆိုတဲ့ အာမခံချက် လိုနေတယ်'

'ဘာဖြစ်လို့ ရှင်ကိုယ်တိုင် သွားမကြည့်တာလဲ ရှင်'

'သွားမယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ အချိန် မပေးနိုင်သေးဘူး၊ ဒီတော့ မင်း သွားစေချင်တယ် စီလီယာ'

'ဗင်းစင့် လော့ဒ်က ကျွန်မထက် ပိုပြီး အရည်အချင်း မပြည့်ဝပေဘူးလား'

'သိပ္ပံ ပညာရပ် အနေနှင့်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ဗင်းစင့် လော့ဒ်က သိပ်ပြီး အစွဲကြီးလွန်းတယ်၊ သူက ဟာလိုးမှာ သုတေသန ဌာန မဖွင့်ဖို့ ကန့်ကွက်ခဲ့တယ်၊ ဒီတော့ ဟာလိုး သုတေသန ဌာနကို ပိတ်ပစ်ရရင် သူ မှန်တယ်လို့ သက်သေပြရာ ရောက်ပြီပေါ့၊ ဒီတော့ သူက အဲဒီလို လုပ်ပါလို့ အကြံမပေးဘဲ နေမှာ မဟုတ်ဘူး'

စီလီယာက ရယ်လိုက်၏။

'ရှင်က ကျွန်မတို့ အကြောင်း နိုက်နိုက်ချွတ်ချွတ် သိထားတာကိုး'

'မင်းအကြောင်း ကျုပ် သိပါတယ် စီလီယာ၊ ကျုပ်က မင်းရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း ယုံကြည်ပါတယ်၊ မင်းက မာတင် ပိစမစ်ကို ဘယ်လောက်ပဲ သဘောကျကျ မင်းရဲ့ အကြံပြုချက်မှာ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် ရေးရတော့မယ် ဆိုရင် ရေးသာ ရေးချလိုက်ပါ၊ မင်း ဘယ်တော့လောက် ခပ်စောစော သွားနိုင်မလဲ'

'ကျွန်မ နက်ဖြန်ခါ သွားဖို့ ကြိုးစားပါ့မယ်'

၄

နှစ်ရက်ကြာ နေထိုင်ရန် ဟီသရိုး လေဆိပ်သို့ နံနက်ပိုင်း၌ စီလီယာ ရောက်ရှိလာချိန်တွင် အသင့် စောင့်နေသော မော်တော်ကားက စီလီယာအား ဖဲလ်ဒင်းရှော့သ် သုတေသန ဌာနသို့ ခေါ်ဆောင်သွားသည်။





ဟာလိုးသို့ စီလီယာ ရောက်ရှိလာသော ပထမ နေ့တွင် လူတိုင်းလိုလို စိတ်အား တက်ကြွနေကြသည်ကိုသာ တွေ့မြင် နေရသည်။ မာတင် ပိစမစ်မှ စ၍ အောက်ပိုင်း အထိ ဝန်ထမ်း အားလုံးက စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှုအား သုတေသန ပြုလုပ်နေသည့် ကိစ္စမှာ တိုးတက်လျက် ရှိကြောင်း၊ မည်မျှ အထိ လေ့လာ သိရှိကြရပြီ ဖြစ်ကြောင်း၊ မည်မျှ အထိ တက်ညီ လက်ညီ ဆောင်ရွက်လျက် ရှိကြကြောင်း စီလီယာအား ပြောပြကြသည်။

တစ်ခါတစ်ရံတွင်မူ တုံ့ဆိုင်းမှုကလေးများကိုလည်း ဖျိုးခနဲ ဖျတ်ခနဲ မြင်ရတတ်ပေသေးသည်။

အစမှ စ၍ တင်ပြရမည် ဆိုပါက ပထမနေ့တွင် မာတင် ပိစမစ်သည် စီလီယာနှင့် အတူ ဓာတ်ခွဲခန်းများထဲသို့ လျှောက်သွားပြီး ဆောင်ရွက်နေဆဲ လုပ်ငန်းများကို ရှင်းပြသွားသည်။ မာတင် ပိစမစ်က အသက် ကြီးရင့်သော တိရစ္ဆာန်များ၏ ဦးနှောက်နှင့် ငယ်ရွယ်သော တိရစ္ဆာန်တို့၏ ဦးနှောက်များထဲတွင် မတူညီသော အမ်အာအင်အေတို့ကို သီးခြား ခွဲထုတ်ပြီး ရှာဖွေ တွေ့ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ထိုကိစ္စမှာ လူသားတို့တွင်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်ကို ရှာဖွေ တွေ့ရှိလိမ့်မည် ဖြစ်ကြောင်း ရှင်းပြသွားသည်။

မာတင် ပိစမစ်သည် ဦးထုပ်ထဲမှ ယုန်ကလေး တစ်ကောင်ကို မျက်လှည့်ဆရာ တစ်ယောက်က ဆွဲထုတ် ပြသကဲ့သို့ ဓာတ်ခွဲခန်းထဲရှိ စားပွဲ တစ်ခုမှ ရှစ်လက်မ ဆယ်လက်မ အရွယ် နက်ဂတစ်များကို ဆွဲယူ ပြသလိုက်သည်။

'ဒါတွေက ခရိုမာတိုဂရမ်တွေရဲ့ ဓာတ်ပုံ ကော်ပြားတွေပါ'

စီလီယာက ကောက်ယူ ကြည့်ရှုချိန်တွင် ကြည်လင်နေသော ဖလင်များ ဖြစ်သည်ဟု ထင်ရသော်လည်း မာတင်က အတင်း ကြည့်ခိုင်းနေသည်။

'သေသေချာချာ ကြည့်မယ် ဆိုရင် အနက်ရောင် ထောင်လိုက် မျဉ်းကြောင်းတွေ ပါတဲ့ ကော်လန် နှစ်ခုကို တွေ့ရလိမ့်မယ်၊ တစ်ခုကတော့ အသက်ငယ်တဲ့ ကြွက်၊ ကျန်တစ်ခုကတော့ အသက် ကြီးတဲ့ ကြွက်၊ ဟောဒီမှာ တွေ့တယ် မဟုတ်လား၊ အသက် ငယ်တဲ့ ကြွက်ဘက်က ကော်လန်မှာ ရှိနေတဲ့ ပက်ပ်တိုက်ဒ် အစင်းကြောင်း ကိုးခုဟာ အသက် ကြီးတဲ့ ကြွက် ဦးနှောက်ဘက်မှာ မရှိတော့ဘူး၊ ဒီတော့ ဦးနှောက်ထဲက အာအင်အေနှင့် ဒီအင်အေတွေဟာ အိုမင်း ရင့်ရော်မှု ဖြစ်စဉ် ကာလမှာ ပြောင်းလဲသွားကြတယ် ဆိုတဲ့ အထောက်အထားကို ရှာတွေ့ရပြီ၊ ဒီကိစ္စဟာ သိပ် အရေးကြီးပါတယ်'

'ဟုတ်ကဲ့'

စီလီယာက ပြောပင် ပြောလိုက်ရသော်လည်း ထိုကိစ္စသည် ငွေကုန်ကြေးကျ ခံ၍ နှစ်နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ရမှု အတွက် ထိုက်တန်သော ရှာဖွေ တွေ့ရှိမှု ဟုတ်မှ ဟုတ်ရဲ့လား ဟူ၍ စိတ်ထဲက တွေးနေမိသည်။

သူတို့သည် ထိုစားပွဲမှ ထွက်ခွာ လာကြစဉ် မာတင် ပီစမစ်က ဆက်ရှင်းပြပြန်၏။

'အခု ကျွန်တော်တို့က အာအင်အေကို ရှာတွေ့ပြီ ဆိုတော့ လိုက်ဖက်ညီတဲ့ ဒီအင်အေကို လုပ်ယူလို့ ရပြီ၊ အဲဒီ ဒီအင်အေကို အသက် ရှိတဲ့ ဗက်တီးရီးယားထဲမှာ ထည့်ပြီး ကျွန်တော်တို့ လိုချင်တဲ့ ဦးနှောက် ပက်ပ်တိုက်ဒ် ရအောင် ကြိုးစားရမယ်'

စီလီယာသည် တတ်နိုင်သမျှ မှတ်မိအောင် ကြိုးစားနေရ၏။

လိုက်လံ စစ်ဆေးမှု ပြီးဆုံးခါနီးတွင် မာတင်က တံခါး တစ်ချပ်ကို ဖွင့်လိုက်ပြီးနောက် မစ်ကီ ယိတ် ဆိုသူက တိရစ္ဆာန်များကို ခွဲစိတ်တော့မည် ဖြစ်ကြောင်း ပြောပြလိုက်သည်။

ထို့နောက် မာတင်သည် တယ်လီဖုန်း ဆက်ရန် ရှိသဖြင့် စီလီယာကို မစ်ကီ ယိတ်နှင့် အတူ ထားခဲ့ပြီး အပြင်သို့ ပြန်ထွက်သွားသည်။

မစ်ကီ ယိတ်၏ ခွဲစိတ်ပုံကို စီလီယာက ကြည့်ခွင့် တောင်းရာ မစ်ကီ ယိတ်ကလည်း သဘော တူလိုက်သည်။

မစ်ကီ ယိတ်က ကြွက်ကို ကာဗွန်ဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့နှင့် သတ်ရလေ့ ရှိကြောင်း၊ ထိုသို့ သတ်ရသည်မှာ နေးကွေးကြောင်း၊ ခေါင်းဖြတ်စက်နှင့် သတ်ရသည်က ပို၍ မြန်ဆန်ကြောင်း ရှင်းပြသလို လက်တွေ့လည်း သတ်ပြလိုက်လေသေးသည်။

ခေါင်းဖြတ်စက်နှင့် သတ်ပြသည်ကို မနှစ်မြို့သော စီလီယာက ဒေါသနှင့် ပြောလိုက်၏။

'ရှင်က ကျွန်မ အတွက် အဲဒီလို လုပ်ပြဖို့ မလိုပါဘူး ရှင်'

'ဘာလုပ်တာလဲ'

စီလီယာ၏ ကျောဘက်မှ မာတင်၏ အသံ ပေါ်ထွက်လာသည်။

မာတင်သည် ထိုမြင်ကွင်းကို အကဲ ခတ်လိုက်ပြီးနောက် စီလီယာအား အပြင်သို့ ထွက်ခိုင်းလိုက်သည်။

စီလီယာ အပြင်ဘက်က စောင့်နေရစဉ် ဒေါသူနေသော မာတင်၏ ကျယ်လောင်သော အသံကို ကြားနေရသည်။





'ဘယ်တော့မှ မလုပ်ပါနှင့်၊ စီအိုတူး သေတ္တာက လွဲရင် တခြား ဘယ်နည်းကိုမှ မသုံးရဘူး၊ အဲဒါကြီးကို ဒီအခန်းထဲက ထုတ်ပစ်လိုက်၊ ဒါမှမဟုတ် ဖျက်ဆီးပစ်လိုက်၊ ကျုပ်က ရက်စက် ကြမ်းကြုတ်မှုကို လက်မခံဘူး၊ ခင်ဗျား နားလည်တယ် မဟုတ်လား'

မစ်ကီ ယိတ်က လေသံ ပျော့ပျော့နှင့် ဟုတ်ကဲ့ဟု ပြောသံကို စီလီယာ ကြားလိုက်ရသည်။

မာတင်သည် အခန်းထဲမှ ထွက်လာပြီးနောက် အစည်းအဝေးခန်းထဲသို့ စီလီယာအား ခေါ်ဆောင်သွားသည်။ သူတို့ နှစ်ဦးတည်းသာ ရှိကြသော အခါ မာတင်က မစ်ကီ ယိတ်နှင့် ပတ်သက်၍ တောင်းပန်လိုက်သည်။

မာတင် ပီစမစ်သည် တိရစ္ဆာန်များပေါ် ကြင်နာမှု ရှိကြောင်း သိလိုက်ရသည့် အတွက် စီလီယာက သူ့အား ယခင်ကထက် ပိုမို လေးစားသွားသည်။ သို့ရာတွင် နှစ်မြို့က်မှု မနှစ်မြို့က်မှုများက သူ့ လာရင်း ကိစ္စကို မထိခိုက်စေရဟု စီလီယာက သူ့ကိုယ်သူ သတိ ပေးလိုက်၏။

စီလီယာက ခပ်သွက်သွက်ကလေး ပြောလိုက်သည်။

'ကဲပါလေ၊ ရှင့် တိုးတက်မှုကို ပြန်ကောက်ကြရအောင်၊ ရှင်က ကြွက်အိုတွေရဲ့ ဦးနှောက်နှင့် ကြွက်ပျိုတွေရဲ့ ဦးနှောက် ခြားနားပုံကို ပြောပြခဲ့တယ်၊ ဒီအင်အေ အတု တစ်ခုကို လုပ်ယူဖို့တောင် ရှင် ပြောခဲ့တယ်၊ ဒါပေမဲ့ ရှင်က ရှင် ရှာဖွေနေတဲ့ ပရိုတိန်း ပက်ပ်တိုက်ဒ် တစ်ခုကို ခွဲမထုတ်နိုင်သေးဘူး မဟုတ်လား၊ အဲဒါက အရေးပါတယ် မဟုတ်လား'

'မှန်ပါတယ်'

မာတင်က နွေးနွေးထွေးထွေးလေး ပြုံးပြ လိုက်ပြီးနောက် ယုံကြည်မှု အပြည့်အဝနှင့် ဆက်ပြောသွားသည်။

'ခင်ဗျား ပြောတဲ့ ကိစ္စက နောက်တစ်ဆင့် တက်ရမယ့် ကိစ္စ၊ အခက်ခဲဆုံး အပိုင်းလည်း ဖြစ်ပါတယ်၊ ဒီကိစ္စက အချိန် ယူရမယ့် ကိစ္စ ဖြစ်ပေမဲ့ ကျွန်တော်တို့က ကြိုးစားနေကြပါတယ်၊ ဖြစ်လည်း ဖြစ်မြောက်မှာပါဗျာ'

စီလီယာက သူ့ သတိရအောင် ပြန်ပြောလိုက်၏။

'သုတေသန ဌာနကို ဖွင့်ခါစက ကျွန်တော့်ကို နှစ်နှစ် အချိန် ပေးပါလို့ ရှင်က ခိုင်ခိုင်မာမာ ပြောခဲ့တယ်၊ ဒါက လွန်ခဲ့တဲ့ နှစ်နှစ်နှင့် လေးလက ပြောခဲ့တာပါ'

သူ အံ့သြသွားပုံ ရသည်။

'ကျွန်တော် ဒီလို တကယ်ပဲ ပြောခဲ့သလား'

'ရှင် တကယ် ပြောခဲ့ပါတယ်၊ ဆမ်လည်း မှတ်မိတယ်၊ ကျွန်မလည်း မှတ်မိတယ်'

'ဒါဆိုရင် ကျွန်တော် မဆင်မခြင် ပြောလိုက်မိတာပဲ၊ သိပ္ပံပညာရပ်ရဲ့ နယ်ပယ်သစ်ကို စူးစမ်း လေ့လာနေချိန်မှာ အချိန်ဇယားနှင့် လုပ်လို့ မရဘူး'

ယခု တစ်ကြိမ်တွင်လည်း မာတင်သည် စိတ်ညစ်သွားပုံ မရပါ။

သို့တိုင်အောင် သူ့ အတွင်း သန္တာန်တွင်မူ ပင်ပန်း နွမ်းနယ်နေကြောင်း စီလီယာ ရိပ်မိလိုက်၏။ သူသည် ရုပ်ပိုင်းဆိုင်ရာတွင်လည်း ကျန်းမာပုံ မရပါ။ မျက်နှာ ဖြူဖပ် ဖြူရော် ဖြစ်နေသည်။ မျက်လုံးများက ပင်ပန်း နွမ်းနယ်နေပုံ ရသည်။ လွန်ခဲ့သော နှစ်နှစ်က မတွေ့ခဲ့ရသော အရေးအစင်းများကို မာတင်၏ မျက်နှာပေါ်၌ တွေ့မြင်နေရသည်။

'ဒီမှာ မာတင်၊ တိုးတက်မှု အစီရင်ခံစာတွေကို ရှင်က ဘာဖြစ်လို့ မပို့တာလဲ၊ ဆမ့် အနေနှင့် ဘုတ်အဖွဲ့ဝင် လူကြီးတွေနှင့် အစုရှယ်ယာ ပိုင်ရှင်တွေ ကျေနပ်အောင် လုပ်ဖို့ တာဝန် ရှိနေတယ်'

မာတင် ပိစမစ်သည် ပထမ အကြိမ် အဖြစ် စိတ် ခပ်တိုတိုနှင့် ခေါင်းခါလိုက်သည်။

'ကျွန်တော် သုတေသန လုပ်ငန်းမှာ အာရုံ စူးစိုက်နိုင်ဖို့က အဲဒါထက် ပို အရေးကြီးပါတယ်၊ အစီရင်ခံစာတွေ ရေးရတာ အဖိုးတန်တဲ့ အချိန်တွေ သိပ်ကုန်တယ်'

မာတင် ပိစမစ်က ဖြုန်းခနဲ မေးချလိုက်၏။

'ခင်ဗျား ဂျွန် လော့ခ် ရေးတဲ့ စာတွေကို ဖတ်ဖူးသလား'

'ကောလိပ်တုန်းက နည်းနည်းပါးပါး ဖတ်ဖူးပါတယ်'

'လူတွေဟာ သူ့စိတ်ကို ဦးတည်ချက် တစ်ခုတည်း အပေါ်မှာ စူးစူးစိုက်စိုက် ထားရှိရင်း ရှာဖွေ တွေ့ရှိမှုတွေကို တွေ့လာရတာပဲလို့ သူက ရေးသားခဲ့တယ်'

စီလီယာသည် ထိုကိစ္စကို ခေတ္တ ခဏ လက်လျှော့လိုက်ပြီး ထိုနေ့နောက်ပိုင်းတွင် အုပ်ချုပ်ရေးမှူး နိုင်ဂျယ် ဘင်တလီနှင့် တွေ့ရသည့် အချိန်၌ ပြန် အစ ကောက်လိုက်သည်။

နိုင်ဂျယ် ဘင်တလီက အစီရင်ခံစာ မပို့သည့် ကိစ္စနှင့် ပတ်သက်၍ ကွဲလွဲသော အကြောင်းပြချက်များကို တင်ပြလာသည်။





'ဒေါက်တာ ပိစမစ်ဟာ ဘာကိုပဲ ဖြစ်ဖြစ် စာနှင့် ပေနှင့် ရေးချဖို့ အင်မတန် ဝန်လေးတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်း ခင်ဗျား နားလည် သင့်ပါတယ်၊ အကြောင်းပြချက်ကတော့ သူ့ စိတ်ဟာ ရှေ့ကို လျင်မြန်စွာ လှုပ်ရှားနေတဲ့ အတွက် မနေ့က သူ့ အတွက် အရေးကြီးခဲ့တဲ့ ကိစ္စဟာ ဒီကနေ့ကျရင် ခေတ်မမီတော့ဘူး ဖြစ်သွားတယ်၊ နက်ဖြန်ခါကျရင် ပိုလို့တောင် ဆိုးရွားနေလိမ့်ဦးမယ်၊ ပြီးတော့လည်း ခင်ဗျား သိသင့်တာ တစ်ချက် ရှိသေးတယ်၊ ဒေါက်တာ ပိစမစ်ဟာ ခေါင်းဆောင် တစ်ယောက် ဖြစ်ပါတယ်၊ ဒါကြောင့် ခေါင်းဆောင်တို့ရဲ့ ထုံးစံ အတိုင်း လုပ်ငန်း တိုးတက်မှု အခြေအနေနှင့် ပတ်သက်ပြီး သူကိုယ်တိုင်က သံသယ ဝင်မိကြောင်း၊ ဒါမှမဟုတ် လုပ်ငန်း တိုးတက်မှုမှာ အားနည်းမှု ရှိနေကြောင်း တစ်စွန်းတစ်စ ပြသလိုက်မိမယ် ဆိုရင် သူဟာ အမှား တစ်ခုကို ကျူးလွန်ရာ ရောက်သွား ပါလိမ့်မယ်၊ သူကသာ သံသယ ဝင်မိကြောင်း ပြလိုက်မယ် ဆိုရင် သူနှင့် အတူတူ လုပ်ကိုင်နေကြသူတွေ စိတ်ဓာတ် ပျက်ပြားသွားနိုင်တယ်၊ နောက် တစ်ချက် ရှိသေးတယ်၊ ဒေါက်တာ ပိစမစ်ဟာ သူ့နည်း သူ့ဟန်နှင့် တစ်ယောက်ထီးတည်း လုပ်တတ်ကိုင်တတ်တဲ့ လူစားမျိုး ဖြစ်ပါတယ်၊ အခုတော့ ဖြုန်းစားကြီး ဆိုသလို သူ့မှာ တာဝန်တွေ သိပ် ကြီးမားလာတယ်၊ လူ အမြောက်အမြားက သူ့ကို မှီခိုနေကြရတယ်၊ ပြီးတော့လည်း သူ့ကို ဖိအား ပေးနေတဲ့ တခြား ကိစ္စတွေ ရှိနေသေးတယ်၊ ဒီအထဲမှာ အခု ခင်ဗျား ဒီကို ရောက်လာတဲ့ ကိစ္စလည်း ပါတာပေါ့ဗျာ၊ ဒီကိစ္စတွေ အားလုံးဟာ လူတစ်ဦးတစ်ယောက်ကို သိပ်ဒုက္ခ ပေးနိုင်ပါတယ်ဗျာ'

စီလီယာက ပြန်ပြောလိုက်၏။

'ဒါဆိုရင် ဒီမှာ လုပ်ကိုင်နေတဲ့ ကိစ္စနှင့် ပတ်သက်ပြီး သံသယ ဝင်တာတွေ ရှိနေပြီပေါ့ ဟုတ်လား'

'ကျုပ်အနေနှင့် ဒေါက်တာ ပိစမစ် အပေါ်မှာ ကျေးဇူး သိတတ်ဖို့ လိုပါတယ်၊ ဒါပေမဲ့ ခင်ဗျားနှင့် မစ္စတာ ဆမ် ဟော်သုန်းတို့ကို ပိုပြီး အရေးထားရပါလိမ့်မယ်၊ ဒါကြောင့် ခင်ဗျား မေးတဲ့ မေးခွန်းကို ဟုတ်တယ်လို့ ဖြေရပါလိမ့်မယ်'

'ကျွန်မက အဲဒီ သံသယတွေ အကြောင်း အသေးစိတ် သိချင်တယ်'

'ကျုပ်က သိပ္ပံ ဘာသာရပ်နှင့် ပတ်သက်ရင် အရည်အချင်း မပြည့်ဝပါဘူး၊ ဒီတော့ ဒေါက်တာ ဆတ်ထရီနှင့် သီးသန့် တွေ့ဆုံပြီး သူ့ကို ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ပြောပြရမယ်လို့ အမိန့်နှင့် ပြောခိုင်းသင့်ပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ရှင် အကြံပေးတဲ့ အတိုင်း ကျွန်မ မေးကြည့်ပါ့မယ်'

စီလီယာက နိုင်ဂျယ် ဘင်တလီအား ထိုနေ့ညတွင် ဂျွန် လော့ခ်၏ စာအုပ်များကို ဖတ်ရှုလိုကြောင်း ပြောလိုက်လေသည်။

နိုင်ဂျယ် ဘင်တလီက ရေးမှတ် ထားလိုက်၏။

'ခင်ဗျား ဟိုတယ်ကို ပြန်ရောက်တဲ့ အခါကျရင် စာအုပ်တွေ ရောက်နေတာကို တွေ့ရပါလိမ့်မယ်'

စီလီယာသည် ဒေါက်တာ ဆတ်ထရီနှင့် ဒုတိယနေ့ ညနေပိုင်းတွင်မှ တွေ့ခွင့်ရတော့သည်။

ဒေါက်တာ ဆတ်ထရီသည် စကားကို ကြွယ်ကြွယ်ဝဝနှင့် ခပ်မြန်မြန် ပြောတတ်သော အသားညိုညိုနှင့် လူချော တစ်ယောက် ဖြစ်သည်။ သူသည် အသက် နှစ်ဆယ်ခန့်သာ ရှိသေးသည်။

စီလီယာနှင့် ဒေါက်တာ ဆတ်ထရီတို့သည် စားသောက်ဆောင်ရှိ သီးသန့် အခန်းလေး တစ်ခန်းထဲတွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

စီလီယာက သီးသီးသန့်သန့် စကား ပြောဆိုနိုင်အောင် အခန်းတံခါးကို ပိတ်ထားလိုက်သည်။

'ကျွန်မ ဘယ်သူလဲ ဆိုတာ ရှင် သိမယ်လို့ ထင်ပါတယ်'

'ဟုတ်ကဲ့၊ သိပါတယ် မစ္စစ် ဂျော်ဒန်၊ ကျွန်တော့် လုပ်ဖော် ကိုင်ဖက် ပီစမစ်ကလည်း ခင်ဗျား အကြောင်းကို မကြာခဏ ဆိုသလို အကောင်း ပြောလေ့ ရှိပါတယ်'

'ကျွန်မ ရှင်နှင့် တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီက သုတေသန လုပ်ငန်းရဲ့ တိုးတက်မှု အခြေအနေကိုလည်း ရှင်နှင့် ဆွေးနွေးချင်တယ်'

'သုတေသန လုပ်ငန်းကတော့ သိပ်ကို တိုးတက်နေပါတယ်ဗျာ'

'ဟုတ်ကဲ့၊ ကျန်တဲ့ လူတွေကလည်း အဲဒီလိုပဲ ပြောကြပါတယ်၊ ဒါပေမဲ့ ကျွန်မက ဖဲလ်ဒင်း ရှော့သ် ဥက္ကဋ္ဌ ဆမ် ဟော်သုန်း ကိုယ်စား ရှင့်ကို သူ့ အမိန့် အာဏာနှင့် အမှန်အတိုင်း ဖွင့်ပြောပါလို့ အမိန့် ပေးပါတယ်၊ ရှင့် စိတ်ထဲမှာ သံသယ ဝင်နေတဲ့ ကိစ္စတွေ ရှင့် ရင်ထဲမှာ မျိုသိပ်ထားတဲ့ ကိစ္စတွေကို တောင် မခြွင်းမချန်ဘဲ ပွင့်ပွင့်လင်းလင်း ပြောပြစေချင်ပါတယ်'



ဆတ်ထရီက ပြောလိုက်၏။

'တော်တော် ခက်ချတာပဲဗျာ၊ ကျွန်တော်က မာတင် ပီစမစ် အပေါ်မှာ ကျေးဇူး သိဖို့ လိုတယ်ဗျ'

'ရှင်က ရှင့်ကို လခကောင်းကောင်း ပေးနေတဲ့ ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီ အပေါ်မှာ ပိုပြီး ကျေးဇူးသိဖို့ လိုအပ်တာပေါ့ရှင်'

ဒေါက်တာ ဆတ်ထရီသည် အရှုံးပေးဟန်နှင့် လက် နှစ်ဖက်ကို မြှောက်ပြလိုက်သည်။

'ကောင်းပါပြီဗျာ၊ သုတေသန လုပ်ငန်းကတော့ ခရီး မရောက်သေးဘူး၊ ပြီးတော့လည်း ကျွန်တော့် အယူအဆနှင့် တခြား ပုဂ္ဂိုလ်တွေရဲ့ အယူအဆကို ရိုးသားစွာ တင်ပြရမယ် ဆိုရင် ဒီလုပ်ငန်းဟာ တိုးတက်မှု မရှိဘဲ ဖြစ်နေပါတယ်'

'အဲဒီ အယူအဆတွေကို ရှင်းပြစမ်းပါ'

'နှစ်နှစ်ကျော် ကာလ အတွင်း သိလာရတဲ့ ကိစ္စကတော့ အိုမင်း ရင့်ရော်မှု ဖြစ်စဉ်မှာ ဒီအင်အေ ပြောင်းလဲမှု ရှိတယ် ဆိုတာလောက်ပါပဲ၊ ဟုတ်ပါတယ်ဗျာ၊ အင်မတန် စိတ်ဝင်စားစရာ ကောင်းသော စွမ်းဆောင်မှု တစ်ရပ်ပါပဲ၊ ဒါပေမဲ့ အဲဒီ နောက်ပိုင်းကျတော့ ကျွန်တော်တို့ရဲ့ အတတ်ပညာစွမ်းနှင့် ထိုးဖောက်၍ မရနိုင်သော နံရံကြီးကို ထိုးဖောက်နိုင်အောင် နှစ်ပေါင်း များစွာ အချိန် ယူရပါလိမ့်မယ်၊ ဒါပေမဲ့ ပီစမစ် ယူဆတဲ့ ပက်ပ်တိုက်ဒ်ဟာ အဲဒီ နံရံရဲ့ နောက်ဘက်မှာ ရှိချင်မှ ရှိပါလိမ့်မယ်'

'ရှင်က အဲဒီ အယူအဆကို လက်မခံဘူးပေါ့'

'အဲဒါက ပီစမစ်ရဲ့ သီဝရီပါ မစ္စစ် ဂျော်ဒန်၊ ကျွန်တော်လည်း အလျင်က လက်ခံ ယုံကြည်ခဲ့တယ်လို့ ဝန်ခံပါတယ်၊ ဒါပေမဲ့ အခုတော့ မယုံကြည်တော့ပါဘူး'

'ရှင်က အလွန် ထူးခြားတဲ့ အာအင်အေ ရှိကြောင်း သက်သေ ပြနိုင်ခဲ့သလို အဲဒါနှင့် လိုက်ဖက်ညီတဲ့ ဒီအင်အေကိုတောင် လုပ်နိုင်စွမ်း ရှိနိုင်ပါလိမ့်မယ်လို့ မာတင်က ပြောပြခဲ့ပါတယ်'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါပေမဲ့ အဲဒီ ပက်ပ်တိုက်ဒ်ဟာ သိပ်ကြီးမားနေပြီး အသုံး မဝင်နိုင်ဘူး ဆိုတာကိုတော့ သူက ပြောမှ မပြောဘဲကိုး'

'အဲဒီ ပက်ပ်တိုက်ဒ်ကို တစ်ခုစီ ခွဲထုတ်လို့ မရနိုင်တော့ဘူးလား'

ဒေါက်တာ ဆတ်ထရီက ပြုံးလိုက်၏။

‘နံ့ရုံကြီး ဆိုတာ အဲဒါပဲပေါ့ဗျ၊ ကျွန်တော်တို့ရဲ့ အတတ်ပညာနှင့် ရှေ့တိုးလို့ မရတော့ဘူး၊ နောက်ထပ် ဆယ်နှစ် ဆိုရင်တော့ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်’

ဟာလိုး သုတေသန ဌာနတွင် ရှိနေကြသော သိပ္ပံပညာရှင်များ အနက် မာတင် ပိစမစ် တစ်ယောက်တည်းကသာ အသုံးဝင်သော ရလဒ်များကို ရရှိလာလိမ့်မည်ဟု ယုံကြည်နေကြောင်း စီလီယာ သိလာရသည်။

နောက်ဆုံးတွင် စီလီယာက ပြောလိုက်၏။

‘ကျေးဇူးတင်ပါတယ် ဒေါက်တာ ဆတ်ထရီ၊ ကျွန်မ သိချင်တဲ့ ကိစ္စကို ရှင် ပြောပြလိုက်တာပဲ’

‘ခင်ဗျား အတင်းအကျပ် နိုင်းလို့ ကျွန်တော့် ဝတ္တရား အရ ဆောင်ရွက်လိုက်ရတာပါဗျာ၊ ဒါပေမဲ့ ကျွန်တော် ဒီညှ ကောင်းကောင်း အိပ်ပျော်မှာ မဟုတ်ဘူး’

စီလီယာက ပြောလိုက်သည်။

‘ကျွန်မလည်း အိပ်ပျော်မယ် မထင်ဘူး၊ ဒါပေမဲ့ ရှင်နှင့် ကျွန်မလို လူစားတွေဟာ ကိုယ် ရရှိထားတဲ့ အဆင့် အတွက် အဲဒီလို ကြေးမျိုးကို ပေးရတတ်တာပေါ့ ရှင်’

## ၅

စီလီယာသည် ဟာလိုး၌ သူ နောက်ဆုံး နေရသော ညနေခင်းတွင် မာတင် ပိစမစ်၏ ဖိတ်ကြားချက် အရ သူ့အိမ်သို့ အရက် သောက်ရန် သွားရောက်ခဲ့သည်။ ထို့နောက်ပိုင်းတွင် စီလီယာ တည်းခို နေထိုင်သော ချာ့ချ်ဂိတ် ဟိုတယ်သို့ ညစာ စားသောက်ရန် သွားရောက်ကြမည် ဖြစ်သည်။

မာတင် ပိစမစ်သည် ဖဲလ်ဒင်း ရွာသ် သုတေသန ဌာနနှင့် နှစ်မိုင်ခန့် ဝေးသော နေရာရှိ လုံးချင်းအိမ်လေး တစ်လုံးတွင် နေထိုင်လျက် ရှိသည်။

အခြား အခြားသော အချိန်အခါများမှာကဲ့သို့ပင် စီလီယာသည် သူ့အား မာတင်က တအံ့တသြ ကြည့်ရှုနေကြောင်း သိနေသည်။

အဝတ်အစား အနည်းငယ်ကိုသာ ယူလာသော စီလီယာသည် နေ့ပိုင်းတွင် အသင့် ချုပ်ပြီးသား ဝတ်စုံကို ဝတ်ဆင်လေ့ ရှိသော်လည်း ယနေ့ညတွင်မူ





ဒိုင်ယာနီ ဗွန် ဖာစတင်ဘာတ်၏ အညိုနှင့် အဖြူပွင့်ရိုက် ဂါဝန်ကို ဝတ်ဆင်ထားပြီး ပုလဲ ပုတီး တစ်ကုံးတည်းကိုသာ ဆွဲထားသည်။ စီလီယာ၏ နူးညံ့သော ဆံပင် အညိုရောင်သည် ထိုခေတ်က ပုံစံ အတိုင်း ခပ်တိုတိုနှင့် စတိုင်ကျကျ ရှိနေသည်။

မာတင်၏ နေအိမ်ထဲတွင် ခွေး နှစ်ကောင် ကြောင် သုံးကောင်နှင့် ကြက်တူရွေး တစ်ကောင်တို့ကို တွေ့လိုက်ရသဖြင့် စီလီယာက ရယ်လိုက်၏။

‘ရှင်ကတော့ တိရစ္ဆာန်ကို တကယ် ချစ်တဲ့ လူပဲ’

‘ဟုတ်တယ်ဗျာ၊ ကျွန်တော်က အနားမှာ တိရစ္ဆာန်တွေ ရှိမှ နေတတ်ပါတယ်’

စီလီယာသည် ယခင် အခါများမှာကဲ့သို့ပင် မာတင် ပိစမစ်သည် အမျိုးသား တစ်ယောက် အနေနှင့် ဆွဲဆောင်မှု ရှိသူ ဖြစ်ကြောင်း သတိ ထားမိနေသည်။

သို့ရာတွင် သူ ဟာလိုးသို့ မရောက်မီ ‘မင်းက မာတင် ပိစမစ်ကို ဘယ်လောက်ပဲ သဘောကျကျ မင်းရဲ့ အကြံပြုချက်မှာ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် ရေးရတော့မယ် ဆိုရင် ရေးသာ ရေးချလိုက်ပါ’ ဆိုသည့် ဆမ် ဟော်သုန်း မှာလိုက်သော စကားကို ပြန် သတိ ရလာသည်။

စီလီယာက ပြောလိုက်၏။

‘သန်ဘက်ခါကျရင် ကျွန်မ ဆမ်နှင့် တွေ့ရလိမ့်မယ်၊ ဟာလိုး သုတေသန ဌာနရဲ့ အနာဂတ် အရေးနှင့် ပတ်သက်ပြီး ကျွန်မက အကြံ ပေးရလိမ့်မယ်၊ အဲဒီ အကြံပေးချက်ဟာ ဘယ်လို ဖြစ်သင့်တယ် ဆိုတဲ့ ရှင့် သဘောထားကို ကျွန်မ သိချင်တယ်’

‘လွယ်ပါတယ်ဗျာ’

မာတင်က အရက် ဖန်ခွက်ကို လှမ်းပေးလိုက်၏။

‘ကျွန်တော်တို့ရဲ့ လက်ရှိ သုတေသန လုပ်ငန်းကို နောက်ထပ် တစ်နှစ် ဆက်ထားပေးဖို့၊ လိုအပ်ရင် ပိုပြီး ခွင့်ပြုဖို့ပဲပေါ့’

‘ဆက်ထားဖို့နှင့် ပတ်သက်ပြီး အခက်အခဲတွေ ရှိနေတယ် ဆိုတာ ရှင် သိပါတယ်’

‘ဟုတ်ပါတယ်၊ ဒါပေမဲ့ အမြင်ကျဉ်းတဲ့ လူတွေကတော့ အမြဲတစေ ရှိနေတာပါပဲ’

‘ဒေါက်တာ ဆတ်ထရီဟာ အမြင် ကျဉ်းသလား’

'ဖဲလ်ဒင်း ရှေ့သင်မှာ ပြဿနာ ပေါ်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ လာမယ့် သုံး လေးနှစ် အတွင်းမှာ တိုးတက်မှု မရှိခဲ့ရင် ကုမ္ပဏီကို ထိခိုက်သွားနိုင်တယ်၊ အဲဒါ မှန်သလား မှားသလား'

စီလီယာ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

'မှန်ပါတယ်'

'ကျွန်တော့်ကို အချိန် နည်းနည်း ထပ်ပေးမယ် ဆိုရင် အခု ကျွန်တော် လုပ်နေတဲ့ အလုပ်က ကုမ္ပဏီကို ကယ်နိုင်လိမ့်မယ်၊ ကျွန်တော်ရဲ့ သုတေသန လုပ်ငန်း ပြီးစီးသွားရင် အင်မတန် အရေးပါတဲ့ ဆေးတစ်မျိုး ပေါ်ထွက်လာမယ်၊ အဲဒါကို အများကြီး ထုတ်လုပ်နိုင်မယ် ဆိုရင် ကုမ္ပဏီကို ကယ်နိုင်ရုံသာမက အများကြီး ဝင်ငွေ ကောင်းလာပါလိမ့်မယ်'

စီလီယာ ခေါင်းခါသည်။

'ကျွန်မကတော့ မပြောတတ်ဘူး၊ ပြောကို မပြောတတ်တော့ဘူး'

'ကျွန်တော့် အယူအဆ မှန်တယ် ဆိုတာ ကျွန်တော် သိတယ်ဗျ၊ အဖြေကို ရှာတွေ့ဖို့ သိပ်နီးကပ်နေပြီ၊ ခင်ဗျား လက်ခံလာအောင် ကျွန်တော် ဘယ်လို ပြောရမှာလဲဗျ'

'ညစာ စားရင်းနဲ့ ရှင် ထပ်ကြိုးစားကြည့်ပါဦးလေ'

စီလီယာက လက်ပတ်နာရီကို ကြည့်လိုက်၏။

'ကျွန်မတို့ သွားကြဖို့ သင့်ပြီ ထင်တယ်'

ချာ့ချ်ဂိတ် ဟိုတယ်ရှိ စားခန်းထဲတွင် စီလီယာနှင့် မာတင်တို့သည် ပြတင်းပေါက် နံဘေးရှိ စားပွဲ တစ်လုံးတွင် မျက်နှာချင်းဆိုင် ထိုင်နေကြ၏။

ညစာ စားနေကြစဉ် မာတင့် နေအိမ်၌ ပြောခဲ့သော စကားကိုပင် ဆက်ပြောဖြစ်ကြသည်။ မာတင်က သိပ္ပံဘာသာရပ် ဆိုင်ရာ စကားလုံးများကို သုံးစွဲ၍ ယုံကြည်ချက် အပြည့်အဝနှင့် ပြောပြနေစဉ် နားထောင်နေသော စီလီယာက ရှံဖန်ရံခါ ဆိုသလို မေးခွန်း ဝင်ထုတ်တတ်သည်။ သို့ရာတွင် ယမန်နေ့က နိုင်ဂျယ် ဘင်တလီ ပြောလိုက်သော 'ဒေါက်တာ ပိစမစ်ဟာ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်၊ ဒါကြောင့် ခေါင်းဆောင်တို့ရဲ့ ထုံးစံအတိုင်း သူက လုပ်ငန်း တိုးတက်မှု အခြေအနေနဲ့ ပတ်သက်ပြီး သံသယ ဝင်မိကြောင်း ပြသ လိုက်မိမယ် ဆိုရင်' ဆိုသော စကားသည် သူ့နားထဲမှ မထွက်သေးချေ။





'ပြောရမှာတော့ ဝမ်းနည်းပါတယ်၊ သူ အမြင် ကျဉ်းတယ်၊ သူ လွန်ခဲ့တဲ့ တစ်နာရီက ဒီကို လာသွားတယ်၊ ညနေခင်းက ခင်ဗျားကို သူ ပြောလိုက်တဲ့ စကားတွေ ကျွန်တော် သိသင့်တယ် ထင်လို့ သူ လာတွေ့တာပဲ'

'ဒီတော့'

'သူ မှားတာပေါ့၊ လုံးဝ မှားယွင်းနေတယ်၊ တခြား သံသယ ရှိသူတွေလည်း မှားကြတာချည်းပဲ'

'ဆတ်ထရီ ပြောတဲ့ စကားတွေဟာ မဟုတ်ပါဘူးလို့ ရှင်က အချက်ကျကျ ငြင်းနိုင်ရဲ့လား'

'ဘာငြင်းနိုင်မှာလဲ'

သူ ယမန်နေ့ကလိုပင် စိတ်တို လာပြန်သည်။

'သိပ္ပံဆိုင်ရာ လုပ်ငန်း မှန်သမျှဟာ သီဝရီပေါ်မှာ အခြေခံရတာချည်းပဲ၊ ကျွန်တော်တို့ လက်ထဲမှာ အချက်အလက်တွေချည်းသာ ရှိနေပြီ ဆိုရင် သုတေသန လုပ်ဖို့တောင် မလိုတော့ဘူး၊ သုတေသန လုပ်တာနှင့် ပတ်သက်ပြီး လိုအပ်တဲ့ အချက်အလက်တွေကတော့ သုတေသန လုပ်မယ့် ဘာသာရပ်ကို နှံ့နှံ့စပ်စပ် သိရမယ်၊ ကျွမ်းကျွမ်းကျင်ကျင် ဆုံးဖြတ်နိုင်ရမယ်၊ ပကတိ ဉာဏ် ရှိဖို့လည်း လိုတယ်၊ တချို့ကတော့ ဒါတွေကို စုပေါင်းပြီး သိပ္ပံဆိုင်ရာ မာန တရားလို့ ဆိုကြတယ်၊ ဘာပဲပြောပြော ဒီမာနတရားဟာ ကိုယ်လုပ်တဲ့ အလုပ်လမ်းမှန်ပေါ် ရောက်နေပြီ၊ ကိုယ် ရှာနေတဲ့ ကိစ္စကို တွေ့ဖို့ အချိန် နည်းနည်းပဲ လိုတော့တယ် ဆိုတဲ့ စွဲမြဲ ခိုင်မာသော ယုံကြည်ချက်ပါပဲ'

စီလီယာက သူ့ကို သတိပေးလိုက်သည်။

'အချိန်သာမက ငွေတွေလည်း အများကြီး လိုတယ်၊ ပြီးတော့လည်း ရှင့် အယူအဆ၊ ဆတ်ထရီရဲ့ အယူအဆနှင့် တခြား ပုဂ္ဂိုလ်တွေရဲ့ အယူအဆ ဘယ်ဟာက မှန်သလဲ ဆိုတဲ့ မေးခွန်းလည်း ရှိသေးတယ်'

မာတင်သည် ဝီစကီနှင့် ရေကို ရောလိုက်ပြီး မှုန်းသောက်ရင်း စဉ်းစားနေသည်။

'ကျွန်တော်ကတော့ ငွေကိစ္စ အထူးသဖြင့် ဆေးရောင်းလို့ ရတဲ့ ငွေကိစ္စကို လိုတာထက် ပိုမတွေးချင်ဘူး၊ ဒါပေမဲ့ ခင်ဗျားက စပြောတယ် ဆိုတော့ ကျွန်တော်ကလည်း ပြန်ပြောရလိမ့်မယ်၊ ဒီလို ပြောမှ ခင်ဗျားနှင့် ဆမ်တို့လို ပုဂ္ဂိုလ်တွေက နားလည်ကြမှာ'

သူ ဘာပြောမည်နည်းဟု တွေးရင်း စီလီယာက နားထောင်နေသည်။

မာတင်သည် အပြင်ပန်းတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝ ရှိနေကြောင်း ခိုင်ခိုင်မာမာ ပြသနေသော်လည်း အတွင်းစိတ်တွင်မူ မသေမချာ ဗဝေဗဝါ ဖြစ်နေပါသလား။

ထိုကိစ္စကို သိနိုင်မည့် နည်းဗျူဟာအား စီလီယာ တွေးလိုက်မိသည်။ ထိုစိတ်ကူးမှာ ယမန်နေ့ညက သူ ဖတ်ခဲ့ရသော စာအုပ်မှ ရရှိခဲ့ခြင်း ဖြစ်သည်။

စီလီယာက သူ့ကို စေ့စေ့ကြည့်ရင်း ပြောလိုက်၏။

'လွန်ခဲ့တဲ့ တစ်နာရီက ရှင့်မှာ သိပ္ပံဆိုင်ရာ မာန တရား ရှိတယ်လို့ ပြောခဲ့တယ်'

မာတင် ပီစမစ်က ချက်ချင်း ပြန်ငြင်းလိုက်၏။

'အဲဒါကို တလွဲ မထင်ပါနှင့်ဗျာ၊ ဒါက အပြုသဘောဆောင်တဲ့ ကိစ္စပါ၊ အပျက်သဘော မဆောင်ပါဘူး'

'သိပ္ပံဆိုင်ရာ မာန တရားပဲ ခေါ်ခေါ် ဘယ်လိုပဲ ခေါ်ခေါ် ဒီလို ကိစ္စမျိုးဟာ အလွန်အကျွံ ဖြစ်သွားနိုင်တယ် မဟုတ်လား၊ လူ တစ်ဦးတစ်ယောက်ဟာ သူ ဖြစ်စေချင်တာကို သိပ် ယုံကြည်ချက် ပြင်းထန်လာတဲ့ အခါကျရင် သူ စိတ်ကူး ယဉ်နေတဲ့ ကိစ္စကိုပဲ တရားသေ စွဲကိုင်ထားတတ်တယ် မဟုတ်လား'

မာတင် ပီစမစ်က ပြန်ဖြေလိုက်၏။

'ဘာမဆို ဖြစ်နိုင်ပါတယ်ဗျာ၊ ဒါပေမဲ့ ခုကိစ္စမှာတော့ အဲဒီလို မဟုတ်ပါဘူး'

သို့ရာတွင် သူ့အသံသည် ယခင်ကလို စိတ်အား တက်ကြွမှု မပါဘဲ ခြောက်ကပ်ကပ် ဖြစ်နေသည်။

စီလီယာ အနေနှင့် သေချာသွားလေပြီ။ စီလီယာသည် မာတင် ပီစမစ်၏ ပျော့ကွက်ကို ရှာဖွေ တွေ့ရှိခဲ့လေပြီ။ မာတင်သည် ဝန်ခံလု ဆဲဆဲ ဖြစ်နေလေပြီ။

'ကျွန်မ ညတုန်းက ဖတ်ခဲ့မိတာ တစ်ခု ရှိတယ်၊ အဲဒါကို ရှင် သိလိမ့်မယ်လို့ ထင်ပေမဲ့ ကျွန်မ ကူးယူလာခဲ့တယ်'

စီလီယာသည် ပိုက်ဆံအိတ်ထဲမှ စာရွက် တစ်ရွက်ကို ထုတ်ယူလိုက်ပြီးနောက် ခပ်ကျယ်ကျယ် ဖတ်ပြလိုက်၏။

'မှားယွင်းခြင်းသည် ကျွန်ုပ်တို့ တတ်မြောက်ထားသော အသိပညာ၏ ချွတ်ယွင်းချက် မဟုတ်ဘဲ ကျွန်ုပ်တို့၏ အဆုံးအဖြတ် လွဲမှားခြင်းသာ ဖြစ်သည်။ အကျိုး သက်ရောက်မှု ဖြစ်စဉ်ကို လက်မခံနိုင်သော





ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ် ဆန့်ကျင်ဘက် သက်သေ ပြချက်များ၏ အလေးသာမှုကို တိကျစွာ ချိန်ထိုးနိုင်စွမ်း မရှိသူများသည် မဖြစ်နိုင်သော အခြေအနေ တစ်ရပ်ဆီသို့ လွယ်ကူစွာ နားယောင်ပြီး လိုက်ပါသွားတတ်ကြပေသည်တဲ့'

ခေတ္တမျှ ငြိမ်ကျသွားသည်။ ထို့နောက် စီလီယာက တိတ်ဆိတ်မှုကို ရက်ရက်စက်စက် ဖြိုခွင်း ပစ်လိုက်သည်။

'အဲဒါ ဂျွန် လော့ခ်ရဲ့ လူသားများကို နားလည်ခြင်းနှင့် သက်ဆိုင်သော အက်ဆေးထဲက ကောက်နုတ်ချက်ပဲ'

'ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်'

စီလီယာက ဖွတ် ထပ်ပြောလိုက်ပြန်၏။

'ဒီတော့ ရှင်ဟာ ဂျွန် လော့ခ် ရေးခဲ့သလို ဆန့်ကျင်ဘက် သက်သေပြချက်များ၏ အလေးသာမှုများကို ချိန်ထိုးမှု မရှိဘဲ မဖြစ်နိုင်တဲ့ အခြေအနေတွေကို ဆုပ်ကိုင် ထားသလိုကော ဖြစ်မနေဘူးလား'

မာတင်က စီလီယာဘက်သို့ လှည့်ကြည့်လိုက်၏။ သူ့ မျက်လုံးများက စကား မပြောဘဲ အသနား ခံနေကြသည်။

'ကျွန်တော် အဲဒီလို ဖြစ်နေတယ်လို့ ခင်ဗျားက ယူဆသလား'

စီလီယာက တိုးတိုးတိတ်တိတ် ပြန်ဖြေလိုက်သည်။

'ဟုတ်တယ်၊ ကျွန်မက အဲဒီလိုပဲ ယူဆတယ်'

'ခင်ဗျားက အဲဒီလို ယူဆတယ် ဆိုရင်တော့ ကျွန်တော် ဝမ်းနည်းပါတယ်'

သူ့အသံသည် ဆို့နင့်နင့် ဖြစ်လာသဖြင့် စီလီယာသည် သူ့ အသံကို မှတ်ပင် မမှတ်မိတော့ချေ။ သူက အသံသဲ့သဲ့နှင့် ပြောလိုက်ပြန်၏။

'ဒါဆိုရင် ကျွန်တော် လက်မြှောက်ပါပြီ'

မာတင်သည် တောင့်ခံထားနိုင်စွမ်း မရှိဘဲ စိတ်ဓာတ် ချောက်ချား သွားလေပြီ။ သူ အလွန် ကြည်ညိုသော ဂျွန် လော့ခ်၏ စာသား ကောက်နုတ်ချက်က သူ့ အသည်းကို ခွဲပစ်လိုက်ခြင်း ဖြစ်သည်။ သူ့မျက်နှာသည် ဖွေးဖွေးဖြူနေပြီး သူ့ ပါးစပ်က ဟနေသည်။ သူ့မေးရိုးက တွဲလောင်းကျနေသည်။ အဆက်အစပ် မရှိသော စကားလုံးများ ပေါ်ထွက်လာသည်။

'ခင်ဗျားတို့ဆီက လူတွေကို ရပ်ပစ်လိုက်ပါတော့လို့ ပြောလိုက်ပါဗျာ၊ ပိတ်ပစ်စမ်းပါစေ၊ ကျွန်တော်က တကယ် ယုံကြည်တာပါ၊ ဒါပေမဲ့ ကျွန်တော်

ကပဲ ညံ့တာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ ရှာနေတာ တစ်နေ့ကျရင် တွေ့ကို တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့ တခြား တစ်နေရာရာမှာ ဖြစ်ပါလိမ့်မယ်'

စီလီယာ အထိတ်တလန့် ဖြစ်သွားသည်။

သူ ဘာကို လုပ်လိုက်မိပါလိမ့်။ စီလီယာသည် မာတင့်ကို အမြင်မှန် ရလာစေရန် သွေးပျက်အောင် လုပ်လိုက်ခြင်း ဖြစ်သော်လည်း ယခု အခြေအနေ အထိ ဖြစ်လာစေရန် ရည်ရွယ်ချက် မရှိခဲ့ပါ။

မာတင် ရေရွတ်နေသည့် အရှုံးပေးသော စကားများကို ကြားနေရသူ စီလီယာသည် သူ့ကို ပွေ့ဖက်ပြီး နှစ်သိမ့်လိုသော ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာမိတော့သည်။ ထို့နောက်တွင်ကား မည်သို့ မည်ပုံ ဆက်လက်၍ ဖြစ်ပွားတော့မည်ကို စီလီယာသည် ဖြုန်းခနဲ ကြိုတင်၍ သိလိုက်လေတော့သည်။ စီလီယာက ယတိပြတ် လေသံနှင့် ပြောချလိုက်လေ၏။

'မာတင်၊ ဒီက ပြန်ကြရအောင်'

အနားမှ ဖြတ် လျှောက်သွားသော စားပွဲထိုးမယ်လေး တစ်ယောက်က သူတို့ ဘက်သို့ စပ်စပ်စုစုနှင့် လှမ်းကြည့်လိုက်၏။ မတ်တတ် ရပ်နေသော စီလီယာက ပြောလိုက်သည်။

'ဒီညစာကို ကျွန်မ စာရင်းထဲမှာ ထည့်မှတ်ထားပါ၊ ကျွန်မ မိတ်ဆွေ သိပ် နေမကောင်းဘူး'

'ဖြစ်ပါတယ် မစ္စစ် ရော်ဒန်'

စီလီယာသည် မာတင်၏ လက်ကို ကိုင်လိုက်ပြီး သူ့ကို အပြင်ဘက်တွင် ရှိသော ဘားခန်းဆီသို့ တွဲခေါ်သွားသည်။

ထိုအခန်းထဲ၌ ရှိသော လှေကားမှ အိပ်ခန်းများဆီသို့ တက်သွားနိုင်သည်။ စီလီယာ၏ အခန်းသည် လှေကားထိပ်၌ ရှိသည်။ စီလီယာက တံခါးကို ဖွင့်လိုက်ပြီး နှစ်ယောက်စလုံး အခန်းထဲသို့ ဝင်သွားကြသည်။

စီလီယာတို့ ညစာ စားနေစဉ် သန့်ရှင်းရေး အမျိုးသမီးလေး တစ်ဦးသည် အခန်းထဲမှ အိပ်ရာကို အဆင်သင့် ပြင်ဆင်ပေးသွားပြီး ပါးလွှာသော ညဝတ် အင်္ကျီလေး တစ်ထည်ကို ခေါင်းအုံးပေါ်တွင် ဖြန့်တင် ပေးထားခဲ့သည်။

အူကြောင်ကြောင်နှင့် စိတ်ဓာတ် ကျဆင်းနေဆဲပင် ရှိနေသေးသော မာတင် ပီစမစ်သည် စီလီယာကို ဇဝေဇဝါနှင့် ကြည့်ရင်း မတ်တတ် ရပ်နေသည်။ စီလီယာသည် ညဝတ် အင်္ကျီကို ကောက်ယူလိုက်ပြီး ရေချိုးခန်းဆီသို့ ဦးတည်လိုက်ရင်း မာတင့်ကို ခပ်တိုးတိုးလေး ပြောလိုက်လေတော့သည်။





'အဝတ်အစား လဲပြီး အိပ်ရာထဲ ဝင်နှင့်လေ၊ ကျွန်မလည်း လာခဲ့မယ်'

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ဖက်ထားကြရင်း စီလီယာက သူ့အား ကလေး တစ်ယောက် ပမာ ချော့ချော့မော့မော့နှင့် နှစ်သိမ့် နေလေသည်။

စီလီယာသည် မကြာခင် မာတင်၏ အထိအတွေ့တွင် ကြည်နူး လာမိလေတော့သည်။ စီလီယာသည် ကင်းဘရစ်ချ်တွင် မာတင်နှင့် စတွေ့သည့် အချိန်က စ၍ မာတင်က သူ့ အပေါ်တွင် အာရုံ ညွတ်ခဲ့သလို သူကလည်း မာတင့် အပေါ် အာရုံ ညွတ်မိခဲ့လေသည်။

ထိုအချိန်က စ၍ တစ်နေ့သော အခါတွင် ဤသို့ ဤပုံ ဖြစ်လာလိမ့်မည်ဟု စီလီယာက တပ်အပ် သေချာစွာ သိခဲ့လေသည်။

စီလီယာသည် မာတင်၏ ပြင်းထန်သော အနမ်းကို တုံ့ပြန် လိုက်လေ၏။ နောက်ဆုံးတွင် မာတင်သည် အပူအပင် ကင်းမဲ့စွာနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားလေတော့သည်။

စီလီယာ နိုးလာသော အချိန်တွင် နေရောင်ခြည်များသည် ရေးဆန်သော ပြတင်းပေါက်များမှ တစ်ဆင့် အခန်းထဲသို့ ဝင်ရောက်နေကြလေသည်။

မာတင် ပြန်သွားခဲ့လေပြီ။

မကြာခင် မာတင် ရေးခဲ့သော စာကို တွေ့လိုက်ရလေတော့သည်။

အချစ်ဆုံးရေ...

မင်းကလေးဟာ ကိုယ့် အတွက် မီးရှူးတန်ဆောင်ပါပဲ။

မင်း အိပ်ပျော်နေတုန်း ဒီကနေ့ နံနက်ခင်းမှာ အင်မတန် လှပတဲ့ စိတ်ကူး တစ်ခုကို ရလိုက်တယ်။ ကိုယ် လုပ်နေတဲ့ သုတေသန လုပ်ငန်း အတွက် အဖြေတောင် ဖြစ်နိုင်တယ်။ အဲဒီ စိတ်ကူး အတွက် အနာဂတ် ကာလ ဆိုတာ သိပ်ကြာကြာ ရှိတော့မှာ မဟုတ်ပေမဲ့ ကိုယ့်ဓာတ်ခွဲခန်း ကို သွားတော့မယ်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကို နှင်ထုတ်တဲ့ အမိန့် ရောက်မလာခင် အချိန် အထိ ယုံကြည်ချက် အပြည့်အဝ ထားပြီး ဆက်လုပ်သွားပါ့မယ်။

ကိုယ်တို့ နှစ်ယောက်ရဲ့ အဖြစ်အပျက်လေးဟာ ချစ်စရာ ကောင်း သော အမှတ်တရ ဓာတ်လမ်းလေး အနေနှင့် လုံခြုံသော လျှို့ဝှက်ချက်

လေး တစ်ခု အဖြစ် တည်ရှိနေပါလိမ့်မယ်။ ဘာကိုမှ မစိုးရိမ်ပါနှင့်။ သုခဘုံကို တွေ့တယ် ဆိုတာ တစ်ကြိမ် တစ်ခါပဲ ဖြစ်နိုင်လိမ့်မယ်လို့ ကိုယ် သိပါတယ်။

ဒီစာကို သိမ်းမထားသင့်ဘူးလို့ အကြံပြုလိုက်ပါတယ်။

မင်းရဲ့ ထာဝရ

**မာတင်**

စီလီယာသည် ရေချိုးပြီးနောက် နံနက်စာကို မှာယူ စားသောက်ပြီး အပြန်ခရီး အတွက် စတင်၍ ထုပ်ပိုးလေတော့သည်။

## ၆

ဗြိတိသျှ အဲယားဝေးစ်မှ ကွန်းကော့ လေယာဉ်ပျံကြီးပေါ်တွင် စီလီယာသည် နေ့လယ်စာ စားပြီးချိန်၌ မျက်စိကို မှိတ်ရင်း သူ့ အတွေးများကို ပြန်လည် စုစည်းလိုက်သည်။

ကိုယ်ရေးကိုယ်တာ ကိစ္စများကို ပထမဦးဆုံး စဉ်းစားရလိမ့်မည်။

အင်ဒရူးနှင့် အိမ်ထောင် ပြုခဲ့သော အိမ်ထောင်သက် တစ်ဆယ့် ရှစ်နှစ် အတွင်း ယခု တစ်ကြိမ်သာ အခြား အမျိုးသား တစ်ဦးနှင့် ချစ်တင်း နှီးနှောဖူးခြင်း ဖြစ်သည်။ ထိုကာလ အတွင်း စီလီယာသည် အဆိုပါ အခွင့်အရေးမျိုးကို မရရှိခဲ့သောကြောင့် မဟုတ်ပါ။ မကြာခဏ ကြုံရလေ့ ရှိပါသည်။

စီလီယာသည် တစ်ခါတစ်ရံတွင် စိတ်နောက်သို့ ကိုယ်ပါလိုသော စိတ်ကူးမျိုး ဖြစ်ပေါ်ခဲ့ဖူးသော်လည်း အင်ဒရူးကို သစ္စာ ရှိလိုသည်က တစ်ကြောင်း၊ လုပ်ငန်း သဘောအရ မလုပ်သင့် မလုပ်ထိုက်သောကြောင့် တစ်ကြောင်း ထိုကိစ္စကို ရှောင်ကြဉ်ခဲ့သည်သာ ဖြစ်ပါ၏။

မာတင်ကမူ တစ်မူ ကွဲပြားပါသည်။ အစကတည်းကပင် စီလီယာက မာတင်ကို လေးစား ကြည်ညိုခဲ့သည်။ မာတင်၏ ပွေ့ပိုက် ယုယမှုကို လိုလားတောင့်တခဲ့သည်။ ယခု ထိုဆန္ဒ ပြည့်ဝခဲ့ပါပြီ။

သို့ရာတွင် မာတင်သည် သူတို့၏ အချစ် ဇာတ်လမ်း၌ အနာဂတ် မရှိကြောင်း အမြော်အမြင် ကြီးမားစွာ သဘောပေါက်ခဲ့သည်။ စီလီယာကလည်း သဘော ပေါက်ပါသည်။





ထို့ကြောင့် နောက်ပိုင်းတွင် သူနှင့် မာတင် နိုးကြောင် နိုးဂုက် မတွေ့ဆုံတော့ရန် ဆုံးဖြတ်လိုက်သည်။

ဤတွင် ကိုယ်ရေး ကိုယ်တာ စဉ်းစားချက်များ ပြီးဆုံးပါပြီ။

ယခု ဟာလိုးရှိ သုတေသန အကြောင်း စဉ်းစားရပေတော့မည်။

နက်ဖြန် ဆမ် ဟော်သုန်းနှင့် တွေ့သည့်အခါ မည်သို့ မည်ပုံ ထောက်ခံရမည်နည်း။

သူ အကြံပြုနိုင်သည့် အချက် တစ်ချက်တော့ ရှိနေပါသည်။ ထို သုတေသန ဌာနကို ပိတ်ပစ်ရန်ပင်တည်း။ ထိုဌာနကို ဖွင့်လှစ်ခဲ့မှုသည် မှားယွင်းကြောင်း ဝန်ခံရလိမ့်မည်။ အရှုံး ပေါ်နေမှုကို ခပ်မြန်မြန် ရပ်တန့်ပစ်ရမည်။ စိတ်ပိုင်းဆိုင်ရာ အိုမင်း ရင့်ရော်မှုနှင့် ပတ်သက်သော မာတင်၏ သုတေသန လုပ်ငန်းသည် စိတ်ပျက်စရာ ကောင်းသော မအောင်မြင်မှု တစ်ခု ဖြစ်ကြောင်း ဝန်ခံရလိမ့်မည်။

ထိုကိစ္စမှာ တစ်ခုတည်းသော အကြံပြုချက်ပင် ဖြစ်ပါသလား။

အကောင်းဆုံး အကြံပြုချက်ပင် ဖြစ်ပါသလား။

သို့တိုင်အောင် စီလီယာ စိတ်ထဲ၌ ဇဝေဇဝါနှင့် မသေမချာ ဖြစ်နေမိလေသည်။

ချာ့ချ်ဂိတ် ဟိုတယ် ထမင်းစားခန်းထဲ၌ စိတ်ရှုပ်ထွေးနေသော မာတင်ပြောခဲ့သည့် စကား တစ်ခွန်းကို သူ့ စိတ်ထဲတွင် ထပ်ခါတလဲလဲ ကြားယောင်နေမိသည်။

'ကျွန်တော်တို့ ရှာနေတာ တစ်နေ့ကျရင် တွေ့ကို တွေ့ရလိမ့်မယ်၊ ဒါပေမဲ့ တခြား တစ်နေရာရာမှာ ဖြစ်ပါလိမ့်မယ်'

ထိုစကားများကို မာတင် ပြောခဲ့စဉ်က စီလီယာသည် လေးလေးနက်နက် သဘော မထားခဲ့ပါ။ ယခု ထိုစကားလုံးများ၏ ထူးခြားမှုသည် ပိုမို၍ ပေါ်လွင်လာသည်။ အားလုံးက မှားယွင်းနေကြပြီး မာတင် တစ်ယောက်တည်းကသာ မှန်ကန်နေပါသလား။ ထိုသုတေသန လုပ်ငန်းကို ဂျာမနီ၊ ပြင်သစ်နှင့် နယူးဇီလန်တို့တွင် ဆက်လက် လုပ်ကိုင်လျက် ရှိကြောင်း စီလီယာ စုံစမ်းသိရှိထားသည်။

အကယ်၍ ဟာလိုး သုတေသန ဌာနအား ပိတ်လိုက်ပြီးနောက် အဆိုပါ အခြား သုတေသန ဌာနများမှ သိပ္ပံပညာရှင် တစ်ယောက်ယောက်က ထူးခြားသော တွေ့ရှိမှုကြီးကို တွေ့ရှိသွားနိုင်ပေသည်။

ထိုနည်း ထိုပုံ ဖြစ်လာပါက ဖဲလ်ဒင်း ရော့သ်သည် မည်သို့ မည်ပုံ ခံစား ရလေမည်နည်း။

အကယ်၍ စီလီယာက ပိတ်ပစ်ရန် အဆိုပြုခဲ့သည် ရှိသော် စီလီယာ ကိုယ်တိုင်ကသာမက ဖဲလ်ဒင်းရော့သ်ရှိ အခြားသော ပုဂ္ဂိုလ်များက မည်ကဲ့သို့ ခံစားကြရလေမည်နည်း။

ထို့ကြောင့် စီလီယာသည် ယခု ကိစ္စတွင် ဘာမှ ဆက်မလုပ်ဘဲ ဟာလိုး သုတေသန ဌာနတွင် တစ်ခုခု ဖြစ်ပေါ်လာလိမ့်မည် ဆိုသော မျှော်လင့်ချက်နှင့် ဆက်ဖွင့်ထားရန် အကြံ ပေးလိုစိတ် ဖြစ်ပေါ်လာမိပြန်၏။

စီလီယာ သက်ပြင်း ချလိုက်မိသည်။ သူသည် ဤကဲ့သို့သော ခက်ခဲသည့် ရွေးချယ်မှုများကို မပြုလုပ်ရပါစေနှင့်ဟု ဆုမတောင်းသင့်ကြောင်း သူ သိပါ၏။ သို့သော် သူ ဆုတောင်း လိုက်မိပါသည်။ ခက်ခဲသော ဆုံးဖြတ်ချက်များသည် ထိပ်ပိုင်းရှိ စီမံခန့်ခွဲရေး ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန် ဝတ္တရား တစ်ခုပင်တည်း။ စီလီယာသည် ထိုကဲ့သို့ ဆုံးဖြတ်ရသည်ကို တစ်ချိန်က လိုချင် တပ်မက်ခဲ့သည်။ ယခု သူ ဆုံးဖြတ်နေရလေပြီ။

သို့ရာတွင် ကွန်းကော့ဒ် လေယာဉ်ကြီး နယူးယောက် လေဆိပ်သို့ ဆင်းသက်ချိန်တွင် သူ မည်ကဲ့သို့ ထောက်ခံရမည်ကို ဆုံးဖြတ်နိုင်စွမ်း မရှိသေး ပါချေ။

ဆမ် ဟော်သုန်းသည် မအား မလပ်သောကြောင့် စီလီယာသည် ဆမ် ဟော်သုန်းနှင့် တွေ့ဆုံခွင့် ရရှိရန် တစ်ရက်တိတိ နှောင့်နှေး သွားခဲ့ရသည်။ ဆမ် ဟော်သုန်းနှင့် တွေ့ဆုံခွင့် ရရှိသောအခါ ဟာလိုး သုတေသန ဌာနနှင့် ပတ်သက်သော စီလီယာ၏ ဆုံးဖြတ်ချက်သည် ဇဝေဇဝါ မဟုတ်တော့ဘဲ ခိုင်ခိုင်မာမာ ဖြစ်နေလေပြီ။

ဆမ်သည် ပဋိသန္ဓာရ စကားများနှင့် အချိန်ဖြုန်း မနေတော့ဘဲ သူ့ ရှေ့တွင် စီလီယာ ထိုင်မိသည်နှင့် တစ်ပြိုင်နက် မေးချလိုက်၏။

'ကဲ မင်းဆီမှာ ကျုပ် အတွက် ထောက်ခံချက် ပါလာခဲ့ပြီလား'

တိုက်ရိုက် မေးလိုက်သော မေးခွန်းက ဆမ်သည် အသေးစိတ် အချက်အလက်များကို နားထောင်လိုစိတ် မရှိကြောင်း စီလီယာ ရိပ်မိလိုက်သည်။

စီလီယာက ခပ်သွက်သွက်လေး ဖြေလိုက်၏။





'ဟုတ်ကဲ့၊ အားလုံးကို ချိန်ကြည့်ပြီးတော့ ဟာလိုး သုတေသန ဌာနကို ပိတ်ပစ်လိုက်မယ် ဆိုရင် အမြင်ကျဉ်းပြီး မှားယွင်းတဲ့ ဆုံးဖြတ်ချက် ဖြစ်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ပြီးတော့လည်း မာတင်ရဲ့ စိတ်ပိုင်းဆိုင်ရာ အိမ်မင်း ရင့်ရော်မှု သုတေသန လုပ်ငန်းကို နောက်ထပ် တစ်နှစ်၊ လိုအပ်ရင် အဲဒါထက် ပိုကြာအောင် ဆက်လုပ်ဖို့ ခွင့်ပြုပေးသင့်ပါတယ်'

ဆမ်က ခေါင်းညိတ်ပြီး သဘော တွေ့ဟန်နှင့် ပြောလိုက်၏။

'ကောင်းပြီလေ'

မေးခွန်းများ မေးမြန်းခြင်း မရှိမှုနှင့် ပြင်းပြင်းထန်ထန် တုံ့ပြန်ခြင်း မရှိမှုတို့က စီလီယာ၏ ထောက်ခံချက်ကို တင်ပြသည့် အတိုင်း လက်ခံလိုက်ကြောင်း သိသာ ထင်ရှားပါသည်။

စီလီယာ၏ ထောက်ခံချက်သည် ဆမ် မျှော်လင့်ထားသော အဖြေ ဖြစ်သည့် အလား ဆမ် တစ်ယောက် စိတ်သက်သာရာ ရသွားကြောင်း စီလီယာ ခံစားလိုက်ရသည်။

'ကျွန်မ အစီရင်ခံစာ တစ်စောင် ရေးထားပါတယ်'

စီလီယာက လေးမျက်နှာ ပါသော အစီရင်ခံစာကို ဆမ်၏ စားပွဲပေါ်သို့ တင်လိုက်၏။

ဆမ်က အစီရင်ခံစာကို စာခွက်ထဲသို့ ပစ်ထည့်လိုက်သည်။

'တစ်ချိန်ချိန်ကျရင် ကျုပ် ဖတ်ကြည့်မယ်၊ ဘုတ် အဖွဲ့က မေးတဲ့ မေးခွန်းတွေကို ဖြေဖို့ အကူအညီ ရပါလိမ့်မယ်'

'ဘုတ်အဖွဲ့က တော်တော် ဒုက္ခပေးမှာလား'

'ပေးနိုင်တယ်၊ ဒါပေမဲ့ စိတ်မပူပါနှင့်ကွာ၊ လက်ခံအောင် တောင့်ခံထားနိုင်ပါလိမ့်မယ်၊ မင်းက မာတင့်ကို ဆက်လုပ်ရလိမ့်မယ်လို့ အကြောင်း ကြားထားသေးသလား'

စီလီယာက ခေါင်းခါလိုက်၏။

'ကျွန်မတို့က ရပ်ပစ်လိမ့်မယ်လို့ သူက ထင်နေတာ'

ဆမ်က ပြောလိုက်သည်။

'ဒါဆိုရင် ကြည်နူးစရာ ကောင်းတဲ့ အလုပ် တစ်ခု အနေနှင့် သူ့ဆီကို ပိတ်ပစ်မှာ မဟုတ်တဲ့ အကြောင်း ဒီကနေ့ စာရေး လိုက်ဦးမယ်၊ ကျေးဇူး တင်ပါတယ် စီလီယာ'

## ၇

၁၉၇၅ ခုနှစ်၏ ကျန်သော အချိန်ပိုင်းတွင် စီလီယာသည် ခရီး သိပ် မထွက်ရတော့ချေ။ စီလီယာသည် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသော်လည်း အများအားဖြင့် မောရစ်တောင်း မြို့မှာပင် နေခွင့်ရသောကြောင့် အင်ဒရူးနှင့် အတူတူ ပို၍ နေခွင့်ရခဲ့သည်။ လီဆာနှင့် ဘရစ်တို့၏ ကျောင်းများသို့လည်း သွားရောက် လည်ပတ်နိုင်ခဲ့သည်။

၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျူးလီးယက် ဟော်သုန်းနှင့် ဒွိုက် ဝှဒ်စမစ်တို့၏ လက်ထပ်ပွဲကို ကျင်းပခဲ့သည်။ ဟားဘတ် ဥပဒေ သင်တန်းကျောင်းမှ လောလောလတ်လတ် ဘွဲ့ရလာသော ဒွိုက် ဝှဒ်စမစ်သည် သူနှင့် ဂျူးလီးယက်တို့ နေထိုင်ကြမည့် နယူးယောက်တွင် ရှေ့နေ အဖြစ် ဆောင်ရွက်မည် ဖြစ်သည်။

ထိုနှစ် မေလတွင် စီလီယာ အထူး စိတ်ဝင်စားသော ကိစ္စ တစ်ရပ်မှာ 'အမေရိကကို ဆေးခတ်ခြင်း' ဆိုသည့် စာအုပ်ကို ထုတ်ဝေလိုက်ခြင်းပင် ဖြစ်သည်။

ထိုစာအုပ်တွင် လက်တင် အမေရိက နိုင်ငံများ၌ ဆေးဝါး ဖြန့်ဖြူး ရောင်းချနေသော ဆေး ကုမ္ပဏီကြီးများ၏ ချွတ်ယွင်းချက်များကို ထောက်ပြထားသည်။

ထိုစာအုပ်ထဲတွင် ဖော်ပြထားသော အချက်အလက်များမှာ နိုင်ငံတကာ ရောင်းဝယ် ဖောက်ကားရေး ဌာနတွင် စီလီယာ တာဝန်ယူရစဉ်က သူကိုယ်တိုင် သတိ ပြုမိခဲ့သောကြောင့် ဖဲလ်ဒင်း ရှော့သ်တွင် ဝေဖန်ခဲ့သော အချက်အလက်များပင်တည်း။

စီလီယာသည် ဒေါက်တာ မီလ်တန် ဆီးလ်ဗားမင်း ရေးသားသော ထိုစာအုပ်ကို ခြောက်အုပ်ခန့် ဝယ်၍ ကုမ္ပဏီမှ ထိပ်ပိုင်း ဝန်ထမ်းများထံ ပို့ပေးလိုက်ရာ သူ ခန့်မှန်းထားသည့် အတိုင်း တုံ့ပြန်ခဲ့ကြသည်။

ဆမ် ဟော်သုန်းက သူ့ထုံးစံ အတိုင်း အမှာစာ ရေးပေးလိုက်လေသည်။





'ဆီးလ်ဗားမင်းနှင့် မင်းတို့ရဲ့ အယူအဆတွေကို မူအားဖြင့် ကျုပ် လက်ခံ ထားပါတယ်၊ ဒါပေမဲ့ ပြောင်းလဲမှုတွေ လုပ်ရတော့မယ် ဆိုရင် အားလုံးက သဘောတူကြဖို့ လိုလိမ့်မယ်၊ ဘယ် ကုမ္ပဏီမဆို အထူးသဖြင့် လောလောဆယ်မှာ ကျုပ်တို့ ကုမ္ပဏီရဲ့ မြောက်ပွန်း မခံနိုင်တဲ့ ငွေကြေး အနေအထား အရ ပြိုင်ဆိုင်နေကြတဲ့ ကျန်ကုမ္ပဏီ အားလုံးထက် တစ်ပန်း ရှုံးရမယ့် အဖြစ်မျိုးကို လက်ခံနိုင်မှာ မဟုတ်ဘူး'

စီလီယာ အဖို့ ထိုအကြောင်း ပြချက်မှာ ခိုင်လုံမှု မရှိဟု ထင်ရသော်လည်း ငြင်းခုံနေပါက သူ နိုင်မည် မဟုတ်ကြောင်း သိသည့် အတွက် ဆက်မပြောဘဲ ငြိမ်နေလိုက်သည်။

ဗင်းစင့် လော့ဒ်ထံမှ ချေချေငံငံ ရှိသော စာတစ်စောင်ကို ရရှိမှုကြောင့် အတော်လေး အံ့အားသင့်ခဲ့ရသည်။

'စာအုပ် အတွက် ကျေးဇူး တင်ပါတယ်၊ ပြောင်းလဲမှု ရှိသင့်တယ် ဆိုတာကိုလည်း ကျုပ် သဘော တူပါတယ်၊ ဒါပေမဲ့ သူတို့ ဦးခေါင်းကို သေနတ်နှင့် ချိန်ပြီး ပြင်ခိုင်းတဲ့ အချိန် မတိုင်ခင် ကျုပ်တို့ ဆရာသမားတွေကတော့ အကျောက်အကန် ငြင်းနေကြဦးမှာပဲ၊ ဒါပေမဲ့ ဆက်သာ ကြိုးစားပါ၊ ကျုပ် တတ်နိုင်တဲ့ အခါကျရင် ကူညီပါ့မယ်'

မကြာသေးမီက စ၍ သုတေသန ဌာန ညွှန်ကြားရေးမှူး ဗင်းစင့် လော့ဒ်သည် ပို၍ ပို၍ ပျော့ပျောင်းလာသည်ဟု စီလီယာ တွေးလိုက်မိသည်။ သို့တည်းမဟုတ် စီလီယာသည် ကုမ္ပဏီတွင် အတော်အတန် အဆင့်မြင့်သော နေရာသို့ ရောက်ရှိနေပြီ ဖြစ်သဖြင့် မဟာမိတ် တစ်ယောက် အနေနှင့် အသုံးချနိုင်လောက်ပြီဟု ဗင်းစင့် လော့ဒ်က ယူဆလေသလားဟု စီလီယာ တွေးကြည့်လိုက်မိသည်။

ဧပြီလတွင် လီဆာက သူသည် စတန်ဖို့ ယူနီဗာစီတီသို့ တက်ခွင့် ရသဖြင့် ဆောင်းဦးရာသီတွင် ကယ်လီဖိုးနီးယားသို့ သွားရမည် ဖြစ်ကြောင်း တယ်လီဖုန်းနှင့် အသိပေးလိုက်သည်။

ထို့နောက် ဇွန်လတွင် လီဆာသည် အမ်မာ ဝီးလယက် ကျောင်းမှ သင်တန်းဆင်းခွင့် ရရှိခဲ့သည်။ သင်တန်းဆင်းပွဲသို့ အင်ဒရူး၊ စီလီယာနှင့် ဘရစ်တို့ တက်ရောက်ခဲ့ကြသည်။

ထိုနေ့ညက မိသားစု ထမင်း စားပွဲတွင် အင်ဒရူးက မှတ်ချက် ချလိုက်၏။

'ဒီကနေ့ကတော့ အင်မတန် စိတ်လှုပ်ရှားစရာ ကောင်းတဲ့ နေ့ပဲ၊ ဒါပေမဲ့ တစ်ကမ္ဘာလုံး အနေနှင့် ခြုံကြည့်မယ် ဆိုရင် အင်မတန် ငြီးငွေ့စရာ ကောင်းတဲ့ နှစ်တစ်နှစ် ဖြစ်လိမ့်မယ်'

ချက်ချင်းလိုလိုပင် သူ့ နိမိတ် ဖတ်သော စကားကို မမှန်ကန်ကြောင်း သက်သေပြသည့် အလား ယူဂန္ဒာ သမ္မတ အေဒီ အာမင်၏ အကူအညီနှင့် အာရပ် အကြမ်းဖက်သမားများက ယူဂန္ဒာရှိ အင်တက်ဘီ လေဆိပ်၌ ပြန်ပေးဆွဲထားသော လူပေါင်း တစ်ရာကျော်ကို လေကြောင်းချီ အစ္စရေး ကွန်မန်ဒို များက ရဲရဲတင်းတင်း ဝင်ရောက် တိုက်ခိုက်၍ ကယ်ဆယ်နိုင်ခဲ့ကြသည်။

နယူးယောက်တွင် ကျင်းပသော ဒီမိုကရက်တစ် ပါတီ၏ သင်းလုံးကျွတ် ညီလာခံတွင် ဂျော်ဂျီယာ ပြည်နယ်မှ မထင်ရှားသော တောင်ပိုင်းသား ဘက်ပတစ် ဘာသာဝင် တစ်ယောက်သည် သမ္မတ ရာထူး နေရာတွင် ဝင်ရောက် ယှဉ်ပြိုင်ရန် ရွေးချယ် ခံလိုက်ရသည်။

အမေရိကန် လူထုသည် သမ္မတ နစ်ဆင်နှင့် သမ္မတ ဂျယ်ရယ် ဖို့တို့ အပေါ်တွင် နှစ်ခြိုက်မှု လျော့နည်းနေသည့် တိုင်အောင် သမ္မတ ရာထူး အတွက် ဝင်ရောက် ယှဉ်ပြိုင်သော လူသစ်သည် အောင်မြင်မှု ရရှိနိုင်မည့်ပုံ မပေါ်ပါ။

သို့တိုင်အောင် မောရစ်တောင်းမြို့ရှိ ဖဲလ်ဒင်း ရော့သ် ဌာနချုပ်တွင် နိုင်ငံရေးကို စဉ်းစားရန် အချိန် သိပ်မရကြပါ။ မကြာမီ ထုတ်ဝေ ရောင်းချတော့မည့် ဆေးဝါးသစ် မွန်တိန်းကိုသာ စိတ်ဝင်စားနေကြပေသည်။

စီလီယာက မွန်တိန်းနှင့် ပတ်သက်၍ သံသယ ရှိနေကြောင်း ဆမ် ဟော့သုန်းအား ပြောကြားခဲ့သည်မှာ နှစ်နှစ် ကာလပင် ကျော်လွန်ခဲ့လေပြီ။ သို့ရာတွင် မွန်တိန်းအား သုတေသန ပြုလုပ်သော အစီရင်ခံစာများနှင့် စစ်ဆေးချက် မှတ်တမ်းများကို ဖတ်ရှု လေ့လာနေစဉ် မယုတ်မလွန် သဘောထားမျိုး ထားရှိပါရန် ဆမ် ဟော့သုန်းက တိုက်တွန်းခဲ့သည်။

ထိုကာလတွင် စီလီယာသည် များပြားလှသော စာရွက် စာတမ်း အများစုကို ဖတ်ရှု လေ့လာခဲ့သည်။ ထိုကဲ့သို့ ဖတ်ရှုရသဖြင့် ဆမ် ဟော့သုန်း၏ အယူအဆမှာ မှန်ကန်ကြောင်း စီလီယာ တဖြည်းဖြည်း ယုံကြည်လာသည်။ ဆေးဝါး ထုတ်လုပ်မှု ဆိုင်ရာ သိပ္ပံပညာသည် ဆယ့်ငါးနှစ် အတွင်း အံ့သြစရာ ကောင်းလောက်အောင် တိုးတက် လာခဲ့သည် ဖြစ်ရာ လွန်ခဲ့သော နှစ်ပေါင်း





များစွာက အခြား ဆေးဝါး တစ်ခုက အန္တရာယ် ပေးခဲ့မှုကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ၎င်းတို့ အတွက် အကျိုး ရှိစေမည့် ဆေးဝါး တစ်မျိုးကို မသုံးစွဲရန် ပိတ်ပင် တားမြစ်ဖို့ မသင့်လျော်ပါချေ။

မွန်တိန်းကို ပထမဦးစွာ ပြင်သစ်တွင် စမ်းသပ်ခဲ့ပြီးနောက် ဆက်တိုက်ဆိုသလိုပင် ဒိန်းမတ်၊ ဗြိတိန်၊ စပိန်နှင့် ဩစတြေးလျတို့၌ စမ်းသပ်ခဲ့သည်။ ယခု အမေရိကတွင် စမ်းသပ်နေဆဲ ဖြစ်သည်။ မွန်တိန်းကို စမ်းသပ်ရာတွင် အတတ်နိုင်ဆုံး ပြည့်စုံစွာ စမ်းသပ်ထားကြောင်း ထင်ရှားသည်။

စီလီယာသည် မွန်တိန်း၏ ဘေးအန္တရာယ် ကင်းမှုကို ယုံကြည်လာသည်နှင့်အမျှ စီးပွားရေးဘက်တွင် အောင်မြင်မှု ရရှိလာနိုင်ဖွယ် ရှိသည်ဟု ယုံကြည်လာသည်။

စီလီယာသည် သူ သိထားသော အချက်အလက်များကို အင်ဒရူးအား ခွဲဝေ အသိပေးရင်း အင်ဒရူး၏ အမြင် ပြောင်းလဲလာစေရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းကြည့်ခဲ့သည်။ သို့ရာတွင် အင်ဒရူးသည် သူ့ စရိုက်နှင့် မလျော်ညီစွာ လုံးဝ လက်မခံဘဲ ရှိနေသည်။ သူက ငြင်းခုံမှုကို ရှောင်ရှားလိုသောကြောင့် စကားကို အခြား ကိစ္စ တစ်ရပ်ရပ်သို့ ပြောင်းလွှဲ၍ ပြောဆိုတတ်သည်။

နောက်ဆုံးတွင် စီလီယာသည် ထိုကိစ္စကို လက်လျှော့ လိုက်ရလေတော့သည်။

၈

'အရောင်း ဌာနမှာ ရှိတဲ့ ကျွန်မတို့ အားလုံး အတွက် အရေးကြီးတဲ့ အချက်ကတော့ မွန်တိန်းဟာ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ အတွက် ရာနှုန်းပြည့် အန္တရာယ် ကင်းရှင်းတဲ့ ဆေး ဖြစ်ကြောင်း အလေးအနက် ပြောကြဖို့ပဲ၊ ဒါတွင် မကသေးပါဘူး၊ မွန်တိန်းဟာ ပျော်စရာ ရွှင်စရာကို ဖန်တီးပေးတဲ့ ဆေး ဖြစ်ပါတယ်၊ အာဝေဏိက ဒုက္ခကို ခံစားနေရတဲ့ အမျိုးသမီးတွေ အတွက် မူးဝေခြင်း အော့အန်ခြင်း စတဲ့ ဝေဒနာတွေကို ကင်းဝေးစေတဲ့ ဆေးလည်း ဖြစ်ပါတယ်'

စီလီယာသည် စင်မြင့်ပေါ်ရှိ စကားပြောခွက်မှ ပြောလိုက်၏။

ပရိသတ်က လှိုက်လှိုက်လှဲလှဲ သြဘာ ပေးလိုက်ကြသည်။

အချိန်မှာ ၁၉၇၆ ခုနှစ် အောက်တိုဘာလ။

စီလီယာသည် ဆန်ဖရန်စစ္စကိုတွင် ကျင်းပသော ဖဲလ်ဒင်း ရှော့သ်၏ ဒေသဆိုင်ရာ အရောင်း ညီလာခံသို့ ရောက်ရှိနေသည်။ ထိုအစည်းအဝေးသို့ အလာစကာနှင့် ဟာဝိုင်ယီ ပြည်နယ်များ အပါအဝင် အနောက်ဘက်ခြမ်းရှိ ပြည်နယ်ကိုးခုမှ နယ်လှည့် ဆေးရောင်း စျေးသည်များ၊ ကြီးကြပ်ရေးမှူးများနှင့် ဒေသဆိုင်ရာ မန်နေဂျာများ တက်ရောက်နေကြသည်။ သုံးရက်ကြာ ကျင်းပသော ညီလာခံကို ဖဲယားမွန့် ဟိုတယ်၌ ကျင်းပသည်။

စီလီယာနှင့် အခြား အရာရှိကြီးများသည် လမ်း၏ ဟိုဘက်ခြမ်း၌ ရှိသော စတန်ဖို့ ကုတ်၌ တည်းခိုနေကြသည်။

ထိုအရာရှိကြီးများထဲတွင် တစ်ခါက အိမ်သုံးဆေး အရောင်း ဌာန၌ စီလီယာ၏ လက်ထောက် ဖြစ်ခဲ့ဖူးသော ဘီလ် အင်ဂရမ်သည်လည်း ယခု ဆေးဝါး ရောင်းချမှု ဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူး အဖြစ် ပါဝင် တက်ရောက်လျက် ရှိသည်။

မွန်တိန်းအား စျေးကွက်တွင် ဖြန့်ချိ ရောင်းချရေး အစီအစဉ်ကို အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်။

မွန်တိန်းကို ဖေဖော်ဝါရီလတွင် စတင် ရောင်းချမည် ဖြစ်ရာ လေးလသာ လိုတော့သည်။

ထိုဆေးဝါးကို အမေရိကန်တွင် စမ်းသပ်ရမည့် အစီအစဉ် အဖြစ် လွန်ခဲ့သော တစ်နှစ်ခွဲက စ၍ တိရစ္ဆာန်များနှင့် လူပေါင်း ငါးရာတို့တွင် စမ်းသပ်ခဲ့ရာ မပြောပလောက်သော ဆေး တန်ပြန်မှုများကိုသာ ရံဖန်ရံခါ ဆိုသလို တွေ့ခဲ့ရလေသည်။ အမေရိကန်တွင် စမ်းသပ်ရာ၌ ရရှိသော ကောင်းမွန်သည့် ရလဒ်များသည် အခြား နိုင်ငံများ၌ စမ်းသပ်စဉ်က ရရှိခဲ့သော ရလဒ်များနှင့် ဆင်တူယိုးမှားပင် ဖြစ်ပေသည်။ အဆိုပါ နိုင်ငံများတွင် မွန်တိန်းကို ဆိုင်တင်၍ ရောင်းချလျက် ရှိပြီး အလွန့် အလွန် လူကြိုက်များလျက် ရှိနေပေသည်။

အမေရိကန်တွင် စမ်းသပ်ပြီးနောက် လျင်မြန်စွာ အတည်ပြု ပေးလိမ့်မည် ဆိုသော ယူဆချက်ဖြင့် ဆေးဝါးသစ် လျှောက်လွှာကို ထုံးစံ အတိုင်း စာရွက်စာတမ်း အမြောက်အမြားနှင့် ပြုစု၍ အက်ဖ်ဒီအေသို့ တင်ပြလိုက်လေသည်။

ထိုမျှော်လင့်ချက်သည် ယခု အချိန် အထိ အချည်းနှီးသာ ဖြစ်နေရပေသည်။

အက်ဖ်ဒီအေက မွန်တိန်းကို ဆရာဝန်၏ ဆေးလက်မှတ်နှင့် ရောင်းချခွင့် ပြုသော ဆေး အဖြစ် အတည်ပြုပေးခြင်း မရှိသေးပါ။ ထိုကိစ္စမှာ မွန်တိန်း





အား ရောင်းချ ဖြန့်ဖြူးရေး အစီအစဉ်တွင် အနှောင့်အယှက် ဖြစ်နေစေသည့် အချက် နှစ်ချက် အနက် တစ်ချက်ပင် ဖြစ်တော့သည်။

သို့တိုင်အောင် မွန်တိန်းအား ရောင်းချရေး အတွက် ကြိုတင် ပြင်ဆင်သည့် အစီအစဉ် မှန်သမျှကို မွန်တိန်းအား အက်ဖ်ဒီအေက ခွင့်ပြုသည့် အချိန်အထိ ဆိုင်းငံ့ထားရန် မဖြစ်နိုင်ကြောင်း၊ ထိုကဲ့သို့ ဆိုင်းငံ့ထားမည် ဆိုပါက ရောင်းချသည့် အချိန် ကာလတွင် ခြောက်လခန့် လျော့နည်း သွားမည် ဖြစ်သဖြင့် အရေး ပါသော ဝင်ငွေများ လျော့နည်း သွားမည် ဖြစ်ကြောင်း ဖဲလ်ဒင်း ရှော့သ် ရုံးချုပ်တွင် ဆွေးနွေးခဲ့ကြသည်။

ထို့ကြောင့် ဆေးဝါး ထုတ်လုပ်မှုကို ဆက်လက် လုပ်ကိုင်ရန်နှင့် ကြော်ငြာရန် စီစဉ်မှု၊ ယခု ကျင်းပနေသော ဆွေးနွေးပွဲကဲ့သို့ အကြို ဆွေးနွေးမှုစသည့် ကိစ္စရပ်များကို အက်ဖ်ဒီအေက အချိန်မီ ခွင့်ပြုချက် ရလိမ့်မည် ဆိုသော ယူဆချက်နှင့် ပြုလုပ်နေကြခြင်း ဖြစ်သည်။

ဆမ် ဟော်သုန်း၊ ဗင်းစင့် လော့ဒ်နှင့် ကျန်ပုဂ္ဂိုလ်များက အက်ဖ်ဒီအေ၏ ခွင့်ပြုချက်ကို ဆောလျင်စွာ ရရှိလိမ့်မည်ဟု စိတ်ချ ယုံကြည်နေကြသည်။ မွန်တိန်းနှင့် ပတ်သက်၍ စာနယ်ဇင်းများတွင် သတင်း အဖြစ် ဖော်ပြ ပါရှိနေမှုကလည်း ဖဲလ်ဒင်း ရှော့သ် အတွက် တစ်ပန်းသာလျက် ရှိသည်ဟု ယူဆကြသည်။

မွန်တိန်းကို အခြား နိုင်ငံများတွင် လူကြိုက်များလျက် ရှိပြီး ပို၍ ပို၍ လူသုံး များလျက် ရှိသောကြောင့် အက်ဖ်ဒီအေက ဆုံးဖြတ်ချက် ချပေးရန် အဘယ်ကြောင့် အချိန် ကြာမြင့်နေရသနည်း။ အခြား နိုင်ငံများရှိ အမျိုးသမီးများသည် ဤဆေးကို ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် သုံးစွဲ နေကြရချိန်တွင် အမေရိကန် အမျိုးသမီးများသည် အဘယ်ကြောင့် သုံးစွဲခွင့် မရရှိပါသနည်း ဟူသော မေးခွန်းများကို လူသိရှင်ကြား မေးမြန်း နေကြလေသည်။

မေးခွန်းများကို ထိထိမိမိ မေးမြန်းသော ပုဂ္ဂိုလ် တစ်ဦးမှာ ဆီနေတာ ဒင်းနစ် ဒီနာဟူးပင် ဖြစ်သည်။

သူသည် သာမန်အားဖြင့် ဆေးဝါး ထုတ်လုပ်ရေး လောကကို ဝေဖန်လေ့ ရှိသူ ဖြစ်သော်လည်း မွန်တိန်းနှင့် ပတ်သက်၍ အက်ဖ်ဒီအေ၏ အဆုံးအဖြတ် မပေးနိုင်မှုသည် ယခုလို အခြေအနေမျိုးတွင် အလွန်တရာ ရယ်ဖွယ်ကောင်းလှသည် ဟူ၍ သတင်းထောက် တစ်ယောက်၏ မေးမြန်းချက်ကို ဖြေကြား လိုက်လေသည်။

အနှောင့်အယှက် ဖြစ်နေစေသည့် ကျန် အချက် တစ်ချက်မှာ နယူးရှော့ခ်တွင် အခြေစိုက်သော စားသုံးသူ အုပ်စုမှ 'ပို၍ အန္တရာယ် ကင်းသည့် ဆေးဝါးများ ရရှိစေရေးကို ကြိုးပမ်းသော ပြည်သူ့ အဖွဲ့အစည်း' အတိုကောက် စီအက်စ်အမ်၏ နာယက ဒေါက်တာ မော့ စတော့ဗလီ၏ ကန့်ကွက်မှုပင် ဖြစ်သည်။

ဒေါက်တာ စတော့ဗလီနှင့် စီ အက်စ် အမ် အုပ်စုက 'ဤ ဆေးသည် အန္တရာယ် ရှိနိုင်သောကြောင့် ပို၍ ကြာမြင့်စွာ စမ်းသပ် စစ်ဆေးသင့်သည်' ဆိုသော အကြောင်း ပြချက်နှင့် ပြင်းပြင်းထန်ထန် ကန့်ကွက်နေသည်။ ထိုအယူအဆသည် စာနယ်ဇင်းများတွင် အတော်အသင့် ဖော်ပြ ပါရှိနေသည်။

ဒေါက်တာ စတော့ဗလီ၏ အကြောင်းပြချက်သည် လွန်ခဲ့သော သုံးလေးလက ဩစတြေးလျ တရားရုံးများတွင် အပြန်အလှန် လျှောက်လဲချက် ပေးခဲ့ကြသော တရားမမှု တစ်ခုတွင် အခြေခံသည်။

ဩစတြေးလျ နိုင်ငံ အဲလစ်စပရင်း အနီးရှိ ကျေးလက် တောရွာ တစ်ရွာ၌ နေထိုင်သူ နှစ်ဆယ့် သုံးနှစ် အရွယ် အမျိုးသမီး တစ်ဦးသည် မိန်းကလေး တစ်ယောက်ကို ဖွားမြင်ခဲ့သည်။

ထိုအမျိုးသမီးသည် ကိုယ်ဝန် ရှိနေစဉ် မွှန်တိန်းကို သုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် စစ်ဆေး စမ်းသပ်ချက်များ အရ သူ မွေးဖွားသော မိန်းကလေးသည် ဦးနှောက် ပျက်စီး ချို့ယွင်းနေသူ ဖြစ်ကြောင်း သိလာရသည်။ ထိုကလေးငယ်သည် အခါလည်သား အရွယ်သို့ ရောက်သည် အထိ ကိုယ်လက် လှုပ်ရှားမှုများကို အနည်းငယ်မျှပင် မပြုလုပ်နိုင်ကြောင်း၊ ထိုကလေးသည် တစ်သက်လုံး အကူအညီ မပါဘဲနှင့် လမ်းလျှောက်နိုင်စွမ်း၊ ထ၍ ထိုင်နိုင်စွမ်း ရှိတော့မည် မဟုတ်ကြောင်း ဆရာဝန်များက ဆုံးဖြတ်ခဲ့ကြသည်။

ထိုအဖြစ်အပျက်ကို ကြားသိရသော ရှေ့နေ တစ်ယောက်က မွှန်တိန်းကို ဖြန့်ဖြူးသော ဩစတြေးလျ ကုမ္ပဏီအား တရား စွဲဆိုရန် မိခင် ဖြစ်သူကို တိုက်တွန်းခဲ့သည်။ ထိုအမှုကို တရားရုံးသို့ စွဲဆို တင်ပို့သည့် အခါ ရှုံးနိမ့်သွားသည်။ အဆိုပါ စီရင်ချက်ကို အထက်ရုံးသို့ အယူခံ ဝင်ခဲ့သော်လည်း အောက်ရုံး၏ စီရင်ချက်ကိုပင် အတည်ပြု၍ အယူခံလွှာကို ပလပ်ခဲ့သည်။

အဆိုပါ အမှုကို စစ်ဆေးနေစဉ် ကလေးငယ်၏ အခြေအနေသည် မွှန်တိန်းကြောင့် မဟုတ်ကြောင်း သိသာ ထင်ရှား ပေါ်လွင်လာသည်။ ကလေးငယ်၏ မိခင်သည် အကျင့်စာရိတ္တ မကောင်းလှသူ တစ်ဦး ဖြစ်ပြီး ကလေး၏ ဖခင်သည် မည်သူမည်ဝါ ဖြစ်ကြောင်း မသိရှိပါ ဟူ၍ ဝန်ခံခဲ့သည်။ သူသည် ကိုယ်ဝန် ရှိနေစဉ် အတောအတွင်း မီသာကိုလုံး၊ ဒိုင်ယာဇီပမ် (ဗေလီယံ) နှင့် အခြား ဆေးဝါး အတော် ခပ်များများကို ဆက်တိုက် သုံးစွဲခဲ့သည်။





သူသည် ယစ်ထုပ်ကြီး တစ်ယောက် ပမာ အရက် သောက်သူ ဖြစ်ပြီး ဆေးလိပ်ကို အဆက်မပြတ် သောက်သည်သာမက ဆေးခြောက် ရှူသူလည်း ဖြစ်သည်။

ထိုအမှုတွင် လာရောက်၍ အစစ်ခံသော ဆေးဘက်ဆိုင်ရာ ပါရဂူ တစ်ယောက်က သူ၏ ခန္ဓာကိုယ်သည် ဆန့်ကျင်ဘက် ဓာတုဗေဒ ပစ္စည်းများ ရောစပ် ပါရှိနေသော ကြောက်စရာ ကောင်းသည့် ဒယ်အိုးကြီး ဖြစ်ပြီး မည်သည့်ကိစ္စမဆို ဖြစ်ပွားနိုင်ကြောင်း ထွက်ဆိုသွားသည်။

ကျန် ဆေးဘက်ဆိုင်ရာ ပါရဂူများကလည်း ကလေးငယ်၏ ချို့ယွင်းချက်များသည် မွှန်တိန်းနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ထွက်ဆို သွားကြသည်။

ထိုအမျိုးသမီး ကိုယ်ဝန် ရှိနေစဉ် လာရောက် ကုသပေးသော ကျေးလက် တောရွာမှ ဆရာဝန် တစ်ဦးကသာ မွှန်တိန်းကို အပြစ် တင်ခဲ့သည်။

သို့ တိုင်အောင် ပြန်လှန် မေးခွန်းထုတ်သည့် အခါ သူ့ထွက်ဆိုချက်အား ခိုင်ခိုင်လုံလုံ ထောက်ခံနိုင်မည့် အထောက်အထားများ မရှိကြောင်း၊ သူ့စိတ်ထဲက အထင်မျှသာ ဖြစ်ကြောင်း ထွက်ဆိုသွားသည်။

အခြား အခြားသော ဆေးပါရဂူများ၏ ထွက်ဆိုချက်များနှင့် ယှဉ်ကြည့်မည် ဆိုပါက သူ့ ထွက်ဆိုချက်သည် အလေးထားစရာ မဟုတ်တော့ပါ။

တစ်ဆက်တည်းမှာပင် ဩစတြေးလျ အစိုးရက ဖွဲ့စည်းပေးထားသော စုံစမ်း စစ်ဆေးရေး အဖွဲ့ ရှေ့မှောက်တွင် ဆေးပညာရှင်များနှင့် သိပ္ပံပညာရှင်များ လာရောက်၍ အစစ်ဆေး ခံကြရပြီး ထိုအဖွဲ့က တရားရုံးများ နည်းတူ မွှန်တိန်းသည် ဘေးအန္တရာယ် ကင်းသော ဆေး ဖြစ်ကြောင်း ကောက်ချက် ချခဲ့လေသည်။

ထင်ပေါ် ကျော်ကြားမှုကို အလွန် လိုလားသော ဒေါက်တာ စတော့ဗလီထံတွင် ထိုကိစ္စမှ လွဲ၍ သက်သေ ပြစရာ အခြား အထောက်အထားများ မရှိခဲ့ပါ။

ထို့ကြောင့် ဒေါက်တာ မော့ စတော့ဗလီနှင့် စီအက်စ်အမ် အုပ်စု၏ ထိုးနှက်ချက်သည် အနှောင့်အယှက်လေး တစ်ခု ဖြစ်သော်လည်း ကြီးမားသော

ပြဿနာ မဟုတ်ကြောင်း ဖဲလ်ဒင်း ရှေ့သိ ရုံးချုပ်က သတ်မှတ်ထားလေသည်။

ယခု ဆန့်ဖရန့်စစ္စကိုမြို့ ကျင်းပသော အရောင်း ညီလာခံတွင် စီလီယာသည် လက်ခုပ်သံများ ငြိမ်ကျသွားအောင် စောင့်ဆိုင်းနေလိုက်ပြီးနောက် ဆက်ပြောလိုက်ပြန်၏။

'သာလီဒိုမိုက်ကို အမှတ် ရကြသေးတဲ့ ပုဂ္ဂိုလ်တွေကတော့ မွန်တိန်းနှင့် ပတ်သက်ပြီး စိုးရိမ် သောက ဖြစ်ကြပေလိမ့်မယ်၊ ဒါပေမဲ့ သာလီဒိုမိုက်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်က ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်၊ ပြည့်ပြည့်စုံစုံ စမ်းသပ်မှုလည်း မရှိခဲ့ပါဘူး၊ မွန်တိန်းကိုတော့ တိရစ္ဆာန် မျိုးစုံနှင့်သာမက မိမိ ဆန္ဒ အလျောက် စမ်းသပ်ခံကြတဲ့ လူပုဂ္ဂိုလ်တွေနှင့် နိုင်ငံပေါင်း ငါးနိုင်ငံမှာ စမ်းသပ် ပြီးခဲ့ပါပြီ၊ ပြီးတော့လည်း အဲဒီ နိုင်ငံ အများစုမှာ အမျိုးသမီးပေါင်း ထောင်ပေါင်း များစွာဟာ တစ်နှစ်ကျော် ကြာအောင် သုံးခဲ့ကြပြီး ဖြစ်ပါတယ်'

ထို့နောက် စီလီယာသည် မွန်တိန်းအား ပြင်သစ် ဆေးကုမ္ပဏီက မည်သို့မည်ပုံ စမ်းသပ်ခဲ့သည်ကို အသေးစိတ် ရှင်းပြလိုက်သည်။

'အလျှင် အလျှင်က ထုတ်လုပ် ရောင်းချခဲ့တဲ့ ဆေးဝါးတွေထဲမှာ ဒီဆေးလောက် အန္တရာယ် ကင်း မကင်း စေ့စေ့စပ်စပ် စစ်ဆေးခဲ့တဲ့ ဆေး မရှိသေးဘူးလို့ ဆိုနိုင်ပါတယ်'

စီလီယာ မိန့်ခွန်း ပြောပြီးသောအခါ ကုမ္ပဏီမှ သိပ္ပံပညာရပ်နှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ရှိသူများက စီလီယာ၏ မိန့်ခွန်းကို ထောက်ခံကြပြီး အရောင်း ဈေးသည်များ၏ မေးခွန်းများကို ဖြေကြားကြလေသည်။

ထိုနေ့ညတွင် စတန်ဖို့ကုတ် ဟိုတယ်ရှိ စည်းစိမ် ရှိလှသော အခန်းကြီးထဲ၌ မွန်တိန်း အကြောင်း စီလီယာက စတင် ဆွေးနွေးသောကြောင့် စီလီယာနှင့် အင်ဒရူးတို့ တစ်ယောက် တစ်ခွန်း စကားများကြသည်။

အင်ဒရူးက သူသည် 'ကိုယ်ဝန် ဆောင်နေစဉ် ကာလ အတွင်း မည်သည့် အမျိုးသမီး မဆို ဆေးဝါး မှန်သမျှကို လုံးဝ မသုံးစွဲသင့်' ဆိုသည့် အယူအဆကို ယုံကြည်လျက်ပင် ရှိသေးကြောင်း ပြန်ပြောလိုက်သည်။

သူတို့ စကား များနေကြစဉ် စီလီယာ အတွက် တယ်လီဖုန်း လာသော





ကြောင့် စကားစ ပြတ်သွားကြသည်။ တစ်ဖက်မှ ဆက်သွယ်သူမှာ ဆမ် ဟော့သုန်း ဖြစ်နေသည်။

'ဟိုင်း စီလီယာ၊ အခြေအနေ အရပ်ရပ် ကောင်းမွန်ရဲ့လား'

'သိပ် ကောင်းပါတယ်၊ တင်ပြချက်တွေကိုလည်း ချောချောမောမော တင်ပြနိုင်ခဲ့ပါတယ်၊ လူတိုင်း လူတိုင်း မွန်တိန်းကို စရောင်းဖို့ စိတ်စော နေကြပါတယ်'

'သိပ်ကောင်းတာပေါ့'

'ကျွန်မတို့ကို မေးနေကြတဲ့ မေးခွန်းကတော့ အက်ဖ်ဒီအေရဲ့ ခွင့်ပြုချက်ကို ကျွန်မတို့ ဘယ်တော့ ရမလဲ ဆိုတဲ့ မေးခွန်းပဲ'

'ဒီကိစ္စဟာ ခုလောလောဆယ်မှာတော့ မင်းနှင့် ကျုပ် အကြားမှာ အတွင်းရေး ကိစ္စပဲ၊ ဒါပေမဲ့ အက်ဖ်ဒီအေရဲ့ ခွင့်ပြုချက်ကို မကြာခင် ရတော့မှာပါ'

'ရှင်က ဘာဖြစ်လို့ တထစ်ချ ပြောနိုင်ရသလဲ ဆိုတာကို မေးနိုင်ပါသလား'

'မမေးပါနှင့်လေ'

'ကောင်းပါပြီရှင်'

အကယ်၍ ဆမ်က လျှို့လျှို့ဝှက်ဝှက် သိုသိုသိပ်သိပ် ဆောင်ရွက်လိုသည် ဆိုပါက သူတို့ နှစ်ဦး အကြားတွင် ထိမ်ချန်ထားရန် မလိုအပ်သော်လည်း ဆမ့်တွင် ထိမ်ချန်ထားနိုင်သော အခွင့်အရေး ရှိနေပေသည်။

စီလီယာက မေးလိုက်၏။

'ဂျူလီတို့ အစစ အရာရာ အဆင်ပြေကြရဲ့လား'

'မကြာခင် ရတော့မယ့် ကျုပ် မြေး အကြောင်း ပြောတာလား၊ အားလုံး အဆင်ပြေပါတယ်'

လွန်ခဲ့သည့် သုံးလက ဂျူးလီးယက်နှင့် ဒေးဗစ် ဌဒ်စမစ်တို့က ဂျူလီတွင် ကိုယ်ဝန် ရှိနေကြောင်း ကြေညာခဲ့ကြသည်။

ထိုကလေးသည် ဇန်နဝါရီလ၌ မွေးဖွားမည် ဖြစ်သည်။

'လီလီယန်နှင့် ဂျူးလီးယက်တို့ကို ကျွန်မက မေတ္တာ ပို့လိုက်ကြောင်း ပြောပြပါ၊ ဂျူးလီးယက်ကိုလည်း သူ ဒုတိယ ကိုယ်ဝန်ကို လွယ်တဲ့ အခါကျရင် မွန်တိန်းကို စားနိုင်တော့မှာပါလို့ ပြောလိုက်ပါ'

'ပြောလိုက်မယ်လေ၊ ကျေးဇူး တင်ပါတယ် စီလီယာ'

ဆမ်က စကားပြောခွက်ကို ပြန်ချသွားလေတော့သည်။

စီလီယာနှင့် စကား ပြောဆိုပြီးနောက် တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချလိုက်သော ဆမ် ဟော်သုန်းသည် အက်ဖ်ဒီအေနှင့် ပတ်သက်၍ သူ မဆင်မခြင် ပြောဆိုမိသည့် ကိစ္စကို နောင်တ ရမိလေတော့သည်။

လွန်ခဲ့သည့် တစ်နာရီက သူနှင့် ဗင်းစင့် လော့ဒ်တို့သည် ဆွေးနွေးခဲ့ပြီးနောက် ဆုံးဖြတ်ချက် တစ်ရပ်ကို ပူးတွဲ ချမှတ်ခဲ့ကြသည်။

ထို ဆုံးဖြတ်ချက်ကို သိသွားကြမည် ဆိုပါက ပြဿနာ ပေါ်နိုင်သဖြင့် မည်သည့် အခါတွင်မှ မပေါက်ကြားစေသင့်ပါ။

မွန်တိန်းအား ဆေးဝါးသစ် အနေနှင့် လျှောက်ထားသော ဒေါက်တာ ဂျီဒီယွန် မေ့စ်ထံသို့ ရောက်ရှိသွားခြင်းမှာ အလွန်တရာ ကံဆိုးခြင်းပင် ဖြစ်ပါတော့သည်။

မွန်တိန်းအား ဆောလျင်စွာ အတည်ပြုချက် ရရှိရေးနှင့် ပတ်သက်၍ ဗင်းစင့် လော့ဒ်က သူ့ အစီအစဉ်ကို ဖြောင်ကျကျ တင်ပြခဲ့သည်။ ဗင့်စ်က

'ကျုပ်တို့ လက်ထဲမှာ ရှိတဲ့ ပစ္စည်းကို အသုံးပြုပြီး မေ့စ်ကို ဖိအားမပေးဘူး ဆိုရင် မွန်တိန်းကို ဖေဖော်ဝါရီလမှာ ဆိုင်တင် ရောင်းချမယ့် အစီအစဉ်ကို မေ့ထားလိုက်ပေတော့၊ နောက် တစ်နှစ် အထိတောင် ဖြစ်ချင် ဖြစ်သွားလိမ့်မယ်'

ဆမ်က မေးလိုက်၏။

'ဒီလောက် အထိ ကြာနိုင်သလား'

'သိပ် ဖြစ်နိုင်တာပေါ့၊ ပိုတောင် ပိုနိုင်သေးတယ်၊ မေ့စ်က အစ အဆုံး ပြန် စမ်းသပ်ပေးပါလို့'

ဆမ်က လက်ကာ၍ တားလိုက်သောကြောင့် ဗင်းစင့် လော့ဒ် စကားပြော ရပ်သွားသည်။

'ကောင်းပြီလေ၊ ကျုပ်က အဲဒီ ကိစ္စကို သဘောမကျပေမဲ့ ကျုပ် သဘောတူလိုက်ပါပြီ၊ ဆက်လုပ်ပါတော့၊ ကျုပ်တို့ လုပ်စရာ ရှိတာကိုသာ ဆက်လုပ်ပါတော့ဗျာ'

ယခု အချိန်တွင် မွန်တိန်းအား အက်ဖ်ဒီအေက အတည်ပြုပေးမည့် ကိစ္စကို စိတ်ချလက်ချ စောင့်ရန်သာ ရှိပါတော့သည်။ အက်ဖ်ဒီအေ၏ ခွင့်ပြုချက်သည် မလွဲမသွေ ဆောလျင်စွာ ရောက်ရှိ လာပေလိမ့်မည်။





၉

ဂျီဒီယွန် မေ့စ်သည် ယခင် သူနှင့် တွေ့ဆုံခဲ့သည့် အချိန်နှင့် မတူတော့ဘဲ ပြောင်းလဲနေကြောင်း ဗင်းစင့် လော့ဒ် သတိထားမိသည်။ ဂျီဒီယွန် မေ့စ်သည် အသက် ပိုကြီးလာပုံ ရသော်လည်း ယခင်ကထက် ပို၍ နေကောင်းလာပုံ ရကြောင်း တွေ့ရသဖြင့် ထိုကိစ္စမှာ အံ့အားသင့်စရာပင်တည်း။

သူ့မျက်နှာမှာ ယခင်ကလောက် မနီတော့သလို အကြောများကလည်း ယခင်ကလောက် ထင်ထင်ပေါ်ပေါ် ဖြစ်မနေကြတော့ပါ။ သူသည် ခပ်နွမ်းနွမ်း ဝတ်စုံကို မဝတ်တော့ဘဲ ဝတ်စုံ အသစ်နှင့် မျက်မှန် အသစ်တို့ကို ဝယ်ယူဝတ်ဆင်ထားသည်။ သူ့ အမူအရာသည် မိတ်ဆွေ ဖြစ်လိုဟန် မပြသေးသော်လည်း ပို၍ ပျော့ပျောင်းလာသည်။ ထိုကဲ့သို့ ပြောင်းလဲလာခြင်းမှာ ဂျီဒီယွန် မေ့စ်သည် 'အမည် မသိ ယစ်ထုပ် အသင်း' သို့ ဝင်လိုက်ပြီး အရက်ကို ဖြတ်လိုက်သောကြောင့် ဖြစ်ပေသည်။

ဂျီဒီယွန် မေ့စ်၏ အခန်းထဲတွင် အပုံလိုက် ရှိနေကြသော စာရွက်စာတမ်းများကို လော့ဒ်က လက်နှင့် ညွှန်ပြရင်း မေးလိုက်၏။

'ကျုပ်တို့ရဲ့ မွန်တိန်း လျှောက်လွှာ ဒီအပုံတွေထဲက တစ်နေရာရာမှာ ရှိနေသလား'

'တချို့တစ်ဝက်တော့ ရှိပါလိမ့်မယ်၊ အားလုံးကို ထားဖို့ နေရာ မရှိဘူး၊ ခင်ဗျားက မွန်တိန်းနှင့် ပတ်သက်ပြီး လာတာ ထင်ပါရဲ့'

'ဟုတ်ပါတယ်'

လော့ဒ်က အဖြေ ပေးပြီး မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။ သူသည် ခြေရင်း၌ ချထားသော လက်ဆွဲအိတ်ထဲမှ မိတ္တူ ကူးထားသော စာရွက် စာတမ်းများကို အသုံးပြုရန် မလိုအပ်ပါစေနှင့်ဟု မျှော်လင့် နေမိဆဲပင်တည်း။

'ကျုပ်က ဩစတြေးလျက အမှုနှင့် ပတ်သက်ပြီး တကယ့်ကို စိတ်ပူနေမိတယ်ဗျာ'

ယခု တစ်ကြိမ်တွင်လည်း ဒေါက်တာ မေ့စ်၏ အသံသည် အတိတ်ကာလနှင့် မတူတော့ဘဲ ပြေပြေပြစ်ပြစ် ရှိနေပေသည်။

'ကျုပ် ပြောတဲ့ ကိစ္စကို ခင်ဗျား သိလိမ့်မယ်လို့ ထင်ပါတယ်'

လော့ဒ် ခေါင်းညိတ်လိုက်၏။

'ကျေးလက် တောရွာက အမျိုးသမီး ကိစ္စ မဟုတ်လား၊ ဟုတ်ပါတယ်၊ အဲဒီ အမှုဟာ တရားရုံးကို ရောက်သွားတယ်၊ တရားရုံးမှာ အမှု ရှုံးသွားတယ်၊ အစိုးရကလည်း စုံစမ်း စစ်ဆေးမှု ပြုလုပ်တယ်၊ နှစ်ကြိမ်စလုံး စွပ်စွဲချက်တွေကို စေ့စေ့စပ်စပ် စုံစမ်း စစ်ဆေးခဲ့ကြတယ်၊ မွန်တိန်းနှင့် လုံးဝ မသက်ဆိုင်ဘူးလို့ ဆုံးဖြတ်ခဲ့ကြတယ်'

မေ့စ်က ပြောလိုက်၏။

'အဲဒါတွေကို ကျုပ် ဖတ်ပြီးပါပြီ၊ ဒါပေမဲ့ ကျုပ်က အသေးစိတ်တွေကို ထပ် သိချင်သေးတယ်၊ ကျုပ် ဩစတြေးလျကို စာရေးပြီး မှာထားတယ်၊ အဲဒါတွေ ရောက်လာရင်တောင် မေးစရာ မေးခွန်းတွေ ထပ်ရှိနိုင်သေးတယ်'

'ဒါပေမဲ့ အဲဒီလို ဆိုရင် လပေါင်း များစွာ ကြာသွားနိုင်တာပေါ့'

'အဲဒီလို ကြာသွားရင်တောင် ကျုပ်က ကျုပ် တာဝန်ကို ထမ်းဆောင်နေတာပါပဲဗျာ'

ဗင်းစင့် လော့ဒ်က နောက်ဆုံး အကြိမ် အဖြစ် ကြိုးစား လိုက်ပြန်၏။

'ခင်ဗျားက စတိတ်မေ့စ် လျှောက်လွှာကို ဆွဲထားစဉ်တုန်းက အဲဒီ ဆေးဝါးဟာ ဆေးတန်ပြန်မှုတွေနှင့် ကင်းစင်ပြီး ဆေးကောင်း ဝါးကောင်း ဖြစ်ပါတယ်လို့ ကျုပ် အာမခံခဲ့ပါတယ်၊ တကယ်လည်း ကောင်းတဲ့ ဆေး ဖြစ်ပါတယ်၊ အခု ကျုပ်က သိပ္ပံ သုတေသန ပညာရှင် အဖြစ် ရရှိထားတဲ့ ကျုပ် ဂုဏ်သိက္ခာကို တိုင်တည်ပြီး မွန်တိန်းဟာ အဲဒီ ဆေးမျိုး ဖြစ်ကြောင်း ခင်ဗျားကို အာမခံပါတယ်ဗျာ'

မေ့စ်က လေးလေးပင်ပင်ကြီး ပြန်ဖြေလိုက်သည်။

'စတိတ်မေ့စ်ကို မလိုအပ်ဘဲ ဆွဲထားတယ် ဆိုတာ ခင်ဗျားရဲ့ အယူအဆ သက်သက်ပဲ၊ ကျုပ် အယူအဆ မဟုတ်ဘူး၊ ဘာပဲပြောပြော အဲဒါက မွန်တိန်းနှင့် ဘာမှ မဆိုင်ပါဘူး'

'တစ်နည်းအားဖြင့်တော့ သက်ဆိုင်တာပေါ့ဗျာ၊ ခင်ဗျားက ကျုပ်တို့ကို နှိပ်စက်နေတာဟာ ကျုပ်တို့ရဲ့ နောက်ဆုံး ဆေးဝါးသစ် လျှောက်လွှာနှင့် မသက်ဆိုင်ဘူး၊ ခင်ဗျားရဲ့ စိတ်ဓာတ် အခြေအနေနှင့် သက်ဆိုင်နေတယ်၊ ခင်ဗျား ဆီမှာ ခင်ဗျား မဖြေရှင်းနိုင်တဲ့ ကိုယ်ရေး ကိုယ်တာ ပြဿနာတွေ အမြောက်အမြား ရှိနေတယ်၊ အဲဒီ ပြဿနာတွေကြောင့် ခင်ဗျားက မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်း မရှိတော့ဘဲ မျှတမှု မရှိတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နေတယ်၊





ခင်ဗျားရဲ့ ကိုယ်ရေး ကိုယ်တာ ပြဿနာ တချို့ကို ကျုပ်တို့ ကုမ္ပဏီက သိထားတယ်ဗျ'

မေ့စ်သည် ဆတ်ခနဲ တောင့်တင်းသွားသလို သူ့အသံကလည်း စူးစူးရှရှ ဖြစ်လာလေတော့သည်။

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ'

'ဟောဒါပဲ'

လော့ဒ်က ပြောလိုက်ပြီး လက်ဆွဲ အိတ်ထဲက စာရွက် စာတမ်းများကို ထုတ်ယူလိုက်သည်။

'ဒီစာရွက်တွေက ခင်ဗျားဟာ ကုမ္ပဏီ နှစ်ခုနှင့် ပတ်သက်တဲ့ အက်ဖ်ဒီအေရဲ့ အတွင်းရေး သတင်းတွေကို အသုံးချပြီး မတရားတဲ့ နည်းလမ်းတွေနှင့် ဒေါ်လာ တစ်သောင်း ခြောက်ထောင်ကျော်ကို ရရှိထားကြောင်း သက်သေပြနိုင်တဲ့ စာရွက်တွေပဲ၊ ခင်ဗျား အဲဒီ စာရွက်တွေကို စေ့စေ့စပ်စပ် လေ့လာသင့်တယ်၊ အဲဒီ စာရွက်တွေရဲ့ မိတ္တူတွေဟာ တစ်ယောက်ယောက်ဆီမှာ ရှိနေတယ် ဆိုတာ ခင်ဗျား အတွက် သတင်းထူး ဖြစ်ချင် ဖြစ်နေလိမ့်မယ်၊ ဒါနှင့် စကားမစပ် ဒီစာရွက်တွေဟာ မိတ္တူ စာရွက်တွေကို မိတ္တူ ထပ်ပွားထားတဲ့ စာရွက်တွေပဲ၊ ခင်ဗျားက ယူထားလိုက်မယ် ဆိုရင် ဒါမှမဟုတ် ဖျက်ဆီး ပစ်လိုက်မယ် ဆိုရင် အကျိုး ရှိမှာ မဟုတ်ပါဘူး'

မေ့စ်က လေသံကလေးနှင့် မေးလိုက်၏။

'ခင်ဗျား ဒါတွေကို ဘယ်က ရလာသလဲ'

လော့ဒ်က ခပ်သွက်သွက်ကလေး ဖြေလိုက်သည်။

'ဒါက အရေး မကြီးပါဘူးဗျာ၊ အရေးကြီးတာက ကျုပ်တို့ဆီမှာ အဲဒါတွေ ရှိနေတယ်၊ ကျုပ်တို့က အဲဒါတွေကို ရှေ့နေချုပ် ဒါမှမဟုတ် သတင်းစာတွေဆီကို ပို့ပေးဖို့ စိတ်ကူးနေတယ်၊ ဒီလိုသာ လုပ်လိုက်မယ် ဆိုရင် စုံစမ်း စစ်ဆေးမှုတွေ လုပ်ကြလိမ့်မယ်၊ ခင်ဗျားက အဲဒီလို ကိစ္စမျိုးတွေကို ထပ် ကျူးလွန်ထားသေးတယ် ဆိုရင် အဲဒါတွေပါ ပေါ်ပေါက်လာမှာပဲ'

ပို၍ ပို၍ ထိတ်လန့်သွားသော မေ့စ်၏ အမူအရာ အရ သူ မှောင်ထဲသို့ ရမ်းဆပြီး ပစ်လွှတ်လိုက်သော မြားချက်သည် ချက်ကောင်းကို ထိမှန်ပြီ ဖြစ်ကြောင်း သူ သိလိုက်သည်။ မေ့စ်သည် ထိုအမှုမျိုးကို ထပ်မံ ကျူးလွန်ထားကြောင်း သူတို့ နှစ်ယောက်စလုံး သိလိုက်ကြသည်။

လော့ဒ်က ထပ်ပြောလိုက်ပြန်၏။

'အေးလေ၊ ခင်ဗျား ထောင်ကျသွားမှာပေါ့ဗျာ၊ ပြီးတော့လည်း ခင်ဗျားကို ကုန်းကောက်စရာ မရှိတော့အောင် ဒဏ်ငွေတွေ အများကြီး ရိုက်လိမ့်မယ်'

မေ့စ်က သွေးရူးသွေးတမ်း ပြောလိုက်၏။

'ဒါ ခြိမ်းခြောက်မှုပဲ၊ ခင်ဗျားလည်း'

သူ့ အသံသည် ကြောင်စီစီနှင့် တုန်လှုပ်နေသည်။ ဗင်းစင့် လော့ဒ်က သူ့ စကားကို ကြားဖြတ်၍ ပြောလိုက်၏။

'ဒါကို မေ့ထားလိုက်စမ်းပါဗျာ၊ ကျုပ်တို့ ကုမ္ပဏီနှင့် မပတ်သက်စေဘဲ သိသွားအောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ အများကြီး ရှိပါတယ်၊ ပြီးတော့လည်း ခုကိစ္စမှာ ခင်ဗျားနှင့် ကျုပ် နှစ်ယောက်တည်းပါ၊ သက်သေလည်း မရှိပါဘူး'

လော့ဒ်သည် မေ့စ်အား သူ ပြထားသော စာရွက်စာတမ်းများကို ကောက်ယူပြီး လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်သည်။

သူ့ လက်ဗွေရာများသည် ထိုစာရွက်များပေါ်၌ ရှိနေကြသည်ကို သူ အချိန်မီ သတိရလိုက်သည်။ သက်သေခံ အထောက်အထားများကို စွန့်စွန့်စားစား ချန်ထားခဲ့ခြင်းသည် အဓိပ္ပာယ် မရှိလှပါ။

ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် ဆောက်တည်ရာမရ ဖြစ်သွားခဲ့လေပြီ။ သူ အားပျော့ပျော့နှင့် စကား ပြောလိုက်ချိန်တွင် သူ့ နှုတ်ခမ်းပေါ်မှ တံတွေး ပွဖောင်းလေးများကိုပင် ဒေါက်တာ လော့ဒ် မြင်လိုက်ရ၏။

'ခင်ဗျားက ဘာလိုချင်လို့လဲ'

'ခင်ဗျား သိလိမ့်မယ် ထင်ပါတယ်၊ ကျုပ်တို့က မျှမျှတတ ရှိတဲ့ သဘောထားကို လိုချင်တယ် ဆိုတာ ခင်ဗျား သဘော ပေါက်လာပါလိမ့်မယ်'

'ခင်ဗျားက မွန်တိန်းကို အတည်ပြုပေးစေချင်တာကိုး'

လော့ဒ်က နှုတ်ဆိတ်နေလိုက်သည်။

'နားထောင်စမ်းပါဦးဗျာ၊ ပြဿနာ တစ်ခု ရှိနေတယ် ဆိုတာ ကျုပ်က တကယ် ပြောတာပါဗျာ၊ ဩစတြေးလျ အမှုက မွန်တိန်းနှင့် ပတ်သက်ပြီး သံသယ ဖြစ်စရာတွေ ပေါ်လာတယ်၊ ပြဿနာ တစ်ခုခု ရှိနေပြီ ဆိုတာ ကျုပ် တကယ် ယုံကြည်တာပါဗျာ၊ ခင်ဗျားတို့ကလည်း'

လော့ဒ်က စက်ဆုပ် ရွံရှာစွာနှင့် ပြောချလိုက်၏။

'ကျုပ်တို့ အဲဒီကိစ္စကို ပြောဆိုပြီးပါပြီ၊ ခင်ဗျားထက် တော်တဲ့ လူတွေက ဩစတြေးလျ အမှုဟာ အဓိပ္ပာယ် မရှိဘူးလို့ ပြောခဲ့ကြပြီပဲ'





ငြိမ်ကျသွားပြန်၏။

'တကယ်လို့ ခွင့်ပြုချက် ရလာတဲ့ အခါကျရင်'

'ကျုပ်တို့က အဲဒီ စာရွက်တွေ ခင်ဗျားကို ပြန်ပေးမယ်၊ တခြား ကော်ပီတွေ မကျန်တော့ပါဘူးလို့လည်း ကတိ ပေးမယ်'

'ကျုပ်က ဘယ်လို လုပ်ပြီး တထစ်ချ သိနိုင်မှာလဲ'

'ခင်ဗျားက ကျုပ် စကားကိုပဲ ယုံရတော့မှာပေါ့ဗျာ'

မေ့စ်က သူ့ကိုယ်သူ ပြန်ထိန်းရန် ကြိုးပမ်းနေသည်။

'ခင်ဗျား စကားက ဘယ်လောက် အထိ တန်ဖိုး ရှိမှာမို့လို့လဲ သဘောက်မသားရဲ'

ဗင်းစင့် လော့ဒ်က တည်တည်ငြိမ်ငြိမ်နှင့် ပြန်ဖြေလိုက်သည်။

'ပြောရမှာတော့ အားနာပါရဲ့ဗျာ၊ ခင်ဗျားက တခြား ပုဂ္ဂိုလ်တွေကို ဆဲရေးပုတ်ခတ်နိုင်တဲ့ အနေအထားမှာ မရှိပါဘူး'

ရက်သတ္တ နှစ်ပတ် ကြာမြင့်သွားသည်။ ဂျီဒီယွန် မေ့စ်က ဖွတ်အတင်း လှည့်လည်သည့် တိုင်အောင် ဗျူရိုကရေစီ စက်ယန္တရား၏ ပင်နယံဘီးများ လည်သွားအောင် အချိန် ယူရပါသေးသည်။ ရက်သတ္တ နှစ်ပတ် ကုန်ဆုံးချိန်တွင် မွန်တိန်းအား အတည်ပြုချက် ရရှိခဲ့လေပြီ။ အက်ဖ်ဒီအေ၏ ခွင့်ပြုချက် အရ ထိုဆေးကို အမေရိကန် တစ်နိုင်ငံလုံးတွင် ဆေးညွှန်း ရေးသားခွင့်နှင့် ရောင်းဝယ်ခွင့် ရရှိခဲ့လေပြီ။

ဖေဖော်ဝါရီလ၌ စတင် ရောင်းချရန် ရည်မှန်းချက်ကို အချိန်မီ အကောင်အထည် ဖော်နိုင်တော့မည် ဖြစ်သဖြင့် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီတွင်လည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်နေကြလေသည်။

ဗင်းစင့် လော့ဒ်သည် မေ့စ်အား အမှု ပတ်စေနိုင်မည့် စာရွက် စာတမ်းများကို ဒေါက်တာ မေ့စ်ထံ သူကိုယ်တိုင် သွားရောက် ပေးပို့ခဲ့သည်။

လော့ဒ်က သူ့ ကတိကို လိုက်နာပါသည်။ ပိုလျှံနေသော ကော်ပီ မှန်သမျှကိုလည်း ဖျက်ဆီးပစ်လိုက်သည်။

'ကျုပ် ကတိ ပေးထားတာ ဟောဒါတွေပဲ'

လော့ဒ်က အညိုရောင် မနီလာ စာအိတ် တစ်အိတ်ကို လှမ်းပေးလိုက်၏။ ဒေါက်တာ မေ့စ်က စာရွက် စာတမ်းများကို စစ်ဆေး ကြည့်ရှုလိုက်ပြီးနောက် ဒေါက်တာ လော့ဒ်အား မုန်းတီးသော လေသံနှင့် ပြောလိုက်သည်။

'ခင်ဗျားနှင့် ခင်ဗျားရဲ့ ကုမ္ပဏီ အတွက် အက်ဖ်ဒီအေမှာ ရန်သူတော် တစ်ယောက် ရှိသွားပြီ၊ ခင်ဗျားကို ကျုပ် သတိပေးလိုက်မယ်၊ တစ်နေ့နေ့ကျရင် ဒီကိစ္စ အတွက် ခင်ဗျား နောင်တ ရလိမ့်မယ်'

လော့ဒ်က ပခုံးကိုသာ တွန့်ပြလိုက်ပြီးနောက် အဖြေ မပေးဘဲ ပြန်ထွက် သွားလေတော့သည်။

## ၁၀

နိဝင်ဘာလမှ သောကြာနေ့ တစ်နေ့၏ မွန်းလွဲပိုင်းတွင် စီလီယာသည် နယူး ရော့ခ်ရှိ စီအက်စ်အမ် ဌာနချုပ်မှ ဒေါက်တာ မော့ စတော့ဗလီထံ သွားရောက် လည်ပတ်ခဲ့သည်။

ထိုကဲ့သို့ သွားရောက် လည်ပတ်မှုမှာ စိတ်နောက် ကိုယ်ပါ သွားရောက် ခဲ့ခြင်း ဖြစ်သည်။ စီလီယာသည် မင်ဟတ်တန်သို့ ရောက်ရှိနေခိုက် ဖြစ်ပြီး နှစ်နာရီခန့် အားလပ်နေသောကြောင့် သူနှင့် တစ်ခါမှ မတွေ့ဆုံဖူးသေးသော ပြိုင်ဖက်ကြီး တစ်ယောက်အား သွားရောက် စပ်စုရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

ကြိုတင်၍ ချိန်းဆိုမည် ဆိုပါက စတော့ဗလီက ငြင်းဆိုမည် ဖြစ်ကြောင်း သိထားသောကြောင့် ကြိုမချိန်းဘဲ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ငြင်းဆန်ခြင်းမျိုးကို ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ အခြား ပုဂ္ဂိုလ်များ ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။

စီအက်စ်အမ် ရုံးချုပ်သို့ ရောက်သောအခါ စေတနာ့ ဝန်ထမ်း အဖြစ် ဆောင်ရွက်နေသူ မစ္စစ် အိုသွန်း ဆိုသူ၏ စီစဉ်ပေးချက်ဖြင့် ဒေါက်တာ မော့ စတော့ဗလီနှင့် တွေ့ဆုံခွင့် ရခဲ့သည်။

'ဟုတ်ကဲ့၊ ဘာပါလိမ့်'

ဒေါက်တာ မော့ စတော့ဗလီသည် စာရွက် တစ်ရွက်ကို ဖတ်နေရာမှ မော့ကြည့်ပြီး မေးလိုက်၏။





မော့ စတော့ဗလီသည် ကိုယ်လုံး ကိုယ်ပေါက် သေးသေးသွယ်သွယ်နှင့် ချစ်စရာ ကောင်းသူ တစ်ဦး ဖြစ်သည်။ နီညိုရောင် ဆံပင် ပိုင်ရှင် ဖြစ်ပြီး အသက် လေးဆယ်ကျော်ခါစသာ ဖြစ်ပုံ ရသည်။ သူ့ အဝတ်အစားများသည် တန်ဖိုး မကြီးမားလှသော်လည်း စတိုင်ကျကျ ဝတ်ဆင်ထားသည်။

'ကျွန်မကတော့ ဆေးဝါး ထုတ်လုပ်ရေး အရာရှိ တစ်ဦးပါ၊ အခုလို ဖြန်းစားကြီး ဝင်လာမိတဲ့ အတွက် တောင်းပန်ပါတယ်၊ ကျွန်မ ရှင်နှင့် တွေ့ ချင်လို့ပါ'

'ရှင်က ဂျော်ဒန် ဆိုတာ ထင်ပါရဲ့'

'ဟုတ်ပါတယ်၊ ရှင် ဘယ်လိုလုပ် သိသလဲ'

'ရှင့်အကြောင်း ကျွန်မ ကြားဖူးပါတယ်၊ ပုပ်သိုးနေတဲ့ အဲဒီ လောက ထဲမှာ အမျိုးသမီးတွေ သိပ်များများ မရှိပါဘူး၊ ပြီးတော့လည်း သိက္ခာ ရှိလှတဲ့ မိန်းမ ဘဝကို ရှင့်လို ရောင်းစားပစ်တဲ့ လူလည်း မရှိလှပါဘူး'

'ကျွန်မက ရှင် ပြောသလို ကိုယ့်ကိုယ်ကိုယ် ရောင်းစားတယ်လို့ ဘာ ဖြစ်လို့ ပြောနိုင်ရတာလဲ'

'ရှင်က ရောင်းမစားဘူး ဆိုရင် ဆေးဝါး ရောင်းဝယ်တဲ့ လုပ်ငန်းမှာ ဝင် အလုပ် လုပ်နေမှာ မဟုတ်ဘူး'

စီလီယာက ပြန်ပြောပြလိုက်၏။

'ကျွန်မက ဓာတုဗေဒ ပညာရှင် အနေနှင့် စပြီး ဆောင်ရွက်ခဲ့တာပါ၊ နောက်ကျမှ ရာထူး တိုးလာတာပါ'

'အဲဒါတွေကို ကျွန်မ စိတ်မဝင်စားဘူး၊ ရှင်က ဒီကို ဘာကိစ္စနှင့် လာ တာလဲ'

စီလီယာက အပြုံးကလေးနှင့် တုံ့ပြန်လိုက်သည်။

'ကျွန်မ ရှင်နှင့် တွေ့ချင်လို့ပါ၊ တစ်ယောက်နှင့် တစ်ယောက် စကား ပြောဖြစ်ကြရင် ကျွန်မတို့ သဘောထားချင်း မတိုက်ဆိုင်ရင်တောင် နှစ်ယောက် စလုံး တစ်ခုခုတော့ အမြတ် ရကြမှာပဲလို့ ကျွန်မ တွေးမိပါတယ်'

'ဘာ အမြတ် ရမှာလဲ'

'နားလည်မှု ဆိုပါတော့၊ ဒါပေမဲ့ မေ့ထားလိုက်ပါတော့ရှင်၊ အဲဒါက သိပ် ကောင်းတဲ့ စိတ်ကူး မဟုတ်တာ သိပ် သေချာနေပါပြီ'

စီလီယာသည် ရိုင်းပျစွာ ဆက်ဆံမှုကို ထပ်မံ၍ မခံယူလိုတော့သော ကြောင့် ပြန်ရန် ဟန်ပြင်လိုက်၏။

‘ရှင်က ဘာသိချင်တာလဲ’

ထိုစကားလုံးများတွင် ရန်လိုမှု အနည်းငယ် လျော့နည်းသွားသည်။

စီလီယာ ပြန်ရမည်လော ဆက်နေရမည်လော မခွဲခြားတတ်တော့ပါ။

စတော့ဗလီက ကုလားထိုင် တစ်လုံးကို လက်ညှိုး ထိုးပြလိုက်၏။

‘ရှင် ဒီကို ရောက်နေမှတော့ ထိုင်စမ်းပါဦး၊ ရှင့်ကို ကျွန်မ ဆယ်မိနစ် အချိန် ပေးမယ်၊ ပြီးရင် ကျွန်မမှာ တခြား လုပ်စရာတွေ ရှိသေးတယ်’

‘ကျွန်မ သိချင်တဲ့ တစ်ချက်ကတော့ ရှင်က ဆေးဝါး ထုတ်လုပ်ရေး လောကကို ဘာဖြစ်လို့ သိပ်မုန်းနေတယ် ဆိုတဲ့ ကိစ္စပဲ’

‘ကောင်းပြီ၊ ရှင်တို့ လုပ်ငန်းမှာ သိက္ခာ အမဲ့ဆုံး အပိုင်း ကဏ္ဍကတော့ ရှင် ပါဝင်နေတဲ့ အရောင်းဌာနပဲ၊ ရှင်တို့ ကုမ္ပဏီနှင့် အခြား ကုမ္ပဏီတွေက ဆေးတွေကို အလျှံပယ် ဖြစ်အောင် ရောင်းချနေကြတယ်၊ ဆေးညွှန်းတွေ ရေး ပေးနေကြတယ်၊ တိုင်းသူ ပြည်သားတွေ အတွက် မလိုအပ်တဲ့ ဆေးတွေ မဝယ် နိုင်တဲ့ ဆေးတွေ မသုံးစွဲသင့်တဲ့ ဆေးတွေကို ဖောဖောသီသီ ကြော်ငြာပြီး ရောင်းနေကြတယ်’

‘သိက္ခာ မဲ့တယ် ဆိုတာနှင့် တခြား စကားလုံးတွေဟာ ပြင်းထန်လွန်း လှပါတယ်၊ မတန်တဆ ဆေးညွှန်းတွေ ရေးပေးကြတယ် ဆိုတာနှင့် ပတ် သက်ပြီး ငြင်းစရာ မရှိပါဘူး’

‘အဆမတန် ဆေးညွှန်း ရေးပေးကြတယ် ဆိုရင် ပိုမှန်လိမ့်မယ်၊ အဲဒီ လို ဖြစ်လာအောင် ရှင်တို့က ရည်မှန်းချက် စံထားပြီး ဆောင်ရွက် နေကြတယ်၊ ဥပမာ ဗေလီယံနှင့် အလားတူ ဆေးတွေဟာ မလိုအပ်ဘဲနှင့် အဆမတန် ဆေး ညွှန်း ရေးပေးခံရတဲ့ ဆေးတွေပဲ၊ ဗေလီယံနှင့် ပတ်သက်ပြီး ရှင်တို့ လုပ်ငန်း မှာ စည်းကမ်း မရှိတဲ့ ကိစ္စကို ပြောရဦးမယ်၊ ဆေးဝါး ကုမ္ပဏီတွေက အပြိုင် အဆိုင် ထုတ်ကြတဲ့ ဆင်တူယိုးမှား ဗေလီယံ အမျိုးမျိုးဟာ ဘယ်သူ့ အတွက်မှ လိုအပ်မှာ မဟုတ်ပါဘူး၊ ဗေလီယံလို ဆေးဝါးမျိုး လေး ငါးမျိုး ရှိဖို့လည်း မလိုပါဘူး၊ ရှိရင်လည်း အကျိုး မရှိပါဘူး၊ ဒါပေမဲ့ ဗေလီယံက ပိုက်ဆံ ရတယ်၊ ဒီတော့ အခြား ကုမ္ပဏီတွေက အကျိုး ကျေးဇူး ရှိစေမယ့် အခြား ဆေးဝါးသစ်ကို ရှာဖွေ တွေ့ရှိဖို့ စိတ်မကူးကြတော့ဘဲ ဗေလီယံကိုသာ သူတို့ ကုမ္ပဏီ အတွက် အခြား နာမည် တစ်မျိုးနှင့် ထုတ်နိုင်အောင် လပေါင်း များစွာ အချို့ကတော့ နှစ်ပေါင်း များစွာ ကြာအောင် အချိန်ကုန်ခံ ငွေကုန် ကြေးကျ ခံပြီး ကြိုးပမ်းကြတော့တာပဲ၊ ဒါကြောင့် ဆေးဝါး ကုမ္ပဏီတွေရဲ့





သုတေသန လုပ်ငန်းတွေကို အစိုးရက ထိန်းချုပ် ကွပ်ကဲပြီး လမ်းညွှန်မှု ပေး သင့်တာပေါ့’

‘ရှင် လေးလေးနက်နက် ပြောနေတာ မဟုတ်ပါဘူး’

ဒေါက်တာ စတော့ဗလီက မကြားဟန်နှင့် ဆက်ပြောသွားသည်။

‘ဆေးဝါးတွေရဲ့ အန္တရာယ်ကို စနစ်တကျ သတိ မပေးတဲ့ အတွက် ရှင် တို့ရဲ့ အဖိုးတန် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းကြီးကို စည်းကမ်းချက်တွေ နှင့် တင်းတင်းကျပ်ကျပ် ကိုင်တွယ်သင့်တယ်၊ ဒါတွင် မကသေးဘူး၊ ဆေး ဝါးသစ် တစ်မျိုးမျိုး ရောင်းချပြီ ဆိုရင် ရှင်တို့က အဲဒီ ဆေးဝါးရဲ့ ဆေး တန် ပြန်မှုတွေကို ဖုံးကွယ် ထားတတ်ကြသေးတယ်’

စီလီယာက ကန့်ကွက်လိုက်၏။

‘မဟုတ်တာပဲရှင်၊ ကျွန်မတို့ အနေနှင့် ဆေးတန်ပြန်မှုတွေကို ဥပဒေ အရ အက်ဖ်ဒီအေကို အကြောင်းကြားဖို့ လိုအပ်ပါတယ်’

‘အဲဒီ အဖွဲ့အစည်းက မသိလိုက်တဲ့ ကိစ္စတွေ အများကြီး ရှိပါတယ်’

‘အေးလေ၊ ကိုယ်က သူ့ သဘောထားကို သိချင်လို့ လာခဲ့ခြင်း ဖြစ်သည်၊ အခု သူ့ သဘောထားကို သိနေရပြီ’ ဟု စီလီယာက တွေးလိုက်မိ၏။

စီလီယာသည် သူ ပြောသည်ကို နားထောင်လိုက်၊ ကြားက ဖြတ်မေး လိုက်နှင့် ဆယ်မိနစ်မှ တစ်နာရီ အထိ ကြာမြင့်သွားတော့သည်။

ဒေါက်တာ စတော့ဗလီသည် စီလီယာ သိထားသော မကြာသေးမီက ဖြစ် ပွားခဲ့သည့် အငြင်းပွားစရာ ကိစ္စ တစ်ရပ်ကို ထုတ်ပြောပြလိုက်သည်။ ဆေး ဝါး ကုမ္ပဏီ တစ်ခုက ထုတ်လုပ်သော ဆေးရုံသုံး အကြော ဆေးရည် ပုလင်း အချို့တွင် အဖုံး ချွတ်ယွင်းချက် ပါရှိသောကြောင့် ပုလင်းထဲသို့ ရောဂါပိုးများ ဝင်ရောက်ပြီး ဆက်ပ်တီစီမီးယား ခေါ် သွေးဖောက်ပြန်မှုများကို ဖြစ်ပွားစေခဲ့ သည်သာမက လူနာ ခပ်များများ သေဆုံးခဲ့ရသည်။ စဉ်းစားရမည့် ပြဿနာမှာ အဖုံး ချွတ်ယွင်းမှု ရှိသော ပုလင်း အရေအတွက်သည် အနည်းငယ်မျှသာ ဖြစ်ပြီး ပြဿနာ ဖြစ်သော ပုလင်း အားလုံးကို ရှာဖွေ တွေ့ရှိပြီဟု ဆိုနိုင်လောက်သည်။ ထုတ်လုပ်ရာတွင် အဖုံး ချွတ်ယွင်းရသည့် အပြစ်ကို ရှာဖွေ တွေ့ရှိ၍ ပြင်ဆင် ပြီး ဖြစ်သောကြောင့်လည်း နောင်တွင် ဖြစ်ပွားရန် အကြောင်း မရှိတော့ချေ။ လောလောဆယ်တွင် ဆေးရုံများသို့ ပေးပို့ထားသော အကြော ဆေးရည် ပုလင်း အားလုံးကို မသုံးစွဲရန် တားမြစ်လိုက်မည် ဆိုပါက ဆေးရုံများတွင် အကြော ဆေးရည်များ ပြတ်တောက်သွားပေလိမ့်မည်။

ထို အကြော ဆေးရည်ကို မသုံးစွဲရသဖြင့် သေဆုံးသော လူနာ ဦးရေသည် အဖုံး ချွတ်ယွင်းမှုကြောင့် သေဆုံးရသော လူနာ ဦးရေထက် ပိုမို များပြားနိုင်သည်။

ထိုကိစ္စကို ဆေးဝါး ထုတ်လုပ်သူ၊ အက်ဖ်ဒီအေနှင့် ဆေးရုံများမှ ပုဂ္ဂိုလ်များတို့သည် ရက်သတ္တပေါင်း များစွာ ကြာအောင် အပြန်ပြန် အလှန်လှန် ဆွေးနွေးခဲ့ကြသည်။

ထိုကိစ္စမှာ အန္တရာယ် ရှိသော ဆေးဝါး တစ်မျိုးကို ပြန်မရုပ်သိမ်းလိုသဖြင့် ဆေးဝါး ကုမ္ပဏီက တမင် နှောင့်နှေးအောင် လုပ်သော ရှုက်စရာ ကိစ္စ ဖြစ်သည်ဟု ဒေါက်တာ စတော့ဗလီက ဝေဖန်ခဲ့သည်။

'အဲဒီ ကိစ္စကို ကျွန်မ နည်းနည်းပါးပါး သိထားပါတယ်၊ လက်ရှိ အကြော ဆေးရည်တွေကို ဆက်မသုံးကြဖို့ ဒီကနေ့ မနက် အက်ဖ်ဒီအေက ဆုံးဖြတ်လိုက်တယ်လို့ ကျွန်မ ကြားရပါတယ်၊ သူတို့က ရက်သတ္တပတ် နားရက်မှာ အသိပေး ကြေညာချက်ကို ရေးသားပြီး တနင်္လာနေ့ မနက်ကျရင် သတင်းစာရှင်းလင်းပွဲမှာ သူတို့ ဆုံးဖြတ်ချက်ကို ကြေညာပါလိမ့်မယ်'

စတော့ဗလီက စီလီယာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

'အဲဒီ ကိစ္စ သေချာရဲ့လား'

'သိပ် သေချာပါတယ်'

စတော့ဗလီသည် စားပွဲပေါ်ရှိ စာရေး စက္ကူကတ်ပေါ်တွင် ရေးမှတ်လိုက်ပြီးနောက် ဆက်ဆွေးနွေးကြပြန်၏။

နောက်ဆုံးတွင် မွှန်တိန်း အကြောင်း ပြောဖြစ်ကြတော့သည်။

'အခုဆိုရင် ပြည့်ပြည့်စုံစုံ မစမ်းသပ်ရသေးတဲ့ ဆေး တစ်မျိုးကို ချမရောင်း ဖြစ်အောင် စီအက်စ်အမ်က တတ်နိုင်သလောက် ကြိုးပမ်းရလိမ့်မယ်'

'မွှန်တိန်းကို ပြည့်ပြည့်စုံစုံ မစမ်းသပ်ရသေးတဲ့ ဆေးလို့ ခေါ်လိုက်တာဟာ တော်တော် ကိုးရိုးကားရား နိုင်လှပါတယ်၊ ပြီးတော့လည်း ကျွန်မတို့က အက်ဖ်ဒီအေက ခွင့်ပြုချက်ကိုတောင် ရပြီးပါပြီ'

'လူထုကြီးရဲ့ အကျိုး အတွက် အဲဒါကို ပြန်ရုပ်သိမ်းသင့်တယ်ရှင့်'

'ဘာဖြစ်လို့လဲ'

'ဩစတြေးလျမှာ ကိစ္စ တစ်ခု ဖြစ်နေတယ်'

စီလီယာက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်၏။

'ဩစတြေးလျက ကိစ္စကို ကျွန်မတို့ သိကြပါတယ်'





စီလီယာက တရားရုံးတော်၏ ရှေ့မှောက်တွင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက စွပ်စွဲချက်များအား ခြေဖျက်၍ ထွက်ဆိုသွားကြပုံ၊ ဩစတြေးလျ အစိုးရက ပြုလုပ်သော စုံစမ်း စစ်ဆေးမှုတွင်လည်း ထိုနည်း လည်းကောင်းပင် ဖြစ်ကြောင်း၊ မွှန်တိန်းနှင့် မပတ်သက်ဟု ကောက်ချက် ချကြကြောင်း ဆက် ရှင်းပြလိုက်သည်။

စတော့ဗလီက ပြောလိုက်၏။

'ကျွန်မကတော့ အဲဒီ ကျွမ်းကျင်သူတွေနှင့် သဘောထားချင်း မတိုက်ဆိုင်ဘူး၊ ရှင်က အမှုတွဲ တစ်ခုလုံးကို ဖတ်ကြည့်ပြီးပြီလား'

'ကျွန်မကတော့ အဲဒီ ကိစ္စ အကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့ အစီရင်ခံစာတွေကို ဖတ်ပြီးပါပြီ'

'အဲဒါကို မေးတာ မဟုတ်ဘူး၊ တရား ရုံးတော်က အမှုတွဲကို ဖတ်ကြည့်ပြီးပြီလားလို့ မေးတာ'

စီလီယာက ဝန်ခံလိုက်သည်။

'မဖတ်ရသေးပါဘူး'

'ဒါဖြင့်ရင် ဖတ်ကြည့်ဦး၊ ပြီးတော့လည်း အဲဒါကို မဖတ်ရသေးခင် မွှန်တိန်းနှင့် ပတ်သက်တဲ့ အယူအဆကို မပြောနှင့်ဦး'

စီလီယာက သက်ပြင်း ချလိုက်သည်။

'ဒါဆိုရင် ဆက် ဆွေးနွေးနေလို့ အကျိုး ထူးမှာ မဟုတ်ပါဘူး'

'သိပ် ဟုတ်တာပေါ့'

စီလီယာသည် ဒေါက်တာ စတော့ဗလီကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့လေတော့သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် စီလီယာသည် မင်ဟတ်တန်မှ မောရစ်တောင်း မြို့သို့ မိမိ ကိုယ်တိုင် ကားမောင်း၍ ပြန်လာခဲ့သော ခရီးတွင် ဒေါက်တာ စတော့ဗလီ၏ သဘော သကာယကို ပြန်စဉ်းစားလာမိသည်။

ဒေါက်တာ စတော့ဗလီသည် သူ့လုပ်ငန်းတွင် စိတ်ရော ကိုယ်ပါ မြှုပ်နှံထားသူ ဖြစ်ပြီး တစ်ခုသော အတိုင်းအတာ အထိ အလွန် အစွဲအလမ်း ကြီးသူ တစ်ဦး ဖြစ်သည်။ ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်း၏ ကောင်းကွက်များကို လျစ်လျူရှုပြီး အနိဋ္ဌာရုံ ရှုထောင့်ကိုသာ အသားပေး၍ သုံးသပ်နေသူလည်း

ဖြစ်နေသည်။ သို့ရာတွင် ခြုံ၍ သုံးသပ်ရသော် စတော့ဗလီနှင့် စီအက်စ်အမ် အဖွဲ့အစည်းတို့သည် ကြောက်စရာ ကောင်းသော ပြိုင်ဖက်များ ဖြစ်ကြပြီး လျစ်လျူရှုထား၍ မရသလို ပေါ့ပေါ့ဆဆ သဘော ထား၍လည်း ရမည် မဟုတ်ကြောင်း သဘော ပေါက်လိုက်သည်။

ဒေါက်တာ စတော့ဗလီက စီလီယာအား အပိုင် ကိုင်နိုင်လိုက်သည့် အကွက် တစ်ကွက်မှာ မွန်တိန်းနှင့် ပတ်သက်သော ဩစတြေးလျ တရားရုံး၏ အမှုတွဲကို စီလီယာ ဖတ်ရှုခဲ့ခြင်း မရှိသေးသော ကိစ္စပင် ဖြစ်သည်။

လာမည့် ရက်သတ္တပတ်တွင် သူ မလုပ်ဖြစ်ခဲ့သော ထိုကိစ္စကို ဆောင် ရွက်ရန် စိတ်ကူးလိုက်သည်။

ထိုနေ့ည ညစာ စားကြစဉ် စီလီယာက စီအက်စ်အမ်နှင့် ပတ်သက်သော သူ့ အတွေ့အကြုံနှင့် သူ့ အယူအဆတို့ကို အင်ဒရူးအား ပြောပြလိုက်သည်။

အင်ဒရူးက မှတ်ချက် ချလိုက်၏။

'မင်းအနေနှင့်ကတော့ မော့ စတော့ဗလီ၊ ဆစ်ဒနီ ဝုဖ်နှင့် ရဖ် နေဒါလို ပုဂ္ဂိုလ်မျိုးတွေဟာ ပေါင်းလို့ သင်းလို့ ကောင်းတဲ့ လူတွေ မဟုတ်ကြောင်း တွေ့လာရမှာပဲ၊ ဒါပေမဲ့ ဂျင်နရယ် မော်တော်နှင့် အခြား မော်တော်ကား ကုမ္ပဏီတွေ အတွက် ရဖ် နေဒါ ရှိဖို့ လိုအပ်သလို မင်းတို့ လုပ်ငန်းမှာလည်း သူတို့တစ်တွေ ရှိဖို့ လိုအပ်တယ်၊ ရဖ် နေဒါက မော်တော်ကားတွေ ပိုအန္တရာယ် ကင်းအောင် ကူညီခဲ့တယ်၊ အဲဒါ အတွက် ကိုယ်တို့ မင်းတို့က သူ့ကို ကျေးဇူး တင်ရလိမ့်မယ်၊ အခု မော့ စတော့ဗလီနှင့် ဆစ်ဒနီ ဝုဖ်တို့ မင်းတို့ကို နိုးနိုး ကြားကြား ရှိနေအောင် လုပ်ပေးနေကြပြီ'

'ကျွန်မ ဝန်ခံပါတယ်'

စီလီယာက သက်ပြင်း ချလိုက်၏။

'ဒါပေမဲ့ သူတို့က ပိုပြီး မျှမျှတတ ရှိကြရင် အကျိုးသင့် အကြောင်း သင့် ရှိကြမယ် ဆိုရင် ပိုကောင်းမှာပဲ'

အင်ဒရူး ခေါင်းခါလိုက်သည်။

'အဲဒီလို ဖြစ်သွားရင် သူတို့ဟာ အောင်မြင်တဲ့ လှုံ့ဆော်ရေးသမားတွေ ဘယ်ဖြစ်ပါ့မလဲ၊ နောက်တစ်ချက်ကလည်း သူတို့ တစ်တွေဟာ တစ်ခါတလေ ကျရင် ရက်စက်တတ်ကြတယ်၊ ကျင့်ဝတ်နှင့် မညီတာတွေကို လုပ်တတ်ကြ တယ်၊ အဲဒါဟာ မင်းတို့လို ကုမ္ပဏီမျိုးတွေရဲ့ လုပ်ရပ်ကို သူတို့က အတု ခိုး ကြတာပဲ'





သောကြာနေ့ မွန်းလွဲပိုင်းတွင် စီအက်စ်အမ် ရုံးချုပ်မှ စီလီယာ ပြန်ထွက်လာ ခဲ့ပြီးနောက် မိနစ်ပိုင်း အကြာတွင် ထိုရုံးချုပ်၌ ဖြစ်ပျက်ခဲ့သော မြင်ကွင်းကို စီလီယာ မြင်တွေ့လိုက်ရမည် ဆိုပါက အင်ဒရူး၏ နောက်ဆုံး မှတ်ချက်ကို ပို၍ နှစ်ခြိုက်မိပေလိမ့်မည်။

စီလီယာ ပြန်သွားကြောင်း သေချာသည်နှင့် တစ်ပြိုင်နက် ဒေါက်တာ မော့ စတော့ဗလီက နောက်တစ်နေ့ နံနက်တွင် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ် မည် ဖြစ်သဖြင့် စီစဉ်ပေးရန် ညွှန်ကြားလိုက်သည်။

စနေနေ့ နံနက် ဆယ်နာရီတွင် ဒေါက်တာ စတော့ဗလီသည် ယမန်နေ့က သူနှင့် စီလီယာ ဆွေးနွေးခဲ့သော အဖုံးတွင် ချွတ်ယွင်းချက် ရှိနေသောကြောင့် ရောဂါပိုး ဝင်နေသည့် အကြော ဆေးရည် ကိစ္စကို သတင်းစာ ရှင်းလင်းပွဲတွင် အကျယ်တဝင့် ရှင်းပြလိုက်သည်။

သို့ရာတွင် ဒေါက်တာ မော့ စတော့ဗလီသည် စီလီယာထံမှ တစ်ဆင့် သူ သိထားရသော 'ထိုဆေးရည်များအား ပြန်ရုပ်သိမ်းရန် အက်ဖ်ဒီအေက ဆုံး ဖြတ်ထားပြီး ဖြစ်သည်' ဆိုသော အချက်ကိုမူ ဖွင့်မပြောခဲ့ပါ။

ထိုအချက် အစား စတော့ဗလီက အောက်ပါ အတိုင်း ကြေညာလိုက် သည်။

'အဲဒီ ဆေးရည်နှင့် ပတ်သက်ပြီး ထုတ်လုပ်သူနှင့် အက်ဖ်ဒီအေတို့ရဲ့ အရေး မယူမှုကို စီအက်စ်အမ်က ရှုတ်ချလိုက်ပါတယ်၊ ပြီးတော့လည်း အဲဒီ ဆေးရည်တွေ အားလုံးကို အသုံးမပြုအောင် တားမြစ်ပေးဖို့နှင့် ပြန်လည် ရုပ် သိမ်းပေးဖို့ တောင်းဆိုလိုက်ပါတယ်'

အကျိုး သက်ရောက်မှုမှာ လျင်မြန်လှပါသည်။ အမေရိကရ ရုပ်မြင်သံကြား ကုမ္ပဏီကြီးများက ထိုသတင်းကို ညနေပိုင်း၌ ထုတ်လွှင့်သော သတင်းခန်း တွင် ထည့်သွင်း၍ ထုတ်လွှင့်ခဲ့ကြပြီး တနင်္ဂနွေနေ့၌ ထုတ်ဝေသော သတင်း စာများတွင် ထိုသတင်းကို ပေါ်ပေါ်လွှင်လွှင် ထင်ထင် ရှားရှား ဖော်ပြပေးခဲ့ ကြ၏။

ထို့နောက် တနင်္လာနေ့တွင် အက်ဖ်ဒီအေက ကြေညာချက် ထုတ်ပြန်လိုက် သော အခါ သတင်းထောက် အများစုသည် ပြန်လည်၍ စိစစ်ခြင်း မပြုကြ တော့ဘဲ ၄င်းတို့၏ သတင်းများတွင် 'စီအက်စ်အမ်နှင့် ဒေါက်တာ မော့ စတော့

ဗလီတို့၏ တောင်းဆိုချက် အရ အက်ဖ်ဒီအေက ထိုအကြောဆေးများကို ဆေးရုံများတွင် ဆက်လက် သုံးစွဲခြင်း မပြုကြရန် ယနေ့ ကြေညာချက် ထုတ်ပြန်လိုက်သည်' ဟူ၍ စတင် ရေးသားကြလေတော့သည်။

ထိုကိစ္စမှာ စီအက်စ်အမ် အတွက် အမြတ် ထွက်သွားသော ကိစ္စ ဖြစ်သလို ငွေကြေး ကောက်ခံရာတွင် ထင်ထင်ရှားရှား ဖော်ပြရန် ကောင်းမွန်သော အကြောင်းပြချက် တစ်ခုလည်း ဖြစ်သွားခဲ့ရလေသည်။

စီလီယာက သူသည် မဟာနည်းဗျူဟာ ပညာရှင် တစ်ဦး၏ အသုံးချမှုကို ခံလိုက်ရကြောင်း သဘော ပေါက်သွားရလေ၏။

## ၁၁

ဩစတြေးလျ တရားရုံးမှ အမှုတွဲ ကော်ပီသည် ဖဲလ်ဒင်း ရှော့သ် ရုံးချုပ်တွင် ရှိမနေသည်သာမက ဖဲလ်ဒင်း ရှော့သ်၏ ဥပဒေ ဌာနကလည်း ထိုအမှုတွဲ ကော်ပီကို အမေရိကန် တစ်နိုင်ငံလုံးတွင် ရှာမတွေ့ကြချေ။ ဒေါက်တာ မော့စတော့ဗလီထံတွင် ကော်ပီ တစ်ခု ရှိနေသည်မှာ ထင်ရှားသော်လည်း စီလီယာသည် စီအက်စ်အမ်မှ ငှားရမ်းလိုခြင်း မရှိပါ။ ထို့ကြောင့် လေကြောင်းဖြင့် ပို့ပေးရန် ဩစတြေးလျသို့ မှာခိုင်းလိုက်သည်။

ထိုအခိုက်အတန့်တွင် မွန်တိန်းအား ဖြန့်ချိရေးနှင့် ပတ်သက်သော ကြော်ငြာ အစီအစဉ်များကို ဒေါ်လာ သန်းပေါင်း များစွာ အကုန်အကျ ခံ၍ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်။ ဆေးဘက်ဆိုင်ရာ မဂ္ဂဇင်းများတွင် လေးမျက်နှာ ပါဝင်သည့် ဆေးရောင်စုံ ကြော်ငြာများကို ထည့်သွင်း ဖော်ပြလျက်ရှိသည့် အပြင် ဆေးနမူနာများကို ဆရာဝန်များထံ ပို့ပေးလျက် ရှိသည်။

ဗြိတိန် နိုင်ငံရှိ ဖဲလ်ဒင်း ရှော့သ် သုတေသန ဌာနထံကလည်း မာတင် ပိစမစ်၏ သိပ္ပံပညာရှင် အဖွဲ့သည် ယခင်က ထိုးဖောက်နိုင်ခဲ့ခြင်း မရှိသော သိပ္ပံပညာရပ် ဆိုင်ရာ အတားအဆီးများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီ ဆိုသော သတင်းများကို ရရှိနေသည်။

နိုင်ဂျယ် ဘင်တလီထံမှ ရရှိသော စာ အရ ဗြိတိသျှ သိပ္ပံပညာရှင် အဖွဲ့သည် ကြွက်ဦးနှောက်မှ ရရှိသော ပပ်ပ်တိုက်ဒ်များကို သန့်စင်အောင် ပြုလုပ်နိုင်ခဲ့ပြီး ထို ကြွက်များကို ဝက်ပါထဲတွင် ထည့်၍ စမ်းသပ်သော နည်းနှင့်





စမ်းသပ်သော အခါ အသက် ကြီးသော ကြွက်များ၏ မှတ်ဉာဏ်များသည် ပိုမို ကောင်းမွန်လာသည်ကို တွေ့ရှိရကြောင်း၊ စမ်းသပ်မှုများကို ဆက်လက်၍ ပြုလုပ်နေကြောင်း သိရှိရသည်။

လူသားတို့၏ မှတ်ဉာဏ် ပိုကောင်းလာစေမည့် ဆေးကို ရှာဖွေ တွေ့ရှိရန် နောက်ထပ် သုံးလေးနှစ် ကြာမြင့်ဦးမည် ဖြစ်သော်လည်း ယခင်ကထက် ပို၍ ဖြစ်နိုင်ခြေနှင့် နီးစပ်လာခဲ့လေပြီ။

ထိုသတင်းကြောင့် ဟာလိုးရှိ သုတေသန ဌာနသည် လောလောဆယ်တွင် ရပ်စဲတော့မည့် ဘေးရန်မှ ကင်းဝေး သွားခဲ့ရပြန်လေပြီ။

စီလီယာ တောင်းဆိုခဲ့သော ဩစတြေးလျ တရားရုံးမှ အမှုတွဲသည် ဒီဇင်ဘာ လလယ်တွင် စီလီယာ့ စားပွဲပေါ်သို့ ရောက်ရှိလာသည်။

လက်နှိပ်စက်နှင့် ရိုက်ထားသော ထိုအမှုတွဲသည် စာမျက်နှာ သုံးလေးရာခန့် ရှိနေလေ၏။ သို့ရာတွင် စီလီယာသည် ထိုအချိန်၌ အလုပ် အလွန် များလွန်းလှသောကြောင့် ထိုအမှုတွဲအား ဖတ်ကြည့်ရန် ကိစ္စကို ရွှေ့ဆိုင်း ခဲ့ရလေသည်။ ဇန်နဝါရီ လဆန်းသို့ ရောက်ရှိလာသော်လည်း ထိုအမှုတွဲကို မဖတ်ဖြစ်သေး။ ဤတွင် ပို၍ ကြန့်ကြာစေမည့် ကိစ္စ တစ်ရပ်သည် မျှော်လင့်ထားခြင်း မရှိဘဲ ပေါ်ပေါက် လာရလေတော့သည်။

သမ္မတလောင်း ကာတာသည် သမ္မတ နေရာ အတွက် ရွေးချယ် ခံရပြီး ဖြစ်သဖြင့် ဝန်ထမ်းများကို စည်းရုံးလျက် ရှိရာ ဖဲလ်ဒင်း ရှော့သ်မှ ရောင်းဝယ်ဖောက်ကားရေး ဆိုင်ရာ ဒုတိယ ဥက္ကဋ္ဌ ဇေဗီယာ ရစ်ဗ်ကင်လည်း သမ္မတကာတာ စည်းရုံးသော ပုဂ္ဂိုလ်များထဲတွင် ပါဝင်သွားခဲ့လေသည်။ ဇေဗီယာ ရစ်ဗ်ကင်သည် ကုန်သွယ်ရေး ဝန်ကြီး ဌာနတွင် ဒုတိယ ဝန်ကြီး ရာထူးကို ရရှိမည် ဖြစ်သည်။

ဇန်နဝါရီလ ဒုတိယပတ်တွင် ဆမ်က စီလီယာအား ခေါ်ယူလိုက်ပြီး ဇေဗီယာ ရစ်ဗ်ကင်အား အချိန် စော၍ ပင်စင် ပေးမည့် အစီအစဉ်ကို ဖွင့်ပြောပြလိုက်သည်။ စီလီယာသည် ထိုအချိန် အထိ ရစ်ဗ်ကင်၏ အစီအစဉ်ကို မသိရှိသေးချေ။ တစ်ချိန်တည်းမှာပင် ဆမ်က စီလီယာအား ဇေဗီယာ ရစ်ဗ်ကင်၏ နေရာတွင် တိုးမြှင့် ခန့်ထားမည် ဖြစ်ကြောင်း အသိပေးလိုက်သည်။

စီလီယာသည် ရစ်ဗ်ကင်၏ နေရာတွင် တိုးမြှင့်၍ တာဝန် ယူရမည် ဖြစ်သော်လည်း မွန်တိန်းအား ဖြန့်ချိ ရောင်းချသည့် အစီအစဉ်ကိုမူ ကိုယ်တိုင် ကိုယ်ကြပ် ကြီးကြပ် ကွပ်ကဲပေးရန် ဆမ်က မေတ္တာ ရပ်ခံလိုက်သည်။

တစ်ပတ် တိတိ ကြာမြင့်သော အခါ ဆိုးရွားသော သတင်းများ၏ အစအန များကို စတင် သိရှိရလေတော့သည်။

ဘီလ် အင်ဂရမ်သည် စီလီယာ၏ ရုံးခန်းထဲသို့ ဝင်ရောက်လာခြင်း ပြောလိုက်သည်။

'ကျွန်တော်ကတော့ အရေး မကြီးဘူးလို့ ထင်ပေမဲ့ ဟောဒါကို ခင်ဗျား ဖတ်ကြည့်သင့်တယ်၊ ပဲရစ်က သူငယ်ချင်း တစ်ယောက် ပို့လိုက်တာ'

'ဟောဒါ' ဆိုသည်မှာ သတင်းစာ ဖြတ်ပိုင်းလေး တစ်ခုပင်။

ဘီလ် အင်ဂရမ်က ရှင်းပြသည်။

'အဲဒါကတော့ ဖရန့်ဆွိုင်း သတင်းစာက ဖြတ်ပိုင်းလေးပဲ'

ပြင်သစ်စာကို နားလည်အောင် ဖတ်တတ်သော စီလီယာသည် စိတ်ထဲက ထင့်ခနဲ ဖြစ်သွားပြီး နှလုံးခုန်သံ မြန်လာရင်းကပင် စတင်၍ ဖတ်ကြည့်လိုက်သည်။ သတင်းက ခပ်တိုတိုပင် ဖြစ်သည်။

'ဘဲလ်ဂျီယံ နယ်စပ် အနီးရှိ နော်ဖုံဗီး ဆိုသော ပြင်သစ် မြို့ကလေး တစ်မြို့တွင် အမျိုးသမီး တစ်ဦးသည် ယခုအချိန်တွင် အခါလည် ရှိနေပြီ ဖြစ်သော သမီးငယ် တစ်ယောက်ကို ဖွားမြင်ခဲ့သည်။ ထိုကလေးတွင် ကိုယ်လက် အင်္ဂါ လှုပ်ရှားနိုင်မှုကို ထာဝရ မဖြစ်ပေါ်စေတော့သော ဗဟို နှစ်ကြော ချို့ယွင်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ကုသနိုင်မည့် နည်းလမ်းများလည်း မရှိတော့ကြောင်း၊ မိခင် ဖြစ်သူသည် ကိုယ်ဝန် ရှိနေစဉ် မွန်တိန်းကို သုံးစွဲခဲ့ကြောင်း၊ ယခု အချိန်တွင် မိခင် ဖြစ်သူ၏ ဆွေမျိုးများက မွန်တိန်းကြောင့် ဖြစ်ရသည်ဟု အပြစ် တင်လျက် ရှိကြကြောင်း၊ ဤကိစ္စနှင့် ထပ်တူထပ်မျှ ဖြစ်ပုံရသော ကိစ္စ တစ်ရပ်သည်လည်း စပိန် နိုင်ငံ၌ ဖြစ်ပွားခဲ့ကြောင်း' ဖော်ပြထားသည်။

စီလီယာသည် သူ ဖတ်လိုက်ရသော သတင်း၏ ထူးခြားမှုကို ချိန်ဆရင်း ငြိမ်သက်စွာ မတ်တတ် ရပ်နေသည်။

'ကျွန်တော် ပြောခဲ့သလို ဒီကိစ္စဟာ စိတ်ပူရလောက်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ ဘာပဲပြောပြော ဖရန့်ဆွိုင်းဟာ သတင်း ဖြစ်ရင် ပြီးရော ဆိုပြီး ပြီးစလွယ် ဖော်ပြတတ်တယ်လို့ သတင်း ကြီးနေတဲ့ သတင်းစာပါ၊ လီမွန်ဒီမှာ ပါတယ် ဆိုရင်တော့ တစ်မျိုးပေါ့ဗျာ'





စီလီယာက အဖြေ မပေးပါ။ ပထမ ဩစတြေးလျ၊ ယခု ပြင်သစ်နှင့် စပိန်။ စီလီယာက ယတိပြတ် ဆုံးဖြတ်ပြီး ပြောလိုက်သည်။

'အဲဒီ ကိစ္စ နှစ်ခုစလုံးနှင့် ပတ်သက်တာ မှန်သမျှကို သိချင်တယ်၊ ဘီလ် စုံစမ်းပေးပါ၊ ဒီစာရွက်ကိုလည်း ထားခဲ့ပါ'

ဘီလ် အင်ဂရမ်သည် နောက်ထပ် တစ်နာရီ အကြာတွင် ပျော်ပျော်ရွှင်ရွှင်နှင့် လာရောက် သတင်း ပို့ပြန်သည်။

'စိတ်ပူစရာ မလိုပါဘူးဗျာ၊ ဂီရွန်ဒီချိမီက ကျွန်တော့် မိတ်ဆွေနှင့် အကြာကြီး ဆွေးနွေး ပြီးပါပြီ၊ သူက ဖရန့်ဆွိုင်းမှာ ပါတဲ့ ကိစ္စ နှစ်ခုစလုံးကို သိထားပါတယ်၊ အဲဒီ ကိစ္စ နှစ်ခုစလုံးကို ပြည့်ပြည့်ဝဝ စုံစမ်းထားပါတယ်တဲ့၊ ထိတ်စရာ လန့်စရာနှင့် သံသယ ဖြစ်စရာ မလိုဘူးလို့တောင် ပြောပါတယ်၊ သူတို့ ကုမ္ပဏီက နော်ဖုံဗီးမြို့ကို အဖွဲ့ တစ်ဖွဲ့နှင့် စပိန်ကို အဖွဲ့ တစ်ဖွဲ့ လွှတ်ခဲ့ပါတယ်တဲ့'

'သူတို့က ဒါ့ထက် အသေးစိတ် ပြောပြသေးသလား'

'ဟုတ်ကဲ့၊ တိုက်ဆိုင်ချင်တော့ အဲဒီကိစ္စ နှစ်ခုစလုံးဟာ ဩစတြေးလျက ကိစ္စနှင့် ထူးထူးခြားခြား တူနေကြတယ်၊ အမျိုးသမီး နှစ်ယောက်စလုံးဟာ ကိုယ်ဝန် ရှိနေတုန်း အရက်သေစာ သာမက မူးယစ်ဆေးဝါး မျိုးစုံကို သုံးစွဲခဲ့ကြတယ်၊ ပြင်သစ် အမျိုးသမီးရဲ့ မိသားစုမှာ ဉာဏ်ထုံထိုင်းတဲ့ ရောဂါ ဖြစ်ခဲ့ဖူးတဲ့ အစဉ်အလာ ရှိပြီး စပိန် နိုင်ငံက ကလေးရဲ့ ဖခင်ကတော့ ဝက်ရူးပြန် ရောဂါ ရှိနေတဲ့ လူ ဖြစ်ပါတယ်တဲ့'

'ဒါပေမဲ့ ကလေးတွေရဲ့ မိခင်က မွန်တိန်းကို သုံးစွဲခဲ့ကြတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဂီရွန်ဒီချိမီကလည်း အစပိုင်းမှာ တော်တော့်ကို စိုးရိမ်ပူပန် သွားပါတယ်တဲ့၊ သူတို့လည်း ဖဲလ်ဒင်း ရှေ့သည်လို စွန့်စွန့်စားစား လုပ်ထားရတာပဲ မဟုတ်လား၊ သူတို့က ပိုပြီးတော့တောင် နစ်နာနိုင်ပါသေးတယ်'

စီလီယာက ခပ်ပြတ်ပြတ် ပြောလိုက်၏။

'ဆက်ပြောစမ်းပါ'

'အင်းလေ၊ အဖြေကတော့ ကလေးတွေ ချွတ်ယွင်းချက် ဖြစ်ရတဲ့ ကိစ္စဟာ မွန်တိန်းနှင့် လုံးဝ မသက်ဆိုင်ပါဘူးတဲ့'

'ကျွန်မ အဲဒီ အစီရင်ခံစာ နှစ်စောင်စလုံးကို ဖတ်ချင်တယ်၊ ဘယ်တော့ ရနိုင်မလဲ'

'အဲဒီ အစီရင်ခံစာ နှစ်စောင်စလုံး ဒီမှာ ရှိနေပါတယ်'

'ဘယ်မှာလဲ'

'ဒေါက်တာ ဗင်းစင့် လော့ဒ်ဆီကို လွှန်ခဲ့တဲ့ နှစ်ပတ်လောက် ကတည်းက ပို့ပေးထားတယ်လို့ ပြောတာပဲ၊ ကျွန်တော် ဗင်းစင့် လော့ဒ်ဆီကို သွားမေး'

'မလိုပါဘူး၊ ကျွန်မ သွားယူလိုက်မယ်'

ဗင်းစင့် လော့ဒ်က စီလီယာအား ပြန်မေးလိုက်၏။

'ခင်ဗျားက ဘာဖြစ်လို့ အဲဒီ အစီရင်ခံစာတွေကို ဖတ်ချင်ရတာလဲ'

'ကျွန်မက အဲဒီ သတင်းမျိုးဟာ တစ်ဆင့်ကြားနှင့် မဟုတ်ဘဲ ကျွန်မ ကိုယ်တိုင် သိသင့်တဲ့ အထိ အရေးကြီးတယ် ထင်လို့ပဲ'

'ခင်ဗျားက ခင်ဗျားဟာ သိပ္ပံပညာကို နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင် သိထားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ ခင်ဗျား ကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်း ရှိတယ်လို့ အထင် ကြီးထားခဲ့ရင် ခင်ဗျား သင်လာတဲ့ မဖြစ်စလောက် ဓာတုဗေဒ ဘွဲ့လေးဟာ ခေတ်နောက်မှာ ကျန်ရစ်ခဲ့ပြီလို့ ပြောလိုက်ချင်တယ်'

ဒေါက်တာ လော့ဒ်က စီလီယာ တောင်းခံသည့် အစီရင်ခံစာများကို ပေးရန် အင်တင်တင် ဖြစ်နေမှုကြောင့် တအံ့တသြ ဖြစ်မိသော်လည်း အငြင်းအခုံ ဖြစ်ရသည့် အဆင့် အထိ မရောက်လိုသောကြောင့် စီလီယာက ပြောလိုက်သည်။

'ကျွန်မ ကိုယ် ကျွန်မ အထင်ကြီးတာတွေ မရှိပါဘူး ဗင့်စ်၊ ဒါပေမဲ့ ကျွန်မကို အဲဒီ အစီရင်ခံစာတွေ ပေးစမ်းပါရှင်'

ဤတွင် စီလီယာ တစ်ကြိမ် ထပ်၍ အံ့သြရပြန်ပါ၏။

ထိုအရင်ခံစာများသည် ရုံးသုံး ဖိုင်တွဲများထဲတွင် ရှိနေလိမ့်မည်၊ ထို ဖိုင် တွဲများကို တစ်ယောက်ယောက်အား စေလွှတ်၍ ယူခိုင်း လိုက်ရလိမ့်မည်ဟု စီလီယာ ထင်လိုက်မိသည်။

သို့ရာတွင် ထိုကဲ့သို့ ယူခိုင်းရမည့် အစား မျက်နှာထား အိုနေသော ဗင်း စင့် လော့ဒ်သည် သူ့စားပွဲမှ အံဆွဲ တစ်ခုကို သော့နှင့် ဖွင့်၍ စာတွဲ တစ်ခုမှ စာရွက် အချို့ကို ဖြုတ်ယူပြီး စီလီယာအား လှမ်းပေးလိုက်လေ၏။

'ကျေးဇူး တင်ပါတယ်၊ ကျွန်မ ဒါတွေကို ပြန်ပေးပါ့မယ်'





ထိုနေ့ ညနေပိုင်းတွင် စီလီယာ နေအိမ်သို့ ပြန်ရောက်လာသည့်အခါ ပင်ပန်း နွမ်းနယ်နေသော်လည်း ဂီရှန်ဒီချီမီ ကုမ္ပဏီမှ အစီရင်ခံစာများနှင့် ဩစတြေး လျ တရားရုံး အမှုတွဲမှ စာမျက်နှာ အတော် ခပ်များများကို ညဥ့်နက်သည် အထိ မအိပ်ဘဲ ဖတ်ရှုလိုက်သည်။ တရားရုံး အမှုတွဲက သူ့အား အတော်အတန် စိတ်ပူပန်မှု ဖြစ်ပွားစေခဲ့သည်။

အတို ချုံးထားသော အစီရင်ခံစာတွင် စီလီယာ မတွေ့ရှိရသည့် ထူးခြား သော အချက်အလက် အတော် ခပ်များများကို တရားရုံး အမှုတွဲတွင် တွေ့ရှိ လာရသည်။

အတို ချုံးထားသော အစီရင်ခံစာတွင် ဩစတြေးလျမှ အမျိုးသမီးသည် အကျင့် စာရိတ္တ ညံ့ဖျင်းသူ၊ မူးယစ် ဆေးဝါးများကို အမြောက်အမြား သုံးစွဲသူ၊ ယစ်ထုပ်ကြီး နီးပါး အရက် သောက်သူ၊ ဆေးလိပ်ကို အဆက်မပြတ် သောက် သူဟု ဖော်ပြထားသည်။ အားလုံး မှန်ကန်ပါသည်။

အတို ချုံးထားသော အစီရင်ခံစာတွင် မပါရှိသော်လည်း မှန်ကန်သော အခြား အချက်အလက်များမှာ ထိုအမျိုးသမီးသည် အကျင့် စာရိတ္တ ညံ့ဖျင်း သော်လည်း ဉာဏ်ကောင်းသူ တစ်ဦး ဖြစ်ကြောင်း သက်သေ အတော် များ များက ထွက်ဆို သွားခဲ့ကြသည်။

၎င်းအပြင် ထိုအမျိုးသမီး၏ သွေးစဉ်မျိုးဆက်၌ ဦးနှောက် ချို့ယွင်းသူ၊ ရုပ်ပိုင်းဆိုင်ရာတွင် ချွတ်ယွင်းသူများ မရှိခဲ့ကြချေ။

စီလီယာ သိလိုက်ရသော ဒုတိယ အချက်အလက် အသစ် တစ်ခုမှာ ထို အမျိုးသမီးသည် ယခု ကလေးကို မမွေးဖွားမီ ကျန်းကျန်းမာမာ ရှိသော ကလေး နှစ်ယောက်ကို မွေးဖွားခဲ့ဖူးသည် ဆိုသော အချက်ပင်တည်း။

အကျဉ်း ချုံးထားသော အစီရင်ခံစာတွင် ထိုအမျိုးသမီးသည် ကလေး၏ ဖခင်မှာ မည်သူ မည်ဝါ ဖြစ်သည်ဟု မသိရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အမှုတွဲထဲ၌မူ ထို အမျိုးသမီးသည် ကလေး၏ ဖခင်မှာ အမျိုးသား လေးဦး အနက် တစ်ဦး ဖြစ်ရမည် ဖြစ်ကြောင်း သိရှိခဲ့သည်။ ထို လေးဦး၏ သွေးစဉ်မျိုးဆက်ကို လိုက်လံ စစ်ဆေးသော အခါတွင်လည်း ရုပ် ပိုင်း ဆိုင်ရာ ချွတ်ယွင်းမှု၊ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ မရှိခဲ့ဖူးကြောင်း တွေ့ရှိလာရသည်။

ဂီရွန်ဒီချီမီက ပေးပို့သော အစီရင်ခံစာများမှာ အရည်အချင်း ပြည့်ဝသူများက နှံ့နှံ့စပ်စပ် ပြည့်ပြည့်စုံစုံ လိုက်လံ စုံစမ်းခဲ့ကြကြောင်း ပေါ်လွင်ထင်ရှားပါသည်။

သို့တိုင်အောင် စီလီယာ၏ စိတ်ထဲတွင် ဖြစ်ပေါ်နေခဲ့သော အနှောင့်အယှက်မှာ ပို၍ ကြီးထွားလာခဲ့သည်။

ထိုအချက်မှာ ကိုယ်ဝန် ရှိနေစဉ် မွန်တိန်းကို စားခဲ့သော မိခင်များထံမှ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်များ ရှိနေသော ကလေးများ မွေးဖွားလာခဲ့သည် ဆိုသော အချက်ပင်တည်း။

ထို အစီရင်ခံစာများကို ဖတ်ရှုပြီးသော အခါ ထို ကိစ္စများကိုသာမက မွန်တိန်းနှင့် ပတ်သက်၍ စီလီယာ၏ စိတ်ထဲတွင် ဖြစ်ပေါ်နေသော သံသယတို့ကို ဆမ် ဟော်သုန်းအား အသိပေးသင့်ကြောင်း ဆုံးဖြတ်လိုက်လေသည်။

## ၁၂

နောက်တစ်နေ့ မွန်းလွဲပိုင်း၏ နှောင်းကာလ။

'အရေးကြီး' ဆိုသော အလံလေး တပ်ထားသည့် စီလီယာ၏ အစီရင်ခံစာသည် ဆမ် ဟော်သုန်းထံသို့ နံနက်ပိုင်းတွင် ရောက်ရှိသွားသည်။

ထို့ကြောင့် ထိုနေ့ ညနေ လေးနာရီခွဲတွင် ဆမ် ဟော်သုန်းက စီမံ ခန့်ခွဲရေး ဝန်ထမ်းများ၏ အစည်းအဝေးကို ကျင်းပရန် ဆင့်ခေါ်ထားသည်။

ဆမ် ဟော်သုန်း၏ ရုံးခန်းနားသို့ စီလီယာ ရောက်ရှိသွားသည့် အခါ အမျိုးသား ဝန်ထမ်းများ၏ ကျယ်ကျယ်လောင်လောင် ရယ်မောနေကြသော အသံများကို စီလီယာ ကြားလိုက်ရသည်။ ယခု အချိန်တွင် ထိုရယ်သံများမှာ မဆီလျော် မအပ်စပ်ချေ။

အခန်းထဲသို့ ရောက်သောအခါ ဆမ် ဟော်သုန်းက စီလီယာအား ချောကလက် တစ်ထုပ် ပေးရင်း ပြောလိုက်၏။

'ဒါကတော့ အခုဆိုရင် မိနစ် နှစ်ဆယ် အသက် ရလာပြီ ဖြစ်တဲ့ ကျုပ် မြေးကို ဂုဏ်ပြုပြီး ပေးတာပါ'

'ဆမ်၊ ဒါ တကယ် ကောင်းတဲ့ သတင်းပဲ၊ ချီးကျူးပါတယ်ရှင်၊ ဂျူးလီး ယက်ကော နေကောင်းရဲ့လား'





'ကောင်းပါတယ်၊ ကျုပ်လည်း ဒီအစည်းအဝေး ပြီးတာနှင့် ဆေးရုံကို သွားမလို့'

ဒေါက်တာ စတားဘတ်က မေးလိုက်သည်။

'အစည်းအဝေးကို ဘာဖြစ်လို့ ရွှေ့မချိန်းတာလဲ'

'မရွှေ့ဘူး၊ ဒီကိစ္စကို အပြတ် ဖြတ်မှ ဖြစ်လိမ့်မယ်၊ သိပ် ကြာလိမ့်မယ်လည်း မထင်ပါဘူး'

ဗင်းစင့် လော့ဒ်က ပြောလိုက်၏။

'ကြာစရာ အကြောင်းလည်း မရှိပါဘူး'

မွန်တိန်းကို ဆွေးနွေးရန် ကိစ္စနှင့် ဆမ်၏ မြေးကလေး မွေးဖွားသည့်ကိစ္စ ပြိုင်တူနီးပါး ဆုံတွေ့နေမှုမှာ ယခု အချိန်တွင် အဆိုးရွားဆုံး ကိစ္စပင် ဖြစ်သည်ဟု စီလီယာက စိတ်မသက်မသာနှင့် တွေးလိုက်မိသည်။

ဆမ်၏ ပျော်ရွှင်နေမှုနှင့် အခြား ပုဂ္ဂိုလ်များအား ကူးစက်နေသော ဆမ်၏ ပျော်ရွှင်မှုတို့က ထိုကိစ္စ၏ လေးနက်သော ရည်ရွယ်ချက်ကို လငပုပ် ဖမ်းသလို ဖုံးအုပ်သွားပေလိမ့်မည်။

သူတို့သည် အစည်းအဝေး ပြုလုပ်သည့် စားပွဲ ပတ်လည်မှ ကုလားထိုင်များတွင် နေရာ ယူလိုက်ကြ၏။

အချိန် ဖြုန်းလိုပုံ မရသော ဆမ်က စပြောလိုက်သည်။

'စီလီယာ၊ မင်းရဲ့ အစီရင်ခံစာကို ဒီမှာ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဆီကို ဒီကနေ့ မနက်ပိုင်းကပဲ ဝေထားလိုက်တယ်၊ စီလီယာရဲ့ အစီရင်ခံစာကို အားလုံး ဖတ်ပြီးကြပြီလား'

ဖတ်ရှုပြီးကြကြောင်း ခေါင်းညိတ် ပြကြသည်။ ခပ်တိုးတိုးနှင့် ပြန်ဖြေကြသည်။

စီလီယာသည် မွန်တိန်းနှင့် သက်ဆိုင်သော သြစတြေးလျ တရားရုံး အမှုတွဲမှ သူ ထပ်မံ တွေ့ရှိလာရသည့် အချက်အလက် အသစ်များနှင့် မကြာသေးမီက ဖရန့်ဆွိုင်း သတင်းစာတွင် ဖော်ပြခဲ့သော မွန်တိန်းနှင့် ပတ်သက်သည့် စွပ်စွဲချက်များ၊ ပြင်သစ်နှင့် စပိန်မှ ဖြစ်ရပ်များ စသည်တို့ကို အစီရင်ခံစာထဲတွင် ထည့်သွင်း ဖော်ပြထားသည်။ သို့ရာတွင် စီလီယာသည် သူ့ အယူအဆကိုမူ ထည့်သွင်း ဖော်ပြခြင်း မပြုဘဲ ချန်လှပ်ထားခဲ့သည်။

'စီလီယာ၊ မင်း ဒီကိစ္စကို ကျုပ်တို့ သိအောင် အသိ ပေးတာဟာ သိပ် မှန်ကန်ပါတယ်လို့ ကျုပ် ပြောချင်ပါတယ်၊ အဲဒီ ကိစ္စတွေကို တခြား ပုဂ္ဂိုလ်

တွေက သိပြီးသား ဆိုတော့ ခုအချိန်က စပြီး ရက်သတ္တ သုံးပတ် အကြာမှာ မွန်တိန်းကို စပြီး ရောင်းချပြီ ဆိုရင် ကျုပ်တို့ဘက်က မှန်ကန်တဲ့ တင်ပြချက်တွေကို ပြန်ပြီး တင်ပြနိုင်ဖို့ အဆင်သင့် ဖြစ်နေစေရမယ်၊ မင်းရဲ့ ရည်ရွယ်ချက်က အဲဒါပဲ မဟုတ်လား စီလီယာ’

မျှော်လင့် မထားသော မေးခွန်း ဖြစ်သောကြောင့် စီလီယာက အူကြောင်ကြောင်နှင့် ပြန်ဖြေလိုက်၏။

‘အဲဒါလည်း တစ်စိတ် တစ်ပိုင်း အနေနှင့် ပါဝင်ပါတယ်’

အလျင်စလို ဖြစ်နေသော ဆမ်က ခေါင်းညိတ်ပြလိုက်ပြီး ထပ်ပြောလိုက်ပြန်၏။

‘ရှင်းစရာ အချက် တစ်ချက် ရှိသေးတယ်၊ ဒီမှာ ဗင့်စ်၊ စီလီယာ ပြောတဲ့ ဂီရွန်ဒီချီမီက အစီရင်ခံစာတွေ ကျုပ်ကို ဘာဖြစ်လို့ မတင်ပြတာလဲ’

‘ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့ ထုတ်လုပ်နေတဲ့ ဆေးဝါးတွေနှင့် ပတ်သက်တာ မှန်သမျှကို ခင်ဗျားဆီ အစ အဆုံး တင်ပြနေမယ် ဆိုရင် သိပ္ပံနည်းကျကျ အရေးကြီးတာနှင့် အရေး မကြီးတာကို ခွဲခြားပေးဖို့ ဆိုတဲ့ ကျုပ် တာဝန်ကို ကျုပ်က မထမ်းဆောင်ရာ ရောက်သွားမှာပေါ့၊ နောက်တစ်ချက်ကလည်း ခင်ဗျား စားပွဲပေါ်မှာ စာရွက်တွေ ပုံနေပြီး ခင်ဗျား အနေနှင့် အခြား အလုပ်တွေကို လုပ်လို့ ရနိုင်မှာ မဟုတ်တော့ဘူး’

ထိုအဖြေကို ဆမ် ကျေနပ်သွားပုံ ရသည်။ ဆမ်က ထပ်ပြောလိုက်၏။

‘အဲဒီ အစီခံစာတွေနှင့် ပတ်သက်တဲ့ ခင်ဗျား အယူအဆကို ပြောပါဦး’

‘အစီရင်ခံစာ နှစ်ခုစလုံးဟာ တစ်ခုနှင့် တစ်ခု အလိုလို ပယ်ဖျက်ပြီးသား ဖြစ်နေကြပါတယ်၊ အခုကိစ္စ နှစ်ခုစလုံးမှာ မွန်တိန်းနှင့် မပတ်သက်ကြောင်း ဂီဝွန်ဒီချီမီရဲ့ ကောက်ချက်ဟာ ပြည့်စုံ လုံလောက်တယ်လို့ ကျုပ် ယူဆပါတယ်’

‘ဩစတြေးလျက ကိစ္စမှာ စီလီယာ ထပ်တွေ့လာရတဲ့ အချက်အလက် အသစ်တွေက ပထမ ဆုံးဖြတ်ချက် အပေါ်မှာ ဘယ်လို အကျိုး သက်ရောက်မှု ရှိစေနိုင်သလဲ’

‘ခင်ဗျားက အချက်အလက် အသစ်တွေလို့ အမွှမ်း တင်ပေးလိုက်တဲ့ အချက်အလက်တွေက ဘယ်လိုမှ မပြောင်းလဲစေခဲ့ပါဘူး၊ အမှန်အတိုင်း ပြောရရင် အဲဒီ အချက်တွေကို တင်ပြဖို့တောင် လိုအပ်မယ် မထင်ဘူး’

စိတ်သက်သာရာ ရရှိသွားသော မပွင့်တပွင့် လေသံများကို စားပွဲ ပတ်ပတ်လည်မှ ကြားလိုက်ရသည်။





ဗင်းစင့် လော့ဒ်က ဆက်ပြောလိုက်ပြန်၏။

‘ကျုပ်တို့ အားလုံး ဒီမှာ ရှိနေကြတုန်း မှတ်တမ်း ဝင်သွားအောင် ဩစတြေးလျ၊ ပြင်သစ်နှင့် စပိန် နိုင်ငံက ဖြစ်ရပ်တွေပေါ်မှာ သိပ္ပံ ရှုထောင့်က သုံးသပ်ထားတဲ့ ကျုပ် အယူအဆကို တင်ပြချင်ပါတယ်’

သူ၏ တင်ပြချက်မှာ ဆယ်မိနစ်ခန့်သာ ကြာမည်ဟု ဆိုသဖြင့် ရှင်းလင်း တင်ပြရန် ဆမ်က သဘောတူလိုက်၏။

သုတေသန ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ဩဇာ တိက္ကမ ရှိသော လေသံနှင့် လက်ခံချင်စရာ ကောင်းအောင် တင်ပြသွားသည်။ ကိုယ်ဝန် ရှိနေချိန်တွင် မူးယစ် ဆေးဝါးများနှင့် ဆေးရည်တို့ကို တွဲဖက် သုံးစွဲခြင်းဖြင့် သန္ဓေသား၌ မည်သို့ မည်ပုံ ထိခိုက်မှု ရှိနိုင်ကြောင်း ရှင်းပြသွားသည်။

‘ဆေးဝါးသစ် တစ်မျိုးမျိုးကို စတင် ထုတ်လုပ်သည့် အခါတိုင်း အကျိုးယုတ်စေသော ဆေး တန်ပြန်မှုများ ရှိနေသည်ဟု ပြောဆိုမှုများ ရှိတတ်ကြကြောင်း၊ ထိုကဲ့သို့သော ပြောဆိုမှုများကို တိုင်းသူပြည်သားတို့၏ အကျိုး ကျေးဇူး အတွက် သာမက အန္တရာယ် ရှိသော ဆေးဝါး တစ်မျိုးမျိုးကို မထုတ်လုပ်မိအောင် ဂရုစိုက်ဖို့ အထူး လိုအပ်နေသည့် ကျွန်ုပ်တို့လို ကုမ္ပဏီမျိုး အတွက် စိတ် လှုပ်ရှားမှု မပါဝင်စေဘဲ သိပ္ပံနည်းကျကျနှင့် ဇေ့ဇေ့စပ်စပ် လေ့လာ သုံးသပ်ရန် လိုအပ်ကြောင်း။

‘သို့ရာတွင် ထိုဆေးကို သုံးစွဲသော ပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာသည့် အကျိုးဆုတ်ယုတ်မှုမှာ ထိုဆေးဝါးမှ ဖြစ်ပေါ်လာသော အကျိုး ဆုတ်ယုတ်မှု ဖြစ်သည်၊ သို့တည်းမဟုတ် အခြား ကိစ္စရပ်များမှ ပေါ်ပေါက်လာသော အကျိုးဆုတ်ယုတ်မှု ဖြစ်သည် စသည်တို့ကို ဆုံးဖြတ်ရန် ဖြစ်ကြောင်း၊ ယခု ကိစ္စတွင် စွပ်စွဲထားသော ကိစ္စရပ်များမှာ မွန်တိန်းကြောင့် ဖြစ်ပေါ်လာသော ကိစ္စ မဟုတ်ဟု ကျွန်ုပ် ကျေနပ် ယုံကြည်ပါကြောင်း’ ရှင်းလင်း ပြောကြားသွားသည်။

ဆမ်ကလည်း ပြန်ပြောလိုက်၏။

‘ကျေးဇူး တင်ပါတယ် ဗင့်စ်၊ ခင်ဗျားကြောင့် ကျုပ်တို့ အားလုံး စိတ်သက်သာရာ ရသွားကြပြီ’

ဆမ်သည် ကုလားထိုင်ကို စားပွဲနှင့် အနည်းငယ် ကွာသွားအောင် နောက်ဘက်သို့ တွန်းလိုက်၏။

'ကျုပ်တို့ အနေနှင့် တရားဝင် ဆုံးဖြတ်ချက် ချဖို့ လိုမယ် မထင်ဘူး၊ မွန်တိန်း ကိစ္စကို စိတ်ချလက်ချနှင့် သွက်သွက်လက်လက် ဆက် လုပ်နိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်၊ ကျန်တဲ့ လူတွေ အားလုံးကလည်း သဘောတူကြလိမ့်မယ်လို့ ကျုပ် ယူဆတယ်'

ကျန်သော အမျိုးသားများထံမှ ခေါင်းညိတ်မှုများ ထွက်ပေါ်လာသည်။

'ကဲ ဒါလောက် ဆိုရင် လုံလောက်ပြီနှင့် တူတယ်၊ ကျုပ်ကို ခွင့်ပြုကြပါဦး'

စီလီယာက ပြောလိုက်၏။

'ကျွန်မ ဝမ်းနည်းပါတယ်၊ အဲဒါလောက်နှင့် မလုံလောက်သေးဘူးလို့ ထင်ပါတယ်'

သူ့ကို အားလုံးက ဝိုင်းကြည့်ကြသည်။ ဆမ်က စိတ်တိုတိုနှင့် မေးလိုက်၏။

'ဘာလဲကွ'

'ကျွန်မက ဗင့်စ်ကို မေးခွန်း တစ်ခု မေးချင်တယ်'

'မေးမှ ဖြစ်မယ် ဆိုရင် မေးလေ'

'ဒီမှာ ဗင့်စ်၊ ဩစတြေးလျ၊ ပြင်သစ်နှင့် စပိန်က ဦးနှောက် ပျက်နေတဲ့ ကလေးတွေဟာ မွန်တိန်းကြောင့် မဟုတ်ဘူးလို့ ရှင် ပြောခဲ့တယ်၊ မွန်တိန်းကြောင့် မဟုတ်ရင် ဘာကြောင့် ဖြစ်ရပါသလဲ'

'အကြောင်း တစ်ခုခုကြောင့် ဒါမှမဟုတ် အကြောင်းပေါင်း မြောက်မြားစွာကြောင့် ဖြစ်နိုင်တာပဲ'

'သေသေချာချာတော့ မပြောနိုင်ဘူးပေါ့'

'စီလီယာ၊ မင်းက ဘာကို ဆိုလိုတာလဲ'

ဆမ်က ဝင်မေးလိုက်ခြင်း ဖြစ်သည်။

'ကျွန်မ ဆိုလိုတာကတော့ ဗင့်စ်က ဘယ်လိုပဲ ပြောပြော ကျွန်မ စိတ်ထဲမှာ ဘဝင် မကျဘူး ဖြစ်နေပါတယ်၊ ဒါကြောင့် မွန်တိန်း ဖြန့်ချိမယ့် ကိစ္စကို နောက်ထပ် ခြောက်လ ရွှေ့ဆိုင်းသင့်တယ်လို့ အကြံပြုချင်ပါတယ်'

'မင်း လေးလေးနက်နက် ပြောနေတာ မဖြစ်နိုင်ဘူး'

'ကျွန်မ အလေးအနက် ထားပြီး ပြောနေတာပါ'

'မွန်တိန်း ဖြန့်ဝေတာကို အချိန် ဆွဲထားလိုက်မယ် ဆိုရင် ဘယ်လောက် အထိ ထိခိုက်သွားမယ်လို့ ခန့်မှန်းသလဲ'





ဆမ် ဟော်သုန်းက ဆိသ် ဖိန်းဂိုးဘက်သို့ လှည့်၍ မေးလိုက်၏။ ဆိသ် ဖိန်းဂိုးသည် ခေါင်းငုံ့၍ တွက်ချက် ကြည့်လိုက်ပြီးနောက်

'မွန်တိန်းနှင့် ပတ်သက်ပြီး ကျုပ်တို့က သုံးဆယ့်နှစ်သန်းလောက် သုံးစွဲထားပါတယ်၊ ဒါပေမဲ့ အားလုံးကို မသုံးရသေးတဲ့ အတွက် လေးပုံ တစ်ပုံလောက်တော့ ပြန်ရနိုင်တယ်၊ ဒါပေမဲ့ ကျုပ်က အထွေထွေ ကုန်ကျစရိတ်တွေကို ထည့် တွက်မထားသေးဘူး၊ အချိန် ဆွဲလိုက်လို့ တကယ် နစ်နာမယ့် စရိတ်စကကိုတော့ တွက်ဖို့ ချက်ဖို့ မလွယ်ပါဘူး၊ ဘယ်လောက် ကြာကြာ အချိန်ဆွဲထားမလဲ ဆိုတာရယ်၊ ရောင်းချဖို့ ကြိုတင် ခန့်မှန်း ထားတာတွေကို ဘယ်လောက် အထိ ထိခိုက်မယ် ဆိုတာရယ် အဲဒါတွေ အပေါ်မှာ မူတည်ပါလိမ့်မယ်'

ပြည်သူ့ ဆက်ဆံရေး ဌာနမှ ဟန်မွန်းက ဝင်ပြောလိုက်၏။

'ဘယ်လောက် အထိ ထိခိုက်မယ် ဆိုတာကို ပြောရမယ် ဆိုရင် သတင်းစာဆရာတွေက ကောင်းကောင်းကြီး ဝိုင်းတွယ်ကြမှာ သေချာတယ်၊ သူတို့က အဲဒီ ဆေးကို သိက္ခာချကြတဲ့ အတွက် ပြန်ရောင်းလို့တောင် ရချင်မှ ရတော့မယ်'

ဆမ်က ထောက်ခံလိုက်သည်။

'ကျုပ်လည်း အဲဒါကို တွေးမိပါတယ်၊ ခုအချိန်မှာ အချိန် ဆွဲထားလိုက်ရင် ဖျက်ပစ်တာလောက်ကို ဆိုးရွားသွားလိမ့်မယ်'

ဆမ် ဟော်သုန်းသည် စီလီယာဘက်သို့ လှည့်လိုက်ပြန်၏။

'မင်း အကြံပေးသလို လုပ်လိုက်မယ် ဆိုရင် ဘုတ် အဖွဲ့ဝင် လူကြီးတွေနှင့် အစုရှယ်ယာရှင်တွေက ဒေါပွကြလိမ့်မယ်၊ အဖြုတ်ခံရမယ့် ဝန်ထမ်းတွေလည်း ရှိလာနိုင်တယ်'

'ဟုတ်ကဲ့၊ ကျွန်မ အဲဒါတွေကို ထည့် စဉ်းစား ပြီးပါပြီ'

ဆမ်က မကျေမချမ်းနှင့် ညည်းညူလိုက်ပြီးနောက် ဆိသ် ဖိန်းဂိုး ဘက်သို့ လှည့်လိုက်ပြန်၏။

'ကျုပ်တို့က မြတ်စွန်းလာမယ်လို့ မျှော်လင့်ထားတဲ့ ငွေတွေကို အသာထားဦး၊ ဒေါ်လာ နှစ်ဆယ့် ရှစ်သန်းလောက်ကို အဆုံးရှုံး ခံရတော့မှာပေါ့၊ အဲဒါကို ကျုပ်တို့ ခံနိုင်ပါ့မလား'

ဆိသ် ဖိန်းဂိုးက ဝမ်းနည်းပန်းနည်း ခေါင်းခါလိုက်သည်။

'မခံနိုင်ဘူး'

စီလီယာက ဝင်ထောက်လိုက်၏။

'ဒါပေမဲ့ မွန်တိန်းနှင့် ပတ်သက်ပြီး ကျွန်မတို့ ပြဿနာ တွေ့လာမယ် ဆိုရင် အဲဒါထက် ပိုပြီး ဆုံးရှုံးနိုင်တယ်'

ဆမ်က လေးနက်သော လေသံနှင့် ပြောလိုက်သည်။

'စီလီယာ၊ ကျုပ်ပြောတာကို လေးလေးနက်နက် နားထောင်စမ်းပါ၊ မင်း ပြောတာကို ပြန်စဉ်းစားစေချင်တယ်၊ မင်းက အစစ အရာရာကို ခြိုင်ပြီး မစဉ်း စားဘဲ အလောသုံးဆယ် ပြောလိုက်မိတာမျိုး ဖြစ်နိုင်တယ်၊ ဒီမှာ ရှိတဲ့ လူတွေ တစ်ကြိမ် တစ်ခါမှာ အဲဒါမျိုး ဖြစ်ဖူးကြပါတယ်၊ ကျုပ် ကိုယ်တိုင်လည်း ဖြစ် ဖူးပါတယ်၊ အဲဒီ အခါကျတော့ ကိုယ့် မာနကို အသာချပြီး ကိုယ့် စကားကို ကိုယ် ပြန် ရုပ်သိမ်းရတာပဲ၊ မင်းလည်း အဲဒီလို လုပ်မယ် ဆိုရင် ဒီကိစ္စ ဒီမှာ တင် ပြီးပြတ်သွားလိမ့်မယ်၊ မင်းအနေနှင့် ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကိုပါ ထည့် စဉ်းစား ရလိမ့်မယ်'

ဆိုလိုချက်ကို စီလီယာ နားလည် လိုက်ပါ၏။ စီလီယာအား ဒုတိယ ဉက္ကဋ္ဌ အဖြစ် ရာထူး တိုးမြှင့်ပေးသည့် ကိစ္စကို အတည် မပြုရသေးချေ။

စီလီယာသည် ယခု ပုံစံ အတိုင်း ဆက်လုပ်နေမည် ဆိုပါက မည်သည့် အခါတွင်မှ အတည်ပြုချက် ရနိုင်မည် မဟုတ်တော့ပါ။

စီလီယာသည် အနည်းငယ် ထပ် စဉ်းစား လိုက်ပြီးနောက်

'ဆမ် ကျွန်မ ဝမ်းနည်းပါတယ်၊ ကျွန်မ အစစ အရာရာကို ခြိုင်ငုံ စဉ်း စား ပြီးပါပြီ၊ ဘာတွေ ဖြစ်လာနိုင်တယ် ဆိုတာကိုလည်း သိပါတယ်၊ ဒါပေမဲ့ ကျွန်မကတော့ မွန်တိန်း ဖြန့်ချိရေးကို အချိန် ဆွဲထားပါလို့ အကြံပေးရမှာပဲ'

ပြန် နောက်ဆုတ်၍ မရနိုင်တော့ပြီ။

ဆမ်က အသံမာမာနှင့် ပြောလိုက်၏။

'ကောင်းပြီ၊ ခုနကတုန်းက မဲ မခွဲတော့ဘူးလို့ ပြောခဲ့တယ်၊ အဲဒါကို ဖျက်လိုက်တော့၊ ကျုပ်က ဒါကို မှတ်တမ်း ဝင်စေချင်တယ်၊ ဆီသ် မှတ်တမ်း ရေးဗျာ'

ဆမ်က ထပ် ပြောလိုက်သည်။

'ကျုပ်ရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်၊ ကျုပ်က မွန်တိန်းကို အစီ အစဉ် အတိုင်း ဆက်လုပ်ဖို့ လိုလားတယ်၊ ကျုပ်က သဘော တူတဲ့ လူ မတူ တဲ့ လူတွေကို သိချင်တယ်၊ သဘော တူတဲ့ လူတွေ လက်မြှောက်ပြကြပါ'

ဗင်းစင့် လော့ဒ် လက်မြှောက် ပြလိုက်သည်။ ဒေါက်တာ စတားဘတ်၊ ဟန်မွန်း၊ နစ်ကိုဆန်နှင့် အခြား ဒုတိယ ဉက္ကဋ္ဌ နှစ်ယောက်တို့ကလည်း လက်





မြှောက် ပြကြသည်။ ဘီလ် အင်ဂရမ်သည် တွန့်ဆုတ်ဆုတ် ဖြစ်နေပြီး စီလီ ယာအား အသနား ခံသည့် အနေနှင့် လှမ်းကြည့်လိုက်၏။ သို့ရာတွင် စီလီယာ က ပြန်မကြည့်ဘဲ မျက်နှာ လွှဲထားသည်။ နောက် တစ်စက္ကန့် အကြာတွင် ဘီလ် အင်ဂရမ်ကလည်း လက်ထောင်ပြလိုက်ပြန်၏။

ဆမ်နှင့် ကျန်ပုဂ္ဂိုလ်များက ဆီသ် ဖိန်းဂိုးအား လှည့်ကြည့်နေကြသည်။ ဖိန်းဂိုးသည် သက်ပြင်း ချလိုက်ပြီးနောက် ခဲတံကို အောက်ချပြီး လက်မြှောက် ပြလိုက်တော့သည်။

'ဒါဆိုရင် ကိုးမဲ တစ်မဲပဲ၊ ကျုပ်တို့ ကုမ္ပဏီက မွန်တိန်း ဖြန့်ချိရေးကို ဆက်လုပ်ကြမယ်'

ဆမ် မတ်တတ် ရပ်လိုက်သည်။

'ဒီ အစည်းအဝေး ပြီးရင် ကျုပ်သမီးနှင့် ကျုပ်မြေးကို ကြည့်ဖို့ ဆေးရုံ ကို သွားမယ် ဆိုတာ ခင်ဗျားတို့ အားလုံး သိကြပါတယ်၊ ခု ကျုပ် သွားတော့ မယ်'

ဆမ်သည် သူ ထွက်ခွာသွားချိန်တွင် စီလီယာက လွဲ၍ ကျန် ပုဂ္ဂိုလ်များ အား ခေါင်းညိတ်ပြသွားသည်။

စီလီယာသည် သူ့ကုလားထိုင်၌ ဆက်ထိုင်နေသည်။

ဘီလ် အင်ဂရမ်က လာရောက် တောင်းပန်သေးသော်လည်း စီလီယာက မကြားချင်ကြောင်း ပြန်ဖြေလိုက်သည်။

ဖြန်းခနဲ ဆိုသလို ဤကုမ္ပဏီတွင် သူ ကြိုးပမ်း၍ ရရှိလာသော ရာထူး အဆင့် သူ့ဩဇာ သူ့သိက္ခာနှင့် အနာဂတ် အတွက် မျှော်လင့်ချက် မှန်သမျှတို့ သည် မမျှော်လင့်ဘဲ ပြိုကွဲ ပျက်စီးသွားကြပြီ ဖြစ်ကြောင်း သူ သိလိုက်သည်။

ဘီလ် အင်ဂရမ်က ပြောလိုက်ပြန်၏။

'ခင်ဗျားကို မေးစရာ တစ်ခု ရှိတယ်၊ ခင်ဗျား ဘာဆက်လုပ်မလဲ'

ပြန် မဖြေသောအခါ သူက ထပ်ပြောလိုက်သည်။

'မွန်တိန်းနှင့် ပတ်သက်တဲ့ ခင်ဗျား သဘောထားကို အားလုံးက သိနေ ကြပြီ ဆိုတော့ ခင်ဗျား ရောင်းချရေး ကိစ္စမှာ ဆက်ပြီး ညွှန်ကြားဖို့ ဖြစ်နိုင် ပါဦးမလား'

စီလီယာသည် ယခု အချိန်တွင် ဆုံးဖြတ်ချက် မချလိုသောကြောင့် လေး လေးပင်ပင်ကြီး ပြန်ပြောလိုက်သည်။

'ကျွန်မ မပြောတတ်ဘူး၊ ကျွန်မ သိကို မသိသေးဘူး'

သူ နေအိမ်သို့ ထိုနေ့ည ပြန်ရောက်ချိန်တွင် သူ့ အနေအထားကို ပြန်လည် စဉ်းစားရလိမ့်မည် ဖြစ်ကြောင်း စီလီယာ သိပါသည်။

ဆိုင်သ် ဖိန်းဂိုးက ပြောလိုက်၏။

'ကျုပ်က မင်းကို ဆန့်ကျင်ပြီး မဲထည့်ရမှာကို မုန်းပါတယ်၊ ဒါပေမဲ့ ကျုပ်က သိပ္ပံပညာနှင့် ပတ်သက်ပြီး ဘာမှ နားမလည်ဘူး ဆိုတာ မင်းလည်း သိတယ် မဟုတ်လား'

စီလီယာက ဒေါသနှင့် ပြန်ကြည့်လိုက်၏။

'ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့ မဲထည့်ရသေးတာလဲ၊ ရှင် အဲဒီလို ပြောပြီး မဲမပေးဘဲ နေလို့ ရသားပဲ'

ဆိုင်သ် ဖိန်းဂိုးသည် ဝမ်းနည်းပန်းနည်းဖြင့် ခေါင်းခါ လိုက်ပြီးနောက် ထွက်ခွာ သွားလေတော့သည်။

စီလီယာ တစ်ယောက်တည်း ကျန်ရစ်သည် အထိ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြလေ၏။

## ၁၃

ညစာ စားပြီးချိန်တွင် စီလီယာက ဆမ် ဟော်သုန်းနှင့် အခြား ပုဂ္ဂိုလ်များအား မွန်တိန်းကို အချိန် ဆွဲထားအောင် ပြောပြနိုင်စွမ်း မရှိခဲ့မှုကို အင်ဒရူးအား ရှင်းပြလိုက်သည်။

နောက်ဆုံးတွင် အင်ဒရူးက 'မင်းအနေနှင့် တခြား လုပ်နိုင်စရာ ဘာမှ မရှိတော့ပါဘူးကွာ' ဟူ၍ ပြောလိုက်လေ၏။

'တခြား လုပ်စရာ ဘာမှ မရှိတော့ဘူး၊ ဒါပေမဲ့ အခု ကျွန်မ ဘာလုပ်ရမလဲ ဆိုတာကိုတော့ ဆုံးဖြတ်ရလိမ့်မယ်'

'ခုချက်ချင်း ဆုံးဖြတ်ဖို့ လိုသလားကွာ၊ အချိန်ယူပြီး စဉ်းစားလို့ မဖြစ်ဘူးလား'

စီလီယာက ကျေးရူးတင်စွာဖြင့် ပြုံးပြလိုက်၏။

'ကျွန်မက အဲဒီလောက် ကြာကြာ ဆွဲထားနိုင်ပါစေလို့ မျှော်လင့်ပါတယ်၊ ဒါပေမဲ့ ဆိုင်းလို့ ရမယ့် ကိစ္စတော့ မဟုတ်ဘူး'

အင်ဒရူးက မေးလိုက်သည်။





'ဘာရန်ဒီ ထပ်ယူဦးမလား'

'ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်'

စီလီယာသည် ဖန်ခွက်ထဲတွင် ကျန်နေသေးသော အရက်ကို ကုန်အောင် သောက်လိုက်ပြီးနောက် ပြောချလိုက်၏။

'မွန်တိန်းကို ရောင်းချတဲ့ ကိစ္စမှာ ကျွန်မ ဝင်မပါနိုင်ဘူး၊ ကျွန်မ အလုပ်က ထွက်တော့မယ်'

ဖဲလ်ဒင်း ရော့သ်တွင် သူ တာဝန် ထမ်းဆောင်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်လေးနှစ် အတွင်း ထိုကိစ္စသည် ရင်နာစရာ အကောင်းဆုံး ကိစ္စ ဖြစ်သည်။

ဆမ် ဟော်သုန်းထံသို့ လိပ်မူထားသော လက်ရေးနှင့် ရေးသားထားသည့် စီလီယာ၏ စာမှာ ခပ်တိုတိုပင်။

> ကျွန်မသည် ရောင်းဝယ် ဖောက်ကားရေး ဌာန ညွှန်ကြားရေးမှူး ရာထူးနှင့် ဖဲလ်ဒင်း ရော့သ် ကုမ္ပဏီတို့မှ ဝမ်းနည်းစွာနှင့် နုတ်ထွက်လိုက်ပါသည်။
>
> ကျွန်မ၏ အကြောင်းပြချက်များကို သိပြီး ဖြစ်သဖြင့် ထပ်မံ ဖော်ပြရန် လိုအပ်မည် မဟုတ်ပါ။
>
> ကျွန်မသည် နာကြည်းမှု မရှိဘဲ ထွက်ခွာသွားခြင်း ဖြစ်ပါသည်။ ဖဲလ်ဒင်း ရော့သ် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းနှင့် ဝန်ထမ်း အားလုံး အောင်မြင်ကြပါစေဟု ကျွန်မ ဆုတောင်းပါသည်။

စီလီယာသည် ထိုစာကို ဆမ် ဟော်သုန်း၏ ရုံးခန်းသို့ ပို့ခိုင်းလိုက်ပြီးနောက် နာရီဝက် အကြာတွင် သူကိုယ်တိုင် လိုက်သွားခဲ့သည်။ သူ့ကို ရုံးခန်းထဲသို့ ချက်ချင်း ဝင်ခွင့်ပြုလိုက်၏။

ဆမ်သည် စာတစ်စောင်ကို ဖတ်နေရာမှ မော့ကြည့်လိုက်သည်။

'မင်းက ကျုပ်နှင့် တွေ့ခွင့် တောင်းထားတယ်၊ ဘာကိစ္စလဲ'

'ကျွန်မ ဒီကုမ္ပဏီ အတွက် ကာလ ရှည်ကြာစွာ တာဝန် ထမ်းဆောင်ခဲ့ပါတယ်၊ အချိန်ကာလ အများစုကတော့ ဆရာ့ အတွက် အလုပ် လုပ်ပေးခဲ့ပါတယ်၊ ကျွန်မက နောက်ပြန် လှည့်မကြည့်ဘဲ ထွက်သွားတာမျိုး မလုပ်ချင်လို့ပါ'

'ဒါပေမဲ့ အခု မင်းက တို့ကို ကျောခိုင်းပြီး ထွက်သွားတာပဲ မဟုတ်လား'

စီလီယာက ကန့်ကွက်လိုက်၏။

'ဆမ်၊ ကျွန်မကို နားလည်ပါရှင်၊ ကျွန်မက မှန်တိန်းကို ရောင်းတဲ့ ကိစ္စမှာ ဝင် မကူညီနိုင်တော့လို့ပါ၊ ကျွန်မ လိပ်ပြာ မသန့်တော့လို့ပါ'

'မင်းက လိပ်ပြာ မသန့်တာလို့ ပြောတယ်၊ ကျုပ်ကတော့ ခုကိစ္စဟာ ဣတ္ထိယတို့ရဲ့ စိတ်ဓာတ် ချောက်ချားမှု၊ တတ်ယောင်ကားနှင့် ငါသာ မှန်ရမယ် ဆိုတဲ့ စိတ်ဓာတ်၊ ငါ လုပ်ချင်သလို မလုပ်ရတဲ့ အတွက် အာဃာတ ထားပြီး မင်း အလုပ်က ထွက်တာပဲလို့ ပြောချင်တယ်'

ဆမ်သည် ဒေါသတကြီးနှင့် လှမ်းကြည့်ပြီး နောက်ထပ် ပြောလိုက်၏။

'မင်းလည်း လမ်းပေါ်က ဆိုင်းဘုတ်ကို ကိုင်လာတဲ့ အမျိုးသမီးတွေနှင့် သိပ်မထူးခြားဘူး၊ အမှန်တရားကတော့ မင်းဟာ စတော့ဗလီရဲ့ ဆေးခတ်တာကို ခံလိုက်ရတာပဲ'

ဆမ်က စားပွဲပေါ်သို့ လှန်၍ တင်ထားသော နယူးယောက် တိုင်း သတင်းစာကို ပြလိုက်၏။ ထိုသတင်းစာတွင် ပြင်သစ်နှင့် စပိန်မှ ကလေးများ ကိစ္စကို အသုံးချ၍ မှန်တိန်းအား နှောင့်နှေးသွားအောင် ကြိုးပမ်းနေသော ဒေါက်တာ စတော့ဗလီ၏ ကြေညာချက်ကို ဖော်ပြထားသည်။

စီလီယာသည် ထိုသတင်းကို ခပ်စောစောကပင် ဖတ်ရှုခဲ့ပြီး ဖြစ်သည်။

'ကျွန်မ ဆေးခတ် ခံရတယ် ဆိုတာ မဟုတ်ပါဘူး ရှင်'

'အခုဆိုရင် မင်းက စတော့ဗလီရဲ့ ဂိုဏ်းနှင့် သွား ပူးပေါင်းတော့မယ် ပေါ့၊ ဟုတ်လား'

'မဟုတ်ပါဘူး၊ ကျွန်မ ဘယ်သူနှင့်မှ မပူးပေါင်းဘူး၊ ဘယ်သူနှင့်မှ မတွေ့ဘူး၊ ကျွန်မ ဘာကြောင့် နုတ်ထွက် လာရသလဲ ဆိုတာကို ကြေညာချက် မထုတ်ပြန်ပါဘူး'

စီလီယာက နောက်ဆုံး ကြိုးစားသည့် အနေဖြင့် ပြောလိုက်ပြန်၏။

'ရှင် ကျွန်မကို တစ်ခါက ပြောခဲ့တဲ့ ကိစ္စ တစ်ခုကို ပြန် သတိ ပေးချင်ပါတယ်'

မာတင် ပိစမစ်အား ငွေကြေး ကိစ္စနှင့် ပတ်သက်၍ မပြောဆိုရန် ဆမ် ဟော်သုန်း၏ တားမြစ်ချက်နှင့် ထိုစဉ်က ပေးခဲ့သော ဆမ် ဟော်သုန်း၏ ကတိတို့ကို ပြန်ပြောပြလိုက်သည်။

'အဲဒီ ကိစ္စဟာ မှန်တယ်လို့ မင်းက ပြောပေမဲ့ ကျုပ် မမှတ်မိဘူး၊ ပြီးတော့လည်း မင်းရဲ့ ဆုံးဖြတ်ချက်တွေ ခု လောလောဆယ်မှာ ပါစင်အောင် လွဲနေတယ် ဆိုတာကို ခု ကိစ္စက သက်သေ ပြလိုက်တာပဲ'





ဖြန်းခနဲ ဆိုသလို စီလီယာသည် ဝမ်းနည်း သွားသောကြောင့် စကားပြောရာတွင် အခက်အခဲ ရှိနေသည်။

ထို့ကြောင့် စီလီယာက နှုတ်ဆက်လိုက်၏။

'ဂွတ်ဘိုင် ဆမ်'

ဆမ်က အဖြေ မပေးတော့ပါ။

စီလီယာ၏ ရာထူးမှ နုတ်ထွက်မှုသည် အတည် ဖြစ်ကြောင်း သိလိုက်သော အင်ဒရူးသည် နေအိမ်သို့ ခပ်စောစော ပြန်လာခဲ့သည်။

အင်ဒရူးက မနီလာ စာအိတ်ကြီး တစ်အိတ်ကို ထုတ်ပြလိုက်သည်။

'ကိုယ် ခရီးသွားလာရေး အေဂျင်စီ တစ်ခုကို ဝင်လာခဲ့တယ်၊ ကိုယ်တို့ နှစ်ယောက် ကမ္ဘာ လှည့်ပြီး ခရီး ထွက်ကြမယ်'

စီလီယာက ဝမ်းသာအားရ လက်မြှောက်လိုက်၏။

'အင်ဒရူးရယ်၊ ရှင်နှင့် နေရတာ သိပ်စိတ်ချမ်းသာဖို့ ကောင်းတာပဲ'

'ကိုယ်တို့ နှစ်ယောက် ဟိုတယ်တွေနှင့် သင်္ဘောတွေပေါ်မှာ ခြောက်လ အတူတူ နေပြီးကြရင် မင်းက အဲဒီလို ခံစားနိုင်ပါစေလို့ မျှော်လင့်ကြရအောင်၊ ကဲ ကိုယ်တို့ ဥရောပတိုက်ကို လေယာဉ်ပျံနှင့် သွားကြမယ်၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ကိုယ်တို့ နှစ်ယောက် စိတ်ဝင်စားတဲ့ နေရာ မှန်သမျှကို လျှောက်သွားကြမယ်၊ ပြီးတော့မှ မြေထဲ ပင်လယ်ကို ဖြတ်ပြီး သင်္ဘောနှင့် ခရီး သွားကြမယ်၊ ကိုယ်တို့ အီဂျစ်နှင့် အစ္စရေးကို သွားရမယ်၊ ပြီးတော့ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူ၊ ဩစတြေးလျနှင့် နယူးဇီလန်ကိုလည်း သွားရမယ်'

'ဒါ သိပ်ကောင်းတဲ့ စိတ်ကူးပဲ'

သူတို့သည် ကလေးများနှင့် တိုင်ပင်လိုက်ပြီးနောက် မတ်လ လဆန်းပိုင်းတွင် လွတ်ရာ ကျွတ်ရာသို့ ထွက်ပြေးသော သူတို့၏ ခရီးရှည်ကြီးကို စတင်ရန် သူနှင့် အင်ဒရူးတို့သည် နယူးရှေ့ခ်မှ ပဲရစ်သို့ လေယာဉ်ပျံနှင့် ထွက်ခွာ သွားကြမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

## ၁၄

အင်္ဂလန်နိုင်ငံ ဟာလိုးရှိ သူ့နေအိမ်၌ ရှိနေသော မာတင် ပိစမစ်သည် အိပ်ရာထဲသို့ ဝင်ခဲ့သော်လည်း အိပ်မပျော်နိုင်ဘဲ ဖြစ်နေသည်။

သူ့ အလိုအလျောက် အိပ်ပျော်သွားလိမ့်မည်ဟု မာတင် ပိစမစ်က ဆုံးဖြတ်လိုက်ပြီး သူ့အတွေးများကို ဖြန့်ကြက် လွင့်မျောစေလိုက်သည်။

သူသည် လွန်ခဲ့သော နှစ်နှစ်၊ ၁၉၇၅ ခုနှစ်က ဟာလိုးသို့ စီလီယာ ဂျော်ဒန် လာရောက်ခဲ့သည့် ကိစ္စကို ပြန်တွေးနေမိသည်။

အသက် ငယ်သော ကြွက်များ၏ ဦးနှောက်ထဲမှ ရရှိသော ရောနှောနေသည့် ပက်ပ်တိုက်ဒ်များသည် သန့်စင်ရန်နှင့် စမ်းသပ်ရန် မဖြစ်နိုင်လောက်အောင် ပမာဏအားဖြင့် နည်းလွန်းလှပေသည်။ ၎င်းအပြင် အဆိုပါ ပက်ပ်တိုက်များထဲ၌ အသုံး မဝင်သော အခြား ပက်ပ်တိုက်ဒ်များလည်း ရောနှောပါဝင်နေသည်။ အဆိုပါ ပက်ပ်တိုက်ဒ်များကို သန့်စင်နိုင်သော နည်းလမ်းအား နှစ်ပေါင်း ဆယ်နှစ်ခန့် ကြာမှ ရှာဖွေ တွေ့ရှိလိမ့်မည်ဟု ဆတ်ထရီနှင့် အခြားပုဂ္ဂိုလ်များက ယူဆကြလေသည်။

ထိုအချိန်တွင် ဟာလိုးရှိ ဝန်ထမ်းများ၏ စိတ်ဓာတ်သည် အနိမ့်ဆုံးအဆင့် အထိ ကျဆင်း ရောက်ရှိနေသည်။

သူတို့သည် အသက် ငယ်သော ကြွက်များမှ ရရှိသည့် ဦးနှောက်များကို စုပေါင်း၍ အတော်အတန် သန့်စင်သွားအောင် ပြုလုပ်နိုင်ခဲ့ကြသည်။

ထို့နောက် သန့်စင်ထားသော ပက်ပ်တိုက်ဒ်များအား အသက် ကြီးသော ကြွက်များထဲသို့ ထည့်သွင်းပေးခဲ့ရာ အသက် ကြီးသော ကြွက်များ၏ အသိဉာဏ်နှင့် မှတ်ဉာဏ်တို့သည် ချက်ချင်းလိုလို ပိုမို ကောင်းမွန်လာကြကြောင်း တွေ့ရှိလာရလေတော့သည်။

ထိုကိစ္စကို မာတင် ပိစမစ်က ဖဲလ်ဒင်း ရှေ့သ် ရုံးချုပ်သို့ အစီရင်ခံလိုက်၏။ ထို အစီရင်ခံစာသည် ဖဲလ်ဒင်း ရှေ့သ် ရုံးချုပ်၌ မွန်တီန်းအား ဖြန့်ချိရန် ပြင်းပြင်းထန်ထန် ကြိုးစားနေချိန်တွင် ရောက်ရှိလာသည်။

နောက်ဆုံး ရှာတွေ့လာသော ပက်ပ်တိုက်ဒ်များက ထူးခြား တိုးတက်မှုကို ပြသခဲ့ကြသော်လည်း ပြဿနာ တစ်ရပ်နှင့် ထပ်မံ၍ ရင်ဆိုင်နေရဆဲပင်။





ထိုပြဿနာမှာ သူတို့ ထုတ်ယူရရှိသော ပက်ပ်တိုက်ဒ်များသည် ပမာဏ နည်းလွန်းလှပေသည်။

ပက်ပ်တိုက်ဒ်များကို သန့်စင်ရန်နှင့် မှတ်ဉာဏ်ကို အထောက်အကူ ဖြစ်စေသော ပက်ပ်တိုက်ဒ်အား ခွဲထုတ်နိုင်ရန် အတွက် ပက်ပ်တိုက်ဒ်များကို ပို၍ များပြားစွာ ရရှိရန် လိုအပ်နေသည်။

ပက်ပ်တိုက်ဒ်များကို ပို၍ များပြားစွာ ရရှိရေး အတွက် မာတင် ပိစမစ် ရွေးချယ်သော နည်းလမ်းမှာ ပဋိ ပစ္စည်းများကို များပြားစွာ ထုတ်လုပ်ရေးပင် ဖြစ်သည်။ အဆိုပါ ပဋိ ပစ္စည်းများသည် ၎င်းတို့ အလို ရှိနေသော ပက်ပ်တိုက်ဒ်နှင့် ပူးပေါင်းသွားကြပြီး ကျန် ပက်ပ်တိုက်ဒ်များနှင့် တသီးတခြားစီ ဖြစ်သွားကြမည် ဖြစ်ပေသည်။ ထိုကိစ္စ အတွက် ပဋိပစ္စည်းများကို ကြွက်များထက် ပိုမို ထုတ်လုပ်ပေးသော ယုန်များကို အသုံးပြုရမည် ဖြစ်ပြီး ယုန်၏ ခြေဖဝါးများထဲသို့ ဆေးထိုး ပေးရမည် ဖြစ်ရာ ယုန်များကို ဆေး မထိုးခင် ယုန်ကို ခိုင်ခံ့စွာ ချုပ်နှောင်ထားရန် လိုအပ်ပေသည်။

တိရစ္ဆာန်များကို ကြီးကြပ်ရသော ဌာနမှ အီဗွန်နီ အီဗန်သည် အသက် နှစ်ဆယ့် ငါးနှစ် ရှိသူ ဖြစ်ပြီး မဆိုစလောက် ထွားကျိုင်းသူ ဖြစ်သည်။

သူသည် ရှည်လျားသော ရွှေရောင် ဆံပင်၊ အပြာရောင် မျက်လုံး၊ နို့နှစ်ရောင် အသားအရေတို့နှင့် ချစ်စရာ ကောင်းသူ တစ်ဦး ဖြစ်သည်။

ယုန်များကို ဆေး မထိုးခင် အီဗွန်နီက သူ့ကို တစ်မိနစ် နှစ်မိနစ်ခန့် အချိန် ပေးရန် တောင်းခံလိုက်သည်။

မာတင်က ဆေးထိုးအပ်ကို အဆင်သင့် ဖြစ်အောင် စီစဉ်နေစဉ် အီဗွန်နီသည် ယုန်ကလေး တစ်ကောင်ကို မျက်နှာနှင့် ကပ်၍ ချော့ချော့မော့မော့ ပြောဆိုနေသည်။ နောက်ဆုံးတွင် အီဗွန်နီသည် ယုန်ကလေး၏ ဦးခေါင်းကို သူ့ရင်အုံကြားတွင် ထားလိုက်ပြီးနောက် ခြေဖဝါး နှစ်ဖက်ကို ဆေးထိုးနိုင်ရန် မြှောက်ပေးထားလိုက်သည်။ အီဗွန်နီက ဆေးထိုးတော့ဟု ပြောလိုက်၏။

တိုတောင်းလှသော အချိန်ပိုင်း အတွင်းမှာပင် ယုန် ခြောက်ကောင်၏ ခြေဖဝါးများထဲသို့ ဆေးထိုး၍ ပြီးစီးသွားလေသည်။

မာတင် ပိစမစ်က ပြောလိုက်၏။

'မင်းက တိရစ္ဆာန်တွေကို တော်တော် ကြင်နာသားပဲ'

အီဗွန်နီက သူ့ကို တအံ့တဩ ပြန်ကြည့်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

ဤနည်းဖြင့် မာတင်သည် တိရစ္ဆာန်များကို ဆေးထိုးတိုင်း အီဗွန်နီနှင့် ဆုံတွေ့ခွင့် ရခဲ့သည်။ အီဗွန်နီကို ပို၍ ပို၍လည်း စိတ်ဝင်စားလာသည်။

တစ်နေ့တွင် မာတင်က ပြောလိုက်၏။

'မင်းက တိရစ္ဆာန်တွေကို သိပ်ချစ်ရင် တိရစ္ဆာန် ဆေးကုသရေး ကောလိပ်ကို သွားတက်ပါလား'

အီဗွန်နီ တွန့်ဆုတ်ဆုတ် ဖြစ်သွားပြီး ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်၏။

'ကျွန်မ သွားချင်တာပေါ့'

'ဘာဖြစ်လို့ မသွားလဲ'

'ကျွန်မ စာမေးပွဲ တစ်ခု ကျတယ်'

'တစ်ခုတည်းလား'

'ဟုတ်တယ်'

'အဲဒီ စာမေးပွဲကို ထပ် မဖြေနိုင်ဘူးလား'

'ကျွန်မ မိဘတွေက မထောက်ပံ့နိုင်တော့တဲ့ အတွက် ကျွန်မ အလုပ်စလုပ်ခဲ့ရတယ်'

ထိုကိစ္စမှာ လွန်ခဲ့သော ရက်သတ္တ သုံး လေးပတ်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုအတောအတွင်း မာတင်သည် အခြား ကိစ္စများနှင့် အလုပ် ရှုပ်နေခဲ့သည်။ ကိစ္စ တစ်ခုမှာ သူတို့ ရှာဖွေနေခဲ့သော ပက်ပ်တိုက်ဒ်သည် ခရိုမာတိုဂရမ် မာတ်ပုံ ကော်ပြားပေါ်တွင် တွေ့ရှိရသော အစင်းကြောင်း ကိုးကြောင်းအနက် သတ္တမမြောက် အစင်းကြောင်းပင် ဖြစ်ကြောင်း ရှာတွေ့လာရခြင်း ဖြစ်သည်။ ထိုပက်ပ်တိုက်ဒ်ကို ပက်ပ်တိုက်ဒ် ခုနစ် ဟူ၍ ရည်ညွှန်း သုံးစွဲလျက် ရှိသည်။ ဒုတိယ ကိစ္စမှာ အသက် ကြီးသော ကြွက်များ၏ အသိဉာဏ် တိုးတက်လာမှုနှင့် မှတ်ဉာဏ် ကောင်းမွန်လာမှုတို့သည် မတော်တဆ ဖြစ်ပွားခြင်း မဟုတ်ကြောင်း ကွန်ပျူတာနှင့် စစ်ဆေးပြီး တွေ့ရှိလာရခြင်း ဖြစ်သည်။

ထိုအောင်မြင်မှု နှစ်ခုကို ဖဲလ်ဒင်း ရှေ့သ် ရုံးချုပ်သို့ တဲလက်နှင့် အစီရင်ခံလိုက်ရာ ဆမ် ဟော်သုန်းက ချီးကျူးကြောင်း ချက်ချင်း ပြန်ကြားလိုက်သည်။ မာတင်သည် စီလီယာနှင့် ဆက်သွယ်လိုစိတ် ရှိသော်လည်း စီလီယာအလုပ်မှ နုတ်ထွက်သွားပြီ ဆိုသော သတင်းကို သူ ကြားခဲ့ရပြီး ဖြစ်သည်။ ထိုသတင်းက သူ့ကို ဝမ်းနည်းစေခဲ့ပါ၏။

မာတင်သည် ဖြစ်ရပ်များကို ပြန်လှန် သုံးသပ်ရင်း ကိစ္စ တစ်ရပ်က သူ့အား စိတ် အနှောင့်အယှက် ဖြစ်စေလျက် ရှိကြောင်း တွေးလိုက်မိသည်။ ထိုကိစ္စမှာ လပေါင်း များစွာ ကြာအောင် ပက်ပ်တိုက်ဒ် အင်ဂျက်ရှင်းကို ဆက်တိုက် ထိုးပေး ခံရသော ကြွက်အိုကြီးများနှင့် သက်ဆိုင်နေသည်။





ကြွက်အိုကြီးများ၏ အသိဉာဏ်မှာ ပိုမို ကောင်းမွန်လာသော်လည်း ၎င်းတို့၏ ယေဘုယျ ကျန်းမာရေး အခြေအနေမှာ ယိုယွင်း လာကြပုံရသည်။

ကြွက်အိုကြီးများသည် သိသိသာသာ အလေးချိန် လျော့လာပြီး ပိန်ကပ်ကပ် ဖြစ်လာကြသည်။

ထိုကိစ္စမှာ ပက်ပ်တိုက်ဒ် ခုနစ်ကြောင့် ဖြစ်နိုင်ပါသလား။ ဦးနှောက်ကို အကျိုး ကျေးဇူး ရှိစေသော်လည်း ခန္ဓာကိုယ်ကို အကျိုး ယုတ်စေပါသလား။ ပက်ပ်တိုက်ဒ် ထိုးဆေးကို အထိုးခံရသော ကြွက်အိုများသည် ပိန်ချုံး လာကြပြီး တဖြည်းဖြည်းနှင့် သေဆုံး သွားကြလေမည်လော။ သို့ဖြစ်လာခဲ့လျှင် ပက်ပ်တိုက်ဒ် ခုနစ်ကို တိရစ္ဆာန်ရော လူပါ သုံးစွဲသင့်ကြမည် မဟုတ်ပါ။ သူကြိုးပမ်းခဲ့သမျှသည် အလဟဿ အချည်းအနှီး ဖြစ်ရလေပြီလော။

ယခု ထိုကိစ္စက သူ့ကို စိတ် အနှောင့်အယှက် ပေးလျက် ရှိသော်လည်း ရက်သတ္တပတ် အားလပ်ရက်တွင် ထိုကိစ္စကို မေ့ထားရန် သူ ကြိုးစားနေသည်။

ယခု သူသည် စနေနေ့ ကုန်ဆုံးပြီး တနင်္ဂနွေနေ့ နံနက်သို့ ရောက်ခါစ အချိန်တွင် အီဗွန်နီ အကြောင်းကို စဉ်းစားနေမိသည်။

နောက်ဆုံးတွင် မာတင် ပိစမစ်က အီဗွန်နီထံ တယ်လီဖုန်းနှင့် ဆက်သွယ်ရန် ဆုံးဖြတ်လိုက်သည်။

မာတင်က တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်ချိန်တွင် အီဗွန်နီက လိုလားစွာ တုံ့ပြန်ခဲ့သည်။

သူက မာတင့် နေအိမ်သို့ သူ အရောက် လာခဲ့မည် ဖြစ်ကြောင်း ဖြေကြားလိုက်လေတော့သည်။

## ၁၅

ထိုနေ့ ညသည် မာတင့် အဖို့ မေ့မရနိုင်သော ည တစ်ညပင် ဖြစ်သည်။ မာတင်နှင့် အီဗွန်နီတို့သည် စိတ်လိုလက်ရ ချစ်တင်း နှီးနှောခဲ့ကြပြီးနောက် မာတင်က အီဗွန်နီ၏ ဖွံ့ဖြိုးသော ခန္ဓာကိုယ်ကို ချီးကျူးလိုက်သည်။

သူက ရယ်လိုက်၏။

‘သိပ် ထွားလွန်းနေတယ်ရှင့်၊ ကျွန်မလည်း ပက်ပ်တိုက်ဒ် ခုနစ်ကို သုံးစွဲဖို့ လိုလိမ့်မယ် ထင်တယ်၊ ဒါမှ ကြွက်တွေလို ကျွန်မလည်း ပိန်သွားမှာ’

ဤတွင် မာတင် ပိစမစ်သည် အီဗွန်နီကို အဝတ်အစား လဲလှယ်နိုင်းပြီး ဓာတ်ခွဲခန်းဆီသို့ အပြေးအလွှား ထွက်လာခဲ့လေတော့သည်။

သူ့ကိုယ်သူလည်း အဲဒါ မှန်နိုင်ပါ့မလားဟု တစ်ချိန်လုံး မေးနေမိခဲ့သည်။

မာတင်သည် ဝင်္ကပါထဲ၌ တစ်လှည့်စီ ပြေးလွှားနေကြသော ကြွက် ဆယ့်နှစ်ကောင်ကို ငုံ့ကြည့်နေမိသည်။

ထိုကြွက်များသည် လွန်ခဲ့သော သုံး လေးလက စ၍ ပက်ပ်တိုက်ဒ် ထိုးဆေးကို ထိုးပေးခံခဲ့ရသော ကြွက်များ ဖြစ်ကြသည်။ ထို ကြွက် အားလုံးသည် ဆေးထိုး မပေးခင်ကထက် သိသိသာသာ ပိန်နေကြသည်။

အီဗွန်နီသည် ဆယ့်နှစ်ကောင်မြောက် ကြွက်ကို လှောင်အိမ်ထဲသို့ ပြန်ထည့်နေသည်။

ထိုကြွက်သည် အခြားသော ကြွက်များကဲ့သို့ပင် လှောင်အိမ်ထဲ၌ ရှိသော ခွက်ကလေးထဲမှ အစားအစာများကို စတင်၍ စားလေတော့သည်။

မာတင်က မှတ်ချက် ချလိုက်၏။

‘သူတို့ ကောင်းကောင်း စားနိုင်ကြသားပဲ’

အီဗွန်နီကလည်း သဘော တူလိုက်သည်။

‘သူတို့ အားလုံး ကောင်းကောင်း စားကြပါတယ်၊ ကဲ ခုကိစ္စက ဘာလဲ ဆိုတာ ကျွန်မကို ပြောပြပါလားရှင်’

‘ကောင်းပြီလေ၊ ကိုယ်တို့က ပက်ပ်တိုက်ဒ် ထိုးဆေး ထိုးပေးလိုက်တဲ့ ကြွက်တွေဟာ အလေးချိန် လျော့လာကြတယ်၊ ပိန်လာကြတယ်၊ အလွန်အမင်း ပိန်ချုံး လာကြတယ်၊ ဒီတော့ ကျန်းမာရေး ညံ့လာတယ်လို့ပဲ ထင်ခဲ့မိတယ်၊ သိပ်တော့ သိပ္ပံနည်း မကျဘူးပေါ့ကွာ’

‘ဘာများ ထူးခြားမှာမို့လို့လဲ’

‘အများကြီး ထူးခြားနိုင်တာပေါ့၊ ကျန်းမာရေး မချို့ယွင်းဘူးပဲ ဆိုကြပါစို့၊ သူတို့ အားလုံး ရာနှုန်းပြည့် ကျန်းမာကြတယ်လို့ပဲ ဆိုကြပါစို့၊ ပက်ပ်တိုက်ဒ် ခုနစ်ဟာ အသိဉာဏ်နှင့် မှတ်ဉာဏ်ကို ကောင်းမွန်စေတဲ့ အပြင် ကျန်းကျန်းမာမာနှင့် ကိုယ်အလေးချိန် လျော့သွားစေနိုင်တယ်လို့ ဆိုကြပါစို့’

‘ရှင် ဆိုလိုတာက’

မာတင်က ပြောလိုက်သည်။





‘ကိုယ် ဆိုလိုတာက ကိုယ်တို့ဟာ ခန္ဓာကိုယ်ထဲမှာ အဆီ တိုးပွား လာစေမှု မရှိစေဘဲ အစားအစာကို ခန္ဓာကိုယ် ကြီးထွားလာစေရေး အတွက် ပြောင်းလဲတဲ့ ဖြစ်စဉ်ကို မတော်တဆ ရှာတွေ့ပြီလို့ ထင်တာပဲ’

အီဗွန်နီက သူ့အား ပါးစပ် ဟောင်းလောင်းနှင့် ကြည့်နေမိသည်။

‘ဒါဆိုရင် သိပ် အရေးပါနိုင်တာပေါ့’

‘မှန်ခဲ့ရင် သိပ် ဟုတ်တာပေါ့ဗျာ’

‘ဒီတော့ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ’

မာတင် စဉ်းစားလိုက်သည်။

‘စပယ်ရှယ်လစ်တွေဆီက အကြံပြုချက်တွေ ရဖို့ လိုအပ်နေတယ်၊ နက်ဖြန်ခါ ကျရင် သူတို့ ဒီကို လာကြအောင် စီစဉ်လိုက်မယ်’

‘ဒါဆိုရင် ကျွန်မတို့ အိမ်ပြန်ကြရအောင်’

ရောက်ရှိနေသော တိရစ္ဆာန် ဆေးကုပညာရှင်က မာတင်အား ပြောပြလိုက်၏။

‘ကျုပ်က ခင်ဗျားဆီကို အသေးစိတ် အစီရင်ခံစာ ပို့ပေးလိုက်ပါ့မယ်၊ အဲဒီ အစီရင်ခံစာထဲမှာ အဆီ၊ သွေး၊ ကျောင်ကြီးနှင့် ကျောင်ငယ်တွေကို ကျုပ် ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးထားတဲ့ အစီရင်ခံချက်တွေလည်း ပါလာ ပါလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားကို ကျုပ် ခု လောလောဆယ်ဆယ်မှာ ပြောနိုင်တာကတော့ သူတို့ဟာ သူတို့ အသက်နှင့် နှိုင်းစာရင် ကျုပ် တွေ့ဖူးသမျှ ကြွက်တွေထဲမှာ အကျန်းမာဆုံး ကြွက်တွေပဲ’

‘ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျုပ်ကလည်း အဲဒီလိုပဲ မျှော်လင့်ထားပါတယ်’

ထိုနေ့သည် အင်္ဂါနေ့ ဖြစ်ပြီး တိရစ္ဆာန် ဆေးကု ပညာရှင် ဒေါက်တာ အင်ဂါဆိုသည် လန်ဒန်မှ နံနက် ရထားနှင့် လိုက်လာခဲ့ခြင်း ဖြစ်သည်။ သူသည် မွန်းလွဲပိုင်းတွင် ရထားနှင့် ပြန်မည် ဖြစ်သည်။

ကြာသပတေးနေ့တွင် ရောက်ရှိလာသော ကိန်းဘရစ်ချ် တက္ကသိုလ်မှ အာဟာရ ပညာရှင် အီယန် ကဗာလီယာရိုက မာတင့်အား အသိပေးလိုက်သော အချက်အလက်များမှာ ပို၍ပင် စိတ်ဝင်စားစရာ ကောင်းပေသည်။

‘ခင်ဗျားက ကြွက်တွေကို ကုသနေတဲ့ ကိစ္စက အင်ဒိုကရင်း ဂလင်းတွေရဲ့ ဖန်ရှင်ကို ဒါမှမဟုတ် ဗဟို နဗ်ကြော စနစ်ကို ဒါမှမဟုတ် နှစ်မျိုးစလုံးကို

ပြောင်းလဲပေးလိုက်တာ ဖြစ်ရမယ်၊ ရလဒ်ကတော့ အစားအစာက တစ်ဆင့် ရရှိတဲ့ ကလိုရီတွေဟာ အဆီ အစား အပူဓာတ် အဖြစ် ပြောင်းလဲ သွားကြတယ်၊ အဲဒီ ကိစ္စဟာ အလွန်အကျွံ မဟုတ်ရင် အန္တရာယ် မရှိပါဘူး၊ သူတို့ရဲ့ ခန္ဓာကိုယ်တွေဟာ ပိုလျှံနေတဲ့ အပူဓာတ်တွေကို အငွေ့ဖြစ်စေမှု ဒါမှမဟုတ် အခြား နည်းလမ်းတွေနှင့် ပြန်ထုတ် ပစ်လိုက်ကြတယ်'

ကင်းဘရစ်ချ်၌ မာတင်နှင့် သိကျွမ်းခဲ့သော ဒေါက်တာ ကဗာလီယာရိသည် အာဟာရနှင့် ပတ်သက်သော ဘာသာရပ်တွင် ထိပ်တန်း ပညာရှင် တစ်ဦး အဖြစ် အသိအမှတ် ပြုကြရသည်။

'လူတစ်ဦးစီ ဒါမှမဟုတ် တိရစ္ဆာန် တစ်ကောင်စီဟာ ကလိုရီကို အသုံးချမှုနှင့် ပတ်သက်ပြီး စွမ်းဆောင်ရည် ကွဲပြား ခြားနားကြတယ်လို့ သိလာရတယ်၊ ကလိုရီ တချို့ကတော့ အဆီ ဖြစ်သွားကြတယ်၊ ကျန် ကလိုရီတွေကိုတော့ ကျုပ်တို့ မမြင် မသိတဲ့ ခန္ဓာကိုယ်ရဲ့ အခြား လုပ်ငန်းတွေမှာ အသုံးပြုလိုက်ကြတယ်၊ တချို့ ကလိုရီတွေကတော့ ခန္ဓာကိုယ်ရဲ့ အပူရှိန်ကို ထိန်းထားနိုင်အောင် အပူဓာတ် အဖြစ် ပြောင်းလဲ သွားရလိမ့်မယ်၊ ဒါပေမဲ့ အာဟာရဖြစ်သွားတဲ့ ကလိုရီ၊ အပူဓာတ် ဖြစ်သွားတဲ့ ကလိုရီနှင့် အဆီ ဖြစ်သွားတဲ့ ကလိုရီတွေရဲ့ အချိုးအစားဟာ ကွဲပြား ခြားနားလှ ရှိတယ်လို့ သိရတယ်၊ ဒါကြောင့် ခင်ဗျားက တိရစ္ဆာန်တွေကို ဆေးကု ပေးနေသလို အဲဒီ အချိုးအစားကို ပြောင်းလဲသွားအောင် လုပ်နိုင်မယ် ထိန်းချုပ်နိုင်စွမ်း ရှိမယ် ဆိုရင် အဲဒါဟာ ကြီးကြီးကျယ်ကျယ် တိုးတက်မှု ရလာတာပဲ'

ဒေါက်တာ ကဗာလီယာရို၏ ဆွေးနွေးပွဲသို့ လာရောက် နားထောင်ရန် မာတင် ဖိတ်ကြားထားသော အုပ်စုက စိတ်ပါဝင်စားစွာ နားထောင် နေကြသည်။ ထိုအုပ်စုတွင် ရောင်း ဆတ်ထရီ၊ အခြား သိပ္ပံပညာရှင် နှစ်ယောက်နှင့် အီဗွန်နီတို့ ပါဝင်ကြသည်။

ဆတ်ထရီက ဝင်ပြောလိုက်၏။

'အစားကို များများ စားသော်လည်း ကိုယ် အလေးချိန် မတိုးဘဲ ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီ အမျိုးအစားကြောင့် ဖြစ်မှာပဲ'

'သိပ်ဟုတ်တာပေါ့၊ ကျုပ်တို့ အားလုံး အဲဒီလို ပုဂ္ဂိုလ်မျိုးတွေနှင့် တွေ့ဖူးပြီး မနာလိုစိတ်တွေ ဖြစ်ခဲ့ကြရပါလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ကြွက်တွေကို အခြား ကိစ္စ တစ်ရပ်က အထောက်အကူ ပြုနေတာလည်း ဖြစ်ရမယ်၊ အဲဒါကတော့ ကျေနပ် တင်းတိမ်စေမှုပဲ'





'ဗဟို နပ်ကြော စနစ်က တစ်ဆင့် ဖြစ်ရမှာပေါ့'

မာတင်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ်၊ ဗဟိုနပ်ကြော စနစ်ကို ဦးနှောက်ထဲမှာ ရှိတဲ့ ပက်ပ်တိုက်ဒ်တွေက ထိန်းချုပ်ထားတယ်၊ ခင်ဗျားရဲ့ ထိုးဆေးက ဦးနှောက်နှင့် ဆိုင်တယ် ဆိုတော့ အဲဒီ ဆေးက ဆာလောင် မွတ်သိပ်မှုကို လျှော့နည်းစေတာလည်း ဖြစ်နိုင်တယ်၊ ဒီတော့ ဘာပဲပြောပြော ခင်ဗျား ဆေးမှာ လိုလားအပ်သော မဝစေတဲ့ အကျိုး သက်ရောက်မှုလည်း ပါဝင်တယ် ဆိုတာ ထင်ရှားပါတယ်'

နောက်တစ်နေ့တွင် မာတင်က ဆမ် ဟော်သုန်းထံသို့ လျှို့ဝှက် အစီရင်ခံစာ ပေးပို့လိုက်သော အခါ 'မဝစေတဲ့ အကျိုး သက်ရောက်မှု' ဆိုသော စကားလုံးကို ထည့်သွင်း အသုံးချလိုက်သည်။

'ပက်ပ်တိုက်ဒ် ခုနစ်၏ မူလ ရည်ရွယ်ချက်မှာ မှတ်ဉာဏ် ပိုကောင်းလာစေရေးပင် ဖြစ်သော်လည်း နောက်ထပ် တွေ့ရှိလာရသော အကျိုး သက်ရောက်မှုရှိစေသည့် ဆေး တန်ပြန်မှုကို ထပ်မံ၍ စမ်းသပ်ကြည့်ဦးမည် ဖြစ်ပါသည်။'

ထိုအစီရင်ခံစာမှာ လျှို့ဝှက် အဆင့်တွင် ရှိနေသော်လည်း ဟာလိုးရှိ မာတင် ပိစမစ်နှင့် လုပ်ဖော်ကိုင်ဖက်များက အလွန်အကျူး စိတ်ဝင်စား နေကြလေသည်။

# စတုတ္ထပိုင်း

(၁၉၇၇-၁၉၈၅)

# ၁

အင်ဒရူးနှင့် စီလီယာတို့သည် အက်စ် အက်စ် ဆန်တာ အစွာဘဲလား သင်္ဘောကြီးဖြင့် ဟိုနိုလူလူ ဆိပ်ကမ်းသို့ ရောက်ရှိလာကြချိန်တွင် အင်ဒရူး၏ ကြိုတင်စီစဉ်ချက် အရ လီဆာနှင့် ဘရုစ်တို့က ဆိပ်ကမ်းမှ လာရောက် ကြိုဆိုနေကြသည်ကို တွေ့လိုက်ရလေတော့သည်။

အင်ဒရူးသည် လွန်ခဲ့သော အနှစ် နှစ်ဆယ်က စီလီယာနှင့် မင်္ဂလာဦးပျားရည်ဆမ်း အပျော် ခရီး ထွက်ခဲ့ကြစဉ် စီလီယာနှင့် ကလေးများအား စီလီယာ၏ ဖခင် သေဆုံးခဲ့ရသည့် နေရာသို့ လိုက်ပို့ပေးမည်ဟု ကတိ ပေးခဲ့သော ကိစ္စကို အကောင်အထည် ဖော်လိုက်ခြင်းပင် ဖြစ်သည်။

သူတို့ မိသားစုသည် အင်ဒရူး၏ စီစဉ်ပေးချက်ဖြင့် စီလီယာ၏ ဖခင် ရေတပ် အရာခံဗိုလ် ဝီလစ် ဒီဂရေး သေဆုံးခဲ့ရသော အာရီဇိုးနား သင်္ဘောကြီး နစ်မြုပ်သည့် နေရာသို့ သွားရောက်ခဲ့ကြသည်။

ထိုနေ့ ညတွင် သူတို့ မိသားစုသည် ကဟာလာ ဟီလ်တန် ဟိုတယ်၏ ထမင်းစားခန်းထဲ၌ ညစာ စားရန် စုစုဝေးဝေး ရောက်ရှိလာကြသည်။

စီလီယာ၏ တောင်းဆိုချက် အရ အင်ဒရူးက တိုက်တင်ဂါ ရှန်ပိန် တစ်ပုလင်းကို မှာယူလိုက်၏။

ရှန်ပိန် သောက်နေကြစဉ် စီလီယာက ပြောလိုက်၏။

'ကျွန်မလည်း ကိုယ့် ကိုယ် ကိုယ် သနားပြီး ဝမ်းနည်းနေမယ့် အစားဘဝကို ပြန်ထူထောင်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဒီ ခရီးကတော့ အကောင်းဆုံး အပျော် ခရီးပါပဲ၊ ဒါပေမဲ့ နှစ်ရက်ပဲ ကျန်တော့တယ်'

စီလီယာက အင်ဒရူးဘက်သို့ လှည့်လိုက်၏။

'ရှင်လည်း ဆေး ပြန်ကုဖို့ အဆင်သင့် ဖြစ်နေပြီနှင့် တူတယ်'

'စိတ်အား ထက်ထက်သန်သန်နှင့် အဆင်သင့်ပါပဲ'

'ကျွန်မ နားလည်ပါတယ်၊ ကျွန်မ ကိုယ်တိုင်လည်း အဲဒီလို ခံစားနေရတယ်၊ ဒီတော့ ကျွန်မ အလုပ်လက်မဲ့ အဖြစ် ဆက်မနေတော့ဘူး၊ ကျွန်မ အလုပ် ရှာဖို့ စိတ်ကူးထားတယ်'

လီဆာက မေးလိုက်၏။

'ဖဲလ်ဒင်း ရှော့သ်ကို ပြန်သွားမှာလား'

စီလီယာက ခေါင်းခါလိုက်သည်။

'ဖဲလ်ဒင်း ရှော့သ်က ပြန် လက်ခံမှာ မဟုတ်ပါဘူး၊ တခြား ကုမ္ပဏီတွေမှာပဲ စုံစမ်းတော့မယ်'

ညစာ စားပြီးသောအခါ ဘရစ်က မေးလိုက်၏။

'ကျွန်တော်တို့ နက်ဖြန်ကျရင် ဘာလုပ်ကြမလဲ'

စီလီယာက အကြံပေးလိုက်သည်။

'တို့များ ဟာဝိုင်ယီမှာ နောက်ဆုံး နေရမယ့် ပြည့်ပြည့်ဝဝ နေ့ တစ်နေ့ ဖြစ်တဲ့ အတွက် ကမ်းစပ်မှာ ပျင်းပျင်းရိရိနှင့် အချိန် ဖြုန်းကြရင် မကောင်းပေဘူးလား'

အားလုံးက သဘော တူလိုက်ကြသည်။

## ၂

ဂျော်ဒန် ဇနီးမောင်နှံ၏ အိပ်ခန်းထဲတွင် နံနက် ခြောက်နာရီ ထိုးပြီးခါစ၌ တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။

စီလီယာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ အိပ်ရာမှ နိုးလာသော အင်ဒရူးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

'မစ္စစ် စီလီယာ ဂျော်ဒန် အတွက် ပုဂ္ဂိုလ်ရေးရာ တယ်လီဖုန်း လာနေပါတယ်'

အော်ပရေတာက ပြောလိုက်ခြင်း ဖြစ်သည်။

'ဘယ်သူက ခေါ်တာလဲ'

'နယူးဂျာဆီ ဖဲလ်ဒင်း ရှော့သ်က မစ္စတာ ဆိသ် ဖိန်းဂိုးပါ'

အင်ဒရူးက တယ်လီဖုန်း စကားပြောခွက်ကို စီလီယာအား လှမ်းပေးလိုက်သည်။





'အခု ပြောနေတာ မင်းလား စီလီယာ'

'ဟုတ်ပါတယ်'

'မင်း အိပ်ရာက နိုးလာရတယ် ဆိုလို့ တောင်းပန်ပါတယ်၊ ကျုပ်တို့က ထပ် မစောင့်နိုင်ကြလို့ပါ'

'ကျုပ်တို့ ဆိုတာ ဘယ်သူတွေလဲ၊ ဘာကို ထပ်မစောင့်နိုင်တာလဲ'

'စီလီယာ၊ ကျုပ် ပြောမယ့် စကားဟာ သိပ် အရေးကြီးပါတယ်၊ မင်း ဂရု စိုက်ပြီး နားထောင်ပါ၊ အခု ကျုပ်က ဘုတ်အဖွဲ့ရဲ့ မေတ္တာ ရပ်ခံချက် အရ ဘုတ်အဖွဲ့ ကိုယ်စား မေတ္တာ ရပ်ခံနေတာပါ၊ ပထမဦးဆုံး မင်းကို ပြောပြဖို့ ကျုပ်ကို ညွှန်ကြားထားတဲ့ အချက် တစ်ချက်ကတော့ မင်း အလုပ်က နုတ်ထွက်သွားတုန်းက မင်း တင်ပြခဲ့တဲ့ အချက်အလက်တွေဟာ မှန်ကန်နေပြီး ကျုပ်တို့ အားလုံး မှားယွင်းခဲ့ကြတယ် ဆိုတာပါပဲ'

စီလီယာက သူ ကြားနေရသော စကားများမှာ ဟုတ်မှ ဟုတ်ပါလေစဟူ၍ သံသယ ဖြစ်လာမိသည်။ ဒါမှမဟုတ် သူ အိပ်ရာမှ နိုးမှ နိုးသေးရဲ့လား။

'ဆိသ်၊ ကျွန်မ နားမလည်တော့ဘူး၊ ရှင်က မွန်တိန်း အကြောင်း ပြောနေတာ မဟုတ်ပါဘူးနော်'

'ဟုတ်ပါတယ်၊ အဲဒါ အကြောင်း ပြောနေတာပါပဲ'

'ခဏ နေပါဦးရှင်'

စီလီယာသည် စကားပြောခွက်ကို လက်ဖဝါးနှင့် ဖုံးလိုက်ပြီးနောက် အင်ဒရူးအား ပြောလိုက်၏။

'အရေးကြီးတာ တစ်ခုခုတော့ ဖြစ်နေပြီ၊ ဘာလဲတော့ ကျွန်မ မသိဘူး၊ ဟိုဘက် တယ်လီဖုန်းက နားထောင်စမ်းပါ'

ရေချိုးခန်းထဲတွင် လိုင်း တစ်လိုင်းတည်း ဆက်သွယ်ထားသော တယ်လီဖုန်း တစ်လုံး ရှိသည်။ အင်ဒရူး ထို တယ်လီဖုန်းဆီသို့ ရောက်သွားသည် အထိ စီလီယာ စောင့်နေလိုက်၏။

'ဆိသ်ရေ၊ ဆက်ပြောတော့'

'မင်းကို ကျုပ် ပြောတဲ့ ကိစ္စက ပထမ အချက်ပါ စီလီယာ၊ ဒုတိယ အချက်ကတော့ ဘုတ်အဖွဲ့က မင်းကို ပြန်လာစေချင်ကြတယ်'

'ရှင် အစက စပြောမှ ဖြစ်လိမ့်မယ် ထင်တယ်'

ဤတွင် ဆိသ် ဖိန်းဂိုးက ကမ္ဘာ့ အရပ်ရပ်တွင် ဦးနောက် ချွတ်ယွင်းနေသော ကလေးငယ် သုံးရာ နီးပါး မွေးဖွား လာခဲ့ပြီ ဖြစ်ကြောင်း၊ ထိုကလေး

များ၏ မိခင်များသည် ကိုယ်ဝန် ရှိနေစဉ် မွှန်တိန်းကို သုံးစွဲခဲ့ကြသူများ ဖြစ်ကြောင်း ပြောပြသွားသည်။

ဆိဒ်သ် ဖိန်းဂိုးက ဆက်ပြောလိုက်ပြန်၏။

'စီလီယာ၊ ကျုပ်တို့ အားလုံး အိပ်မပျော်တဲ့ ညတွေ များလှပါပြီ၊ မင်းကတော့ လိပ်ပြာသန့်မယ့် သူပါ၊ မင်းက တတ်နိုင်သလောက် လုပ်ခဲ့ပါတယ်၊ မင်း သတိပေးတာကို လျစ်လျူရှုလိုက်တာကတော့ မင်းရဲ့ အပြစ် မဟုတ်ပါဘူး'

စီလီယာ စိတ်ထဲတွင် ဖြန်းခနဲ အတွေး တစ်ခု ပေါ်ပေါက်လာသည်။

'ရှင် ကျွန်မကို ပြောပြနေတဲ့ ကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့် သိကုန်ကြပြီလား၊ သတင်းကော ချက်ချင်း ထုတ်ပြန်ပေးရဲ့လား၊ အမျိုးသမီးတွေ မွှန်တိန်းကို မသုံးစွဲသင့်ကြောင်း သတိ ပေးပြီးပြီလား'

'အဲလေ၊ ဒီလိုတော့ မလုပ်ရသေးပါဘူး၊ သတင်းကလည်း ဟိုတစ်စ သည်တစ်စ ပါနေတယ်၊ ဒါပေမဲ့ များများစားစားတော့ မပါသေးဘူး၊ ဖြစ်ပုံကတော့ သတင်းစာဆရာတွေက ဒီသတင်းကို အစ အဆုံး မသိကြသေးဘူးနှင့် တူတယ်၊ ဒါပေမဲ့ မကြာခင် သတင်းတွေ ပါလာလိမ့်မယ်လို့ ကျုပ်တို့ တွေးပူနေကြတယ်'

မွှန်တိန်းကို ဆက်လက် ရောင်းချနေပုံ ရကြောင်း စီလီယာ ခန့်မှန်းကြည့်လိုက်သည်။

ဆိဒ်သ်က သတိ ထားပြီး ထပ်ပြောလိုက်ပြန်၏။

'ဂီရှုန်ဒီချီမီကတော့ မွှန်တိန်းကို ပြစ်သစ်မှာ ဒီတစ်ပတ် အတွင်း ပြန်ရုပ်သိမ်းမယ်လို့ ကျုပ်တို့ကို ပြောထားတယ်၊ ဗြိတိန်ကလည်း ကြေညာချက်ထုတ်ဖို့ စီစဉ်နေတယ်၊ ဩစတြေးလျ အစိုးရကတော့ အရောင်း ပိတ်ပစ်လိုက်ပြီ'

စီလီယာ၏ အသံသည် အော်ဟစ်သံလောက် ကျယ်လောင်သွားသည်။

'ကျွန်မက အမေရိကန် အကြောင်း ပြောနေတာ ရှင့်'

'ဒီမှာ စီလီယာ၊ ကျုပ်တို့က ဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ တစ်သဝေမတိမ်း ဆောင်ရွက်နေကြပါတယ်၊ ဖဲလ်ဒင်း ရှော့သ်ကို ရောက်လာတဲ့ သတင်းမှန်သမျှ အက်ဖ်ဒီအေကို ချက်ချင်း ဆက်ပို့ပေးနေပါတယ်၊ အဲဒီ ကိစ္စကို ဗင်းစင့်လော့ဒ် ကိုယ်တိုင် ဆောင်ရွက်နေပါတယ်၊ ကျုပ်တို့က အက်ဖ်ဒီအေရဲ့ ဆုံးဖြတ်ချက်ကို စောင့်နေတာပါ'





'အဲဒီ ဆုံးဖြတ်ချက်ကို ဘာဖြစ်လို့ စောင့်နေရတာလဲ၊ မွှန်တိန်းကို ရုပ်သိမ်းပါ ဆိုတဲ့ ဆုံးဖြတ်ချက်က လွဲပြီး ဘာများ ဖြစ်နိုင်မှာမို့လို့လဲ'

ဆိဒ်သ် ဖိန်းဂိုး ခုခံ ကာကွယ်ပြီး ပြန်ပြောလိုက်ပြန်၏။

'ကျုပ်တို့ရဲ့ ရှေ့နေတွေကတော့ ခုအချိန်မှာ အက်ဖ်ဒီအေရဲ့ ဆုံးဖြတ်ချက်ကို အလျင် ရဖို့ လိုတယ်လို့ လေးလေးနက်နက် ပြောကြတာပဲ'

'အက်ဖ်ဒီအေက နှေးကွေးတယ်၊ ရက်သတ္တပေါင်း များစွာ ကြာသွားနိုင်တယ်၊ ကျွန်မ ဆမ် ဟော်သုန်းနှင့် စကား ပြောမှ ဖြစ်တော့မယ်'

'အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဆမ့်မှာ ကိုယ်ရေး ကိုယ်တာ ပြဿနာလေး ရှိနေတယ်၊ သူ နေမကောင်းဘူး၊ မင်းကို ပြန်လာစေချင်တာ အဲဒါလည်း အကြောင်း အချက် တစ်ခုပဲ'

'ဒါ စကားကို မရေမရာ ပြောတာပဲ၊ အဓိပ္ပာယ်က ဘယ်လိုလဲရှင့်'

ဤတွင် ဆိဒ်သ် ဖိန်းဂိုးက ဆမ် ဟော်သုန်း၏ သမီး ဂျူးလီးယက် ကိုယ်ဝန် ရှိနေစဉ် ပြင်းပြင်းထန်ထန် ပို့အန်မှုများ ဖြစ်ပေါ်လာသောကြောင့် ဆမ်က ဂျူးလီးယက်အား မွှန်တိန်းကို တိုက်ကျွေးခဲ့ကြောင်း၊ ယခု ဆရာဝန်များက ဂျူးလီးယက်၏ ကလေးသည် ဦးနှောက် ချွတ်ယွင်းနေသော ကလေး ဖြစ်သည်ဟု အဆုံးအဖြတ် ပေးကြကြောင်း ရှင်းပြလိုက်သည်။

'ဝမ်းနည်း ပူဆွေးပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးတဲ့ ဆမ်ဟာ ခု လောလောဆယ်မှာတော့ ဘာ အလုပ်ကိုမှ မလုပ်နိုင်ဘူး ဆိုတာ မင်းလည်း တွေးမိမှာပါ စီလီယာ၊ ဒါပေမဲ့ အဲဒါက တစ်စိတ် တစ်ပိုင်းလောက်ပဲ ရှိသေးတယ်၊ ကျုပ်တို့ အားလုံးဟာ ပဲ့ ချွတ်ယွင်းနေတဲ့ သင်္ဘောကြီးလို ဖြစ်နေတယ်၊ ဘယ်လောက် အထိ ပျက်စီး ဆုံးရှုံးသွားတယ် ဆိုတာကို သုံးသပ်ဖို့နှင့် ဦးဆောင်မှု ပေးဖို့ မင်းကို အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ အဖြစ် ပြန်ခေါ်တာပါ'

ဖဲလ်ဒင်း ရှော့သ်၏ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဆိုပါကလား။ ဥက္ကဋ္ဌထက် တစ်ဆင့်သာ နိမ့်သော ရာထူး ဖြစ်သည်။

'ဘုတ်အဖွဲ့ထဲက အဖွဲ့ဝင် အချို့ဟာ ကျုပ်တို့ စကား ပြောနေတာကို ဝိုင်း နားထောင်နေကြတယ် ဆိုတာ မင်းလည်း ရိပ်မိမှာပါ၊ ကျုပ်တို့ကတော့ မင်း လက်ခံမှာပဲလို့ မျှော်လင့်ပြီး စောင့်နေကြတယ်'

စီလီယာသည် ရေချိုးခန်းထဲရှိ အင်ဒရူးက လက်ပြ၍ ခေါ်နေကြောင်း သတိ ထားလိုက်မိသဖြင့် စကား ပြောခွက်ထဲသို့ 'ခဏ စောင့်ပါဦး' ဟု ဒုတိယ အကြိမ် ပြောလိုက်သည်။

ရေချိုးခန်းထဲမှ ထွက်လာသော အင်ဒရူးအား စီလီယာက 'ရှင် ဘယ်လို ထင်သလဲ' ဟု မေးလိုက်၏။

'မင်းဘာသာ ဆုံးဖြတ်ရမှာပဲ၊ ဒါပေမဲ့ ဟောဒါကိုတော့ မင်း သတိရပါ၊ မင်း ပြန်သွားခဲ့လို့ ရှိရင် မင်း ရာထူးက နုတ်ထွက်ပြီး အဝေး ရောက်နေတာကို ထည့်စဉ်းစားကြမှာ မဟုတ်ဘူး၊ မွန်တိန်းကြောင့် ဖြစ်လာတဲ့ အရှုပ်အရှင်း အချို့ အဝက်နှင့် တာဝန်တွေကို မင်းအပေါ်မှာ ပုံချလိမ့်မယ်'

'ကျွန်မ သိပါတယ်'

စီလီယာ စဉ်းစားလိုက်သည်။

'ဒါပေမဲ့ ကျွန်မက ဒီကုမ္ပဏီမှာ အကြာကြီး အလုပ် လုပ်လာတာ၊ အခု သူတို့ အတွက် ကျွန်မ လိုအပ်နေပြီ၊ ကျွန်မ ပြန်သွားမယ်၊ ဒါပေမဲ့ တကယ်လို့'

စီလီယာက စကားပြောခွက်ထဲသို့ ပြန်ပြောလိုက်၏။

'ဆိဒ်၊ ရှင် ပြောတာတွေကို ကျွန်မ ဂရုတစိုက် နားထောင်ခဲ့ပါတယ်၊ ဟောဒီ အချက် တစ်ချက်ကို သဘော တူရင် ကျွန်မ ပြန်လာပါ့မယ်'

'ပြောလေ'

'မွန်တိန်း ရောင်းချနေတဲ့ ကိစ္စကို ဖဲလ်ဒင်း ရှော့သ်က ဒီကနေ့ ပြန် ရုပ်သိမ်း ပေးရမယ်၊ မွန်တိန်းရဲ့ အန္တရာယ်ကိုလည်း လူသိရှင်ကြား ဖြစ်အောင် ကြေညာ ပေးရမယ်၊ နက်ဖြန်ခါကျမှ နောက်တစ်ပတ်ကျမှ အက်ဖ်ဒီအေက ဆုံးဖြတ်ပြီးမှ ဆိုတာမျိုးကို မလိုချင်ဘူး၊ ဒီကနေ့ပဲ ဖြစ်ရမယ်'

'စီလီယာ၊ ဒါကတော့ မဖြစ်နိုင်ဘူး၊ ရှေ့နေတွေနှင့် သတိပေးချက်ကို ရှင်းပြပြီးပြီပဲ၊ ကျုပ်တို့ကို သန်းနှင့် ချီပြီး တရား စွဲကြလိမ့်မယ်၊ ကုမ္ပဏီတောင် ပျက်သွားနိုင်တယ်'

'ဘာပဲပြောပြော တရား စွဲတာတွေကတော့ ရှိလာမှာပဲ'

'အဲဒါကို ကျုပ်တို့ သိပါတယ်၊ ဒါပေမဲ့ အခြေအနေကို ပို ဆိုးမသွားစေချင်ဘူး၊ မကြာခင် ပြန်ရုပ်သိမ်းရတော့မှာပါ၊ လောလောဆယ်မှာတော့ မင်း ပြန်ရောက်လာရင် ကျုပ်တို့ ဆွေးနွေးနိုင်ကြတာပေါ့'

'ကျွန်မက ဆွေးနွေးတာ မလိုချင်ဘူး၊ လုပ်ကို လုပ်စေချင်တာ၊ ဒီကနေ့ ရေဒီယိုနှင့် ရုပ်မြင်သံကြားက တစ်နိုင်ငံလုံးကို ထုတ်လွှင့်ပေးရမယ်၊ သတင်းစာတိုင်းမှာ နှစ်ဆယ့်လေးနာရီ အတွင်း ပါလာစေရမယ်၊ ကျွန်မက စောင့်ဖတ်ပြီး နားထောင်နေမယ်၊ ဒီလိုမှ မဟုတ်ရင်တော့ အလုပ် မဖြစ်ဘူးပဲ'

ဤတစ်ကြိမ်တွင် 'ခဏ နေပါဦး' ဟု ဆိဒ်က ပြောရတော့သည်။





တစ်ဖက်တွင် အပြင်းအထန် ဆွေးနွေးနေသံများကို ခပ်ဝါးဝါး ကြားနေရသည်။

နောက်ဆုံးတွင် ဆိဒ်က တယ်လီဖုန်းထဲသို့ ပြောလိုက်၏။

'စီလီယာ၊ မင်းပြောတဲ့ အချက်တွေကို သဘောတူပါတယ်၊ မင်း အတင်းတောင်းဆိုတဲ့ ကိစ္စတွေကို နာရီပိုင်း အတွင်း ချက်ချင်း လုပ်ဖို့ ကျုပ် ကိုယ်တိုင် တာဝန် ယူပါတယ်၊ မင်း ဘယ်တော့လောက် ခပ်မြန်မြန် ပြန်လာနိုင်မလဲ'

စီလီယာက ဖြေလိုက်၏။

'ကျွန်မ ပထမဦးဆုံး လေယာဉ်ပျံနှင့် ပြန်လာခဲ့မယ်၊ နက်ဖြန်ခါကျရင် ကျွန်မကို ရုံးခန်းက စောင့်ပါ'

## ၃

ဆမ် ဟော်သုန်း၏ ရုပ်ဆင်း သဏ္ဌာန်သည် လမ်းလျှောက်နေသော တစ္ဆေ သရဲ တစ်ကောင်နှင့် တူနေပေသည်။

ဖဲလ်ဒင်း ရှော့သ်သို့ စီလီယာ ပြန်ရောက်သည့် နေ့တွင် သူ့ကို မြင်ရပြီး နောက် ရုတ်တရက် စကား မပြောနိုင်သဖြင့် ဆမ် ဟော်သုန်းကပင် စတင်၍ စကား ပြောလိုက်သည်။

'ကဲ ကျုပ်တို့ အားလုံး မှားယွင်းခဲ့ကြတဲ့ အချိန်မှာ မင်း မှန်ကြောင်း သက်သေ ပြနိုင်ပြီး အောင်မြင်စွာ ပြန်လာရတာကို ဘယ်လို ခံစားရသလဲ၊ တော်တော်ကလေး အရသာ ရှိတယ် မဟုတ်လား'

ရန်လိုသော စကားများကို စီလီယာ မမှတ်မိသော အက်ကွဲကွဲ လေသံနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

ဆမ် ဟော်သုန်းနှင့် စီလီယာ မတွေ့ခဲ့ရသည်မှာ ခုနစ်လပင် ရှိခဲ့လေပြီ။ ထိုအချိန် ကာလ အတွင်း ဆမ်သည် ဆယ်နှစ် ပို၍ အသက် ကြီးသွားသည်ဟု ထင်ရသည်။ ဆမ်၏ မျက်နှာသည် ဖြူရော်ရော်နှင့် ပိန်ချုံးနေသည်။ ပါးရိုးပေါ်မှ အရေပြားများသည် အိတွဲပြီး ကျနေကြသည်။ သူ့ မျက်လုံးများသည် မှေးမှေးမှိန်မှိန် ဖြစ်နေကြပြီး ချိုင့်ဝင်နေပုံ ရသည်။ မျက်လုံးများ၏ အောက်ဘက်တွင်လည်း မျက်ကွင်းညိုကြီးများကို တွေ့နေရသည်။ သူ့ လက်ပြင် ကုန်း

နေသည်။ ကိုယ်အလေးချိန် သိသိသာသာ ကျဆင်းသွားသောကြောင့် သူ ဝတ်ထားသော အဝတ်အစားများသည် ပုံမကျ ပန်းမကျ ဖြစ်နေကြသည်။

စီလီယာက ဖြေလိုက်၏။

'မဟုတ်ပါဘူး ဆမ်ရယ်၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ရှင့် မြေးလေး အတွက်လည်း ဝမ်းနည်းရပါတယ်၊ ပြန်လာတာကတော့ ကူညီဖို့ သက်သက်ပါ'

'ဟုတ်ပါတယ်လေ၊ မင်းလည်း'

စီလီယာက ကြားဖြတ်၍ ပြောလိုက်သည်။

'ဆမ်၊ ကျွန်မတို့ လွတ်လွတ်လပ်လပ် စကား ပြောနိုင်တဲ့ နေရာကို သွားကြရအောင်'

သူတို့ နှစ်ယောက်သည် စင်္ကြံလမ်း၌ ဆုံမိကြပြီး ရပ် ပြောနေကြခြင်း ဖြစ်သည်။ စီလီယာသည် ဆိသ် ဖိန်းဂိုး အပါအဝင် ဘုတ်အဖွဲ့ဝင် လူကြီး အချို့နှင့် အစည်းအဝေး ပြုလုပ်ပြီး ပြန်လာခဲ့ခြင်း ဖြစ်သည်။

ဥက္ကဋ္ဌ ရုံးခန်းသည် သိပ်မဝေးတော့သဖြင့် ဆမ်က သူ့ ရုံးခန်းဆီသို့ လျှောက်သွားသည်။ စီလီယာကလည်း နောက်မှ လိုက်ပါသွားသည်။

အခန်းထဲသို့ ရောက်သောအခါ ဆမ်က စပြောလိုက်၏။

'ကဲ၊ မင်း စိတ်ထဲက ဘယ်လို တွေးနေသလဲ ဆိုတာ ကျုပ်ကို ပြောစမ်း'

စီလီယာကလည်း ညင်ညင်သာသာ ပြန်ပြောလိုက်သည်။

'ကျွန်မ စိတ်ထဲက ဘယ်လို တွေးနေတယ်လို့ ရှင် ထင်သလဲ ဆိုတာ ရှင်ကပဲ ပြောပြစမ်းပါဦး'

'ကျုပ် သိပ်သိတာပေါ့၊ မွန်တိန်းကို ခွင့်ပြုချက် မပေးသေးခင် ကျုပ်က ဂျူးလီးယက်ကို ပေးခဲ့တဲ့ အတွက် ကျုပ်မှာ ရာဇဝတ်ကြောင်း အရ တာဝန် ရှိတယ်၊ ဂျူးလီးယက်နှင့် ဒိုက်တို့ရဲ့ ကလေးကို လူ ရယ်စရာ သတ္တဝါလေး ဖြစ်အောင် လုပ်ခဲ့တဲ့ လူဟာ ကျုပ် တစ်ယောက်တည်းပဲ ဖြစ်တယ်လို့'

သူ့ စကားလုံးများသည် ဆို့နင့်ပြီး ပျောက်ကွယ် သွားကြလေတော့၏။

နောက်ဆုံးတွင် စီလီယာက ပြောလိုက်သည်။

'ရှင်က အမှန်အတိုင်း သိချင်တယ် ဆိုရင် ဟုတ်တယ်၊ ကျွန်မ အဲဒီလိုပဲ တွေးခဲ့တယ်၊ အခုလည်း တွေးနေတုန်းပဲလို့ ပြောချင်တယ်'

ဆမ်က စီလီယာအား စိုက်ကြည့်နေပြီး သူ ပြောသော စကားလုံးတိုင်းကို နားစွင့်နေကြောင်း သိရသဖြင့် ဆက်ပြောလိုက်၏။





'ဒါပေမဲ့ ရှင် သတိရသင့်တဲ့ အချက်တွေလည်း ရှိပါသေးတယ်၊ အနာဂတ်ကို ရာနှုန်းပြည့် ကြိုမြင်ဖို့ ဆိုတာ လွယ်ကူတဲ့ ကိစ္စ မဟုတ်ပါဘူး၊ ကျွန်မတို့ အားလုံး ဆုံးဖြတ်ချက် မှားတာတွေ ရှိခဲ့ကြပါတယ်'

'မင်း ဆုံးဖြတ်ချက် မမှားပါဘူး၊ ဒီကိစ္စမှာ မင်း မမှားပါဘူး၊ ကျုပ်ရဲ့ အမှားလောက် ကြီးမားတဲ့ အမှားတွေကို မင်း ဆက်တိုက် မကျူးလွန်ခဲ့ပါဘူး'

နာကြည်းသော လေသံ ပါနေဆဲပင်။

'ကျွန်မလည်း တခြား အမှားတွေကို ကျူးလွန်ခဲ့မိပါတယ်၊ တာဝန် ရှိတဲ့ လူတိုင်း မှားတတ်ကြတာပါပဲ၊ တချို့ အမှားတွေဟာ ကျန်အမှားတွေထက် ပို ဆိုးရွားတာကတော့ ကံဆိုးတာ သက်သက်ပါပဲ'

'ဒီတစ်ခုကတော့ အမှားဆုံးပဲ၊ ဟိုကလေးတွေနှင့် မမွေးသေးတဲ့ ကလေးတွေ အတွက် ကျုပ်မှာသာ တာဝန် ရှိတယ်'

'မဟုတ်ပါဘူး'

စီလီယာက ခိုင်ခိုင်မာမာ ဆိုလိုက်သည်။

'အဲဒါ မမှန်ဘူးရှင့်၊ ကျန်တဲ့ ကလေးတွေနှင့် ပတ်သက်ရင်တော့ ရှင်က ဂီရွန်ဒီချိမီနှင့် သိပ္ပံဆိုင်ရာ အကြံပြုချက်တွေ အတိုင်း လိုက်လုပ်ခဲ့တာပဲ၊ ရှင် တစ်ယောက်တည်းမှာ တာဝန် ရှိတာ မဟုတ်ပါဘူး၊ တခြား တာဝန် ရှိတဲ့ လူတွေက အဲဒီလိုပဲ ယူဆကြပါတယ်'

'မင်းက လွဲရင်ပေါ့လေ၊ စီလီယာ ကျုပ် မင်းကို ရိုင်းရိုင်းပျပျ ဆက်ဆံခဲ့မိပါတယ်၊ ဟုတ်တယ် မဟုတ်လား'

'အဲဒါက အရေး မကြီးပါဘူးရှင်'

'ဒါပေမဲ့ နောက်ကိစ္စ တစ်ခု ရှိသေးတယ်၊ မင်း မသိသေးတာ တစ်ခု ရှိသေးတယ်'

'ကျွန်မ မသိတာ၊ ဘာကိစ္စပါလိမ့်'

'မင်းကို ကျုပ် ဘယ်တော့မှ မပြောဘူး'

'ဆမ်၊ ရှင် ကိုယ့်ကိုယ်ကိုယ် ထိန်းမှ ဖြစ်မယ်၊ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေလို့ အကျိုး မရှိပါဘူးရှင်'

'ကျုပ် ရာထူးက နုတ်ထွက်ချင်တယ်၊ ရှေ့နေတွေက မထွက်ရသေးဘူးလို့ ပြောတယ်၊ ကုမ္ပဏီကို ကာကွယ်ဖို့ အတွက် ရပ် မပျက်စေရဘူးတဲ့၊ ဒါကြောင့် ကျုပ်က အစုရှယ်ယာ ပိုင်ရှင်တွေ အတွက် ဥက္ကဋ္ဌ အဖြစ် ဆက် တာဝန် ယူနေရတာပဲ'

'အဲဒီလို ကြားရတာ ဝမ်းသာပါတယ်၊ ရှင်က ကုမ္ပဏီကို ဦးဆောင် လမ်းညွှန်မှု ပေးဖို့ လိုတယ်'

ဆမ်က ခေါင်းခါလိုက်၏။

'မင်းက ဦးဆောင် လမ်းညွှန် ရမှာပါကွာ၊ ဘုတ် အဖွဲ့က ဆုံးဖြတ်ပြီး ပါပြီ'

'ဆိုသ်က ကျွန်မကို အချို့ အဝက် ပြောပြပြီးပါပြီ၊ ဒါပေမဲ့ ကျွန်မ အတွက် ရှင် ရှိဖို့ လိုအပ်ပါတယ်'

ဆမ်သည် ပြန်မပြောတော့ဘဲ စီလီယာကို ပြန်ကြည့်နေသည်။ စီလီယာသည် ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်ပြီးနောက် တယ်လီဖုန်း တစ်လုံးကို ကောက်ကိုင်၍ သူတို့ နှစ်ယောက်ကို မနှောင့်ယှက်ရန် လှမ်းပြောလိုက်သည်။

စီလီယာက ဆမ် ဟော်သုန်းအား မေးလိုက်၏။

'ဒီကိစ္စ ဖြစ်ပြီးကတည်းက ရှင် ငိုခဲ့ပြီးပြီလား'

ဆမ် အံ့အားသင့်သွားပုံ ရသည်။ ခေါင်းခါ ပြလိုက်၏။

'အဲဒါက ဘယ်လို ကောင်းကျိုး ပေးမှာမို့လို့လဲ'

'တစ်ခါ တစ်ခါကျရင် အကျိုး ပြုပါတယ်'

စီလီယာသည် ဆမ် ဟော်သုန်း အနားသို့ တိုးကပ်သွားပြီးနောက် လက်နှစ်ဖက်နှင့် သိုင်းဖက်လိုက်သည်။ စီလီယာက လေသံလေးနှင့် ပြောလိုက်၏။

'ဆမ်၊ စိတ်ကို လျှော့ချလိုက်ပါတော့ရှင်'

ဆမ်သည် အနည်းငယ် ရှုန်းလိုက်ပြီးနောက် မရေမရာ မျက်နှာထားနှင့် စီလီယာ၏ မျက်နှာကို စိုက်ကြည့်နေသည်။ ထို့နောက် ရေကာတာကြီး ကျိုးပေါက်သွားသည့် အလား သူ့ဦးခေါင်းကို စီလီယာ၏ ပခုံးပေါ်တွင် တင်၍ ကလေးငယ် တစ်ယောက်ပမာ ငိုချလိုက်လေတော့သည်။

ပထမဦးဆုံးနေ့တွင် စီလီယာသည် ဆမ် ဟော်သုန်းနှင့် တွေ့ဆုံခဲ့ရပြီးနောက် ဆမ်သည် စိတ်ဓာတ် ပျက်ပြားနေသူ ဖြစ်ကြောင်း တစ်နေ့တခြား ပိုမို ပေါ်လွင် လာသည်။

ဆမ် ဟော်သုန်းသည် သူ့ရုံးခန်းထဲသို့ ရောက်သည့် အချိန်က စ၍ ရုံးခန်းထဲမှာပင် တစ်ချိန်လုံး နေလေ့ ရှိသည်။ သူသည် မည်သည့် အလုပ်များကို လုပ်ကိုင်နေကြောင်း မည်သူကမျှ မေးမြန်းခြင်း မရှိသော်လည်း အရေး မပါသော





မှတ်တမ်း အချို့မှ လွဲ၍ သူ့ထံမှ အရေးကြီးသော ကိစ္စများ ပေါ်ထွက်လာခြင်း မရှိပါ။ သူ့ကို ကြိုတင်၍ ဖိတ်ကြားထားသော်လည်း အစည်းအဝေးများတွင် သူသည် သိသိသာသာ ပျောက်ကွယ်နေလေ့ ရှိသည်။

ထို့ကြောင့် စီလီယာ ပြန်လည် ရောက်ရှိလာပြီး ဒုတိယနေ့မှ စ၍ စီလီယာသည် ဦးဆောင် လမ်းညွှန်သူ ဖြစ်ကြောင်း အငြင်း မပွားကြတော့ပါ။

အရေးကြီးသော ဆုံးဖြတ်ချက် မှန်သမျှ စီလီယာထံသို့ တင်ပြရသည်။ ဆိုင်းငံ့ထားသော အခြား ပြဿနာများကိုလည်း စီလီယာထံသို့ တင်ပြကြရသည်။

စီလီယာက သူ့ ထုံးစံအတိုင်း လျင်မြန်စွာ အဆုံးအဖြတ် ပေးလေ့ ရှိသည်။

စီလီယာသည် ရှေ့နေများနှင့် အချိန် ကုန်ရလေ့ ရှိသည်။ မွှန်တိန်းကို ရုပ်သိမ်းလိုက်မှုကြောင့် တရား စွဲဆိုမှုများ ပေါ်ပေါက်လာသည်။ အမေရိကန်တွင် မွေးဖွားသော ဦးနှောက် ချွတ်ယွင်းသူ ကလေး ဦးရေသည် လေးရာထက် အနည်းငယ် ကျော်မည်ဟု ကုမ္ပဏီမှ ပုဂ္ဂိုလ်များက ယူဆသည်။

ကုန်ကျစရိတ်များနှင့် ပတ်သက်၍မူ ဆေးဝါးကြောင့် ဖြစ်ပေါ်သော တာဝန် မကင်းမှုများ အတွက် ဒေါ်လာ တစ်ရာ သုံးဆယ့် ငါးသန်းဖိုး အာမခံ ထားရှိကြောင်း စီလီယာ သိရှိလာရသည်။ ထိုနည်းတူစွာပင် ထိုကဲ့သို့သော ကိစ္စမျိုး အတွက် ကုမ္ပဏီတွင် ဒေါ်လာ သန်း နှစ်ဆယ်ကို သီးသန့် ထားရှိပေသည်။

'ဒေါ်လာ တစ်ရာ ငါးဆယ့်ငါးသန်း ဆိုတဲ့ ပမာဏဟာ တော်တော် များတယ်လို့ ထင်ရတယ်၊ ကျုပ်တို့က ဈေးစပ် ပြေငြိမ်းမယ့် အမှု အားလုံး အတွက် လုံလောက်နိုင်စရာ ရှိပါတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ အဲဒီလို တထစ်ချ မတွက်ပါဘူး၊ ခင်ဗျား အနေနှင့် တစ်နေရာရာက ငွေ ထပ်ရှာရလိမ့်မယ် ထင်တယ်'

ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်က စီလီယာအား ပြောပြလိုက်ခြင်း ဖြစ်သည်။

ချီလ်ဒါးစ် ကွင်တင်သည် နစ်နာကြေး တောင်းခံသော အမှု အခင်းများတွင် လျော်ကြေး ပေးရမည့် ပုဂ္ဂိုလ်ဘက်က လိုက်ပါ ဆောင်ရွက်လေ့ ရှိသူ ဖြစ်သည်။

စီလီယာသည် ချီလ်ဒါးစ် ကွင်တင်နှင့် အကြိမ်ကြိမ် ညှိနှိုင်းပြီးနောက် နစ်နာကြေး ပေးလျော်ရန် အတွက် နောက်ထပ် သန်းငါးဆယ် ရှာဖွေ ပေးထားရန် သတ်မှတ်လိုက်သည်။

ထိုနည်းတူစွာပင် အကုန်အကျ ခံရမည့် အခြား ကိစ္စ တစ်ရပ်မှာ မွန်တိန်း ဆေးဝါးများကို ပြန်လည် ရုပ်သိမ်းရမှု၊ ဖျက်ဆီး ပစ်ရမှုတို့ကြောင့် ဒေါ်လာ ရှစ်သန်း ကုန်ကျရမည့် ကိစ္စပင် ဖြစ်သည်။

ထိုငွေကြေး ပမာဏကို စီလီယာက ဆိုသ် ဖိန်းဂိုးအား ပြောပြလိုက်သော အခါ ဆိုသ် ဖိန်းဂိုးသည် စီလီယာ မျှော်လင့် ထားသလောက် အထိတ်တလန့် ဖြစ်သွားပုံ မရဘဲ လေးလေးနက်နက် ခေါင်းညိတ်ပြလိုက်၏။

ဆိုသ် ဖိန်းဂိုးက ရှင်းပြလိုက်သည်။

'နှစ်ဆန်းပိုင်းက စပြီး ကျုပ်တို့ အတွက် ကြုံတောင့် ကြုံခဲ အဖြစ်အပျက် နှစ်ရပ်နှင့် တွေ့ခဲ့ရပါတယ်၊ တစ်ခုကတော့ အိမ်သုံး ဆေးဝါးတွေကို မျှော်လင့်ထားတာထက် ထူးထူးကဲကဲ ပို ရောင်းချရတဲ့ ကိစ္စပဲ၊ နောက်တစ်ခုကတော့ နိုင်ငံခြားငွေ လဲလှယ်မှု နှုန်းထားကြောင့် မမျှော်လင့်ဘဲ အမြတ် ရရှိတဲ့ ကိစ္စပါ၊ ခုအတိုင်း ဆိုရင်တော့ အဲဒီက ရတဲ့ အမြတ်အစွန်းတွေဟာ ဒေါ်လာ သန်း ငါးဆယ်ထဲကို ရောက်သွားလိမ့်မယ်နှင့် တူတယ်'

'အဲဒီ ကိစ္စ နှစ်ခုကို ကျေးဇူးတင်ပါတယ်ရှင်'

'ကျုပ်တို့ အတွက် အလားအလာ ရှိနေတဲ့ ကိစ္စ တစ်ခုကတော့ ဗြိတိန် နိုင်ငံက ရရှိတဲ့ သတင်းကောင်းပဲ၊ မင်းလည်း ကြားပြီးရောပေါ့'

'ဟုတ်ကဲ့၊ အစီရင်ခံစာတွေကို ကျွန်မ ဖတ်ပြီးပါပြီ'

'တကယ်လို့ လိုအပ်လာရင် အဲဒီ ကိစ္စတွေပေါ်မှာ အခြေခံပြီး ဘဏ်တွေက ကျုပ်တို့ကို ငွေချေးကြပါလိမ့်မယ်'

စီလီယာသည် မကြာခင် ဆေးဝါးသစ် ဖြစ်သော ပက်ပ်တိုက်ဒ် ခုနစ် ပေါ်ထွက်လာတော့မည် ဆိုသော သတင်းကြောင့် ဝမ်းမြောက်မိပါ၏။

ဆေးဝါး ထုတ်လုပ်ရေး လောကတွင် မကြာမီ ဆိုသော အချိန်ကာလမှာ ခွင့်ပြုချက် ရသည် အထိ နှစ်နှစ်ခန့် ကြာမြင့်မည် ဖြစ်သည်။

နောက် ကိစ္စ တစ်ရပ်လည်း ရှိပါသေးသည်။

နှစ်ပေါင်း များစွာ ကြာအောင် ဗင်းစင့် လော့ဒ် ရှာဖွေနေခဲ့သော ဆေးဝါးများ၏ အဆိပ်အတောက် ဖြစ်စေနိုင်သည့် အာနိသင်ကို ဖယ်ရှားနိုင်ရေး ကြိုးပမ်းချက်မှ အောင်မြင်မှု ရရှိမည့် အလားအလာများကို တွေ့ရှိ လာရခြင်းပင် ဖြစ်သည်။

ဗြိတိန် နိုင်ငံမှ ထုတ်လုပ်မည့် ပက်ပ်တိုက်ဒ် ခုနစ်သည် ဦးစွာ ပထမ အဆင်သင့် ဖြစ်မည့် ဆေးဝါး ဖြစ်ကြောင်း သေချာသော်လည်း ဟက်ဆင်





ဒဗလျူဟု ယာယီ နာမည် ပေးထားသော ဗင်းစင့် လော့ဒ်၏ ဆေးဝါးသည် တစ်နှစ် နှစ်နှစ် နောက်ကျနိုင်ဖွယ် ရှိနေပေသည်။

ဟက်ဆင် ဒဗလျူကြောင့် ဗင်းစင့် လော့ဒ်သည် ဖဲလ်ဒင်း ရှေ့သ် ကုမ္ပဏီတွင် ပို၍ ခြေကုပ်ရသွားလေ၏။ မွန်တိန်းကို ထောက်ခံခဲ့မှုနှင့် အခြား အခြားသော ကိစ္စများကြောင့် စီလီယာက ဗင်းစင့် လော့ဒ်အား အခွင့်အရေး ရရှိလာသည်နှင့် တစ်ပြိုင်နက် ဖယ်ရှားပစ်ရန် စဉ်းစားထားခဲ့သည်။ ယခု အချိန်တွင်မူ ဗင်းစင့် လော့ဒ်သည် လက်လွှတ် မခံနိုင်သော အဖိုးတန် ပုဂ္ဂိုလ် တစ်ဦး ဖြစ်နေလေပြီ။

ထို့ကြောင့် မွန်တိန်း၏ အရိပ်မည်းကြီး ထိုးမှုကို ခံနေရသော်လည်း ဖဲလ်ဒင်း ရှေ့သ် ကုမ္ပဏီ၏ ရာသီဥတု အခြေအနေသည် ဖြုန်းခနဲ ဆိုသလို အံ့အားသင့်စရာ ကောင်းအောင် ကြည်လင် သာယာ၍ လာခဲ့လေတော့သည်။

## ၄

ဟာလိုးတွင် အီဗွန်နီ အီဗန်နှင့် မာတင် ပိစမစ်တို့သည် အတူတူ ပို၍ အနေများလာကြသည်။

အီဗွန်နီသည် ဖဲလ်ဒင်း ရှေ့သ်၌ အလုပ် ဝင်လုပ်ခါစတွင် အိမ်ခန်းလေး တစ်ခန်းကို ငှားရမ်းထားခဲ့သော်လည်း ယခု သူသည် ထိုအိမ်ခန်းတွင် နေထိုင်ခဲလှသည်။ သူသည် ရက်သတ္တပတ် အားရက်များနှင့် အခြား ရက်များတွင် မာတင်၏ နေအိမ်၌ နေထိုင်၍ အိမ်မှုကိစ္စ အဝဝကို လုပ်ကိုင်ပေးလျက် ရှိသည်။

သူတို့ နှစ်ယောက်၏ ဆက်ဆံ နေထိုင်မှုနှင့် စပ်လျဉ်း၍ ဟာလိုးတွင် သတင်း ပျံ့နေမည်မှာ သေချာကြောင်း မာတင် ပိစမစ် သိပါသည်။ သို့ရာတွင် သုတေသန ဌာန၌မူ သူတို့ နှစ်ယောက်သည် ကျစ်ကျစ်လျစ်လျစ် နေထိုင်လျက် ရှိကြပြီး အလုပ်သဘော အရ လိုအပ်မှသာ စကား ပြောဆို ဆက်ဆံလေ့ ရှိကြသည်။

မာတင် ပိစမစ်သည် သူနှင့် အီဗွန်နီတို့၏ ဆက်ဆံရေးသည် မည်မျှ ကြာမြင့်မည်နည်းဟု တွေးကြည့်လေ့ မရှိပါ။ သူတို့နှစ်ဦး အမှတ်တမဲ့ ပြောကြ ဆိုကြသော စကားများ အရ ယာယီ အစီအစဉ်ထက် ပိုလိမ့်မည် မဟုတ်ပါ။

သူတို့ နှစ်ယောက်စလုံး စိတ်ဝင်စားကြသည့် အချက်မှာ သုတေသန ဌာန၏ တိုးတက်မှုပင် ဖြစ်သည်။

မာတင်သည် ရှားပါးလှသော သူ၏ အစီရင်ခံစာ တစ်စောင်ထဲ၌ ပက်ပ်တိုက်ဒ် ခုနစ်၏ ဖွဲ့စည်း တည်ဆောက်ပုံကို သိရှိရပြီ ဖြစ်ကြောင်း ထည့်သွင်း၍ အစီရင်ခံလိုက်သည်။

တစ်ချိန်တည်းမှာပင် ပက်ပ်တိုက်ဒ် ခုနစ်၏ ဘေးအန္တရာယ် ကင်းမှုနှင့် အာနိသင် ရှိမှုတို့ကို တိရစ္ဆာန်များနှင့် စမ်းသပ်လျက် ရှိသည်။ တိရစ္ဆာန်များနှင့် စစ်ဆေးရာမှ ပေါ်ထွက်လာသော အချက်အလက်ပေါင်း မြောက်မြားစွာကို ရရှိထားခဲ့လေပြီ။ ထို့ကြောင့် လာမည့် နှစ်လ သုံးလ အတွင်း လူပုဂ္ဂိုလ်များနှင့် စမ်းသပ်ခွင့်ကို တောင်းခံနိုင်တော့မည် ဖြစ်သည်။

သုတေသန ဌာန၏ စမ်းသပ်မှုနှင့် ဆိုင်သော ကောလာဟလများသည် မလွှဲမရှောင်သာ စာနယ်ဇင်းများထံ သတင်း ပေါက်ကြားမှုများ ဖြစ်ပေါ်လာခဲ့သည်။ မာတင်က တွေ့ဆုံ မေးမြန်းခြင်းကို လက်မခံခဲ့သော်လည်း အခြားနေရာများမှ သတင်း ရရှိသွားကြပြီး သတင်းစာထဲတွင် ပါရှိ လာလေတော့သည်။ ခြုံ၍ ပြောရမည် ဆိုပါက ထိုသတင်းများသည် အတိအကျ မှန်ကန်ကြပေသည်။

'ဇရာကို ဟန့်တားနိုင်သော ဆေးစွမ်းကောင်း တစ်လက်အား တိရစ္ဆာန်များနှင့် စမ်းသပ်နေပြီ' ဟူ၍ ဖော်ပြကြသလို ထိုဆေးဝါး၏ ကိုယ် အလေးချိန် ကျဆင်းစေသော အကျိုး အာနိသင်ကိုလည်း ဖော်ပြကြသည်။

သိပ္ပံ ဓာတ်ခွဲခန်းမှ ဝန်ထမ်း တစ်ယောက်ယောက်၏ မဆင်မခြင် ပြောဆိုမှုကြောင့် ယခုလို ဖော်ပြနိုင်ခြင်း ဖြစ်သဖြင့် မာတင် ဒေါသ ဖြစ်ရသည်။ သို့ရာတွင် တရားခံကို ရှာမတွေ့ခဲ့ချေ။

ထိုကဲ့သို့ လူသိများမှုကြောင့် ဖြစ်ပေါ်လာသော အကျိုး သက်ရောက်မှု တစ်ခုမှာ တိရစ္ဆာန် ချစ်ခင်သူများထံမှ ကန့်ကွက်စာ အသနားခံစာ အမြောက်အမြား ရောက်ရှိလာခြင်းပင် ဖြစ်သည်။

ဤတွင် မာတင်က ရောင်း ဆတ်ထရီအား သူ့ စိတ်ပူပန်မှုကို တိုးတိုး တိတ်တိတ် ပြောပြလိုက်၏။

'ကျုပ် စိတ်ပူနေမိတယ်ဗျာ၊ အခုလောက် အထိ ချောချောမောမော ဖြစ်နေရင် ဖင့်နွှေးစေမယ့် ကိစ္စကြီး တစ်ခုခုဟာ လက်တစ်ကမ်း အကွာမှာ ရှိနေတတ်တယ်ဗျ'





သူ ပြောလိုက်သော စကားများသည် မျှော်လင့် ထားသည်ထက် စော၍ မှန်ကန်သွားလေတော့သည်။

နောက်တစ်ပတ် နားရက် ဖြစ်သော တနင်္ဂနွေနေ့ နံနက် တစ်နာရီတွင် တယ်လီဖုန်း ခေါင်းလောင်းသံက မာတင့်အား နှိုးလိုက်သည်။

တယ်လီဖုန်း ဆက်သူမှာ နိုင်ဂျယ် ဘင်တလီပင်တည်း။

အီဗွန်နီသည် မာတင့် နံဘေး၌ အိပ်မောကျနေဆဲပင်။

'ရဲက တယ်လီဖုန်း ဆက်လို့ သုတေသန ဌာနကို ရောက်နေပြီ၊ ခင်ဗျား လာခဲ့ရင် ကောင်းလိမ့်မယ် ထင်တယ်'

'ဘာဖြစ်လို့လဲ'

'သတင်းဆိုးပဲဗျ၊ ဒါပေမဲ့ ခင်ဗျား ကိုယ်တိုင် လာကြည့်တာက ပိုကောင်းလိမ့်မယ်'

'ကျုပ် ချက်ချင်း လာခဲ့မယ်'

အီဗွန်နီနှင့် မာတင်တို့သည် သုတေသန ဌာနသို့ မာတင်၏ မော်တော်ကားနှင့် လာခဲ့ကြ၏။ သုတေသန ဌာနတွင် ရဲကား နှစ်စီး အပါအဝင် အခြား မော်တော်ကားများသည် ခြံဝင်း အပြင်ဘက်၌ ရှိနေကြသည်။ မီးသတ်ကား တစ်စီးကမူ ပြန်လည် ထွက်ခွာစ ပြုနေလေပြီ။ သုတေသန ဌာန၏ ရှေ့တံခါးများ ပွင့်နေကြသည်။ အထဲသို့ ရောက်သောအခါ ရဲမှူး တစ်ယောက်နှင့် အတူ ရှိနေသူ ဘင်တလီက စပြောလိုက်၏။

'တိရစ္ဆာန် ချစ်တဲ့ လူတွေက ဝင်ဖျက်ဆီးသွားကြတယ်'

'တိရစ္ဆာန် ချစ်တဲ့ လူတွေ ဟုတ်လား'

ရဲမှူးက ဝင်ပြောလိုက်၏။

'သူတို့က သူတို့ကိုယ် သူတို့ တိရစ္ဆာန် ကယ်ဆယ်ရေး တပ်လို့ နာမည်ပေးထားကြတယ်၊ သူတို့ အလျှင်ကလည်း ဒုက္ခ ပေးဖူးပါတယ်'

စိတ် မရှည်တော့သော မာတင်က မေးလိုက်၏။

'သူတို့ ဘာတွေ လုပ်သွားကြသလဲ၊ ဘာတွေ ဖြစ်ကုန်သလဲ'

ဘင်တလီက ဖြေလိုက်သည်။

'သူတို့က အထဲကို ရောက်အောင် ခိုးဝင်လာကြပြီး တိရစ္ဆာန်တွေ အားလုံးကို လွှတ်ပစ်လိုက်ကြတယ်၊ တချို့ကတော့ အဆောက်အအုံထဲမှာ လွှတ်နေ

သေးတယ်၊ ဒါပေမဲ့ အပြင်ကို ယူသွားပြီး လှောင်အိမ်ကို ဖွင့်ပေးလိုက်တဲ့ တိရစ္ဆာန်တွေကတော့ လွတ်ကုန်ကြပြီ၊ အဲဒီနောက်တော့ သူတို့က တွေ့သမျှ ဗိုင်တွဲတွေနှင့် မှတ်တမ်းတွေကို အပြင် ယူထုတ်ပြီး ဓာတ်ဆီနှင့် လောင်းကြတယ်'

ရဲမှူးက ဝင်ပြောလိုက်၏။

'သူတို့က မီး စရှို့ကြတယ် ဒေါက်တာ၊ အဲဒါကို မြင်တဲ့ လူတစ်ယောက်က တယ်လီဖုန်း ဆက်ပြီး တိုင်လိုက်တယ်၊ မီးသတ်ကား ရောက်လာပြီး မီးငြိမ်းတဲ့ အချိန်မှာ ကျုပ်တို့လည်း ရောက်လာတာပဲ၊ ကျုပ်တို့က သံသယ ဖြစ်ဖွယ်ရာ ရှိတဲ့ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်ကို ဖမ်းမိထားလိုက်တယ်'

မာတင်သည် ရဲမှူး ပြောနေသော စကားကို မကြားတော့ချေ။ သူသည် ဓာတ်ခွဲခန်းနှင့် တိရစ္ဆာန်များ ထားသည့် နေရာသို့ ဦးတည်၍ သွားတော့သည်။

အားလုံး ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေကြသည်။ တိရစ္ဆာန် လှောင်အိမ်များ အနက် နေရာ ရွှေ့နေသည့် လှောင်အိမ်က ရွှေ့နေပြီး ပွင့်သည့် လှောင်အိမ်က ပွင့်နေသည်။ ဗိုင်တွဲများ ပျောက်ဆုံးနေသည်။ အချို့က ကြမ်းပြင်ပေါ်တွင် ကျနေသည်။ အချို့က အပြင်ဘက်၌ မီးရှို့ခံရပြန် တူသည်။

မာတင်က သက်ပြင်း ချလိုက်၏။

'နက်ဖြန်ခါကျရင် ရှင်းလင်းရေး လုပ်ပြီး ဘာတွေ ကျန်သေးသလဲ ဆိုတာ စစ်ဆေးရမယ်'

ပျက်စီးမှုများကို စစ်ဆေးရသည်မှာ စိတ်ပျက်စရာ ကောင်းလှပြီး ရက်ပေါင်းများစွာ ကြာမြင့်ခဲ့သည်။ နောက်ဆုံးတွင် တိရစ္ဆာန် ကယ်ဆယ်ရေးတပ်က ဝင်ရောက် ဖျက်ဆီးမှုကြောင့် သုတေသန ပြုလုပ်နေသော လုပ်ငန်းသည် နှစ်နှစ်ခန့် နောက်ဆုတ် သွားလိမ့်မည်ဟု မာတင်က ခန့်မှန်းလိုက်သည်။

သုတေသန ဌာနကို ဝင်ရောက် ဖျက်ဆီးခံရပြီး နောက် တစ်နေ့တွင် မာတင်သည် နယူး ဂျာဆီရှိ ဖဲလ်ဒင်း ရှေ့သည် ရုံးချုပ်သို့ တယ်လီဖုန်းနှင့် အစီရင်ခံလိုက်သည်။

စီလီယာက ပြန်မေးလိုက်၏။

'နှစ်နှစ် ဆိုတာ သေချာရဲ့လား'





'အဲဒါ အများဆုံးပါပဲ၊ ကျွန်တော်တို့က နှစ်လ သုံးလ လျှော့သွားအောင် လုပ်နိုင်မယ် ဆိုရင် လုပ်ပါ့မယ်၊ ကျွန်တော်တို့က လွန်ခဲ့တဲ့ နှစ်နှစ်ကထက် ပို သိလာပြီ ဆိုတော့ ဖြတ်လမ်းလေး ဘာလေးကို တွေ့ချင် တွေ့လာမှာပါ'

စီလီယာက ပက်ပ်တိုက်ဒ် ခုနစ်သည် ဖဲလ်ဒင်း ရှေ့သည် အတွက် အလွန် အရေးကြီးသော ဆေးဝါး ဖြစ်နေကြောင်း မာတင် ဗိစမစ်ကို ပြောပြလိုက်သည်။

ထို့ကြောင့် မာတင်သည် လုပ်ငန်း ပြန်စနိုင်ရန် ကြိုးစားလေ၏။

မာတင်၏ ကြိုးပမ်းချက် အရ ရက်သတ္တ သုံးပတ် ကြာမြင့်ချိန်တွင် အချက်အလက်များကို ပြန်လည် စုဆောင်းရေး လုပ်ငန်းအား အရှိန်အဟုန် ကောင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့လေပြီ။

ပင်ပန်းလှသော ထိုကာလ အတွင်း အီဗွန်နီသည် မာတင်၏ စိတ်ဓာတ် ကြံ့ခိုင်ရေးနှင့် ကာယ ကြံ့ခိုင်ရေးတို့ အတွက် အစွမ်းကုန် ဆောင်ရွက် ပေးခဲ့သည်။

မာတင်သည် အီဗွန်နီ၏ ထူးခြားသော စွမ်းရည် တစ်ရပ်ကို သတိ ထားလိုက်မိသည်။ အီဗွန်နီသည် ဓာတ်ပုံ ရိုက်ယူလိုက်သလို သူ ဖတ်သမျှကို အကုန် အစင် မှတ်မိသော ထူးခြားသည့် မှတ်ဉာဏ် ရှိသူ ဖြစ်ကြောင်း မာတင် သတိ ထားမိသည်။ အီဗွန်နီသည် ဂျွန် လော့ခ်၏ အက်ဆေးများကို နှစ်ခေါက် ဖတ်ရုံမျှနှင့် အလွတ်ရသူ ဖြစ်သည်။

ဤတွင် မာတင်သည် အီဗွန်နီ တစ်ယောက် တိရစ္ဆာန် ဆေးကုသရေး တက္ကသိုလ်သို့ တက်ရောက် သင်ကြားနိုင်ရန် စီစဉ်ပေးလေတော့သည်။

## ၅

နယူးဂျာစီရှိ ဖဲလ်ဒင်း ရှေ့သည် ရုံးချုပ်သို့ စီလီယာ ပြန်လည် ရောက်လာမှုကြောင့် ဖြစ်ပေါ်လာသော ဝမ်းသာမှုသည် ကြာကြာ ခံခြင်း မရှိပါ။

တိရစ္ဆာန် ချစ်သူများ၏ ဖျက်ဆီးမှုကို ခံရကြောင်း ဗြိတိန်မှ မာတင် ဗိစမစ် ပို့လိုက်သော သတင်းက ထိုဝမ်းသာမှုကို ပထမဦးစွာ ဖျက်ဆီး ပစ်ခဲ့သည်။ ထို့နောက် ဖြန်းခနဲ ဖြစ်ပေါ်လာသော ဝမ်းနည်းစရာ ကိစ္စ တစ်ခုက လွှမ်းမိုး သွားလေတော့သည်။

ထိုကိစ္စမှာ မတော်တဆ ဖြစ်ပွားမှု ဖြစ်သည်။ ဘွန်းထွန်မှ ရဲများက နောက်ဆုံးတွင် မတော်တဆ ဖြစ်မှုဟု သတ်မှတ်ထားသော ကိစ္စလည်း ဖြစ်သည်။ ထို ကိစ္စမှာ စီလီယာ ရောက်လာပြီး ရက်သတ္တ သုံးပတ်မြောက်သော နေ့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နံနက် ကိုးနာရီ မထိုးမီ မိနစ် အနည်းငယ် အလိုတွင် ယာဉ်မောင်း မောင်းနှင်သော စီလီယာ စီးနင်း လိုက်ပါလာသည့် ကုမ္ပဏီပိုင် မော်တော်ကားသည် ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီမှ ကား ရပ်နားရန် နေရာ၏ ကြွက်လျှောက် အဆင့်သို့ ရောက်ရှိလာသည်။

စီလီယာ၏ ယာဉ်မောင်းသည် နောက်ဘက်တွင် မစ္စတာ ဟော်သုန်း၏ ရိုးစ် ဘင်တလီ မော်တော်ကား လိုက်ပါလာကြောင်း နောက်ကြည့် မှန်မှ တစ်ဆင့် မြင်နေရသဖြင့် ဘယ်ဘက်သို့ ကပ်၍ နေရာ ယူလိုက်သည်။ ဖဲလ်ဒင်း ရှော့သ် ဥက္ကဋ္ဌ၏ မော်တော်ကားသည် စီလီယာ၏ ယာဘက်ရှိ သူ့ မူလ ရပ်နေကျ နေရာတွင် ရပ်တန့်မည် ဖြစ်ကြောင်း စီလီယာ၏ ယာဉ်မောင်းက သိလိုက်သဖြင့် နေရာ ဖယ်ပေးထားခြင်း ဖြစ်သည်။ ဆမ် ဟော်သုန်း၏ မော်တော်ကားသည် အပြင်ဘက် နံရံကို ဦးဆိုက်၍ ရပ်တန့်ရပေသည်။

စီလီယာသည် ယာဉ်မောင်းက တံခါး ဖွင့်ပေးသောကြောင့် မော်တော်ကားထဲက ထွက်လိုက်သည့် အချိန်ကျမှ ဆမ်၏ မော်တော်ကားကို မြင်လိုက်ရလေတော့သည်။

စီလီယာသည် ဓာတ်လှေကားဆီသို့ ဆမ်နှင့် အတူတူ လမ်းလျှောက်သွားလိုသောကြောင့် ရိုးစ် ဘင်တလီ မော်တော်ကား အန္တရာယ် မရှိသော အရှိန်နှင့် ရှေ့သို့ တဖြည်းဖြည်း တိုးလာချိန်တွင် ရပ်စောင့်နေလိုက်သည်။

ထိုအချိန်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ရိုးစ် ဘင်တလီ မော်တော်ကား အင်ဂျင်သည် ဝေါခနဲ မြည်ဟည်းပြီး ရှေ့သို့ အရှိန်နှင့် ပြေးထွက်လာသည်။ ထို မော်တော်ကားသည် စီလီယာနှင့် ယာဉ်မောင်းတို့ကို ရိပ်ခနဲ ဖြတ်သန်းသွားပြီးနောက် ရှေ့တည့်တည့်တွင် ရှိသော နံရံကို ဝင်ဆောင့်မိလေတော့သည်။

ပခုံးခန့် မြင့်သော နံရံသည် အဆောက်အအုံ၏ အပြင်ဘက် နံရံ ဖြစ်ပြီး မြေပြင်မှ ပေ ငါးဆယ်ခန့် မြင့်သော နေရာတွင် ရှိနေပေသည်။

ဝုန်းခနဲ မြည်ဟည်းပြီးနောက် နံရံ ပြိုကျသွားပြီး မော်တော်ကားသည် နံရံ အပေါက်မှ တစ်ဆင့် ပျောက်ကွယ်သွားလေတော့သည်။





ထို့နောက် အောက်ဘက်မှ ဝုန်းခနဲ မြည်သွားသော အသံကြီးနှင့် သံထည်ပစ္စည်းများ မှန်များ ကွဲကြေ ပျက်စီးသွားသော အသံများ ထွက်ပေါ်လာကြသည်။

စီလီယာ၏ ယာဉ်မောင်းက နံရံတွင် အပေါက် ဖြစ်ပွားသော နေရာဆီသို့ ပြေးသွားသည်။ ပထမတွင် စီလီယာသည် ယာဉ်မောင်း နောက်သို့ လိုက်ပါသွားလိုစိတ် ဖြစ်ပေါ် လာသော်လည်း သူ့ကိုယ်သူ ထိန်းလိုက်ပြီး မော်တော်ကားထဲသို့ ပြန်ဝင်လိုက်သည်။ စီလီယာသည် ကားထဲရှိ တယ်လီဖုန်းနှင့် ရဲအရေးပေါ် ဌာနသို့ ဆက်သွယ်လိုက်၏။ သူက လိပ်စာကို ပြောပြလိုက်ပြီး မီးသတ်ကား တစ်စီး သူနာတင်ယာဉ် တစ်စီးနှင့် ရဲအရာရှိများကို လွှတ်ပေးရန် မေတ္တာ ရပ်ခံလိုက်သည်။

စီလီယာသည် ဒုတိယ အကြိမ် အဖြစ် ဖဲလ်ဒင်း ရှော့သ် တယ်လီဖုန်း စက်ခလုတ်ခုံသို့ ဆက်သွယ်လိုက်ပြီး ရှာဖွေ၍ တွေ့ရှိသော ဆေးဘက်ဆိုင်ရာ ဆရာဝန် မှန်သမျှကို အနောက်ဘက် မြေညီထပ်ရှိ မော်တော်ကား ရပ်သည့် နေရာသို့ အရေးတကြီး စေလွှတ်ရန် ညွှန်ကြားလိုက်သည်။

ထိုကဲ့သို့ ဖုန်း ဆက်ပြီးသည့် အခါကျမှ စီလီယာသည် နံရံ အပေါက်ဆီသို့ သွားပြီး ငုံ့ကြည့် လိုက်လေတော့သည်။

မြင်တွေ့လိုက်ရသော မြင်ကွင်းက စီလီယာအား အထိတ်တလန့် ဖြစ်သွားစေခဲ့သည်။

တစ်ခါက အလွန် လှပသော မော်တော်ကားသည် ပက်လက် လန်နေပြီး လုံးဝ ပျက်စီးနေသည်။ မော်တော်ကားသည် ပေငါးဆယ် အမြင့်က ဇောက်ထိုး ကျခဲ့ပုံ ရပြီး ကားခေါင်းသည် ကိုယ်ထည်ထဲသို့ ကျုံ့ဝင်သွားပုံ ရသည်။ လက်ဆွဲ ဘာဂျာလို ဖြစ်နေသော မော်တော်ကားသည် ခေါင်မိုးပေါ်တွင် လိမ့်သွားပုံ ရ၏။ ခေါင်မိုးလည်း ပြိုကျနေသည်။ မော်တော်ကားမှ မီးခိုးများ အူထွက်နေသော်လည်း မီးမလောင်သေးချေ။ ကွေးနေသော ဘီး တစ်ဘီးသည် ကိုးရိုးကားရား လည်ပတ်နေသည်။

ကံကောင်းသည်မှာ မော်တော်ကား လိမ့်ကျသွားသော နေရာသည် မော်တော်ကားများ ရှင်းနေသော နေရာ တစ်ခု ဖြစ်ပုံ ရသည်။ အောက်ဘက်တွင် မည်သူမျှ မရှိပါ။

လူ အတော် ခပ်များများသည် ပျက်စီးနေသော မော်တော်ကားဆီသို့ အပြေးအလွှား ပြေးသွားနေကြသလို ချဉ်းကပ် လာနေကြပြီ ဆိုသော ဥဩ ဆွဲသံများကိုလည်း စီလီယာ ကြားနေရသည်။

မော်တော်ကားထဲ၌ ရှိနေသူသည် အသက် ရှင်နိုင်ဖွယ် မရှိပါ။ ဆမ် ဟော်သုန်း သေဆုံးသွားခဲ့လေပြီ။

ဤတွင် စီလီယာက အစစ အရာရာကို ဦးဆောင်လိုက်သည်။

လီလီယန် ဟော်သုန်းထံ သူ ကိုယ်တိုင် ဖုန်းဆက်၍ အသိ ပေးလိုက်ပြီး ထိုနေရာသို့ လိုက်မလာရန် တောင်းပန်လိုက်သည်။

ထို့နောက် ပြည်သူ့ ဆက်ဆံရေးရာ ဒုတိယ ဥက္ကဋ္ဌ ဂျူးလီယက် ဟန်မွန်း ကို သူ့ ရုံးခန်းသို့ ခေါ်လိုက်ပြီး မတော်တဆ ဖြစ်ပွားမှုကြောင့် ဆမ် သေဆုံး ရကြောင်း သတင်း ထုတ်ပြန်ပေးရန် ညွှန်ကြားလိုက်သည်။

ဟန်မွန်းက ကန့်ကွက်လိုက်၏။

'အဲဒါကို ဘယ်သူမှ ယုံမှာ မဟုတ်ဘူး'

စီလီယာက ခပ်ငေါက်ငေါက် ပြောလိုက်သည်။

'ခံငြင်းမနေပါနှင့်၊ ကျွန်မ ခိုင်းတဲ့ အတိုင်းသာ လုပ်စမ်းပါ၊ အခု လုပ်ပါ'

သူ့ အနေနှင့် ဆမ့် အတွက် နောက်ဆုံး ကျေးဇူး ပြုနိုင်သည့် ကိစ္စ တစ်ခုမှာ ဆမ် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည်ဟု အပြော မခံရစေရေး ပင် ဖြစ်သည်။

ဆမ်နှင့် နီးစပ်သူများ အတွက်မူ ဆမ် တစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားသည့် ကိစ္စမှာ ရှင်းနေသည်။

စီလီယာသည် ဆမ့် အကြောင်း စဉ်းစားရင်း 'မင်း မသိတာ တစ်ခု ရှိ သေးတယ်၊ ကျုပ် မင်းကို ဘယ်တော့မှ မပြောဘူး' ဟု ဆမ် ပြောသော စကားကို ပြန် သတိရလာသည်။

သူ့ လျှို့ဝှက်ချက်မှာ မည်သည့် ကိစ္စ ဖြစ်လေသနည်း။ စီလီယာ တွေး မရပါ။ ထိုလျှို့ဝှက်ချက်သည် သူနှင့် အတူ သေဆုံးသွားခဲ့လေပြီ။

ဆမ်၏ အသုဘကို တိတ်တိတ်ဆိတ်ဆိတ် သင်္ဂြိုဟ်လိုက်ကြသည်။

ကုမ္ပဏီကို ကိုယ်စားပြုသူ အဖြစ် စီလီယာ တစ်ယောက်တည်းသာ တက် ရောက်ခဲ့သည်။ အင်ဒရူးက စီလီယာနှင့် အတူ လိုက်ပါလာသည်။

နောက်ထပ် ရက်သတ္တ နှစ်ပတ် ကြာသောအခါ ဖဲလ်ဒင်း ရှော့သ်၏ ဥက္ကဋ္ဌ အသစ်ကို ရွေးချယ်ရန် အတွက် ဘုတ်အဖွဲ့ အစည်းအဝေးကို ကျင်းပ သည်။ ကုမ္ပဏီ ဝန်ထမ်းများက ထို အစည်းအဝေးမှာ တရား ဝင်အောင် ပြု လုပ်သော အစည်းအဝေးသာ ဖြစ်ပြီး စီလီယာအား ခန့်ထားလိမ့်မည်ဟု ယူဆ ထားကြသည်။





ဘုတ်အဖွဲ့ အစည်းအဝေး ပြီးဆုံးပြီး မိနစ် အနည်းငယ် ကြာသောအခါ ဆိသ် ဖိန်းဂိုး စီလီယာထံ ရောက်ရှိလာသည်။ သူ့ မျက်နှာထားက မကြည်မသာ ဖြစ် နေသည်။

'မင်းကို ပြောပြဖို့ ကျုပ်ကို တာဝန် ပေးလိုက်ကြတယ်၊ ကျုပ်ကတော့ ပြောကို မပြောချင်ဘူး၊ ဒါပေမဲ့ မင်း ဥက္ကဋ္ဌ မဖြစ်တော့ဘူး'

စီလီယာက မည်သို့မျှ ပြန်မပြောသော အခါ ဆိသ် ဖိန်းဂိုးက ဆက် ပြောလိုက်သည်။

'မင်းကတော့ ဒီကိစ္စကို ယုံကြည်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဘုတ်အဖွဲ့ ထဲမှာ ကုမ္ပဏီကို အမျိုးသမီး ဦးဆောင်တာ မကြိုက်တဲ့ လူတွေ ရှိနေသေး တယ်'

'ကျွန်မ ယုံပါတယ်'

ဖဲလ်ဒင်း ရှော့သ် ဘုတ်အဖွဲ့တွင် နှစ်ပေါင်း များစွာ ပါဝင်ခဲ့သူ ပရက် စတွန် အိုဟိုလာရမ်ကို ယာယီ ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ရန် အပေးအယူ လုပ်ခဲ့ ကြကြောင်း ဆိသ်က ရှင်းပြလိုက်၏။ သူသည် အငြိမ်းစား ဘဏ် ဥက္ကဋ္ဌ တစ်ဦး ဖြစ်ပြီး အသက် ခုနစ်ဆယ့် ရှစ်နှစ် ရှိနေပြီ ဖြစ်သလို လက်ကိုင်တုတ် ကို အားပြု၍ လမ်းလျှောက် နေရသူလည်း ဖြစ်သည်။

'ယာယီ ဆိုတာက ဘယ်လိုလဲ'

'အိုဟိုလာရမ်က အများဆုံး ခြောက်လ အထိ တာဝန် ယူပေးဖို့ သဘော တူထားတယ်၊ အဲဒီ ကာလ အတွင်းမှာ ဘုတ်အဖွဲ့က တစ်ယောက်ယောက်ကို အမြဲတမ်း ခန့်ကြလိမ့်မယ်၊ သူတို့က အပြင်လူကို ရှာဖို့တောင် ဆွေးနွေး နေ ကြတယ်'

'ဒီလိုကိုး'

'ကျုပ်သာ မင်းနေရာမှာ ဆိုရင် မလုပ်တော့ဘဲ ထွက်သွားမယ်ကွာ'

စီလီယာက ခေါင်းခါလိုက်၏။

'ကျွန်မသာ အလုပ်က ထွက်သွားရင် တစ်ယောက်ယောက်က တယ် မိန်းမ ဆန်တာပဲလို့ ပြောလိမ့်မယ်၊ ပြီးတော့လည်း ကျွန်မက ရှင်းလင်းပေးဖို့ ပြန်လာခဲ့တာ၊ ဒီတော့ ရှင်းပေးရလိမ့်မယ်၊ အဲဒါ ပြီးစီးသွားတဲ့ အခါကျရင်... အဲဒီ အချိန် အထိ စောင့်ကြသေးတာပေါ့ ရှင်'

## ၆

ဗင်းစင့် လော့ဒ်သည် ပြောင်းလဲသူ တစ်ယောက် ဖြစ်နေသည်။ စိတ်အား ထက်ထက်သန်သန်နှင့် ရွှင်ရွှင်ပျပျ ရှိသူ တစ်ယောက် ဖြစ်လာလေပြီ။ သူသည် စိတ်ကူး တစ်မျိုးတည်း နောက်သို့ နှစ်ပေါင်း နှစ်ဆယ်နီးပါး အစဉ်တစိုက် လိုက်၍ သုတေသန ပြုလုပ်ခဲ့သူ ဖြစ်သည်။ ယခု သူ့ အိပ်မက်သည် အကောင် အထည် ပေါ်လာခဲ့လေပြီ။

ယခုအချိန် အထိ အန္တရာယ် ရှိနေသော ဆေးဝါးများကို အန္တရာယ် ကင်းသော ဆေး ဖြစ်လာအောင် ပြုလုပ်ပေးနိုင်မည့် ဆေးဝါးကို ဖော်စပ်နိုင်စွမ်း ရှိလာခဲ့လေပြီ။ ထိုဆေးကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ တိရစ္ဆာန်များနှင့် လူပုဂ္ဂိုလ်များအား စမ်းသပ်ပေးရန်သာ လိုပါတော့သည်။

ဟက်ဆင် ဒဗလျူဟု ယာယီ မှည့်ခေါ်ထားသော ထိုဆေး အကြောင်း ဆေးဝါး ထုတ်လုပ်ရေး လောကတွင် အငမ်းမရ ဆွေးနွေး နေကြသော်လည်း ထိုဆေးနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များသည် ဖဲလ်ဒင်း ရော့သ်၏ လျှို့ဝှက်ချက် အဖြစ် တည်ရှိနေဆဲပင်။ ထိုဆေးအား မှတ်ပုံတင် မည့် အချိန်ကို အခြား ဆေးဝါး ကုမ္ပဏီများက စောင့်ကြည့်ကြရင်း ထိုဆေး ကို သူတို့လည်း စိတ်ဝင်စားကြောင်း အသိပေးကြသည်။

ဤကဲ့သို့ စိတ်ဝင်စားကြခြင်းမှာ ထိုဆေးဝါးသစ်ကို နည်းလမ်း နှစ်မျိုး နှင့် အသုံးပြုနိုင်သောကြောင့် ဖြစ်သည်။ အခြား ဆေးဝါးများကို ဖော်စပ်ချိန် တွင် ထိုဆေးအား ဆေးအမည် တစ်ခု အဖြစ် ပေါင်းစပ် ထုတ်လုပ်နိုင်သည်၊ သို့တည်းမဟုတ် ထိုဆေးသစ်ကို ဆေးပြား အဖြစ် သီးခြား ပြုလုပ်ပြီး အခြား ဆေးများနှင့် တွဲဖက်၍လည်း အသုံးပြုနိုင်ပေသည်။

ဤနည်းဖြင့် ဟက်ဆင် ဒဗလျူသည် အများသုံး ဆေးဝါး တစ်လက် ဖြစ်လာနိုင်သည်။ ဟက်ဆင် ဒဗလျူကြောင့် အကျိုးကျေးဇူး ရှိလာမည့် ပုဂ္ဂိုလ် များမှာ ရိုးဆက် ရောင်ရမ်းနာ စွဲကပ်နေသူများနှင့် ကင်ဆာ ရောဂါရှင်များပင် ဖြစ်သည်။ ထိုရောဂါများ အတွက် အာနိသင် ပြင်းသော ဆေးများ ပေါ်ထွက် နေသော်လည်း အန္တရာယ် ရှိသော ဆေး တန်ပြန်မှုများကြောင့် အနည်းငယ် သာ တိုက်ကျွေးရလေ့ ရှိကြသည်။





ဟက်ဆင် ဒဗလျူနှင့် တွဲဖက် အသုံးပြုမည် ဆိုပါက အဆိုပါ ဆေး တန်ပြန်မှုများသည် ပျောက်ကွယ် သွားကြပေလိမ့်မည်၊ သို့တည်းမဟုတ် သိသိ သာသာ လျော့နည်း သွားကြပေလိမ့်မည်။

ရိုးဆက် ရောင်ရမ်းနာနှင့် ပတ်သက်၍ ဆေး ရောင်းချရေး ဆွေးနွေးပွဲ တစ်ခုတွင် ဗင်းစင့် လော့ဒ်က စီလီယာနှင့် အခြား ပုဂ္ဂိုလ်များအား အောက်ပါ အတိုင်း ရှင်းပြခဲ့သည်။

'ရိုးဆက် ရောင်ရမ်းနာ စွဲကပ်နေသူတွေဟာ ရိုးဆက်တွေမှာ ရောင်ရမ်း လာပြီး မလှုပ်ရှားနိုင်ရုံသာမက နာကျင်တဲ့ ဝေဒနာကိုပါ ခံစားကြရပါတယ်၊ ဒီလို ဖြစ်ရတာက ဒီရောဂါက ဖရီးရက်ဒီကယ်စ်တွေကို ထုတ်လုပ် ပေးလိုက် ပါတယ်၊ အဲဒီ ဖရီး ရက်ဒီကယ်စ်တွေက လူကိုစိုက်လို့ ခေါ်တဲ့ သွေးဖြူဥ တွေကို စုပြုံလာအောင် ဆွဲဆောင်ပြီး ခေါ်ယူလိုက်ကြတယ်၊ အဲဒီ လူကိုစိုက် တွေဟာ ရိုးဆက်တွေမှာ စုပုံလာကြတဲ့ အတွက် ရောင်ရမ်းတဲ့ ကိစ္စကို ပိုပြီး အခြေအနေ ဆိုးရွားလာစေခဲ့တယ်၊ ဒါပေမဲ့ ဟက်ဆင် ဒဗလျူက ဖရီး ရက်ဒီ ကယ်စ် ထုတ်လုပ်မှုကို ရပ်တန့် ပစ်လိုက်တယ်၊ ဒီတော့ လူကိုစိုက်တွေကို ဆွဲ ဆောင်မှု မရှိတော့ဘူး၊ ရလဒ်ကတော့ ရောင်ရမ်းမှု ဖြစ်မလာတော့သလို နာ ကျင်တဲ့ ဝေဒနာလည်း ပျောက်ကွယ်သွားတော့တယ်'

လော့ဒ်၏ ရှင်းပြချက်ကို နားထောင်နေသူ အတော် ခပ်များများက လက်ခုပ် တီးလိုက်ကြ၏။

ဗင်းစင့် လော့ဒ်သည် ဝမ်းသာမှုကြောင့် မျက်နှာ နီရဲသွားသည်။

ပရက်စတွန် အိုပာိုလာရမ်အား ဖဲလ်ဒင်း ရော့သ်၏ ယာယီ ဥက္ကဋ္ဌ အဖြစ် ခန့် အပ်မှုသည် စီလီယာ နေ့စဉ် ဆောင်ရွက်နေရသော ဝတ္တရားများကို ပြောင်းလဲ မသွားစေခဲ့ပါ။

ဘုတ်အဖွဲ့ အစည်းအဝေးကို ကျင်းပ ပြုလုပ်ပြီးနောက် တစ်နေ့တွင် စီလီ ယာနှင့် အိုပာိုလာရမ်တို့သည် ဥက္ကဋ္ဌ၏ ရုံးခန်းထဲ၌ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ခဲ့ကြသည်။

'ကျွန်မတို့ ဘယ်လို ဆက် စခန်း သွားကြမယ် ဆိုတာကို ဆွေးနွေးကြ ရအောင်'

အိုပာိုလာရမ်က ပြန်ပြောလိုက်၏။

'အဲဒါကတော့ လွယ်ပါတယ်၊ မင်း အခု အချိန် အထိ ဆောင်ရွက် နေသလို ဆက်ပြီး ဆောင်ရွက်သွားစေချင်ပါတယ်၊ မင်းဟာ အရည်အချင်း ပြည့်ဝပြီး အစွမ်းအစ ရှိသူ ဖြစ်ကြောင်း ကျုပ် သိထားပါတယ်'

'ကျွန်မက အရည်အချင်း ပြည့်ဝပြီး အစွမ်းအစ ရှိနေတဲ့ အချိန်မှာ ရှင်က ဘာလုပ်နေမှာလဲ'

အိုပဟိုလာရမ်က စီလီယာအား ညင်ညင်သာသာလေး ဆုံးမလိုက်၏။

'ဥက္ကဋ္ဌက အမှုဆောင် ဒုတိယ ဥက္ကဋ္ဌကို တာဝန် ခံရမှာ မဟုတ်ဘူးကွယ့်၊ ပြောင်းပြန် ဖြစ်ရလိမ့်မယ်၊ ဒါပေမဲ့ တို့နှစ်ယောက် အကြားမှာ နားလည်မှု မလွဲမှားအောင် ကျုပ်က တစ်ခုတော့ ဝန်ခံလိုက်မယ်၊ ဆေးဝါးလောကအကြောင်း ကျုပ်က မင်းလောက် မသိပါဘူး၊ ကျုပ်က မင်းထက် ပိုသိတာကတော့ ကုမ္ပဏီတွေရဲ့ ငွေရေးကြေးရေး ကိစ္စပဲ၊ ခုလောလောဆယ်မှာတော့ အဲဒီကိစ္စကို အထူးတလည် ကိုင်တွယ်ဖို့ လိုအပ်နေတယ်၊ ဒီတော့ ကျုပ် ဒီကုလားထိုင်မှာ ထိုင်မယ့် ခြောက်လ အဲဒါထက် နည်းချင်လည်း နည်းလိမ့်မယ်၊ အဲဒီကာလ အတွင်းမှာ ကျုပ်က ငွေရေးကြေးရေး ကိစ္စကိုပဲ သုံးသပ်မယ်'

အိုပဟိုလာရမ်က သူ့ကို ယဉ်ယဉ်ကျေးကျေးနှင့် သည်းခံ၍ ဆက်ခံခဲ့ခြင်း ဖြစ်ကြောင်း စီလီယာက ဝန်ခံရတော့သည်။ စီလီယာသည် ယခင်ကထက် ပို၍ ချိုသာသော လေသံနှင့် ပြောလိုက်၏။

'ကျေးဇူး တင်ပါတယ်ရှင်၊ အဲဒီ အစီအစဉ် အတိုင်း ကျွန်မ ဘက်က ကြိုးစားပြီး အကောင်းဆုံး တာဝန် ထမ်းဆောင်ပါ့မယ်'

ဥက္ကဋ္ဌသစ်သည် ရုံးခန်းသို့ နေ့တိုင်း လာ၍ ရုံးထိုင်ခြင်း မရှိပါ။ သို့ရာတွင် သူ လာရောက် ရုံးထိုင်သောအခါ ရှေ့လာမည့် ငါးနှစ်တာ ကာလ အတွက် ငွေရေးကြေးရေး စီမံချက် တစ်ခုကို ရေးဆွဲ ပြုစုပေးခဲ့လေသည်။

စီလီယာ ဆောင်ရွက်သမျှကို အမြဲတစေ ထောက်ခံလေ့ ရှိမှုနှင့် ပျက်ကွက်မှု မရှိစေဘဲ ယဉ်ယဉ်ကျေးကျေး ဆက်ဆံလေ့ ရှိမှုတို့ကြောင့် ထိုအချိန်တွင် စီလီယာသည် အိုပဟိုလာရမ်အား နှစ်သက် လေးစားစ ပြုလာရသည်။

၁၉၇၈ ခုနှစ် ဇန်နဝါရီလ၏ နောက်ဆုံး ရက်သတ္တပတ်တွင် အိုပဟိုလာရမ်သည် အအေးမိသည့် ရောဂါကြောင့် အိပ်ရာထဲမှ မထဘဲ နေခဲ့ရပြီး နောက်တစ်ပတ် ကြာသောအခါ နှလုံးပတ် သွေးလွှတ်ကြော ပိတ်ဆို့မှုဖြင့် ကွယ်လွန်ကြောင်း ကြားသိလိုက်ရသည့် အခါ စီလီယာ တစ်ယောက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိတော့သည်။





ယခု တစ်ကြိမ်တွင် ဥက္ကဋ္ဌသစ် ခန့်အပ်ရန် အတွက် ရက်သတ္တ နှစ်ပတ် နှောင့်နှေးခြင်းမျိုး မဖြစ်ပေါ်ခဲ့ပါ။ ထိုကိစ္စကို အိုပဟိုလာရမ်အား သင်္ဂြိုဟ်ပြီး နောက်တစ်နေ့မှာပင် အပြီးအစီး ဆုံးဖြတ်နိုင်ခဲ့ကြပါသည်။

ဘုတ်အဖွဲ့ဝင် လူကြီးများက စီလီယာအား ဖဲလ်ဒင်း ရှော့သ်၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ရန် သဘော တူလိုက်ကြလေသည်။

## ၇

စီလီယာသည် ဖဲလ်ဒင်း ရှော့သ်၏ အမြဲတမ်း မူဝါဒကို ရေးဆွဲ ပြဋ္ဌာန်းရန် အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဘဝမှာပင် စိတ်ကူးခဲ့ရသည်။ သို့ရာတွင် သူ၏ တင်ပြချက်အား ပယ်ချလိုက်မည်ကို စိုးရိမ်သောကြောင့် ငြိမ်နေခဲ့ရသည်။

သူသည် ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ခြင်း ခံရသည့် အချိန်မှာပင် သူ့ တင်ပြချက်သည် ဘုတ်အဖွဲ့ဝင် လူကြီးများ၏ သဘော တူညီချက်ကို ရရှိရန် လိုအပ်ကြောင်း သိရှိသောကြောင့် အချိန်ကို စောင့်ခဲ့ရသည်။

ယခု ခုနှစ်လ ကြာမြင့်သော အချိန် ၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ဖဲလ်ဒင်း ရှော့သ်၏ မူဝါဒ မူကြမ်းကို စတင် ရေးဆွဲလေ၏။

ဖဲလ်ဒင်း ရှော့သ်၏ မူဝါဒ မူကြမ်းမှာ အောက်ပါ အတိုင်း ဖြစ်သည်။

ဖဲလ်ဒင်း ရှော့သ် ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီက လေးနက်စွာ ကတိသစ္စာ ပြုသည်မှာ

**ပုဒ်မ ၁။** ဤကုမ္ပဏီသည် အမျိုးသမီးများ ပဋိသန္ဓေ ရှိနေစဉ် ကာလ အတွင်း သဘာဝ အလျောက် ဖြစ်တတ်သော မူးဝေခြင်း အော့အန်ခြင်း စသည့် ကိစ္စရပ်များကို ကုသပေးရန် ရည်ရွယ်ချက်ဖြင့် ပဋိသန္ဓေ ရှိနေစဉ် စားသုံးရမည့် ဆေးဝါးများကို မည်သည့် အခါတွင်မှ သုတေသန ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ဖြန့်ဖြူးခြင်း စသည်တို့ကို ပြုလုပ်မည် မဟုတ်ပါ။

**ပုဒ်မ ၂။** ဖဲလ်ဒင်း ရှော့သ် ကုမ္ပဏီသည် ပုဒ်မ ၁ တွင် ဖော်ပြထားသော ဆေးဝါးများကို အမျိုးသမီးများ ပဋိသန္ဓေ ရှိနေစဉ် ကာလ အတွင်း သုံးစွဲရန်

ခွင့်ပြုသည့် ကိစ္စရပ်များကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါသည်။ နောင်တွင်လည်း ကန့်ကွက်သွားမည်သာ ဖြစ်ပါသည်။

**ပုဒ်မ ၃။** ပဋိသန္ဓေ ရှိနေသော အမျိုးသမီးများသည် ပဋိသန္ဓေ ရှိနေစဉ်ကာလ အတွင်း ကျန်းမာရေး အရ အထူး လိုအပ်ချက်ကြောင့် ဆရာဝန်က သုံးစွဲခွင့်ပြုသော ဆေးဝါးများမှ တစ်ပါး ဆေးညွှန်းစာဖြင့် သုံးစွဲရသော ဆေးဝါးများနှင့် ဆေးညွှန်းစာ မပါဘဲ သုံးစွဲနိုင်သော အိမ်သုံး ဆေးဝါးများကို မိမိ၏သဘောဆန္ဒ သက်သက်ဖြင့် မသုံးစွဲသင့်ကြောင်း အကြံပေး နှိုးဆော်ပါသည်။

**ပုဒ်မ ၄။** ပဋိသန္ဓေ ရှိနေသော အမျိုးသမီးများသည် ပဋိသန္ဓေ ရှိနေစဉ်ကာလ အတွင်း ဝိုင် အပါအဝင် အရက်သေစာ အမျိုးမျိုးကို သောက်သုံးခြင်း၊ အခြား လူများ ဆေးလိပ် သောက်ရာမှ ပေါ်ထွက်လာသော အငွေ့များကို ရှူရှိုက်သည့် ကိစ္စရပ်များ အပါအဝင် စီးကရက်နှင့် အခြား ဆေးလိပ်များအား သောက်သုံးသည့် ကိစ္စရပ်များကို မပြုလုပ်ကြရန် ထပ်မံ တိုက်တွန်း နှိုးဆော်ပါသည်။

အခြား အချက်များလည်း ပါဝင်ပါသေးသည်။

ထိုမူဝါဒ စာတမ်းကို ဘုတ်အဖွဲ့ အစည်းအဝေးသို့ တင်ပြလိုက်သောအခါ ဘုတ်အဖွဲ့ဝင် လူကြီး အားလုံးက တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

ဖဲလ်ဒင်း ရှော့သ်သည် အဆိုပါ မူဝါဒကို ဆေးပညာနှင့် သိပ္ပံဆိုင်ရာ မဂ္ဂဇင်းများထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခဲ့သည်။ စီလီယာသည် ပထမတွင် သတင်းစာများ၌ ကြော်ငြာရန် စိတ်ကူးခဲ့သော်လည်း ဆေးဝါးများနှင့် ပတ်သက်၍ လူထုကြီးအား တိုက်ရိုက် ချဉ်းကပ်မှုများကို အက်ဖ်ဒီအေက မနှစ်မြို့ကြောင်း၊ အက်ဖ်ဒီအေက အငြိုးအတေး ထားရှိနိုင်ကြောင်း တင်ပြကြသဖြင့် လက်လျှော့လိုက်သည်။

သတင်းစာများတွင် ကြော်ငြာ မပါရှိမှုကြောင့် ဖဲလ်ဒင်း ရှော့သ် မူဝါဒကို သတင်းစာများတွင် သတင်း အဖြစ် အနည်းအကျဉ်းသာ ဖော်ပြခဲ့ကြသည်။ တယ်လီဗီးရှင်းများကမူ လုံးဝ မဖော်ပြခဲ့ကြချေ။

ဖဲလ်ဒင်း ရှော့သ် မူဝါဒနှင့် ပတ်သက်၍ အခြား ကုမ္ပဏီများ၏ တုံ့ပြန်ချက်မှာ ရောရောထွေးထွေး ဖြစ်နေသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ သုံးစွဲရန် ဆေးဝါးများကို ထုတ်လုပ်ရောင်းချသော ဆေးဝါး ကုမ္ပဏီများကမူ ဖဲလ်ဒင်း ရှော့သ်ကို ပွင့်ပွင့်လင်းလင်း ရန်စောင်ကြသည်။





ပြိုင်ဖက် ကုမ္ပဏီကြီး တစ်ခု နှစ်ခုကမူ 'အဲဒီ ကိစ္စကို တို့က စတွေးမိခဲ့ရင် ကောင်းမှာပဲ' ဟူ၍ ချီးကျူးစကား ပြောခဲ့ကြလေသည်။

မွန်တိန်းနှင့် ပတ်သက်သော အခြား ဂယက်လှိုင်းလေးများ ပေါ်ထွက်လာသည်။ ဂယက်လှိုင်း တစ်ခုမှာ ဝါရှင်တန်ရှိ ကက်ပီတို ဟီးလ်မှ အစပြုခဲ့ခြင်း ဖြစ်သည်။

ဆီနေတာ ဒင်းနစ် ဒိုနာဟူး၏ တပည့် တပန်းများသည် မွန်တိန်း ကိစ္စကို တစ်နှစ်ခန့် လေ့လာကြပြီးနောက် ထိုကိစ္စသည် ၎င်းတို့၏ ဆရာသမားက ဆီးနိတ်တွင် စုံစမ်း စစ်ဆေးမှု ပြုလုပ်ရန် အကောင်းဆုံး ဘာသာရပ် ဖြစ်ကြောင်း ဆုံးဖြတ်လိုက်ကြသည်။

ထိုဆုံးဖြတ်ချက်နှင့် အညီ ဆီနေတာ ဒင်းနစ် ဒိုနာဟူး နာယက အဖြစ် ဆောင်ရွက်သော 'ကျင့်ဝတ်နှင့် အညီ ရောင်းဝယ် ဖောက်ကားရေး ဆီးနိတ်ဆပ် ကော်မတီက ဒီဇင်ဘာ လဆန်းပိုင်းမှ စတင်၍ ဝါရှင်တန် ဒီစီတွင် ကြားနာ စစ်ဆေးမှုများကို ပြုလုပ်တော့မည် ဖြစ်ကြောင်း' ကြေညာလိုက်သည်။

အောက်တိုဘာလတွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ၌ သက်သေများကို သမ္မာန်စာများ ထုတ်ဆင့် ခေါ်ယူပြီး ဖြစ်ကြောင်းနှင့် ထိုကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင် သိရှိ ထားကြသူများသည် ကော်မတီ၏ ဝန်ထမ်းများနှင့် ဆက်သွယ်ကြရန် ဖြစ်ကြောင်း ဖိတ်ခေါ်ထားသည်။

ထိုသတင်းကို ကြားလိုက်သော စီလီယာသည် ဝါရှင်တန်မှ ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်ထံ တယ်လီဖုန်း ဆက်လိုက်သည်။ ကွင်တင်က ထိုသတင်းသည် သတင်းဆိုး ဖြစ်ကြောင်း၊ ယခု အချိန်က စ၍ ကြိုတင် ပြင်ဆင်ထားရန် လိုအပ်ကြောင်း ပြန် အသိပေးလိုက်လေသည်။

၈

ဆီနေတာ ဒိုနာဟူးသည် ကိုယ်လုံး ကိုယ်ပေါက် တောင့်တင်းသော ပုဂ္ဂိုလ်ဖြစ်ပြီး ချောမော လှပသော မျက်နှာကြောင့် လေးဆယ့် ကိုးနှစ်ထက် ပို၍ငယ်ရွယ်သူဟု အထင် ခံရသူ ဖြစ်သည်။ သူသည် တိုင်းသူ ပြည်သားများ၏ ရှေ့မှောက်သို့ ရောက်ရှိနေချိန်တွင် အမြဲတစေ ပြုံးရွှင်နေသူ ဖြစ်သည်။

သူသည် အဝတ်အစားနှင့် ဆံပင်ပုံစံကို သာမည လူတန်းစားတို့၏ အသွင်သဏ္ဍာန်နှင့် တူအောင် အမြဲတမ်း မသေမသပ် ဝတ်ဆင်ထားလေ့ ရှိသည်။

ဒိုနာဟူးသည် အခွင့်အရေးသမား ဖြစ်ကြောင်း မှန်မှန်ကန်ကန် သုံးသပ်တတ်သူများက သိရှိကြသော်လည်း သူ့ကို သူ့ပါတီတွင်းက ပုဂ္ဂိုလ်များကသာမက ဆန့်ကျင်ဘက် ပါတီမှ ပုဂ္ဂိုလ် အတော်များများကပါ လိုက်လိုက်လှဲလှဲ ခင်မင်ကြသည်။ ထိုကဲ့သို့ ခင်မင်မှုကို ဖြစ်ပေါ်စေသော အချက် တစ်ချက်မှာ သူသည် ဟာသဉာဏ် ရှိသူ ဖြစ်သလို သူ့ကို ရယ်စရာ ဖြစ်အောင် ဟာသနှောသည်ကိုလည်း ခံနိုင်ရည် ရှိသောကြောင့် ဖြစ်သည်။ ဒုတိယ အချက်မှာ သူနှင့် နေရသည်မှာ ပျော်စရာ ကောင်းပြီး သူသည် စိတ်ဝင်စားစရာ ကောင်းသူ တစ်ဦး ဖြစ်နေသောကြောင့်ပင်။

ဒီဇင်ဘာလ၏ ပထမ အင်္ဂါနေ့ နံနက် ဆယ်နာရီတွင် ဆီနေတာ ဒိုနာဟူးက 'ကျင့်ဝတ်နှင့် အညီ ရောင်းဝယ် ဖောက်ကားရေး ဆီးနိတ် ဆပ်ကော်မတီ' ၏ စုံစမ်း စစ်ဆေးမှုများကို ၄င်းက မိန့်ခွန်း ပြောကြား၍ ဖွင့်လှစ်ကြောင်း ကြေညာ လိုက်သည်။

ထိုကော်မတီ၏ အစည်းအဝေးကို ဆီးနိတ် အဆောက်အအုံဟောင်း၏ အခန်း နံပါတ် (အက်စ်အာ ၂၅၃) တွင် ကျင်းပသည်။ နာယကကြီးနှင့် အဖွဲ့ဝင် ဆီနေတာများသည် သက်သေများနှင့် ပရိသတ်ကို မျက်နှာမူ၍ ကြမ်းပြင်ထက် ပိုမြင့်နေအောင် မြှင့်ထားသော အင်္ဂလိပ် အက္ခရာ ယူ ပုံသဏ္ဍာန် စားပွဲကြီးများ၏ နောက်ဘက်တွင် ထိုင်နေကြသည်။

ဆီနေတာ ဒိုနာဟူးက အသင့် ရေးယူလာသော စာရွက်ကို ဖတ်၍ ပြောလိုက်၏။

'အခု ဒီကို ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးဟာ ကလေးတွေရဲ့ ဦးနှောက်ကို ပျက်ပြားစေပါတယ်လို့ စွပ်စွဲခံရတဲ့ ဆေးဝါး အကြောင်း သတိထားမိကြသူတွေ ဖြစ်ပါတယ်၊ အဲဒီ ဆေးဝါးကြောင့် တစ်ကမ္ဘာလုံးမှာ ဝမ်းနည်း ကြေကွဲစရာတွေ ဖြစ်ခဲ့ရပါတယ်၊ အဲဒီ ဆေးဝါးရဲ့ နာမည်ကတော့ မွန်တိန်းပါပဲ'

ဆီနေတာသည် စကားပြော ကောင်းသူ ဖြစ်သည်။ အခန်းထဲ၌ ရောက်ရှိနေသူ လူတစ်ရာခန့်သည် ငြိမ်ငြိမ်သက်သက်နှင့် စူးစူးစိုက်စိုက် နားထောင်နေကြသည်။ တယ်လီဗီးရှင်း ကင်မရာများကလည်း သူ့ကို ချိန်၍ ရိုက်နေကြသည်။ သူနှင့် အတူ ဆီနေတာ ရှစ်ယောက် ရှိနေပြီး ဆီနေတာများ၏ နောက်





ဘက်တွင် ကော်မတီ ရုံးအဖွဲ့သား ဆယ့်ငါးယောက်သည် ရပ်သူက ရပ်၊ ထိုင်သူက ထိုင်နှင့် ရှိနေကြသည်။

'အဲဒီလို ဖြစ်ပျက်ရတဲ့ ကိစ္စတွေနှင့် ပတ်သက်ပြီး တာဝန် ရှိသူတွေကို ဒီကော်မတီက စုံစမ်း စစ်ဆေးသွားမှာ ဖြစ်ပါတယ်'

ပထမဦးဆုံး သက်သေ ဖြစ်သော စီလီယာသည် ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်နှင့် အတူ ထိုင်နေသည်။

ကွင်တင်က စီလီယာအား ယနေ့ အစစ် ခံရမည့် ကိစ္စနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း အကြံပေးထားသည်။

'အချက်အလက် ပြည့်ပြည့်စုံစုံကို ရိုးရိုးသားသား ရှင်းရှင်းလင်းလင်းနှင့် ဖြစ်နိုင်သလောက် ခပ်တိုတိုတုတ်တုတ် တင်ပြပါ၊ ကိုယ် တော်ကြောင်း တတ်ကြောင်း မပြပါနှင့်၊ ဒင်းနစ် ဒိုနာဟူးကို ကျောဖို့လည်း မကြံပါနှင့်'

လွန်ခဲ့သော နှစ်နှစ်ခန့်က မွန်တိန်းကို အက်ဖ်ဒီအေက ခွင့်ပြုချက် မပေးဘဲ ဆွဲထားစဉ် သက်သက်မဲ့ ဆွဲထားသည်ဟု ယူဆသူ အချို့က ကန့်ကွက်ခဲ့ကြသည်။

ထိုကဲ့သို့ ကန့်ကွက်သူများထဲတွင် ဒိုနာဟူးလည်း ပါဝင်ခဲ့ပြီး ဒိုနာဟူးက ထိုကဲ့သို့ ဆွဲထားခြင်းမှာ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အလွန်တရာ ရယ်ဖွယ်လိလိ ဖြစ်နေသည်ဟု ပြောကြားခဲ့သည်။ ထိုကိစ္စကို စီလီယာက သူ အစစ်ခံချိန်တွင် ထုတ်ဖော် ပြောကြားလိုသော ဆန္ဒ ရှိနေသဖြင့် ကွင်တင်က နောက်ဆုံး မှတ်ချက်နှင့် သတိပေး ဆုံးမလိုက်ခြင်း ဖြစ်သည်။

'အမေရိကန် ဆီနေတာ တစ်ယောက်ဟာ အင်မတန် တန်ခိုး ထွားသလို ဩဇာ တိက္ကမလည်း ကြီးမားတယ်၊ ဒါကြောင့် လူမိုက်တွေကသာ အမေရိကန် ဆီနေတာတွေနှင့် ရန်ဖြစ်ကြတယ်'

စီလီယာသည် ထိုအကြံပေးချက်ကို အသည်း စွဲအောင် မှတ်သား ထားလိုက်သည်။

သူ ရှုံမုန်းသော ဆီနေတာ ဒိုနာဟူးနှင့် အပြန်အလှန် ပြောဆိုရချိန်တွင် သတိ ရအောင် သူ့ကိုယ်သူ သတိပေးထားသည်။

စီလီယာနှင့် အတူ ဗင်းစင့် လော့ဒ်လည်း လိုက်ပါလာသည်။ ဗင်းစင့် လော့ဒ်သည် ကွင်တင်၏ ဟိုဘက်တွင် ထိုင်နေသည်။ စီလီယာသည် ဆီနေတာ ဒိုနာဟူး၏ ခွင့်ပြုချက်ကို ရရှိသောကြောင့် ထိုင်နေလျက်ကပင် သူ့ ရှေ့တွင် ရှိသော မိုက်ခွက်ထဲသို့ စတင်၍ ပြောဆိုလေတော့သည်။

‘နာယကကြီးနှင့် ဆပ်ကော်မတီ အဖွဲ့ဝင်များရှင့်၊ ပထမဦးစွာ တင်ပြလိုတာကတော့ မကြာသေးခင်က ဆီနေတာ ဒိုနာဟူး မှန်ကန်စွာ တင်ပြသွားတဲ့ ဝမ်းနည်း ကြေကွဲဖွယ်ရာ အဖြစ်အပျက်တွေနှင့် ပတ်သက်ပြီး ကျွန်မတို့ ကုမ္ပဏီက မိသားစုတွေ အပေါ်မှာ များစွာ ကရုဏာ သက်မိကြောင်း ပြောကြားလိုပါတယ်၊ သိပ္ပံ ဆိုင်ရာ အချက်အလက် အထောက်အထားတွေကိုတော့ ပြည့်စုံစွာ မရရှိသေးပါဘူး၊ ဒါပေမဲ့ လူဦးရေ စုစုပေါင်းရဲ့ သေးငယ်သော အစိတ်အပိုင်းလေး တစ်ခုမျှသာ ဖြစ်တဲ့ ကိုယ်ဝန်ဆောင် မိခင်တွေရဲ့ ဝမ်းဗိုက်ထဲက သန္ဓေသားကို မွန်တိန်း ဆိုတဲ့ ဆေးက ထိခိုက်စေခဲ့တယ် ဆိုတဲ့ ကိစ္စဟာ သေချာသလောက် ရှိသွားပြီ၊ ဒီကိစ္စဟာ အဲဒီ ဆေးဝါးကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်စဉ်တုန်းက ကြိုတင် သိရှိနိုင်ဖို့ မလွယ်ကူခဲ့ပါဘူး။

‘မွန်တိန်းနှင့် ပတ်သက်ပြီး တင်ပြလိုတဲ့ အချက် တစ်ချက်ကတော့ စမ်းသပ်ဆဲ အဆင့်တိုင်းနှင့် ဖြန့်ဖြူး ရောင်းချတဲ့ အဆင့်တိုင်းမှာ ဥပဒေက ပြဋ္ဌာန်းထားတဲ့ အတိုင်း ကျွန်မတို့ ကုမ္ပဏီက အစီရင်ခံခဲ့တယ် ဆိုတာပါပဲ၊ ပြီးတော့လည်း သံသယ ဖြစ်စရာ ကိစ္စတွေ ပေါ်ပေါက်လာခဲ့တဲ့ အခါမှာ ကျွန်မတို့ ကုမ္ပဏီဟာ ပြဋ္ဌာန်း သတ်မှတ်ချက်ထက် ကျော်လွန်ပြီး အက်ဖ်ဒီအေရဲ့ ဆုံးဖြတ်ချက်ကို မစောင့်ဆိုင်းတော့ဘဲ မိမိ ဆန္ဒ အလျောက် ပြန်လည် ရုပ်သိမ်းခဲ့ပါတယ်’

စီလီယာက ဆက်တင်ပြလိုက်၏။

‘အခု ကျွန်မက မွန်တိန်းရဲ့ မူလ ဇာစ်မြစ်ကို သုံးသပ် တင်ပြလိုပါတယ်၊ မွန်တိန်းကို ပြင်သစ် နိုင်ငံရှိ နှစ်ပေါင်း များစွာ ကျော်ကြား အောင်မြင်ခဲ့သော ဂီရှန်ဒီချီမီ ကုမ္ပဏီက ဖော်စပ် ထုတ်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်’

စီလီယာ၏ တင်ပြချက်မှာ တိကျမှု ရှိသည်သာမက ပုဂ္ဂလိကဋ္ဌာန် မပါဘဲ တင်ပြနေခြင်း ဖြစ်သည်။ ချိုလ်ဒါးစ် ကွင်တင်နှင့် ဆွေးနွေးခဲ့စဉ်က စီလီယာ ရာထူးမှ နုတ်ထွက်သွားသည့် ကိစ္စနှင့် ပတ်သက်၍ ထုတ်ဖော် ပြောကြားလိုသော ဆန္ဒ မရှိကြောင်း စီလီယာက ပြောကြားခဲ့သည်။

‘ကျွန်မ ရာထူးက နုတ်ထွက်တဲ့ ကိစ္စကို မေးလာမယ် ဆိုရင်တော့ ရိုးရိုးသားသားပဲ ပြန်ဖြေလိုက်ပါ့မယ်၊ ကျွန်မက ကိုယ့်ကိုယ်ကိုယ် အမွှမ်းတင်သလို မဖြစ်အောင် မထုတ်ဖော်စေချင်တဲ့ သဘောပါ’

ယခု စီလီယာက ဆီးနိတ် ဆပ် ကော်မတီအား ဆက်လက် အစီရင်ခံပြန်၏။





‘၁၉၇၆ ခုနှစ် ဇွန်လမှာ ဩစတြေးလျက သတင်းကို မရခင် အချိန်အထိ မွန်တိန်းနှင့် ပတ်သက်ပြီး သံသယ မဝင်ခဲ့ကြပါဘူး၊ ဒါပေမဲ့ ဩစတြေးလျ အစိုးရရဲ့ စုံစမ်း စစ်ဆေးမှုကြောင့် စိတ် ပူပန်စရာလည်း မဖြစ်ပေါ်ခဲ့ပါဘူး’

စီလီယာသည် မွန်တိန်း၏ ဇာတ်လမ်းကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းလင်း တင်ပြသွားရာ စုစုပေါင်း မိနစ် လေးဆယ် ကြာမြင့်သွားသည်။

စီလီယာ အစစ် ခံပြီးသည်နှင့် တစ်ပြိုင်နက် ဆပ်ကော်မတီ၏ ရှေ့နေကြီး စတန်လီ အာဘက်က ချက်ချင်း မေးခွန်း ထုတ်တော့သည်။

‘မစ္စစ် ဂျော်ဒန်၊ မွန်တိန်းနှင့် ပတ်သက်ပြီး ပထမဦးဆုံး သံသယ ဖြစ်စေခဲ့တဲ့ ဩစတြေးလျက သတင်းကို ခင်ဗျား တင်ပြသွားခဲ့တယ်၊ အဲဒီ ကိစ္စဟာ ခင်ဗျားတို့ ကုမ္ပဏီက အမေရိကမှာ မွန်တိန်းကို မရောင်းချခင်ထက် ခုနစ်လ ရှစ်လ ပိုစောခဲ့တာပေါ့နော်၊ မှန်ပါရဲ့လား’

‘မှန်ပါတယ်ရှင်’

‘ခင်ဗျား ပြောတဲ့ အထဲမှာ ပြင်သစ်နှင့် စပိန်က ဆန့်ကျင်ဘက် အစီရင်ခံစာတွေကို ရရှိခဲ့တယ်၊ နှစ်ခုစလုံးဟာ ခင်ဗျားတို့ ကုမ္ပဏီက မွန်တိန်းကို မရောင်းချခင်မှာ ဖြစ်ပွားခဲ့တယ် ဆိုတာ မှန်ပါသလား’

‘ဆန့်ကျင်ဘက် အစီရင်ခံစာလို့ မဆိုနိုင်ပါဘူး၊ အဲဒီ ကာလမှာ ဂီရှန်ဒီချီမီက စုံစမ်း စစ်ဆေးပြီး အဓိပ္ပာယ် မရှိဘူးလို့ ကောက်ချက် ချထားတဲ့ စွပ်စွဲချက်တွေပါ’

ဆီနေတာ ဒိုနာဟူးက ဝင်ပြောလိုက်၏။

‘ရှေ့နေကြီး မေးနေတာက မွန်တိန်းကို မရောင်းချခင် အဲဒီ အစီရင်ခံစာ သုံးစောင်ကို ခင်ဗျားတို့ ကုမ္ပဏီက သိ မသိ ဆိုတာပဲ’

‘ဟုတ်ကဲ့၊ သိကြပါတယ်’

‘ဒါနှင့်တောင် ခင်ဗျားတို့က အဲဒီ ဆေးဝါးကို ရောင်းချကြသေးတယ်နော်’

‘ဆီနေတာကြီး ရှင့်၊ ဆေးဝါးသစ်တွေနှင့် ပတ်သက်ရင် ဆန့်ကျင်ဘက် အယူအဆတွေ အမြဲ ရှိကြစမြဲပါ၊ အဲဒီ အချက်တွေကို စေ့စေ့စပ်စပ် လေ့လာ သုံးသပ်ရပါတယ် ရှင်’

‘ဒီမှာ မစ္စစ် ဂျော်ဒန်၊ ကျေးဇူးပြုပြီး ဟုတ်တယ် မဟုတ်ဘူးပဲ ဖြေပါ’

‘ဟုတ်ပါတယ် ဆီနေတာ၊ ဒါပေမဲ့’

'ဟုတ်ပါတယ် ဆိုရင် လုံလောက်ပါပြီ'

ဆီနေတာ ဒိုနာဟူးက အာဘက်အား ခေါင်းညိတ်ပြလိုက်ပြီး ဆက်လုပ်ဟု ပြောလိုက်သည်။

'ဖဲလ်ဒင်း ရှေ့သက အဲဒီ အစီရင်ခံစာတွေကို ထပ်မံ စုံစမ်းပြီး မွန်တိန်း ရောင်းချမယ့် ကိစ္စကို အချိန် ဆွဲထားလိုက်မယ် ဆိုရင် ပိုပြီး ဆင်ခြင်ရာ ရောက်မယ် မဟုတ်လား'

'ပြန် တွေးကြည့်လိုက်တဲ့ အခါကျတော့ ခုလို ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီ အချိန်တုန်းက ကျွန်မတို့ ကုမ္ပဏီဟာ သိပ္ပံဆိုင်ရာ အကြံပေးချက် အတိုင်း လိုက်နာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ် ရှင်'

'ဘယ်သူ့ အကြံပေးချက်လဲ'

'ကျွန်မတို့ရဲ့ သုတေသန ဌာန ညွှန်ကြားရေးမှူး ဒေါက်တာ လော့ဒ်ပါ၊ ဒါပေမဲ့ သူဟာ ဂီရွန်ဒီချီမီက ရရှိတဲ့ အချက်အလက်တွေပေါ်မှာ မူတည်ပြီး ဆောင်ရွက်ခဲ့တာပါ ရှင်'

'အဲဒါကို နောက်ပိုင်းကျမှ ဒေါက်တာ လော့ဒ်ကို မေးကြည့်ပါ့မယ်၊ ခု လောလောဆယ်မှာတော့ မူလ အစီအစဉ် အတိုင်း ဆက်ရောင်းဖို့ ဆုံးဖြတ်တဲ့ ကိစ္စဟာ မျှော်လင့်ထားတဲ့ အမြတ်အစွန်းတွေနှင့် ဆက်စပ်မှု ရှိပါသလား'

'ရှိပါတယ်'

'အဲဒီ အမြတ်အစွန်းတွေဟာ ကုမ္ပဏီ အတွက် သိပ် အရေး ကြီးနေပါသလား'

'ဟုတ်ကဲ့၊ ဒီလိုပဲ ယုံကြည်ခဲ့ကြပါတယ်'

'မျှော်လင့်ထားတဲ့ အမြတ်အစွန်း ပမာဏက ဘယ်လောက် ရှိပါသလဲ'

မညှာမတာ ရက်ရက်စက်စက် ရှိလှသော မေးခွန်းများကို ဆက်မေးကြသည်။

ထိုမေးခွန်းများ ဖြေနေရင်းကပင် 'မင်း ပြန်သွားခဲ့လို့ ရှိရင် မွန်တိန်းကြောင့် ဖြစ်ပေါ်လာတဲ့ အရှုပ်အရှင်း အချို့တစ်ဝက်ကို မင်း အပေါ်မှာ ပုံချလိမ့်မယ်' ဆိုသော အင်ဒရူး၏ သတိပေးချက်ကို စီလီယာ ပြန် သတိ ရလာမိသည်။

စီလီယာ ခံစားနေရသော ဝေဒနာသည် နေ့လယ်စာ စားချိန်တွင် ခေတ္တ အနားပေးမှုကြောင့် ပြတ်တောက် သွားရလေတော့သည်။

ဆီနေတာ ဒိုနာဟူးက ပြောလိုက်၏။





'မစ္စစ် ဂျော်ဒန်၊ ခင်ဗျား နားနိုင်ပါပြီ၊ ဒါပေမဲ့ နောက်ထပ် မေးရင် ဖြေဖို့ အဆင်သင့် ရှိနေပါစေ၊ နေ့လယ်စာ စားပြီးရင် နောက် စစ်မယ့် သက်သေဟာ ဒေါက်တာ လော့ဒ်ပဲ'

## ၉

မွန်းလွဲပိုင်းတွင် စတင် စစ်ဆေးသော အခါ ဗင်းစင့် လော့ဒ်သည် သက်သေများ အတွက် သတ်မှတ်ထားသော စကားပြောခွက်ကို ယူထားလိုက်သည်။

ဤတစ်ကြိမ်တွင်လည်း အာဘက်ကပင် စတင်၍ မေးခွန်း ထုတ်သည်။ ဒေါက်တာ လော့ဒ်သည် မွန်တိန်းကို စတင် ထုတ်လုပ်မှုနှင့် ပတ်သက်သော မေးခွန်းများကို သက်သောင့်သက်သာ ဖြေဆိုသွားခဲ့သည်။ ဆယ့်ငါးမိနစ်ခန့် မေးမြန်းပြီးသော အခါ စတန်လီ အာဘက်က မေးလိုက်၏။

'မွန်တိန်းကို အမေရိကမှာ ရောင်းချတော့မယ့် ဆဲဆဲမှာ ဩစတြေးလျ၊ ပြင်သစ်နှင့် စပိန်က အဖြစ်အပျက်တွေကို ကြားရတော့ ခင်ဗျားက အချိန် ဆွဲထားဖို့ အကြံပြုခဲ့ပါသလား'

'မပြုခဲ့ပါဘူး'

'ဘာဖြစ်လို့ပါလဲ'

'အဲဒီ အချိန်မှာ အချိန် ဆွဲဖို့ ဆုံးဖြတ်ရမယ့် ကိစ္စဟာ စီမံ ခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ပဲ ဖြစ်ရပါမယ်၊ သုတေသန ဌာနရဲ့ ညွှန်ကြားရေးမှူးတစ်ယောက် အနေနှင့် ကျုပ်က သိပ္ပံဆိုင်ရာ ကိစ္စရပ်တွေနှင့် လုံးဝ သက်ဆိုင်ပါတယ်'

'ကျေးဇူးပြုပြီး အဲဒါကို ရှင်းပြပါ'

'ရပါတယ်၊ ကျုပ် တာဝန်ကတော့ အဲဒီ အချိန်တုန်းက သိရှိ ထားရတဲ့ အချက်အလက် မှန်သမျှနှင့် ဂီရွန်ဒီချီမီက ပေးပို့တဲ့ အချက်အလက်တွေကို သိပ္ပံဆိုင်ရာ ရှုထောင့်က သုံးသပ် အကဲဖြတ် ပေးဖို့ပါပဲ၊ အဲဒီ အခြေခံ အရ ဆိုရင်တော့ အချိန် ဆွဲထားပါလို့ အကြံပြုစရာ မလိုအပ်ခဲ့ပါဘူး'

အာဘက်ကလည်း ဖွတ် ထပ်မေးသည်။

'သိပ္ပံ ဆိုင်ရာ ရှုထောင့် အပြင် အဲဒီ အစီရင်ခံစာတွေနှင့် ပတ်သက်ပြီး ခင်ဗျား စိတ်ထဲက သရိုးသရီကော မဖြစ်မိဘူးလား'

'ဟုတ်ကဲ့ ဖြစ်မိပါတယ်၊ ဒါပေမဲ့ သိပ္ပံ ရှုထောင့်နှင့်တော့ လုံးဝ မသက်ဆိုင်ပါဘူး'

သက်သောင့်သက်သာ နားထောင်နေခဲ့သော စီလီယာသည် ဖြန်းခနဲ ပို၍ နားစွင့် လာမိတော့သည်။

အာဘက်က ဆက်ပြောလိုက်ပြန်၏။

'ကျုပ် သဘော ပေါက်သလို ပြောရမယ် ဆိုရင် ခင်ဗျား စိတ်မှာ ဝေခွဲမရသလို ဖြစ်နေတယ်ပေါ့'

'ဟုတ်ပါတယ်'

'ကဲ ဒေါက်တာ၊ မှတ်တမ်း ဝင်သွားအောင် မေးပါရစေ၊ ခင်ဗျားက အဲဒီ အစီရင်ခံစာတွေကို ဖတ်ပြီးတဲ့ အခါကျတော့ ခင်ဗျားက မွန်တိန်းကို ရောင်းချဖို့ အဆိုပြုပါသေးသလား'

'ကျွန်တော် အဆို မပြုတော့ပါဘူး'

ဒေါက်တာ လော့ဒ်၏ အဖြေများက စီလီယာကို အထိတ်တလန့် ဖြစ်စေခဲ့သည်။ လော့ဒ် ညာပြောနေသည်။ သူသည် မွန်တိန်းအား ရောင်းချရေး ကိစ္စကို ထောက်ခံခဲ့သည့် အပြင် အချိန် ဆိုင်းပေးရန် စီလီယာ၏ မေတ္တာ ရပ်ခံချက်ကို မဲခွဲကြသော အခါ စီလီယာ၏ သံသယကို ပြက်ရယ်ပြုပြီး ထောက်ခံမဲ ပေးခဲ့သူလည်း ဖြစ်သည်။

ဆီနေတာ ဒိုနာဟူးသည် စကားပြောခွက် တစ်ခွက်ဆီသို့ ခေါင်းငုံ့လိုက်ပြီး 'တကယ်လို့ ခင်ဗျားရဲ့ တာဝန်ဟာ သိပ္ပံဆိုင်ရာ တာဝန် သက်သက်သာ မဟုတ်ဘဲ စီမံ ခန့်ခွဲရေးဘက်က ဆိုရင် ခင်ဗျားက အချိန် ဆွဲထားဖို့ အကြံပေးမှာလား' ဟု မေးလိုက်၏။

ဒေါက်တာ လော့ဒ်သည် အနည်းငယ် တုံ့ဆိုင်း သွားပြီးနောက် ပိုင်ပိုင်နိုင်နိုင် ဖြေလိုက်လေတော့သည်။

'ဟုတ်ကဲ့ ဆီနေတာ၊ ကျုပ်က အချိန် ဆွဲထားဖို့ အကြံပေးမှာပါ'

'လူယုတ်မာ' စီလီယာသည် ကွင်တင်အား ကမ်းပေးရန် စာရွက် တစ်ရွက်ပေါ်တွင် 'ဒါ မမှန်ဘူး' ဟူ၍ စ ရေးလိုက်ပြီးမှ ရပ်တန့်သွားလေ၏။

ဤနေရာတွင် သူက လော့ဒ်သည် မရိုးသားကြောင်း စွပ်စွဲလိုက်မည် ဆိုပါက လော့ဒ်ကလည်း ပြန် ငြင်းပေလိမ့်မည်။ ထိုကဲ့သို့သော အငြင်းအခုံ ဖြစ်မှုက ယခု ပြုလုပ် နေသော စုံစမ်း စစ်ဆေးမှုကို မည်သို့ မည်ပုံ ပြောင်းလဲ သွားစေမည်နည်း။ မည်သို့မျှ ပြောင်းလဲစေမည် မဟုတ်ပါ။





စီလီယာသည် သူ ရေးထားသော စာရွက်ကို စိတ်ပျက်စွာနှင့် လုံးခြေ ပစ်လိုက်လေတော့သည်။

နောက်ထပ် မေးခွန်း အနည်းငယ် မေးပြီးသော အခါ လော့ဒ်၏ အစစ်ခံမှု အတွက် ကျေးဇူး တင်ကြောင်း ပြောလိုက်သည်။ ဤတွင် လော့ဒ်သည် စီလီယာဘက်သို့ပင် လှည့်မကြည့်ဘဲ အခန်းထဲမှ တောက်လျှောက် ထွက်ခွာ သွားလေ၏။

နောက်ထပ် သက်သေ အဖြစ် ဒေါက်တာ မော့ စတော့ဗလီကို စစ်ဆေးသည်။

ဆီနေတာ ဒိုနာဟူးက ဒေါက်တာ မော့ စတော့ဗလီကို ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။ ထို့နောက် မော့ စတော့ဗလီက အသင့် ရေးယူလာသော ကြေညာချက်ကို ဖတ်ပြလေတော့သည်။ ထို ကြေညာချက်တွင် သူ၏ ဆေးဘက်ဆိုင်ရာ အရည်အချင်းများ၊ နယူးယောက်တွင် အခြေစိုက်သော စီအက်စ်အမ် အဖွဲ့၏ ဖွဲ့စည်းပုံ၊ ဆေးဝါး ထုတ်လုပ်သော ကုမ္ပဏီများနှင့် ပတ်သက်၍ စီအက်စ်အမ်၏ ဆန့်ကျင်ဘက် အမြင်၊ မွန်တိန်းအား စောစောပိုင်းကပင် ကန့်ကွက်လာခဲ့ပုံ စသည်တို့ ပါဝင်ပေသည်။

မွန်တိန်းနှင့် ပတ်သက်၍ စတော့ဗလီက 'ကံဆိုးချင်တော့ ကျွန်မတို့ရဲ့ ကန့်ကွက်မှုတွေဟာ ရန်ပုံငွေ မရှိတဲ့ အတွက် ထိရောက်မှု မရှိခဲ့ပါဘူး' ဟု ပြောလိုက်သည်။

ဆီနေတာ ဒိုနာဟူးက ဝင်ထောက်လိုက်၏။

'မွန်တိန်းနှင့် ပတ်သက်တဲ့ ခင်ဗျား အယူအဆတွေဟာ မှန်ကန်ကြောင်း သက်သေ ပြနိုင်တဲ့ အတွက် ခင်ဗျားတို့ အဖွဲ့အစည်းကို ထည့်ဝင်တဲ့ ရန်ပုံငွေ တွေဟာ ပိုများလာလိမ့်မယ်လို့ ကျုပ် ထင်တယ်'

'မှန်ပါတယ် ဆီနေတာ'

အာဘက်က မေးခွန်း ထုတ်ချိန်တွင် စီအက်စ်အမ် ဌာနချုပ်သို့ စီလီယာ သွားရောက်ခဲ့သော ကိစ္စ ပေါ်ပေါက် လာရလေတော့သည်။

အာဘက်က မေးလိုက်၏။

'စီအက်စ်အမ်ကို မစ္စစ် ဂျော်ဒန် လာလည်တဲ့ နေ့က ဘယ်နေ့ပါလိမ့်'

စတော့ဗလီက စာရွက်များကို ကြည့်ပြီး ပြန်ဖြေလိုက်သည်။

'၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်'

'သူက ဘာကိစ္စနှင့် လာတယ်လို့ ပြောပါသလဲ'

'စကား ပြောချင်လို့ လာတယ်လို့ ပြောပါတယ်၊ ကျွန်မတို့ ပြောကြတဲ့ စကားတွေထဲမှာ မွန်တိန်း အကြောင်းလည်း ပါပါတယ်'

'အဲဒီအချိန်မှာ မွန်တိန်းကို အက်ဖ်ဒီအေက ခွင့်ပြုပြီးပြီ၊ ဒါပေမဲ့ မရောင်းရသေးဘူး ဆိုရင် မှန်သလား'

'မှန်ပါတယ်၊ ကျွန်မတို့ကလည်း အက်ဖ်ဒီအေရဲ့ ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန် ကန့်ကွက် နေပါတယ်'

'ခင်ဗျားတို့က မွန်တိန်းကို မရောင်းဖို့ ကန့်ကွက် နေတာနှင့် ပတ်သက်ပြီး မစ္စစ် ဂျော်ဒန် သောက ဖြစ်နေပုံ ရပါသလား'

'သူ မကျေနပ်တာကတော့ သေချာတယ်၊ သူက မွန်တိန်းဟာ စိတ်ချရပါတယ်လို့ ဆင်ခြေ ပေးတယ်၊ ဒါပေမဲ့ ကျွန်မကတော့ သဘော မတူပါဘူး'

'အဲဒီ ဆေးဟာ စိတ်ချရတယ်လို့ ဘာဖြစ်လို့ သူက ပြောတာလဲ'

'ကျွန်မ သေသေချာချာ မှတ်မိပါတယ် ရှင်၊ သူက စိတ်ချရတယ်လို့ မပြောပါဘူး၊ အဲဒီလို သုံးသပ်ချက်မျိုး ပြုလုပ်နိုင်အောင် သူ့မှာ ဆေးဘက်ဆိုင်ရာ ပညာ အရည်အချင်း မရှိပါဘူး၊ ဘာပဲပြောပြော သူက မဖြစ်စလောက်ကလေးပဲ သိထားတဲ့ အတွက် ကျွန်မ တအံ့တသြ ဖြစ်မိပါတယ်'

'ခင်ဗျား ဘာဖြစ်လို့ တအံ့တသြ ဖြစ်မိတယ် ဆိုတာကို ရှင်းပြနိုင်မလား'

'အဲဒီ အချိန်မှာ မွန်တိန်းနှင့် ပတ်သက်တဲ့ သြစတြေးလျက ကိစ္စဟာ လူသိ များနေပါတယ်၊ ဒါပေမဲ့ မစ္စစ် ဂျော်ဒန်ဟာ သြစတြေးလျက အမှုတွဲကိုတောင် မဖတ်ဖူးသေးကြောင်း ဝန်ခံပါတယ်၊ ကျွန်မက သူ့ကို ပြန်သွားပြီး ဖတ်ကြည့်ပါဦးလို့ ပြောလိုက်ပါတယ်'

'ကျေးဇူး တင်ပါတယ် ဒေါက်တာ၊ မစ္စစ် ဂျော်ဒန်ဟာ အဲဒီတုန်းက သူ့ကုမ္ပဏီကို ကိုယ်စားပြုပြီး လာတယ်လို့ ယူဆပါသလား'

'သိပ်သေချာပါတယ်'

'စီအက်စ်အမ်က ကန့်ကွက်နေတာကို ဖဲလ်ဒင်း ရှော့သ်က စိတ် မသက်မသာ ဖြစ်လာပြီး လျှော့လျှော့ပေါ့ပေါ့ လုပ်ပေးဖို့ တောင်းပန်ရအောင် မစ္စစ် ဂျော်ဒန်ကို လွှတ်လိုက်တာလို့ ယူဆပါသလား'

'ကျွန်မ သက်သေ မပြနိုင်ပေမဲ့ အဲဒီလို ဖြစ်လိမ့်မယ်လို့ တွေးမိပါတယ်'

မော့ စတော့ဗလီ၏ ထွက်ချက်ကို နားထောင်နေသော စီလီယာက စတော့ဗလီသည် လော့ဒ်ကဲ့သို့ ညာပြောခြင်း မရှိကြောင်း တွေးလိုက်မိသည်။





ဆီနေတာ ဒိုနာဟူးက စာရွက် တစ်ရွက်ကို ကိုင်ရင်း ပြောလိုက်၏။

'ဒေါက်တာ စတော့ဗလီ၊ ကျုပ် လက်ထဲမှာ ဖဲလ်ဒင်း ရှော့သ် မူဝါဒ စာတမ်း ရှိနေပါတယ်၊ ခင်ဗျား ဖတ်ဖူးပါသလား'

'ဖတ်ဖူးပါတယ်၊ တစ်ခါ ဖတ်ရုံနှင့် လုံလောက်သွားပါပြီ'

'ခင်ဗျား အယူအဆ သဘောထားကို ကြားပါရစေ'

'မူဝါဒလို့ အမည်ခံထားတဲ့ အဲဒီ ဥစ္စာဟာ မွန်တိန်းကြောင့် ဒုက္ခ ရောက်ခဲ့ကြရတဲ့ မိသားစုတွေနှင့် ကလေးတွေကို စော်ကားထားတာ ဖြစ်တဲ့ အပြင် ဆေး ရောင်းကောင်းအောင် အရှက်မရှိ အမြတ် ထုတ်ထားတဲ့ အော့နှလုံး နာစရာ ဝါဒဖြန့် စာတမ်း ဖြစ်ပါတယ်'

ဒေါသ ထွက်နေသော စီလီယာက ခုန်ထရန် အဆင်သင့် ဖြစ်နေသော်လည်း ကွင်တင်က သူ့ လက်မောင်းကို ဆုပ်ကိုင်၍ တားမြစ် ထားလိုက်သည်။

ဆပ် ကော်မတီတွင် ပါဝင်သော လူနည်းစု ပါတီမှ ဆီနေတာ ဂျက်ဖီက ဝင် မှတ်ချက် ချလိုက်၏။

'ဒါပေမဲ့ ဒေါက်တာ စတော့ဗလီ၊ ကုမ္ပဏီ တစ်ခုဟာ အမှားကို ဝန်ခံပြီး အနာဂတ် ကာလ အတွက် ကတိပြု...'

စတော့ဗလီက ပြန်ငေါက်လိုက်သည်။

'ကျွန်မ သဘောထားကို မေးလို့ ဖြေလိုက်တာပဲ ရှင့်၊ အဲဒီလို မျက်လှည့်ပြတာကို ရှင် ယုံချင်ယုံ၊ ကျွန်မကတော့ မယုံကြည်ဘူး'

နောက်ထပ် မေးခွန်း အနည်းငယ် မေးပြီးသော အခါ သူ့အလှည့် ပြီးစီးသွားသည်။ နောက်တစ်နေ့တွင် အက်ဖ်ဒီအေမှ ဒေါက်တာ ဂျီဒီယွန် မေ့စ်ကို စတင် စစ်ဆေးမည်ဟု ကြေညာလိုက်သည်။

## ၁၀

ဆီးနိတ် ဆပ်ကော်မတီ ရှေ့မှောက်တွင် ထွက်ဆိုကြရသူများ အနက် ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် အဆိုးရွားဆုံး ခံခဲ့ရသူ ဖြစ်သည်။ ဒေါက်တာ မေ့စ်အား ပြန်လှန် မေးခွန်း ထုတ်နေသော အချိန် တစ်ချိန်တွင် ဆီနေတာ ဒိုနာဟူးက ဒေါက်တာ မေ့စ်အား လက်ညှိုး ငေါက်ငေါက် ထိုး၍ ပြင်းပြင်းထန်ထန် ပြောကြားခဲ့သည်။

'ခင်ဗျားဟာ အစိုးရက သတ်မှတ်ထားတဲ့ အန္တရာယ် ကင်းစေရေး ဆိုင်ရာ ပြဋ္ဌာန်းချက်တွေနှင့် အစိုးရကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ ဒါနှင့်တောင် ခင်ဗျားက အမေရိကန် အမျိုးသမီးထုရဲ့ မမွေးသေးတဲ့ ကလေးတွေကို အကြီးအကျယ် ဒုက္ခ ရောက်အောင် လုပ်ရက်ခဲ့တယ်၊ ဒီတော့ ခင်ဗျားဟာ ရှုတ်ချ ပြစ်တင်မှုကို မခံရဘဲ ခြစ်ရာလေး တစ်ခုလောက်တောင် ဒဏ်ရာ မရဘဲ ခင်ဗျား တစ်သက်လုံး နောင်တ ရလို့ မဆုံးနိုင်အောင် မဖြစ်စေဘဲ ဒီအခန်းထဲက ပြန်ထွက် သွားရလိမ့်မယ်လို့ မမျှော်လင့်ပါနှင့်'

ဒေါက်တာ မေ့စ်သည် ခပ်စောစောပိုင်းက ကြားရသူတိုင်း တအံ့တသြ ဖြစ်ရလောက်အောင် မွှန်တိန်းအား အက်ဖ်ဒီအေက ခွင့်ပြုချက် မပေးမီ ထိုဆေးနှင့် ပတ်သက်၍ သြစတြေးလျမှ အဖြစ်အပျက်ကြောင့် သူ့စိတ်ထဲတွင် သံသယ ဝင်ခဲ့မိကြောင်း၊ ထိုသံသယသည် သူ့စိတ်ထဲက ပျောက်ကွယ်သွားခြင်း မရှိကြောင်း ထွက်ဆိုခဲ့သည်။

ပြန်လှန် မေးခွန်း ထုတ်နေသော အာဘက်က အသံ ခပ်ကျယ်ကျယ်နှင့် မေးလိုက်သည်။

'ဒါဖြင့်ရင် ခင်ဗျားက ဘာဖြစ်လို့ အတည်ပြုခဲ့ရသလဲ'

ထိုအမေးကို ဒေါက်တာ မေ့စ်က ယုတ္တိ ကင်းမဲ့စွာ ဖြေလိုက်သည်။

'ကျုပ် မပြောတတ်ဘူးဗျာ'

နားထောင်နေသော ပရိသတ်ထဲမှ မယုံကြည်သော လေသံများ ခပ်တိုးတိုး ပေါ်ထွက်လာသည်။

ထို့နောက် များမကြာမီ ဆီနေတာ ဒိုနာဟူးက ဒေါက်တာ မေ့စ်အား အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ဒေါသတကြီး ပြောလိုက်ခြင်း ဖြစ်သည်။

ဒေါက်တာ ဂျီဒီယွန် မေ့စ်၏ အနေအထားမှာ အလွန် ညှိုးဖျင်းနေသော်လည်း စီလီယာက သူ့အပေါ်တွင် ကရုဏာ သက်နေမိသည်။ ဒေါက်တာ မေ့စ်အား အပြစ်တင်နေသည့် ပမာဏမှာ အချိုးအစား မမျှတဟု စီလီယာ ယူဆမိသည်။ ဒေါက်တာ မေ့စ်၏ ဝဋ်ဒုက္ခ ပြီးဆုံးသွားသောအခါ အနည်းငယ် အနားပေးလိုက်သဖြင့် စီလီယာ စိတ်သက်သာရာ ရရှိသွားသည်။ တစ်ချိန်တည်းမှာပင် မကြာခင်က ဖြစ်ပေါ်ခဲ့သော ကရုဏာ စိတ်ကြောင့် စီလီယာသည် ထိုင်နေရာမှ ထပြီး သူ့ဆီကို လျှောက်သွားလေတော့သည်။

'ဒေါက်တာ မေ့စ်၊ ကျွန်မဟာ ဖလ်ဒင်း ရှေသ်က စီလီယာ ဂျော်ဒန်ပါ၊ ကျွန်မက ရှင့်ကို'





စိတ်ရှုပ်သွားသော စီလီယာသည် စိတ်ပျက်လက်ပျက်နှင့် စကားပြောရပ်လိုက်ရလေ၏။

ဖလ်ဒင်း ရှေသ်ဟု သူက ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ဒေါက်တာ မေ့စ်၏ မျက်နှာထားသည် အကြီးအကျယ် မုန်းတီးမှုကြောင့် ဒေါသတကြီးနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်ကို တွေ့လိုက်ရလေတော့သည်။ သူ့ မျက်နှာထားမျိုးကို စီလီယာ ယခင်က မမြင်ဖူးခဲ့ပါ။ ဒေါက်တာ မေ့စ်သည် သွားကို တင်းတင်း စေ့ထားပြီးနောက် မျက်လုံး ပြူးတူးပြဲတဲနှင့် တရှူးရှူး တရှားရှား ပြောလိုက်၏။

'ကျုပ်နှင့် ဝေးဝေး နေစမ်း၊ ကြားတယ် မဟုတ်လား၊ ဘယ်တော့မှ ကျုပ်အနားကို နောက်တစ်ကြိမ် မလာပါနှင့်'

စီလီယာက သူ့ကိုယ်သူ ထိန်းပြီး စကား ပြန်မပြောနိုင်ခင် မေ့စ်သည် ချာခနဲ လှည့်ပြီး ပြန်ထွက်သွားလေတော့သည်။

စီလီယာ့ နောက်ဘက်တွင် ကပ်လျက်သား ရှိနေသော ကွင်တင်က စပ်စပ်စုစု မေးလိုက်၏။

'ဘာဖြစ်တာလဲ'

ချောက်ချားနေသော စီလီယာက

'ကျွန်မ မသိဘူး၊ ကျွန်မက ကုမ္ပဏီ နာမည်ကို ပြောလိုက်တာနှင့် အဲဒီလို ဖြစ်သွားတာပဲ'

'ဒီတော့ ဒေါက်တာ မေ့စ်ဟာ မွှန်တိန်း ထုတ်လုပ်တဲ့ ကုမ္ပဏီကို သဘောမကျဘူးပေါ့၊ ဒါကလည်း နားလည်နိုင်ပါတယ်လေ'

'မဟုတ်သေးဘူး၊ ခုကိစ္စက ဒါထက် ပိုတယ် ဆိုတာ ကျွန်မ သေသေချာချာ သိတယ်'

'ကျုပ် ဆိုရင်တော့ ဒါအတွက် သောက ဖြစ်မိမှာ မဟုတ်ဘူး'

သို့တိုင်အောင် မုန်းတီး ရွံရှာသော သူ့မျက်နှာထားကို စီလီယာ တစ်နေ့လုံး မြင်ယောင်နေမိသည်။ စိတ်ထဲတွင်လည်း မတင်မကျနှင့် ပယောဂ ဖြစ်နေမိသည်။

နောက်တစ်နေ့တွင် စီလီယာနှင့် ဗင်းစင့် လော့ဒ်တို့သည် စီလီယာ၏ အခန်းကျယ်ကြီးထဲ၌ တွေ့ဆုံကြသည်။ ဤတွင် စီလီယာက ဗင်းစင့် လော့ဒ်၏ လိမ်ညာ ထွက်ဆိုမှုနှင့် ပတ်သက်၍ ပြောင်ကျကျ မေးမြန်းခဲ့လေ၏။

ဗင်းစင့် လော့ဒ်က ထိုကိစ္စကို မငြင်းသဖြင့် စီလီယာ အံ့အား သင့်ခဲ့ရသည်။

'ဟုတ်တယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ ကျုပ် ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် စိတ်လှုပ်ရှားနေလို့ပါ'

'ရှင် စိတ်လှုပ်ရှားနေပုံ မရပါဘူး'

'စိတ်လှုပ်ရှားနေတာကို အပြင်ပန်းမှာ ပေါ်စရာ မလိုပါဘူး၊ သူ မေးနေတဲ့ မေးခွန်း အားလုံးက ကျုပ်ကို လာထိနိုက်နေတယ်၊ အာဘက် ဆိုတဲ့ အဲဒီလူက ဘယ်လောက် အထိ သိထားသလဲလို့တောင် ကျုပ် တွေးနေမိခဲ့တယ်'

'သူက ဘယ်လို လုပ်ပြီး သိနိုင်မှာလဲ'

ဗင်းစင့် လော့ဒ်သည် အဖြေ စကားကို ကမန်းကတန်း ရှာဖွေရင်း တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်။

'ကျုပ်တို့ တစ်တွေ သိထားတာထက် သူ ပိုမသိဘူး ထင်တာပဲ၊ ဘာပဲပြောပြော ကျုပ်က ခပ်မြန်မြန် ပြီးသွားစေချင်တဲ့ အတွက် အဲဒီလို ဖြေလိုက်တာပါ'

စီလီယာ ဘဝင်မကျပါ။

'ရှင်က တခြား ပုဂ္ဂိုလ်တွေထက် ထူးခြားပြီး ဘာဖြစ်လို့ ခပ်မြန်မြန် ပြီးချင်ရတာလဲ၊ ဟုတ်ပါတယ်၊ ဖြေရတာတွေကတော့ ကျွန်မ အပါအဝင် အားလုံးအတွက် စိတ် မချမ်းမြေ့စရာတွေပါပဲ၊ ပြီးတော့လည်း ကျွန်မတို့ အားလုံးမှာ ဖြေရမယ့် တာဝန်တော့ ရှိကြပါတယ်၊ ဒါပေမဲ့ မွှန်တိန်းနှင့် ပတ်သက်ပြီး တရား မဝင်တဲ့ ကိစ္စ ဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့တဲ့ ဥစ္စာ'

စီလီယာသည် အတွေး တစ်ခုကို ရုတ်တရက် တွေးလိုက်မိသဖြင့် ထပ်မေးလိုက်၏။

'အဲဒီလို မလုပ်ခဲ့ဘူး ဆိုတာ ဟုတ်ရော ဟုတ်ရဲ့လား'

'မလုပ်ခဲ့ပါဘူးဗျာ၊ လုပ်ကို မလုပ်ခဲ့ပါဘူး'

သို့ရာတွင် သူ့အဖြေမှာ တစ်စက္ကန့်လောက် နောက်ကျနေသည့် အပြင် ဖြေပုံကလည်း လိုအပ်သည်ထက် ပိုမို ပြင်းထန်နေသည်။

'မင်း မသိတဲ့ ကိစ္စ တစ်ခု ရှိသေးတယ်' ဆိုသော ဆမ်၏ စကားကို စီလီယာ ပြန် သတိ ရလာမိ၏။

စီလီယာက ဗင့်စ်အား ခပ်လျှောင်လျှောင် မျက်နှာထားနှင့် ကြည့်လိုက်ပြီး





'ဗင့်စ်၊ မွှန်တိန်းနှင့် ဖဲလ်ဒင်း ရှော့သ်တို့နှင့် ပတ်သက်ပြီး ကျွန်မကို အသိ မပေးတဲ့ ကိစ္စ တစ်ခုခုများ ရှိနေသလား'

'ဘာမှ မရှိဘူးလို့ ကျုပ် ကျိန်တွယ်ပြီး ပြောပါတယ်ဗျာ၊ ဘာများ ရှိနိုင်မှာမို့လို့လဲ'

သူ ညာပြောနေပြန်ပြီ။ စီလီယာ သိလိုက်ပါ၏။

ဆမ်၏ လျှို့ဝှက်ချက်သည် မည်သည့် ကိစ္စပဲ ဖြစ်ဖြစ် ထိုကိစ္စသည် ဆမ်နှင့် အတူတူ ပျောက်ကွယ်သွားခြင်း မရှိဘဲ ဗင်းစင့် လော့ဒ်လည်း သိရှိကြောင်း စီလီယာ သိလိုက်သည်။

သို့ရာတွင် ထိုအချိန်၌ စီလီယာသည် ဗင်းစင့် လော့ဒ်အား ရှေ့ဆက် မေးရန် မဖြစ်နိုင်တော့ပါချေ။

ဆပ် ကော်မတီ၏ စုံစမ်း စစ်ဆေးမှုမှာ လေးရက် ကြာမြင့်ခဲ့သည်။ အခြား သက်သေများကိုလည်း ဆပ် ကော်မတီက စစ်ဆေးခဲ့သည်။ ထိုပုဂ္ဂိုလ်များထဲတွင် မွှန်တိန်းကြောင့် ထိခိုက်ခဲ့ရသော ကလေးများကို စစ်ဆေးခဲ့သည့် နမ်ကြော ပညာရှင် ဆရာဝန် နှစ်ယောက်လည်း ပါဝင်ကြသည်။

ဆရာဝန်များက ကလေးငယ်များ၏ ဓာတ်ပုံ ဆလိုက်များကို ပြသ၍ အစစ်ခံကြရာ ထိုအသက်အရွယ်က ရှိခဲ့သော ဘရုစ်၏ မျက်နှာကို ပြန် သတိရလိုက်သော စီလီယာသည် မျက်ရည်များပင် လည်လာမိတော့သည်။

ထို ဆရာဝန် နှစ်ဦး အစစ်ခံပြီးကြသော အခါ ဆီနေတာ ဒိုနာဟူး ကိုယ်တိုင် အသံ တုန်တုန်ယင်ယင် ဖြစ်လာပုံ ရသည်။ ဆီနေတာ ဒိုနာဟူးသည် နိုင်ငံရေးသမား တစ်ယောက် ဖြစ်နေသည့်တိုင်အောင် ကြင်နာတတ်ပုံ ရပေသည်ဟု စီလီယာ တွေးလိုက်မိလေသည်။

စတုတ္ထမြောက်နှင့် နောက်ဆုံးနေ့ မွန်းလွဲပိုင်းတွင် စီလီယာအား ပြန်ခေါ် သက်သေ အဖြစ် ထပ်မံ မေးမြန်းသည့်အခါ ဆီနေတာ ဒိုနာဟူး၏ ပျော့ပျောင်းမှု မှန်သမျှသည် ပျောက်ကွယ်သွားခဲ့လေပြီ။

ဆီနေတာ ဒိုနာဟူးသည် သူ့ ရုံးအဖွဲ့သားများနှင့် ဆက်ဆံရာ၌ပင် စိတ်မရှည်ဘဲ စိတ်တိုနေပုံ ရသည်။

စီလီယာ အစစ် မခံခင် ကွင်တင်က စီလီယာအား ဒိုနာဟူး စိတ်တိုနေသဖြင့် သတိထားရန် ပြောလိုက်သေးသည်။

စီလီယာ၏ မူလ ထွက်ဆိုချက်နှင့် စပ်လျဉ်း၍ အာဘာက်ကပင် ထပ်မံမေးမြန်းသည်။

ဗင်းစင့် လော့ဒ်က သူသာ စီမံ ခန့်ခွဲရေး တာဝန်ကို ယူခဲ့ရမည် ဆိုပါက မွန်တိန်းကို အရိုန် ဆွဲထားမည် ဆိုသော ကိစ္စနှင့် ပတ်သက်၍ မေးမြန်းသောအခါ စီလီယာက ‘ကျွန်မတို့ ဒီကိစ္စကို ဆွေးနွေးပြီးခဲ့ပါပြီ၊ ကျွန်မ မှတ်မိတာနှင့် ဒေါက်တာ လော့ဒ် မှတ်မိတာ ကွဲလွဲနေပါတယ်၊ ဒါပေမဲ့ သူ့ ထွက်ချက်ကို ငြင်းလို့ အကျိုး မထူးပါဘူး၊ ဒါကြောင့် ဒီအတိုင်းပဲ ရှိပါစေတော့’ ဟု ဖြေလိုက်လေ၏။

စီအက်စ်အမ် ဌာနချုပ်သို့ စီလီယာ သွားခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ စီလီယာက

‘အဓိပ္ပာယ် ကောက်ယူတာနှင့် ပတ်သက်ပြီး အယူအဆ ကွဲလွဲမှုတွေ ရှိနေပါတယ်၊ ကျွန်မက မိတ်ဆွေ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်နှင့် စိတ်လိုက်မာန်ပါ သွားမိခဲ့တာပါ၊ ဒါပေမဲ့ အဲဒီလို ဖြစ်မလာခဲ့ပါဘူး’

အာဘာက်က မေးလိုက်၏။

‘ခင်ဗျားက မွန်တိန်း အကြောင်း ပြောဖို့ သွားတာလား’

‘အဲဒီလို တိတိကျကျ သွားခဲ့တာ မဟုတ်ပါဘူး’

‘ဒါပေမဲ့ မွန်တိန်း အကြောင်းတော့ ပြောဖြစ်တယ် မဟုတ်လား’

‘ပြောဖြစ်ပါတယ်’

‘မွန်တိန်းကို အက်ဖ်ဒီအေက အတည်ပြုထားတာနှင့် ပတ်သက်ပြီး ပြန်ရုပ်သိမ်းဖို့ ဒီအက်စ်အမ်က ကြိုးစားနေတာကို တစ်ပတ် လျှော့ပေးပါလို့ မေတ္တာရပ်ခံဖို့ ရည်ရွယ်ချက် ရှိပါသလား’

‘မဟုတ်ပါဘူး၊ အဲဒီလို အတွေးမျိုးကိုတောင် မတွေးမိပါဘူး’

‘ခင်ဗျား သွားလည်ပတ်တဲ့ ကိစ္စဟာ ကုမ္ပဏီ ကိုယ်စား သွားခဲ့တာလား’

‘မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရရင် ဒေါက်တာ စတော့ဗလီထံ ကျွန်မ သွားမယ် ဆိုတဲ့ ကိစ္စကို ဖဲလ်ဒင်း ရှေ့သ်က မသိပါဘူး’

အာဘာက် နံဘေး၌ ထိုင်နေသော ဒိုနာဟူး သဘော တွေ့ပုံ မရပါ။

‘မစ္စစ် ဂျော်ဒန်၊ အဲဒါတွေဟာ အမှန်အတိုင်း ဖြေဆိုနေတာလား’

‘ကျွန်မက အဖြေ အားလုံးကို အမှန် အတိုင်း ဖြေနေတာပါရှင်’





ရုတ်တရက် ဒေါသ ထွက်လာသော စီလီယာက

‘ရှင်က ကျွန်မကို မုသားဖော်စက်နှင့် စစ်ချင်ပါသလား’ ဟု မေးလိုက်လေတော့သည်။

ဒိုနာဟူးက ဒေါသနှင့် ပြန်ပြောလိုက်၏။

‘မင်းကို တရားရုံးမှာ စစ်နေတာ မဟုတ်ဘူး’

‘ကျွန်မကို ခွင့်လွှတ်ပါ ဆီနေတာ၊ ကျွန်မကတော့ အဲဒါကို သတိ မထားမိပါဘူး ရှင်’

အာဘာက်၏ မေးခွန်းက ဖဲလ်ဒင်း ရှေ့သ်၏ မူဝါဒ စာတမ်းဆီသို့ ရောက်ရှိလာသည်။

‘ဒေါက်တာ စတော့ဗလီက ဒါကို ဆေး ရောင်းကောင်းအောင် အရုက်မရှိ အမြတ် ထုတ်ထားတဲ့ အော့နလုံး နာစရာ ဝါဒဖြန့် စာတမ်းလို့ ထွက်ဆိုသွားပါတယ်၊ ဒီ အကဲဖြတ်ချက်ကို ခင်ဗျား သဘော တူပါသလား’

‘ဘယ် သဘော တူပါ့မလဲရှင်၊ အဲဒီ မူဝါဒမှာ ဖော်ပြထားတဲ့ အတိုင်း တခြား ရည်ရွယ်ချက် လုံးဝ မရှိပါဘူး’

‘တကယ် ပြောတာလား၊ ဒါဆိုရင် အဲဒီ မူဝါဒဟာ ဆေး အရောင်း ပိုသွက်စေရေး အတွက် လုံးဝ တန်ဖိုး မရှိဘူးလို့ ခင်ဗျားက ယုံကြည်ခဲ့တာပေါ့နော်’

စီလီယာသည် ထောင်ချောက် ဆင်သည်ကို ခံလိုက်ရပြီ ဖြစ်ကြောင်း သဘော ပေါက်လိုက်၏။

စီလီယာက သတိထားပြီး ဖြေရန် ဆုံးဖြတ်လိုက်သည်။

‘ကျွန်မက ဒီလို မပြောပါဘူး၊ ဒါပေမဲ့ ရိုးရိုးသားသား ကြေညာလိုက်တဲ့ ကိစ္စ တစ်ရပ်ဟာ နောက်ဆုံးကျတော့ အဲဒီလို တန်ဖိုး ရှိလာတယ် ဆိုရင် ဒါဟာ မူလ ရည်ရွယ်ချက် မဟုတ်ကြောင်း တင်ပြလိုပါတယ် ရှင်’

ဒိုနာဟူး လှုပ်လှုပ်ရွရွနှင့် မငြိမ်မသက် ဖြစ်နေသည်။

စတန်လီ အာဘာက်က သူ့ဘာက်သို့ မေးခွန်း ထုတ်ဟန်နှင့် လှည့်ပြီး ‘ဆီနေတာ’ ဟု ပြောလိုက်သည်။ ဆပ် ကော်မတီ နာယကကြီး ဒိုနာဟူးသည် ဝင်ပြောရန် သင့် မသင့် ဝေခွဲ မရဟန် ဖြစ်ပေါ်နေသည်။

နောက်ဆုံးတွင် သူက မှန်တတောနှင့် ပြောလိုက်လေ၏။

‘နောက်ဆုံးကျတော့ ဒေါက်တာ စတော့ဗလီလို ကိုယ်ကျိုး မဖက်ဘဲ ကိုယ့်ကိုယ်ကိုယ် လှူထားတဲ့ ပုဂ္ဂိုလ်ကို ယုံကြည်ရမှာလား၊ ဒါမှမဟုတ် အမြတ်

အစွန်းကိုသာ လောဘ တက်ပြီး လူတွေကို မှန်မှန် သတ်နေတဲ့ စက်မှု လုပ်ငန်း၊ ဒါမှမဟုတ် အန္တရာယ် မကင်းဘူး ဆိုတာကို ကြိုသိနေပါလျက်နှင့် ဒီဆေးဝါးတွေကို အသုံးပြုနေတဲ့ စက်မှု လုပ်ငန်းကြီး တစ်ခုက ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး တစ်ယောက်ရဲ့ စကားကို ယုံရမှာလား ဆိုတာမျိုးပဲ ဖြစ်လာရတာပေါ့လေ'

နားထောင် နေသူများထံမှ အံ့အား သင့်သော အသံများ ပေါ်ထွက်လာသည်။ ဒိုနာဟူး ပြောသော စကားမှာ တရား လွန်သွားပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်သော သူ့ တပည့်တပန်းများသည်ပင်လျှင် မနေတတ် မထိုင်တတ် ဖြစ်လာကြသည်။

စီလီယာသည် အရာခပ်သိမ်းကို ပေယျာလကန် ပြုလိုက်ပြီးနောက် ခပ်ဆတ်ဆတ် ပြန်မေးလိုက်လေ၏။

'ဒီ မေးခွန်းဟာ ကျွန်မကို ဦးတည်ပြီး မေးနေတာလား ဆီနေတာ၊ ဒါမှမဟုတ် ဒီကိစ္စဟာ ကျွန်မတို့ကို စစ်ဆေး မေးမြန်းခြင်း မပြုခင်ကတည်းက ကြိုတင်ပြီး စီရင်ချက် ချထားတဲ့ ကိစ္စ၊ အခုလို စစ်ဆေး မေးမြန်းမှုကို လှူရယ်စရာ ဖြစ်အောင် လုပ်တဲ့ ကိစ္စ၊ ပြီးတော့ အထောက်အထား လုံးဝ မရှိပါဘဲနှင့် တစ်ဖက်သတ် နိုင့်ထက်စီးနင်း ပြောလိုက်တဲ့ ကိစ္စပဲ မဟုတ်လား'

ဒိုနာဟူးက စီလီယာအား လက်ညှိုး ငေါက်ငေါက် ထိုးရင်း

'ဒီ စုံစမ်း စစ်ဆေးမှုမှာ ထွန်ဂရက်ကို မထေမဲ့မြင် ပြုမှု ဆိုတဲ့ ဖြစ်မှု ရှိကြောင်း သက်သေကို သတိပေးချင်တယ်'

မည်သည့် ကိစ္စကိုမဆို မမှုတော့သော စီလီယာက ပြန်ပြောလိုက်လေ၏။

'ကျွန်မကို လာမခွပါနှင့်ရှင်'

'ဒီစကားကို ရှင်းပြဖို့ မင်းကို ကျုပ် အမိန့် ပေးတယ်'

စီလီယာသည် ထိုင်ရာမှ ခုန်ထလိုက်လေတော့သည်။

'အခု ဒီမှာ ထိုင်ပြီး မွန်တိန်း အကြောင်း၊ ဖဲလ်ဒင်း ရှေ့သီ အကြောင်းနှင့် အက်ဖ်ဒီအေ အကြောင်းတွေကို စုံစမ်း စစ်ဆေးနေတဲ့ ပုဂ္ဂိုလ်ဟာ လွန်ခဲ့သော နှစ်နှစ်က မွန်တိန်းကို အတည်ပြုပေးတာ နှောင့်နှေးနေတဲ့ အတွက် အဲဒါကို သိပ် ရယ်စရာ ကောင်းတယ်လို့ ပြောခဲ့တဲ့ ပုဂ္ဂိုလ်နှင့် တစ်ယောက်တည်းပဲ ဆိုတာ ရှင့်ကို ကျွန်မက လက်ညှိုး ထိုးပြီး ရှင်းပြလိုက်ပါတယ် ရှင်'

'ဒါ တမင် ညာပြောတာပဲ၊ ကဲ အခု မင်းက စော်ကားရာ ရောက်သွားပြီ၊ ကျုပ် ဒါမျိုး ဘယ်တုန်းကမှ မပြောခဲ့ဘူး'





စီလီယာသည် ကျေနပ်မှု၏ အရသာကို ခံစားလိုက်ရလေ၏။ ထိုကိစ္စကို ဒိုနာဟူး မေ့သွားခဲ့လေပြီ။ အံ့ဩစရာတော့ မဟုတ်ပါ။ သူသည် နေရာတကာတွင် စကား အမျိုးမျိုး ပြောခဲ့သူ ဖြစ်သည်။

စီလီယာ့ ရှေ့တွင် ယခု အချိန်အထိ မဖွင့်ရသေးသော ဖိုင်တွဲ တစ်ခု ရှိသည်။ စီလီယာက ထို ဖိုင်တွဲကို လိုရမည်ရ ယူလာခဲ့ခြင်း ဖြစ်သည်။ ထို ဖိုင်တွဲထဲမှ သတင်းစာ ဖြတ်ပိုင်းများကို စီလီယာ ထုတ်ယူလိုက်လေ၏။

'ဒါကတော့ ၁၉၇၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ထုတ် ဝါရှင်တန် ပို့စ် သတင်းစာက ဖြစ်ပါတယ်။

'ကိုယ်ဝန် ဆောင်ချိန်တွင် အသုံးပြုရန် ရည်ရွယ်ထားသော မွန်တိန်းအား အက်ဖ်ဒီအေက သုံးသပ်နေသည့် ကိစ္စနှင့် ပတ်သက်၍ အက်ဖ်ဒီအေ၏ ဆုံးဖြတ်နိုင်စွမ်း မရှိမှုသည် ယခုလို အနေအထားတွင် ရယ်ဖွယ်လီလီ ဖြစ်နေသည်ဟု ဆီနေတာ ဒိုနာဟူးက ပြောကြားလိုက်ခြင်း'

စီလီယာက ထပ်မံ ဖြည့်စွက်လိုက်ပြန်၏။

'ဒီသတင်းဟာ အခြား သတင်းစာတွေမှာလည်း ဖော်ပြ ပါရှိခဲ့ပါတယ် ရှင်'

သူက ရပ်တန့်လိုက်သည်။

'ပြီးတော့လည်း တခြား အချက် တစ်ချက် ရှိပါသေးတယ် ဆီနေတာ'

သူသည် ဖိုင်တွဲထဲမှ စာရွက် တစ်ရွက်ကို ထပ်ရွေးယူလိုက်ပြန်၏။

ရှက်စိတ်ကြောင့် မျက်နှာ နီရဲနေသော ဆီနေတာ ဒိုနာဟူးက တင်းပုတ်ငယ်လေးကို ကောက်ကိုင်လိုက်သည်။

ဤတွင် ဆီနေတာ ဂျက်ဖီက လှမ်းအော် ပြောလိုက်လေ၏။

'မလုပ်ပါနှင့်ဗျာ၊ မလုပ်ပါနှင့်ဦး၊ အမျိုးသမီး ဆုံးအောင် ပြောပါစေ၊ ကျုပ် နားထောင်ချင်တယ်'

'ကျွန်မတို့ရဲ့ စက်မှု လုပ်ငန်းက လူ သတ်တယ်လို့ ရှင် စွပ်စွဲခဲ့တယ်၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ် ရှင် ကွန်ဂရက်မှာ အရွေး ခံရတဲ့ အချိန်က စပြီး စီးကရက် လုပ်ငန်းရှင်တွေ အတွက် ရှင် မဲပေးခဲ့တဲ့ မှတ်တမ်းတွေ ကျွန်မဆီမှာ ရှိတယ်၊ နှစ်စဉ် နှစ်တိုင်း ရှင်က စီးကရက် လုပ်ငန်းရှင်တွေ အတွက် ထောက်ခံမဲ ပေးခဲ့တယ်၊ ဒီမှာ ဆီနေတာ၊ ဆေးဝါး လုပ်ငန်းက သတ်ခဲ့တဲ့ လူ အရေအတွက်ထက် လူတွေကို အဆုတ် ကင်ဆာနှင့် ပိုသတ်နိုင်အောင် ရှင်က အဲဒီ ဆန္ဒမဲတွေနှင့် ပါဝင် ကူညီခဲ့တယ်လေ'

စီလီယာ နောက်ဆုံး ပြောလိုက်သော စကားလုံးများသည် ဒိုနာဟူး က တင်းဘုတ်ငယ်နှင့် စားပွဲကို ထုရင်း 'စုံစမ်း စစ်ဆေးမှုကို ရွှေ့ဆိုင်းလိုက်တယ်' ဟူ၍ ပြောလိုက်သော စကား အပါအဝင် အခြား အခြားသော အော်ဟစ် ပြောဆိုသံများ အောက်ဘက်တွင် နစ်မြုပ် ပျောက်ကွယ် သွားရလေတော့သည်။

ထိုနေ့ ညနေပိုင်းတွင် စီလီယာနှင့် ဆီနေတာ ဒိုနာဟူးတို့၏ ပြင်းထန်သော ပဋိပက္ခ မြင်ကွင်းကို အေဘီစီ၊ စီဘီအက်စ်နှင့် အန်ဘီစီ စသည့် ရုပ်မြင်သံကြား ကုမ္ပဏီကြီးများက ညနေပိုင်း သတင်းခန်းတွင် ထုတ်လွှင့် ပေးခဲ့ကြသည်။

နောက်တစ်နေ့ထုတ် သတင်းစာများတွင်လည်း ထိုသတင်းကိုပင် ထင်ထင်ရှားရှား ဖော်ပြထားကြသည်။ ထိုသတင်းစာများက အလေးအနက် ထား၍ ဖော်ပြထားသော အခြား အချက်အလက်များလည်း ရှိပါသေးသည်။ မွန်တိန်းနှင့် ပတ်သက်၍ စီလီယာ ဂျော်ဒန် ရာထူးမှ နုတ်ထွက်သွားမှု၊ သူ ပြန်အလုပ် လက်ခံချိန်တွင် အက်ဖ်ဒီအေ၏ ဆုံးဖြတ်ချက်ကို မစောင့်ဘဲ မွန်တိန်းကို ရုပ်သိမ်းပေးရမည်ဟု အတင်း တောင်းဆိုခဲ့မှု စသည့် အချက်များ ပေါ်လွင် ထင်ရှား လာခဲ့လေသည်။

သို့ရာတွင် ရွှေနေကြီး ချီလ်ဒါးစ် ကွင်တင်က 'ဖဲလ်ဒင်း ရှောသ် ကုမ္ပဏီတွင် ရန်သူတော် တစ်ယောက် ရှိသွားပြီ ဖြစ်ကြောင်း၊ စီလီယာ အပေါ်တွင်လည်း ဒိုနာဟူးက အခဲ ကျေလိမ့်မည် မဟုတ်ကြောင်း၊ အနာဂတ် ကာလတွင် စီလီယာကို ဖြစ်စေ ဖဲလ်ဒင်း ရှောသ်ကို ဖြစ်စေ အန္တရာယ် ပြုနိုင်မည် ဆိုပါက သူက အရသာ ခံပြီး အန္တရာယ် ပြုလိမ့်မည် ဖြစ်ကြောင်း' စီလီယာအား သတိပေးလိုက်သည်။

## ၁၁

ဗြိတိန် နိုင်ငံ ဟာလိုးရှိ သုတေသန ဌာနကို တိရစ္ဆာန် ချစ်သူများက ဝင်ရောက် ဖျက်ဆီး ခဲ့ကြပြီးနောက် သုတေသန ပြုလုပ် ထားခဲ့သော အချက်အလက်များအား ပြန်လည် စုဆောင်းရသည့် အနေအထားမှာ မျှော်လင့်ထား





သည်ထက် ပိုမို ကောင်းမွန်နေသည်။ ယခု အချိန်တွင် အချက်အလက် အားလုံးကို ပြန်လည် စုဆောင်းပြီး ဖြစ်သည်သာမက ပက်ပ်တိုက်ဒ် ခုနစ် ပေါ်ထွက်လာအောင် ပြုလုပ်သည့် အဆင့်မှာ လွန်စွာ တိုးတက်မှု ရှိနေသဖြင့် ထုတ်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲ တစ်ရပ်ကိုပင် ကျင်းပရန် အဆင်သင့် ဖြစ်နေလေပြီ။ ထို ဆွေးနွေးပွဲကို ကျင်းပသည့်အခါ စီလီယာနှင့် ထိပ်ပိုင်းမှ ဝန်ထမ်းအချို့သည် ဟာလိုးသို့ လာရောက်၍ ဆွေးနွေး ညှိနှိုင်းကြမည် ဖြစ်သည်။

'ပက်ပ်တိုက်ဒ် ခုနစ်ဟာ လိင်စိတ်ကို အားပေးတယ် ဆိုရင် ဒီ ဆေးဝါးကို ဆေးကောင်းဝါးကောင်း တစ်လက် အဖြစ် လက်မခံကြမှာ စိုးရိမ်ရတယ်'

စီလီယာ၏ စကားကို မာတင် ပီစမစ်က ပြန်ဖြေလိုက်၏။

'အဲဒီ အချက်ကို ဖုံးဖိထားနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

'ရှင် ပြောတာ မှန်ပါစေလို့ မျှော်လင့်ထားပေမဲ့ ကျွန်မကတော့ တယ်မထင်ဘူး'

ထိုနေ့မှာ ဟာလိုး အင်စတီကျူသို့ စီလီယာ ရောက်ရှိနေသော ဒုတိယနေ့ ဖြစ်သည်။ သူနှင့် မာတင် ပီစမစ်တို့သည် မာတင်၏ ရုံးခန်းထဲ၌ သီးသီးသန့်သန့် ဆွေးနွေးနေကြသည်။

မာတင်နှင့် စီလီယာတို့ ဆွေးနွေးနေကြစဉ် ခြောက်ဦးခန့် ရှိသော အခြား စီမံ ခန့်ခွဲရေး ဝန်ထမ်းများကလည်း ဆေးဝါး ထုတ်လုပ်ရေး၊ စံချိန် စံညွှန်း ထိန်းချုပ်ရေး၊ ကုန်ကြမ်း ရရှိရေး၊ ကုန်ကျ စရိတ်၊ ထုပ်ပိုးမှု၊ ထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှု စသည်တို့ကို သီးသီးသန့်သန့် ဆွေးနွေးနေကြသည်။

ပက်ပ်တိုက်ဒ် ခုနစ်ကို အချိန် တစ်နှစ်ခန့် ယူ၍ စမ်းသပ် သုံးစွဲကြည့်ရန် လိုအပ်နေသေးသည်သာမက အစိုးရထံမှ ခွင့်ပြုချက် ရရှိရန် လိုအပ်နေသေးသော်လည်း ပက်ပ်တိုက်ဒ် ခုနစ်၏ အနာဂတ်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်ပေါင်း မြောက်မြားစွာကို ယခုကပင် ကြိုတင်၍ ချမှတ်ထားရန် လိုအပ်နေပေသည်။

ထိုဆေးဝါးကို သုံးစွဲမည့် နည်းလမ်းကလည်း အရေးကြီးပါသည်။

မာတင်က ပြောလိုက်၏။

'ကျွန်တော်တို့ကတော့ အချက်အလက် ပြည့်စုံအောင် သုတေသန ပြုလုပ်ပြီးပါပြီ၊ ဒီဆေးကို နှာခေါင်းထဲမှာ ပက်ဖျန်းတဲ့ ဆေး အဖြစ် ထုတ်လုပ်ဖို့

ထောက်ခံပါတယ်၊ ဒီနည်းဟာ ခေတ်မီတဲ့ နည်းပါ၊ အနာဂတ် ကာလမှာ ဆေးဝါး အမြောက်အမြားကို ဒီနည်းနှင့် ပိုပြီး သုံးစွဲလာကြပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်မလည်း သိပါတယ်၊ အင်ဆူလင်ကိုတောင် ဒီနည်းနှင့် သုံးစွဲဖို့ ပြောဆိုနေကြပါတယ်၊ ဘာပဲပြောပြော ထိုးဆေး အဖြစ် မထုတ်လုပ်တဲ့ အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်ရှင်'

ထိုးဆေး အဖြစ် ထုတ်လုပ်သော ဆေးဝါးများသည် နေအိမ်တွင် လွယ်လင့်တကူ သုံးစွဲနိုင်သော ဆေးဝါးများလောက် ရောင်းကောင်းလေ့ မရှိချေ။

'ပက်ပ်တိုက်ဒ် ခုနစ်ကို နှာခေါင်းထဲမှာ ပက်ဖျန်းတဲ့ ဆေး အဖြစ် သုံးစွဲနိုင်အောင် ဈေးချွတ်ဆေးနှင့် ရောထားတဲ့ အစွမ်းမဲ့ ဆားပျော်ရည်နှင့် ရောစပ်ထားဖို့ လိုပါတယ်၊ ဈေးချွတ်ဆေးက ဆေး အများဆုံး ပျော်ဝင်စေပါလိမ့်မယ်'

မာတင်က ထိုဆေးကို သာမန်အားဖြင့် တစ်နေ့လျှင် နှစ်ကြိမ် သုံးစွဲရန် ဖြစ်ကြောင်း၊ မကြာသေးမီက ဟာလိုးတွင် ထပ်မံ ဖြည့်စွက် ခန့်ထားလိုက်သော ဆရာဝန် နှစ်ယောက်က ဗြိတိန်တွင် စမ်းသပ် သုံးစွဲမှုကို ကြီးကြပ် ပေးကြမည် ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

စီလီယာကလည်း အမေရိကန်တွင် စတင် စမ်းသပ်နိုင်ရေး အစီအစဉ်များကို စတင် ချမှတ်လေတော့သည်။

'ကျွန်မတို့ကလည်း ဖြစ်နိုင်သလောက် ခပ်စောစော စတင်ပြီး စမ်းသပ်ချင်ပါတယ်၊ ကြိုတင်ပြီး ဆောင်ရွက်ရမယ့် ကိစ္စတွေ အပြင် အက်ဖ်ဒီအေရဲ့ ခွင့်ပြုချက်ကို ရဖို့ လိုအပ်နေတဲ့ အတွက် ကျွန်မတို့က ရှင်တို့ထက် နည်းနည်း နောက်ကျလိမ့်မယ်၊ ဒါပေမဲ့ သိပ်နောက်ကျမှာတော့ မဟုတ်ဘူး'

စီလီယာ ဟာလိုး၌ ရှိနေစဉ် မာတင်က စီလီယာအား ညစာ စားပွဲနှင့် ဧည့်ခံသည်။ ပထမတွင် အမျိုးသမီး နှစ်ယောက်သည် စပ်စုဟန်နှင့် တစ်ယောက်ကို တစ်ယောက်က အကဲခတ်နေကြသည်။ စီလီယာသည် အသက် လေးဆယ့်ရှစ်နှစ် ရှိနေလေပြီ။ အီဗွန်နီက အသက် နှစ်ဆယ့် ခုနစ်နှစ်သာ ရှိသေးသည်။ သူတို့ နှစ်ယောက်သည် အသက်ချင်း ကွာခြားမှု ရှိနေသည့် တိုင်အောင် မာတင့်ကို သံယောဇဉ် ဖြစ်ရာတွင် တူညီနေမှုကြောင့် များမကြာမီ ရင်းနှီး သွားကြလေတော့သည်။ နောက်ပိုင်းတွင် စားပွဲမှ အီဗွန်နီ ခေတ္တ ထ၍ ရေချိုးခန်းသို့ ထွက်ခွာသွားစဉ် စီလီယာက ပြောလိုက်လေ၏။





'ဒီအမျိုးသမီးဟာ တော်တော် နှစ်ခြိုက်ဖို့ ကောင်းတာပဲ မာတင်၊ ရှင် သူနှင့် လက်ထပ်မှာလား'

ထို မေးခွန်းက မာတင့်အား လန့်ဖျပ်သွားစေခဲ့သည်။

'အဲဒါကတော့ ဖြစ်နိုင်ဖို့ သိပ် မလွယ်ဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ နှစ်ယောက်စလုံးက လက်ထပ်ဖို့ ကိစ္စကို မတွေးမိကြဘူးဆိုတာ သေချာပါတယ်'

'အီဗွန်နီကတော့ တွေးမိပါတယ်လေ'

မာတင်က သဘော မတူပါ။

'သူက ဘာဖြစ်လို့ တွေးရမှာလဲ၊ သူနှင့် ကျွန်တော် အသက် ဆယ့်နှစ်နှစ်တောင် ကွာတယ်ဗျ'

'ဆယ့်နှစ်နှစ် ဆိုတာ ဘာမှ မဟုတ်ပါဘူး'

မာတင်ကလည်း ခေါင်းမာသည်။

'ခု ခေတ်မှာတော့ အရေးကြီးတယ်၊ အဲဒါဟာ မျိုးဆက် ကွာဟမှုပဲ၊ ပြီးတော့လည်း အီဗွန်နီ အတွက် လွတ်လပ်ဖို့ လိုအပ်သလို ကျွန်တော့် အတွက်လည်း လိုအပ်တယ်၊ ခုကိစ္စဟာ လောလောဆယ်မှာတော့ နှစ်ဦးစလုံး အတွက် အဆင်ပြေတဲ့ အစီအစဉ် တစ်ခုပဲ၊ ဒါပေမဲ့ အဲဒါ ပြောင်းလဲ သွားနိုင်ပါတယ်'

စီလီယာက ပြောလိုက်သည်။

'ရှင်တို့ အမျိုးသား တချို့ဟာ အကောင်းဆုံး အခွင့်အရေးတွေကို ရလေ့ ရှိကြတယ်၊ ဒါပေမဲ့ မျက်စိလည်း ကန်းတတ်ကြတယ်လေ'

အီဗွန်နီ ပြန်လာသောကြောင့် ဆွေးနွေးပွဲ ပြီးဆုံးသွားရသည်။ နောက်ထပ် ရက် အနည်းငယ် ကြာသောအခါ စီလီယာနှင့် အဖွဲ့သည် နယူးဂျာဆီသို့ ပြန်သွားကြသည်။ သို့ရာတွင် ထိုကိစ္စကို ထပ်မဆွေးနွေး ဖြစ်တော့ပါ။

စီလီယာ ပြန်သွားသော နေ့တွင် မာတင်၏ မိခင် ကွယ်လွန်သွားသည်။ ထို အသုဘသို့ မာတင်၊ သူ့ဖခင်နှင့် အီဗွန်နီတို့သာ တက်ရောက်ခဲ့ကြသည်။

နောက် လာမည့် လပေါင်း အနည်းငယ် အတွင်း အရေးကြီးသော ဆုံးဖြတ်ချက်များကို နယူးဂျာဆီရှိ ဖဲလ်ဒင်း ရော့သ် ရုံးချုပ်တွင် ဆုံးဖြတ်ခဲ့ကြသည်။

ပက်ပ်တိုက်ဒ် ခုနစ်ကို အမြုံရောင် ပုံဆောင်ခဲ သဏ္ဍာန် အမှုန့် အဖြစ် အိုင်ယာလန် သမ္မတ နိုင်ငံတွင် စတင် ထုတ်လုပ်ပြီး နောက်ဆုံး အဆင့် ဖြစ်သော အရည်ကိုမူ ပျူတိုရီကို နိုင်ငံတွင် ထုတ်လုပ်မည် ဖြစ်သည်။ အခြားကုမ္ပဏီ တစ်ခုက ပြုလုပ်ပေးသော ဆေးရည် ထည့်ရန် ဘူးများကို ပျူတိုရီကို နိုင်ငံသို့ သင်္ဘောနှင့် တင်ပို့ပေးမည် ဖြစ်သည်။

ထို အစီအစဉ် တစ်ခုလုံး အတွက် ရင်းနှီး မြှုပ်နှံရန် ငွေကြေး အမြောက်အမြား လိုအပ်နေသည်။ ထိုကိစ္စကို အကြိတ်အနယ် ဆွေးနွေးကြပြီးနောက် ဘုတ် အဖွဲ့ဝင် လူကြီးများက အတည်ပြု ပေးလိုက်ကြသည်။

တစ်ညတွင် စီလီယာက အင်ဒရူးအား ဘုတ် အဖွဲ့တွင် ဆွေးနွေးကြသည့် ကိစ္စရပ်များကို ရှင်းပြလိုက်၏။

'ကျွန်မတို့မှာ ပိုက်ဆံ မရှိဘူး၊ အားလုံးကို ချေးယူရမှာ၊ အဲဒီ ပိုက်ဆံတွေ သဲထဲ ရေသွန်သလို ဖြစ်သွားခဲ့ရင် ဖဲလ်ဒင်း ရှော့ပ်ပါ ပျက်စီးသွားလိမ့်မယ်၊ ဒါပေမဲ့ အဲဒီလို လုပ်မှ ဖြစ်မယ်လို့ အားလုံးက သဘော တူလိုက်ကြတယ်၊ ကျွန်မတို့က ကုမ္ပဏီနှင့် ပုံပြီး လောင်းကြေး ထပ်လိုက်တာပဲ'

ပက်ပ်တိုက်ဒ် ခုနစ် အတွက် နာမည် အမျိုးမျိုးကို တင်ပြ ဆွေးနွေးကြပြီးနောက် နောက်ဆုံးတွင် ပက်ပ်တိုက်ဒ် ခုနစ်ကိုပင် တရားဝင် သုံးစွဲရန် ရွေးချယ်လိုက်ကြသည်။

တစ်နှစ် ကုန်လွန်သွားသည်။

ပက်ပ်တိုက်ဒ် ခုနစ်နှင့် စပ်လျဉ်းသော ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများသည် အများ မျှော်လင့်ထားသည်ထက် ပို၍ မြန်ဆန်သည့် အပြင် ဗြိတိန်နှင့် အမေရိကန် နိုင်ငံတို့၌ ထူးထူးခြားခြား အောင်မြင်မှု ရရှိခဲ့ကြသည်။ အသက်ကြီးသော လူနာများသည် ထိုဆေးနှင့် တည့်ကြောင်း တွေ့ရှိရသည်။ ဆန့်ကျင်ဘက် ဆေးတန်ပြန်မှုများကိုလည်း မတွေ့ရှိရပါ။ ယခု အချိန်တွင် စုဆောင်း၍ ရရှိထားသော အချက်အလက် မှန်သမျှကို လန်ဒန်ရှိ ဆေးဝါးများ အန္တရာယ်ကင်းရှင်းရေး ကော်မတီနှင့် ဝါရှင်တန်ရှိ အက်ဖ်ဒီအေတို့ထံသို့ ပေးပို့ထားပြီး ဖြစ်သည်။

မာတင် ပိစမစ်၊ ဗင်းစင့် လော့ဒ်၊ စီလီယာနှင့် အခြား ပုဂ္ဂိုလ်များသည် ဟာလိုးနှင့် ဘွန်းတွန်တို့တွင် အသေးစိတ် ညှိနှိုင်း ဆွေးနွေး ကြပြီးနောက်





ကိုယ် အလေးချိန် ကျဆင်းစေသော အာနိသင်ကို တရားဝင် မဖော်ပြကြရန် ဆုံးဖြတ်လိုက်ကြသည်။ ဆိုလိုသည်မှာ ဆရာဝန်များထံ ပေးပို့သော ဆေးနှင့် ပတ်သက်သည့် သတင်းလွှာထဲ၌ ကိုယ် အလေးချိန် ကျဆင်းစေသည့် အာနိသင်ကို ဖော်ပြထားမည် ဖြစ်သော်လည်း ထိုကိစ္စ အတွက် မသုံးစွဲသင့်ကြောင်း အကြံ ပေးထားမည် ဖြစ်ပေသည်။

လိင်စိတ်ကို အားပေးသော အာနိသင်နှင့် ပတ်သက်၍ တိရစ္ဆာန်များနှင့် စမ်းသပ်စဉ်က ထပ်ခါတလဲလဲ တွေ့ရှိခဲ့ရသော်လည်း လူပုဂ္ဂိုလ်များနှင့်မူ စမ်းသပ်မှု မရှိခဲ့ကြောင်းနှင့် ထိုကိစ္စကို တတ်နိုင်သလောက် မသိမသာ ဖော်ပြထားရန် ဆုံးဖြတ်ခဲ့ကြသည်။

ဟာလိုးရှိ သုတေသန ဌာနတွင် မာတင်သည် ပက်ပ်တိုက်ဒ် ခုနစ်နှင့် ပတ်သက်သော အသေးစိတ်များကို တပည့်တပန်းများနှင့် လွှဲထားလိုက်ပြီး ပက်ပ်တိုက်ဒ် ခုနစ်ကို ထပ်မံ ပြုပြင်ရန်နှင့် ဦးနောက်မှ အခြား ပက်ပ်တိုက်ဒ်များအား ခွဲထုတ်၍ ရနိုင်စွမ်း ရှိ မရှိကို လေ့လာ စူးစမ်းလျက် ရှိသည်။

မာတင်နှင့် အီဗွန်နီတို့သည် အတူတူ နေထိုင်လျက်ပင် ရှိနေသေးသည်။ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလတွင် အီဗွန်နီသည် တက္ကသိုလ်ဝင်ခွင့် အေ အဆင့် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ပြီး ဘာသာတိုင်းတွင် အေ အဆင့်မှ အောင်မြင်ခဲ့သည်။ အီဗွန်နီသည် ကင်းဘရစ်ချ် ကောလိပ် ဝင်ခွင့် စာမေးပွဲများကိုပါ ဝင်ရောက် ဖြေဆိုခဲ့ပြီး စာမေးပွဲ အောင်စာရင်း ထွက်သည့်အခါ လူစီ ကဗင်းဒစ်ရှ် ကောလိပ်၌ ဝင်ခွင့် ရရှိမည် ဖြစ်ပေသည်။

စက်တင်ဘာလတွင် အီဗွန်နီသည် ဖဲလ်ဒင်း ရှော့ပ် ကုမ္ပဏီမှ နုတ်ထွက်လိုက်ပြီး လူစီ ကဗင်းဒစ်ရှ် ကောလိပ်၌ တိရစ္ဆာန် ဆေးကု သင်တန်းတွင် တက်ရောက် သင်ကြားလေတော့သည်။

နောက်နှစ် ဇန်နဝါရီလတွင် သမ္မတ ရေဂင်သည် မိုင်လေးထောင် ဝေးကွာသော နေရာ၌ ကျမ်းသစ္စာ ကျိန်ဆိုနေစဉ် ဗြိတိန် နိုင်ငံတွင် ပက်ပ်တိုက်ဒ် ခုနစ်အား ရောင်းချခွင့် လိုင်စင်ကို ကျန်းမာရေး ဝန်ကြီးက ခွင့်ပြုပေးလိုက်သည်။ နောက်ထပ် နှစ်လ ကြာသော အခါ အမေရိကန်တွင် ရောင်းချခွင့်ကို အက်ဖ်ဒီအေက အတည်ပြု ပေးလိုက်လေသည်။ ကနေဒါကလည်း အက်ဖ်ဒီအေ၏ ဦးဆောင်မှု အတိုင်း အတည် ပြုပေးလိုက်လေသည်။

ဗြိတိန် နိုင်ငံတွင် ထိုဆေးဝါးကို ဧပြီလတွင် စတင် ရောင်းချရန် စီစဉ်ထားပြီး အမေရိကန်နှင့် ကနေဒါတို့တွင် ဇွန်လ၌ ရောင်းချရန် စီစဉ်ထားသည်။

သို့ရာတွင် မည်သည့် နေရာတွင်မှ ပက်ပ်တိုက်ဒ် ခုနစ်အား ဆိုင်တင်၍ မရောင်းချမီ ခပ်စောစောပိုင်းက တွေး၍ ပူပင်ခဲ့ကြသော ကိစ္စရပ် တစ်ခုသည် ဖြစ်ပွားလာခဲ့ရသည့် အပြင် ပက်ပ်တိုက်ဒ် ခုနစ်၏ နောင်ရေးအား အန္တရာယ် ဖြစ်စေနိုင်သည့် အနေအထားမျိုးနှင့် ကြုံတွေ့နေရလေတော့သည်။

ထိုကိစ္စမှာ ဒေလီမေ သတင်းစာမှ သတင်းထောက် တစ်ယောက်က ဟာလိုး အင်စတီကျူသို့ တယ်လီဖုန်း ဆက်မှုနှင့် အစ ပြုခဲ့ပေသည်။ ထို သတင်းထောက်က ဒေါက်တာ ပိစမစ် သို့မဟုတ် ဒေါက်တာ ရောင်း ဆတ်ထရီနှင့် စကား ပြောခွင့် မရရှိသောအခါ သူ ပြောလိုသည့် အကြောင်းကြားချက်ကို မှာကြားထားခဲ့သည်။

ထို အကြောင်းကြားချက်ကို အတွင်းရေးမှူး တစ်ယောက်က လက်နှိပ်စက်နှင့် ရိုက်ပြီး မာတင်၏ စားပွဲပေါ်တွင် တင်ပေးထားလိုက်သည်။

ထိုအကြောင်းကြားချက်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

> 'ခင်ဗျားတို့က လူလတ်ပိုင်း အရွယ်နှင့် လူကြီးပိုင်း အရွယ်သို့ ရောက်နေသူများကို ငယ်မူပြန်လာစေပြီး ကိုယ် အလေးချိန် ကျဆင်းစေမည့် ဆေးစွမ်းကောင်း တစ်လက်ကို ဖော်ထုတ်တော့မည်ဟု ဒေလီမေ သတင်းစာက သတင်း ရရှိထားပါသည်။ နက်ဖြန်တွင် ထုတ်ဝေမည့် သတင်းစာ၌ ဖော်ပြ ပါရှိမည် ဖြစ်ပြီး ခင်ဗျားတို့၏ သဘောထားကို ယနေ့ သိရှိလိုပါသည်'

ထို အကြောင်းကြားချက်ကို မာတင် ပိစမစ် ဖတ်ရှုလိုက်ရသော အခါ အထိတ်တလန့် ဖြစ်သွားရလေတော့သည်။

သူက စီလီယာထံ တယ်လီဖုန်း ဆက်၍ အကြံဉာဏ် တောင်းလိုက်၏။

စီလီယာက 'အဲဒီ သတင်းထောက်နှင့် ပြန်ဆက်သွယ်ပြီး မေးခွန်းတွေကို ရိုးရိုးသားသားနှင့် ဖြစ်နိုင်သလောက် ခပ်တိုတို ဖြေလိုက်ပါရှင်၊ ဒါပေမဲ့ လိင်စိတ်ကို အားပေးတယ် ဆိုတဲ့ ကိစ္စဟာ တိရစ္ဆာန်တွေမှာပဲ တွေ့ရှိရတဲ့ အတွက် ဒီဆေးကို လူတွေက လိင်စိတ် အားပေးမှု အတွက် သုံးစွဲဖို့ မထောက်ခံတဲ့ အကြောင်း၊ ကိုယ် အလေးချိန် လျော့နည်းစေတယ် ဆိုတဲ့ ကိစ္စဟာ ထိုနည်းလည်းကောင်းပင် ဖြစ်ကြောင်း ဖြေလိုက်ပါ' ဟု ဖြေကြားလိုက်လေသည်။





မာတင်က စီလီယာထံ ဖုန်းနှင့် ဆက်သွယ်ပြီး သုံးရက် ကြာသော အခါ ပက်ပ်တိုက်ဒ် ခုနစ်နှင့် ပတ်သက်၍ သတင်းစာများ၌ ရေးသား ဖော်ပြမှုများကို ဂျူလီယန် ဟန်မွန်းက အကျဉ်းချုပ် ပြုစုရေးသားပြီး စီလီယာထံ လာရောက် တင်ပြခဲ့သည်။

ဗြိတိန် နိုင်ငံမှ စတင် ဖော်ပြလိုက်သော ထိုသတင်းက ရေကာတာ ကျိုးပေါက်သွားသလို လျှံထွက်သွားစေခဲ့သည်။ ဒေလီမေ သတင်းစာ၏ သတင်းစာသားတွင် 'ကာမ ဆန္ဒ စိတ်ကြွဆေး' ဆိုသော စကားလုံးကို အကြိမ်ပေါင်းများစွာ ဖော်ပြခဲ့သည်။ ပို၍ ဆိုးရွားသွားစေသည့် အချက်မှာ ဒေလီမေ သတင်းစာက ထိုဆေးကို လက်တွေ့ စမ်းသပ်ခွင့် ရရှိသူများနှင့် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပြီး ထိုပုဂ္ဂိုလ်များ၏ ဖြေကြားချက်များကို ဓာတ်ပုံများနှင့်တကွ ထည့်သွင်း ဖော်ပြလိုက်ခြင်းပင် ဖြစ်တော့သည်။

ထိုသတင်းကို ဒေလီမေ သတင်းစာက သာမက ဗြိတိန် နိုင်ငံရှိ ကျန်သတင်းစာများနှင့် ရုပ်မြင်သံကြား ကုမ္ပဏီများက ဖော်ပြပေးကြသည့် အပြင် သတင်း ဖြန့်ချိရေး ဌာနကြီးများကလည်း ထိုသတင်းကို ကမ္ဘာ အရပ်ရပ်သို့ ပေးပို့ ဖြန့်ချိလိုက်လေတော့သည်။

ပက်ပ်တိုက်ဒ် ခုနစ်သည် အလွန် ရောင်းကောင်းသော ဆေး တစ်လက် ဖြစ်သဖြင့် စတင် ဖြန့်ချိချိန်တွင် ဝယ်ယူ အားပေးကြသလောက် လုံလောက်အောင် မထုတ်လုပ်နိုင်သော ပြဿနာနှင့် ကြုံတွေ့ခဲ့ကြရသည်။ နောက်ပိုင်းတွင် ဖဲလ်ဒင်း ရော့သ် ကုမ္ပဏီသည် ထိုပြဿနာကို ဖြေရှင်းနိုင်ခဲ့ကြသည်။

ပက်ပ်တိုက်ဒ် ခုနစ်ကို ထုတ်လုပ် ရောင်းချပြီး တစ်နှစ် မြောက်သော အချိန်တွင် ဖော်ကျွန်း မဂ္ဂဇင်းက ပက်ပ်တိုက်ဒ် ခုနစ်ကို ရောင်းချရာမှ ရရှိသော ဝင်ငွေသည် ဒေါ်လာ သန်းခြောက်ရာ ရှိမည်ဟု ခန့်မှန်း ဖော်ပြခဲ့သည်။ အဆိုပါ ခန့်မှန်းချက်နှင့် ခပ်စောစောပိုင်းက ခန့်မှန်း ထားချက်များကြောင့် ဖဲလ်ဒင်း ရော့သ်၏ အစုရှယ်ယာ တန်ဖိုးသည် တစ်လ အတွင်း သုံးဆ မြင့်တက်သွားခဲ့ပြီး နောက်တစ်နှစ် အတွင်း နောက်ထပ် နှစ်ဆ တိုးမြှင့်သွားပြန်သည်။ ထို့နောက် နောက်ထပ် ရှစ်လ ကြာချိန်တွင် နောက်ထပ် နှစ်ဆ တိုးသွားပြန်၏။

သို့တိုင်အောင် စာရင်းကိုင်များက ဖဲလ်ဒင်း ရှော့သ်၏ စာရင်းများကို တွက်ချက်၍ ပြီးစီးသွားကြသော အခါ ဖော်ကျွန်း မဂ္ဂဇင်း၏ ခန့်မှန်းချက်သည် သန်း တစ်ရာခန့် လျော့နည်း နေသေးကြောင်း လက်တွေ့ သိရှိကြရလေတော့သည်။

ဖော်ကျွန်း မဂ္ဂဇင်းက ဖော်ပြထားသော အခြား အချက် တစ်ချက်မှာ ၁၉၇၆ ခုနှစ်က စမစ်ကလိုင်း ကုမ္ပဏီက ဖော်စပ်ခဲ့သော အလွန် ထူးခြားသည့် အာလ်ဆာ ကုသဆေး တဂါးမက် (Tagamet) ပေါ်ထွက်လာခဲ့ပြီး နောက်ပိုင်းတွင် ပက်ပ်တိုက်ဒ် ခုနှစ်၏ ထူးခြားမှုကို ယှဉ်နိုင်သော ဆေးဝါး မရှိသေးကြောင်းပင် ဖြစ်သည်။

ပက်ပ်တိုက်ဒ် ခုနှစ် အကြီးအကျယ် အောင်မြင်မှု ရနေချိန်တွင် မာတင် ပီစမစ်သည်လည်း ဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်နေမိသည်။ မာတင်၏ နာမည်ကို ယခု အချိန်တွင် ကျယ်ကျယ်ပြန့်ပြန့် လူသိ များလာကြသလို သူ့ကို လေးစားသူများ၊ ကြည်ညိုသူများ၊ တွေ့ဆုံချင်သူများ ပေါ်များလာသည်။ မာတင် ပီစမစ်သည် ဗြိတိန် နိုင်ငံရှိ သိပ္ပံဆိုင်ရာ တော်ဝင် အသင်းကြီးတွင် အသင်းဝင်အဖြစ် အရွေးချယ် ခံရသည်။ အခြား အခြားသော သိပ္ပံဆိုင်ရာ အဖွဲ့အစည်းများကလည်း လာရောက် ဟောပြောပေးရန် မေတ္တာ ရပ်ခံကြ၏။ နောင် တစ်ချိန်ချိန်တွင် နိုဗယ်ဆု ရမည့် ပုဂ္ဂိုလ် ဖြစ်သည် ဟူ၍လည်း ခန့်မှန်း ပြောဆိုနေကြသည်။ မာတင့်အား ဘုရင်မကြီးက သူ့ကောင်း ပြုလိမ့်မည် ဟူ၍လည်း ကောလာဟလများ ဖြစ်ပေါ်နေသည်။

ထိုကဲ့သို့ ဝိုင်းဝန်း၍ အာရုံစိုက်မှုကို ခံနေရချိန်တွင် မာတင်သည် သီးသီးသန့်သန့် နေနိုင်အောင် ကြိုးပမ်းခဲ့သည်။ သူ့ နေအိမ်မှ တယ်လီဖုန်း နံပါတ်ကို ပြောင်းလဲပစ်လိုက်ပြီး နံပါတ် အသစ်ကို လူသိ မခံတော့ချေ။ သုတေသနဌာနတွင်လည်း အလွန် အရေးကြီးသော တယ်လီဖုန်းများနှင့် လူပုဂ္ဂိုလ်များကိုသာ လက်ခံ ပြောဆို တွေ့ဆုံနိုင်အောင် နိုင်ဂျယ် ဘင်တလီက ထိန်းချုပ်စီစဉ် ပေးထားသည်။

သို့တိုင်အောင် ခပ်စောစောပိုင်းက ရှိခဲ့ဖူးသော မာတင်၏ လူမသိ သူမသိ ဘဝ အခြေအနေမျိုးကို မည်သည့် အခါတွင်မှ ပြန်ရတော့မည် မဟုတ်ပါ။

အခြား ပြောင်းလဲချက် တစ်ခုလည်း ရှိပါသေးသည်။





အီဗွန်နီသည် မာတင်နှင့် အတူတူ ဆက်လက် နေထိုင်ခြင်း မပြုတော့ရန် ဆုံးဖြတ်လိုက်ပြီး ကင်းဘရစ်ချ်မှ အိမ်ခန်း တစ်ခန်းသို့ ပြောင်းရွှေ့ နေထိုင်ခြင်းပင် ဖြစ်သည်။

သူတို့ နှစ်ယောက် အကြားတွင် စကားများ ရန်ဖြစ်ခြင်း၊ အခက်အခဲ ဖြစ်ပေါ်လာခြင်းများ မရှိခဲ့ပါ။ အီဗွန်နီက မိမိ လမ်းကို မိမိ လျှောက်ရန် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။

အီဗွန်နီနှင့် ခွဲခွာ၍ နေထိုင်မှု စတင်သည်နှင့် တစ်ပြိုင်နက် မာတင်သည် ရပ်ဝေးသို့ ရက်သတ္တ တစ်ပတ်ကြာ သွားရောက်ခဲ့သည်။ သူ ပြန်ရောက်လာသော အခါ နေအိမ်ကြီးသည် မှောင်မည်းပြီး ဟာလာဟင်းလင်း ဖြစ်နေသည်။ ထိုကဲ့သို့ မဖြစ်ခဲ့သည်မှာ ငါးနှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပြီး ယခုလို ဖြစ်ပျက်နေမှုကို သူ မနှစ်မြို့က်ပါ။ နောက်ထပ် ရက်သတ္တ တစ်ပတ် ကြာမြင့်သွားသော အခါ မာတင်သည် ထိုအနေအထားကို ပို၍ပင် သဘော မကျနိုင်ဘဲ ဖြစ်လာရလေတော့သည်။ သူသည် အထီးကျန် ဖြစ်နေရပြီး ပျော်ပျော်ရွှင်ရွှင်နှင့် တတွတ်တွတ် ပြောဆို နေတတ်သော အီဗွန်နီ၏ အသံနှင့် ရုပ်သွင်တို့ကို သူ ကြားချင် မြင်ချင်နေမိသည်။ ထိုကိစ္စမှာ သူ့ဘဝမှ မီးလုံး တစ်လုံး ရုတ်တရက် ငြိမ်းသွားသလို သူ ခံစားနေရသည်။

နောက် တစ်နေ့တွင် စီလီယာသည် မာတင် ပီစမစ်ထံသို့ အလုပ် ကိစ္စနှင့် တယ်လီဖုန်း ဆက်လိုက်၏။

စကား ပြောဆို၍ ပြီးခါနီးတွင် စီလီယာက မှတ်ချက် ချလိုက်သည်။

'မာတင် ရှင့်လေသံက စိတ်ဓာတ် ကျနေသလိုလိုပဲ၊ ဘာဖြစ်နေလို့လဲ'

ဤတွင် မာတင်က အီဗွန်နီကို သူ လွမ်းနေမိကြောင်း ဖွင့်ခနဲ ဖွင့်ပြောလိုက်မိလေတော့သည်။

စီလီယာက ပြောလိုက်၏။

'ကျွန်မကတော့ နားမလည်နိုင်တော့ဘူး၊ ရှင်က သူ့ကို ဘာဖြစ်လို့ သွားခွင့် ပြုလိုက်ရတာလဲ'

'သွားခွင့် ပြုတာ မပြုတာနှင့် မဆိုင်ပါဘူး၊ သူက လွတ်လပ်သူပဲ၊ သူ့ဘာသာသူ ဆုံးဖြတ်ချက် ချလိုက်တယ်လေ'

'ရှင်က မတားခဲ့ဘူးလား'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

မာတင်က ပြန်ဖြေလိုက်သည်။

'မတရားဘူး ထင်လို့ပါ၊ သူလည်း သူ့ဘဝကို သူ့ဘာသာ သူ ထိန်းကျောင်းရမှာပေါ့'

စီလီယာက သဘော တူလိုက်သည်။

'ဟုတ်ပါတယ်၊ ပြီးတော့လည်း သူ့ကို လက်ရှိ အနေအထားမှာ ရှင်က သူ့ကို ပေးနေတာတွေထက် သူက ပိုပြီး လိုချင်နေပုံ ရတယ်၊ ရှင်က သူ့ကို ဒါ့ထက် ပိုပြီး ပေးဖို့ စကား ကမ်းလှမ်းဖူးသလား၊ ဥပမာ ရှင်နှင့် လက်ထပ်ပါ ဆိုတာမျိုးပေါ့'

'အမှန်အတိုင်း ပြောရရင် ကျွန်တော် စဉ်းစားခဲ့ဖူးပါတယ်၊ အီဗွန်နီ ထွက်သွားတဲ့ နေ့ကပေါ့၊ ဒါပေမဲ့ မပြောဖြစ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့'

'ဘုရားသခင်' စီလီယာ၏ အသံ ပိုမို ကျယ်လောင်လာသည်။ 'မာတင် ပိစမစ်၊ ကျွန်မသာ အဲဒီကို ရောက်နေမယ် ဆိုရင် ရှင့်ကို ကိုင်ယမ်းပြီး ခါပစ်မိလိမ့်မယ်၊ ပက်ပ်တိုက်ဒ် ခုနစ်ကို ရှာတွေ့ခဲ့တဲ့ ရှင်ဟာ ဘာဖြစ်လို့ ဒီလောက်တောင် ထူအ နေရတာလဲ၊ ရှင် အရူးပဲ၊ သူက ရှင့်ကို ချစ်ပါတယ်'

မာတင်က မယုံမကြည်နှင့် မေးလိုက်၏။

'ခင်ဗျားက ဘယ်လိုလုပ် သိသလဲ'

'ကျွန်မ ကိုယ်တိုင် အမျိုးသမီး တစ်ယောက် ဖြစ်နေလို့ပေါ့၊ ကျွန်မက သူနှင့် အတူတူ ငါးမိနစ် နေခဲ့ဖူးတဲ့ အတွက် အခု ရှင် ထူအနေပုံကို ကွက်ကွက်ကွင်းကွင်း သိရသလို သူ့ အကြောင်းကိုလည်း သိခဲ့ရလို့ပဲရှင့်'

ငြိမ်ကျသွားသည်။

ပြီးမှ စီလီယာက မေးလိုက်၏။

'ရှင် ဘာဆက်လုပ်မလဲ'

'တကယ်လို့ သိပ် နောက်မကျသေးဘူး ဆိုရင် ကျွန်တော့်ကို လက်ထပ်ပါလို့ သူ့ကို ပြောမယ်'

'ရှင်က ဘယ်လိုနည်းနှင့် ပြောမှာလဲ'

မာတင် တုံ့ဆိုင်းသွားသည်။

'အင်းလေ၊ တယ်လီဖုန်းနှင့် ဆက်လို့ ရနိုင်သားပဲ'

'မာတင်၊ ဒီကုမ္ပဏီမှာ ကျွန်မက ရှင့် အထက် အရာရှိ၊ ကျွန်မက ရှင့်ကို အမိန့် ပေးလိုက်မယ်၊ ရှင် အခု ရုံးခန်းထဲက ထွက်ပြီး အီဗွန်နီ ရှိမယ့် နေရာကို ကားနှင့် လိုက်ရှာ၊ အဲဒီ နောက်ပိုင်းမှာ ဘာလုပ်မလဲ ဆိုတာက ရှင့်ကိစ္စ၊





ဒါပေမဲ့ တကယ်လို့ လိုအပ်လာရင် ရှင်က ဒူးထောက်ပြီး သူ့ကို ရှင်က ချစ်ကြောင်း ပြောဖို့ အကြံပေးလိုက်မယ်၊ အခုလို ကျွန်မ ပြောနေရတဲ့ အကြောင်းရင်းကတော့ ရှင့် အနာဂတ် ဘဝမှာ ရှင့်ကို သူ့ထက် ပိုချစ်တဲ့လူ သူ့ထက် ပိုကောင်းတဲ့လူ ရှင် တွေ့နိုင်မှာ မဟုတ်လို့ပဲ'

ခဏ အကြာတွင် မာတင် ပိစမစ် သူ့ရုံးခန်းထဲမှ ကမန်းကတန်း ထွက်ပြေးသွားပြီး မော်တော်ကားပေါ်သို့ ခုန်တက်၍ အရှိန် ပြင်းစွာနှင့် မောင်းနှင်ထွက်ခွာသွားသည်ကို ဝန်ထမ်း အချို့က အလန့်တကြား တွေ့မြင်လိုက်ရလေတော့သည်။

စီလီယာနှင့် အင်ဒရူးတို့က မာတင်နှင့် အီဗွန်နီ ဖနီးမောင်နှံ အတွက် ငွေလင်ပန်း တစ်ချပ်ကို လက်ဆောင် အဖြစ် ပေးပို့လိုက်သည်။

ထို လင်ပန်းပေါ်တွင် ၁၇ ရာစုမှ အင်္ဂလိပ် နယ်ဖွား ကဗျာဆရာ ဖရန့်စစ် ကွာလီ၏ 'သတို့သမီးသို့' ဟူ၍ ခေါင်းစဉ် တပ်ထားသော ကဗျာမှ ကောက်နုတ်ချက်လေးကို ထွင်းထုထားသည်။

- ပျော်ရွှင်မှု မှန်သမျှ မေလကဲ့သို့ ဖြစ်ပါစေ။
- နေ့တိုင်း နေ့တိုင်းသည် လက်ထပ်သော နေ့ကဲ့သို့ ဖြစ်ပါစေ။
- စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်း ဝမ်းနည်း ပူဆွေးရခြင်းတို့နှင့် ကင်းဝေးပါစေ။

ထို့နောက်တွင်ကား ဟက်ဆင် ဒဗလျူကို တစ်နှစ် အတွင်း ရောင်းချနိုင်တော့မည် ဖြစ်ပါသည်။

၁၂

ဟက်ဆင် ဒဗလျူအား ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ ထိုဆေးကို အခြား ဆေးဝါးများနှင့် တွဲဖက်၍ အသုံးပြုခဲ့ကြသော လူနာများတွင် ဆေးတန့်ပြန်မှု အနည်းငယ် ပေါ်ထွက်လာခဲ့လေသည်။ အော်ဂလီ ဆန်ခြင်း၊ ပို့အန်

ခြင်းများ ဖြစ်ပေါ်လာသည် ဆိုသော အစီရင်ခံစာများ ကြိုးကြား ကြိုးကြား ပေါ်ထွက်လာသလို သီးခြား ဖြစ်ပွားသော ဝမ်းပျက်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးခြင်းများလည်း ရှိနေကြပေသည်။ ထိုကိစ္စများသည် ထူးခြားသော ကိစ္စရပ်များ မဟုတ်သလို လန့်စရာ ထိတ်စရာများလည်း မဟုတ်ပါ။ ထိုဝေဒနာများသည် ပြင်းထန်မှု မရှိကြသလို ဖြစ်ပေါ်သော ရာခိုင်နှုန်းမှာလည်း နည်းလွန်းလှပါသည်။

ထိုနည်းတူစွာပင် ဆေးတန်ပြန်မှု လုံးဝ ကင်းစင်သော ဆေးဝါး ဟူ၍လည်း အလွန် ရှားပါးပါသည်။

ဟက်ဆင် ဒဗလျူအား နှစ်နှစ်ခွဲ ကြာအောင် စမ်းသပ်မှုများကို ပြုလုပ်ခဲ့ပြီး ထိုစမ်းသပ်မှုများကို ဒေါက်တာ ဗင်းစင့် လော့ဒ် ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲလျက် ရှိသည်။ ယခုလို အရေးကြီးသော အချိန် နောက်ဆုံး အဆင့်သို့ ရောက်လုဆဲဆဲ အချိန်တွင် သူ အပတ်တကုတ် ကြိုးပမ်းလာခဲ့ရသော ထိုဆေးဝါးအား စတင် ရောင်းချတော့မည့် ကိစ္စတွင် မည်သည့် အမှားအယွင်းကိုမျှ အဖြစ် မခံနိုင်တော့ပါ။

သူသည် ပက်ပ်တိုက်ဒ် ခုနစ်၏ အလွန် ကြီးမားသော အောင်မြင်မှုကို ဝမ်းသာသော စိတ်၊ မနာလိုသော စိတ်တို့နှင့် စောင့်ကြည့်နေသည်။

ဟက်ဆင် ဒဗလျူအား စမ်းသပ်ရာမှ ရရှိလာသည့် ရလဒ်များက ဒေါက်တာ ဗင်းစင့် လော့ဒ်အား ဝမ်းမြောက်စေခဲ့သည်။ ကြီးမားသော ဆေးတန်ပြန်မှုများ ဖြစ်ပေါ်လာခြင်း မရှိပါ။ အသေးစား ဆေးတန်ပြန်မှုကလေးများသည် ထိန်းချုပ်နိုင်သော ကိစ္စလေးများသာ ဖြစ်ကြသလို ကောင်းကျိုး ပြုမည့် အာနိသင်နှင့် နှိုင်းယှဉ်ကြည့်မည် ဆိုပါက အရေးပါခြင်းလည်း မရှိပါ။

အဆင့် သုံး စမ်းသပ်မှုဟု သိထားရသော စမ်းသပ်မှုတွင် နေထိုင်မကောင်း ဖြစ်နေကြသော လူနာများအား ထိုဆေးနှင့် စမ်းသပ် ကုသပေးလျက် ရှိရာ ရလဒ်မှာ တညီတညွတ်တည်း ကောင်းမွန်လျက်ပင် ရှိနေပေသည်။ ထိုဆေးဝါးကို အချိန် အတော်ကြာအောင် လူနာပေါင်း ခြောက်ထောင်ကျော်အား စမ်းသပ် တိုက်ကျွေးခဲ့ခြင်း ဖြစ်သည်။ လူနာ အများစုမှာ ရောဂါ အခြေအနေကို ပြုပြင် ထိန်းချုပ်ပေးနိုင်သော ဆေးရုံများတွင် စမ်းသပ်ခံရခြင်း ဖြစ်သည်။

ခြောက်ထောင် ဆိုသော အရေအတွက်မှာ အဆင့် သုံး စမ်းသပ်မှု အများစုတွင် အသုံးပြုသော အရေအတွက်ထက် ပို၍ များပြားပါသည်။ သို့ရာတွင် ဟက်ဆင် ဒဗလျူအား အခြား ဆေးဝါးများနှင့် ရောစပ်၍ သောက်သုံး





ပါက ဖြစ်ပေါ်လာမည့် အနေအထားများကို သိရှိလိုသောကြောင့် ထိုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာ လော့ဒ်သည် ဆေးဝါးသစ် လျှောက်လွှာကို အက်ဖ်ဒီအေသို့ မတင်ပြမီ စုဆောင်း ရရှိထားသော အချက်အလက်များကို တတ်နိုင်သလောက် ကိုယ်တိုင် ကြည့်ရှု စစ်ဆေးလျက် ရှိသည်။

ကိုယ်ရေး ကိုယ်တာ စိတ်ဝင်စားမှု ပါဝင်နေသောကြောင့် ထိုကိစ္စမှာ ပျော်စရာ ကိစ္စပင် ဖြစ်နေရပေသည်။ သို့ရာတွင် ကော့စ် အစီရင်ခံစာ တစ်စုံကို တွေ့လိုက်ရသော အခါ ပျော်စရာ ကိစ္စ အဖြစ်မှ ချုပ်ငြိမ်း သွားခဲ့ရလေ၏။

အရီဇိုးနား ပြည်နယ် ဖီးနစ်မြို့တွင် ဆေးဝါး ကုသလျက် ရှိသော ဒေါက်တာ ယာမီနာ၏ အစီရင်ခံစာများကို ဖတ်ရှု ကြည့်လိုက်ရာ သူသည် လူနာတစ်ရာကို စမ်းသပ်ခြင်း မပြုဘဲ အစီရင်ခံစာများကို လိမ်ညာ၍ ရေးသားထားကြောင်း တွေ့ရှိရလေတော့သည်။

လိမ်လည်မှုပင်တည်း။

အကြီးအကျယ် ဒေါသ ဖြစ်နေသော ဗင်းစင့် လော့ဒ်သည် ဒေါက်တာ ယာမီနာကို ကျိန်ဆဲလိုက်မိ၏။

သူ ဘာလုပ်သင့်သည်ကို ဗင်းစင့် လော့ဒ် သိပါသည်။

သူသည် အချက်အလက် အားလုံးကို ဖော်ပြပြီး အက်ဖ်ဒီအေသို့ ချက်ချင်း အစီရင် ခံသင့်ပါသည်။ ထို့နောက်တွင်ကား ဒေါက်တာ ယာမီနာကို တရားဝင် စုံစမ်း စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပြီး ဒေါက်တာ ယာမီနာ အရေးယူ ခံရလိမ့်မည်မှာ သေချာပါသည်။ အကယ်၍ အပြစ် ရှိကြောင်း တွေ့ရှိရပါက သူသည် ထောင်ကျဖွယ်ရာ ရှိပြီး ဆေးကုသခွင့်ကိုပါ ရုပ်သိမ်း ခံရဖွယ်ရှိပေသည်။

သို့ရာတွင် ဗင်းစင့် လော့ဒ် သိထားသော အခြား အချက် တစ်ချက်လည်း ရှိပါသေးသည်။

ထိုကဲ့သို့ အက်ဖ်ဒီအေသို့ အစီရင် ခံလိုက်ပြီး ယာမီနာ၏ အစီရင်ခံစာများကို ပယ်ပစ် လိုက်ရမည် ဆိုပါက ထိုအစီရင်ခံစာ အားလုံးကို နောက်တစ်ကြိမ် ပြန်၍ စမ်းသပ်ရပေလိမ့်မည်။

ထိုကဲ့သို့ ပြုလုပ်ရမည် ဆိုပါက အချိန် တစ်နှစ်ခန့် ကြာမြင့်ဦးမည် ဖြစ်ပြီး ဟက်ဆင် ဒဗလျူအား စတင် ရောင်းချမည့် အချိန်မှာ တစ်နှစ်ခန့် နောက်ဆုတ် သွားနိုင်ပေသည်။

ယခု တစ်ကြိမ်တွင်လည်း ဒေါက်တာ လော့ဒ်သည် ယာမီနာ၏ မိုက်မဲမှုနှင့် စိတ် ဒွိဟဖြစ်အောင် ဖန်တီးမှုတို့ အတွက် ၄င်းအား ကျိန်ဆဲ လိုက်မိပြန်၏။

သူ ဘာလုပ်ရမည်နည်း။

ထိုကိစ္စသည် သူ ကိုယ်တိုင်က သံသယ ဖြစ်နေမိသော ဆေးဝါး တစ်မျိုးနှင့် ပတ်သက်နေပါက သူသည် လက်နှေးနေလိမ့်မည် မဟုတ်ပါ။

ယာမီနာကို အက်ဖ်ဒီအေသို့ အပ်နှံပြီး ယာမီနာအား စစ်ဆေးသော အမှုတွင် သူကိုယ်တိုင် အစစ်ခံမည် ဖြစ်ပါသည်။

သို့ရာတွင် ဟက်ဆင် ဒဗလျူနှင့် ပတ်သက်၍ သံသယ ဖြစ်စရာ လုံးဝ မရှိပါ။ လိမ်ညာထားသော အစီရင်ခံစာများ ပါနေသည် ဖြစ်စေ၊ မပါဘဲနှင့် ဖြစ်စေ ထိုဆေးသည် အကျိုးပြုသော အောင်မြင်သည့် ဆေးဝါး ဖြစ်မည်မှာ သေချာပါသည်။

ထို့ကြောင့် လိမ်ညာထားသော အစီရင်ခံစာများကို စစ်မှန်သော အစီရင်ခံစာများနှင့် အတူ တင်ပို့ပေးလိုက်မည် ဆိုပါက ထူထဲ များပြားလှသော ဆေးဝါးသစ် လျှောက်လွှာ၏ ပမာဏကြောင့် အက်ဖ်ဒီအေရှိ မည်သူကမျှ သတိထားမိကြလိမ့်မည် မဟုတ်ပါ။ ယာမီနာ၏ အစီရင်ခံစာများကို အက်ဖ်ဒီအေရှိ စစ်ဆေးရေးမှူး တစ်ဦးဦးက ကြည့်ရှုမည် ဆိုပါကလည်း လိမ်ညာထားမှုကို မြင်တွေ့သွားရန် အကြောင်း မရှိပါ။

ယာမီနာ၏ အစီရင်ခံစာများကို ဒေါက်တာ လော့ဒ်က ချန်ထားခဲ့လိုသော်လည်း မဖြစ်နိုင်ကြောင်း သူ သိပါသည်။ အက်ဖ်ဒီအေသို့ ပို့ထားသော အခြား အစီရင်ခံစာများတွင် ဒေါက်တာ ယာမီနာ၏ နာမည်ကို ထည့်သွင်း ဖော်ပြထားခဲ့ပြီး ဖြစ်နေသည်။ ယာမီနာအား သူ ကျူးလွန်ခဲ့သော ပြစ်မှု အတွက် အရေးမယူဘဲ လွှတ်လိုက်ရမည်ကိုလည်း သူ မလိုလားပါ။ သို့ရာတွင် အခြား နည်းလမ်းလည်း မရှိတော့ပါ။

ဒီတော့ ကောင်းပြီလေ၊ ထည့်ပို့လိုက်ပေတော့။ လော့ဒ်သည် ယာမီနာ၏ အစီရင်ခံစာတွင် လက်မှတ်ကို ရေးထိုးပြီးနောက် သူ စစ်ဆေးထားသော အခြား အစီရင်ခံစာများပေါ်တွင် ထပ်ထားလိုက်သည်။

သို့ရာတွင် ဒေါက်တာ ယာမီနာအား ဖဲလ်ဒင်း ရှေ့သ်က နောက် တစ်ကြိမ် ပြန်မသုံးအောင် မှတ်သားထားလိုက်မည်ဟု ဒေါက်တာ လော့ဒ်က သစ္စာဆိုလိုက် လေတော့သည်။





အခြေအနေ အရပ်ရပ်ကို ဗင်းစင့် လော့ဒ်၏ သုံးသပ် ဆုံးဖြတ်ချက်သည် မှန်ကန် သွားခဲ့လေပြီ။

ဆေးဝါးသစ် လျှောက်လွှာကို တင်ပြခဲ့ပြီးနောက် ကျေနပ်စရာ ကောင်းသော တိုတောင်းလှသည့် အချိန်ပိုင်း အတွင်း အက်ဖ်ဒီအေက အတည်ပြုလိုက်သည်။

ဗင်းစင့် လော့ဒ်ကို ခေတ္တ ခဏ စိတ်မသက်မသာ ဖြစ်စေခဲ့သော ကိစ္စ တစ်ရပ်ကတော့ ရှိနေပါသည်။ ဝါရှင်တန်ရှိ အက်ဖ်ဒီအေ၏ 'တစ်မျိုးသားလုံး ဆိုင်ရာ ဆေးဝါးနှင့် ဇီဝဗေဒ ဌာန' တွင် ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် ယခု ဒုတိယ ညွှန်ကြားရေးမှူး တစ်ဦး ဖြစ်နေလေပြီ။ ဒေါက်တာ ဂျီဒီယွန် မေ့စ်သည် ယခု အချိန်တွင် အရက်ကို လုံးဝ မသောက်သူ တစ်ဦး ဖြစ်နေပြီး အလုပ်ခွင်တွင် လေးစားခံရသူ တစ်ဦး ဖြစ်နေသည်။ ဆီးနိတ်တွင် စစ်ဆေးခံရမှုက သူ့ကို ဒုက္ခ ပေးပုံ မရပါ။ သူသည် ထို့နောက် များမကြာမီ ရာထူး တိုးခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာ မေ့စ်သည် ဟက်ဆင် ဒဗလျူ လျှောက်လွှာနှင့် တိုက်ရိုက် သက်ဆိုင်ခြင်း မရှိသော်လည်း ဖဲလ်ဒင်း ရှေ့သ်မှ ပေးပို့သော ကိစ္စ အားလုံးကို စိတ်ဝင်စားမှု ရှိသည့် နည်းတူ ဟက်ဆင် ဒဗလျူကိုလည်း စိတ်ဝင်စားမှု ရှိနေကြောင်း ဒေါက်တာ ဗင်းစင့် လော့ဒ် သတင်း ရရှိထားသည်။ ဒေါက်တာ မေ့စ်သည် ဖဲလ်ဒင်း ရှေ့သ် ကုမ္ပဏီအား ယနေ့ အထိ ရန်ငြိုး ထားနေသလို တစ်နေ့နေ့တွင် လက်တုံ့ပြန်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပုံ ရသည်မှာ သေချာလှပေသည်။ သို့ရာတွင် အက်ဖ်ဒီအေက ဟက်ဆင် ဒဗလျူအား ရောင်းချရန် ခွင့်ပြုချက် ပေးလိုက်သော အခါ ဗင်းစင့် လော့ဒ်၏ စိုးရိမ် ကြောင့်ကြမှုများသည် ကွယ်ပျောက် သွားရလေတော့သည်။

ကံကောင်းမှုက ကူညီသည် ဖြစ်စေ မကူညီသည် ဖြစ်စေ ဟက်ဆင် ဒဗလျူသည် ချက်ချင်း လက်ငင်း အောင်မြင်သော ဆေးဝါး တစ်လက် ဖြစ်လာခဲ့သည်။

အစပိုင်းတွင် သတိ ထား၍ စောင့်ကြည့်နေခဲ့ကြသော အခြား ဆေးဝါး ကုမ္ပဏီများသည် မိမိတို့ ဆေးဝါးများ၏ ဘေးအန္တရာယ် ကင်းမှုကို ပိုမို လိုလား

ကြသောကြောင့် ဟက်ဆင် ဒဗလျူအား ထုတ်လုပ်ခွင့်ကို ဖဲလ်ဒင်း ရှော့သ်ထံ၌ လိုင်စင် ခံ၍ ပေါင်းစပ် ထုတ်လုပ်စ ပြုလာကြလေပြီ။ လွန်ခဲ့သော နှစ်ပေါင်း များစွာက ဖော်စပ်ခဲ့သော်လည်း အဆိပ် အတောက် ဖြစ်မှုကြောင့် ရောင်းချခြင်း မပြုဘဲ သိမ်းဆည်းထားခဲ့ရသော ဆေးဝါးများကို သိမ်းဆည်းထားရာမှ ပြန်ထုတ်ယူလာကြပြီး ဟက်ဆင် ဒဗလျူနှင့် ရောစပ်၍ စမ်းသပ်ကြည့်စ ပြုနေကြလေပြီ။

ထိုကဲ့သို့သော ဆေးအမျိုးအစားတွင် ပါဝင်သော ဆေးတစ်မျိုးမှာ 'အာသရီဂို' ဟု အမည် ပေးထားသော ရိုးဆက် ရောင်ရမ်းနာ ကုသဆေးပင် ဖြစ်သည်။ ထိုဆေးကို မှတ်ပုံတင်ထားသော ကုမ္ပဏီမှာ ကလီဖ်လင်းရှိ အိတ်ဆီတာ အင် စတိုးဝီး ခေတ်ခွဲ ဌာနပင် ဖြစ်သည်။ ထိုကုမ္ပဏီ၏ ဥက္ကဋ္ဌ ဖြစ်သူ အဲလက်ဇန်းဒါး စတိုးဝီးသည် စီလီယာနှင့် သိကျွမ်းသူ ဖြစ်သည်။ ထိုကုမ္ပဏီသည် ဆေးထုတ်လုပ်ခွင့် လိုင်စင် အတွက် ညှိနှိုင်းပြီးသော အခါ စတိုးဝီးကိုယ်တိုင် ဖဲလ်ဒင်း ရှော့သ် ဌာနချုပ်သို့ လာရောက်ခဲ့သည်။

စီလီယာ၊ ဗင်းစင့် လော့ဒ်တို့နှင့် စတိုးဝီးတို့ တွေ့ဆုံသော အစည်းအဝေးတစ်ခုတွင် သူက 'ကျုပ်တို့ ကုမ္ပဏီက အာသရီဂိုနှင့် ဟက်ဆင် ဒဗလျူတို့ကို ပေါင်းစပ်ပြီး စမ်းသပ် သုံးစွဲခွင့် အတွက် အက်ဖ်ဒီအေမှာ လျှောက်လွှာ တင်ထားပါတယ်၊ ဆေးဝါး နှစ်မျိုးစလုံးမှာ ရိုးဆက် ရောင်ရမ်းနာကို ကုသနိုင်တဲ့ အာနိသင်တွေ ပါနေတဲ့ အတွက် အောင်မြင်လိမ့်မယ်လို့ မျှော်လင့် ထားပါတယ်၊ အဖြေတွေကို ရလာတဲ့ အခါကျရင် ခင်ဗျားတို့ကို အသိပေးပါ့မယ်' ဟု ပြောခဲ့လေသည်။

ထိုကိစ္စမှာ ဟက်ဆင် ဒဗလျူကို စတင် ရောင်းချပြီး ခြောက်လ အကြာတွင် ဖြစ်သည်။

ထို့နောက် ရက်သတ္တပတ် အနည်းငယ် ကြာသောအခါ စနေနေ့ တစ်ညနေခင်းတွင် စီလီယာနှင့် အင်ဒရူးတို့က ဒေါက်တာ ဗင်းစင့် လော့ဒ် အတွက် ဂုဏ်ပြု ညစာစားပွဲ တစ်ခုကို ပြုလုပ်ပေးခဲ့လေသည်။

အလွန်တရာ အောင်မြင်မှု ရရှိနေသည်သာမက ကြွယ်ဝ ချမ်းသာသော ကုမ္ပဏီတစ်ခု၏ ဥက္ကဋ္ဌ ဖြစ်ရမှုကြောင့် ထိပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု ပြဿနာများသည် ပျောက်ကွယ် သွားကြခြင်း မရှိကြောင်း စီလီယာ တွေ့ရှိနေရသည်။





ဆင်းရဲသော ကုမ္ပဏီ ဘဝနှင့် နှိုင်းယှဉ်ကြည့်မည် ဆိုပါက ထိုစဉ်ကလောက်များပြားသော ပြဿနာများ ရှိနေသလို တစ်ခါတစ်ရံတွင် ပို၍ပင် ပြဿနာများပြား တတ်ပေသေးသည်။ သို့ရာတွင် သဘာဝချင်းတော့ ခြားနားကြပါသည်။ ၎င်းအပြင် ယခု အချိန်တွင် ရှေးယခင်က မခံစားခဲ့ရဖူးသော စိတ်ခေတ် တက်ကြွဖွယ်ရာ ခံစားမှုများကို စီလီယာ ခံစားနေရသည်။

ဗင်းစင့် လော့ဒ် အတွက် လူမှုရေးဆိုင်ရာ ချီးကျူး ဂုဏ်ပြုမှုကို ပြုလုပ်ပေးပြီးနောက် စီလီယာသည် ခရီး သွားလာရမှုများ ပါဝင်သော ငွေရေး ကြေးရေး ဆိုင်ရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲရေး ဆိုင်ရာ ကိစ္စရပ်များနှင့် အထူးတလည် အလုပ် များနေခဲ့သည်။

ထို့ကြောင့် ဟက်ဆင် ဒဗလျူနှင့် ပတ်သက်၍ အိတ်ဆီတာ အင် စတိုးဝီး ကုမ္ပဏီနှင့် ချုပ်ဆိုမည့် စာချုပ် ကိစ္စ အကြောင်း ဗင်းစင့် လော့ဒ်အား မေးမြန်းမိသည့် အချိန်တွင် သုံးလနီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အခြား ကိစ္စ တစ်ခုနှင့် စီလီယာ၏ ရုံးခန်းသို့ လာရောက်သော ဗင်းစင့် လော့ဒ်အား စီလီယာက မေးလိုက်၏။

'အာသရီဂိုနှင့် ဟက်ဆင် ဒဗလျူတို့နှင့် ပတ်သက်ပြီး အဲလက် စတိုးဝီးဆီက ဘာသတင်း ရသေးသလဲ'

'သူတို့ရဲ့ ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုတွေ အောင်မြင်နေပုံ ရပါတယ်'

'ဟက်ဆင် ဒဗလျူနှင့် ပတ်သက်တဲ့ ဆန့်ကျင်ဘက် အစီရင်ခံစာတွေ ရ မရ ခြိုင့်ပြီး ပြောပြစမ်းပါ၊ ကျွန်မဆီကို တစ်စောင်မှ ရောက်လာတာ မတွေ့ဘူး'

ဗင်းစင့် လော့ဒ်က ဖြေလိုက်၏။

'ကျုပ်က ခင်ဗျားဆီကို တစ်စောင်မှ မပို့သေးပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အရေးကြီးတာ မရှိလို့ပဲ၊ ဟက်ဆင် ဒဗလျူနှင့် တိုက်ရိုက် ပတ်သက်တာ ဆိုလို့ လုံးဝ မရှိလို့ပါပဲ'

ထိုအချိန်က သတင်းကောင်းများကိုသာ ကြားနေရလေ့ ရှိသော စီလီယာ၏ စိတ်သည် အခြား ကိစ္စရပ်များဆီသို့ လျင်မြန်စွာ ပျံ့လွင့် ရောက်ရှိသွားသဖြင့် ဗင်းစင့် လော့ဒ်၏ နောက်ဆုံး မှတ်ချက်တွင် ပါသွားသော ဆင်ဖွေ့ ရန်ရှောင် ခြွင်းချက်ကို သတိ မထားလိုက်မိခြင်း ဖြစ်သည်။

နောက်ပိုင်းတွင် စီလီယာသည် ထို မှတ်ချက်ကို နောင်တရစွာဖြင့် ပြန်သတိ ရလာမည် ဖြစ်ပြီး ထိုစဉ်က သတိ မထားလိုက်မိခဲ့သည့် အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ် တင်မိပေလိမ့်မည်။

ဗင်းစင့် လော့ဒ် အဖို့မှ နှစ်ပေါင်း များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သော သူ့အကျင့် အတိုင်း အမှန်တရားကို ပြည့်ပြည့်စုံစုံ ထုတ်မပြောခဲ့ခြင်းသာ ဖြစ်ပါတော့သည်။

## ၁၃

အမှတ်တမဲ့ ပုံစံနှင့် ပရိယာယ် မာယာ ဆင်၍ ဝင်ရောက်လာသော ထိုသတင်းများကို အေးအေးချမ်းချမ်းနှင့် စတင်၍ ကြားလိုက်ရခြင်း ဖြစ်သည်။ ထိုကိစ္စကို စီလီယာ သူ့ရုံးခန်းထဲ၌ ရှိမနေခိုက်တွင် သူ့ထံသို့ ဆက်သွယ် လာခဲ့သော တယ်လီဖုန်း ဆက်သွယ်မှု တစ်ခုမှ စတင်၍ သိခဲ့ရခြင်း ဖြစ်သည်။ အိတ်ဆီတာ အင် စတိုးဝီး ကုမ္ပဏီမှ မစ္စတာ အဲလက်ဇန်းဒါး စတိုးဝီးက သူ့ထံသို့ တယ်လီဖုန်းနှင့် ပြန်၍ ဆက်သွယ်စေလိုကြောင်း မှာကြားထားခဲ့သည်။

စတိုးဝီး၏ မှာကြားချက်တွင် အရေးကြီးသည်ဟု မပါရှိသောကြောင့် စီလီယာသည် အခြား အလုပ်များကို ပထမဦးစွာ လုပ်ကိုင်လိုက်သည်။ ပြီးမှ စတိုးဝီးထံ ပြန်လည်၍ ဆက်သွယ်လိုက်သည်။

'ဟယ်လို အဲလက်၊ ရှင်တို့ရဲ့ အာသရီကို ဟက်ဆင် ဒဗလျူ စမ်းသပ်တဲ့ လုပ်ငန်း ဘယ်လို အခြေအနေ ရှိနေပါလိမ့်လို့ ကျွန်မ ဒီကနေ့ မနက်ကတောင် တွေးမိခဲ့သေးတယ်'

အနည်းငယ် ငြိမ်ကျသွားပြီးနောက် အံ့အားသင့်သော လေသံနှင့် စတိုးဝီးက ပြန်ပြောလိုက်၏။

'စီလီယာ၊ ခင်ဗျားတို့နှင့် ချုပ်ဆိုထားတဲ့ စာချုပ်ကို လွှန်ခဲ့တဲ့ လေးရက်ကတည်းက ပယ်ဖျက်လိုက်ပြီလေ၊ ခင်ဗျား မသိဘူးလား'

ယခု စီလီယာ အံ့အားသင့်ရမည့် အလှည့်ပင်တည်း။

'ဟင့်အင်း၊ မသိဘူး၊ ရှင်က ရှင့်တပည့် တစ်ယောက်ယောက်ကို ပယ်ဖျက်ခိုင်းတယ် ဆိုရင် သူ ဆောင်ရွက် ပြီး မပြီး ရှင် စစ်ဆေးကြည့်မိရဲ့လား'

အံ့သြနေပုံ ရသော စတိုးဝီးက ပြန်ပြောလိုက်၏။

'ကျုပ် ကိုယ်တိုင် ဗင်းစင့် လော့ဒ်နှင့် ပြောလိုက်တာပါ၊ ဒီကနေ့ကျတော့ ခင်ဗျားကို မပြောရသေးကြောင်း သတိရပြီး ပြောသင့်တယ် ထင်လို့ ဆက်လိုက်တာပဲ'





သူ စောစောစီးစီး သိသင့် သိထိုက်သော ကိစ္စ တစ်ရပ်ကို ယခုမှ အသိပေးခံရသောကြောင့် စိတ် အနှောင့်အယှက် ဖြစ်နေသော စီလီယာက

'ကျွန်မ ဗင့်စ်ကို စကား ပြောရလိမ့်မယ်၊ ဒါနှင့် ရှင် ပယ်ဖျက်လိုက်တဲ့ အကြောင်းက ဘာများပါလိမ့်'

'အင်းလေ၊ ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ကူးစက်နာကြောင့် သေဆုံးရသူတွေနှင့် ပတ်သက်ပြီး ကျုပ်တို့က စိတ်ပူနေမိတယ်၊ ကျုပ်တို့ စမ်းသပ်နေတဲ့ လူနာတွေထဲက နှစ်ယောက် သေဆုံးသွားတယ်၊ အဲဒီ ကိစ္စမှာ အာသရီကို ဒါမှမဟုတ် ဟက်ဆင် ဒဗလျူတို့က တိုက်ရိုက် တာဝန် ရှိပုံ မရကြပေမဲ့ အဖြေ မရှိတဲ့ မေးခွန်းတွေ အများကြီး ရှိနေတယ်၊ ကျုပ်တို့က အဲဒါတွေနှင့် ပတ်သက်ပြီး စိတ်မချမ်းမသာ ဖြစ်နေမိသလို တခြား နေရာတွေက သေဆုံးမှုတွေကြောင့် ဆက် မစမ်းဖို့ ဆုံးဖြတ်လိုက်တာပဲ'

စီလီယာက အထိတ်တလန့် ဖြစ်သွားသည်။ သူ့ တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွားသည်။

'တခြား နေရာက ဘာတွေ သေတာလဲ'

ယခု အချိန်တွင် တိတ်ဆိတ်မှုမှာ ပို၍ ရှည်ကြာသွားသည်။

'အဲဒါတွေနှင့် ပတ်သက်ပြီး ခင်ဗျား မသိသေးဘူးလို့ ဆိုလိုတာလား'

စီလီယာက စိတ်မရှည်စွာ ပြန်ပြောလိုက်၏။

'အဲလက်ရယ် သိမှဖြင့် ဘယ်မေးလိမ့်မလဲ'

'ကျုပ်တို့ ဒီမှာ သိထားကြတာကတော့ ဟက်ဆင် ဒဗလျူကို သုံးစွဲခဲ့ပြီး ကူးစက်နာ အမျိုးမျိုးနှင့် သေဆုံးခဲ့တဲ့ လူနာ လေးယောက်တောင် ရှိနေပြီ၊ စီလီယာ၊ ခင်ဗျား ဒေါက်တာ လော့ဒ်နှင့် ဆွေးနွေးသင့်ပြီလို့ အကြံပေးပါရစေ'

စီလီယာကလည်း သဘော တူလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ ဆွေးနွေးရလိမ့်မယ်'

'ဗင့်စ်နှင့် ကျုပ် ဆွေးနွေးခဲ့တဲ့ အတွက် အဲဒီ သေဆုံးမှုတွေ အကြောင်း သူ သိပါတယ်၊ ပြီးတော့လည်း အက်ဖ်ဒီအေကို အကြောင်း ကြားနိုင်အောင် သူ့ဆီမှာ အသေးစိတ် အချက်အလက်တွေ ရှိလိမ့်မယ်၊ ခင်ဗျားတို့ ကုမ္ပဏီက ပုဂ္ဂိုလ် အားလုံးရဲ့ ကောင်းကျိုး အတွက် အက်ဖ်ဒီအေကို အကြောင်းကြားပြီး ဖြစ်ပါစေလို့ ကျုပ် မျှော်လင့်ပါတယ်'

'အဲလက်၊ ကျွန်မ မသိသေးတာတွေ ရှိနေတဲ့ အတွက် သိအောင် ချက်ချင်း လုပ်ရလိမ့်မယ်၊ ရှင် ပြောတာတွေ အတွက် ကျေးဇူးတင်ပါတယ်'

စီလီယာသည် ဗင်းစင့် လော့ဒ်ထံ ကိုယ်တိုင် သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ဟက်ဆင် ဒဗလျူကို စတင် ရောင်းချပြီး နှစ်လ အကြာတွင် လူနာ တစ်ယောက်သည် ဟက်ဆင် ဒဗလျူကို သုံးစွဲပြီး သေဆုံးခဲ့သည် ဆိုသော အစီရင်ခံစာ တစ်စောင် ဖဲလ်ဒင်း ရှော့သ်သို့ ပထမဦးဆုံး ရောက်ရှိလာသည်။ ထိုအစီရင်ခံစာသည် ထုံးစံအတိုင်း ဒေါက်တာ လော့ဒ်ထံသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သူသည် ထို အစီရင်ခံစာကို ဖတ်ရှုပြီးနောက် ချက်ချင်း ပယ်ပစ်လိုက်လေ၏။

ထို အစီရင်ခံစာမှာ ဖလော်ရီဒါ ပြည်နယ် တင်ပါမြို့ရှိ ဆရာဝန် တစ်ယောက်က အစီရင်ခံလိုက်ခြင်း ဖြစ်သည်။ ဟက်ဆင် ဒဗလျူကို အခြား ဆေးဝါး တစ်ခုနှင့် တွဲဖက် အသုံးပြုခဲ့သော လူနာ တစ်ယောက်သည် အဖျားဝင်ပြီး ကူးစက်နာနှင့် သေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။ ဒေါက်တာ လော့ဒ်က ထိုကဲ့သို့ သေဆုံးမှုမှာ ဟက်ဆင် ဒဗလျူနှင့် ဆက်စပ်မှု မရှိဟု ယူဆသောကြောင့် အစီရင်ခံစာကို ပယ်ပစ်လိုက်ခြင်း ဖြစ်သည်။

နောက်နှစ်ပတ် အကြာတွင် ဒုတိယ အစီရင်ခံစာ ရောက်ရှိလာသည်။ ဖဲလ်ဒင်း ရှော့သ်မှ နယ်လှည့် အရောင်းစျေးသည် တစ်ဦးသည် မီချီဂန် ပြည်နယ် ဆောက်သ်ဖီးမှ ဆရာဝန် တစ်ယောက်နှင့် ဆွေးနွေးမိရာမှ အစီရင်ခံစာကို ရုံးချုပ်သို့ စာတိုက်မှ ပေးပို့လိုက်ခြင်း ဖြစ်သည်။

မည်သည့် ဆေးဝါး ကုမ္ပဏီ၌ မဆို ဆေး တန်ပြန်မှုများနှင့် ပတ်သက်သော အစီရင်ခံစာများကို စုဆောင်း၍ အက်ဖ်ဒီအေသို့ သုံးလ တစ်ကြိမ် အစီရင် ခံရလေ့ ရှိသည်။

ထိုကိစ္စမှာ ဥပဒေ အရ လိုက်နာ ဆောင်ရွက်ရမည့် လိုအပ်ချက် တစ်ရပ်ပင် ဖြစ်သည်။

ဥပဒေ အရ ဆောင်ရွက်ရမည့် အချက် တစ်ချက်မှာ အထူးသဖြင့် ဆေးဝါးသစ်များနှင့် ပတ်သက်သော အရေးကြီးသည့် တန်ပြန်မှုများကို သိရှိလာရပါက ကုမ္ပဏီက သိရှိပြီး တစ်ဆယ့် ငါးရက် အတွင်း အက်ဖ်ဒီအေသို့ ချက်ချင်း ဆိုသော အလံ တပ်၍ တင်ပြရမည် ဖြစ်ပါ၏။ ထိုကိစ္စမှာ ကုမ္ပဏီက မိမိ၏ ဆေးဝါးကြောင့် ဖြစ်ပေါ်ရသည်ဟု မယူဆသည့်တိုင်အောင် ပေးပို့ တင်ပြရမည် ဖြစ်ပေသည်။





နယ်လှည့် အရောင်းစျေးသည်၏ အစီရင်ခံစာကို နောက်တစ်ကြိမ် ထပ်ဖတ်ရသော အခါ ထိုလူနာသည် ဟက်ဆင် ဒဗလျူနှင့် အခြား ရိုးဆက် ရောင်ရမ်းနာ ကုသဆေး တစ်မျိုးတို့ကို တွဲဖက် အသုံးပြုနေစဉ် အသည်း ကူးစက်နာ ဖြစ်ပြီး သေဆုံးခဲ့ရသည် ဆိုသော အချက်ပင်တည်း။

ဤတစ်ကြိမ်တွင်လည်း ဟက်ဆင် ဒဗလျူကြောင့် သေဆုံးရခြင်း မဟုတ်ကြောင်း လော့ဒ်က ဆုံးဖြတ်ပြီး ပထမ အစီရင်ခံစာနှင့် အတူ ဖိုင်တွဲထားလိုက်သည်။

နောက်ထပ် တစ်လ ကြာမြင့်သွားချိန်တွင် သီးခြား အစီရင်ခံစာ နှစ်စောင်သည် တစ်ပြိုင်နက်တည်း ရောက်ရှိလာကြသည်။ ဟက်ဆင် ဒဗလျူကို အခြား ဆေးတစ်မျိုးနှင့် တွဲဖက် သုံးစွဲနေသော အမျိုးသမီး တစ်ယောက်နှင့် အမျိုးသား တစ်ယောက် သေဆုံးသွားမှုများပင်တည်း။

ထိုသေဆုံးသူ နှစ်ယောက်နှင့် ပတ်သက်၍ ဗင်းစင့် လော့ဒ် စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ ကိုယ့်ရောဂါနှင့် ကိုယ် သေဆုံးကြမည့် ပုဂ္ဂိုလ်များသည် ဟက်ဆင် ဒဗလျူနှင့် မပတ်သက်သည်မှာ ထင်ရှား နေသော်လည်း ဟက်ဆင် ဒဗလျူကို အဘယ်ကြောင့် ဆွဲထည့်နေကြပါသနည်း။ မည်သို့ပင် ဖြစ်စေ များပြားလာသော အစီရင်ခံစာများကြောင့် ဒေါက်တာ လော့ဒ် နေမထိထိုင်မသာ ဖြစ်လာရတော့သည်။ စိတ်လည်း ပူမိတော့သည်။

ယခု အချိန်တွင် ဗင်းစင့် လော့ဒ်သည် ယခင်က ဖြစ်ပွားခဲ့သည့် ကိစ္စများကို ဥပဒေ အရ အက်ဖ်ဒီအေသို့ ချက်ချင်း အစီရင်ခံရန် ပျက်ကွက်ခဲ့ကြောင်း သတိ ရလာလေ၏။ ယခု သူသည် ရှေ့မတိုးသာ နောက်မဆုတ်သာသည့် အနေအထားသို့ ရောက်ရှိနေလေပြီ။

သူက နောက်ဆုံး အစီရင်ခံစာများအား အက်ဖ်ဒီအေသို့ ပို့ပေးမည် ဆိုလျှင် ခပ်စောစောပိုင်းက အစီရင်ခံစာများကိုလည်း ချန်ထား၍ မဖြစ်ပါ။ သို့တိုင်အောင် အချိန် လွန်နေပြီ ဖြစ်သော အစီရင်ခံစာများအား ပို့ပေးလိုက်မည် ဆိုပါက သူနှင့် ဖဲလ်ဒင်း ရှော့သ်တို့သည် ဥပဒေကို ဖောက်ဖျက်သော ပြစ်မှုအား ကျူးလွန်ကြောင်း သတ်မှတ် ခံရပေလိမ့်မည်။ ထို့ကြောင့် ဘာမဆို ဖြစ်လာနိုင်သည်။ ထိုကဲ့သို့သော အခွင့်အရေးမျိုးကို စောင့်နေပုံ ရသော ဒေါက်တာ မေ့စ်အား သူ တွေးလိုက်မိသည်။

ဗင်းစင့် လော့ဒ်သည် နောက်ဆုံး ရောက်ရှိလာသော အစီရင်ခံစာများကို ပထမ နှစ်စောင်နှင့် အတူ ဖိုင်တွဲထားလိုက်သည်။

မည်သို့ပင်ဖြစ်စေ အစီရင်ခံစာ အရေအတွက်ကိုမူ သူ တစ်ယောက်တည်းသာ သိပေသည်။

အဲလက်ဇန်းဒါး စတိုးဝီးက စာချုပ်ကို ပယ်ဖျက်ကြောင်း တယ်လီဖုန်းဆက်သွယ်သော အခါ အစီရင်ခံစာ ဆယ့်နှစ်စောင် အထိ ရရှိပြီး ဖြစ်နေသလို အထိတ်တလန့်လည်း ဖြစ်နေလေပြီ။

စတိုးဝီးသည် လူ လေးယောက် သေဆုံးမှုကို တစ်နည်းတစ်ဖုံ ကြားသိထားသည်။ အစီရင်ခံစာ ဦးရေ အမှန်မှာ ဆယ့်နှစ်ခု ဖြစ်ကြောင်း ဗင်းစင့်လော့ဒ်က ဖွင့်မပြောခဲ့ပါ။ ထို ဆယ့်နှစ်ခု အပြင် စတိုးဝီးက တိုက်ရိုက် သိထားသော သေဆုံးမှု နှစ်ခုနှင့်လည်း ထပ်ပေါင်းရပေဦးမည်။

ထိုလူနှစ်ယောက် သေဆုံးသည့် ကိစ္စကို လော့ဒ်သည် ယခု အကြိမ်တွင် ပထမဦးဆုံး ကြားဖူးခြင်း ဖြစ်သည်။

စတိုးဝီးက် သူ့ကို ပြောပြလိုက်ပြီ ဖြစ်သောကြောင့် လျစ်လျူ ရှုထား၍လည်း မဖြစ်တော့ပါ။ ယခု သေဆုံးသူ တစ်ဆယ့် လေးယောက် ဖြစ်နေလေပြီ။

ဆယ့်ငါးခုမြောက် အစီရင်ခံစာသည် စတိုးဝီးက စီလီယာထံ တယ်လီဖုန်း ဆက်သော နေ့တွင် ရောက်ရှိလာသည်။

ထိုအချိန်တွင် သေဆုံးမှု အများစုသည် အဘယ်ကြောင့် ဖြစ်ပေါ်လာရကြောင်း လော့ဒ် စဉ်းစားမိလေတော့သည်။

လွန်ခဲ့သော လေး ငါးလက ဟာက်ဆင် ဒဗလျူနှင့် ပတ်သက်၍ စီလီယာ၏ ရုံးခန်းထဲတွင် ဗင်းစင့် လော့ဒ်က အောက်ပါ အတိုင်း ရှင်းပြခဲ့သည်။

'ဟာက်ဆင် ဒဗလျူက ဖရီး ရက်ဒီကယ်စ် ထုတ်လုပ်မှုကို ရပ်တန့် ပစ်လိုက်တယ်၊ ဒီတော့ လူကိုစိုက်လို့ ခေါ်တဲ့ သွေးဖြူဥတွေကို ဆွဲဆောင်မှုမရှိတော့ဘူး၊ ရလဒ်ကတော့ ရောင်ရမ်းမှု ဖြစ်ပေါ်မလာတော့သလို နာကျင်တဲ့ ဝေဒနာတွေလည်း ပျောက်ကွယ်သွားတော့တယ်'

ထိုကိစ္စ အားလုံး မှန်ကန်ပါသည်။

ထိုနည်းတူစွာပင် ထင်ထင်ရှားရှား သိလာရသော ကိစ္စ တစ်ရပ်မှာ လူကိုစိုက်များကို နှင်ထုတ် ပစ်လိုက်မှုကြောင့် အားနည်းမှုများကို ဖြစ်ပေါ်လာစေခဲ့သည်။ သာမန်အားဖြင့် ရောဂါ ဖြစ်ပွားသည့် နေရာ၌ ရှိနေကြသော လူကိုစိုက်များက ဘက်တီးရီးယားများကို သတ်ဖြတ်ပစ်ကြသည်။ ထို့ကြောင့် နာကျင်မှု ဝေဒနာကို ဖြစ်ပေါ်စေသော လူကိုစိုက်များသည် တစ်ချိန်တည်းမှာပင် အကာအကွယ် ပေးသူများလည်း ဖြစ်နေကြသည်။





သို့ရာတွင် ဖရီး ရက်ဒီကယ်စ် ထုတ်လုပ်မှုကို ရပ်တန့်ပစ်မှုကြောင့် လူကိုစိုက်များ မရှိကြတော့သည့် အချိန်၌ ဘက်တီးရီးယားများ ထကြွ သောင်းကျန်းလာကြပြီး ခန္ဓာကိုယ်၏ နေရာ အနှံ့အပြားတွင် ကူးစက်နာများကို ဖြစ်ပေါ်လာစေခဲ့တော့သည်။

ထို့နောက် လူများကို သေဆုံးစေခဲ့ကြသည်။

သက်သေပြရန် လိုအပ်နေသေးသော်လည်း ဟာက်ဆင် ဒဗလျူကြောင့် လူပေါင်း ဆယ့်နှစ်ယောက်ထက် မနည်း သေဆုံး ခဲ့ရကြောင်း ဒေါက်တာ လော့ဒ် အနေနှင့် သေချာ သွားခဲ့လေပြီ။

ဒေါက်တာ ဗင်းစင့် လော့ဒ်သည် သူ့ထံသို့ စီလီယာ ရောက်ရှိမလာမီ မိနစ်ပိုင်း အလို၌ ထိုကဲ့သို့ သုံးသပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခု အချိန်တွင် ဟာက်ဆင် ဒဗလျူကို ပြန်လည်၍ ရုပ်သိမ်းရတော့မည် ဖြစ်ကြောင်း၊ သူသည် လူသေဆုံးမှုများ မဖြစ်ပေါ်အောင် တားဆီးနိုင်စွမ်း ရှိခဲ့သော်လည်း သေဆုံးမှုများ ဖြစ်ပေါ်လာခဲ့မှုကို ဖုံးကွယ်ထားသော ပြစ်မှုကြောင့် အပြစ်ရှိသူ ဖြစ်ကြောင်း၊ ရလဒ် အနေနှင့် အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှု၊ တရား စွဲဆို ခံရမှုတို့သာမက ထောင်ပင် ကျနိုင်သေးကြောင်း သူ သိလိုက်ပါသည်။

ဗင်းစင့် လော့ဒ်၏ ရုံးခန်းထဲသို့ ကြို အကြောင်း မကြားဘဲ ရောက်ရှိလာသော စီလီယာက အချိန် မဖြုန်းတော့ပါ။

'အိတ်ဆီတာ အင် စတိုးဝီးက စာချုပ် ဖျက်တဲ့ ကိစ္စကို ဘာဖြစ်လို့ မပြောတာလဲ'

လော့ဒ်က အူကြောင်ကြောင်နှင့် ပြန်ဖြေလိုက်၏။

'ကျုပ်က ခင်ဗျားကို ပြောတော့မလို့ပါပဲ၊ မပြောဖြစ်သေးလို့ပါ'

'ကျွန်မက မမေးရင် ရှင်က အချိန် ဘယ်လောက် ယူနေမှာလဲ၊ ကျွန်မ အဲဒီ အစီရင်ခံစာတွေကို လိုချင်တယ်၊ အားလုံးကို အခု လိုချင်တယ်'

လော့ဒ်သည် သော့ ခတ်ထားသော အံဆွဲထဲမှ သော့ဖွင့်ပြီး ထုတ်ပေးလိုက်သည်။

စီလီယာသည် စာတွဲထဲမှ စာရွက်ထပ်များကို ရေတွက် ကြည့်လိုက်ရာ သေဆုံးမှု တစ်ဆယ့် ငါးခု ရှိနေကြောင်း တွေ့လိုက်ရလေတော့သည်။

'ကျွန်မတို့က ဒီအစီရင်ခံစာတွေနှင့် ပတ်သက်ပြီး အက်ဖ်ဒီအေကို အစီရင်ခံ ပြီးပြီလား'

'မခံရသေးဘူး'

'ရှင်က ဆယ့်ငါးရက် ဆိုတဲ့ ဥပဒေကို သိတယ် မဟုတ်လား'

လော့ဒ်က ခေါင်းညိတ်ပြသည်။

'ဟက်ဆင် ဒဗလျူနှင့် ပတ်သက်ပြီး ဆန့်ကျင်ဘက် အစီရင်ခံစာတွေ ရှိသလားလို့ ကျွန်မ မေးတုန်းကတော့ တစ်ခုမှ မရှိဘူးလို့ ရှင် ပြောခဲ့တယ်'

လော့ဒ်က သိက္ခာ ဆည်လိုဟန်နှင့် ဖြေလိုက်၏။

'လုံးဝ မရှိဘူးလို့ ကျုပ် မပြောခဲ့ပါဘူး၊ ကျုပ် ပြောခဲ့တာက ဟက်ဆင် ဒဗလျူနှင့် တိုက်ရိုက် ပတ်သက်တာ မရှိပါဘူးလို့သာ ပြောခဲ့တာပါ'

စီလီယာ အံ့အား သင့်သွားသလို လော့ဒ်၏ အဖြေကို ပြန်မှတ်မိလာသည်။ ထိုအဖြေမှာ ဒေါက်တာ ဗင်းစင့် လော့ဒ်၏ စရိုက်နှင့် ကိုက်ညီသော ဆင်ဖေ့ ရန်ရှောင် အဖြေမျိုးပင် ဖြစ်သည်။ ဗင်းစင့် လော့ဒ် အကြောင်း နှစ်ဆယ့် ခုနစ်နှစ် ကြာအောင် သိထားသော စီလီယာသည် ထိုအဖြေမှာ ထမင်းရည်ပူလာ လျှာလွှဲသော အဖြေမျိုး ဖြစ်ကြောင်း သတိ ထားလိုက်မိသည်။ ထိုစဉ်က ဖွတ် ထပ်မေးခဲ့မည် ဆိုပါက ဆန့်ကျင်ဘက် အစီရင်ခံစာများသည် လွှန်ခဲ့သော လပေါင်း များစွာကပင် ပေါ်ထွက်လာကြပေလိမ့်မည်။ ၄င်းအပြင် ယခုထက်လည်း ပို၍ အသေအပျောက် နည်းပေလိမ့်မည်။

စီလီယာသည် ဖိုင်တွဲထဲမှ စာရွက်များကို ကြည့်ရင်း ပြောလိုက်၏။

'ကျွန်မ ဒါတွေကို ယူသွားမယ်၊ အက်ဖ်ဒီအေကို ဒီကနေ့ပဲ အထူး စာပို့သူ တစ်ယောက်နှင့် မိတ္တူတွေကို ပို့ပေးလိုက်မယ်၊ အက်ဖ်ဒီအေက ချက်ချင်း ဆောင်ရွက်အောင်လည်း ကျွန်မက တယ်လီဖုန်း ဆက်လိုက်ဦးမယ်'

## ၁၄

စီလီယာက အက်ဖ်ဒီအေသို့ တယ်လီဖုန်းနှင့် ဆက်သွယ်ခဲ့မှုကြောင့် အက်ဖ်ဒီအေကလည်း ဟက်ဆင် ဒဗလျူအား ယာယီ ရုပ်သိမ်းကြောင်း ချက်ချင်း ကြေညာပေးသည်။ ယာယီ ရုပ်သိမ်းသည်ဟု ဆိုသောကြောင့် ထိုဆေးဝါးကို နောက်ပိုင်းတွင် ပို၍ တင်းကျပ်သော စည်းကမ်းချက်များနှင့် ပြန်၍ ရောင်းချခွင့်





ပြုရန် အလားအလာ ရှိနေပေသည်။ အကယ်၍ ထိုကဲ့သို့ ဖြစ်လာသည့်တိုင်အောင် ဟက်ဆင် ဒဗလျူ၏ အလွန် အောင်မြင်မှု ရရှိခဲ့သော နေ့ရက်များသည် ကုန်ဆုံးသွားပြီ ဖြစ်သည်မှာ သေချာသွားခဲ့လေပြီ။

ဟက်ဆင် ဒဗလျူအား ရုပ်သိမ်းရသည့် ကိစ္စမှာ စိတ် ညစ်ညူးစရာကောင်းလှသည့် တိုင်အောင် ရုပ်သိမ်းသော ကိစ္စမှာမူ ချောချောမွေ့မွေ့ ရှိခဲ့ပေသည်။ အက်ဖ်ဒီအေက ထုတ်ပြန်ပေးမည့် အမိန့်ကို ကြိုတင် မျှော်လင့်ထားသော စီလီယာသည် ပြင်ဆင်မှုများကို ကြိုတင် ပြုလုပ်ထားရန် ညွှန်ကြားထားလိုက်သည်။ ထို့ကြောင့် အက်ဖ်ဒီအေက အမိန့် ထွက်လာသော အခါ ထိုဆေးဝါးကို ဆက်လက်၍ ဆေးညွှန်း ရေးသားပေးခြင်း မပြုလုပ်ကြရန် မေတ္တာရပ်ခံသော စာများကို ဆရာဝန်များထံသို့ ချက်ချင်း ပေးပို့နိုင်ခဲ့သည်။

ထို့နောက် ရက်သတ္တ နှစ်ပတ် အတွင်း ဆိုင်များတွင် တင်၍ ရောင်းချနေသော ထိုဆေးဝါးများကို ပြန်လည် ရုပ်သိမ်းနိုင်ခဲ့သည်။

စီလီယာ၏ မေတ္တာ ရပ်ခံချက် အရ ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်သည် ၄င်း၏ အဆက်အသွယ်များမှ တစ်ဆင့် အက်ဖ်ဒီအေ၌ မည်သို့ မည်ပုံ ဖြစ်ပျက်နေသည်ကို စုံစမ်းပေးခဲ့လေသည်။

တယ်လီဖုန်းနှင့် ဆက်သွယ် ပြုလုပ်သော ဆွေးနွေးပွဲ တစ်ခုတွင် ချီလ်ဒါးစ် ကွင်တင်က စီလီယာသည် အက်ဖ်ဒီအေရှိ ခပ်နေးနေးနှင့် ခပ်ဖြည်းဖြည်း အရေး ယူလိုသော အုပ်စုနှင့် ချက်ချင်း အရေး ယူပေးစေလိုသော အုပ်စု နှစ်ခု အကြားတွင် လွှန်ဆွဲ ခံနေရကြောင်း၊ ချက်ချင်း အရေးယူ ပေးစေလိုသော အုပ်စုတွင် အက်ဖ်ဒီအေမှ ဒေါက်တာ ဂျီဒီယွန် မေ့စ် ပါဝင်နေပြီး ၄င်းက ချက်ချင်း အရေးယူပေးရန် တောင်းဆိုနေခြင်း ဖြစ်ကြောင်း အသိပေးလိုက်သည်။

စီလီယာက ပြန်ပြောလိုက်၏။

'ဒေါက်တာ ဂျီဒီယွန် မေ့စ်က ဖဲလ်ဒင်း ရှော့သ်ကို အငြိုး ထားနေပုံ ရတယ်၊ ဘာကြောင့်လဲတော့ ကျွန်မလည်း မသိဘူး'

ထိုဆွေးနွေးပွဲတွင် ပါဝင်သော ဘီလ် အင်ဂရမ်က ဝင်မေးလိုက်၏။

'အခု ဖြစ်ပျက်နေတဲ့ ကိစ္စ၊ ဒါမှမဟုတ် ဖြစ်ပျက်တော့မယ့် ကိစ္စနှင့် ပတ်သက်ပြီး တရားရေး ဌာနမှာ ကျွန်တော်တို့က ဘာများ လုပ်နိုင်တာ ရှိပါသလဲ'

ကွင်တင်က ဖြေလိုက်သည်။

'လုပ်နိုင်တာ ရှိပါတယ်၊ အဲဒါက ဘာမှ မလုပ်ဘဲ စောင့်ပြီး ဆုတောင်းနေရုံပဲ ရှိတယ်၊ ဝါရှင်တန်မှာ ဝင်စွက်ဖက်နိုင်ပြီး အပြစ် မဖြစ်တဲ့ ကိစ္စတွေ ရှိပါတယ်၊ ဒါပေမဲ့ ဂျူရီ ခုံအဖွဲ့နှင့် စစ်ဆေးမယ် ဆိုတဲ့ ကိစ္စမျိုးမှာတော့ ဝင်မစွက်ဖက်သင့်ဘူး'

ထို့ကြောင့် ဟက်ဆင် ဒဗလျူနှင့် ပတ်သက်၍ မည်သို့မျှ လှုပ်ရှားခြင်း မရှိဘဲ လွှတ်ပေးထားလိုက်ကြသည်။ ထိုကဲ့သို့ စောင့်စားနေရသည့် ကိစ္စမှာ အလွန် စိတ်ချောက်ချားစရာ ကောင်းသော ကိစ္စပင်တည်း။

ပို၍ စိတ်ချောက်ချားစရာ ကောင်းသော ကိစ္စမှာ ရဲအရာရှိများသည် ဖဲလ်ဒင်း ရော့သ် ရုံးချုပ်သို့ ရှာဖွေခွင့် ဝရမ်းနှင့် ရောက်ရှိလာကြခြင်းပင် ဖြစ်သည်။

ဟက်ဆင် ဒဗလျူကို အောက်တိုဘာ လဆန်းပိုင်းတွင် ရုပ်သိမ်းခဲ့သည်။ နိုဝင်ဘာ လလယ်တွင် နယူးဂျာဆီ ပြည်နယ်၏ အစိုးရ ရှေ့နေက တရားရေး ဌာန၏ ညွှန်ကြားချက် အရ ဟက်ဆင် ဒဗလျူနှင့် ပတ်သက်သော စာရွက်စာတမ်းများ မှတ်တမ်း မှတ်ရာများ စသည်တို့ကို ရှာဖွေခွင့်နှင့် သိမ်းဆည်းခွင့် ဝရမ်းကို တရားသူကြီး တစ်ယောက်ထံ၌ လျှောက်ထားပြီး ရယူခဲ့သည်။

ထိုကိစ္စမှာ ဖဲလ်ဒင်း ရော့သ်၏ မျက်ကွယ်တွင် ပြုလုပ်သော အရေးယူမှု ဖြစ်သဖြင့် ဖဲလ်ဒင်း ရော့သ်က ကြိုတင်၍ သိရှိခြင်း မရှိပါ။

ထို့ကြောင့် ရှာဖွေ သိမ်းဆည်းခွင့် ဝရမ်းကို လျှောက်ထားချိန်နှင့် ထုတ်ပေးချိန်တွင် ဖဲလ်ဒင်း ရော့သ် ကုမ္ပဏီကို ကိုယ်စားပြုမည့် ဥပဒေ အကျိုးဆောင်များ မရှိခဲ့ပါ။

ရှာဖွေ သိမ်းဆည်းမှုကြောင့်သာမက ရဲအရာရှိများကို ရက်ပေါင်း များစွာ ကြာအောင် မြင်တွေ့နေရပြီး နောက်ဆုံးတွင် စာရွက် စာတမ်းများ ထည့်ထားသော သေတ္တာ တစ်ဒါဇင်ခန့်ကို ထရပ်ကားနှင့် သယ်ဆောင်သွားမှုက စီလီယာနှင့် အခြား ပုဂ္ဂိုလ်များကို သွေးလေ ချောက်ချားစေခဲ့သည်။

ထိုစာရွက် စာတမ်းများထဲတွင် လော့ဒ်၏ ရုံးခန်းထဲရှိ ဗိုင်တွဲ ထည့်သော ဗီရိုထဲမှ စာရွက် စာတမ်းများနှင့် သုတေသန ဌာနမှ စာရွက် စာတမ်းများလည်း ပါဝင်ခဲ့ပေသည်။

ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ဆန့်ကျင်ဘက် အစီရင်ခံစာများကို တရား မဝင် သိမ်းဆည်းထားကြောင်း စီလီယာ တွေ့ရှိရသည့် အချိန်က စ၍ ဒေါက်တာ ဗင်းစင့် လော့ဒ်သည် ကုမ္ပဏီ၏ ထိပ်ပိုင်း အရာရှိများ အထူးသဖြင့်





စီလီယာနှင့် တတ်နိုင်သမျှ မတွေ့အောင် ရှောင်ခဲ့သည်။ ဗင်းစင့် လော့ဒ်သည် ဖဲလ်ဒင်း ရော့သ်၌ ကာလ ရှည်ကြာစွာ မနေရတော့မှာ သေချာ သွားခဲ့လေပြီ။ ထိုနည်းတူစွာပင် ဟက်ဆင် ဒဗလျူ ကိစ္စကို ဖြေရှင်း၍ မပြီးဆုံးသေးခင် ဖဲလ်ဒင်း ရော့သ် ကုမ္ပဏီမှ ဝန်ထမ်းများသည် စုစုစည်းစည်း ရှိကြောင်း ပြသရမည့် တာဝန် ရှိနေသည်မှာလည်း ထင်ရှားပါသည်။

နိုဝင်ဘာ လလယ်တွင် ရှာဖွေ သိမ်းဆည်းခဲ့ပြီးနောက် နှစ်ကုန်သည် အထိ ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ ဆက်မကြားရတော့ပါ။

ခရစ္စမတ် မတိုင်မီ ကလေးတွင် ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်က စီလီယာထံ သတင်း ပို့လိုက်၏။

'စုံစမ်း စစ်ဆေးမှုကို တရားဝင် ဆက်လက် ပြုလုပ်နေဆဲပါပဲ၊ ဒါပေမဲ့ တရားရေး ဌာနမှာ တခြား အလုပ်တွေ ရှိနေတယ်၊ ပြီးတော့ ဟက်ဆင် ဒဗလျူ ကိစ္စက ရှေ့တန်းမှာ မရှိဘူး'

ဘီလ် အင်ဂရမ်က ဝင်ပြောလိုက်၏။

'ဆောင်ရွက်မှု အရှိန်အဟုန် နှေးကွေးသွားလေလေ ဆိုးဆိုးရွားရွား ဖြစ်နိုင်တဲ့ အခွင့်အရေးကလည်း ပိုနည်းသွားလေလေပဲ မဟုတ်လား'

ကွင်တင်က ဖြေလိုက်သည်။

'အဲဒီလို ဖြစ်လေ့ ဖြစ်ထ ရှိပါတယ်၊ ဒါပေမဲ့ တရားသေတော့ မှတ်မထားနှင့်လေ'

နှစ်ဆန်းချိန်တွင် ဝမ်းသာစရာ ကောင်းသော သတင်း တစ်ခုကို ကြားကြရသည်။ ဘွဲ့ထူး ဂုဏ်ထူး ရသူများ စာရင်းတွင် မာတင် ပိစမစ်၏ နာမည် ပါလာခြင်းပင် ဖြစ်သည်။

ဖေဖော်ဝါရီလ ပထမပတ်တွင် ဘုရင်မကြီးက ဘက်ကင်ဟမ် နန်းတော်၌ ဆာ မာတင် ပိစမစ် အဖြစ် တရားဝင် ချီးမြှင့် အပ်နှင်းမည် ဖြစ်သည်။

မာတင် ပိစမစ်ထံ တယ်လီဖုန်း ဆက်၍ ချီးကျူးစကား ပြောလိုက်သော စီလီယာက 'မာတင် ပိစမစ် ဆာဘွဲ့ မယူခင် တစ်ပတ် အလို၌ သူနှင့် အင်ဒရူးတို့ လန်ဒန်သို့ လာရောက်ကြမည် ဖြစ်ပြီး နန်းတော်ကြီးမှ ပြန်လာချိန်တွင် သူနှင့် အီဗွန်နီတို့ အတွက် ပါတီပွဲ ကျင်းပပေးမည်' ဟု ပြောလိုက်လေသည်။

ထို့ကြောင့် ဖန်နဝါရီလ ကုန်ခါနီးတွင် အင်ဒရူးနှင့် စီလီယာတို့သည် လန်ဒန်သို့ ရောက်ရှိနေကြသည်။

ဘွဲ့ထူး ဂုဏ်ထူးများ ချီးမြှင့် အပ်နှင်းပွဲ အခမ်းအနား မကျင်းပမီ နှစ်ရက် အလို တနင်္လာနေ့တွင် စီလီယာထံသို့ ဘီလ် အင်ဂရမ်က တယ်လီဖုန်း ဆက်လိုက်သည်။

ဝါရှင်တန်၌ ဝုန်းဒိုင်းကြဲ ဖြစ်နေပုံရသည်ဟု ရှေ့နေကြီး ချီလ်ဒါးစ် ကွင်တင်က ဖုန်းဆက်၍ အကြောင်းကြားကြောင်း ပြောကြားခြင်း ဖြစ်သည်။

ဘီလ် အင်ဂရမ်က ပြောလိုက်၏။

'ကွင်တင် ပြောပုံ အလိုအရကတော့ တရားရေး ဌာနမှာ နေးကွေးနေတဲ့ ကိစ္စကို မေ့စ်က ငြီးငွေ့လာပုံ ရတယ်၊ ဒီတော့ သူက ဟက်ဆင် ဒဗလျူနှင့် ပတ်သက်တဲ့ စာရွက်တွေကို တရားမဝင် ယူသွားပြီး ဒိုနာဟူးရဲ့ တပည့် တစ်ယောက်ကို ပေးလိုက်တယ်၊ ဒိုနာဟူးက ကျုပ်က ဒါမျိုးကို စောင့်နေတာကွလို့ ပြောတယ် ဆိုပဲ'

စီလီယာက ပြောလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်မလည်း အဲဒါကို တွေးမိပါတယ်'

'အဲဒီနောက်တော့ ဒိုနာဟူးက ရှေ့နေချုပ်နှင့် ဆက်သွယ်ပြီး အရေးယူပေးပါလို့ တောင်းဆိုတော့တာပဲ၊ အဲဒီ အချိန်က စပြီး ဒိုနာဟူးက ရှေ့နေချုပ်ဆီကို တစ်နာရီ တစ်ကြိမ် တယ်လီဖုန်း ဆက်နေတာပဲတဲ့'

စီလီယာ သက်ပြင်းချလိုက်၏။

'သတင်းဆိုးတွေကလည်း များလှချည်လား၊ နောက်ထပ် ဘာ ရှိသေးသလဲ'

'ကံဆိုးချင်တော့ အတော်များများလေး ရှိနေပါသေးတယ်၊ ပထမ အချက်ကတော့ ဟက်ဆင် ဒဗလျူနှင့် ပတ်သက်တဲ့ အစီရင်ခံစာတွေ နှောင့်နှေး ကြန့်ကြာရမှုနှင့် နောက်ထပ် ပေါ်ထွက်လာတဲ့ ကိစ္စတွေကို ဂျူရီ ခုံအဖွဲ့နှင့် စစ်ဆေး လိမ့်မယ်၊ ပြီးတော့လည်း ဆီနေတာ ဒိုနာဟူးကြောင့် သူကိုယ်တိုင် စိတ်ဝင်စားနေတဲ့ ရှေ့နေချုပ်က စွဲချက် တင်နိုင်မှာ သေချာတယ်တဲ့'

'ဘယ်သူ့ကိုလဲ'

'ဗင်းစင့် လော့ဒ်ကိုပဲပေါ့၊ ကျွန်တော် ပြောရမှာ ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားကိုလည်း စွဲချက် တင်လိမ့်မယ်၊ ဒိုနာဟူးရဲ့ တိုက်တွန်းချက် အရ ခင်ဗျားမှာလည်း တာဝန် ရှိတယ်လို့ သူတို့က လျှောက်လဲချက် ပေးကြလိမ့်မယ်၊





ကွင်တင်ရဲ့ အလို အရတော့ ဒိုနာဟူးက ခင်ဗျားကို အပြတ် တွယ်ချင်နေတယ်တဲ့'

အဘယ်ကြောင့် ဆိုသည်ကို စီလီယာ သိပါ၏။

ထို့နောက် ဘီလ် အင်ဂရမ် ပြောလိုက်သော စကားကို ပြန် သတိ ရလိုက်သော စီလီယာက ထပ်မေးလိုက်သည်။

'ဘီလ်၊ ရှင်က နောက်ထပ် ပေါ်ထွက်လာတဲ့ ကိစ္စတွေလို့ ပြောတယ်၊ အဲဒါက ဘာပါလိမ့်'

'အဲဒီကိစ္စက နည်းနည်းတော့ ရှုပ်တယ်၊ ကျွန်တော် တတ်နိုင်သလောက် ရှင်းပြပါ့မယ်'

ဘီလ် အင်ဂရမ်က ဖီးနစ်မှ ဒေါက်တာ ယာမီနာ၏ လိမ်ညာထားသော အစီရင်ခံစာများနှင့် ပတ်သက်၍ ဒေါက်တာ ဗင်းစင့် လော့ဒ် ကြိုတင် သိရှိထားသည် ဆိုသော အထောက်အထားများကို ဒေါက်တာ လော့ဒ်၏ ဌာနမှ ဖိုင်တွဲများအား သိမ်းဆည်းသွားချိန်၌ နိုင်နိုင်လုံလုံ တွေ့ရှိ ထားရကြောင်း ရှင်းပြလိုက်သည်။

ဘီလ် အင်ဂရမ်က ပြောလိုက်၏။

'ကျွန်တော် တွေးမိသမျှကတော့ ဒါပါပဲ၊ ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်သလဲ'

'ဒေါက်တာ မေ့စ်က ကျွန်တော်တို့ကို ရန်ငြိုးထားတဲ့ ကိစ္စနှင့် ပတ်သက်ပြီး ခင်ဗျား မသိပေမဲ့ ဗင့်စ်ကတော့ သိပုံရတယ်၊ မေ့စ်ရဲ့ နာမည်ကို သူ ကြားရတိုင်း အမြဲတမ်း ချောက်ချောက်ချားချား ဖြစ်သွားလေ့ ရှိတယ်'

ဤတွင် စီလီယာက ခပ်မြန်မြန် ဆုံးဖြတ်ချက် ချလိုက်လေ၏။

'ကျွန်မ သူနှင့် တွေ့ချင်တယ်၊ ဒီမှာ တွေ့ချင်တယ်'

'ဗင့်စ်ကို ပြောတာလား'

'ဟုတ်တယ်၊ သူ့ကို ဒါ အမိန့်ပဲလို့ ပြောပါ၊ သူက ရနိုင်တဲ့ ပထမဦးဆုံး လေယာဉ်ပျံနှင့် လိုက်လာပြီး ရောက်ရောက်ချင်း ကျွန်မဆီ သတင်း ပို့ဖို့ ပြောလိုက်ပါ'

ယခု ဗင်းစင့် လော့ဒ်နှင့် စီလီယာတို့ ရင်ဆိုင် တွေ့နေကြလေပြီ။ သူတို့သည် စီလီယာ၏ မေဖဲယား အိမ်ခန်းမှ ဧည့်ခန်းထဲ၌ ရှိနေကြသည်။

ဗင်းစင့် လော့ဒ်သည် သူ၏ အသက် ခြောက်ဆယ့် တစ်နှစ်ထက် ပို၍ အိုစာပုံ ရနေသည်။ ကိုယ် အလေးချိန် လျော့သွားသောကြောင့် သူ့မျက်နှာသည် ချောင်ကျနေသည်။

စီလီယာက အေးစက်စက် လေသံနှင့် ပြောလိုက်သည်။

'ကျွန်မက အင်မတန် ကျက်သရေ ယုတ်တဲ့ ယာမီနာ ကိစ္စကို ဆွေးနွေးမှာ မဟုတ်ပါဘူး၊ အဲဒီ ကိစ္စက ရှင့်ကို ဒီကုမ္ပဏီက ခွာထုတ်ပစ်ဖို့ အခွင့်အရေး ရစေခဲ့တဲ့ အပြင် ရှင့်ဟာရှင် ကိုယ့်စရိတ်နှင့် ကိုယ် ခုခံ ကာကွယ်ရလိမ့်မယ်'

လော့ဒ်၏ မျက်လုံးထဲတွင် အောင်နိုင်သော အရိပ်အယောင်များ ဖျတ်ခနဲ လက်သွားသည်။

'ခင်ဗျားကိုလည်း စွဲချက် တင်မှာ ဆိုတော့ အဲဒီလို လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ'

'ကျွန်မက လုပ်ချင်တယ် ဆိုရင် ဖြစ်ပါတယ်၊ ပြီးတော့လည်း ကျွန်မရဲ့ ခုခံ ကာကွယ်မှု အစီအစဉ်ဟာ ရှင်နှင့် မသက်ဆိုင်ပါဘူး'

'ခင်ဗျားက လုပ်ချင်တယ် ဆိုရင် ဟုတ်လား'

ဗင်းစင့် လော့ဒ် ဦးနှောက် ခြောက်သွားသည်။

'ကျွန်မက ဘာကိုမှ အာမခံမှာ မဟုတ်ဘူး၊ အဲဒါကိုတော့ နားလည်ထားပါ၊ ဒါပေမဲ့ ကုမ္ပဏီက ရှင့်ကို အကူအညီ ပေးရမယ် ဆိုရင် သိစရာ အကုန်လုံးကို သိထားရမှ ဖြစ်မယ်လို့ ကျွန်မ တောင်းဆိုချင်တယ်'

'အကုန်လုံး ဟုတ်လား'

စီလီယာက ပြောလိုက်၏။

'အတိတ်ကာလတုန်းက ရှင် သိပြီး ကျွန်မ မသိတဲ့ ကိစ္စ တစ်ခု ရှိတယ်၊ အဲဒီ ကိစ္စဟာ ဒေါက်တာ မေ့စ်နှင့် ပတ်သက်ရမယ်'

ဒေါက်တာ ဗင်းစင့် လော့ဒ်က ထိုင်ခွင့် တောင်းလိုက်ပြီးနောက်

'ဟုတ်တယ်၊ တစ်ခုတော့ ရှိတယ်၊ ဒါပေမဲ့ ခင်ဗျား ကြားချင်မှာ မဟုတ်ဘူး၊ ပြီးတော့လည်း ဒါကို ခင်ဗျား သိပြီးတဲ့ အခါကျရင် မသိခဲ့ရရင် ကောင်းမှာပဲလို့ တွေးမိပြီး စိတ်မကောင်း ဖြစ်မိလိမ့်မယ်'

'ကျွန်မ စောင့်နေပါတယ်၊ ပြောမှာသာ ပြောစမ်းပါ'

ဒေါက်တာ လော့ဒ်က အကုန်အစင် ပြောပြလိုက်၏။

ယခု စီလီယာသည် အစ အဆုံး သိလိုက်ရလေပြီ။ ဗင်းစင့် လော့ဒ်က ကြိုတင်၍ နိမိတ် ဖတ်သကဲ့သို့ သူ မသိတာက ပိုကောင်းသည်ဟု စီလီယာ





တွေးလိုက်မိတော့သည်။ သို့တိုင်အောင် ထိုကိစ္စမှာ အနာဂတ် ကာလတွင် ဖဲလ်ဒင်း ရော့သ် ဥက္ကဋ္ဌ အဖြစ်နှင့် သူ ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ဆက်စပ်နေမည် ဖြစ်သောကြောင့် သူ သိထားရမည်သာ ဖြစ်ပါ၏။

တစ်ချိန်တည်းမှာပင် ဆမ်၏ သေကြောင်း ကြံစည်မှုနှင့် ပတ်သက်သော ပိုမို နက်နဲသည့် အကြောင်းရင်း၊ ဆီးနိတ် ဆပ် ကော်မတီ၌ စစ်ဆေးစဉ်က ဒေါက်တာ မေ့စ် မဖြေနိုင်အောင် ဖြစ်ခဲ့ရသည့် ကိစ္စ စသည်တို့ကို ရှင်းရှင်းလင်းလင်း သိနားလည် လာရသည်။

သူသာ မေ့စ် ဖြစ်ခဲ့ပါက အားလုံးကို မုန်းတီးမိမှာပဲ ဟူ၍ စီလီယာက တွေးလိုက်၏။

ယခု စီလီယာသည် စိတ်ပျက်စရာ ကောင်းသော ထိုကိစ္စကို သိရပြီးသည့် နောက် ဘာ ဆက်လုပ်ရမည်နည်းဟု တွေးလိုက်မိသည်။ စီလီယာ၏ လိပ်ပြာ သန့်သော စိတ်က တာဝန် ရှိသူများကို အသိပေးပြီး အများပြည်သူတို့၏ ရှေ့မှောက်တွင် အမှန်အတိုင်း ဖွင့်ချလိုက်ရန်သာ ရှိတော့သည်ဟု အသိပေးနေသည်။

သူ ထိုကဲ့သို့ လုပ်ခဲ့သော် မည်သို့ မည်ပုံ ဖြစ်လာလေမည်နည်း။ လော့ဒ်နှင့် မေ့စ် လူပုံ အလယ်တွင် အရှက်တကွဲ အကျိုးနည်း ကြရပေလိမ့်မည်။ ထိုကိစ္စ အတွက် စီလီယာ စိတ် အနှောင့်အယှက် မဖြစ်မိပါ။ သို့ရာတွင် စီလီယာ ကြောင့်ကြမိသည့် ကိစ္စ တစ်ခုမှာ ကုမ္ပဏီပါ အရှက်တကွဲ ဖြစ်ရမည့် ကိစ္စပင်တည်း။ ကုမ္ပဏီသည် စာရွက်ပေါ်၌သာ ရှိသော အဖွဲ့အစည်း မဟုတ်ဘဲ ကုမ္ပဏီမှ ဝန်ထမ်းများ၊ အရာရှိများ၊ စတော့ ရှယ်ယာ ပိုင်ရှင်များ၊ ဗင်းစင့် လော့ဒ်မှ အပ အခြား သိပ္ပံပညာရှင်များ စသည်တို့ကိုပါ ထိခိုက် နစ်နာစေလိမ့်မည်။ စီလီယာ တစ်ယောက်သာလျှင် နာမည်ကောင်း ရပေလိမ့်မည်။ သို့ရာတွင် စီလီယာ နာမည်ကောင်း ရသော ကိစ္စမှာ အရေးမကြီးဆုံး ကိစ္စပင်တည်း။

နောက်တစ်ချက်မှာ အကယ်၍ စီလီယာက အများ ပြည်သူတို့၏ ရှေ့မှောက်တွင် ဖွင့်ချလိုက်မည် ဆိုပါက မည်ကဲ့သို့ အကျိုး ရှိစေမည်နည်း။ ဤမျှလောက် ကြာမြင့်ပြီးမှ အကျိုး ရှိစရာ လုံးဝ မရှိတော့ပါ ဆိုသော အဖြေသာ ပေါ်ထွက်လာသည်။

ထို့ကြောင့် စီလီယာသည် သူ လိပ်ပြာ သန့်မည့် ကိစ္စကို မလုပ်တော့ပါ။ အများ ပြည်သူများ၏ ရှေ့မှောက်တွင် ဖွင့်မချတော့ပါ။ သူကိုယ်တိုင် ပါဝင်

နှုတ်ပိတ်ပြီး 'ဖောက်ပြန်နေသော အခြား ပုဂ္ဂိုလ်များနှင့် လက်တွဲ ရတော့မည်သာ' ဖြစ်ပါ၏။ သူ့အတွက် ရွေးစရာ အခြား နည်းလမ်း မရှိတော့ပါ။

လော့ဒ်ကလည်း ထိုကိစ္စကို သိနေပါသည်။ သူ့ နှုတ်ခမ်းပေါ်၌ အပြုံးရိပ်ကလေး သန်းလာသည်။

စီလီယာ သူ့ကို ရှုံ့မုန်းနေမိသည်။ စီလီယာ့ ဘဝတွင် သူ့ကို အရှုံ့မုန်းဆုံးပင် ဖြစ်ပါတော့သည်။

ဒေါက်တာ လော့ဒ်သည် သူကိုယ်တိုင် ဖောက်ပြန်သူ ဖြစ်သည်။ ဒေါက်တာ မေ့စ်ကို ဖောက်ပြန်စေခဲ့သည်။ ဆမ်ကိုလည်း ဖောက်ပြန်စေခဲ့သည်။ ယခု သူက စီလီယာအား ဖောက်ပြန်စေတော့မည်။

စီလီယာသည် မတ်တတ် ရပ်လိုက်ပြီးနောက် စိတ်လှုပ်ရှားစွာဖြင့် အော်ပြောလိုက်လေ၏။

'ရှင် ကျွန်မ မျက်စိ အောက်က ထွက်သွားစမ်း'

ဗင်းစင့် လော့ဒ် ပြန်ထွက်သွားသည်။

နောက်ထပ် တစ်နာရီ အကြာတွင် အင်ဒရူး ပြန်လည် ရောက်ရှိ လာသည်။ စီလီယာက ပြောလိုက်၏။

'ကိစ္စ တစ်ခု ပေါ်လာလို့ မာတင်နှင့် အီဗွန်နီတို့ရဲ့ ပါတီ ပြီးပြီးချင်း ကျွန်မ ပြန်ရလိမ့်မယ်၊ ရှင် သုံး လေးရက် ထပ်နေချင်သေးတယ် ဆိုရင်'

အင်ဒရူးက ပြောလိုက်သည်။

'ကိုယ်တို့ နှစ်ယောက် အတူတူပဲ ပြန်ကြပါ့မယ်၊ ပြန်ဖို့ အစီအစဉ်တွေကိုတော့ ကိုယ်ပဲ လုပ်လိုက်ပါ့မယ်ကွာ'

သိပ်မကြာမီ အင်ဒရူးက စီလီယာအား ပြန် အသိပေးလိုက်၏။

ကြာသပတေးနေ့တွင် နယူး ရော့ခ်သို့ ပျံသန်းမည့် ကွန်းကော့ဒ် လေယာဉ်ပေါ်၌ နေရာလပ် မရှိတော့ပါ။ သူသည် ဗြိတိသျှ အဲယားဝေးမှ ဘိုးရင်း ၇၄၇ တွင် ပထမတန်း လက်မှတ် နှစ်စောင်ကို ရအောင် ဝယ်နိုင်ခဲ့သည်။ သူတို့သည် ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် မောရစ်တောင်းသို့ ပြန်ရောက်ကြပေလိမ့်မည်။





၁၅

ဆာ မာတင်နှင့် လေဒီ ပိစမစ်တို့ကို ဂုဏ်ပြုသောအားဖြင့် ဒေါချက်စတာ ဟိုတယ်၌ ကျင်းပသော စီလီယာနှင့် အင်ဒရူးတို့၏ ပါတီပွဲသည် အထူး အောင်မြင်ခဲ့လေသည်။

ပါတီပွဲ ကျင်းပနေစဉ် စီလီယာက မာတင့်အား ခပ်တိုးတိုး ပြောလိုက်၏။

'အင်ဒရူးနှင့် ကျွန်မ နက်ဖြန်ခါ ခပ်စောစော ပြန်ကြတော့မယ်၊ ဒီ အခမ်းအနား ပြီးသွားရင် ကျွန်မတို့ လေးယောက် ခဏလောက် သတ်သတ် တွေ့ချင်တယ်'

ပါတီပွဲ ပြီးစီးသွားပြီးနောက် ဒေါချက်စတာ ဟိုတယ်မှ စီလီယာတို့ ဇနီးမောင်နှံ တည်းခို နေထိုင်သော ဖော်တီဆဲဗင်း ပတ်ခ်သို့ လမ်းလျှောက်၍ ပြန်လာကြသည်။

ယခု သူတို့သည် ဂျော်ဒန် ဇနီးမောင်နှံ၏ ကြည်နူးဖွယ် ကောင်းသော ဧည့်ခန်းထဲ၌ ရှိနေကြသည်။

စီလီယာက ပြောလိုက်၏။

'ကဲ မာတင်၊ ကျွန်မက လိုရင်းကိုပဲ ပြောတော့မယ်၊ ရှင် သိတဲ့ အတိုင်း ဖဲလ်ဒင်း ရော့သ်မှာ မျိုးရိုးဗီဇ ဗိသုကာ ပညာ အတွက် အဆောက်အအုံသစ် တစ်ခု ဆောက်လုပ်နေတယ်၊ ကျွန်မ ပြောချင်တာကတော့ ရှင်နှင့် အီဗွန်နီ အမေရိကမှာ လာနေကြပြီး ဒုတိယ ဥက္ကဋ္ဌနှင့် သုတေသန ညွှန်ကြားရေးမှူး အဖြစ် တာဝန် ယူနိုင်မလားလို့ မေးချင်တာပါပဲ'

ငြိမ်ကျသွားသည်။ ထို့နောက် မာတင်က ပြန်ဖြေလိုက်၏။

'တော်တော် ကောင်းတဲ့ ကမ်းလှမ်းချက်ပါပဲ စီလီယာ၊ ကျွန်တော် သိပ်ကျေးဇူး တင်ပါတယ်၊ ဒါပေမဲ့ အဖြေကတော့ လက်မခံနိုင်ဘူး ဆိုတာပါပဲ'

စီလီယာက ထပ် တိုက်တွန်းလိုက်သည်။

'အဖြေကို အခု ပေးဖို့ မလိုပါဘူး၊ အချိန်ယူပြီး စဉ်းစားပါဦး၊ အီဗွန်နီနှင့် ဆွေးနွေး ကြည့်ပါဦးလား'

မာတင်က ပြန်ဖြေလိုက်သည်။

'အဖြေကတော့ ပြတ်သားပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတာကတော့ ကျွန်တော် ဖဲလ်ဒင်း ရှေ့သိက နုတ်ထွက်တော့မယ်'

စီလီယာ အထိတ်တလန့် ဖြစ်သွားသည်။

'မဟုတ်တာပဲ ရှင်၊ မဖြစ်နိုင်တာပဲ ရှင်ရယ်၊ ရှင်က တခြား ကုမ္ပဏီ တစ်ခုကို ပြောင်းသွားမှာလား၊ တစ်ယောက်ယောက်က ပိုပေးမယ် ပြောလို့လား၊ အဲဒီလို ဆိုရင်'

မာတင်က ခေါင်းခါသည်။

'ခင်ဗျားကို ကျွန်တော်က အဲဒီလို မလုပ်ရက်ပါဘူးဗျာ၊ ကျွန်တော်က ငယ်ချစ်ဟောင်းဆီကို ပြန်သွားမှာပါ'

အီဗွန်နီက ဝင်ထောက်လိုက်၏။

'သူက ကင်းဘရစ်ချ်ကို ပြန်သွားမယ်လို့ ပြောတာရှင့်၊ ကျွန်မတို့ အဲဒီမှာပဲ နေကြတော့မယ်၊ သူက ယူနီဗာစီတီမှာပဲ နေချင်တာရှင့်'

စီလီယာသည် ထိုသတင်း အတွက် ဆောက်တည်ရာ မရ ဖြစ်သွားသေးသော်လည်း မာတင့်ကို စည်းရုံး၍ ရတော့မည် မဟုတ်ကြောင်း သိလိုက်သဖြင့် သူ ထပ် မကြိုးစားတော့ပါ။

အင်ဒရူးက ဝင်ပြောလိုက်သည်။

'ပညာရှင် လောကက ခင်ဗျားကို တစ်နေ့ကျရင် ပြန်ခေါ်မှာပဲလို့ ကျုပ်တွေးမိခဲ့ပါတယ်၊ ခင်ဗျားက ကောလိပ်ကျောင်း တစ်ကျောင်းမှာ ကျောင်းအုပ်ကြီး ဖြစ်မှာလား'

'လေးဆယ့် ခြောက်နှစ်သာ ရှိသေးတဲ့ ကျုပ် အတွက် ကျောင်းအုပ်ကြီး ဖြစ်ဖို့ ငယ်ပါသေးတယ်ဗျာ'

မာတင်နှင့် အီဗွန်နီ ပြန်လည် ထွက်ခွာ မသွားမီ စီလီယာက ပြောလိုက်၏။

'ရှင်တို့ နှစ်ယောက်စလုံး အတွက် ဖဲလ်ဒင်း ရှေ့သိက စိတ်မကောင်းဖြစ်နေကြတော့မှာပဲ၊ ဒါပေမဲ့ ကျွန်မတို့ လေးယောက်ဟာ အမြဲတမ်း ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေကြပါစေလို့ မျှော်လင့်ပါတယ်ရှင်'



# နိဂုံး စကား

ဘိုးရင်း ၇၄၇ ၏ ပထမတန်း၌ ရှိနေသူ အင်ဒရူး ဂျော်ဒန်သည် ထိုင်ခုံမှ ခေတ္တ ထွက်ခွာသွားပြီးနောက် သူ့နေရာတွင် ပြန်ထိုင်လိုက်သည်။

သူက စီလီယာအား လေယာဉ်ပျံပေါ်ရှိ အိမ်သာခန်းများဆီသို့ လက်နှင့် ညွှန်ပြရင်း ပြောလိုက်၏။

'ကိုယ် ဟိုအထဲမှာ မင်းတို့ရဲ့ ဆေးဝါး လုပ်ငန်းနှင့် ပတ်သက်ပြီး မင်းစိတ် ကြည်လင် လာစေမယ့် အချက် တစ်ချက် နှစ်ချက်ကို တွေးမိခဲ့တယ်'

'ပြောစမ်းပါရှင်'

'မင်းတို့လို အလုပ် သိပ်ပိနေတဲ့ လူတွေဟာ တိမ်မည်းညိုကြီးများကိုသာ မြင်တတ်ကြပြီး သက်တံတွေကိုတော့ သတိ မေ့နေတတ်ကြတယ်'

'သက်တံတွေနှင့် ပတ်သက်ပြီး သတိ ပေးစမ်းပါဦးရှင်'

'အဲဒါက လွယ်ပါတယ်ကွာ၊ ကိုယ်တို့ ဘဝကို ပေါင်းစပ် ပေးခဲ့တဲ့ လိုထရိ မိုင်စင်ကိုပဲ ကြည့်၊ ခုထက်ထိ အကျိုး ပြုနေတုန်းပဲ၊ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာ ဆေးဝါး တော်လှန်ရေးကြီး ပေါ်ပေါက် လာခဲ့သလို ထိရောက်တဲ့ ဆေးတွေ အသက် ကယ်တဲ့ ဆေးတွေဟာ ပဒေသာပင် ပေါက်သလို ပေါ်ထွက်လာခဲ့ကြတယ်၊ ကိုယ်ကိုယ်တိုင် ဒီကာလကို ဖြတ်သန်း လာခဲ့ရတယ်၊ ကိုယ်တိုင် တွေ့မြင်ခဲ့ရတယ်'

အင်ဒရူးက ဆက်ပြောလိုက်ပြန်၏။

'ဒုတိယ ကမ္ဘာစစ်ကြီး ပြီးတဲ့နောက် ခုနစ်နှစ် အကြာမှာ ကိုယ် ဆရာဝန်ဘွဲ့ကို ရခဲ့တယ်၊ အဲဒီ အချိန်တုန်းက ဆိုရင် ဆရာဝန်တွေဟာ အများအားဖြင့် လူနာတွေ အနားမှာ အားပေးစကား ပြောရင်း ရပ်ကြည့်နေရတာပဲ များတယ်၊ ရောဂါ ဝေဒနာကို ပြန်တိုက်ခိုက်ဖို့ ဆေးဝါး လက်နက် မရှိတဲ့ ရောဂါတွေ များလွန်းနေတဲ့ အတွက် စိတ်ဓာတ်ကျစရာ သိပ်ကောင်းနေခဲ့တယ်၊ အခုဆိုရင်

အဲဒီလို မဟုတ်တော့ဘူး၊ ရောဂါကို ပြန်တိုက်ခိုက်နိုင်မယ့် ဆေးဝါး လက်နက်တွေ ကူသ ပေးနိုင်မယ့် ဆေးဝါးတွေ တစ်ပုံတစ်ပင် ရှိနေကြပြီ၊ အဲဒါတွေကို မင်းတို့ရဲ့ ဆေးဝါး လုပ်ငန်းက ထုတ်လုပ်ပေးခဲ့တာပဲ'

'နားဝင်ချိုလိုက်တာရှင်'

'ကောင်းပြီ၊ သွေးတိုးရောဂါကိုပဲ ကြည့်၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က ဆိုရင် ကုနိုင်မယ့် နည်းလမ်းက နည်းနည်းလေးပဲ ရှိတယ်၊ မကြာခဏ ဆိုသလို ကုလို့ မပျောက်ခဲ့ကြဘူး၊ သွေးတိုး ရောဂါဟာ လူသတ်သမားပဲ၊ အခုဆိုရင် သေချာပေါက် ကုနည်း မျိုးစုံ ရှိနေပြီ၊ သွေးတိုးကြောင့် ဖြစ်တဲ့ လေသင်တုန်းဖြတ်တာ ဆိုရင် တစ်ဝက်လောက် လျော့နည်းသွားပြီ၊ တဖြည်းဖြည်းနှင့် လျော့လျော့လာနေပြီ၊ ဆေးဝါးတွေက နှလုံး ရောဂါ မဖြစ်အောင် ကြိုတင် ကာကွယ်ပေးနေကြတယ်၊ ဆေးဝါးတွေက တီဘီ ရောဂါနှင့် အာလဆာ ရောဂါတွေကို အများအားဖြင့် တားဆီးနိုင်ခဲ့ကြတယ်၊ ဆီးချို ရောဂါရှင်တွေရဲ့ ဘဝကို ပိုမိုပြီး ကောင်းမွန် လာစေခဲ့တယ်၊ ဆေးကောင်း ဝါးကောင်းတွေ အများကြီး ရှိပါတယ်ကွာ၊ ကိုယ် နေ့တိုင်း ဆေးညွှန်း ရေးပေးနေရတာပဲ'

'တချို့ တစ်ဝက်လောက် ပြောပြစမ်းပါဦး'

သူက တတွတ်တွတ် လျှောက် ရွတ်ပြသည်။

'ကော်ဂတ်၊ ပရိုကာဒီးယား၊ အင်ဒိုစင်၊ အိုရီနေ့စ်၊ ဘိုရာဇင်း၊ တဂါးမက်၊ လာဆစ်၊ တိုဖရာနီးလ်၊ အက်ပရီဆိုလိုင်း၊ စတိတ်ပေ့စ်၊ မန်ဒေါ၊ ပရက်ဒ်နီဆုံး၊ လီဗိုဒိုပါ၊ ကိုင်တိုဇန်၊ အိုင်ဆိုနီယာဇစ်၊ ပက်ပ်တိုက်ဒ် ခုနစ်'

အင်ဒရူးက ရပ်ပစ်လိုက်၏။

'ထပ်ပြောစေချင်သေးသလား'

'တော်လောက်ပါပြီ၊ ရှင် ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ဘာလဲ'

'ဆိုလိုချင်တာကတော့ အသုံးဝင်တဲ့ ဆေး၊ အောင်မြင်တဲ့ ဆေးဝါးတွေက ဒုက္ခ ပေးတဲ့ ဆေးတွေထက် အများကြီး ပိုများပါတယ်၊ ဒုက္ခ ပေးတဲ့ ဆေးတွေ ... သာလီဒိုမိုက်၊ ဆီလာစန်၊ မွန်တိန်း၊ အိုရာဖလက်၊ ဘင်ဒစ်တင်၊ အဲဒီဆေး တစ်မျိုးစီ အတွက် အသုံးဝင်တဲ့ ဆေးတွေ ရာနှင့်ချီပြီး ရှိပါတယ်၊ ပြီးတော့လည်း ဆေးဝါး ကုမ္ပဏီတွေကသာ အမြတ် ရကြတာ မဟုတ်ဘူး၊ အများဆုံး အမြတ်ရတာကတော့ သေရမယ့် အစား အသက် ရှင်လာတဲ့ လူတွေ၊ နာမကျန်း ဖြစ်ရမယ့် အစား ကျန်းမာနေတဲ့ လူတွေ၊ အဲဒီ လုပ်သားပြည်သူတွေပဲ၊ ကိုယ် ပြောချင်တာကတော့ မင်းတို့ရဲ့ ဆေးဝါး ထုတ်လုပ်ရေး





လုပ်ငန်းမှာ ချွတ်ယွင်းချက်လေးတွေ ရှိနေတဲ့ တိုင်အောင် ဝေဖန်တဲ့ လူတွေ ရှိနေတဲ့ တိုင်အောင် လူသားထု တစ်ရပ်လုံးကို အကျိုး ပြုနေတယ် ဆိုတာပါပဲ'

'ကျွန်မတော့ သိပ်ပျော်သွားပြီ၊ ကျွန်မ အခု မျက်စိ မှိတ်ပြီး စဉ်းစားလိုက်ဦးမယ်'

ဆယ်မိနစ် ကြာသော အခါ စီလီယာသည် မျက်စိ ဖွင့်လိုက်ပြီးနောက် ပြောလိုက်၏။

'အင်ဒရူး ချစ်ချစ်၊ ကျွန်မ ပြောချင်တာတွေ အများကြီး ရှိတယ်၊ ပထမအချက်ကတော့ ဟက်ဆင် ဒဗလျူကြောင့် ဖြစ်ရတာတွေနှင့် ပတ်သက်ပြီး ကျွန်မမှာ တာဝန် ရှိတယ်၊ ကျွန်မကသာ ခပ်မြန်မြန်ထက်ထက် ဆောင်ရွက်မိခဲ့ရင် တချို့ သေဆုံးရတာတွေ ဖြစ်လာစရာ မရှိဘူး၊ ကျွန်မက ခက်ခဲတဲ့ မေးခွန်းတွေကို မေးရမယ့် အချိန်မှာ မမေးခဲ့ဘူး၊ ပက်ပ်တိုက်ဒ် ခုနစ်ရဲ့ အောင်မြင်မှုမှာ ယစ်မူး နေမိတယ်၊ ဟက်ဆင် ဒဗလျူနှင့် ကျတော့ သိပ်ရှင်းနေတဲ့ ကိစ္စကို လျစ်လျူ ရှုခဲ့မိတယ်၊ တစ်နည်း ပြောရရင် မွန်တိန်းနှင့် ပတ်သက်ပြီး ဆမ် ဖြစ်သလိုပါပဲ၊ ကျွန်မ ခုမှ ပိုပြီး နားလည်လာတယ်'

အင်ဒရူးက ပြောလိုက်၏။

'မင်းက ဒါတွေ အားလုံးကို ရုံးရှေ့မှာ ထွက်ဆိုမှာ မဟုတ်ပါဘူးနော်'

'ကျွန်မ ထွက်ဆိုမယ် ဆိုရင် မိုက်ရာ ကျမှာပေါ့၊ ကျွန်မကို စွဲချက် တင်မယ် ဆိုရင် ကျွန်မကတော့ ပြန်တိုက်မှာပဲ၊ ဒါပေမဲ့ ကျွန်မမှာ အပြစ် ရှိတာကိုတော့ တစ်ယောက်ယောက်ကို ဝန်ခံဖို့ လိုအပ်နေတယ်၊ ဒါကြောင့် ရှင့်ကို ဖွင့်ပြောပြတာပဲ'

'ဗင်းစင့် လော့ဒ်ကို စွဲချက် တင်ခဲ့ရင်ကော'

'သူ့ကို ဥပဒေရေးရာ အရ အကူအညီ ပေးဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ကျန်တာတွေကတော့ သူ့ထိုက်နှင့် သူ့ကံပဲ'

'မင်း ပြောခဲ့တာတွေ မှန်တယ်ပဲ ထားဦး၊ မင်းက ကိုယ့်ကိုယ်ကိုယ် သိပ် အပြစ် မတင်ပါနှင့်ကွာ၊ မင်းလည်း ကိုယ်တို့လို လူသား တစ်ယောက်ပါပဲ၊ ဘယ်သူမှ အပြစ် အနာအဆာ ကင်းသူ ဆိုပြီး မရှိနိုင်ပါဘူး၊ မင်းက အများစုထက် ပိုတော်ပါတယ်'

'ဒါပေမဲ့ သိပ်မကောင်းသေးဘူး၊ ကျွန်မက ဒါထက် ပိုကောင်းနိုင်တယ် ဆိုတာ သိပါတယ်၊ ဒီအကြောင်းတွေကြောင့် ကျွန်မက ဆက် အလုပ် လုပ်ချင်သေးတာပဲ၊ ကျွန်မ အသက် ငါးဆယ့် သုံးနှစ်ပဲ ရှိပါသေးတယ်၊ ဖဲလ်ဒင်းရှေ့မှာ ကျွန်မ လုပ်နိုင်တာတွေ အများကြီး ရှိပါသေးတယ်'

'မင်း လုပ်နိုင်မှာပါကွာ'

ငြိမ်ကျသွားပြန်သည်။

ခဏ ကြာသောအခါ အင်ဒရူးက စောင်းငဲ့၍ ကြည့်လိုက်သည်တွင် စီလ်ယာသည် မျက်စိ မှိတ်ပြီး အိပ်ပျော်နေကြောင်း တွေ့လိုက် ရလေတော့သည်။

လေယာဉ်ပျံကြီး စတင်၍ ဆင်းသက်ချိန်တွင် စီလီယာ ပြန်နိုးလာသည်။ သူက အင်ဒရူး၏ လက်ကို ထိကိုင်လိုက်၏။ အင်ဒရူးက လှည့်ကြည့်လိုက်သည်။ စီလီယာက ပြောလိုက်၏။


'ကျေးဇူးတင်ပါတယ် ချစ်ချစ်ရယ်၊ ကျွန်မ ထပ်စဉ်းစားပြီး ဆုံးဖြတ်ပြီးပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ခလုတ်မထိ ဆူးမငြိဘဲ အောင်မြင်ရမှာပါ'

အင်ဒရူးက စကား မပြောဘဲ သူ့လက်ကိုသာ ကိုင်ထားသည်။ သူတို့ လေယာဉ် နယူးရော့ခ် လေဆိပ်သို့ ဆင်းသက်ချိန် အထိ အင်ဒရူးက စီလီယာ၏ လက်ကို ကိုင်ထားဆဲပင်တည်း။

မောင်မြင့်ကြွယ်
၃၊ ၄၊ ၈၆။




ကမ္ဘာကြီး စတင် ဖွဲ့စည်း ဖြစ်တည်သည်မှ
ယနေ့ မျက်မှောက် ကာလအထိ
နှစ် သန်းပေါင်းများစွာ အတွင်း
ကမ္ဘာ့သမိုင်းမှတ်တိုင်များနှင့်
ကမ္ဘာ့သတင်းထူးများ မှတ်တမ်း
ကမ္ဘာ့ သမိုင်းနှင့် နိုင်ငံတကာ ရေးရာကို
စိတ်ဝင်စားသူများ အတွက်
နှစ် အပိုင်း အခြားအလိုက် မှတ်တမ်းတင်
အဖြစ်အပျက်များ။
အတွင်း ပုံပေါင်း တစ်ရာကျော်နှင့်
သိမ်းဆည်း လိုသူများ အတွက်
စာအုပ်ကောင်း တစ်အုပ်။




ဘဝတက္ကသိုလ်
စာပေ